မောင်လာနာ အဗွလ်ကလာမ်အာဇာဒ်၏

"အွမ်မွလ်ကုရ်အာန်"

# ကျမ်းမြတ်ကုရ်အာန် နိဒါန်းအဖွင့်



ဂျာဝိဒ်သန်း

ကုရ်အာန်သုတေသီများအတွက်သာ

## မောင်လာနာအဗုလ်ကလာမ်အာဇာဒ်

Page 149-150 missing

၏

# အုမ်မုလ်ကုရ်အာန်ကိုပြန်ဆိုသော

# ကျမ်းမြတ်ကုရ်အာန်၏နိဒါန်းအဖွင့်

## ပြန်ဆိုသူ ဂျာဝိဒ်သန်း

# Basic Concepts of Quran.

ကျမ်းတော်မြတ်ကုရ်အာန် ၏ အခြေခံအရင်းအမြစ်ဖွင့်ဆိုချက်

مولاَنَاابوکلاَم آذاد کی شہرۂآفاق تصنیف

ترجمان القرآن﴿باب اوّل﴾

امّ القرآن کابرمی ترجمہ

مترجم ○ محمدجاوید انصاری

# မာတိကာစဉ်

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကျမ်းပြုပုဂ္ဂိုလ်၏ရည်ညွှန်းချက် | ၅ |
| ဘာသာပြန်သူ၏အမှာစာ | ၆ |
| ဘာသာပြန်သူ၏ ဒုတိယအကြိမ်အမှာစာ | ၉ |
| မောင်လာနာ အဗူကလာမ် အာဇာဒ် (၁၈၈၈-၁၉၅၈) | ၁၁ |
| ကျမ်းပြုပုဂ္ဂိုလ်၏ ပထမအကြိမ်အမှာစာ | ၁၄ |
| ကျမ်းပြုပုဂ္ဂိုလ်၏ ဒုတိယအကြိမ်အမှာစာ | ၁၇ |
| ကျမ်းတော်မြတ်ကုရ်အာန်ကို ဘာသာပြန်ဆိုခြင်းနှင့် | ၁၇ |
| သဗ်ဆိရ်ဋ်ကာဖွင့်ဆိုမှုတွင် လက်ခံခဲ့သောနည်းလမ်းများ | ၁၇ |
| စူရာဖွာတေဟာ၏ ထူးခြားမှုထွက်မြတ်မှုနှင့်အရေးပါမှု | ၃၂ |
| ဟမ်ဒ်"၏ သဘောတရား | ၃၉ |
| ရဗ်ဗိုလ်အာလမိင်းန်""ရဗူဗိယသ်" | ၄၄ |
| ရဗူဗိယသ်၏စည်းစနစ် | ၄၇ |
| ရဗူဗိယသ် ၏ အဓိပ္ပါယ် | ၅၆ |
| "သတ္တာဒိရ်" သဘောတရား | ၅၇ |
| "ဟိဒါယသ်" သဘောတရား | ၅၉ |
| ကျမ်းတော်မြတ်ကုရ်အာန်သည် သစ္စာတရားဖြစ်ကြောင်း | |
| အဖွင့်သက်သေလက္ခဏာများ | |
| သစ္စာတရားဖြစ်သော ကျမ်းတော်မြတ်ကုရ်အာန်၏သက်သေ သာဓကများ | ၆၄ |
| "အလ္လာဟ်အရှင်မြတ်သည်သဘာဝလောကကြီးတစ်ခုလုံးကိုသစ္စာတရားဖြင့် ဖန်ဆင်းခြင်းဖြစ်သည်။" | ၆၅ |
| ကျမ်းမြတ်ကုရ်အာန်ကပြဆိုသော ရဗူဗိယသ်၏သစ္စာတရားသက်သေ | ၇၀ |
| အရ် - ရဟ်မာန် နှင့် အရ်- ရဟိမ် | ၈၆ |
| သဘာဝလောကကြီးအတွင်းပျက်စီးခြင်းသည်လည်းတည်ဆောက်မှု တစ်ခုဖြစ်သည်ကို ရှင်းလင်းခြင်း | ၉၈ |
| တည်မြဲသော အသားးတင်အမြတ်အစွန်းပမာ "သဘာဝဆောင်ရွက်မှုရလာဒ်" | ၁၀၇ |
| တဖြေးဖြေး တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာမှု | ၁၀၈ |

ကျမ်းတော်မြတ်ကုရ်အာန်၏ 'အဂျလ်' သဘောတရား ၁၁၀
ချမ်းမြေ့မှုရှိသောဘဝ ၁၁၃
နေ့နှင့်ည ဖြစ်ပေါ်မှု ၁၁၆
ရုက္ခလောကကို ဆန်းစစ်ခြင်း ၁၁၈
အရာဝတ္ထုတိုင်းတွင် စုံတွဲရှိနေမှုဥပဒေ" ၁၁၉
လူ့ဘဝတာ ၏ အခြေအနေပြောင်းလဲမှု အမျိုးမျိုးအဖုံဖုံ ၁၂၂
အလ္လာဟ်အရှင်မြတ်၏ 'ဖဇလ်နှင့်ရဟ်မသ်'နှင့်စပ်လျဉ်း၍ သက်သေပြ ရှင်းလင်းချက် ၁၂၃
လိုအပ်ချက်နှင့် လိုက်ဖက်ညီမှုရှိအောင် ဖန်ဆင်းခြင်းသဘော ၁၂၅
ရဟ်မသ်အားဖြင့် သေလွန်ပြီးနောက် အခြေအနေကို သက်သေပြခြင်း ၁၂၈
ရဟ်မသ်အားဖြင့် ဝဟီပို့ချခြင်းနှင့်စပ်လျဉ်း၍ သက်သေပြချက် ၁၂၇
လူ့ဘဝ၏ လက်တွေ့လုပ်ဆောင်ကျင့်ကြံမှု၏ ရလာဒ်ဆိုင်ရာ ဥပဒေကို
ဖော်ညွှန်းရာတွင် လည်း ရဟ်မသ်ကို သက်သေထူထားပြန်ခြင်း။ ၁၃၀
အစ္စလာမ်ယုံကြည်ချက်၏ ဒိန်လမ်းညွှန်ချက်သဘောနှင့် ရဟ်မသ် ၁၄၇
အလ္လာဟ်အရှင်မြတ်၏ ဆိဖွသ်ဂုဏ်တော်များကို လူ့ဘဝအတွက်
အတုယူဆောင်ရွက်ခြင်း ၁၅၁
ကုရ်အာန်ကျမ်းတော်မြတ်နှင့် အင်ဂျီလ်သမ္မာကျမ်း ၁၅၄
ကျမ်းတော်မြတ်ကုရ်အာန်၏ ကြွမ်းဝါးမှုနှင့် ဖြစ်ဒဏ်သတ်မှတ်ချက်များ ၁၆၄
"မားလိကိ ယောင်မိဒ်ဒင့် (န)" ၁၆၈
အဒ်ဒိန် ၁၆၈
ကဆဗ်ဇေါဟာရကို ကျမ်းမြတ်ကုရ်အာန်တွင် အသုံးပြုခြင်းသဘော" ၁၇၂
ကျမ်းတော်မြတ်ကုရ်အာန်နှင့် အလ္လာဟ်အရှင်မြတ်၏ ဆိဖွသ်ဂုဏ်တော် ၁၈၁
နဗူဝသ်အဆင့်ကို ဘောင်ခတ်မှု ၂၁၁
"အိဟ်ဒိနဆ်ဆိရာသွလ် မုစ်တကိမ်" "ဟေဒါယသ်" ၂၁၇
ဟိဒါယသ် အစဦးအဆင့်သုံးဆင့် ၂၂၀
"အလ်ဟုဒါ" ၂၂၆
ဒိန်၏အရင်းအမြစ်နှင့် ကုရ်အာန် ၂၂၇
"အဟ်ဒိန်နှင့် အဂ္ဂရှရာဟ်" ၂၃၅
အုပ်စုကွဲခြင်း၊ဂိုဏ်းဂဏဖွဲ့ခြင်းအစွဲ၏လမ်းလွဲလမ်းမှားနှင့်ဆန်းသစ်သောဒါဝသ်
ဖိတ်ခေါ်မှု၏လိုအပ်ချက် ၂၄၃
ကုရ်အာန်၏ ဒါဝသ်ဖိတ်ခေါ်မှု ၂၅၅

ကုရ်အာန်နှင့် ကုရ်အာန်ကို ဆန့်ကျင်သူတို့စပ်ကြား အခြေခံကွဲလွဲချက် ပဋိပက္ခ ၂၆၆
ဓွေရာတလ် မုစ်တကီးမ် ၂၇၀
ကျမ်းမြတ်ကုရ်အာန်က ဖော်ပြသော အတိတ်ကာလဖြစ်ရပ်များနှင့်
သမိုင်းဆိုင်ရာ ပြဆိုချက်များ ၂၇၈
စူရာဖွာတေဟာ၏ အနှစ်သာရ ၂၈၀

# ကျမ်းပြုပုဂ္ဂိုလ်၏ရည်ညွှန်းချက်

၁၉၁၈ ခုနှစ် ဒီဇင်ဘာလ လောက်ကဖြစ်သည်။ ကျွန်တော် ဘိဟာပြည်နယ် ရန်ချီမြို့တွင် ဗြိတိသျှအစိုးရ၏ အကျယ်ချုပ်ခံရစဉ်က တစ်နေ့သော် အရောဆွလာသ်ဝတ်ပြုပြီး ဗလီဝတ်ကျောင်းမှပြန်အလာ တစ်စုံတစ်ယောက်သော သူသည် ကျွန်တော်နောက်မှ လိုက်လာသည်ဟု ထင်မိသည်။ နောက်ပြန်လှည့်ကြည့်သောခါ စောင်ခြုံထားသော နွမ်းရိနေသော သူတစ်ဦးကိုတွေ့ လိုက်ရသည်အတွက်ကျွန်တော်က ...

"ခင်ဗျာ ကျွန်တော်နှင့် တစ်စုံတစ်ခုပြောချင်ပါသလား" ဟု မေးလိုက်ရာ၊

"ဟုတ်ကဲ့ခင်ဗျာ ကျွန်တော်က အလွန်ဝေးလံသောဒေသကလာရောက်သူပါ။"

"ဘယ်ကလဲ"၊ "အိန္ဒိယတိုက်နယ် ဟိုဘက်က အာဖဂန်စ္စတန်နိုင်ငံကပါ"၊ "ဒီကိုရောက်တာ ဘယ်တုန်းကလဲ"

"ဒီကနေ့ ညနေကပဲ ရောက်လာတာပါ၊ ကျွန်တော်က သိပ်ပြီးဆင်းရဲပါတယ်၊ အာဖဂါနီစတန်နိုင်ငံ ကန်ဒါဂ်ရ်နယ်ကနေ ပြီး ပတန်နယ်က ကွေတာမြို့ကို ခြေလျင်လျှောက်ပြီး လာခဲ့ပါတယ်။ အဲဒီမှာ အာဖဂါနိစတန် ကုန်သည်တွေနှင့်တွေ့လို့၊ သူတို့က ကျွန်တော့်ကို အလုပ်သမားခန့်လိုက်ပါတယ်။ သူတို့နှင့်အတူ ယူပီနယ်က အာဂရာမြို့ကိုရောက်လာခဲ့တယ်။ အဲဒီက နေပြီး အခုဒီအထိ လမ်းလျှောက်ပြီးလာခဲ့တာပါ။"

"ခင်ဗျား ဘာကြောင့် ဒီလောက်ဒုက္ခခံခဲ့ရတာလဲဗျာ"

"ခင်ဗျားဆီက ကျမ်းမြတ်ကုရ်အာန်ထဲက မသိရှိလိုက်ရတဲ့အကြောင်းအရာတွေကို သိချင်လို့ပါ၊ ခင်ဗျားရဲ့ **အလ်–ဟီလာလ်' နှင့် 'အလ် – ဘလာဂ်"** စာစောင်ထဲမှာပါတဲ့ ကုရ်အာန်နှင့် ပတ်သက်တဲ့ဆောင်းပါးတွေကို တစ်လုံးမကျန် ကျွန်တော် လေ့လာပြီးပါပြီ။"

ထိုသူသည် ရက်အနည်းငယ်ကြာမျှ နေထိုင်ပြီး ဖြုံးကနဲဆိုသလိုပြန်သွားသည်။ ကျွန်တော့်ကိုပင် နှုတ်ဆက်မသွားခဲ့ ပါ။ ကျွန်တော်က ခရီးစရိတ်ထုတ်ပေးမည်ကို စိုးရိမ်၍သာ နှုတ်မဆက်ပဲထွက်သွားခြင်း ဖြစ်လိမ့်မည်။ သူ၏ နေရပ်ဌာနီ အပြန်ခရီးသည်လည်း ခြေလျင်ခရီး နှင့်ပင် ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်ကလည်း ကျွန်တော်ပင် သူ၏အမည်ကိုပင် မေးမကြည့်မိပါ။ ယခုအခါ သူ့ခမျာ သက်ရှိထင်ရှား ရှိမရှိလည်း မသိရပါ။ အကယ်၍ ကျွန်တော့်အနေနှင့် သူ၏အမည်ကို သာသိရလျှင် ဤစာအုပ်ကို သူ့အတွက် ရည်ညွှန်းသောစာအုပ်ဟု ဖော်ပြပါမည်။ ဤစာအုပ်သည် ထိုအမည်မသိ ပုဂ္ဂိုလ်ကဲ့သို့ ကျမ်းမြတ်ကုရ်အာန်အကြောင်းသိမြင်လိုသူအားလုံးအတွက် ရည်ညွှန်း ရေးသားခြင်း ဖြစ်ပါသည်။

**အဗူလ်ကလာမ်**

**ကာလကတ္တားမြို့**

**၁၉၃၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်**

# ဘာသာပြန်သူ၏အမှာစာ

အစ္စလာမ်ကို သက်ဝင်ယုံကြည်သူများသည် ကျမ်းမြတ်ကုရ်အာန်ကိုမြတ်နိုး တွယ်တာကြသည်။မိမိတို့၏ ဘဝလမ်းညွှန်ချက်အဖြစ် ခံယူကျင့်သုံးကာ ဘဝတည်ဆောက်ကြ သည်။ ဤသို့ တည်ဆောက်သော သူသည်သာလျှင် စစ်မှန်သော အီမာန်သက်ဝင်ယုံကြည်သူ ဖြစ်နိုင်မည်ဟုခံယူထားကြသည်။

ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကမ္ဘာလူသားတို့အတွက် နောက်ဆုံးချပေးခဲ့သော လမ်းညွှန်ချက်ကျမ်းဖြစ်သည်။ ကမ္ဘာတဝှမ်းလုံးရှိ မွတ်စလင်တို့သည် ကုရ်အာန်ကိုမူရင်းမပျက်အရဗီစာပေအားဖြင့် လေ့လာဖတ်ရှုမှတ်သားကြသည်။ ဤကျမ်းမြတ် ၏အရေးအသားသည်အရဗီစာပေလောကတွင်ယနေ့တိုင်အောင် ဆန်းသစ်သောအခြေတွင်ရှိ သည်။တမန်တော်မြတ်၏ ဩဝါဒတော်အရ ကျမ်းမြတ်ကုရ်အာန်ကို အဓိပ္ပါယ်မသိလင့်ကစား ဖတ်ရွတ်ခြင်း၊ကျက်မှတ်ခြင်းသည် ကောင်းသည်။ ယင်းထက် သာလွန်ကောင်းမြတ်သည်ကား အဓိပ္ပါယ်ကိုနားလည်အောင်ကြိုးစားခြင်းပင်ဖြစ်သည်။ အကောင်းဆုံးသောသူကား ကျမ်းမြတ် ၏အဓိပ္ပါယ်ကို နားလည်အောင်ပြုသည်သာမက မိမိ၏ဘဝကို ကုရ်အာန်နှင့် အညီတည် ဆောက်သူသာလျှင်ဖြစ်ပေသည်ဟူသောအချက်သည်မွတ်စလင်တို့သည် အစဉ်မပြတ် နှလုံးသွင်းလက်ကိုင်ထားပြီး ကြိုးစားကြသည်။

ကျမ်းမြတ်ကုရ်အာန်ကို တမန်တော်မြတ်ဝဖာသ် ကွယ်လွန်ခြင်းမရှိခင်အလျှင်ကပင် အလ္လာဟ်အရှင်မြတ်၏ ဝဟီလမ်းညွှန်ချက်အစီအစဉ်အတိုင်း ကျမ်းစာအုပ်အဖြစ် ဖြန့်ချိ ခဲ့ပြီးဖြစ်သည်။ ကျမ်းမြတ်ကိုထိန်းသိမ်းခြင်းပြုရာတွင် တမန်တော် မြတ် အသက်ထင်ရှားရှိစဉ် အစ္စလာမ်ခေတ်ဦးကာလကတည်းက ကုရ်အာန်ကိုအစမှအဆုံး အာဂုံဆောင်ခြင်းနည်းဖြင့် သိမ်းသိမ်း လာခဲ့သည်။ မွတ်စလင်တို့အနေနှင့် ကျမ်းမြတ်ကုရ်အာန်ကို သားစဉ်မြေးဆက် နှလုံးသားဖြင့် ထိန်းသိမ်းသယ်ဆောင်လာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၄၀၀ ကျော်ခဲ့ပြီးဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏ ကမ္ဘာအဝှန်းရှိ စာမူများသည် "ဤသည်မရွေ့" တစ်လုံးတစ်ပါဒမျှ ကွဲလွဲခြင်းမရှိပါ။ ဂိုဏ်းဂဏနှင့်းကျောင်းတော်ဝါဒခြင်း ကွဲလွဲသော်လည်း အခြေခံဖြစ်သော ကျမ်းမြတ်ကုရ်အာန်တွင်မူ ကွဲလွဲခြင်းလုံးမရှိပါ။ မွတ်စလင်အားလုံးသည် တစ်ညီတစ်ညွတ်တည်းကုရ်အာန်သည်သာလျှင် မွတ်စလင်တို့အတွက် လက်ဆုပ် လက်ကိုင်ပြုရာ အခြေခံကျမ်းဖြစ်သည်ဟုခံယူကြသည်။

ကျမ်းမြတ်ကုရ်အာန်အရ လက်တွေ့ဘဝတွင်ချမ်းမြေ့သောလူအဖွဲ့အစည်း တည် ဆောက်မှုကို တမန်တော်မြတ်နှင့် တကွ "ခုလဖာအေရာရှိဒင်န်"ဟု ခေါ်သည့် ခလီဖာကြီး ၄ပါးခေတ်ကာလအထိ လက်တွေ့လုပ်ဆောင်ပြနိုင်ခဲ့သည်။ ယင်းနောက်ပိုင်း မွတ်စလင်မ် သက်ဦးဆံပိုင် ဘုရင်ခေတ်ရောက်ချိန်မှစ၍ ကုရ်အာန်၏ အခန်းကဏ္ဍကို အသွင်ပြောင်း လဲခဲ့သည်၊ သို့ရာတွင် အစ္စလာမ်သမိုင်းကြောင်းတစ်လျှောက် နှစ်ပေါင်း ၁၄၀၀ ကျော်အတွင်း ကုရ်အာန်ကို အခြေခံသော လူမှုဘဝတည် ဆောက်မှုအတွက် ကြိုးပမ်းလှုပ်ရှားခဲ့သော

"မုဂျဒ်ဒိဒ်"ရာပေါင်းများစွာပေါ်ထွန်းခဲ့ပြီး။ ယင်းပုဂ္ဂိုလ်များသည် အစ္စလာမ်ရေးရာနှင့် ပတ်သက်၍အွမ္မသ်သားတို့ကိုမူလလမ်းကြောင်းမှလမ်းလွဲသို့ရောက်မသွားရေးအတွက် အနစ်နာခံကြိုးပမ်းခဲ့ကြသည်။ အချို့သူတို့ သည် ယုံကြည်ချက်အတွက် အသက်ကိုပင် စတေးခံခဲ့ရသည့် သာဓကရှိခဲ့သည်။

ယနေ့ကမ္ဘာပေါ်တွင် မွတ်စလင်တို့နိုင်ခံစွာရပ်တည်နေရခြင်းမှာလည်း ဤကျမ်းမြတ် ကုရ်အာန်ကြောင့်ပင်ဖြစ်သည်။ ဤကျမ်းမြတ်ကို ကမ္ဘာဆုံးသည်အထိ စောင့်ထိန်းသွားရမည့် တာဝန်ကိုအလ္လာဟ်အရှင်မြတ်က တာဝန်ယူထားပေသည်။ သို့ဖြစ်၍ ဤအလ္လာဟ်၏စကား အလ္လာဟ်၏လမ်းညွှန်ချက်ကို အသွင်အမျိုးမျိုးဖြင့် မချွင်းကပ်မလေ့လာရဲအောင် အဟန့်အတားပြု နေသူများ၊ သံသယစိတ်ဖြင့်မယုံတဝက် ယုံတဝက်ဖြင့် လက်ခံနေသူများ သည် အလ္လာဟ်အရှင်မြတ်၏ ဝဟီကိုသွေဖီဆန့်ကျင် သော သူများပင်ဖြစ်သည်။ စင်စစ် "အဗ္ဗာသီမင်းဆက်ကာလ"တွင် ဂရိနှင့် ပါရှန်တို့၏ ယုံကြည်ချက်များနှင့် အတွေးအခေါ်များ က စိမ့်ဝင်လာသောပြင်ပ ပယောဂလုပ်ကြံမှုကြောင့် မွတ်စလင်တို့သည် တွေးခေါ်မှုပြုရာတွင် သို့လောသို့လောတွေဝေလာခြင်းဖြစ်ကာ အတိတ်ခေတ်ကကျမ်းဂန်ကို ဘာသာရေးကိုချုပ်ကိုင် သူတို့သာ လက်ဝယ်သိမ်းပိုက်သည့်အသွင်ဖြင့် လက်ခံလာပါသည်။ အစ္စလာမ်အစဦးကာလ ကမူ မွတ်စလင်တိုင်းသည် ကုရ်အာန်၏ကျပ်ပြည့်တင်းပြည့် လက်ခံယုံကြည်ကျင့်ကြံခဲ့၍ ကုရ်အာန်ကြောင့် ဖြစ်ထွန်းလာသော အသီးအပွင့်တို့ကို ခံစားနိုင်ကြခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ကျမ်းမြတ်ကုရ်အာန်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ခုသော အကြောင်း အရာများကိုကြားသိရလျှင် လွန်စွာမှပင် စိတ်ပါဝင်စားစွာ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရ သည်။ ယင်းအကြောင်းအရာများကို ပြည့်စုံစွာသိမြင်လိုကြသည်။ ယင်းသိမြင် လိုသူတို့တွင် ကျွန်တော်သည်လည်းပါဝင်ပါသည်။ ကျွန်တော်မူလတန်းကျောင်းသားဘဝကဖြစ်သည်၊ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီ လ ၂၃ ရက်နေ့ကျောင်းတက်စာသင်နေစဉ် ကျောင်းအုပ်ဆရာကြီးထံမှ ကျောင်းသားအားလုံး အစည်းအဝေးခန်းမသို့ လာရောက်ရန် အမိန့်စာရောက်ရှိလာပါသည်။ ကျွန်တော်တို့ကျောင်းတွင် နေ့ကြီးရက်ကြီးများ၌ ဤသို့စုရုံးကာ ဟောပြောပွဲလုပ်လေ့ရှိသည်။

ခန်းမသို့ရောက်ပြီး များမကြာမီ ကျွန်တော်တို့၏ အစ္စလာမ့်ရေးရာပို့ချသော "ဆရာကြီး အစ်ဒုလ်ဝလီ မဇာဟိရီ"သည် စင်မြင့်ပေါ်သို့ရောက်ရှိလာပြီး ဟမ်ဒ်နှင့် စလာမ်ပို့သပြီးသကာလ "ဒီကနေ့ဟာ အလွန်မှပဲ ဝမ်းနည်းရမည့်နေ့ဖြစ်တယ်၊ အစ္စလာမ့် စာပေပညာရှင်ကြီးအဗူလ်ကလာမ်အာဇာဒ်ဝဖါသ်ကွယ်လွန်ကြောင်း ဒီမနက်ပဲ သတင်းရရှိ တယ်။ ဒို့တတွေဟာပုဂ္ဂိုလ်ကြီးအတွက်မဂ်ဖိရသ်ဆုမွန်တောင်းခံဖို့ ဒီရောမှာစုရုံးရခြင်း ဖြစ်သည် ဟုအစပျိုးကာ အဗူလ်ကလာမ်အာဇာဒ်ရဲ့ မွတ်စလင်တို့အတွက် ဆောင်ရွက်မှု အခန်းကဏ္ဍကို ကျွန်တော်တို့အားတင်ပြပို့ချခဲ့သည်။ ဤသည် ကျွန်တော်တို့အဖို့ အဗူလ် ကလာမ် အာဇာဒ်နှင့်ပတ်သက်၍ ပထမဦးဆုံး ကြားသိရခြင်းပင်ဖြစ်သည်။

ဤဘာသာပြန်၏ မူရင်းကျမ်းဖြစ်သည့် အွမ်မုလ် ကုရ်အာန်ကို ကျွန်တော် အသက် ၂၀ ကျော်ကြာမှ ဖတ်ရှုခွင့်ရခြင်းဖြစ်ပါသည်။ကျွန်တော်၏ရင်တွင်းဝယ် အွမ်မုလ်

ကုရ်အာန် ကျမ်းကို စတင်ဖတ်ရှုရသောအခါ ခံစားရမှုကို ဖော်ပြလိုပါသည်။ ဤကျမ်းတွင် ပါရှိသောအချက်အလက်များ၏လေးနက်မှုကို ကျွန်တော်၏အသိကချက်ချင်း ကြေညက်နိုင်စွမ်းမရှိခဲ့ပါ။ တစ်မျက်နှာမျှဖတ်ရှုပြီးတိုင်းပြီးတိုင်း နာရီအတော်ကြာသည်အထိ ကျွန်တော်အနေနှင့် အတွေးနယ်ပယ်တွင် နစ်မျော၍သွားခဲ့ရခြင်းလည်းများလှသည်။

ကျွန်တော့်အနေဖြင့် ဤကျမ်းသည် ခေတ်မှတ်စလင်တို့အတွက် အခြေခံကျသော ပြဿနာရပ်များကို သိနားလည်စေသောကျမ်းဟုမြင်ပါသည်။ သို့ဖြစ်၍ တိုတောင်းသော ကာလအတွင်း ဤကျမ်းကို ဘာသာပြန်ဆိုရန် သံဓိဋ္ဌာန်ချလုပ်ဆောင်ခဲ့ရာ ယခု စာဖတ်သူတို့လက်ဝယ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဤသည် အလ္လာဟ်အရှင်၏ ဂုဏ်ကျေးဇူးတော်ကြောင့်ပင်ဖြစ်ပါသည်။ မူရင်းကျမ်းပြုပုဂ္ဂိုလ်မှာ အူရဒူစာပေရေးရာတွင် စာပေခေတ်တစ်ခေတ်၏ ကဝိတစ်ဆူဟု ခေါ်ရစ်ရလေအောင် ထူးချွန်ပြောင်မြောက်လွန်းလှသောကြောင့်လည်း သူ၏ရေးသားချက်ကို လူသာမန်တို့အဖို့ရာ အလွန်သတိကြီးစွာထားပြီး မှတ်သားဖတ်ရှုမှသာ တော်ရုံကျပါမည်။

ဘာသာပြန်သူအနေဖြင့် ဤကျမ်းကို ဘာသာပြန်စဉ်ကာလတာဝယ် မြန်မာနိုင်ငံ အူရဒူစာပေလောက၏ အဆင့်မြင့်ဆုံးသောပညာရှင်ဖြစ်သောကွယ်လွန်သူ"ဆရာ အာဇမ် အကူရီ" ထံမှအကြိမ်ပေါင်းများစွာထိ အူရဒူစာပေဝေါဟာရဆိုင်ရာအကြောင်းအရာများကို မေးမြန်းခဲ့ရပါသည်။ ဆရာကြီး၏ ကူညီပံ့ပိုးမပါလျှင်ကျွန်တော့်အနေဖြင့် ဤသို့လျင်မြန်စွာ ဘာသာပြန်ဆိုနိုင်မည်မဟုတ်ကြောင်းကို မှတ်တမ်းတင်ဂုဏ်ပြုပါ၏။

ကျွန်တော်သည် ဤကျမ်းကို ဘာသာပြန်ဆိုရာတွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားပမ်းစားပြုစုခဲ့ပါသည်။ အကယ်၍ဖတ်ရှုရာတွင် ခံတွင်းမတွေ့ခဲ့လျှင်မူ ကျွန်တော်၏ အားနည်းချက်ဟုသာမှတ်ယူစေလိုပါသည်။ အကယ်၍ စာဖတ်သူ အနေဖြင့် တစ်စုံတစ်ခု သောအသိကို ဤစာအုပ်မှရရှိလျှင်မူ ကျွန်တော်အဖို့ ဘာသာပြန်ဆိုရကျိုးနပ်ပြီဟုဆိုပါမည်။ အကောင်းဆုံးဖြစ်အောင်ကြိုးစားခဲ့သော်လည်း လူသားပီပီ တစ်စုံတစ်ခုသော မှားယွင်းချွတ်ချော်မှုတွေ့ခဲ့လျှင်မူ ခွင့်လွှတ်ကြပါဟု ကြိုတင်မှာကြား တောင်းပန်အပ်ပါသည်။

"အိခ်လားဆ်" စိတ်ကောင်းစေတနာထားရှိခြင်း"၊ "သာသနာအကျိုးပြုစိတ်ဓါတ်" ထားရှိခြင်းအလ္လာဟ်အရှင် မြတ်သည် အစဉ်အမြဲ စောင့်ကြည့်နေသည်""ဟူသော အသိကို ခံယူချက်အဖြစ် စွဲမြဲစွာခံယူရေးသားခဲ့ပါသည်။

အစဉ်လေးစားလျက်

ဂျာဝိဒ်သန်း

# ဘာသာပြန်သူ၏ဒုတိယအကြိမ် အမှာစာ

မောင်လာနာအဗူလ်ကလာမ်အာဇာဒ် ၏ကျမ်းတော်မြတ်ကုရ်အာန်ဆိုင်ရာ တွေးခေါ်မှုဒဿနအမြင်သည် မြင့်မားလှသည် ယင်းထက်မြင့်မားသည်မှာ သူ၏အရေးအသားပင်ဖြစ်သည်။ အူရဒူစာပေသည် ပင်ကိုယ်အားဖြင့် အိန္ဒိယတိုက်နယ်ဒေသတွင် ဘာသာစကားရာပေါင်းများစွာ စပ်ကြာသုံးစွဲနေသော စစ်တပ်နယ်လှည့်စကားဖြစ်သည်၊ ယင်းဘာသာစကားတွင် ဟင်ဒီ၊ဖါရစီ၊အာရဗီ သက္ကရိုက်စသည်ဖြင့်ဘာသာစကား အမျိုးစုံ ပါဝင်ကြသည်။မောင်လာနာအဗူလ်ကလာမ်အာဇာဒ် အနေဖြင့်စာရေးသားရာတွင် အာရဗီ စာပေကိုနွယ်သောအူရဒူကိုသုံးစွဲသည်၊သို့ဖြစ်၍လည်း အာရဗီ၏လေနက်မှုကို သူ၏အရေးအသားတွင် တွေ့မြင်ရခြင်းဖြစ်သည်။

ကျွန်တော်အနေဖြင့် မောင်လာနာဆပ်၏ကျမ်းကိုဘာသာပြန်ဆိုရာတွင် အာရဗီကိုအထူးပြုသောအာရဗီကိုလေ့လာခဲ့ရ သည်၊ထိုမျှမက မူရင်းကျမ်းနှင့်အံချော်သွားမည်ကိုလည်း သတိထားခဲ့ရသည်၊ဤလေ့နက်မှုကို သတိထားပြုစုရခြင်းကြောင့်ယင်းကျမ်း၏လေနက်မှုကို မြန်မာစာဖတ်ပရိသာတ်တို့အဖို့ ကျမ်းကိုလိုက်မမှီ ဖြစ်ခဲ့ဟန်တူသည်၊ တက္ကသိုလ်ကြီးမှ မဟာတန်းအောင်မြင်သူ စာဖတ်ပရိသာတ်ပင်လျှင် ဤကျမ်း၏လေးနက်မှုကို မခံနိုင်ကြောင်းဝန်ခံပြောဆိုခဲ့ကြသည်။

ပထမအကြိမ်ထုတ်ချိန်က စာစီရာတွင်သုံးစွဲခဲ့သော fontစာလုံးကြောင့် စာဖတ်သူတို့ အစဉ်မပြေဖြစ်ခဲ့ရကြောင်းကိုလည်း သိရှိခဲ့ရသည်၊ကျွန်တော်၏ ပထမအမှာစာတွင် ဖေါ်ပြထားသကဲ့သို့ ကျမ်း၏လေးနက်မှုကို တစ်နှစ်အကြာတွင်စာဖတ်သူတို့ထံမှ သိရှိခဲ့ရသည်၊ကျွန်တော်တို့၏မျိုးဆက်သစ် တပည့်ဟုမဆိုချင်သော်လည်း သင်တန်းနည်းပြဆရာတို့အတွက် သင်တန်းလက်စွဲကျမ်းဖြစ်လာခဲ့သည်၊ထိုမှဆက်၍ နယ်မှလာသောပုဂ္ဂိုလ်အချို့က ဤကျမ်းကိုဖတ်ရှုပြီးနောက် သူတို့အနေဖြင့်မှတ်စလင်မ်သစ်လွင်ဖြစ်ခဲ့ရကြောင်းကို သိရှိရသောအခါ ကျွန်တော့်အနေဖြင့် ဤကျမ်းကိုဘာသာပြန် ဆိုရာနပ်ကြောင်းခံယူခဲ့ရပါသည်။

အချိန်ကြာမြင့်လာသည်နှင့်အမျှ ဤကျမ်းကိုပြန်လည်ပုံနှိပ်ရန် တောင်းဆိုမှုများ တိုးပွားလာခဲ့သည်၊ကျွန်တော်အနေဖြင့် မောင်လာနာအဗူလ်ကလာမ်အာဇာဒ်၏ နောက်ထပ်ထွက်လာသောမူများဖြင့်စစ်ဆေးပြီး လိုအပ်သည့်တို့ကိုပြင်ဆင်ခဲ့ပါသည်၊အထူးသဖြင့် အခန်းတစ်ခုကို မူလကအကြောင်းမညီညွတ်ခဲ့၍ ဖျက်ခဲ့သော်လည်းယခု အတတ်နိုင်ဆုံး ပြန်လည်း၍ဖြည့်နိုင်ခဲ့ပါသည်၊

စာမူကို ဝါးခယ်မဦးမင်းနိုင်၏သားဖြစ်သူ မောင်ဗိလာလ်က အချိန်ယူပြီး စာစီပေးခဲ့ပါသည်၊အာရဗီစာလုံးများနှင့်လိုအပ်သောစာများကို ကျွန်တော်ကိုယ်တိုင်စာစီခဲ့ရာ လိုအပ်လာသော အခက်အခဲအတွက်ဆရာဘိုင်လေး၏ညွှန်ပြသမှုကိုလည်းမေ့၍မရပါ၊ အထူးကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်ပါသည်။မောင်ဗိလာလ်က အချိန်ယူစာစီပေးခဲ့သည်ကိုလည်း အထူးကျေးဇူးတင်ရှိပါစေ။

ဤကျမ်းကိုပြန်လည်း၍ ထုတ်ရန်အတွက် မွမ်မံနေစဉ်ကာလ နိုင်ငံရပ်ခြားတွင်

အင်္ဂလိပ်စာဖြင့်ထုတ်ဝေသောကျမ်း၏အမည်ကို BasicConceptsofQuran (ကျမ်းတော်မြတ်ကုရ်အာန်၏အခြေခံအရင်းအမြစ်ဖွင့်ဆိုချက်)ဟုဖော်ပြရာကျွန်တော်သည်လည်းထပ်ဆင့်သုံးစွဲဖော်ပြလိုက်ပါသည်။

ယခုဤကျမ်းသည် စာဖတ်သူတို့၏ လက်ဝယ်သို့ရောက်ရှိနေပြီးဖြစ်သည့်မူလကျမ်းကိုကျွန်တော်အနေဖြင့် အတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင်ပြန်ဆိုခဲ့ပါသည်၊ တစ်စုံတစ်ခုသော မှားယွင်းချွတ်ချော်များကိုတွေ့လျှင်ခွင့်ပြုခွင့်လွှတ်စေလိုပါသည်၊ ဆက်လက်ပြီး စာပေကွက်လပ်များကို ဖြည့်ပေးနိုင်သော စွမ်းအားကို အလ္လာဟ်အရှင်မြတ် အထံတော်မှ တောင်းခံလျက်။အာမင်န်

အားလုံးကို လေးစားလျက်

ဂျာဝိဒ်သနိး။

## ""မောင်လာနာ အဗူကလာမ် အာဇာဒ်"" (၁၈၈၈ - ၁၉၅၈)

အဗူကလာမ်သည် ဒေလီမြို့တွင်၁၅ရာစုနှစ်မှ စတင်နေထိုင်သော အာဖဂန်လူမျိုး အဆက်အနွယ်မှ ဖြစ်သည်။ မိခင်က မဒီနာမြို့သူဖြစ်ပြီး သူ့ကို မက္ကာရွှေမြို့တော်တွင် ဖွားမြင်သည်။ သူသည်တစ်ချိန်တည်းတွင်အရပ်၊အာဖဂန်နှင့်အိန္ဒိယသားဖြစ်ပြီး ယင်းတို့စုစည်းလိုက်သောအခါ အိန္ဒိယမျိုးချစ်နိုင်ငံရေးခေါင်းဆောင် ဖြစ်လာသည်။ ယင်းမှတစ်ဆင့်တက်၍ အစ္စလာမ်တွေးခေါ်ပညာရှင်ကြီးတစ်ဦးအဖြစ် ကမ္ဘာ့မွတ်စလင်လောကက အသိအမှတ်ပြုခံရသူသည်ကား မောင်လာနာ အဗူကလာမ် အာဇာဒ်ပင်ဖြစ်တော့သည်။

၁၈၅၇ ခုနှစ်၊ ဂဒါရ် အရေးတော်ပုံနောက်ပိုင်း အိန္ဒိယနိုင်ငံရှိ အစ္စလာမ်သာသနာပညာရှင်အများအပြားသည် နိုင်ငံကိုစွန့်ခွာကာ နိုင်ငံရပ်ခြားသို့ သွားရောက်တိမ်းရှောင်ခဲ့ရသည်။ ယင်းသူတို့တွင် နောင်သောအခါ အစ္စလာမ့်လောကနှင့် အိန္ဒိယနိုင်ငံရေးတွင် ကျော်ကြားလှသောပုဂ္ဂိုလ်ဖြစ်မည့် အဗူကလာမ် အာဇာဒ်၏ဖခင် မောင်လာနာ ခိုင်ရွဒ်ဒီန်လည်း ပါဝင်ပေသည်။ ယင်းပုဂ္ဂိုလ်သည် အော်တိုမန်တူရကီတို့ အုပ်ချုပ်ရေးနယ်ပယ်တွင် ပါဝင်သော ဟိဂျပ်နယ်တွင် စတည်းချခဲ့သည်။

အခြေအနေအေးချမ်းလာသောအခါ သူတို့မိသားစုသည်အိန္ဒိယနိုင်ငံသို့ ပြန်လည်၍ ဝင်ရောက်လာခဲ့သည်။ အဗူကလာမ်သည် အစပထမ၌ အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားခဲ့ရသည်။ ၁၉၀၈ခုနှစ်မှ၁၉၁၂ခုနှစ်အတွင်း အရှေ့အလယ်ပိုင်းရှိ ဒေသများကို ပညာတော်သင်ထွက်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ဘဂ္ဂဒက်မြို့ရှိ ရှေခ် အလီ အလူစီ သိပ္ပံကျောင်းတော်အစုအဝေးတွင်ပါဝင်ခဲ့သည်။ရှေခ်အလီအလူစီသည် ရှေးရိုးကျသော ဆလာဖီယာကျောင်းတော်၏တိုးတက်သောအမြင်ရှိသည့်ပုဂ္ဂိုလ်ဖြစ်သည်။ သူသည်ကျော်ကြားလှသော ''ဂျမာလွတ်ဒီန် အဖ်ဂါနီ''၏ အစုအဝေးမှ ဆီဒီက်ဟာဆန်ဒ်ခန်ထံမှ ပညာဆည်းပူးခဲ့သူ ဖြစ်သည်။

အဗူကလာမ်သည် ဘဂ္ဂဒက်တွင်ရှိစဉ်ကာလ ကျော်ကြားလှသော ပြင်သစ်လူမျိုး အရှေ့တိုင်းပညာပါမောက္ခလူဝီစ်မဲဆင်ဂ်နန်'နှင့်လည်း တွေ့ဆုံခဲ့ရသည်။ ယင်းပုဂ္ဂိုလ်သည်လည်း ရှေခ်အလူစီ၏အစုအဝေးမှပင်ဖြစ်သည်။ ယင်းပုဂ္ဂိုလ်သည် ဟလ်လာဂျ်နှင့်ပတ်သက်သောစာပေကိုပြုစုခဲ့ခြင်းကြောင့် မွတ်စလင်ကမ္ဘာကလူသိများထင်ရှားလာရခြင်း ဖြစ်သည်။

အီရတ်တွင်ရှိစဉ်ကာလ အီရန်လူမျိုးတိုးတက်ရေးအမြင်ရှိသူများနှင့်လည်း ဆုံတွေ့ခွင့်ရခဲ့သည်။ ထိုကာလကား တူရကီနိုင်ငံရှိ ရှေးရိုးဝါဒီတို့ကို ဖြုတ်ချရန် တူရကီလူငယ်တို့က အားယူနေချိန်ဖြစ်၍ ယင်း၏ဂယက်သည် အီရန် လဒ်ဂျာရ် မင်းဆက်ကို ရိုက်ခတ်ခဲ့သည်။

အဗူကလာမ်သည်ဘဂ္ဂဒက်မှတဆင့် ကိုင်ရိုမြို့သို့ဆိုက်ရောက်လာသည်။ ထိုအချိန်တွင် ကမ္ဘာကျော် အစ္စလာမ့်စာပေပညာရှင် ရှေခ် မုဟမ္မဒ် အဗ်ဒူသည် မွတ်စလင်လူ့အဖွဲ့အစည်း၏ပြဿနာရပ်များကိုဖြေရှင်းနိုင်စွမ်းမရှိတော့သည့် ရှေးရိုးဆန်လှသော အလ်အဇ်ဟာရ်တက္ကသိုလ်နှင့် စင်ပြိုင်အဖြစ် ''ဒါရုလ် အိုလူမ် တက္ကသိုလ်ကျောင်းတော်ကြီးကို ဖွင့်လှစ်နေချိန်

ဖြစ်သည်။ ရှေခ်မုဟမ္မဒ်အဗ်ဒူဟ်၏ တိုးတက်သောအမြင်များကို အဗူကလာမ်သည် သယ်ဆောင်ရယူနိုင်ခဲ့သည်။ အဗူကလာမ်သည် အီဂျစ်နိုင်ငံမှ ဆီးရီးယားနှင့် တူရကီသို့ ခရီးဆက်ခဲ့သည်။ ထိုမှတဖန် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့သို့ သွားရောက်ခဲ့သည်။ ပဲရစ်မြို့တွင် 'အဟ်မဒ် ရီဒါ' ကဲ့သို့သော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်ခဲ့သည်။ ထိုမှဆင့် အင်္ဂလန်နိုင်ငံသို့ သွားရောက်ရန်ရှိသော်လည်း ဖခင်ဖြစ်သူ ကွယ်လွန်ခဲ့၍ အိန္ဒိယနိုင်ငံသို့ ပြန်လာခဲ့ရသည်။

၁၉၁၂ခုနှစ်တွင်''အလ် ဟီလာလ်''စာစောင်ကို ထုတ်ဝေခဲ့သည်။ ယင်းစာစောင်သည် ပြုပြင်ရေး၊ လွတ်မြောက်ရေးနှင့် ချစ်ကြည်ရေးကို ဦးတည်သောအမြင်ဖြင့် မွတ်စလင်တို့အားစည်းရုံးနိုင်ခဲ့သည်။ ကျမ်းတော်မြတ်ကုရ်အာန်ကို အခြေခံ၍ တင်ပြမှုကြောင့် တိုးတက်သော ဘာသာရေးအမြင်ရှိသူများနှင့် ခေတ်ပညာတတ်အလွှာ နှစ်ခုစလုံးတွင် ကျော်ကြားမှု၊ လက်ခံမှုကို ရယူနိုင်ခဲ့သည်။ ထိုစဉ်ကာလက အလ် ဟီလာလ်နှင့် ခေတ်ပြိုင်ညီအစ်ကို စာစောင်ကောမရေဒ်**Comerade**အင်္ဂလိပ်စာစောင်ကို တွေ့မြင်နိုင်သည်။ ယင်းကို ''မုဟမ္မဒ်အလီ ဂျောင်ဟာရီ'' (အလီညီအစ်ကို) တို့က ထုတ်ဝေခြင်းဖြစ်သည်။ ဤစာစောင်နှစ်ခုစလုံးသည် သမိုင်းဝင်စာစောင်များ ဖြစ်၏။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးစနစ်ကိုနည်းမျိုးစုံဖြင့် ဝေဖန်ရေးသားခဲ့ကြသည်။

ထိုစဉ်ကာလက အဗူကလာမ်၏ရေးသားချက်များကိုတူရကီကဲ့သို့သော နိုင်ငံရပ်ခြားရှိ မွတ်စလင်များကပင် ဖတ်ရှုတန်ဖိုးထားကြသည်။ ထိုစဉ်ကာလက လွတ်လပ်သော မွတ်စလင်နိုင်ငံဟူ၍ တူရကီအပါအဝင် သုံးနိုင်ငံမျှသာရှိသည်။ ကမ္ဘာအဝှမ်းရှိ မွတ်စလင်များသည် ကျွန်ဘဝကို ဆိုက်ရောက်နေချိန်ဖြစ်သည်။ တူရကီနိုင်ငံကဲ့သို့သော အင်ပါယာကြီးတွင် အဗူကလာမ်၏ဆောင်းပါးများကို ချက်ချင်းဘာသာပြန်ဆိုရေးသားခဲ့ကြသည်။ ယင်းရေးသားချက်များသည် အိန္ဒိယမွတ်စလင်မ်များသည်သာမက အခြားအခြားသော နိုင်ငံများတွင်ပါ ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အကူ ဖြစ်စေခဲ့သည်။ ထိုစဉ်က တူရကီနိုင်ငံကို အိန္ဒိယမွတ်စလင်တို့က အလွန်အလေးအနက်ထားကြသည့်အတွက် အဗူကလာမ်သည် ပိုမို၍ပင်အရေးပါလှသောပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။

ဗြိတိသျှတို့သည် အလ်ဟီလာလ်ကိုပိတ်လိုက်သောအခါ အဗူကလာမ်သည် ၁၉၁၄ ခုနှစ်တွင်''အလ် ဗလာဂ်''ထုတ်ဝေခဲ့သည်။ အလ် ဗလာဂ်သည်လည်း အပိတ်ခံခဲ့ရပြန်သည်။ ဗြိတိသျှတို့သည် သူ့အား အကျယ်ချုပ်အဖြစ် ထားရှိခဲ့သည်။ ဤသို့ အကျယ်ချုပ်ခံရခြင်းသည် အသစ်အဆန်းမဟုတ်ပါ။ ရှေးယခင်ကလည်း 'ဒါရုလ် အိုလူမ် ဒီယိုဗန်'' ကျောင်းတော်၏ ပါမောက္ခကြီး သာသနာ အာဇာနည်များဖြစ်သော မောင်လာနာ နာဆိုသဝီနှင့် မောင်လာနာ ဟုစိန် အဟ်မဒ် မဒနီ ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများကို ဗြိတိသျှအာဏာပိုင်တို့က တောင်အမေရိကရှိ မော်တာနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခဲ့ဖူးသော သာဓကများရှိနေပေသည်။

ပထမကမ္ဘာစစ်ပြီးချိန်တွင် အဗူကလာမ်နှင့်တကွ အခြားကျော်ကြားလှသော အိုလမာ သာသနာ့ပညာရှင်များသည် ဗြိတိသျှ၏ထိန်းသိမ်းခြင်းမှ လွတ်မြောက်ခဲ့သည်။ ဤအတောအတွင်း အဗူကလာမ်ကို''**အီမာမ် မွလ် ဟင်းဒ်**'' ဘွဲ့ကို ပေးအပ်ခြင်းခံရသည်။

ကျမ်းတော်မြတ်ကုရ်အာန်ကို အခြေခံ၍ ရေးသားသော သူ၏ဆောင်းပါးကို မွတ်စလင်ကမ္ဘာ၏ ကျော်ကြားလှသောစာစောင်ဖြစ်သည့်“**အလ် မနာရ်**”တွင် အရဗီသို့ ဘာသာပြန်ဆို ဖော်ပြခြင်းခံရသည်။အလ်မနာရ်စာစောင်ကိုထုတ်ဝေသူ“ရာရှိဒ် ရာဒါ”သည် ကမ္ဘာ့မွတ်စလင်မ်တို့က လေးစားအသိအမှတ်ပြုခံရသောပုဂ္ဂိုလ်ဖြစ်သည်။

၁၉၁၆ခုနှစ် ရန်ချီမြို့တွင်အကျဉ်းချခံရစဉ်က ဂန္ဒီကြီးသည်သူနှင့်တွေ့ရန် ကြိုးစားခဲ့သည်။ ၁၉၂၀ခုနှစ် လွတ်မြောက်လာသောအခါ ပထမဦးဆုံးဂန္ဒီကြီးနှင့်တွေ့ဆုံပြီး နိုင်ငံရေးကို ပူးတွဲဦးဆောင်လုပ်ခဲ့သည်။ ယင်းကြောင့် နှစ်နှစ်တာမျှ ထပ်မံအကျဉ်းချခံခဲ့ရပြန်သည်။ ၁၉၂၃ ခုနှစ် အိန္ဒိယအမျိုးသားကွန်ကရက်၏ အရေးပေါ်ညီလာခံက သူ့အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ၁၉၃၀ခုနှစ်တွင် အကျဉ်းချခံရပြန်ရာ ၁၉၃၂ ခုနှစ်အထိ ဖြစ်သည်။

အဗူကလာမ်သည် အိန္ဒိယတိုက်နယ် လွတ်လပ်ရေးအတွက် ဇောက်ချပါဝင်ဆောင်ရွက်ခဲ့ သဖြင့် ၁၉၄၀ ခုနှစ်တွင် အိန္ဒိယအမျိုးသားကွန်ကရက်၏ ဥက္ကဋ္ဌရာထူးကို တစ်ခါနက်ထောက်ခံမှုဖြင့် ရရှိခဲ့ပြန်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗြိတိသျှ၏ အကျဉ်းချထားခြင်းကို ခံရပြန်ရာ ထိုစဉ်က သူနှင့်အတူ အဖမ်းခံရသူမှာ အိန္ဒိယနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာသူနေရူးပင် ဖြစ်သည်။ အဗူကလာမ်သည် အကျဉ်းချခံရစဉ်ကာလတွင်လည်း **Ghobare - Khair ဂိုဘာရေ ခိုင်ရ်** ကို ရေးသားနိုင်ခဲ့သည်။

၁၉၁၂ ခုနှစ် “အလ် ဟီလာလ်”ထုတ်ဝေစဉ်က အဗူကလာမ်အနေဖြင့် ကျမ်းတော်မြတ်ကုရ်အာန်နှင့်ပတ်သက်၍ အနာဂတ်တွင် ဆောင်ရွက်မည့် စာပေပြုစုမှုအစီအစဉ်ကို ချပြနိုင်ခဲ့သည်။ ပထမအဆင့်အနေဖြင့် **Tardjumal'l Quran “တရဂျူမာနုလ် ကုရ်အာန်”** ဟူသောအမည်ဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အူရဒူဘာသာပြန်ကို ထုတ်ဝေမည်။ဒုတိယ အဆင့်အနေဖြင့် **Tafsirul Bayan** “တဖ်စီရုလ် ဗယန်”အမည်ဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏အဖွင့်ကို ရေးသားမည့် အပြင် **Muqaddimatu'e Tafsir** “မုကဒ္ဒိမတုလ် တဖစီရ်”အမည်ဖြင့်လည်း အဆင့်မြင့်သောပညာရှင်များ လေ့လာ နိုင်သော ပြဿနာရပ်များ၏ အဖြေများနှင့် လတ်တလောကြုံတွေ့နေရသော အချက်အလက် ရှာဖွေရေးပင် ဖြစ်သည်။

ဤ အဆင့်သုံးဆင့်အနက် ပထမအဆင့်လုပ်ငန်းကို ၁၉၁၂ခုနှစ်မှစ၍ ပြုလုပ်နိုင်ခဲ့သည်။ သူသည် ဘာသာပြန်လုပ်ငန်းကို အစမှအဆုံးအထိ ဆောင်ရွက်ခဲ့ပြီး စူရာဖွာတေဟာ၏ သဖ်ဆီရ်အထိကို အပြီးသတ်နေချိန်မှာပင် သူ၏ အလ် ဗလာဂ်စာစောင်ကို ဗြိတိသျှတို့ပိတ်ပြီး သူ့အားရန်ချီတွင်အကျဉ်းချုပ်ထားခြင်းကို ခံခဲ့ရသည်။ ထိုစဉ်ကာလက အိန္ဒိယလျှို့ဝှက်ပုလိပ်က သူ၏စာမူများကို သိမ်းဆည်းစဉ်ကာလ ဖော်ပြပါ ဘာသာပြန်စာမူမှာ ပျောက်ဆုံးရသည်။ ယင်း၏အစအနကို ပြန်လည်၍ရှာမတွေ့ ရတော့ပါ။ မူလက ပုံနှိပ်ပြီးဖြစ်သည့် (၁၅) ဂျွဇ်အထိကိုသာ ယနေ့ ကျွန်ုပ်တို့လက်ဝယ်တွင် ရှိနေခဲ့သည်။ တဖ်ဆီရ်အနေဖြင့်မူ ယခု ကျွန်တော်ဘာသာပြန်ထားသော **စူရာဖွာတေဟာ၏အဖွင့်**သာလျှင် ကျန်ရစ်ခဲ့သည်။ သူရေးသားမည်ဟု ကြေညာ ထားသော **Muqaddimatul - Tafsir “မုကဒ္ဒိမတုလ်**

တဖစီရ်” ကိုမူ သူ၏ “သရ်ဂျူမာနုလ် ကုရ်အာန်” ၏ နောက်ဆက်တွဲအပိုင်းများတွင် အောက်ခြေမှတ်စုအနေဖြင့်သာလျှင် အနည်းအကျဉ်းကို မြည်းစမ်းခွင့်ရခဲ့ကြရသည်။

မောင်လာနာ အဗူကလာမ် အာဇာဒ်သည် ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်အိန္ဒိယနိုင်ငံပညာရေး ဝန်ကြီး တာဝန်ထမ်းဆောင်နေဆဲကာလ ကွယ်လွန်ခဲ့သည်။ လူတို့က အစားထိုး၍မရနိုင်သော ဆုံးရှုံးမှုတစ်ရပ်အနေဖြင့် ဝမ်းနည်းကြသလို ကျွန်ုပ်ကမူ သူ၏အစားထိုးမရသော စာပေကွက်လပ်အတွက် နာမျောတမ်းတမိသည်။ အကယ်၍ သူသည် နိုင်ငံရေးနယ်ပယ်အစား ဒါဝသ်အတွက် ကြိုးပမ်းခဲ့လျှင် ကျွန်ုပ်တို့အဖို့ သူ၏သဖ်စီရ်များကို ဆက်လက်၍ ဆည်းပူးလေ့လာ ဘာသာပြန်ဆိုခွင့်ရမည်မှာ အမှန်ပင်။

## ကျမ်းပြုပုဂ္ဂိုလ်၏ ပထမအကြိမ်အမှာစာ

၁၉၁၆ ခုနှစ်က “အလ် ဗလာဂ်” စာစောင်တွင် “သရ်ဂျူမာနုလ်ကုရ်အာန်”နှင့် “သဖ်စီရုလ်ဗယာန်”အကြောင်းနှင့်စပ်လျဉ်း၍ကြေငြာချိန်တွင် ကျွန်ုပ်တို့အဖို့ ဤစာပေပြုစု ရေးလုပ်ငန်းသည် ၁၅ နှစ်ကျော်မျှ စောင့်ဆိုင်းရလေအောင် အချိန်ကြာမြင့်လိမ့်မည်ဟု မထင်ခဲ့ပါ။ နိုင်ငံအဝှမ်း ဤကျမ်းနှင့်ပတ်သက်ပြီး မဖော်ပြနိုင်သော စောင့်ဆိုင်းသည်းခံရမှုနှင့် ကျွန်ုပ်၏ မပြီးမြောက်သောကြီးမားလှသည့် ဆန္ဒသဘောကို ခံစားခဲ့ရပါသည်။

ဤကျမ်းနှင့်ပတ်သက်ပြီး ကြေငြာချက်ထုတ်ပြန်ပြီးနောက် လအနည်းငယ် အတွင်းပင် ၁၉၁၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဘင်္ဂလားအစိုးရသည် ကာကွယ်ရေးဥပဒေအရ ကျွန်ုပ်အား ဘင်္ဂလားပြည်နယ်မှထွက်ခွာရန် အမိန့်ထုတ်ခဲ့သည်။ သို့ဖြစ်၍လည်း ကျွန်ုပ်အဖို့ “အလ် ဗလာဂ်” စာစောင်နှင့်ပတ်သက်၍ ပုံနှိပ်ရိုက်နှိပ်ခွင့်အခွင့်အလမ်း အပိတ်ခံရ တော့သည်။ ယခင်ကလည်းဒေလီ၊ပန်ဂျပ်၊ယူပီနှင့်မဒရစ်ပြည်နယ်များတွင် ကာကွယ်ရေး ဥပဒေအရ ဝင်ရောက်ခွင့် အပိတ်ခံခဲ့ရသည်။ ကျွန်ုပ်အဖို့ “ဘီဟာပြည်နယ်”နှင့် “ဘုံဘေ ဒေသ”နှစ်ခုတွင်သာလျှင် ဝင်ရောက်ခွင့်ရှိ၍ တစ်ခုခုကို ရွေးချယ်ရန် ရှိနေသည်။ ကျွန်ုပ်သည် သတင်းစာတိုက်ရှိရာ ဘင်္ဂလားပြည်နယ်မြို့တော် “ကလကတ္တားမြို့နှင့်နီးစပ်သော ဘီဟာ ပြည်နယ်ရှိ ရန်ချီမြို့ကိုရွေးချယ်ခဲ့သည်။ ဤသို့အားဖြင့် ကျွန်ုပ်သည်စာပေပြုစုမှုနှင့် ပတ်သက်၍ အခွင့်အလမ်း ရှားကြခဲ့ခြင်းဖြစ်သည်။

၁၉၁၅ခုနှစ်တွင် ကျွန်ုပ်သည်ကျမ်းတော်မြတ်ကုရ်အာန်နှင့်ပတ်သက်ပြီး စာပေပြုစုမှု စီမံကိန်းရေးဆွဲခဲ့ရာတွင် ကျမ်းတော်မြတ်ကုရ်အာန်ကိုဘာသာပြန်ဆိုခြင်း၊ သဖ်ဆီရ်ဖွင့်ကာ ဖွင့်ဆိုခြင်း၊ မုကဒ္ဒမဟ် နိဒါန်းသဖ်ဆီရ်ပြုစုခြင်းကိုပြုစုရန်ရည်ရွယ်ခဲ့ပါသည်။ ဤစီမံကိန်း အားဖြင့် ကုရ်အာန်လေ့လာမှုအတွက် အထောက်အကူကို ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းခဲ့သည်။ သာမန်ပုဂ္ဂိုလ်တို့အတွက် ဘာသာပြန်၊ထပ်ဆင့်လေ့လာလိုသူများအတွက် သဖ်ဆီရ်ဖွင့်ကာအဖွင့်၊စာပေလိုက်စားသူများအတွက်မုကာဒ္ဒမဟ်တဖ်စီရ်နိဒါန်းဟု သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

"အလ် ဗလာဂ်" စာစောင်တွင် ဤကျမ်းပြုစုမှုနှင့်ပတ်သက်ပြီး ကြေငြာချိန်တွင် ကုရ်အာန်ဘာသာပြန်ဆိုမှုသည် "ငါးဂွဇ်"အထိ ရောက်ရှိနေပြီးဖြစ်သည်။ သဖ်ဆီရ်ပြုစုမှုတွင် စူရာဟ်အာလေအင်မရာန်"အထိရောက်ရှိပြီး မုကဒ္ဒမာဟ်သဖ်ဆီရ်ကိုမူ ကျွန်ုပ်၏စိတ်ကူးတွင် ရေးဆွဲနေဆဲဖြစ်သည်။အချိန်အတိုကလေးအတွင်းပြည့်စုံစွာ လုပ်ဆောင်နိုင်ရန်စာပေ ပြုစုမှုနှင့်အတူ ပုံနှိပ်ခြင်းကိုလည်း ပူးတွဲလုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်၏အထင်က တစ်နှစ်အတွင်း ဘာသာပြန်ဆိုမှုကို ပြီးမြောက်နိုင်လိမ့်မည်ဟု ထင်သလို သဖ်ဆီရ်ကျမ်းကိုလည်း ပထမတွဲ ထုတ်နိုင်လိမ့်မည်ဟု မျှော်မှန်းခဲ့သည်။ခုနစ်ရက်တစ်ပတ်လျှင်သုံးရက်ကို အလ် ဗလာဂ်အတွက် အသုံးပြုပြီး နှစ်ရက်ကို ဘာသာပြန်ဆိုမှုတွင်သုံးကာ ကျန်နှစ်ရက်ကို သဖ်ဆီရ်ကျမ်း ပြုစုရေးတွင် အသုံးပြုခဲ့သည်။

၁၉၁၆ခုနှစ်မတ်လ ရက်တွင် ကလကတ္တားမြို့သို့ ပြန်ခွင့်ရချိန်တွင် သဖ်ဆီရ်ကျမ်း၏ ဖဖောင် ရိုက်နှိပ်ပြီးစီးပြီးဖြစ်သည်။ ဘာသာပြန်ဆိုမှုကိုလည်း လျင်မြန်စွာ ပြီးမြောက်နေပြီး ဖြစ်သည်။၁၉၁၆ ခုနှစ် ဇွန်လတွင် ပုံနှိပ်လုပ်ငန်းကို ဖောက်ချလုပ်ဆောင်နေပြီး စာမူကို ပရုဖ်ဖတ်သည့်အဆင့်သို့ ရောက်ရှိနေပြီးဖြစ်သည်။

ဤသို့လုံးပမ်းနေစဉ် ၁၉၁၆ခုနှစ်ဂျူလိုင်လ၈ရက်နေ့ ရောက်သောအခါ ဗြိတိသျှ အစိုးရသည် ကျွန်ုပ်အား အကျယ်ချုပ်ဖြင့်ထားရန် အမိန့်ချမှတ်လိုက်သည်။ ဤသို့အားဖြင့် ကျွန်ုပ်အတွက် အခြားအခွင့်အလမ်းများ၊ လုပ်ပိုင်ခွင့်များ ဆုံးရှုံးခဲ့ရသော်လည်း စာဖတ်ခွင့်၊ ရေးသားခွင့်ကို ရရှိခဲ့သည့်အတွက် ကျွန်ုပ်ကျေနပ်မိသည်။ ကျွန်ုပ်အကျယ်ချုပ်ခံနေရစဉ် ကာလ ကျွန်ုပ်၏ကိုယ်ပိုင်လက်ရေးစာမူများ၊ စာအုပ်စာတမ်းများ၊ လက်ရေးစာမူများလည်း ပါဝင်သည်။ပထမစစ်ဆေးသောပုဂ္ဂိုလ်တို့က အရေးကြီးသောစာရွက်စာတမ်း ဘာမျှမတွေ့ သောကြောင့် ပြန်လည်၍ အပ်နှံသော်လည်း ဗဟိုအစိုးရအဖွဲ့က ဤသို့ ပြန်လည်အပ်နှံသည် ကို မကျေနပ်၍ မျက်နှာဖြူအရာရှိတစ်ဦးဖြစ်သူ "ဆာချလ်ခရလေဒ်"ကို တာဝန်ပေးအပ် ခဲ့သည်။ သူသည် ကျွန်ုပ်အား မူလကတည်းက မုန်းတီးလှသူဖြစ်၍ ကျွန်ုပ်၏နေအိမ်ကို ပြန်လည်ရှာဖွေ၍ ရရှိသမျှသော စာရွက်စာတမ်းများကို ဗဟိုအစိုးရရုံးစိုက်ရာသို့ ပေးပို့ခဲ့သည်။ ယင်းစာရွက်စာတမ်းများနှင့်အတူ ရိုက်လက်စကျမ်းများလည်း ပါဝင်ခဲ့သည်။ ကျွန်ုပ်၏ အနှစ်နှစ်အလ်ကပြုစုခဲ့သော စာမူများ သုတေသနပြုချက်များအားလုံး ပါသွားတော့သည်။

ထိုအချိန်အထိ ဘာသာပြန်ဆိုချက်တွင် စူရာဟ်ပေါင်း ရှစ်ဂွဇ်အစထိ ပြုစုနိုင်ခဲ့ပြီး "သဖ်ဆီရ်ကျမ်း"ကိုမူ"စူရာဟ်နေဆာ"အထိ ပြုစုထားပြီးဖြစ်သည်။ သို့ရာတွင် ယင်းစာမူများ သည်သိမ်းဆည်းခံရသည့်စာမူများတွင် ပါဝင်ခဲ့သည်။ ကျွန်ုပ်သည် ၉ ဂွဇ်မှစ၍ ဘာသာပြန် ဆိုမှုကို ဆက်လက်ပြုခဲ့ပြီး ၁၉၁၈ခုနှစ်တွင် ဘာသာပြန်ဆိုမှု အလုပ်တာဝန်ပြီးမြောက်ခဲ့သည်။ အကယ်၍သိမ်းဆည်းထားသောရှစ်ဂွဇ်ဘာသာပြန်သာ ပြန်လည်ရရှိလျှင် ကျမ်းတော်မြတ် ကုရ်အာန် တစ်အုပ်လုံး ဘာသာပြန်ဆိုမှု ပြီးမြောက်သည်ဟု ဆိုရပေမည်။ မည်သို့မျှ ပြန်ကြားချက်မရရှိခဲ့ပါ။(၁၉၂၀ခုနှစ်တွင် ပြန်လည်ရရှိသည်ဟုသိရသည်) ကျွန်ုပ်အဖို့ ရေးပြီး သားစာများကို ပြန်လည်၍ ရေးသားပြုစုရန်သာရှိသည်။ ယင်းအလုပ်သည် လွယ်ကူသော

ကိစ္စမဟုတ်ပါ။သို့ရာတွင် ကွန်ုပ်သည်လအနည်းငယ်အတွင်း ပြန်လည်၍ ဘာသာပြန် ဆိုပြုစုရေးသားနိုင်ခဲ့သည်။ ကွန်ုပ်သည် အူရဒူလက်နှိပ်စက်အကူအညီဖြင့် ကိုယ်တိုင်ကိုယ်ကျ အမြန်လုပ်ဆောင်ခဲ့ရာ ၁၉၁၉ခုနှစ် ဒီဇင်ဘာလတွင် ပြီးမြောက်ခဲ့သည်။

၁၉၁၉ခုနှစ်၊ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကွန်ုပ်အား ထောင်မှလွှတ်ပေးလိုက်သည်။ သို့ရာတွင် နိုင်ငံရေး အခြေအနေက ကွန်ုပ်အား စာပေပြုစုမှုအတွက် အချိန်မပေးတော့။ ကွန်ုပ်သည်''အလ်ဟီလာလ်''မှနေ၍ ဗြိတိသျှအား ဝေဖန်မှုပြုခဲ့သည်။ ဗြိတိသျှနှင့် မပူး ပေါင်းရေး လှုပ်ရှားမှုတွင် အားတက်သရော် ပါဝင်ခဲ့သည့်အတွက် လွတ်လပ်ရေးလှုပ်ရှားမှုမှ အပ အခြားဘာအလုပ်ကိုမျှ မလုပ်နိုင်တော့ပါ။

၁၉၂၁ခုနှစ်တွင်''သရ်ဂျူမနုလ်ကုရ်အာန်ကျမ်း''အတွက် အိန္ဒိယတိုက်နယ် တစ်ခုလုံးမှ တောင်းဆိုလာမှုက ပြင်းထန်လာခဲ့သောကြောင့် ကွန်ုပ်သည် ပြန်လည်၍ စာပေပြုစုမှုဖက်ကို လှည့်ခဲ့ရသည်။ ၁၉၂၁ ခုနှစ်ကုန်ပိုင်းတွင် ဗြိတိသျှ အုပ်ချုပ်ရေးယန္တရားကို အထိးကျန်ဘဝရောက်ရေးအတွက် ဗြိတိသျှနှင့်မည်သည့်ပူးပေါင်းမှုမဆို ဆန့်ကျင်ရေး လှုပ်ရှားမှုသည် အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်။သို့ဖြစ်၍ ယင်းလှုပ်ရှားမှုတွင် ပါဝင်သော သူတို့အား နိုင်ငံအနှံ့ လိုက်လံဖမ်းဆီးခဲ့သည်။ ကွန်ုပ်သည်လည်း ကွန်ုပ်၏ရဲဘော်များနှင့်အတူ အဖမ်းခံခဲ့ရသည်။ ဤအကြိမ်တွင်မူ ကွန်ုပ်သည် စာရွက်စာတမ်းများကို လုံခြုံစွာထားရှိခဲ့၍ စိတ်ချစွာနေခဲ့သည်။သို့ရာတွင်ဗြိတိသျှအစိုးရအဖို့ ကွန်ုပ်အားတရားစွဲဆိုရန် လုံလောက်သော အကြောင်းပြချက် အချက်အလက်များမရှိ၍ ကွန်ုပ်၏စာမူများ၊ စာရွက်စာတမ်းများ၊ ကျမ်းများ၊ သုတေသနပြုချက်များကို လိုက်လံ သိမ်းဆည်းခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင် လာရောက်သူများသည် အူရဒူ၊ဖာရစီ၊အာရဗီစာပေကို သိနားလည်သူများ မဟုတ်ကြ။ သို့ဖြစ်၍ သိမ်းဆည်းရာတွင်စည်းစနစ်မကျခဲ့၊ ကွန်ုပ်၏လူရင်းများသည်လည်း ဥပဒေ အကြောင်းနားမလည်၊သို့ဖြစ်၍လည်း မည်သည့်စာရွက်စာတမ်းမျှ ထိုသူတို့ထံမှ လက်ခံစာ တောင်းခံခြင်းမရှိခဲ့ပါ။

၁၅လမျှအကျဉ်းခံရပြီး လွတ်မြောက်လာခဲ့သော ကွန်ုပ်သည် စာရွက်စာတမ်းများကို တောင်းခံသောအခါ ဤအကြိမ်တွင်မူ စိတ်ပျက်ဖွယ်ရာဖြစ်ခဲ့သည်။ စာရွက်စာတမ်းများ စာမူများပျောက်ပျက်ခဲ့ရသည်၊ဖြဲဆုတ်ခံခဲ့ရသည်။ဖျက်ဆီးခံခဲ့ရသည်။ ဤသည် ကွန်ုပ်အတွက် အကြီးမားဆုံးသော အစမ်းသပ်ခံရမှုတစ်ရပ်ဖြစ်တော့သည်။ ကွန်ုပ်သည် ဤအရေးနှင့် ပတ်သက်၍ ဆွဲဖရ်ခံနိုင်ရည်မွေးခြင်းမှအပ အခြားမရှိပေ။ နိုင်ငံရေးဘဝနှင့် စာပေပြုစုမှုသည် တစ်ချိန်တည်း လုပ်ဆောင်၍ မပီပြင်နိုင်၊ သို့ရာတွင် ဤသို့နှစ်ခုသောအရာကို စုစည်းနိုင်စေဖို့ ကွန်ုပ်ကြိုးစားခဲ့သည်။ ယခုအခါ ပြန်လည်၍ မူလလုပ်ငန်း စီမံကိန်းကို ပြည့်မြောက်စေဖို့ လုပ်ဆောင်စေရန် ကွန်ုပ်တွင်အားအင်မရှိတော့ပါ။ ကွန်ုပ်ခံစားခဲ့ရသော ဒဏ်ရာဒဏ်ချက် များသည် ပြင်းထန်လွန်းလှသည်။ စာပေပြုစုသူတစ်ဦးအဖို့ သူ၏လုပ်ငန်းကို ပြန်လည်၍ လုပ်ဆောင်နိုင်စေဖို့ရာတွင် လွယ်ကူသောကိစ္စမဟုတ်ပါ။

ဤသို့ဖြင့် ၁၉၂၇ ခုနှစ်ကုန်ဆုံးချိန်တွင် ကွန်ုပ်တွင် ကျမ်းမြတ်ကုရ်အာန်

နှင့်ပတ်သက်သော စာပေပြုစုဖို့ ပြန်လည်၍ ဈာန်ဝင်လာခဲ့သည်။ **အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့် ဤတာဝန်ကို အဆင့်ဆင့်ပြုလုပ်ခဲ့ရာ ၁၉၃၀ ခုနှစ်၊ ဂျူလိုင်လ ၂၀ ရက်နေ့တွင် "သရ်ဂျူမနုလ်ကုရ်အာန်ကျမ်း" "ပထမတွဲ"ကို ပြုစုနိုင်သော အနေအထားသို့ ရောက်ခဲ့သည်။**

အဗုလ် ကာလမ်

ကလကတ္တားမြို့

၁၉၃၀၊ ဇူလိုင်လ ၂၀ ရက်နေ့

# ကျမ်းပြုပုဂ္ဂိုလ်၏ ဒုတိယအကြိမ်အမှာစာ

လူသားတို့တွင် အားနည်းချက်အဖြစ် တွေ့ရှိရသောအချက်က မည်သည့်အလုပ် မည်သည့်လုပ်ငန်းကိုမျှ ပြီးမြောက်ပြည့်စုံသောအခြေထိ မရောက်ရှိနိုင်ခြင်းပင်ဖြစ်သည်။ ယနေ့ပြီးပြည့်စုံပြီဟုထင်ရသောအလုပ်သည် နောင်တစ်နေ့ပြန်လည်ဆန်းစစ်ကြည့်လျှင် တစ်ခု မဟုတ်တစ်ခု အားနည်းနေသယောင်ထင်မှတ်ရစမြဲပင်၊ မည်သည့်စာပေပြုစုသူမဆို ဤသို့ပင် ခံစားရမည်ဟုထင်ပါသည်။

ကျွန်ုပ်သည် သရ်ဂျူမာနုလ်ကုရ်အာန်ကျမ်းကို နှစ်အတော်ကြာမှာ ပြန်လည်၍ အာရုံပြုဆန်းစစ်လာသောအခါအထက်ပါနှင့်ပင် ခံစားရမိပါသည်။ ဤသို့အားဖြင့် အစဦးမှစ၍ ပြန်လည်ပြုပြင်မွမ်းမံခြင်းကိုပြုခဲ့ရသည်။

သို့ဖြစ်၍စာဖတ်သူတို့အဖို့ ပထမရိုက်နှိပ်ခြင်းနှင့်မတူ ယခုအချိန်တွင် တမူထူးခြားစွာ ရှုမြင်ရလိမ့်မည်ဟု မျှော်လင့် ရသည်။

အဗူလ် ကလာမ်

အဟ်မဒ်နဂရ်ခံတပ်အကျဉ်းထောင်

၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်။

**ကျမ်းတော်မြတ်ကုရ်အာန်ကို ဘာသာပြန်ဆိုခြင်းနှင့်**

**သဖ်ဆီရ်ရှင်းကာဖွင့်ဆိုမှုတွင် လက်စံခဲ့သောနည်းလမ်းများ**

ဤကျမ်းကိုပြုစုရာတွင်အဓိကထား၍ အသုံးပြုခဲ့သောရည်ညွှန်းချက်နှင့် အဓိပ္ပါယ် ဖွင့်ဆိုမှုဆိုင်ရာနည်းလမ်းကိုစာဖတ်သူများအနေဖြင့်ကျမ်းကိုမလေ့လာမီ သိမြင်လိုကောင်းရှိ ပါလိမ့်မည်။ ကျွန်ုပ်အနေဖြင့် မူလပထမကနိဒါန်းတွင် အနည်းအကျဉ်းလောက်သောဖော်ပြ မည်ဟုဆုံးဖြတ်ထားခဲ့သော်လည်း ယခုသုံးသပ်မိသောအခါကျွန်ုပ်၏အတွေးတွင် စုစည်းထား သော အချက်အလက်များသည် အကျဉ်းချုံး၍ မရနိုင်လောက်အောင် လေးနက်သိပ်သည်း လှကြောင်းတွေ့ရသည်။ယင်းအချက်များသည် ကျွန်ုပ်၏အတွေးတွင်ကျယ်ပြန့်လှစွာ တွယ် ကပ်နေသော အချက်အလက်ဖြစ်ကြောင်း ခံစားရမိသည်။ သို့ဖြစ်၍ ယင်းအချက်များကို

ကျွန်ုပ်အမှာစာနှင့်နိဒါန်းများတွင် ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိပါ။ ဤသို့အားဖြင့် ကျွန်ုပ်၏ မူလအစီအစဉ်ကို စွန့်လွှတ်ခဲ့ရပါသည်။ ကျွန်ုပ်အနေဖြင့် ကျမ်းမြတ်တော်ကုရ်အာန်ကို မွတ်စလင်တို့၏ လေ့လာမှတ်သားမှု အနေအထားနှင့်ပတ်သက်၍ ကြိုးပမ်းလှုပ်ရှားမှုသည် မည်သည့်ဖက်သို့ ရောက်ရှိနေကြောင်းကိုလည်း အကျယ်အဝန်း ဖော်ပြလိုပါသည်။

ကျမ်းတော်မြတ်ကုရ်အာန်၏"သဖ်ဆီရ်၌ကာအဖွင့်"နှင့်ပတ်သက်သော အချက်အလက်များကို"သဖ်ဆီရ်နိဒါန်းကျမ်း"ပေါ်ထွက်လာမှ အကျယ်တဝံ့ ဖော်ပြနိုင်မည်ဖြစ်သည်။ ယင်းကျမ်းသည် "သရ်ဂျူမနုလ်ကုရ်အာန်" ထွက်ပေါ်လာပြီးနောက် ဒုတိယအဆင့်အဖြစ် ထွက်ပေါ်လာမည့်ကျမ်းဖြစ်လိမ့်မည်။ယင်းကျမ်းနှင့်ပတ်သက်သောအချက်များကို ကျွန်ုပ်အနေဖြင့် စုစည်းထားပြီးဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်နှင့်ပတ်သက်သော အကြောင်းအရာ အချက်အလက်များသည် ရာစုနှစ်ပေါင်းများစွာအတွင်း လူနေမှုစနစ်အခြေအနေနှင့် ဝန်းကျင်၏ ယဉ်ကျေးမှုဆိုင်ရာဂယက်၏ ခံယူချက်များကြောင့် ကျယ်ပြန့်လာပါသည်။ သို့ရာတွင် ယင်းရှာဖွေတွေ့ရှိသည့်သုတေသနပြုထားသောအချက်အလက်များသည် ကျမ်းမြတ်တော် ကုရ်အာန်၏ မူလအရင်းအမြစ်သွန်သင်ချက်များကို လက်လှမ်းမမှီဘဲ တွေးခေါ်မှုပြုရာတွင် နိမ့်ကျသည်ထက် နိမ့်ကျသောအနေအထားဖြင့် လေ့လာမှတ်သားနာယူမှုများပြုခဲ့ကြသည်ကိုတွေ့ရသည်။ နိမ့်ကျသည်ဟူသောအချက်ကို အဓိပ္ပါယ်နှင့်ဆိုလိုရင်းအပေါ်ခံယူမှုသက်သက်သာမက "ကျမ်းတော်မြတ်ကုရ်အာန်၏ ဘာသာစာပေစကား"၊ "ကျမ်းတော်မြတ်ကုရ်အာန်၏ ဝေါဟာရစကားလုံး"၊ "ကျမ်းတော်မြတ်ကုရ်အာန်၏ တည်ဆောက်မှု"၊ "ကျမ်းတော်မြတ်ကုရ်အာန်၏ မြင့်မြတ်မှု" ကို ထိန်းသိမ်းနိုင်မှုမရှိခဲ့ကြောင်းကိုလည်း တွေ့ရသည်။

ခေတ်ကာလတိုင်းတွင် ထိုခေတ်ကာလအတွင်း စာပေပြုစုသောသူတို့သည် သူတို့ခေတ် သူတို့ဝန်းကျင်၏ ယဉ်ကျေးမှု ဩဇာအာဏာလွှမ်းမိုးမှုကို ခံယူကြရစမြဲဖြစ်သည်။ ဤဖော်ပြပါ ဩဇာသက်ရောက်မှုကို မခံရဘဲ ကင်းလွတ်ခွင့်ရရှိသော ပုဂ္ဂိုလ်တို့ကား မှန်ကန်သဟီဒ် စဉ်းစားတွေးခေါ် ကြံဆနိုင်သောအမြင်နှင့် လေ့လာမှတ်သားနာယူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တို့သာလျှင် ဖြစ်သည်။ ဤကဲ့သို့သောပုဂ္ဂိုလ်ထူးတို့အတွက် ထူးခြားသောနည်းလမ်းကို သဘာဝတရားက သီးခြားသတ်မှတ် ပေးထားခြင်းဖြစ်သည်။

အစ္စလာမ်အစဦးကာလ မှစ၍ ယနေ့အထိ ပေါ်ထွန်းခဲ့သော "သဖ်ဆီရ်၌ကာ" ပညာရှင်တို့၏ တွေးခေါ်မြော်မြင်မှုသည် ဆင့်ကဲတိုးတက်မြင့်မားမလာဘဲ နိမ့်ကျလာခဲ့ကြောင်း တွေ့ရသည်။ ပုဂ္ဂိုလ်တိုင်းသည် ယင်းပုဂ္ဂိုလ်တို့၏ အလျင်က ကုရ်အာန်နှင့်ပတ်သက်သော သိမြင်နားလည်မှု မြင့်မားသလောက် နောက်ပေါ်ထွန်းလာခဲ့သော ပညာရှင်တို့၏ သိမြင်နားလည်မှုသည် မြင့်မားမှုမရှိဘဲ နိမ့်ကျသည်ထက် နိမ့်ကျသည်ကို တွေ့ရသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ "၌ကာ ဖွင့်သမိုင်းစဉ်"ကို နောက်ပြန်လှည့်၍

လေ့လာလျှင် အစွလာမ်အစဦးကာလက အရှိတရားပေါ်တွင် အခြေခံသော သုံးသပ်မှုနှင့် သဘာကျသောအမြင်များသည် မြင့်သည်ထက်မြင့်လာသကဲ့သို့ ခေတ်သစ်ပိုင်းတွင်းသို့ ဝင်ရောက်လာလေ နိမ့်ကျသည်ထက် နိမ့်ကျလာကြောင်းကို တွေ့ရသည်။

ဤသို့ဖြစ်ရခြင်းမှာ ခေတ်သစ်မွတ်စလင်တို့၏ တွေးခေါ်မှုနိမ့်ကျမှုကြောင့်ဟု ဆိုရပါမည်။ မွတ်စလင်တို့သည်ကျမ်း တော်မြတ်ကုရ်အာန်၏ အဆင့်မြင့်မားသော အခြေသို့ လက်လှမ်းမီရောက်ရှိအောင် ကြိုးစားခြင်းမရှိဘဲ မိမိတို့၏နိမ့်ကျသော တွေးခေါ်မှုနှင့်အခြေအနေသို့ရောက်ရှိအောင် ကျမ်းတော်မြတ်ကုရ်အာန်ကို ဆွဲချ သုံးသပ်ခြင်းကြောင့်ပင်ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် ကျမ်းတော်မြတ်ကုရ်အာန်၏ စစ်မှန်သောအရှိတရား အသွင်သဏ္ဍာန်နှင့် အဆင့်ကို သိမြင်လိုပါမူ ကျမ်းတော်မြတ်ကုရ်အာန်ကို ခြုံလွှမ်းထား သော ကန်လန့်ကာပေါင်းမြောက်များစွာကို စုတ်ဖြဲရှင်းလင်းပစ်ရမည်။ ယင်းတို့ကို နှစ်ပေါင်းအတော်ကြာကတည်းက စနစ်အသီးသီး၊ လူ့ဝန်းကျင်အသီးသီး၊ ယဥ်ကျေးမှု အသီးသီးတို့က ရှုထောင့် နေရာအသီးသီးမှနေ၍ ပြင်ပပယောဂအမျိုးမျိုးအားဖြင့် ကျမ်းတော်မြတ်ကုရ်အာန်ကိုရှုမြင်မရနိုင်အောင် ကာရံထားခြင်းဖြစ်သည်။ ယင်းတို့ကို ဖယ်ရှားပြီး ရှေ့တလှမ်းတိုးကာ ကျမ်းတော်မြတ် ကုရ်အာန်၏ စစ်မှန်သောအရှိတရား သွင်သင်ချက်ကို ရှာဖွေရပေမည်။

ဤပြင်ပမှဝင်ရောက်လာခဲ့သော ပယောဂများသည် ကျမ်းတော်မြတ်ကုရ်အာန် ကို သိရှိနားလည်ရေးကို အဟန့်အတား အဖြစ် တဖြည်းဖြည်းချင်း စွဲကပ်ခဲ့ခြင်းဖြစ်သည်။ ယင်းပယောဂအပေါင်းသည် ကျယ်ပြန့်စွာရှိပြီး အဖက်ဖက်မှ စွဲကပ်နေခြင်းကြောင့် ယင်းတို့ကို ဤနေရာတွင် အသေးစိတ်ဖော်ပြနိုင်မည် မဟုတ်ပါ။ ယင်းအချက်များ ကို"မုကဒ္ဒမဟ်သဖ်ဆီရ်ကျမ်း"ရေးသားသောအခါပြည့်စုံစွာဖော်ပြပါမည်။ ဤအကြောင်း နှင့်ပတ်သက်သော အချက်အလက်အချို့ကိုသာလျှင် အကျဉ်းချုံး ဖော်ပြပါမည်။

(က) ကျမ်းတော်မြတ်ကုရ်အာန်သည် မိမိ၏ကိုယ်ပိုင်ဟာန်၊ မိမိ၏ကိုယ်ပိုင်တင်ပြပုံ တင်ပြနည်း၊ မိမိ၏ကိုယ်ပိုင်ဖိတ်ခေါ်နည်း၊ မိမိ၏ကိုယ်ပိုင်အရေးအသား၊ မိမိ၏ကိုယ်ပိုင်သက်သေ သာဓကအားဖြင့် တည်ဆောက်ထားခြင်းကြောင့် ကျွန်ုပ်တို့၏ အတုအယောင် ဟန်ပန် အနေအထားကို မည်သို့မျှလိုက်လျောညီထွေ အပေးအယူပြုခြင်းမပြုပါ။ ဤသို့ပြုလုပ် ရန်လည်းလိုအပ်မည်မထင်ပါ။ ကျမ်းတော်မြတ်ကုရ်အာန်၏ တင်ပြလိုသော အချက်သည်ကား သဘာဝလောက၏ပုံပန်းသဏ္ဍာန်အတိုင်းသာလျှင် ဖော်ပြခြင်းဖြစ်သည်။ ဤသို့အများနှင့်မတူ သောကိုယ်ပိုင်အသွင်ဖြင့် ဖိတ်ခေါ်မှုကို ကမ္ဘာပေါ်တွင်ပေါ်ထွန်းခဲ့သော အလ္လာဟ်အရှင်မြတ် ၏စေတမန်အပေါင်းသည် ကျင့်သုံးခဲ့ကြသည်။ ယင်းနည်းစဥ်သည် "အီလင်မ်ပညာ"နှင့် "ဟိက်မသ်နည်းလမ်း"ကျသော နည်းစနစ်ဖြစ်၍အတုအယောင်လုပ်လိုသူတို့၏ တီထွင်ကြံဆ သောနည်းနှင့် မည်သို့မျှ တူညီမည်မဟုတ်ပါ။

ကျမ်းတော်မြတ်ကုရ်အာန်သည် ကမ္ဘာ့လူသားတို့အလယ်သို့ စတင်ပို့ချခံရချိန်တွင်

ကုရ်အာန်ကို စတင်လက်ခံ အထိအတွေ့နှင့် ကြုံခဲ့ရသောသူတို့သည် သူတို့တွင်စွဲကပ်နေသော ကိုယ်ပိုင်ကြံဆနည်းလမ်း အတုအယောင်များကို ဖယ်ရှားကာ ကုရ်အာန်ကို သူတို့ဘဝအတွက် တစ်ခုတည်းသော အားထားရာအဖြစ် လက်ခံအတည်ပြု ကျင့်ကြံပြသခဲ့ခြင်းဖြစ်သည်။

အစဦးမွတ်စလင်တို့သည် သဘာဝတရား၏အရှိသဘောကို သတ္တိရှိစွာ ရောင့်ရဲစွာ လက်ခံ၍သော ကျမ်းတော်မြတ်ကုရ်အာန်သည် ထိုသူတို့၏နှလုံးသားတွင် စိမ့်ဝင်ခဲ့ရခြင်းဖြစ်သည်။ ဤသို့အားဖြင့် ကုရ်အာန်၏စာသားများသည် သူတို့အတွက် ဘဝလမ်းညွှန်ချက်အဖြစ် တိကျစွာချမှတ်နိုင်ခြင်းဖြစ်သည်။ထိုသူတို့အဖို့ ကျမ်းတော်မြတ်ကုရ်အာန်ကို လက်ခံရေး၊ကျင့်သုံးရေးနှင့်ပတ်သက်၍ မည်သို့မျှ ခက်ခဲခြင်းမရှိခဲ့ရပါ။ တမန်တော်မြတ်၏ ဆွဟာဗီရဲဘော်ရဲဘက်တို့သည် ကျမ်းတော်မြတ်ကုရ်အာန်လာ အာယသ်တော်လမ်းညွှန်ချက်များကိုကြားသိရလျှင်ကြားသိခြင်း သူတို့ဘဝအတွက် ရှေ့ဆောင်လမ်းပြ အမှန်တရားအဖြစ် ချက်ချင်းအကောင်အထည် ဖြစ်ပေါ်လာစေခဲ့သည်။

သို့ရာတွင် အစ္စလာမ်အစဦးကာလခေတ်ဖြစ်သော ခလီဖာရရှီဒီန်၏ခေတ်ကုန်ဆုံးချိန်တွင် ပြင်ပပယောဂအဖြစ် ရောမနှင့်ပါရှန်းယဉ်ကျေးမှုလေပြေလေညှင်းက တိုက်ခိုက်စပြုလာခဲ့သည်။ ယင်းနောက် ဂရိတို့၏စာပေအနုပညာ ဒဿန တို့ကို အာရဗီသို့ ဘာသာပြန်ဆိုသည့်ခေတ်က ရောက်ရှိလာပြန်သည်။ ဤသို့အားဖြင့် အစ္စလာမ်ရေးရာတွင် မိမိတို့၏ ကိုယ်ပိုင်တီထွင်ဖန်တီးမှု အလေ့အကျင့်က ထွန်းကားလာခဲ့သည်။ ဤပယောဂကြောင့် သန့်ပြန့်လွန်းလှ၍ ရိုးသားပွင့်လင်းလှသောလမ်းညွှန်ချက်ဖြစ်သည့် ကျမ်းတော်မြတ်ကုရ်အာန်၏ ဟန်ပန်တင်ပြပုံ တင်ပြနည်းများကို တဖြည်းဖြည်း မေ့လျော့လာခဲ့သည်။

ပြင်ပဩဇာလွှမ်းမိုးမှုအရှိန်မြင့်မားလာသောအခါ ကျမ်းတော်မြတ်ကုရ်အာန်ကို လူတို့၏ဖန်တီးမှု၊ အတုအယောင် ရှုထောင့်အမြင်များကို ထည့်သွင်းစဉ်းစားသုံးသပ်ရန် ကြိုးစားလာခဲ့ပြန်သည်။ ကျမ်းတော်မြတ်ကုရ်အာန်သည်ဤကဲ့သို့သော လူတို့၏ဖန်တီးမှု အတုအယောင်အမြင်တွင် အံဝင်ခွင်ကျမဖြစ်နိုင်၊ သို့ဖြစ်၍ ကုရ်အာန်လေ့လာမှုနှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံသော ပြဿနာရပ်များ ပေါ်ထွန်းလာခဲ့သည်။ ဤပြဿနာရပ်ကို ဖြေရှင်းရန် ကြိုးစားလာသည်နှင့်အမျှ ယင်းပြဿနာသည် ပိုမိုကြီးထွားမြင့်မားလာခဲ့ရသည်။

အရှိတရားနှင့် ဝေးလံသည်ထက် ဝေးလံလာသည်နှင့်အမျှ လူတို့၏ဖန်တီးမှု၊ အတုအယောင်တို့ကနေရာယူစိမ့်ဝင်စပြုဖြစ်သည်။ထိုအခါလူတို့၏အမြင်သည် ရိုးသားရှင်းလင်းစွာ ဖော်ပြသော အကြောင်းအရာကို မမြင်လိုကြပေ။ ရိုးသားရှင်းလင်းခြင်း၏ မြင့်မြတ်မှုကို မခံစားနိုင်တော့ပေ။ မြင့်မြတ်မှု၊ထွန်းမြတ်မှုဟူသည် အတုအယောင်၊လူတို့ဖန်တီး ထားချက်တို့ဖြင့် ပျိုးထောင်ထားသောအရာသာလျှင်ဖြစ်ရမည်ဟု မှတ်ယူကြသည်။

ဖော်ပြပါအတိုင်းပင် လူတို့သည်ကျမ်းတော်မြတ်ကုရ်အာန်နှင့်ပတ်သက်၍ စဉ်းစားခဲ့ကြသည်။အစဦးမွတ်စလင်တို့သည် လူတို့ဖန်တီးသောအမြင်ကိုလက်မခံ၊သူတို့သည် ကျမ်းတော်မြတ်ကုရ်အာန်၏ရိုးသားရှင်းလင်းလှသော လမ်းညွှန်ချက်ကိုသာ သိမြင်လက်ခံသည်။

နောက်ပိုင်းလူတို့ကမူကျမ်းမြတ်ကုရ်အာန်၏ရိုးသားရှင်းလင်းလှသော လမ်းညွှန်

ချက်ကိုလူတို့ကဖန်တီးယူထားသောအသိအမြင် လူတို့ကပြုလုပ်ထားသော အတုအယောင် အမြင်တွင်အံဝင်အောင်ကြိုးစားခဲ့ကြသည်။ ဤသို့ကျမ်းမြတ်ကုရ်အာန်ကို လူတို့၏ဖန်တီးမှုတွင် အံဝင်အောင်ပြုလုပ်မရမှန်းသိရသောအခါ သို့လော သို့လောအခြေအနေသို့ရောက်ရှိကာ သံသယနယ်ပယ်တွင် နစ်မွန်းခဲ့ရသည်။ ကျမ်းမြတ်ကုရ်အာန်၏ "သဖ်ဆိဒ်ရ်ဂ္ဂီကာ"ဖွင့်ဆိုသော ပထမခေတ်သည် အခြားအခြားသော အစ္စလာမ်စာပေပြုစု စုဆောင်းခြင်းမပြုရသေး သောခေတ်ဖြစ်သည်။ ထိုအစဦးခေတ်ကာလတွင် ကျမ်းမြတ်ကုရ်အာန်တစ်ခု တည်းသာလျှင် မွတ်စလင်မ်တို့အတွက် စာပေအနေဖြင့်လက်ဆုတ်လက်ကိုင်ပြုရပ်တည်နေသည်ကို သတိပြု သင့်သည်။

ဒုတိယခေတ်ကအစ္စလာမ်စာပေပြုစုသောခေတ်ဖြစ်သည်။ ဤအစ္စလာမ်စာပေပြုစုမှု သည် ပဒေသရာဇ်ခေတ်အမျိုးမျိုးလူတန်းစားအလွှာအသီးသီးတို့တွင် ပေါ်ထွန်းဖြစ်ပေါ်ခဲ့သည်။ ဒုတိယခေတ်စတင်ချိန်တွင် ကုရ်အာန်အတွက်ဋီကာရေးသားပြုစုခြင်းလုပ်ငန်းကို စတင်ချိန်ဖြစ် သည်။ သို့ရာတွင် ကျမ်းမြတ်၏စစ်မှန်သော ထွန်းမြတ်မှု စစ်မှန်သောဒဿန စစ်မှန်သောစာပေ ဖြန့်ချိမှုအတွက် နောက်ဆုံးခေတ်ဟုဆိုရပါမည်။ ထိုခေတ် ထိုကာလက "အီမာမ်ဖခ်ရုဒ်ဒီန်ရာဇီ"ကကျော်ကြားလှသော"သဖ်စီရ်ကဘီရ်"ကိုပြုစုခဲ့သည်။ သူ၏ကြိုးပမ်းမှု သည်လည်း ကျမ်းမြတ်ကုရ်အာန်ကို လူတို့ဖန်တီးယူသောပုံစံနှင့် ပုံဖော်ရေးသားခြင်းသော လျှင်ဖြစ်သည်။အကယ်၍"အီမာမ်ရာဇီသည်" ကျမ်းမြတ်ကုရ်အာန်၏ စစ်မှန်သောအနှစ်သာရ ကို ဂရုပြုနိုင်ခဲ့ပါလျှင် သူ၏ သဖ်းဂိရ်ကျမ်းသည် တစ်ခုလုံးအလဟသ မဟုတ်သည် တိုင်အောင် သုံးပုံနှစ်ပုံမျှအသုံးချနိုင်မည်ဖြစ်သည်။

သတိပြုရမည့်အချက်သည်ကား လူတို့၏ဖန်တီးယူသောလုပ်ကြံမှုများကို လွတ်လွတ် ကင်းကင်းစဉ်းစား သုံးသပ်သည်နှင့်အမျှ ကျမ်းမြတ်ကုရ်အာန်၏အနှစ်သာရသည် ပေါ်ထွန်း လာမည်ဟူသောအချက်ပင်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏ဖော်ပြချက်ကို နားလည်အောင် ပြုရေးသည် အခက်အခဲဖြစ်ရခြင်းမှာ လူတို့သည် သဘာဝတရား၏ အရှိသဘောရိုးသဘော အမှန်ဖြင့် လေ့လာခြင်းမပြုဘဲ၊ လူတို့လုပ်ကြံဖန်တီးယူသော အချက်များကို ရှေ့တန်းတင်စဉ်းစားခြင်းကြောင့်ပင်ဖြစ်ရမည်။

ကျမ်းမြတ်ကုရ်အာန်၏ အခန်းကဏ္ဍအသီးသီး၏ ဝါကျတစ်ခုနှင့်တစ်ခုဆက်စပ် ကွင်းစက်ဖြစ်ထွန်းနေမှုကိုစဉ်းစားရာတွင် အခက်အခဲတွေ့ရခြင်းမှာ သဘာဝအတိုင်းရှိနေသော အခြေကိုဝေးကွာသည်ထက်ဝေးကွာအောင်ပြုနေခြင်းကြောင့်ပင်ဖြစ်သည်။ ယင်းလုပ်ကြံဖန်တီး ယူခြင်းအလေ့သည် ကျွန်ုပ်တို့၏ နှလုံးသားတွင် စွဲမြဲသွားပြီးဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ကို လည်းကျွန်ုပ်တို့စိတ်ကူးယဉ်သောပုံစံအတိုင်း လူတို့ဖန်တီးယူသောအသွင်သို့ ကျွန်ုပ်တို့အနေဖြင့် ရောက်ရှိစေလိုသည်။

ကျမ်းမြတ်ကုရ်အာန်၏အသုံးအနှုန်းဘာသာဗေဒနှင့်ပတ်သက်၍ များပြောင်လှသော အငြင်းပွားနေမှုသည်လည်းအခြေအနေမှန်ကို ပိပြင်လိုသောစွမ်းရည်ကျွန်ုပ်တို့တွင် မရှိ၍ဖြစ် သည်။ ကျမ်းမြတ်ကုရ်အာန်၏ထွန်းမြတ်မှုသည် ကျွန်ုပ်တို့၏ပင်ကိုယ်အသိအတွက် အလွန်

မှတ်လွယ်လှသော်လည်း ကျွန်ုပ်တို့၏ ဆင်ခြင်တတ်သောအမြင်အဖို့ အလွန်ခက်ခဲရခြင်းမှာ အဘယ်နည်း။ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့ဖန်တီးယူထားသောလုပ်ကြံမှုချိန်ခွင်တွင် ချိန်တွယ်ခြင်းကြောင့်ပင်ဖြစ်သည်။ ဤချိန်ခွင်တွင်သာလျှင် ကျွန်ုပ်တို့သည်ကျမ်းမြတ်ကုရ်အာန်ကို ချိန်တွယ်လိုချင်ကြသည်။

ကျမ်းမြတ်ကုရ်အာန်၏သက်သေသာဓကသည် အဘယ်ကြောင့်မထင်ပေါ်ရသနည်း။ကျမ်းမြတ်ကုရ်အာန်၏သက်သေသာဓကကို ကျမ်းမြတ်က [illegible] ဟုဂျ်ဂျသေဘာလာဂ်ါ ဟု ခေါ်ဆိုထားသည်။ အဓိပ္ပါယ်က“အမြင့်မြတ်ဆုံးဖြေရှင်းတင်ပြချက်” ဖြစ်ပါလျက် အဘယ်ကြောင့်မထိရောက်ပါသနည်း။ အကြောင်းမူလူတို့လုပ်ကြံစုပြုထားသော အတုအယောင်များဖြင့်ဖွဲ့စည်းထားသော ယုတ္တိဗေဒဘောင်သတ်မှတ်ချက်အားဖြင့် ကျမ်းမြတ်ကုရ်အာန်၏သက်သေသာဓကကို ဆန်းစစ်ခြင်းကြောင့်သာလျှင် ကုရ်အာန်၏သက်သေသာဓကသည် ထင်ပေါ်လာ ရခြင်းမရှိဖြစ်နေရခြင်းဖြစ်သည်။

(၂)　ကျမ်းစာအုပ်တစ်အုပ်၏ထူးမြတ်မှု၊ ပြည့်ဝသောအဓိပ္ပါယ်များကို ဆန်းစစ်လိုလာလျှင် ယင်းကျမ်းစာအုပ်၏ မူလပိုင်ရှင်ထံမှ သင်ယူမှတ်သားသူတို့ကိုသာလျှင် အဓိကထားစဉ်းစားရပေမည်။ ကျမ်းမြတ်ကုရ်အာန်သည် နှစ်ဆယ့်သုံးနှစ်ကြာမျှ တဖြည်းဖြည်းကျရောက်လာသော အလ္လာဟ်အရှင်မြတ်၏ဝဟီလမ်းညွှန်ချက်ဖြစ်သည်။ တမန်တော်မြတ်ထံတော်သို့ရောက်ရှိလာသော ဝဟီလမ်းညွှန်ချက်များကို ဆွဟာဗီရဲဘော်ရဲဘက်တို့သည် ကိုယ်တိုင်ကိုယ်ကျနားလည်ယူရုံမက ဆွလာသ်ဝတ်ပြုရာတွင် အကြိမ်ကြိမ်အဖန်ဖန် ဖတ်ရှုမှတ်သားကြသည်။ယင်းအချက်အလက်များအနက်မရှင်းလင်းသောအချက်များကို တမန်တော်မြတ်ထံတော်သို့ မေးမြန်းကြသည်။ ဤသို့ ကုရ်အာန်ကို လေ့လာမှတ်သားခြင်းကို တမန်တော်မြတ်ကိုယ်တိုင်ကသက်သေခံခဲ့သည်။

ဤအချက်သည်ပုဂ္ဂိုလ်တို့၏ကိုးကွယ်မှုစိတ်ဓါတ် ဘာသာရေးအရ မြင့်မြတ်မှုအကြောင်းကြောင့်မဟုတ်ပဲ၊ သမာသမတ်ကျစွာ ဆန်းစစ်ရလျှင် အခြားသူတို့နှင့်နှိုင်းယှဉ်လေ့လာကြည့်လျှင် နောက်ပိုင်းလူတို့သည် အစဦးပုဂ္ဂိုလ်တို့ထက် ထက်မြက်ရမည်ဖြစ်သော်လည်း ဤသို့မဟုတ်ဘဲ နောက်လူတို့သည် သက်မြက်မလာဘဲ အဖက်ဖက်မှ နိမ့်ကျခဲ့ရသည်။ဤသို့ဖြစ်ရခြင်းမှာ နောက်ပိုင်းလူများသည် သူတို့ခေတ်သူတို့ကာလ၏ ယဉ်ကျေးမှုအရှိန်အဝါဖြင့် အသစ်အဆန်း၊ထွင်လုံးများကို ပြုခဲ့ကြ၍ဖြစ်သည်။ အစဦးမွတ်စလင်တို့၏ ဖြောင့်မတ်သောအဓိပ္ပါယ်ဖွင့်ဆိုမှုလမ်းကြောင်းကိုဆန့်ကျင်လျက် အဖက်ဖက်တွင် ကျော်လွှားရန်ကြိုးစားခဲ့ကြသည်။ ထိုသူတို့က အတိတ်အစဦး မွတ်စလင်တို့သည် ယုံကြည်ချက်တွင် နိုင်မာသော်လည်း ပညာအမြော်အမြင်တွင်မူ ခေတ်မွတ်စလင်တို့က ပိုမိုခိုင်မာသည် ဟုဆိုခဲ့ပြန်သည်။ ဤသို့အားဖြင့် အဖက်ဖက်တွင် အငြင်းပွားမှုများကြီးထွားလာပြီး ဖြေရှင်းမရအောင်ဖြစ်ခဲ့သည်။

ဒုက္ခတစ်ခုအပေါ်ဒုက္ခတစ်ခုက ထပ်ဆင့်ပေါ်ပေါက်ရောက်လာရခြင်းမှာ ပထမပိုင်းတွင် အားနည်းသောအကြောင်းအရာများ အရေးမကြီးသော အကြောင်းအရာများ

နှင့်ပတ်သက်ပြီး "ငြိကာဖွင့်ဆိုသော်လည်း တဖြည်းဖြည်းဝေလဲသောနေရာအထိ ဘောင်ကို ကျော်၍ ကျူးကျော်ခဲ့ကြသည်။ ဤအခြေအနေတွင် အခက်အခဲနှင့်ကြုံရသောအခါ ကြီးမားသော စကားစစ်ထိုးခြင်း အခြေအတင်ဆွေးနွေးခြင်းဖြင့် ဖြင့်မားသော အဆောက်အဦး ပမာပြဿနာကိုကြီးထွားလာစေတော့သည်။ ထိုအခါ စာတမ်းပြုစု ခြင်း အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ စကားလုံး၏ အဓိပ္ပါယ်နှင့်အောက်ခြေ(**Foot notes**)ဆက်နွယ်နေသော အကြောင်းအရာဖက်သို့ရောက်ရှိသွားတော့သည်။ ဤသို့အားဖြင့် အခက်အခဲကို ပိုမိုကြီးမားအောင် ပြုသကဲ့သို့ဖြစ်လာရသည်။ အချို့အပိုင်းတွင် ဖုံးအုပ်ထားသောအကာများကို တစ်ခုကိုတစ်ခု ဖြတ်ခွာရာတွင် လင်းဝင်းမလာပဲ ထိုထက်မက အမှောက်အမိုက်ကို တွေ့ရတော့ သည်။

ဤဖော်ပြပါအကြောင်းအရာများကို ဆန်းစစ်ဖို့ ကျမ်းမြတ်ကုရ်အာန်၏ စာပိုဒ်တစ်ခုကို ယူလိုက်ပါ။ ပထမ ဆွဟာဗါ ယင်းနောက် သွာဗီအင်န် ဟုခေါ်သော ဆွဟာဗီတို့ကို နည်းနာခံခဲ့သောသူတို့၏ ဖွင့်ဆိုချက်ကို လေ့လာပါ။ ယင်းနောက် သဖ်ဆိရ် ငြိကာပညာရှင်တို့၏ ဖွင့်ဆိုချက်ကိုလေ့လာပါ။ယင်းနောက် အထက်ဖော်ပြပါတို့ကို နှိုင်းယှဉ်လေ့လာပါ ဆွဟာဗါနှင့် အစဦးခေတ်ပညာရှင်တို့၏ ဖွင့်ဆိုချက်သည် ပြတ်သားရှင်းလင်းလှပြီး၊ နောက်လူများ၏ဖွင့်ဆိုသည် အချက်များသည်မလိုလားအပ်သော ဆွေးနွေးချက်များ အငြင်းအခုံများဖြင့် စာဖတ်သူတို့ကို ပိုမိုရှုတ်ထွေးစေကြောင်းသိရပေသည်။

ဥပမာအားဖြင့် "ဆူရာဟ်ဘကရာဟ်၏" အစဦးအာရတ်တစ်ခုကို ယူလိုက်ပါ ဆွဟာဗီကြီး "အဗ်ဒုလ္လာဟ်ဘင်န်အဗ္ဗါစ်" နှင့် "အိဗ်နေမစ်အုသ်သခင်" တို့က

الَّذِينَ يُؤْمِنُونَ بِالْغَيْبِ وَيُقِيمُونَ الصَّلا

နှင့်ပတ်သက်၍ သဖ်ဆိရ်ဖွင့်ဆိုရာတွင် အာရေဗျာရှိ အီမာန် သက်ဝင်ယုံကြည်သူတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ وَالَّذِينَ يُؤْمِنُونَ بِمَا أُنزِلَ إِلَيْكَ

နှင့်ပတ်သက်၍ သဖ်ဆိရ်ဖွင့်သည်မှာ ကျမ်းဂန်ရသော ရှေးယခင်ဘာသာဝင်များဟုဆိုခဲ့ကြသည်။

" "အီမာမ်အီ ဗနေဂျဒိရ်ကလည်း ဤသို့ပင်ခံယူခဲ့ရသော်လည်း နောက်ပိုင်းသဖ်ဆိရ်ပညာရှင်တို့၏ အမျိုးမျိုးအဖုံဖုံ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးအောင်ပြုခဲ့ကြသည်။ အငြင်းပွားလမ်းကြောင်းကိုလည်း ဖွင့်ပေးခဲ့သည်။ ဤသို့အားဖြင့် هدى للمتقين ၏ အဓိပ္ပါယ်သည် အံမဝင်ချွတ်ကျော်ခဲ့ပြီး ကျမ်းမြတ်ကုရ်အာန်က အထူးပြုဖော်ပြသော လူအုပ်စုသုံးစုခွဲခြားစိတ်ဖြာ ဖော်ပြခြင်းသည် ပျောက်ပျက်ရတော့သည်။

**(၃)** အစ္စလာမ်သာသနာပြန့်ပွားချိန်တွင် အစ္စလာမ်ကိုလက်ခံလာခဲ့သော ရှေးခေတ်ဘာသာဝင်တို့၏ပုံပြင်များ၊ တစ်ဆင့် စကားများသည် အစ္စလာမ်နယ်ပယ်တွင် နေရာယူလာခဲ့သည်။ ယင်းတို့တွင် "အိစ္စရာအီလီယာ်(ဝါ) ယဟူဒီတို့၏ ပုံပြင်စကားရပ် များ ဒဏ္ဍာရီများကို ကုရ်အာန်၏ အနက်ဖွင့်ခြင်းတွင် ထည်သွင်းလာခဲ့သည်။ ယင်းပုံပြင်ဒဏ္ဍာရီတို့သည် သဖ်ဆိရ်၏ခန္ဓာကိုယ်အစိတ်အပိုင်းအဖြစ်အမြစ်တွယ်လာခဲ့သည်။ သဖ်ဆိရ်ကို သုတေသနပြု

သူများကယင်းတို့ကိုဖယ်ရှားလိုသော်လည်း ယင်းအတိတ်ဇာတ်ကြောင်း၏ ဩဇာသက်ရောက်မှုသည် ဝေးလံသောနေရာအထိ လွှမ်းမိုးထားခြင်းကို မဖယ်ရှားနိုင်ပေ။

**(၆)** တစ်ဖက်တွင် ဆွဟာဗီတို့၏စဦးမွတ်စလင်တို့၏ ရဝိယသ်ကို လက်လွှတ်ခံရပြီး ကျန်တစ်ဖက်တွင်နောက်ပိုင်း သဖ်ဆိရ်ရှီ ကာပညာရှင်တို့၏ စကားရပ်များဖွင့်ဆိုချက်များကို ပိုမိုလေးနက်စေလို၍ ဆွဟာဗီကိုမှီးလိုက်သော သာဗအီတစ်ဦးဦးနှင့် ဆက်နွယ်ကာ အကာအကွယ်ယူခြင်းကြောင့် ဤဖော်ပြချက်သည် စဦးမွတ်စလင်တို့၏ အဆိုဖြစ်လာသည်။

**(၅)** ဤဖော်ပြပါ အကြောင်းများကြောင့် ကျမ်းမြတ်ကုရ်အာန်၏ အဓိကကျသော သွန်သင်ပြသချက်များ သက်သေပြချက်များသည် အငြင်းအခုံကြားတွင် ပျောက်ပျက်ခဲ့ရသည်ကိုဝမ်းနည်းစွာတွေ့မြင်ရတော့သည်။ စင်စစ်ကျမ်းမြတ်ကုရ်အာန်၏တင်ပြချက်ဖော်ပြချက်များသည်ယင်းသက်သေပြချက်များပေါ်တွင် အခြေခံခြင်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏ ဖော်ညွှန်းပြသချက်များ ကျမ်းမြတ်ကုရ်အာန်၏ အတိတ်ကာလသမိုင်းဖြစ်ရပ်များ၊ ကျမ်းမြတ်ကုရ်အာန်၏ဥပမာများ၊ ကျမ်းမြတ်ကုရ်အာန်၏ဆုံးမချက်နှင့် လမ်းညွှန်ပြသချက်များသည် ဖော်ပြပါသက်သေပြချက်ပေါ်တွင် အခြေခံခြင်းကြောင့် ပေါ်လွင်ထင်ရှားမှုများ ရုပ်ပုံပေါ်ပြချက်များသည်ပေါ်ထွန်းလာရခြင်းကြောင့်ဤသက်သေပြချက်၏ ပျောက်ပျက်မှုနှင့် အတူ အခြားအားလုံးသည်လည်း ပျောက်ပျက်ခံရတော့သည်။

တမန်တော်တို့၏ သက်သေပြချက်များသည် လူတို့ကိုယ်ပိုင် တွေးခေါ်မှတ်ယူ သတ်မှတ်ထားသော ယုတ္တိဗေဒပေါ်တွင် အခြေခံခြင်း၊ နိဒါန်းပျိုးခြင်းမဟုတ်ခြင်းကြောင့် အငြင်းပွားစရာမပေါ်ပေါက်ခဲ့ချေ။ တမန်တော်တို့၏သက်သေပြချက်များသည် ရိုးသားရှင်းလင်းလှသောသဘာဝတင်ပြချက်သာဖြစ်သည်။ဤတင်ပြချက်ကို လူတို့၏ပင်ကိုယ်အသိသည် လက်ခံခြင်းပြုရာတွင် မခက်ခဲချေ။ နှလုံးသားတိုင်းသည် လက်ခံသည်။

သို့ရာတွင် သဖ်ဆိရ်ပညာရှင်တို့၏ကိုင်တွယ်သော ဒဿနနှင့် ယုတ္တိဗေဒရှုဒေါင့်သည် အဖြစ်မှန်ကိုရိုးသားရှင်းလင်းလှသော အမြင်ဖြင့် ရှုမြင်နိုင်စွမ်းကိုမပေးပါ။ ထိုသူတို့သည် နဗီတမန်တော်များကို မြင့်မြတ်သောအဆင့်ရောက်ရှိရေးသည် သူတို့၏ရုပ်လုံးဖော်မှုကားချပ်တွင်ရှိသည်ဟုမှတ်ယူခဲ့သည်။ကျမ်းမြတ်ကုရ်အာန်၏လမ်းညွှန်ချက်များကို "အဲရစ်ဟိုတယ်" ကဲ့သို့သော ဂရိဒဿနဆရာကြီး၏ ယုတ်တိဗေဒရှုဒေါင့်မှရှုမြင်ခြင်းကို အထင်ကြီးခဲ့သည်။ ဤသို့ရှုမြင်ရာတွင် အံမဝင်ဂွင်မကျ ဖြစ်လာသောအခါ ကျမ်းမြတ်ကုရ်အာန်၏ သစ္စာတရား သက်သေသာဓကများကို မိမိပုံဖော်လိုသည့် အသွင်တင်ပြရာမှ ကုရ်အာန်၏အနှစ်သာရသည့် အတုအရောင်ချယ်သခြင်းတွင် နစ်မျောခဲ့ရသည်။ ဤသို့ပြုခြင်းကြောင့် လူတို့ဖန်တီးလိုသော ပုံစံလည်းဖြစ်ပေါ်မလာပါ။ ယုံမှားသံသယနှင့် သို့လောသို့လောဖြစ်ရပ်များအတွက် တံခါးပေါက်များပွင့်လာခဲ့သည်သာရှိသည်။ ဤတံခါးဖွင့်ရာတွင် "အီမာမ်ရာဇီ၏" စွမ်းဆောင်မှုသည် အရေးအပါဆုံးဖြစ်သော်လည်း ဤတံခါးကိုပြန်လည်၍ပိတ်ရာတွင် သူ၏ စွမ်းဆောင်ချက်ကိုမူ မပြနိုင်တော့ချေ။

**(၆၊၇)** ဤဖော်ပြပါပြဿနာရပ်သည် သက်သေသာဓကကို တင်ပြရာတွင်သာ

ပေါ်ပေါက်သည်မဟုတ် ကျမ်းမြတ် ကုရ်အာန်ကို လေ့လာမှုပြုရာတွင် ရှုဒေါင့်အဖက်ဖက်မှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ဂရိဒဿနနှင့်ယုတ္တိဗေဒကိုကိုင်တွယ်မှုကြောင့် သစ်လွင်သော ဝေါဟာရများ ပေါ်ထွန်းလာခဲ့ရသည်။ ယင်းဝေါဟာရများကို အာရဗီစာပေနယ်ပယ်တွင် မရရအောင် ထည့်သွင်းလာသည်။ ကျမ်းမြတ်ကုရ်အာန်၏ တင်ပြချက်သည် ဂရိဒဿနကို အခြေခံခြင်းလည်းမရှိ အာရဗီစာပေနယ်ပယ်တွင် ယင်းတို့၏ အရှိန်အဝါလည်းမရှိပါဘဲလျက် ကျမ်းမြတ်ကုရ်အာန်၏ဝေါဟာရများကို ယင်းဂရိဒဿန၏အနက်အဓိပ္ပါယ်ဖြင့် ဖွင့်လှစ်ခြင်းကြောင့် ကျမ်းမြတ်ကုရ်အာန်၏ ဝေါဟာရများကို မူလပကတိအတိုင်းမဟုတ်ဘဲ ဂရိဒဿန အမြင်ဖြင့် ဖွင့်လှစ်လာသည်။خلود ခုလူဒ် احديّت၊ အဟ်ဒိရိယသ်၊ يفصيل သဖ်ဆီလ်၊ حجة ဟုဂ်ျဂျ၊ برهان ဘုရ်ဟာန်၊ تاويل သာဝီလ်၊ ကဲ့သို့သော ဝေါဟာရများ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဆန်းသစ်စွာ ဖွင့်လှစ်ခြင်းဖြင့် စဦးမွတ်စလင်တို့၏ခေတ်က မရှိတာရားကိုအရှိတာရားအဖြစ် ထင်ပေါ်လာစေခဲ့ခြင်းဖြစ်သည်။

ဤပျိုးခဲ့သော အစေ့ကြောင့် ပေါ်ထွန်းလာခဲ့သော အသီးအပွင့်များကိုကြည့်၍ ကျမ်းမြတ်ကုရ်အာန်ကိုမိမိတို့၏ခေတ်အတွေးအမြင်၏သုတေသနပြုချက်ပေါ်တွင် မူတည် သက်မှတ်ရမည်ဟုဆိုလာခဲ့ကြသည်။ ဤသို့အားဖြင့် "ဘာသ်လီမုရှိ" အယူအဆကို ပေါ်လွင်စေခဲ့သည်။ယနေ့ခေတ်ကာလတွင် ဆန်းသစ်လွင်သောပညာရှင်များသည် ဂြိုဟ်နက္ခတ်တာယာနှင့် ပတ်သက်သောပညာရပ်များကို ကျမ်းမြတ်ကုရ်အာန်တွင် ထည့်သွင်းဖော်ပြသကဲ့သို့ ပင်ဖြစ်သည်။

**(ဈ)** မည်သည့်ကျမ်း မည်သည့်ဘာသာရပ်တွင်မဆို ယင်းတို့၏ အဓိကကျသော အခြေခံအချက် အခြေခံရည်ရွယ်ချက်သည်ရှိသည်။ အခြေခံအကြောင်းအရာများသည် ယင်းအခြေခံရည်ရွယ်ချက် အဓိကအကြောင်းအရာ၏ ဘေးပတ်လည်တွင် ဝန်းရံလျက်ရှိသည်။ အဓိကကျသောရည်ရွယ်ချက်အကြောင်းအရာကို မသိမြင်သမျှကာလပတ်လုံး ဘေးပတ်လည် ရှိဝန်းရံလျက်ရှိသောအကြောင်းအရာများကိုသိမြင်နိုင်မည်မဟုတ်သကဲ့သို့ ကျမ်းမြတ်ကုရ်အာန်နှင့်ပတ်သက်၍လည်းဤကဲ့သို့ ပင်ဖြစ်ခဲ့ရသည်။ ကျမ်းမြတ်ကုရ်အာန်၏ အဓိကရည်ရွယ်ချက် အခြေခံသဘောကိုမသိမြင်သမျှကာလပတ်လုံး အခြားအကြောင်း အရာများကို မသိမြင်နိုင်ပါ။

ကျမ်းတွင်ဖော်ပြထားသော အချက်အလက်များအနက် အဓိကကျသော အခြေခံအချက်ကို မသိမြင်ရသောအခါ ကျမ်း၏အချက်အလက်အားလုံးကို မွှေနှောက်ခြင်းကိုဖြစ်စေခဲ့သည်။ ကျမ်း၏အကြောင်းအရာတစ်ခု လမ်းညွှန်ချက်ကျမ်း၏ သက်သေပြချက်၊ ကျမ်း၏မိန့်ဆိုချက် ကျမ်း၏ညွှန်ပြချက် ကျမ်း၏အလှစသည်ဖြင့် အားလုံးသောအရာများတွင် ရှုးစမ်းမှုမှလွတ် ကင်းခြင်းမရှိတော့ပေ။ ဤအကြောင်းအရာများကို ရှင်းလင်းဖော်ပြရန်မှာကျယ်ပြန့်လွန်းလှ၍ မဖော်ပြလိုပါ။ သို့ရာတွင် ဥပမာ အချို့ကိုမူ ဖော်ပြလိုပါသည်။ ဥပမာအားဖြင့် ဆူရာဟ်အာလေအိမ်ရာန်၏(၁၆၁) အားယာသ်ဖြစ်သော وماكان لنبي ان يغل "ကေန်မုချအလ္လာဟ်အရှင်မြတ်၏ မည်သည့်တမန်တော်ကမျှ ဘယ်သော အခါမျှ အလွဲသုံးစားမှုကို မပြုကြ"ဟူသော အားယာသ်၏ သဖ်ဆီရ်၌ ကာဖွင့်ဆိုချက်နှင့်

ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ဘယ်ပုံဘယ်နည်း ဘယ်ကရမှန်းမသိသော ဖော်ပြချက်ကို တွေ့မြင်ရသကဲ့သို့ ကျမ်းမြတ်ကုရ်အာန်တွင် ယဟူဒီတို့၏ပြောသောစကားဖြစ်သော يد الله مغلولة "အလ္လာဟ်အရှင်မြတ်၏ လက်သည် ချီနှောင်ခံ ရသည်" (၅ း ၆၄)နှင့် ပတ်သက်၍ ဘယ်နေရာဘယ်ဌာနက ဘယ်ပုံဘယ်နည်းရမှန်မသိသော စကားများကို ရှင်းလင်းဖော်ပြ ကာ ယင်းရှင်းလင်းချက်ကြောင့် ဖော်ပြပါအာယသ်၏ အဓိကကျသော လေးနက်သော အကြောင်းအရာများသည် ပျက်စီးပျောက်ပျက်ခံရသည်ကို မသိလိုက်ကြရ။

**(၉)** ကျမ်းမြတ်ကုရ်အာန်၏ ဝေါဟာရစကားလုံးကဏ္ဍ စာသားအဓိပ္ပါယ်နှင့်ပတ်သက်၍ နားလည်အောင် လေ့လာရာတွင် အာရဗီသဒ္ဒါ အဘိဓာန်နှင့် အာရဗီစာပေအစဉ်အလာ ရေးဖွဲ့မှုတတ်မြောက်မှုသည် အဓိကျသောအချက်များတွင်ထိပ်ဆုံးမှ ပါဝင်နေပါလျက် အကြောင်းအမျိုးမျိုးကြောင့်ယင်းအရေးပါသောအချက်သည် တဖြည်းဖြည်းအားပျော့ လာခဲ့ရသည်။ဤသို့အားပျော့ရာမှအာရဗီစာပိုက်ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် တဆင့်ပြီးတစ်ဆင့် အခက်အခဲအမျိုးမျိုးတွေ့လာရတော့သည်။ဤသို့ဖြစ်ရခြင်းမှာ အာရဗီစာပေ လိုက်စားမှု မရှိခြင်းကြောင်ပင်ဖြစ်သည်။ အာရဗီ ဝေါဟာရတည်ဆောက်မှု အာရဗီခေတ်ဟောင်း အသုံးအနှုန်းနှင့်လည်း သူတို့တတွေဝေးခဲ့ရခြင်းကြောင့်ဖြစ်သည်။

**(၁၀)** ခေတ်ကာလတိုင်း၏ တွေးခေါ်မှုသည် သူတို့၏ပညာရပ်ယဉ်ကျေးမှုအနေအထား လွှမ်းမိုးမှုပေါ်တွင် အရေးပါတည်ရှိ သကဲ့သို့ ကျမ်းမြတ်ကုရ်အာန်ကို သဖ်ဆိရ်ဖွင့်ဆိုရာ တွင်လည်း သူတို့၏တွေးခေါ်မှုနှင့်ပယောဂသည် ပါဝင်လာခဲ့သည်။ အစ္စလာမ်သမိုင်း တစ်လျှောက်တွင်စစ်မှန်သောအာလင်မ်ပညာရှင်များသည် ဘယ်တော့အခါမျှ အမှန်တရားနှင့် ပတ်သက်၍ အတိမ်းအစောင်းမခံခဲ့သည်ကို မွတ်စလင်တို့အဖို့ ဂုဏ်ယူဖွယ်ကြွားစရာဖြစ်သည်။ ယင်းအာလင်မ်ပညာရှင်တို့သည် အုပ်ချုပ်သူတရေ့မှောက်တွင်လည်း ဒူးထောက်အညံ့ခံခြင်း မရှိခဲ့ကြ။အစ္စလာမ်၏အဓိကကျသောယုံကြည်ချက်နှင့် နည်းလမ်းရပ်များကိုလည်း ကာကွယ် ခဲ့ကြသည်။

သို့ရာတွင် ယင်းထိုးဖောက်ဝင်ရောက်မှုနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်မှာ အချိန်ကာလ၏ ထိုးနှက်မှုပယောဂအဖုံဖုံသည် အုပ်ချုပ်သူတို့ထံမှသာ ဝင်လာရောက်ခြင်းမဟုတ်။ ယင်းပယောဂကိုဖြစ်ထွန်းစေသော နေရာဌာနသည် ရေတွက်မရ သော တံခါးပေါက်ဖြစ်၍ ယင်းတို့မှ ဝင်ရောက်လာခြင်းဖြစ်သည်။ ယင်းတံခါးပေါက်သည် တစ်ကြိမ်တစ်ခါမျှ အဖွင့်ခံရသောအခါ နောက်ထပ်ပိတ်ဖို့ မည်သူမျှမတတ်စွမ်းနိုင်တော့၊ အာလင်မ်ပညာရှင်တို့က ယုံကြည်ချက်နှင့် နည်းလမ်းရပ်များကို ကာကွယ်နိုင်သော်လည်း လူတို့၏တံခါးမရှိဒါးမရှိ တွေးခေါ်မှုအပိုင်းအခြားကိုမူ ကာကွယ်နိုင်ခြင်းမရှိခဲ့ကြ၊ ယင်းကျယ်ပြန့် လှသောအကြောင်းကို ဤနေရာတွင် ဖော်ပြနိုင်မည်မဟုတ်ပါ။

**(၁၁)** ဟီဂျရီလေးရာစုနောက်ပိုင်းတွင် မွတ်စလင်လူ့အဖွဲ့အစည်း၏ အစ္စလာမ်စာပေ သမိုင်းတွင် اجتهاد "အိဂ်ျသီဟာဒ်" စဉ်းစားတွေးခေါ်ဖြေရှင်းတတ်သောအမြင်သည် တုန့်ဆိုင်းသွားပြီဖြစ်သည်။ စမ်းသပ်သောအကြောင်းဖြစ်ရပ်မှလွဲ၍ ကျန်ကိစ္စအဝဝသည်

ႎႍႇ''သက်လိဒ်'' ဟုခေါ်သော ပုံသေဝါဒလမ်းစဉ်ကို လျှောက်လှမ်းနေပြီးဖြစ်သည်။ ဤပုံသေဝါဒသည် သဖ်ဆီရ်ဖွင့်ဆိုမှုတွင်လည်း ပါဝင်လှုပ်ရှားခဲ့သည်။ သဖ်ဆီရ်ဖွင့်ဆိုသော ပုဂ္ဂိုလ်တစ်ဦးဦးသည် မိမိ၏လုပ်ငန်းတွင် ရှေ့ဆောင်လမ်းပြအဖြစ် ပုဂ္ဂိုလ်တစ်ဦးဦးကို သတ်မှတ်လိုက်သည်။

ဤသို့အားဖြင့် ယင်းပုဂ္ဂိုလ်၏နောက်သို့ တကောက်ကောက်လိုက်သွားခြင်းဖြင့် အဖြေရှာကြသည်။ဟီဂျရီသုံးရာစုနှစ်ကာလကမုဖစ်ဆိရ်ပညာရှင်တစ်ဦး၏ လွဲမှားစွာ သုံးသပ်သော အကြောင်းအရာကို ဟီဂျရီ ကိုးရာစုနှစ်အထိ တစ်ဦးပြီးတစ်ဦး ပုံတူကူးချခြင်း သည် မသင့်လျော်မည်သူကမျှ သက်လိဒ် ပုံသေဝါဒကို ဘေးဖယ်ကာသုတေသနပြုခြင်းဖြင့် အဖြစ်မှန်ကိုရှာကြံခြင်းမပြုခဲ့ ဤသို့အားဖြင့် မုဖစ်ဆိရ်တို့၏အနေအထားသည် အားပျော့ကာ မူလသဖ်ဆီရ်ကို ထပ်မံရှင်းလင်းချက်ကိုရေးသားလာသည်အဆင့်ကို ရောက်ရှိလာတော့သည်။

''မိုင်သွာဝီ''နှင့် ''ဂျလာလိုင်န်'' ကျမ်း၏ရှင်းလင်းချက် **(Footnotes)** များကို လေ့လာကြည့်ပါ။ ဆောက်လုပ်ပြည့်စုံပြီးသား အိမ်တစ်အိမ်ကို ထပ်တလဲလဲ ထုံးသုတ်ဆေး သုတ်ခြင်းကိုလွန်သည်အထိပြုလာသည်ကိုတွေ့မြင်ရပေမည်။ ဤသို့အားဖြင့် ပုဂ္ဂိုလ်ကျော်တို့ သည် မူရင်းဆရာကြီးကိုအသုံးချ၍ သူတို့၏ ပညာစွမ်းကိုပြသခဲ့ကြသည်။

**(၁၂)** စာပေလိုက်စားမှုသည်လည်း ဖော်ပြပါအခြေအနေကြောင့် နှေးကွေးလာခဲ့ရသည်။ နောက်ပိုင်းခေတ်များတွင် စာပေပို့ချမှုနှင့်မိုင်ငြိမ်းမှုတွင် အရေးပါထင်ရှားသော ''သဖ်ဆီရ်ဦကာ ကျမ်းများသည် ယခင်ကာလကဦကာ မဖွင့်ဆိုရသေးသောအကြောင်း အရာများကိုသာ ဦးစားပေးရေးဖွဲ့သော ကျမ်းများသာလျှင်ဖြစ်သည်။ ရှေးကျမ်းဂန်များကိုလွန်ဆန်၍ မရတော့၊ ဤနည်းလမ်းသည်အစ္စလာမ်ရေးရာဘာသာရပ်တိုင်းတွင်ဖြစ်ခဲ့ရသည်။ ''ဂျရ်ဂျာအိ ထက်ရှက်ကာကီ ကိုလည်းကောင်း၊ ''ရှက်ကာကီ''ထက် ''သက်သာဇာနီ''ကိုလည်းကောင်း၊ အမွမ်းတင်လက်ခံခဲ့သော လေ့နံ့ဓါးထစ်ပုံစံဖြင့်အားလုံးက ''ဂျလာလိုက်န်နှင့်မိုင်သွာဝီ''ကို စံပြုသောကျမ်းပြုပုဂ္ဂိုလ်များအဖြစ် လက်ခံခဲ့ကြသည်။ (ယခုခေတ်တွင် စာအုပ်ထုတ်ဝေရာတွင် ပုဂ္ဂိုလ်ကျော်တို့၏ထောက်ခံစာပါမှ အရောင်းသွက်သည့်ပုံစံကဲ့သို့ပင်ဖြစ်သည်) (ဘာသာပြန်သူ)

**(၁၃)** သဖ်ဆီရ်အမျိုးမျိုးကို လေ့လာကြည့်ပါ။ ယင်းကျမ်းများတွင် ဝေါဟာရဆိုင်ရာ အဆိုအမျိုးမျိုးကို ဖော်ပြထားသည်ကို တွေ့ရမည်။ သို့ရာတွင် ယင်းဝေါဟာရတို့အနက် အကျော်ကြားဆုံး လက်ခံခြင်းအများဆုံးပြုသော ဝေါဟာရသည် အားနည်းချက် အရှိဆုံး ဝေါဟာရသာလျှင်ဖြစ်မည်။ အလွန်ကောင်းမွန်ဆီလျော်သော ဝေါဟာရအဆိုများကိုမူ လျစ်လျူရှုကျော်လွှားသွားသည်ကို မြင်တွေ့ရမည်။

**(၁၄)** သဖ်ဆီရ်သမိုင်းတွင် အခက်အခဲနှင့်အတားအဆီးကို အကြီးမားဆုံးဖြစ်စေခဲ့သော အချက်ကား ''သဖ်ဆီဘီလ်ရာအီ'' ဟုခေါ်သည့်မိမိတို့၏ ကိုယ်ပိုင်သိမြင်မှုအပေါ်မူတည်၍ သဖ်ဆီရ်ဖွင့်ဆိုခြင်းအလေ့အထပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ ဤသို့ဆိုရာတွင် ကျမ်းမြတ် ကုရ်အာန်ကပေးထားသောအခွင့်အရေးဖြစ်သည့်လူတို့၏ ဆင်ခြင်တုံတရားကို အသုံးချ အသုံးပြုခွင့်ကို ပိတ်ပင်သယောင်မဖြစ်စေလိုပါ။

ကျမ်းမြတ်ကုရ်အာန်ကိုယ်၌ကား အထပ်ထပ်အဖန်ဖန်တလဲလဲ လူတို့အား စဉ်းစား တွေးခေါ်ကာ မိမိ၏ ဆင်ခြင်တုံတရားကို အသုံးပြုစေသည်။ စင်စစ်အားဖြင့် ကုရ်အာန် ဒါဝသ်ဖိတ်ခေါ်မှုပုံစံကား လေးနက်လှသည်။

أَفَلَا يَتَدَبَّرُونَ الْقُرْآنَ أَمْ عَلَى قُلُوبٍ أَقْفَالُهَا

"ယင်းသူတို့သည် ကျမ်းမြတ်ကုရ်အာန်ကို စဉ်းစားဆင်ခြင်သုံးသပ်ခြင်း မပြုကြ သလော။သူတို့အသိကို ဖြစ်စေသောနှလုံးသားကိုသော့ခတ်ခံရ၍ဤသို့မပြုနိုင်သလော။"

(၄၇ း ၂၄)

သို့ဖြစ်၍ "သဖ်ဆိရ်ဘီလ်ရာအီ"ဟူသည် ဘာသာပြန်ဆိုမှုကို မိမိတို့၏ထင်မြင်ချက် ပုံစံဖြင့်ခြယ်သခြင်းမဟုတ်ဘဲ ကျမ်းမြတ်ကုရ်အာန်၏ဆိုလိုရင်းအချက်ကိုမိမိတို့၏ ဆင်ခြင်တုံ တရား ကိုအသုံးပြုကာ လွယ်ကူအောင် ဖော်ညွှန်းပြသခြင်းသာလျှင်ဖြစ်သည်။ သို့ရာတွင် ဖြစ်နေသည်အချက်ကား ကုရ်အာန်၏တင်ပြချက်ကို မျက်မှောက်ပြုကာ မိမိတို့ကဖြစ်စေ လိုသောအချက်ကိုမရရအောင် အသုံးချခြင်းပင်ဖြစ်နေသည်။

ဥပမာအားဖြင့် အကာအိဒ်ဟုခေါ်သည့် ယုံကြည်ချက်၏ အချက်အခြာကျသော အချက်များတွင် အငြင်းပွားမှုဖြစ်လာသောအခါအိလ်မွလ်ကလာမ်ဟုခေါ်သည့် နိုင်လုံမှုအတွက် သက်သေသာကေဖြင့် အငြင်းပွားမှုဘာသာရပ်သည် မဇ်ဟဗ် အားလုံးအတွက် လက်ကိုင်ပြု လာခဲ့သည်။ ဤသို့အားဖြင့် မဇ်ဟဗ်တို့၏ "မူနာဇရာ" ခေါ် မိမိတို့၏ ခံယူချက်မှန်ကန် ကြောင်းကို စောဒကတက်မည့် အစည်းအဝေးများကျင်းပလာကြသည်။ ယင်းအစည်းအဝေး တွင် မဇ်ဟဗ်အားလုံးသည် သူတို့၏မှန်ကန်ချက်ကို သက်သေပြရန်ကျမ်းမြတ်ကုရ်အာန်ကိုသာ မရမကအသုံးပြုအသုံးချခဲ့ကြသည်။ ဤသို့အားဖြင့် "သဖ်ဆိရ်ဗီလ်ရာအီ" သည် သူတို့အတွက် အသုံးချပစ္စည်းဖြစ်လာခဲ့သည်။

ဤကဲ့သို့ပင်ဖိက်ဟာပညာရှင်တို့ကလည်း ဖွသတ်ဆိုင်ရာပြဿနာတက်လာသော အခါမိမိတို့၏"မာစ်အလာ"ပြဿနာရပ်များကို မှန်ကန်ချက်အတွက် ကုရ်အာန်ကိုပင် အသုံးပြုခဲ့သည်။ ဤသို့အသုံးပြုရာတွင် ကျမ်းမြတ်ကုရ်အာန်၏ ရိုးရိုးရှင်းရှင်း အဓိပ္ပါယ်၊ ကျမ်းမြတ်ကုရ်အာန်၏ပုံစံအနေအထားဖြစ်သည့်ဆင်ခြင်တုံတရားအားဖြင့် သိမြင် အောင်ပြုသောပုံစံထက် ထိုပုဂ္ဂိုလ်တို့သည်သူတို့၏ရှေ့ဆောင်ပုဂ္ဂိုလ်တို့၏ လုပ်ရပ်မှန်ကန်ချက် အတွက် သဖ်ဆိရ်ဘီလ်ရာအီကိုပင် အသုံးပြုခဲ့ကြသည်။

ဤနည်းနှင့် ဆူဖီတို့၏ အုပ်စုကလည်း သူတို့၏လျှို့ဝှက်သောအသိကို ရှာဖွေယင်း ရှာဖွေယင်းဘောင်လွတ်နေသော ဝေးလံသောနေရာကို ရောက်သောအခါ ယင်းအချက်ကို သက်သေပြရန်အတွက် ကျမ်းမြတ်ကုရ်အာန်ကိုပင် အသုံးပြုလာခဲ့သည်။ ဤသို့အသုံးချရာတွင် ကုရ်အာန်၏လမ်းညွှန်ချက်များ၊ ကုရ်အာန်၏ယုံကြည်ချက်များ၊ ကုရ်အာန်တင်ပြပုံ တင်ပြနည်းတို့သည် သူတို့၏အဓိပ္ပါယ်ဖွင့်ဆိုမှုအတွင်း နစ်မျောသွားတော့သည်။ ဤသည်လည်း သဖ်ဆိရ်ဘီလ်ရာအီပင်ဖြစ်တော့သည်။

အထက်ပါနည်းကဲ့သို့ပင်ကျမ်းမြတ်ကုရ်အာန်၏သက်သေပြချက်များကိုယုတ္တိဗေဒရှုဒေါင့်အားဖြင့်သုံးသပ်ခြင်းစကြာဝဠာမိုးကောင်းကင် နက္ခတ်ကာရာများကို သက်သေသာဓကအဖြစ် ကျမ်းမြတ်ကုရ်အာန်တွင် ဖော်ပြသည်ကိုရေးပောင်း ဂရိတို့၏ နက္ခတ်ဗေဒရှုဒေါင့်မှ သုံးသပ်ဖော်ပြခြင်း ဤသည်လည်း သဖ်ဆိရ်ဘိလ်ရာအီပင်ဖြစ်သည်။

ယနေ့ အိန္ဒိယတိုက်နယ်နှင့် အီဂျစ်ပြည်ရှိ တိုးတက်သောအမြင်ရှိသည့် ခေတ်သစ်အိဂ်ျသီဟာဒ် ပညာရှင်တို့ကမူ ယနေ့တိုးတက်သော ခေတ်အမြင် ခေတ်မှီတွေ့ရှိချက်များကို ကျမ်းမြတ်ကုရ်အာန်ရှုဒေါင်းဖြင့် သက်သေပြခြင်း၊ ယနေ့တိုးတက်နေသောအမြင်များသည် ကုရ်အာန်နှင့်တပြေးညီရှိခြင်းကို ဖော်ညွှန်းခြင်းဖြစ်သည်ကို အလေးထားဖော်ပြကြသည်။

သူတို့၏တင်ပြချက်ကို သေချာစွာဆန်းစစ်လေ့လာသည်ရှိသော် သိပ္ပံပညာရှင်များဖြစ်သည့် ကော်ပါနီကပ် နူတန် ဒါရဝင်န် ဝီလက်တို့က မည်သည့်ဝဟီလမ်းညွှန်ချက်မလိုပဲ ရှာဖွေတွေ့ရှိခဲ့ရသောအသိကိုရာစုနှစ်ပေါင်းအတော်ကြာကပေါ်ထွန်းခဲ့သော ကျမ်းမြတ်ကုရ်အာန်အားဖြင့်သက်သေပြခြင်းဖြင့် တစ်ရာစုမျှကမ္ဘာလူသားတို့အဖို့ ပဟေဠိဖြစ်ခဲ့သော ပြဿနာကိုလက်ခံအောင်ပြခြင်းသာအကျိုးရှိခဲ့သည်။ဤသည်လည်း''သဖ်ဆိလ်ဘီလ်ရာအီ'' ပင်ဖြစ်သည်။အမှန်ဖြစ်သင့်သည်အချက်ကနှစ်ပေါင်း၁၄၀၀အလျင်က မှန်ကန်ချက်ကို ''သဖ်ဆိရ်ဦကာ''ဖွင့်လှစ်ရေသားရှင်းလင်းခြင်းသည် ဦးတည်ချက်ဖြစ်သင့်သည်။ဤအထက်တွင် ဖော်ပြပြီးဖြစ်သောအချက်အလက်များသည်အကျဉ်းချုံးဖော်ပြချက်သက်သက်ကာဖြစ်သည်။

ဖော်ပြပြီးဖြစ်သောတင်ပြချက်ကို လေ့လာသုံးသပ်ကြည့်လျှင် ကျမ်းမြတ်ကုရ်အာန်ကို လေ့လာမှုပြုရာတွင် အခက်အခဲများနှင့်ခြေလှမ်းတိုင်းတွင်တွေ့ရသောကန့်လန့်ကာ အတားအဆီးများကို ဖယ်ရှားပစ်ရပေမည်။ ယင်းအခက်အခဲအတားအဆီး ကန့်လန့်ကာများသည် တစ်နေရာတည်းမှထွက်ပေါ်လာခြင်းမဟုတ်၊ ယင်းကိုဖြစ်ပေါ်လာစေသော နေရာဌာနအားလုံးကို သုံးသပ်ဖယ်ရှားရပေမည်။ ဤသို့အားဖြင့်ပင် ကျွန်ုပ်တို့၏ ပျောက်ဆုံးနေသောလမ်းမှန်ကိုရှာဖွေတွေ့ရှိနိုင်ပေမည်။

ကျွန်ုပ်အနေဖြင့် ဤကျမ်းကိုပြုစုရာတွင် အတတ်နိုင်ဆုံး ယင်းဖော်ပြပြီးဖြစ်သော အတားအဆီးများကို ဖယ်ရှားနိုင်အောင်ကြိုးစားခဲ့ပါသည်။ဤလုပ်ငန်းတွင် ကျွန်ုပ်သည် မည်ရွေမည်မျှအောင်မြင်သည်ကိုမူ ကျွန်ုပ်မဆုံးဖြတ်လိုပါ။ သို့ရာတွင် ကျွန်ုပ်၏ရှာဖွေတွေ့ရှိချက်များတွင် ကုရ်အာန်ကို ချစ်မြတ်နိုးသူတို့အဖို့ စဉ်းစားတွေးခေါ်မှုပြုရန် ဆန်းသစ်သော နည်းလမ်းအသစ်များကို တွေ့ရပေမည်။ ယင်းနည်းလမ်းသည် အခြားသော နည်းလမ်းထက် မည်သို့မျှမတူညီဘဲ ထူးခြားမှုကိုဖြစ်စေသည်ကို တွေ့ရမည်။

ကျမ်းမြတ်ကုရ်အာန်ကိုလေ့လာနိုင်ရန် အဆင့်ဆင့်သောလုပ်ငန်းသုံးမျိုး လိုအပ်သည်ဟု ကျွန်ုပ်မြင်သည်။ ယင်းကို ကျွန်ုပ်အနေဖြင့် ကျမ်းသုံးခုအသွင်ခွဲဖြာလိုက်ပါသည်။ ''ကုရ်အာန်နိဒါန်း'' مقدمہ تفسیر ကျမ်းမြတ်ကုရ်အာန်၏ဋီကာအဖွင့်'' لتفسیر البیان ကုရ်အာန်ဘာသာပြန် ترجمان القرآن တို့ဖြစ်ပါသည်။

ရည်ရွယ်ချက်အားဖြင့်အဆင့်အမြင့်ဆုံးကုရ်အာန်နိဒါန်းသည် အဆင့်မြင့်လေ့လာ

သူများအတွက်ဖြစ်ပြီး ကျမ်းဖြတ်ကုရ်အာန်၏ ငြိကာအဖွင့်သည် ကုရ်အာန်ဗဟုသုတ ရှာကြသူတို့အတွက်ဖြစ်ကာ ကုရ်အာန်ဘာသာပြန်သည် အားလုံးအတွက်ဖြစ်သည်။ အားလုံးအတွက်ရေးသားသော "သရ်ဂျူမာနုလ်ကုရ်အာန်"ကို ပဌမဆုံး ရေးသားထုတ်ဝေ လိုက်ပါသည်။ ယင်းသည် အခြေခံလိုအပ်ချက်နှင့် အရေးကြီးဆုံးဖြစ်၍ ဆက်လက်လေ့လာ လိုသူများအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ ဤသို့ပြုစုရာတွင် ယင်းကျမ်းတွင် အဓိပ္ပါယ်နားလည်စေဖို့ လိုအပ်ချက်အားလုံးကို ဖြည့်ပေးထားခြင်းဖြစ်သည်။ လိုအပ်လျှင် လိုအပ်သလို အောက်ခြေမှတ်စုများကိုလည်း ရေးသားလိုက်ပါသည်။ ဘာသာပြန်ဆိုမှု အဆင့်အတန်းနှင့်ပတ်သက်ပြီးလူတိုင်းအလွယ်တကူ ဖတ်ရှုနားလည်နိုင်ခြင်း ရှိမရှိဟူသော အချက်နှင့်ပတ်သက်၍ စမ်းသပ်မှုလည်းပြုခဲ့ပါသည်။ အခြေခံကျသော ဝေါဟာရများကို ဖွင့်ဆိုရာတွင် ယင်းဝေါဟာရနှင့်ဆက်နွယ်သော အကြောင်းအရာများကိုလည်း ဖော်ညွှန်းပြ လိုက်ပါသည်။

"သရ်ဂျူမနုလ်ကုရ်အာန်"ပထမတွဲ၏အစတွင် "အုမ်မုလ်ကုရ်အာန်၏ အဖွင့်ငြိကာ ကျမ်း"ကိုပူးတွဲဖော်ပြလိုက်ပါသည်။စင်စစ်အားဖြင့် ယင်းအုမ်မုလ်ကုရ်အာန်သည် ကျမ်းဖြတ် ကုရ်အာန်၏နိဒါန်းအဖွင့်ဖြစ်၍ ယင်းအဖွင့်တွင်ပါဝင်သော အကြောင်းအရာများကို နှလုံးသွင်း နားလည်ဖို့အရေးကြီးလိုအပ်လှသည်။ယင်းအပိုင်းတွင်လည်း အတတ်နိုင်ဆုံး တင်ပြချက်များ ကိုပြုစုခဲ့ပြီးမလိုအပ်သောအကြောင်းအရာများကိုဖြုတ်ပစ်ခဲ့သည်။ဤအပိုင်းကို လူတိုင်း နှစ်သက်မည်မဟုတ်သကဲ့သို့ လူတိုင်းလည်းနားလည်မည်မဟုတ်ပါ။ သို့ဖြစ်၍လည်း ဘာသာပြန်အပိုင်းမှခွဲထုတ်ကာ သီခြားကဏ္ဍအဖြစ် အုမ်မုရ်ကုရ်အာန်ဟူ၍ သတ်မှတ် လိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်သည် နှစ်ဆယ့်ခုနှစ်နှစ်ကာလပတ်လုံး ကျမ်းဖြတ်ကုရ်အာန်ကိုလေ့လာ ဆည်းပူးတွေးခေါ်မှုပြုခြင်းဖြင့်အချိန်ကုန်ခဲ့သူဖြစ်သည်။ ကျမ်းဖြတ်ကုရ်အာန်၏ ဆူရာတစ်ပုဒ် ချင်း၊ အပိုင်ဒ်တစ်ပိုင်ဒ်ချင်း၊ ဝေါဟာရတစ်ခုချင်းကို အသေခြာဆုံးလေ့လာ ဆည်းပူးခဲ့သည်။ သဖ်ဆိရ်ငြိကာနှင့်ပတ်သက်သောကျမ်းများအားလုံးကိုလည်း အတတ်နိုင်ဆုံးလေ့လာ ဆည်းပူးခဲ့သည်။ ယင်းတို့တွင် လက်ရေးစာမူများ၊ ပေစာများလည်းပါဝင်သည်။ ကျမ်းဖြတ် ကုရ်အာန်နှင့်ဆက်နွယ်သော ဘာသာရပ်များကို ခေတ်ဟောင်း ခေတ်သစ်အမြင်ဟူ၍ ခွဲခြားခြင်းမပြုပဲလေ့လာခဲ့ပါသည်။ ခေတ်ဟောင်းအမြင်ကို အမွေဆက်ခံယူခြင်း အသွင် ရယူသကဲ့သို့ ခေတ်သစ်အမြင်ကိုလည်း ပန်းတိုင်သို့လျှောက်လှမ်းယင်ဖြင့် ခရီးတစ်လျှောက်မှ ရယူခဲ့သော ရလဒ်အဖြစ်ခံယူခဲ့ပါသည်။

ကျွန်ုပ်၏မိသားစုကျွန်ုပ်ဆည်းပူးခဲ့ရသောပညာနှင့်ကျွန်ုပ်ဝန်းကျင်၏ အစွဲအလန်း ပယောဂသည် ကျွန်ုပ်အားလွှမ်းမိုး လာမည်ကို ပထမနေ့ကတည်းက ကျွန်ုပ်သည် လက်မခံ တားဆီးခဲ့ပါသည်။ လေ့နံ့ဒါးထစ်ဝါဒကို ကျွန်ုပ်အနေဖြင့် စက်ဆုတ်ရွံ ရှာပိတ်ပင်ခဲ့သကဲ့သို့ နည်းလမ်းသစ်များကို သုတေသနပြုခြင်းကိုလည်း ဘယ်သောအခါမျှ လက်လွှတ်မခံခဲ့ချေ။

ကျွန်ုပ်၏နှလုံးသား၏ နေရာအသီးသီးသည် ယုံမှားသံသယဆူး၏ အဖက်ဖက်မှ

ထိုးဆွခြင်းဒဏ်ကြောင့် ပိန်နိုင်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်၏ရုပ်အသက်သည် သို့လောသို့လော ယုံမှားသံသယအပေါင်း၏ အစမ်းအသပ်ကိုခံခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်သည်အဆိပ်ကိုလည်း ယမကာအသွင်သောက်သုံးနိုင်စွမ်းရှိသကဲ့သို့ စိတ်ပိုင်းဆိုင်ရာရှုမြင်သောကျင့်စဉ် ပုံသေနည်းအပေါင်းကိုလည်း စမ်းသပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏ခံတွင်းသည် ငတ်ပြတ်ခဲ့စဉ်ကလည်း ကျွန်ုပ်၏အခြေအနေသည် အခြားသူများကဲ့သို့ အခြေအနေပျက် မဟုတ်ရသကဲ့သို့ ကျွန်ုပ်ပြည့်စုံပြည့်ဝလာသောအခါတွင်လည်း အားလုံးနှင့်မတူနိုင်တော့ပါ။ ဤခံစားချက်ဖြင့် အချိန်ကြာမြင့်စွာ ကြိုးပမ်းလှုပ်ရှားလေ့လာမှုဖြင့်ရရှိသော ကုရ်အာန်၏အသိကို ဆက်လက်၍ ဖော်ပြမည့်စာမျက်နှာများတွင် ရှုစားရပါတော့မည်။

مَا كَانَ حَدِيثًا يُفْتَرَى وَلَكِن تَصْدِيقَ الَّذِي بَيْنَ يَدَيْهِ وَتَفْصِيلَ كُلَّ شَيْءٍ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ

ဤကုရ်အာန်ကျမ်းတော်မြတ်သည်ကြံဖန်လီဆယ်ထားသောကျမ်းမဟုတ်။ယင်း၏အလျင်ရှိနေသောကျမ်းများကိုအတည်ပြုသောကျမ်းသည်လည်းကောင်း၊ အရာခပ်သိမ်းတို့ကိုအသေးစိတ်ရှင်းလင်းမှုသည်လည်းကောင်း၊ သက်ဝင်ယုံကြည်ကြသူတို့အဖို့တရားမွတ်ညွှန်ကြားမှုသည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း၊ ဖြစ်ချေသတည်း။

ကုရ်အာန်ကျမ်းတော်မြတ်၁၂ ： ၁၁၁။

အဗ္ဗူကလာမ်

၁၉၃၀ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်

ဒိစ်တစ်အကျဉ်းထောင်

မီရတ်မြို့။

□□□□□□□□

# بِسْمِ اللهِ الرَّحْمٰنِ الرَّحِيمِ

## سورة الفاتحة

## စူရာဖွာတေဟာ၏ ထူးခြားမှုထွက်မြတ်မှုနှင့်အရေးပါမှု

ဤစူရာဖွာတေဟာသည် ကျမ်းမြတ်ကုရ်အာန်၏ ပထမဦးဆုံးအဖွင့် စူရာဖြစ်သည်။ ထို့ကြောင့်လည်း ယင်းကို ''ဖွာတေဟာသွလ် ကိသာဗ်'' ကျမ်း၏ အဖွင့်ဟုခေါ်ဆိုခြင်းဖြစ်သည်။ (စူရာဆိုသည်မှာ ခေါင်းစဉ်တပ်စခုတတ်ထားသော ကဏ္ဍတစ်ခုကိုခေါ်ဆိုခြင်းဖြစ်သည်။) အကြောင်းအရာ တစ်ခုခုသည် ထူးခြားလျှင် ထူးခြားသည့်အလျောက် နေရာကောင်းကို ရတတ်သည်။ ဤစူရာသည်လည်း ထူးခြားလှသောကြောင့် ကျမ်းမြတ်ကုရ်အာန်၏ နေရာကောင်းကိုရရှိခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း ကျမ်းမြတ်ကုရ်အာန်၏ ပထမဦးဆုံးစာမျက်နှာတွင် ဖော်ပြခံထားရခြင်းဖြစ်သည်။ ဤစူရာနှင့်ပတ်သက်၍လည်း ကုရ်အာန်က အောက်ပါအတိုင်း ဖော်ညွှန်းထားသည်။

وَلَقَدْ آتَيْنَاكَ سَبْعًا مِّنَ الْمَثَانِي وَالْقُرْآنَ الْعَظِيمَ

''ငါအရှင်သည်အသင့်အား အစဉ်မပြတ် လေ့လာအပ်သော ခုနစ်ခုသောအရာနှင့် ထွက်မြတ်လှသော ကျမ်းမြတ်ကုရ် အာန်ကို ပို့ချပေးသနားတော်မူသည်။'' (၁၅ း ၈၇)

တမန်တော်မြတ်၏ဩဝါဒကျမ်းများအရလည်း ဤအစဉ်မပြတ်လေ့လာအပ်သောအရာဟူသည့်အပိုဒ် (၇) ပိုဒ်ပါရှိသော ဤစူရာဖွာတေဟာပင်ဖြစ်ကြောင်း သိရပေသည်။ ယင်းစူရာကို ဣမ့်ပ်တို့အစဉ် ဆွလာသ်ပြုနေချိန်တွင် အစဉ်မပြတ် လေ့လာဖတ်ရှုနေရသည်။သို့ဖြစ်၍လည်းယင်းကို ''ဆဗ်အာလ်မဆာနီ'' ဟုခေါ် ဆိုခြင်းဖြစ်သည်။ တမန်တော်မြတ်၏ ဩဝါဒကျမ်းများတွင် ဤစူရာကိုအောက်ပါ အမည်များနှင့်လည်းခေါ်ဆိုသုံးစွဲထားသည်ကိုတွေ့ရသည်။

''အုမ်မူလ်ကိသာဗ်''

အရဗီစာပေတွင်''အုမ်''ဟုတတ်၍ခေါ်သောအရာများသည် ထူးခြားမှုကို ဆောင်သည်။စစ်တပ်၏အလံတော်ကို''အုမ်''ဟုခေါ်သည်။အကြောင်းမူ တပ်မတော် တစ်ခုလုံးသည် ယင်းအလံအောက်တွင်ရှိသည်။ လူ၏ဦးခေါင်းအလည်ဗဟိုကို ဦးနှောက်ရှိခြင်းကြောင့် အုမ်မူလ်ကရာစ်ဟုခေါ်သည်။ အုမ်မူလ်ကိသာဗ်ဟု စူရာဖွာ

တေဟာကိုခေါ်ရခြင်းမှာလည်း ကုရ်အာန်ကျမ်း၏ အချက်အချာကျ၍ သိပ်းသည်းလှသော ဝိသေသဖြင့်ဖွဲ့နွဲ့ထားခြင်းကြောင့်ပင်။"အလ်ကာဖိယာ"အဓိပ္ပါယ်မှာ ချွေတာစုဆောင်းပေးသောအရာဟူ၍ရသည်။လုံလောက်သော အရာဟူ၍လည်း အဓိပ္ပါယ်ကိုဆောင်သည်။

ဤသို့စူရာဖွာတေဟာကို ခေါ်ဆိုရအောင်လည်း ယင်းစူရာတွင်လုံလောက်သော အဓိကကျသောအချက်များနှင့် ပြည့်စုံလှ၍ဖြစ်သည်။ "အလ်ကန်ဇ်"က အသုံးပြုမကုန်ခမ်း နိုင်အောင် ကြွယ်ဝများပြားလှသော ဘဏ္ဍာတော်ကိုခေါ်ဆိုသည်။ ယင်းကိုရတနာသိုက်ဟူ ၍လည်း ခေါ်ဆိုနိုင်သည်။ ယင်းအချက်နှင့် ပြည့်စုံရအောင်လည်း စူရာဖွာတေဟာသည် အရေးကြီးလှသောအချက်များကို စုဆောင်းထားရာ စူရာတစ်ပုဒ်ဖြစ်သည်။

"အဆာဆွလ်ကုရ်အာန်"အဓိပ္ပါယ်မှာကုရ်အာန်ကျမ်း၏ မဏ္ဍိုင်အုတ်မြစ်ဖြစ်သည်။ဤစူရာ၏နက်နဲသော အကြောင်းအချက်ကြောင့် ယင်းကိုမဏ္ဍိုင်ဟူ၍၎င်း အုတ်မြစ်အခြေခံအဖြစ်၎င်း ခေါ်သည်။

အထက်ဖော်ပြပါအချက်များသာမက ဤစူရာတော်ကို ချီးမွမ်းခန်းဖွင့်ထားသော တမန်တော်မြတ်၏ အခြားအခြားသော ဩဝါဒများ အများအပြားလည်းရှိပါသေးသည်။စူရာဖွာတေဟာတွင်သစ္စာတရားတည်းဟူသော ကုရ်အာန်၏ အနှစ်သာရအားလုံးပါရှိသည်။ဤစူရာ၏အဓိပ္ပါယ်ကို သေချာစွာလေ့လာကြည့်သော အခါ စူရာဖွာတေဟာ နှင့်ကျမ်းမြတ်ကုရ်အာန်၏ အခြားအခြားသော ကျမ်းဏ္ဍများ၏ အဆက်အစပ် အလှအပနှင့် ဆက်နွယ်မှုကို သိမြင်လာရသည်။ ကျမ်းမြတ်တွင် ဖော်ပြထားသော ဒီင်နီ၏တိကျမှန်ကန်မှုနှင့် ကုရ်အာန်တည်းဟူသော သစ္စာတရား၏ ရည်ရွယ်ချက်ဖော်ပြမှုကို စူရာဖွာတေဟာတွင် အနှစ်ချုပ်အလှဆင် ဖော်ပြထားသည်ကို တွေ့ရသည်။

အကြင်သူတစ်ဦးတစ်ယောက်သည် စူရာဖွာတေဟာ တစ်ပုဒ်တည်းကိုပင်လျှင် ကျေညက်စွာလေ့လာလိုက်လျှင်ပင် ကုရ်အာန်တစ်အုပ်လုံး၏ ဆိုလိုရင်းအနှစ်ကိုသဘောပေါက်၍ ကုရ်အာန်ကဖော်ပြသော အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကို လက်ခံလိုက်နာမှုဆိုင်ရာအခြေခံကျသော ရည်ရွယ်ချက်ကိုသိမြင်နိုင်ပေမည်။ထိုမျှမက ဤစူရာသည် အလ္လာဟ်အရှင်မြတ်ထံသို့ လူသားတို့ကတောင်းခံသော အလိုအပ်ဆုံးဆုမွန် တောင်းခံခြင်းလည်းဖြစ်သည်။ထိုမျှမက နေ့စဉ်တည်ဆောက်ဝတ်ပြုနေသောဆွလာသ်တည် ဆောက်မှုတွင် မပါမဖြစ်အရေးပါလှသော အပိုင်အဖြစ်ပါရှိခြင်းကပင်လျှင် စူရာဖွတေဟာ၏ အရေးပါမှုကို ပေါ်လွင်ထင်ရှားစွာ သိမြင်နိုင်ပေသည်။

ကုရ်အာန်ကျမ်းကို အနှစ်ချုပ်ထားသောသဘောကိုဆောင်သော အရေးပါသော ကဏ္ဍသာမကအစီအရီကောင်းမွန်လှ၍ လွယ်ကူလှသောစာပိုဒ် ၇ ပိုဒ်ဖြစ်၍ ယင်းကိုလူသားတို့ လွယ်လင့်တကူ အာဂုံဆောင်နိုင်သည်။ မှတ်စလင်မ်တို့အဖို့ရာ၌ အစဉ်အမြဲရွတ်ဖတ်နေရသည့် ဤစူရာသည် လူ့ဘဝ လောကီအကျိုးအတွက်ရှေ့ဆောင်လမ်းပြဖြစ်ရုံ သာမက တစ်ဆူတည်းသောခဝပ်း ကိုးကွယ်ထိုက်သော အလ္လာဟ်အရှင်အားယုံကြည်မှုအတွက် အရေးပါသော သွန်သင်ချက် ဖြစ်သည်။ ဤဖော်ပြပါအတိုင်း လူတို့၏ဖော်မပြနိုင်လောက်သော ရည်မှန်းချက်အားလုံးအတွက် မီးရှူးတန်ဆောင်ဖြစ်နေ၍လည်း ကုရ်အာန်က အစဉ်မပြတ် လေ့လာရွတ်ဖတ်သောအရာ "ဆဗ္ဗ အာ မီနလ် မဆာနီး"ဟု ဖော်ညွှန်းပြသထားခြင်းဖြစ်ပါသည်။ အကြင်သူတစ်ဦးတစ်ယောက်သည် စာမတတ် အသိဉာဏ်နည်းနေသူဖြစ်နေလင့်ကစား ဤစူရာကိုလွယ်လင့်တကူ အာဂုံဆောင်၍ သိနားလည်လွယ်နိုင်ခြင်းသည်ပင်လျှင် အံ့ဘွယ်တစ်ရပ်ဖြစ်သည်။ လွယ်ကူပြီး အရေးပါလှ၍လည်း တမန်တော်မြတ်၏ဩဝါဒကျမ်းတွင်ဤစူရာမပါဘဲ ဆွလာသ် ဝတ်ပြုခြင်း မပြုလုပ်နိုင်ကြောင်းကို အောက်ပါအတိုင်းဆိုထားသည်။

لاصلوة الا بفاتحة الكتا ب

"ဤကျမ်း၏ ကဏ္ဍအဖွင့်မပါဘဲ ဆွလာသ်တည်ဆောက်ခြင်းမပြုရ" ဟုဆိုထားသည်။ အကြင်သူတစ်ဦးတစ်ယောက်သည် ကုရ်အာန်ကျမ်းမြတ်ကို လေ့လာလိုက်စားပြုမှုကျင့်သုံးလေလေ ထိုသူ၏ ဘဝမှာပြည့်စုံတိုး တက်ကောင်းမွန် လေလေဖြစ်လာမည်မှာမလွဲကေန်ပင်ဖြစ်သည်။ထိုသူအဖို့ အောက်ထစ် အနည်းဆုံး စူရာဖွာတေဟာ၏ အကျိုးကိုခံစားရပေမည်။ဒီင်န်၏မှန်ကန်မှုနှင့်စပ်လျဉ်း၍ သစ္စာတရားတည်းဟူသောကုရ်အာန်ကျမ်းလာစူရာဖွာတေဟာမှရရှိသော ကျေးဇူး ကို အသေအချာ လေ့လာလျှင် ၎င်းအောက်ပါအချက်လေးချက်ကို တွေ့မြင်ရသည်။

(၁) အလ္လာဟ်အရှင်မြတ်၏ ဆွဖာသ်တော်ကို သေချာစွာရှုမြင်ရသောဒဿန အတွေ့အမြင်ကိုသိနားလည်လာရသည်။ အလ္လာဟ်အရှင်မြတ်၏ ဆွဖာသ်တော်ကို မသိမြင်ခြင်းနှင့်လွဲမှားစွာ ရှုမြင်ခြင်းကြောင့် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မှု တွင် လူသားတို့အဖို့ တိမ်းမှောက်ချွတ်ချော် လမ်းပျောက်ရလေ့ရှိသော သာဓကများ အများအပြားရှိခဲ့သောကြောင့်ထိုအဖြစ်မျိုးနှင့်မကြုံတွေ့နိုင်ဘဲအရှင်မြတ်၏ ဆွေဖသ် တော်ကိုမှန်ကန်စွာရှုမြင်နိုင်ပေမည်။

(၂) တိကျသောဥပဒေများကိုဆန်းစစ်သောနည်းအားဖြင့် ယုံကြည်လက်ခံ အပ်သောအချက်ကိုပြသပေးခြင်း ဤကမ္ဘာပေါ်တွင်တွေ့ရှိသမျှသော သက်ရှိသက်မဲ့ အားလုံးတို့သည် တိကျသော နည်းစနစ်အားဖြင့် တည်ဆောက်ထားသကဲ့သို့

လူသားတို့၏ ပြုကျင့်သော အလုပ်အားလုံးသည်လည်း တိကျသောစည်းစနစ်အားဖြင့် ရောင်ပြန်ဟပ်သော ရလာဒ်ကိုဖြစ်ထွန်းစေသည်။ ကောင်းမြတ်သော အပြုအကျင့်တည်ဆောက်မှုသည် ကောင်းမြတ်သောရလာဒ်ကို ဖြစ်ထွန်းစေသကဲ့သို့ မကောင်းသော အပြုအကျင့်သည်လည်း မကောင်းသောရလာဒ်ကို ဖြစ်စေသည်ကို ကုရ်အာန်က လမ်းညွှန်ပြသသည်။

(၃) သေလွန်ပြီးနောက် ဆက်လက်ခရီးဆက်ရမည့် အာခေရသ်ကို ယုံကြည်စေခြင်း၊ ဤလူ့ဘဝသည် သေလွန်ပြီးနောက် ခန္ဓာကိုယ်သည် ပျက်ပြုန်း၍ ကုန်ဆုံးသွားပြီးနောက် လူ့ဘဝသည် ကုန်ဆုံးခြင်းမရှိဘဲ အာခေရသ်တည်းဟူသော လူသားတို့ ရလာဒ်ကိုခံစားရမည့်အပိုင်းက ရှိသေးသည်။ ဤရလာဒ်အပိုင်းနှင့်လည်း လူသားတို့ရင်ဆိုင်ရဦးမည်ကို ကုရ်အာန်က လမ်းညွှန် ပြသသည်။

အထက်ပါအချက် ၄ ချက်ကို စူရာဖွာတေဟာက အလွန်သိပ်သည်းကျစ်လစ်စွာ စုဆောင်းဖော်ပြရုံမက တိကျမှန် ကန်သော လမ်းညွှန်ပြသချက်ကို စကားပိုဖြင့်တန်ဆာဆင်ခြင်းမပြု၊ လိမ်လည်ဖြားယောင်းခြင်းမပါဘဲ ဖော်ပြထားခြင်းက ပင်လျှင် စူရာဖွာတေဟာ၏ ထင်ရှားသောကျေးဇူးတော်ပင် ဖြစ်သည်။

ကမ္ဘာပေါ်တွင်အမှန်တရားနှင့်နီးစပ်သောစကားများသည် ရှုတ်ထွေးပွေလီခြင်း မရှိပါ။ လွယ်ကူမှုနှင့် ရိုးရိုးဖြောင့် ဖြောင့်တင်ပြချက်ဖြင့် လူ့စိတ်ကို စွဲဆောင်နိုင်လောက်အောင် ဆွဲငင်အားဖြင့် ပြည့်လျက်ရှိနေတတ်သည်ကို သတိပြုအပ်သည်။ အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားသော သဘာဝလောကကြီးကပင်လျှင် ဆန်းစစ်ကြည့်သူတို့အဖို့ ရှုတ်ထွေးစွာ ရှုမြင်ရ သည်ဟူ၍ မရှိပါ။ ရှုတ်ထွေးမှုကိုဖြစ်စေသောတရားများ၊ စကားများသည် လူတို့လုပ်ကြံဖန်တီးသောတရားများစကားများပင်ဖြစ်ပေသည်။

သစ္စာတရားဟူသည်ကား လွယ်ကူရှင်းလင်းရုံမက လူသားတို့၏ စိတ်ကိုစွဲဆောင်တတ်သောအားလည်း အပြည့် အဝရှိရပေမည်။ စိတ်ကိုစွဲဆောင်တတ်မှုဟုဆိုရာ၌ တစ်ဦးတစ်ယောက်၏ရှေ့မှောက်တွင် သစ္စာတရားကို ဖော်ပြမိလျှင် ယင်းသူ၏ ဆင်ခြင်တုံတရားအဖို့ သူစိမ်းဆန်သောစကားဟု မမြင်မတွေ့ဘဲ ဆင်ခြင်တုံတရားအရလက်ခံလာရမှုသည်ပင်လျှင် အလျင်က ကြားဖူးသိဖူးခဲ့ရသောစကားဟု သိမြင်ရသကဲ့သို့ဖြစ်မည်။

သေချာစွာလေ့လာဆန်းစစ်ကြည့်လျှင် အလ္လာဟ်အရှင်မြတ်အား ခဝပ်ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်သော အသိအမြင်အတွေးအခေါ်ကို ဤအဖွင့်ကဏ္ဍထက် မည်သည့်တရားကမျှ ရိုးသားပွင့်လင်းစွာ ဖော်ပြနိုင်မည်ဟု မထင်ပါ။ ထိုမျှ သာမက ဤခုနစ်ခုသောစာပိုဒ်များမှာ ရှုတ်ထွေးခြင်းကင်းမဲ့စွာ တိုတို

တုတ်တုတ်နှင့် ထိမိလွန်းလှခြင်းကြောင့် အဖိုးမဖြတ်နိုင် သော ရတနာများကို စီချယ်ထားသည်။ နဝရတ်လက်စွပ်ပမာပင်ဖြစ်စေသည်ဟု ဆိုနိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်ကိုတမ်းတသတိရရာတွင်လည်း နေ့ညမပြတ် မြင်တွေ့နေရ သော မြင်ကွင်းများကို ကျော်လွှားခြင်းမရှိဘဲ သဘာဝလောကကို ရှုမြင်ခံစားရင်းဖန်ဆင်းခံများကဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်ကို ခေါ်ဆို ဖော်ပြတမ်းတသည့်အသွင်ပင်ဖြစ်သည်။ ပညာဗဟုသုတမဲ့ရသောသူဖြစ်၍ အဆင့်မြင့်သောတွေးခေါ်မှုကိုမပြုနိုင်သော်လည်း မြင်တွေ့နေရသော အလ္လာဟ် အရှင်မြတ်၏ များမြောင်လှသော ကျေးဇူးတော်ကို ချီးကျူးထောပနာခြင်းကိုမူ မပြုလုပ်ဘဲမနေနိုင်ပါ။

ကမ္ဘာပေါ်တွင် အမှန်တရားကို ရှာဖွေမှုပြုရာတွင် လူတို့ မည်၍မည်မျှ ခက်ခဲသောပြဿနာရပ်များနှင့် ရင်ဆိုင်ရပါစေ၊ ယင်းအမှန်တရားကို ခဲရာခဲဆစ် ဖော်ထုတ်၍နေမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသူတို့အဖို့ ယင်းအမှန်တရား အကြောင်းအရာသည် ရိုးသားပွင့်လင်းသော စကားထက်ပို၍ မည်သည့်ခက်ခဲ သော စကားအရာမျှမဟုတ်နိုင်ကြောင်း တွေ့ရပေမည်။

ကမ္ဘာပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ ဝဟီလမ်းညွှန်ချက်သည် လူသားတို့အလယ်သို့ရောက်ရှိလာလေတိုင်း ယင်းလမ်းညွှန်ချက်သည် တစ်ခါမျှမသိသောမကြားရသော ရှုတ်ထွေးခက်ခဲသောစကားအဖြစ် ဘယ်သော အခါမျှ လူတို့အား မတင်ပြမပို့ချခဲ့ပါ။ မူလက ရှိနေပြီးဖြစ်ခဲ့သော အလ္လာဟ်အ ရှင်မြတ်နှင့်ပတ်သက်သော သောင်ဟီဒ်တစ်ဆူတည်းသောအရှင်ဝါဒကို အစဉ်မွမ်း မံပို့ချခဲ့ခြင်းသာဖြစ်သည်။ လမ်းမှန်ကိုညွှန်ပြပို့ဆောင်စေခဲ့ခြင်းသာဖြစ်သည်။ “စူရာဖွာတေဟာ” သည်လည်း ဤနည်းနှင်ပင်ဖြစ်သည်။

လူသားတို့ ဖြောင့်မတ်တည်ကြည်သောစိတ်ဖြင့် သစ္စာတရားကို ရှာဖွေလျှင် ဤအဖွင့် ကဏ္ဍပါ အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကို သိရှိသိမြင်ရပေမည်။ ထိုအခါ လူသားတို့အဖို့ ယင်းစကားသည် သူတို့၏ စိတ်တွင် မူလကတည်းက ကိန်းအောင်းနေသောအမှန်တရားသာဖြစ်ကြောင်းသိမြင်ခံစားရပေမည်။ ဤတိုတို တုတ်တုတ် ဆုမွန်တောင်းခံလွှာတွင် အောက်ပါအချက်ကို ရှာဖွေတွေ့မြင်နိုင်သည်။

(၁) အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ သိမြင်ခံယူမှတ်ယူရာတွင် လူတို့ စိတ်ကူးထဲ၌ ထင်ယောင်ထင်မှား ကိန်းအောင်း ဖြစ်ထွန်းနေသော အချက်တစ်ချက် ရှိနေသည်။ ယင်းအချက်ကား အလ္လာဟ်အရှင်မြတ်အား အာရုံပြုမှန်းဆရာတွင် အလ္လာဟ်အရှင်မြတ်ကိုအချစ်မေတ္တာပွားများစေရာဟုမမြင်ဘဲ အတိတ်က ယူဆခဲ့သ လိုပင် ကြောက်ရွံ့ရာကိုဖြစ်စေသောအရှင်နှင့် ခြိမ်းခြောက်မှုပြုသောအရှင်ဟူသော

အသိစိတ်ဖြင့် သိမြင်ခံယူမိတတ်ခြင်းပင်ဖြစ်သည်။

စူရာဖွာတေဟာ၏ ပထမဆုံးသော စာပိုဒ်သည် ယင်းအတိတ်ကာလများယွင်းသောအယူအဆနှင့်ခံယူချက်တို့ကို ပယ်ဖျက်ဖယ်ရှားကာ ခံယူချက်အသစ်ကို တည်ဆောက်ပြသည်။ စူရာဖွာတေဟာ၏ အစကို ဟမ်ဒ်တည်းဟူသော ချီးကျူးထောပနာမှုမှအစပြု၏။ အရဗီဘာသာစကားတွင် ဟမ်ဒ်ဟူသော စကားလုံးသည် ကောင်းမြတ်သောဂုဏ်တော်၊ လက္ခဏာတော်များကို ထောမနာမှုပြုခြင်း၊ ချီးကျူးထိုက်သူကို ချီးကျူးခြင်းကိုခေါ်ဆိုခြင်းဖြစ်သည်။ ကြောက်ရွံ့နေရခြင်း၊ ခြိမ်းခြောက်အကြမ်းဖက်ခံနေရခြင်းတို့ကိုမည်သို့ချီးကျူးထောပနာမှုပြုရမည်နည်း။

မဟ်မူဒ်အချီးမွမ်းခံထိုက်သော အရည်အချင်းအလုံးစုံကို ပိုင်ဆိုင်သောဂုဏ်တော်များမြောင်ကြွယ်ဝမှုရှိသောအရှင့် အလ္လာဟ်အရှင်မြတ်သည် မည်သည့်နည်းနှင့်မျှ ချောက်လည်းမချောက်၊ ကြောက်စရာလန့်စရာလည်း မဖြစ်နိုင်ပါ။ ယင်းဟမ်ဒ် ချီးကျူးထောပနာမှုပြုပြီးနောက် အလ္လာဟ်အရှင်မြတ်၏ ရဗ္ဗူဗီယသ် တည်းဟူသောအရာရာကို ဖန်ဆင်းပြုစုကာ အဆင့်ဆင့်ပျိုးထောင်ပေးသောဂုဏ်တော်၊ ရဟ်မဟ်တည်းဟူသော ကရုဏာကို သတ္တဝါအပေါင်းတို့ကို အစဉ်မပြတ် ဖြန့်ကြဲပေးသောဂုဏ်တော်နှင့်အဒါလသ် တည်းဟူသော အရာရာတိုင်းတိကျမှန်ကန်သောစည်းစနစ်နှင့် အားလုံး သေအရာများကို ခွဲခြားခြင်းကင်းမဲ့စွာမျှတမှုဆိုင်ရာ ဂုဏ်တော်အကြောင်းများကို ဖော်ပြသည်။

ဤသို့အားဖြင့် လူသားတို့ အတွက် သောကကင်းမဲ့၍ သာယာသောလူ့အဖွဲ့အစည်းတည်ဆောက်မှုဆိုင်ရာ လိုအပ်သောအမြင်များကို ဘေးရန်ခပ်သိမ်းလမ်းလွဲလမ်းမှားကို ရှောင်ရှာပေးသောနည်းပေးခြင်းဖြင့် ရရှိစေမည့်နည်းလမ်းကိုဖော်ပြပြန်သည်။

(၂) ''**ရဗ္ဗိလ်အာလမီန်**'' တည်းဟူသောဖွင့်ဆိုချက်တွင် အလ္လာဟ်အရှင်မြတ်၏ မြင့်မြတ်သော **ရဗ္ဗူဗီယသ်** စည်းစနစ်လမ်းစဉ်ကို ဖော်ပြသည်။ ယင်းစည်းစနစ်လမ်းစဉ်အရ သဘာဝလောကတွင် ရှိရှိသမျှသော လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းလူမျိုးနွယ်အဖုံဖုံ တိုင်းနိုင်ငံအဝဝနှင့်ရှိရှိသမျှသော သက်ရှိသက်မဲ့အပေါင်းတို့ကို ဖန်ဆင်းပြုစုကာ အဆင့်ဆင့်ပျိုးထောင်ပေးသော အရှင်သည် အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်ကြောင်းကိုပြဆိုသည်။

ဤသို့အားဖြင့် အမြင်ကျဉ်းမြောင်းလှသော သူတို့သာလျှင် မြင့်မြတ်လှသည်။ ကျန်လူသားတို့သည် နိမ့်ကျလှသည်ဟူသောနိမ့်ကျသောလူမျိုးရေးဝါဒနှင့် မဟာလူမျိုးကြီးဝါဒ ဆိုင်ရာအမြင်ကို ပိတ်ပင်သည်။ သူတို့သာလျှင် မြင့်မြတ်ပြီး အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် သူတို့သာ သာလွန်လှသည်ဟူသော

အတွေးအခေါ် အယူအဆများယှဉ်းကြောင်း **"ရဗ္ဗုဗိယသ်"** ဂုဏ်တော်က ပြသည်။

**(၃) မားလိကိ ယောင်မိဒ်ဒီးန်**ဟူသော စာပိုဒ်တွင် **အဒ္ဒီးန်** တည်းဟူသော စကားလုံးသည် မည်သည့်လုပ်ဆောင်မှုလုပ်ရပ်အတွက်မဆိုရလာဒ်ရှိ သည်ဟူသော ဥပဒေကို ဖော်ညွှန်းပြသခြင်းဖြစ်သည်။ ယင်းဥပဒေကို ဒိင်န်ဟူသောစကားလုံးနှင့် ဖော်ပြခြင်းဖြင့် လူသားတို့အဖို့ သူတို့၏လုပ်ဆောင်မှုနှင့်ပတ်သက်၍ တိကျ သတ်မှတ်ထားသော တရားစီရင်ရေးဆိုင်ရာ ဥပဒေသကို သတ်မှတ်ထားခဲ့ပြီးဖြစ်၍ အလ္လာဟ်အရှင်မြတ်က လူတို့ကိုအမျက်တော်ရှိလျှင်စူးရှစွာခက်ထန်သော ဒဏ်ခတ် ပြစ်ဒဏ်ပေးသည်ဟူသော အယူအဆဟောင်းကို ချေဖျက်ပစ်သည်။ လူသားတို့အဖို့ သူတို့၏လက်တွေ့လုပ်ဆောင်ချက်နှင့်ပတ်သက်သောရောင်ပြန်ဟပ်သော တန်ပြန် သက်ရောက်မှု ဥပဒေသာလျှင်ရှိသည်ဟု ကုရ်အာန်ကဆိုသည်။ ဤနည်းအား ဖြင့်သာလျှင် ဆုလာဒ်နှင့်ပြစ်ဒဏ်ကိုရ၏။ ဆိုးယုတ်မှုကို လူတို့ကဖန်တီးယူသည်။ ကောင်းမြတ်မှုကိုအလ္လာဟ်ကပေးသည်ဟုကုရ်အာန်ကဆိုသည်။

**(၄) ရဗ္ဗုဗိယသ် နှင့် ရဟ်မသ်။ ။**ပြီးနောက် မားလိကိယောင်မိဒ်ဒီးန် ဖော်ပြချက်အရဤသဘာဝလောကကြီးတစ်ခုလုံးသည် ရဟ်မသ်နှင့် ဂျမာလ်အလှ တန်ဆာဆင်ထားရှိမှုနှင့်အတူ ပြစ်မှုကိုကျူးလွန်သော သူတို့အား ပြစ်ဒဏ်ပေးနိုင် စွမ်းရှိခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အာဒိလ်တည်းဟူသော တရားမျှတမှု ဂုဏ်တော်ကြောင့်ပင်ဖြစ်သည်ကိုပြဆို၏။ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်း ကို တိကျသောသတ်မှတ်ချက်ဖြင့် စည်းကမ်းဘောင်ခတ်သတ်မှတ် တည်ဆောက် ထားခြင်းဖြစ်သည်။ ယင်းအဒါလ်တရားမျှတမှုကို ရဟ်မသ်ကရဏာ လွှမ်းခြုံထား ရှိခြင်းကြောင့်ရဟ်မသ်၏ဆန့်ကျင်ဘက်မဟုတ်ကြောင်းကို သိထိုက်ပေသည်။

**(၅) အိဗာဒသ်။ ။** ခဝပ်ကိုးကွယ်မှုနှင့်ပတ်သက်၍ **"နအဗုဒုက"** إياك نعبد**"ကျွန်ုပ်အိဗာဒသ်ပြုပါ၏"**ဟူ၍ ဆိုထားခြင်းမဟုတ်ပါ။ **"အိယားကနအဗုဒု"**တည်းဟူသော إياك نعبد၊ "အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုး ကွယ်ပါ၏"ဟု ဆိုထားခြင်းသည် တစ်ဆူတည်းသော အရှင်ဝါဒသောင်ဟီဒ်၏ အတိမ်အနက်ကိုပြည့်စုံစွာဖော်ပြခြင်းဖြစ်ပါသည်။ယင်းမှဆက်၍ထင်ယောင်ထင်မှား တုဖက်ယှဉ်တွဲကိုးကွယ်မှု"ရှရိက်"ပြစ်မှုကိုလုံးဝပိတ်ပင်သည်ကို တွေ့ရသည်။

**(၆) ''ဧဟ္ဒိနာသိရာသလ် မုစ်တကီးန်။ ။** အောင်မြင်သောနည်းလမ်းကို صراط المستقيم တည်းဟူသော ဖြောင့်မတ်သောလမ်းဟူ၍ဖော်ပြသည်။ ဤဖော်ပြချက်ထက် ကောင်းမွန်သောလမ်းဟူ၍ မရှိပါ။ လက်တွေ့ဘဝမျက် မှောက်တွင်လည်း ဖြောင့်မတ်သောလမ်းသည် ကွေးကောက်သောလမ်းထက် ရှင်းလင်းလှသည်။ မည်သူမျှဖြောင့်မတ်မှုကို ရှုပ်ထွေးလှသောအကွေ့အကောက်နှင့်

မလဲနိုင်ပါ။ မမျှော်မှန်းနိုင်ပါ။ လူတို့သည် ဖြောင့်မတ်မှုကို ကြိုက်နှစ်သက်ကြသည်။

(၇) ဖြောင့်မတ်မှုနှင့်ပတ်သက်၍ လူတို့သိမြင်နိုင်သော သက်သေပြနိုင်သော သာဓကကိုလူတို့၏ ဆင်ခြင်တုံတရားအားဖြင့် စဉ်းစားကာ "ကောင်းမြတ်သောသူ အရှင်၏ ဆုလဒ်ကိုလက်ခံရရှိသောအောင်မြင်သူ"ကို မျှော်မှန်းတမ်းတ ဖြစ်မြောက်စေသည်။မည်သည့်နိုင်ငံ၊မည်သည့်လူမျိုး၊မည်သည့်ခေတ်ကာလ မည်သည့်လူပုဂ္ဂိုလ်ဖြစ်ပါစေ၊ လူသားသည် အစဉ်အားဖြင့် လူ့ဘဝ တစ်လျှောက် တွင် မည်သူသည် အောင်မြင်သူဖြစ်သည်။ မည်သူသည် ဆုံးရှုံးသောသူဖြစ် သည်ကို ခွဲခြားသိမြင်ရလေအောင် လူ့ဘဝဇာတ်ခုံသမိုင်းတွင် သက်သေသာဓက များသည် ပေါ်လွင်ထင်ရှားစွာရှိနေသည်ဖြစ်၍ ကောင်းစွာပင်ခွဲခြားသိမြင်နိုင်ပါသည်။

သို့ဖြစ်၍လည်း အလ္လာဟ်အရှင်မြတ်အထံတော်တွင် ဒိုအာဆုမွန်တောင်းခံရာတွင်လည်းအထက်ပါနှင့်မှန်ကန်ကောင်းမြတ်သောသူသည် ဘဝခရီးလမ်းကြောင်းတွင် အရှင်မြတ်၏ လမ်းညွှန်ချက်ကို ခံယူခြင်းဖြင့် ရုန်းကန်လှုပ်ရှားရာ၌ နောက်ဆုံးအောင်မြင်သောသူ အဆင့်သို့ရောက်ရှိရသည်သာရှိသည်။ ဆုံးရှုံးသော သူမဖြစ်မလာနိုင်ပါ။ ဤဆုမွန်သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်သော သစ္စာဝါဒီတို့၏နှလုံးသားတွင်စွဲကပ်၍ နှုတ်ဖျားတွင်ဖွင့်ဟပြောဆိုမပျက် အစဉ်တည်ရှိနေသည်ကို ခံယူချက်ပင်ဖြစ်တော့သည်။

## "ဟမ်ဒ်"၏သဘောတရား اَلْحَمْدُ لِلّٰهِ

အရဗီစာပေတွင် ဟမ်ဒ် ဟူသောစကား၏အဓိပ္ပါယ်မှာ ကောင်းမြတ်သော ဝိသေသများကို ချီးကျူးထောပနာပြုခြင်းကိုခေါ်ဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ဆိုးယုတ်သောလက္ခဏာကို ဖော်ပြခြင်းကမူ ချီးကျူးထောပနာပြုခြင်းမမည်ပေ။ အထက်ပါ ဟမ်ဒ်စကားလုံးရှေ့တွင် အရဗီစာလုံး အလိဖ်နှင့် လာမ်ပါရှိသည်။ ယင်းသည် သဒ္ဒါသဘောအရ ထူးခြားမှုအတွက် ဖော်ပြခြင်း ဖြစ်သည်။ သို့ဖြစ်၍ "အလ်ဟမ်ဒုလိလ္လာဟ်"၏အဓိပ္ပါယ်ကအလုံးစုံသောချီးကျူးထောပနာခြင်း အပေါင်းသည် အလ္လာဟ်အရှင် မြတ်အဖို့သာလျှင် ဖြစ်သည်။ ယင်းလုပ်ဆောင်နိုင်စွမ်းသည် အရှင်မြတ်အတွင်း၌သာလျှင်ရှိသည်။ လှပသောမြင်ကွင်းရှိနေလျှင် ယင်းအလှအပကို တအံ့တသြရှုမြင်နိုင်ခြင်းသည် မဆန်းကျယ်လှပါ။ ထူးမြတ်သော မဟ်မူဒီယသ် ကောင်းမြတ်သောထောပနာခြင်းဝိသေသထူးခြားမှုရှိနေခြင်းကိုတွေ့လျှင် မချီးကျူးဘဲထောပနာခြင်းမပြုဘဲ အဘယ်သူသည် နေနိုင်အံ့ရာနည်း။

''ဟမ်ဒ်''ချီးကျူးထောပနာခြင်းမှအစချီရခြင်းမှာလူသားတို့သည် မည်သည့်အချိန်တွင်ဖြစ်စေ ဆန်းကျယ်လှသောမြင်ကွင်းကိုရှုမြင်ရသောအခါ သူတို့၏ အတွေးအမြင်ခံစားရချက်သည် တုန်လှုပ်အံ့ဩကာ သူတို့၏ခံစားရချက်ကို တအံ့တဩ ထုတ်ဖော်ပြသတတ်ကြသည်။ ထိုအခါမျိုးတွင် လူသားသည် ယင်းမြင်ကွင်း၏ ဖန်ဆင်းရှင်ကိုထုတ်ဖော်ချီးကျူးကြစမြဲပင်။လူသားတို့အဖို့ သစ္စာတရား ကိုရှာကြံရန်နည်းလမ်းနှင့်ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်က သဘာဝလောကကြီး၏ ဖန်ဆင်းမှုကို စဉ်းစားတွေးခေါ်ဆင်ခြင်းဖြင့် စူးစမ်းစေသည်။ ဤသို့ စူးစမ်းရာမှ ထိုသူ့အနေနှင့် အဖန်ဆင်းခံဝတ္ထုမှသည် ဖန်ဆင်းရှင်သို့ ရှာဖွေတွေ့ရှိနိုင်ပေသည်။

الَّذِينَ يَذْكُرُونَ اللَّهَ قِيَامًا وَقُعُودًا وَعَلَىٰ جُنُوبِهِمْ وَيَتَفَكَّرُونَ فِي خَلْقِ السَّمَاوَاتِ وَالْأَرْضِ

''သူတို့သည် အလ္လာဟ်အရှင်မြတ်အား ရပ်၍သော်လည်းကောင်း၊ ထိုင်၍သော်လည်းကောင်း၊ လဲလျောင်း၍သော် လည်းကောင်း သတိရအာရုံပြုကြသည်။ သူတို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးအား ဖန်ဆင်းရခြင်းကို ဆင်ခြင်သုံးသပ်တွေးခေါ်ကြသည်။'' (၃ း ၁၉၁)

အမှန်တရားကိုရှာဖွေသူတစ်ဦးတစ်ယောက်အနေနှင့်သစ္စာတရားကိုရှာဖွေနေခိုက်တွင်သဘာဝလောကကြီးကို လေ့လာသုံးသပ်ဆန်းစစ်သောအခါ ယင်းရှာဖွေချက်မှ ပထမဦးဆုံးသူ၏ နှလုံးသားနှင့်ဦးနှောက်အတွင်း ရိုက်ခတ်လာသော အရာကား သဘာဝလောကကြီးနှင့်ယင်း၏အတွင်း၌ရှိနေသောအရာများ၏ ဆန်းကြယ်လှသောလျှို့ဝှက်ချက်များပင်ဖြစ်သည်။ထိုသူသည် သဘာဝလောကကြီးနှင့် ယင်း၏အတွင်းရှိနေသောအရာများ၏ ဆင့်ကဲဆင့်ကဲ ဖွံ့ဖြိုးတိုးတက်လာသော အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းသော စနစ်ဖြစ်သော ရဗူဗီရယ်နှင့် ယင်းစနစ်ကို စီးဖြန်းပတ်ဖြန်းလျက်ရှိသော ရဟ်မယ်ကရုဏာများကို တစ်ခုပြီးတစ်ခုအတွင်း နစ်မွန်းသွားပြီးနှလုံးသားမှသည်ပါးစပ်ဖျားသို့''အလ်ဟမ်ဒုလိလ္လာဟ်ရဗ္ဗိ လ်အာလမိန်''တည်းဟူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် စကြာဝဠာအားလုံးကို ဖန်ဆင်းပြုစုပျိုးထောင်ပေးမှုအတွက် ထောပနာချီးကျူးထိုက်သော အရှင်ဖြစ်သည်ဟူသော အဖြေသည်ထွက်ပေါ်လာရခြင်းဖြစ်သည်။

လူတို့သည် သူတို့၏ဝန်းကျင်ရှိသဘာဝလောကကြီးကို စမ်းစစ်မှုပြုရာတွင် ဆန်းစစ်စူးစမ်းတွေးခေါ်မှုသည်များသော အားဖြင့် အတွင်းကျကျ မမြင်နိုင်ဘဲ၊ အပေါ်ယံအဆောင်အယောင်ကို ကျော်ဖျက်နိုင်ခြင်းမရှိဘဲ အတုအယောင်များ၏ လှည့်စားမှုအတွင်းနစ်မွန်းနေခြင်းသည် အလွန်မှုပင်ဝမ်းနည်းစရာကောင်း လှသည်။

လူတို့သည် ကန့်လန့်ကာ၏ ရှေ့ဖက်တွင် မြင်နေရသော အလှအပမြင်ကွင်းတွင်သာ နစ်မွန်းနေတတ်ကြပြီး ယင်းကန့် လန့်ကာ၏နောက်ကွယ်တွင်

ရှိနေသေးသည့်စစ်မှန်သော အလှကိုမူ ရှုစားတတ်အောင် စွမ်းဆောင်ချက်ကို ထုတ်ဖော်နိုင်ရန် မကျိုးစားကြပေ။ ဤသို့ ရှုမြင်ခြင်းအားဖြင့် သဘာဝလောက၏ အပေါ်ရုံဆန်းကျယ်မှုကိုအထင်ကြီးကာ ယင်းကို ဆည်းကပ် ကိုးကွယ်မှုသည် ပေါ်ထွက်လာခြင်းဖြစ်ပေသည်။

الحمدللهِ رب العالمين အလ်ဟမ်ဒုလိလ္လာဟ်ရဗ္ဗိလ်အာလမိန်ဟု အလ္လာဟ် အရှင် မြတ်အား ထောပနာမှုပြုလိုက်ခြင်းသည် သဘာဝလောက၏အလှအပ ဆန်းကျယ်မှုအဝဝသည် အလ္လာဟ်အရှင်မြတ်၏ ဆိုဖတ်တော်၏ရောင်ပြန် ဟပ်ခြင်းသာလျှင်ဖြစ်ကြောင်းကို ဝန်ခံခြင်းသာလျှင်ဖြစ်၍ သဘာဝလောကကြီးကို ဆည်းကပ်ကိုးကွယ်မှု၏ဆန့်ကျင်ဘက်ယုံကြည်ခြင်း လက္ခဏာဖြစ်သည်။ ယင်းထောပနာပြုချီးကျူးခြင်းသည် အဖန်ဆင်းခံပစ္စည်းများကိုပြုခြင်းမဟုတ်ဘဲ ဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ပြုကြောင်းသတိပြုအပ်ပေသည်။

ကျမ်းမြတ်ကုရ်အာန်ကို လူသားတို့အလယ်သို့ လမ်းညွှန်ချက်အဖြစ်ပို့ချခြင်း မပြုမီ အလျဉ်ကတည်းက အတိတ်လူ သားတို့သည် အလ္လာဟ်ဟူသောစကားလုံး ကို သူတို့လက်ခံယုံကြည်ခဲ့သော အမြင့်မြတ်ဆုံးနှင့် အကြီးကဲဆုံးအရှင်သခင်အ တွက် အသုံးပြုခဲ့ကြောင်းကိုရှေးဟောင်းစာပေ၊ ကဗျာနှင့်လင်္ကာများတွင် တွေ့မြင်ရ သည်။ သို့ရာတွင် အတိတ်ကာလ လူသားတို့သည် အလ္လာဟ်ကိုတမ်းတရာတွင် ကျမ်းမြတ်ကုရ်အာန်ကဖော်ပြသော ဆိဖယ်ဂုဏ်တော်များကို ယှဉ်တွဲဖော်ပြစဉ်းစား နိုင်ကြခြင်းမရှိပါ။ ကုရ်အာန်ကမူ အလ္လာဟ်ဟူသောကိုယ်ပိုင်နာမ်ကို ဆိဖယ် ဂုဏ်တော်များဖြင့် ယှဉ်တွဲဖော်ပြထားခြင်းကြောင့်ဆန်းကျယ်သော အနက်အဓိပ္ပါယ် ကိုပါ "ဒွန်တွဲ" ပေါ်ထွန်းလာစေနိုင်ခဲ့ပါသည်။

وَلِلّٰهِ الْأَسْمَاءُ الْحُسْنٰى فَادْعُوْهُ بِهَا

"ယင်းသည် ထိုအလ္လာဟ်၏ လှပထူးခြားသော ဆိဖယ်ဂုဏ်တော်များဖြစ်သည် အသင်အလိုရှိလျှင် ယင်းဆိဖယ်အားဖြင့် အရှင်အားခေါ်ဝေါ်သတိရလော။" (၇ း ၁၇၉)

ကျမ်းမြတ်ကုရ်အာန်က ဤအလ္လာဟ်ဟူသော နာမတော်ကိုဆက်လက်၍ သတ်မှတ်ဖော်ပြအသုံးပြုရခြင်းမှာ ယင်းစကားလုံးထက်ပို၍ ပီပြင်သော စကားလုံး မရှိခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ပြင် ယင်းစကားလုံးတွင်မြောက်မြားလှစွာသော လျှို့ဝှက်ဆန်းကျယ်ရာရာ အချက်များဖြစ်ပြီး ပြည့်ဝနေရုံသာမက အတိတ်ကာလ ကပင်လျှင် ယင်းအခေါ်အဝေါ်ဖြင့်ဖန်ဆင်းရှင်ကိုဖော်ညွှန်းကာတမ်းတ ဖော်ကျူး လာခဲ့ကြခြင်းကြောင့်ဖြစ်သည်။

လူသားတို့အဖို့"အလ္လာဟ်"သည် အတိတ်ကာလကတည်းက သိမြင်ထား

သောအသိဖြစ်သည်။ အတိတ်ကာလသမိုင်းဇာတ်ကြောင်းတွင် လူတို့အဖို့ သဘာဝလောကကြီး၏ အံ့ဩဖွယ်ရာ အဖြစ်သနစ်ကို တအံ့တကြမြင်ရသောအခါ ယင်းအင်အားစုကိုပင် ကိုးကွယ်ရာဟုမြင်ခဲ့ကြသည်။ သဘာဝလောကကြီး၏ ဝတ္ထုပစ္စည်းအစိတ်အပိုင်းများကိုဆည်းကပ်၍ အကာအကွယ်ရှာခဲ့ကြသည်။ ယင်းမှဆက်၍ကမ္ဘာအနှံ့အပြားတွင် ဘာသာစကား အသီးသီးဖြင့် အခေါ်အဝေါ်များ သတ်မှတ်ကာ အရှင်သခင်များကိုပူဇော်ပသခဲ့ကြသည်။

ယင်းဆည်းကပ်ကိုးကွယ်မှုသည် ဆင့်ကဲတိုးတက်လာသောအခါ ထိုအရှင်သခင်ထက် အဆင့်မြင့်သော အဆင့်ဆင့်သောအရှင်များကို ထပ်ဆင့်ရှာဖွေပြီး အင်အားရှိမှုအလျောက် အဆင့်မြင့်၍ ကိုးကွယ်လာခဲ့ရာ၊ လူသားတို့၏ စဉ်းစားကြံဆတွေးခေါ်မှုတွင် အင်အားအကြီးမားဆုံးသောအရှင်ကို မိမိတို့၏ အတွေးကွက်လပ်တွင် ဖြည့်ယူခဲ့ကြသည်။ သို့ဖြစ်၍လည်း အရှင်သခင်များစွာကို ဆည်းကပ်ကိုးကွယ် မှုတွင် အမြင့်ဆုံးသော အရှင်သည် အစဉ်တည်ရှိခဲ့သည်ကို ကမ္ဘာအနှံ့တွင်တွေ့မြင်ရသည်။

ဆီမိုက်တစ်(**SEMITIC**) ဘာသာစကားအုပ်စုတွင် ပါဝင်သော ဟီဘရူး၊ ဆီရီယန်၊ အာရမစ်၊ အရဗီဘာသာ စကားများတွင် ကိုးကွယ်ထိုက်သောအရှင်နှင့် ပတ်သက်၍ထူးခြားသော တူညီမှုကိုတွေ့ရသည်။ ယင်းတို့၏ အရင်းမြစ်မူလ အခြေခံစကားလုံးသည် "အ ၊ လ ၊ ဟ "ဟူသော တူညီသော အသွင်ရှိကြသည်။ ဆီရီယာစကားတွင် "အလ္လတိယ"ဟူ၍ လည်းကောင်း၊ ဟိတရူးစကားတွင် အလဝါဟ်ဟူ၍လည်းကောင်း၊ အာရဗီစကားတွင် အေလာဟ်ဟူ၍လည်းကောင်း တွေ့ရ သည်။ ယင်းဖော်ပြပါ အရဗီစကားလုံး အေလဟ်သည် ချီးကျူးဖော်ညွှန်း ကိန်း အလ်နှင့်ပူပေါင်းကာ အလ္လာဟ်ဟူ၍ဖြစ်ပေါ်လာရသည်။ ယင်း "အလ္လာဟ်" သည် သဘာဝလောကကြီးတစ်ခုလုံးကို ဖန်ဆင်းပြုစုပျိုးထောင်သော တစ်ဆူတည်း သော အရှင်အတွက်သာလျှင် သီးသန့်သုံးစွဲသော စကားလုံးဖြစ်သည်။

အကယ်၍ အလ္လာဟ်သည် အေလာဟမ်မှဆင်းသက်လျှင် အေလာဟ်ဟူသည်အဘယ်နည်း အေလာဟ်ဟူသောအရှင်သခင်ကို လူသားတို့အဖို့ သိမြင်နားလည်ရန်ကြိုးစားရာတွင် အစဉ်အံ့ဩတုန်လှုပ်ခွမ်းရှိမှုကိုဖြစ်စေခဲ့ရသည်။ လူသားအဖို့ သိမြင်ထားပြီးနှင့် သိမြင်ထားဖို့အတွက် လိုအပ်ချက်များကို သူတို့၏ ဉာဏ်ရည်ကိုအသုံးပြုရာတွင် အံ့ဩခြင်းသက်သက်ကို နားလည်သဘောပေါက်အောင်ပြုခြင်းမှအပ အခြားဘာမှမရှိဘဲ၊ လူသားသည် ယင်းသို့ ကြိုးစားမှုကို ဘိုးပွားမှုကို တိုးပွားလာအောင် ပြုလာလေလေ၊ သူတို့၏အံ့ဩတုန်လှုပ်မှုသည်

လည်း ထပ်မံကြီးပွားလာလေဖြစ်ခဲ့သည်။ နောက်ဆုံးသိရှိရသော ရလာဒ်ကား အလ္လာဟ်အရှင်မြတ်ကိုရှာကြံရာတွင်အစဦးနိဒါန်းပထမသည်လည်း အံ့ဩ တုန်လှုပ်ခြင်းဖြစ်ရသလိုနိဂုံးနောက်ဆုံးအခြေသည်လည်း အံ့ဩတုန်လှုပ်ခြင်း သာလျှင်ဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။

အထက်ဖော်ပြပါအချက်ကို စဉ်းစားဆန်းစစ်ကြည့်ပါက အလ္လာဟ်ထက် ပြည့်စုံသောအနက်ကိုဆောင်သောစကားလုံးသည် အလ္လာဟ်မှတစ်ပါး အခြားမရှိ နိုင်ပါ။ အလ္လာဟ်အရှင်မြတ်အားအရှင်၏ဆိုဖသ်တော်များနှင့်ခေါ်လျှင် မြောက်မြား စွာသော ဆိဖသ်တော်ဖြင့် ခေါ်ဆိုနိုင်သည်။ ဤသို့မဟုတ်ပဲ နာမတော်အားဖြင့် သာခေါ်လျှင်မူ ယင်းအံ့ဩတုန်ခါခြင်းဖြင့် နွမ်းရိစေသော ''အလ္လာဟ်''ဟူသော နာမတော်ထက်ပို၍ မည်သည့်နာမတော်က ကောင်းနိုင်မည်နည်း။ ယနေ့အထိ သဘာဝလောကကြီးနှင့်ပတ်သက်၍လူသားတို့၏ရှာဖွေတွေ့ရှိရချက်သည် ယင်း အံ့ဩတုန်လှုပ်ဖွယ်ရှုမြင်ရချက်ပင်မဟုတ်ပါလော။

သို့ဖြစ်၍လည်း ဤအကြောင်းနှင့်ပတ်သက်၍ လူတို့၏အသိ လူတို့၏အမြင် စကားရပ်ကိုကြီးကျယ်စွာဖော်ကျူးရာတွင်မိမိအတွေးမိမိစိတ်ကူးအတွင်း နစ်မြော သွားခြင်း သာဖြစ်စေခဲ့သည်။ ဤကန့်သတ်ချက်အထိ အသိအမှတ်ပြု နားလည်ခြင်းသာလျှင် ဆင်ခြင်တုံတရားအဖို့ အစဉ်ပြုနိုင်စွမ်းရှိခဲ့သည်။ အမှန်တရားရှာဖွေသူ၏နှလုံးသားနှင့်နှုတ်ဖြားမှထွက်ပေါ်လာသော စကားသည်ကား رَبِّ زِدْنِى فِيكَ تَحَيُّرًا တည်းဟူသော ''အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်ကို သိမြင်စေဖို့ ကျွန်ုပ်တို့၏ အံ့ဩမှုကိုကြီးမားသည်ထက် ကြီးမားစေတော်မူပါ''ဟူ၏။ အကြောင်းမူ ယင်းတုန်ခါခြင်းသည် မသိမြင်ခြင်းကြောင့် မဟုတ်ဘဲ ''မာရေဖတ်'' ဆက်သွယ်မှု အကျိုးအကြောင်းကြောင့်ပင်ဖြစ်သည်။

ဤ ''အလ္လာဟ်'' တည်းဟူသော နာမတော်ကို ခေါ်ဆိုရင့်ကျူးလေတိုင်း နာမတော်နှင့်ဆက်နွယ်နေသောဆိုဖသ်တော်များကို သတိရနိုင်သည်။ ဤသို့မဟုတ် ဘဲ ''အလ်ရဗ် အရ်-ရဟ်မာန်''ဟုသာဆိုလျှင်မူ ဤဖော်ပြပါ ဆိဖသ် ဂုဏ်တော် အတွင်းသာ ဘောင်ခတ်သိမြင်ပေမည်။ ဤသို့မဟုတ်ဘဲ ''အလ္လာဟ်'' ဟုဆိုလျှင်မူ ဂုဏ်တော်အနန္တကိုပိုင်ဆိုင်သော ဤသဘာဝလောကကြီး၏ အလှတန်ဆာ ကိုဖန်တီးသောအရှင်ကို ဖော်ကျူးရာရောက်ရှိပေမည်။

# ''ရဗ်ဗိုလ်အာလမိင်းန်'' رَبِّ الْعٰلَمِينَ

# ''ရူဗူဗိယသ်'' ربوبيّة

ချီးကျူးထောပနာခြင်းတည်းဟူသော ''ဟမ်ဒ်''နောက်တွင် အောက်ပါ ဂုဏ်တော် ဆွဲဖသ်လေးပါးကို ဖော်ပြထားသည် ကိုတွေ့ရသည်။ ''ရဗ်ဗိုလ်အာလမိင်းန်''၊ ''အရ်ရဟ်မာန်''၊ ''အရ်ရဟီမ်''၊ ''မာလိကိယောင်မိမိဒ်ဒိင်န်'' အထက်ပါ ဆွဲဖသ်တော်လေးပါးအနက် အရ်ရဟ်မာန်နှင့်အရ်ရဟီမ်သည် ရဟ်မသ် တည်းဟူသောဆွဲဖသ်တစ်ခု၏ ရှုထောင့်နှစ်ခုဖြစ်၍ အထက်ပါ ဆွဲဖသ်တော်လေးပါး ကို ထပ်မံရှင်းရသော် ရဗူဗိယသ် ရဟ်မသ်နှင့် အဒါလသ် တည်းဟူသော ဆွဲဖသ်ဂုဏ်တော်သုံးပါး၏ အကြောင်းဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

အေလာဟ်ကဲ့သို့ပင် ''ရဗ်''သည် ဆိမိုက်တစ် (SEMITIC) အုပ်စုဝင် ဘာသာစကားများ၏ အသုံးများသော အခြေခံရင်းမြစ် ဝေါဟာရပင်ဖြစ်သည်။ ဟီတရူ၊ ဆီးရီးယန်းနှင့် အရဗီဘာသာစကားသုံးမျိုးစလုံးတွင်ပင် ယင်း၏အဓိပ္ပါယ် က ပျိုးထောင်ခြင်းဟူ၍ရရှိသည်။ ပျိုးထောင်ပေးခြင်း၏လိုအပ်မှုသည် လူသား လောက၏ အခြေခံကျဆုံးသော လိုအပ်မှုတွင် ပါဝင်သည်ဖြစ်၍ ရဗ်ဟူသော စကားလုံးကို ယင်း၏ပင်မဆီမိုက်တစ်၏ အခြေခံစကားလုံးအားဖြင့် သိမြင်ဖို့ကြိုးစား ပါမည်။ အရာဝတ္ထုတို့ကို အဆင့်ဆင့်ပျိုးထောင်ပေးခြင်း တာဝန်ကိုထမ်းဆောင်သူ သည်သွန်သင်လမ်းညွှန်မှုပြုသသောသူသာလျှင်ဖြစ်လေ့ရှိရာ၊ ရဗ်၏ အဓိပ္ပါယ်သည် လမ်းညွှန်ပြသသော ပုဂ္ဂိုလ်ဟူ၍လည်း နားလည်လာရသည်။ တစ်ဖန် ဟီဘရူနှင့် (ARAMAIC)အာရမိုက်ဘာသာစကားအရ''ရဗ်ဗီ''နှင့်''ရပ်ဗာ''သည် ပျိုးထောင် ပေးသော ဆရာနှင့်အရှင်သခင်ဟူ၍ အဓိပ္ပါယ်ပင်ဖြစ်ပေါ်စေပြီး မရှေးမနှောင်းရှိ အီဂျစ် နှင့်''ခါလိဒီ'' စကားဝေါဟာရ ''ရာဗု'' (ရဗ်ဝ်)မှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည်ကိုတွေ့ရှိရပြန်သည်။

အာရဗီဘာသာစကားအရ''ရဗူဗီယသ်'သည်ပျိုးထောင်ပေးသော အဓိပ္ပါယ်ကိုဆောင်သည်။၎င်းစကားလုံးကို အရဗီအဘိဓာန်များက အနက်ဖွင့်ရာတွင် အရာတစ်ခုကိုဖွံ့ဖြိုးတိုးတက်ကြီးမားလာစေရန် အဆင့်ဆင့်ပျိုးထောင်ပေးရာတွင် သူ၏အမြင့်မားဆုံးသော အဆင့်သို့ရောက်ရှိလာသည်အထိ ပြုမူခြင်းဟူ၍ရရှိသည်။

တစ်ဦးဦးကိုအစားရေစာ ထောက်ပံ့ကျွေးမွေးခြင်းနှင့် ဆင်းရဲသောသူတို့ကို ငွေအသပြာအချို့ကို ထောက်ပံ့ပေးကမ်းခြင်းသည် ကျေးဇူးပြုခြင်းနှင့် အဲဟ်ဆာန်ပြုခြင်းသာဖြစ်သည်။ ''ရဗူဗီယသ်''မဖြစ်ပါ။ ရဗူဗီယသ်ဘောင်အတွင်း

မဝင်ရောက်နိုင်ပါ။ရဗ္ဗူဗီယသ်အတွက်လိုအပ်ချက်မှာ မွေးမြူထောက်ပံ့ပျိုးထောင်ခြင်း လုပ်ငန်းက အစဉ်မပြတ်ကြီးထွားလာသလို အမြင့်မားဆုံး အခြေထိပြုခြင်းနှင့် ယင်းကိုပြုလုပ်ရာတွင် လိုအပ်သမျှသော လိုအပ်လာမှုအပေါင်းကို ဖြည့်တင်း ပေးခြင်းဖြစ်သည်။ ယင်းသို့ပြုမှုဆောင်ရွက်လုပ်ကိုင်ရာတွင်ပင်လျှင် ကရုဏာ သက်သောချစ်ခြင်းနှင့်သိမ်မွေ့နက်နဲသော ယုယမှုကိုယှဉ်တွဲနေရမည်။ ချစ်ခြင်းနှင့် သိမ်မွေ့ယုယမှုမပါသောပျိုးထောင်မှုသည် ရဗ္ဗူဗီယသ်မမြောက်ပါ။

ရဗ္ဗူဗီယသ်နှင့်ပတ်သက်၍ တင်စားမှုဥပမာတစ်ခုကိုဖော်ပြရလျှင် မိခင်တစ်ဦး၏ရင်သွေးငယ်ကိုယုယစွာ ပျိုးထောင်ပေးခြင်းသဘောကို ဆန်းစစ်လေ့ လာကြည့်လျှင်ပေါ်လွင်စွာရှုမြင်နိုင်သည်။

သန္ဓေသားဘဝမှသည် ပြင်ပလူလောကသို့ ရောက်ရှိလာသော ရင်သွေး ငယ်သည် အသားတုံးသာသာဖြစ်သည်။ ရင်သွေးငယ်အား အသက်ရှင်ရပ်တည် လာစေဖို့လိုအပ်သော အရာမှန်သမျှအားလုံးသည် မွေးမြူဖွံ့ဖြိုးတိုးတက်မှုအတွက် သာလျှင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောပြုစုမှုဟုဆိုရာ၌ အချစ်နှင့်ယုယမှု ကာကွယ်မှုနှင့် သတိဝိရိယရှိမှု၊ ပေးကမ်းမှုနှင့်ခိုလှုံခွင့် အရိပ်အာဝါသပေးမှုတို့၏ အဆင့်ဆင့်သာ ကျယ်ပြောလှသည့် လုပ်ထုံးလုပ်နည်းနှင့် ပြုစုစောင့်ရှောက်ပေး ရသည်။ ယင်းပြုစုမှုသည် ရင်သွေးငယ်အဖို့ ခန္ဓာကိုယ်နှင့်အသိအာရုံဖွံ့ဖြိုးလာပြီး အသိတရားဝင်လာသည်အထိဖြစ်သည်။

ထိုမှတစ်ဖန်ဆက်လက်၍ ဖွံ့ဖြိုးကြီးပြင်းလာစေဖို့အတွက် လုပ်ဆောင် ချက်များသည်လည်းအများအပြားရှိသေးသည်။ ယင်းပြုစုမှုသည် အစဉ်ပြောင်းလဲ လျက်ရှိသည်။ အသက်ကြီးပြင်းလာမှုနှင့် အခြေအနေပေါ်တွင်မူတည်သော အကာအကွယ်ပေးခြင်း အချစ်မိုးရွာသွန်းပက်ဖြန်းပေးခြင်းနှင့် လိုအပ်သောအရာများ ကို ပေးကမ်းခြင်းသည် အစဉ်အမြဲရှိနေသည်။၎င်းဖော်ပြပါလုပ်ငန်းစဉ်ကို လုပ်ဆောင် နိုင်ခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် မိခင်နှလုံးသားအတွင်းရဗ္ဗူဗီယသ်၏ဓာတ် အနည်းငယ်မျှကို ထည့်သွင်းထားခြင်းကြောင့် မိခင်သည်မွေးဖွားလာသော ရင်သွေးငယ်လူမမယ်မှသည် လူကြီးတစ်ဦးဖြစ်လာသည်အထိ မိမိ၏ ရင်သွေးငယ် ကို ရဗ္ဗူဗီယသ်စိတ်ဓာတ်နှင့် ပြုစုယုယရခြင်း ဂရုတစိုက်ရှုမြင်ရခြင်းဖြစ်သည်။

မိခင်သည်ရင်သွေးငယ်အဖို့ နို့မှအပအခြားဘာမျှ တိုက်ကျွေးနိုင်စွမ်း မရှိချိန်တွင် ကလေးငယ်ကိုတယုတယ မိမိ၏ရင်ခွင် တွင်လွယ်ပြီး နို့ချိုတိုက်ကျွေး လေ့ရှိသည်။ ကလေးသူငယ်၏အစာအိမ်သည် ခံနိုင်ရည်ရှိလာသောအခါ နို့အပြင်အခြားအစားအစာများကိုတွဲဖက်ကျွေးမွေးရသည်။ ကလေးမတ်တပ် ရပ်နိုင်စွမ်းမရှိချိန်တွင် ချီပိုးပြီးတစ်နေရာမှ တစ်နေရာသို့ခေါ်ယူတတ်ပြီး

မတ်တပ်ရပ်ဖို့ အဆင့်ဆင့် တတ်သိနားလည်လာချိန်တွင် မိမိ၏လက်ကိုကိုင်စေပြီး လမ်းလျှောက်နည်းကိုသင်ပေးသည်။ ဤသို့အားဖြင့် မိခင်ဖြစ်သူသည် အခြေအနေနှင့်လိုအပ်လာမှုကိုလိုက်၍ သွန်သင်ပြသမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ ပြုစုမှုနှင့်စောင့်ထိန်းမှုတာဝန်ကို အဆက်မပြတ်ဖြစ်ထွန်းအောင်ပြုခြင်းဖြင့် ရဗ္ဗူဗိယသ်၏သဘောသည် ပေါ်ထွန်းလာရခြင်းဖြစ်သည်။

ဤဖော်ပြပြီးဖြစ်သောဥပမာသည် ရဗ္ဗူဗိယသ်နှင့်ပတ်သက်၍ လူတို့မြင်နိုင်သော တင်စားပြသသော ဥပမာအသေးအမွှားကလေးတစ်ရပ်ဖြစ်သည်။ ယင်းရဗ္ဗူဗိယသ်၏ဥပမာသည် အကန့်အသတ်ဘောင်အတွင်းက ပြုလုပ်ပြထားသော သရုပ်ပြဖွင့်ဆိုချက်မျှသာ ဖြစ်သော်ငြားလည်း ဤရွေ့ဤမျှထိမိနေသေးလျှင် အကန့်အသတ်ဘောင်မရှိသော အလ္လာဟ်အရှင်မြတ်၏ ရဗ္ဗူဗိယသ် စည်းစနစ်သည် မည်၍မည်မျှအထိ ကြီးကျယ်ကျယ်ပြန့်ခန်းနားမည်ကို စဉ်းစားဖို့လိုသည်။

ရဗ်ဗီလ်အာလမိင်န်ဖြစ်ခြင်း၏ အဓိပ္ပါယ်မှာ အရှင်၏ဖန်ဆင်းပြုစုပျိုးထောင်ပေးမှုကြောင့် သဘာဝလောကကြီးတစ်ခုလုံးနှင့်ယင်းအတွင်းရှိ အလွန်ပင်သေးငယ်လှသော အရာဝတ္ထုများ အပါအဝင် သက်ရှိသက်မဲ့အရာအားလုံးအတွက် ဖွံ့ဖြိုး တိုးတက်လာစေဖို့ နှင့် ပျိုးထောင်လာစေဖို့လိုအပ်သောအရာများကို သတ်မှတ်ပေးထားခြင်းပင်ဖြစ်သည်။ယင်းလိုအပ်သောအရာများကို အလွန်မှပင် အံ့ဩဖွယ်ရာကောင်းသော စည်းစနစ်နှင့်ဖန်တီးတည်ဆောက်ထားသည်။ ယင်းစနစ်ကြောင့်ပင်လျှင် သက်ရှိသက်မဲ့အားလုံးသည် ရှင်သန်ရပ်တည်စေရန်နှင့် ဘည်တံ့မှုရှိစေရန်လိုအပ်သော အာဟာရသက်စောင့်ဓာတ်များရရှိခြင်းဖြစ်သည်။ ယင်းအထောက်အပံ့သည်အခြေအနေမလပ်အစဉ်ရှိနေပြီးလိုအပ်မှု၏အတိုင်းအတာ အပြောင်းအလဲမျှကို လိုက်လျောမှုရှိသည်။

ပုရွတ်ဆိပ်များသည်သူတို့၏တွင်းအတွင်းလှုပ်ရှားနေသည်။ ပိုးမွှားတိရစ္ဆာန်များမှာ သူတို့၏ ကျက်စားရာနေရာတွင်ထကြွနေသည်။ ငါးများက ရေတွင်းကူးခတ်နေသည်။ တောင်ပံရှိသောငှက်တိရစ္ဆာန်များကလေထဲတွင် ပျံသန်းနေသည်။ ပန်းပွင့်များ ဖူးပွင့်နေကြသည်။ ဆင်ကြီးက တောထဲတွင်အူမြူးနေသည်။ ကြယ် နက္ခတ် တာရာတို့က အာကာသရှိ ယင်းတို့၏ လမ်းကြောင်းတွင် ကူးခတ်သွားလာနေသည်။ ယင်းလှုပ်ရှားနေသော သက်ရှိသက်မဲ့အားလုံးအတွက် အလ္လာဟ်အရှင်မြတ်သည် လိုအပ်နေသော အရာများထောက်ပံ့ပေးအပ်ထားသည်။

ယင်းအထောက်အပံ့များကိုပေးဆောင်ရာတွင် အရာအားလုံးကို ခွဲခြားခြင်းကင်းမဲ့စွာတူညီသောအဆက်မပြတ် ထားသို့မှုပြုရာရင်ခွင်ရှိပြီး ဖွံ့ဖြိုးမှုကိုစောင့်ကြည့်နေသော မျက်စိရှိနေသည်။ ဝေနေယျအားလုံးအဖို့ မည်သူမျှရဗ္ဗူဗိယသ်၏

ပက်ဖြန်းမှုကိုမခံရဘဲမနေနိုင်ပါ။ ဝေနေယျသတ္တဝါများကို ''ရဗူဗီယသ်''၏ စနစ်က ဖွံ့ဖြိုး တိုးတက်အောင် ပျိုးထောင်ပေးရာတွင် ကျွန်ုပ်တို့၏ မျက်စိအဖို့မမြင်နိုင်သော သက်ရှိသက်မဲ့အရာများ သိန်းသန်းကုဋေ မြောက်မြားစွာရှိနေသော်ငြားလည်း ယင်းတို့ကို ရဗူဗီယသ်စနစ်အရ သူတို့၏ လိုအပ်ချက်များပြည့်ဝစွာ အထောက်အပံ့ ရရှိအောင်ပေးနေသည်။ အခြားအရာများကိုမဆိုထားဘိ၊ လူသားအဖို့ မိမိကိုယ်၌ ကိုယ်အတွင်းကျကျ လေ့လာလျှင်လည်း လူသားတစ်ဦးစီ၏ ခန္ဓာကိုယ်အစိတ်အပိုင်း များ၏စနစ်သည်၊ စကြာဝဠာတစ်ခုနီးပါးရှိပြီး ယင်းအတွက်အစိတ်အပိုင်း တစ်ခုစီ အတွက် အလ္လာဟ်အရှင်မြတ်၏ အစီအမံအထောက်အပံ့ရှိနေသည်။ လူသားတို့အဖို့ မိမိကိုယ်၌ကိုပင် သေချာစွာလေ့လာလျှင် ရဗူဗီယသ် စနစ်၏ ပံ့ဆောင်မှုကိုသိမြင်ရ မည်ကို ကျမ်းမြတ်ကုရ်အာန်က အောက်ပါအတိုင်းဆိုသည်။

وَفِي الْأَرْضِ آيَاتٌ لِّلْمُوقِنِينَ وَفِي أَنفُسِكُمْ أَفَلَا تُبْصِرُونَ

''အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ သစ္စာတရားကို ယုံကြည်မှုထားရှိသော် ယင်း သူတို့ အဖို့ ပထဝီမြေကြီးအတွင်း မြောက်များစွာသော သက်သေသာဓကများရှိသည်။ ထို့ပြင် အသင်၏ခန္ဓာကိုယ်အတွင်း၌ပင်လျှင် သက်သေသာဓကများရှိပြီဖြစ်သည်။ အသင်တို့ မမြင်မတွေ့ မဆင်ခြင်ကြသလော။'' (၅၁း၂၀-၂၁)

# ရဗူဗီယသ်၏စည်းစနစ် نظام ربوبيّة

အသက်ရှင်ရပ်တည်စေဖို့ လိုအပ်သောပစ္စည်းများကို ပံ့ပိုးကူညီပေး ကမ်းခြင်းနှင့် ရဗူဗီယသ်၏ နည်းစနစ်တို့အကြား တွင် ထူးခြားလှသောကွာဟချက် ရှိနေသည်။ ယင်းအချက်ကိုကြေညက်စွာ သိနားလည်ရန်အလွန်အရေးကြီးလှသည်။ ကမ္ဘာပေါ်တွင်ထူးချွန်သော ပုဂ္ဂိုလ်ရှိပြီး ယင်း၏ ထူးခြားလှသော စနစ်ဖယားကြောင့် လူတို့အဖို့ဘဝရပ်တည်မှုလွယ်ကူရေးအတွက်အထောက်အပံ့ပေးနေရုံဖြင့် ရဗူဗီယသ် စည်းစနစ် ဖြစ်မလာနိုင်ပါ။ ယင်းထောက်ပံ့ပေးမှုသည် သနားကြင်နာခြင်းဖြင့် အဟ်ဆာန်ပြုခြင်းသာလျှင်ဖြစ်မည်။ ရဗူဗီယသ်၏ အံဘောင်ထဲတွင် ဝင်ရောက်နိုင် မည်မဟုတ်ပါ။ဤသို့လူတို့ကဖန်တီးသောစနစ်ကို ရဗူဗီယသ်ဟူ၍ မသတ်မှတ်နိုင်ပါ။

ရဗူဗီယသ်ဆိုသည်မှာပစ္စည်းရိက္ခာများ ပြည့်စုံစွာရှိခြင်းသာမက ယင်းတို့ကို ဝေငှာခြင်းပြုရာတွင်လည်း ပီပြင်သောသဘာဝကျသောစနစ်ရှိရပါမည်။ အလ္လာဟ် အရှင်မြတ်သည် စားရေးရိက္ခာကိုပို့ချပေးသည်သာမက စည်းစနစ်ကျသော ဖြန့်ဝေ

မှုလည်းပြုသည်။သို့ဖြစ်၍လည်းအရာဝတ္ထုမှန်သမျှအဖို့ အသက်ရှင်ရပ်တည်စေရန်လိုအပ်သော ဝတ္ထုပစ္စည်းကိုလိုအပ်မှုရှိသလောက် တိကျမှန်ကန်သောစည်းစနစ်နှင့်အညီလိုအပ်သော အချိန်ကာလအတွင်း ရရှိနိုင်အောင် ပေးကမ်းသည်။ ယင်းရဗူဗိယသ်စနစ်အားဖြင့်သာလျှင် ဤကမ္ဘာပေါ်တွင် သက်ရှိအပေါင်း၏ အသက်ရှင်မှု၏ယန္တရားစက်ရုံသည် မှန်ကန်စွာလည်ပတ်နေရပေသည်။

သက်ရှိတို့အဖို့ရာတွင် အသက်ရှင်ရပ်တည်ရန် ရေသည် အလွန်အရေးကြီးလိုအပ်သောသက်စောင့်ပစ္စည်းဖြစ်သည်။ရေကိုနေရာဒေသမရွေး တွေ့ရှိနိုင်ကြောင်းကို အထူးဖော်ပြခြင်းမရှိပဲ သိမြင်နိုင်သည်။ သက်ရှိတို့၏ ဘဝရပ်တည်ဖို့အတွက်ရေရရှိခြင်းသည်သာမဟုတ် ရေအတွက် တိကျသောစနစ် တိကျသော ဖွဲ့စည်းတည်ဆောက်ပုံ တိကျသတ်မှတ်ပေးထားသော အတိုင်းအတာစံနှုန်းတည်ရှိသောရေဖြန့်ချိမှုစသည်တို့သည်အရေးကြီးလှသည်။ အလ္လာဟ်အရှင်မြတ်သည် ရေ၏တိကျသောတည်ဆောက်ပုံနှင့်ဖြန့်ချိပုံစနစ်ဖယားကို ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်း လုပ်ဆောင်ချက်ကို မည်သူမျှမတုပနိုင်ပေ။ စည်စနစ်ဇယားအားဖြင့် တိကျသော ရေကိုဖြန့်ချိထောက်ပံ့နေခြင်းကိုအလွန်မှပင်အံ့ဘွယ်အချင်း အရာအဖြစ်တွေ့မြင်ရသည်။ဤသည်ပင်လျှင်နက်နဲလှသော ရဗူဗိယသ်၏ စည်းစနစ်ဖြစ်သည်။

''ရေ''ကိုတည်ဆောက်ဖြန့်ချိမှုနည်းစနစ်တစ်ခုတည်းကိုပင်လျှင် သေချာစွာစူးစမ်းလေ့လာသူအဖို့ ''ရဗူဗိယသ်'' စည်းစနစ်တစ်ခု၏ အကွက်တစ်ခုကို သိမြင်နိုင်ပေသည်။ ကျမ်းမြတ်ကုရ်အာန်က ရေ၏ ဖွဲ့စည်းတည်ဆောက်မှုသည် အလ္လာဟ် အရှင်မြတ်၏ ရဟ်မသ်ကောင်းချီးမင်္ဂလာဖြစ်သည်ဟုဆို၏။ ထိုမျှသာမက ရေကိုနေရာအနှံ့ ဖြန့်ချိပေးပြီး ရေကိုထားသိုမှု ရေကိုစုစည်းမှုအတွက် ရာသီဥတုကို သီးခြားစီ ဖန်တီးပေးထားခြင်းကိုလည်း အံ့ဩဖွယ်ရာတွေ့မြင်ရပေသည်။ မိုးရာသီတွင်မိုးရွာသွန်းစေသည်သာမက ကမ္ဘာလောကကြီးကိုပါ စိမ်းလန်းစိုပြေသွားစေသည်။ အလ္လာဟ်အရှင်မြတ်၏ စည်းစနစ်နှင့်ပတ်သက် ၍ ကျမ်းမြတ်ကုရ်အာန်က အောက်ပါအတိုင်းလမ်းညွှန်ပြသမှုပြုသည်။

وَأَنزَلْنَا مِنَ السَّمَاءِ مَاءً بِقَدَرٍ فَأَسْكَنَّاهُ فِي الْأَرْضِ وَإِنَّا عَلَىٰ ذَهَابٍ بِهِ لَقَادِرُونَ

فَأَنشَأْنَا لَكُم بِهِ جَنَّاتٍ مِّن نَّخِيلٍ وَأَعْنَابٍ لَّكُمْ فِيهَا فَوَاكِهُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ

''ကြည့်ကြလော့ ငါအရှင်သည် တိကျသောစည်းစနစ် သတ်မှတ်ချက်နှင့်အတူ အထက်ကောင်းကင်ပေါ်မှာ မိုးရေကိုရွာသွန်းစေသည်။ ယင်းရေများကို မြေကြီးအတွင်း စုဆောင်းထားစေသည်။ ငါအရှင်သည် မိုးရွာသွန်းစေနိုင်သကဲ့သို့ပင်ပြန်လည်၍ အထက်သို့အငွေ့ပြန်နိုင်သည့် အစွမ်းလည်းရှိသည်။ ကြည့်ကြလော၊ ယင်းရေကိုအသုံးပြု၍

စွန်ပလွန်သီးနှင့်စပျစ်သီးခြံများကို ဖန်ဆင်းပြုစုစေသည်။ ယင်းခြံတွင် များမြောင်လှစွာသော အသီးအပွင့်ဖူးပွင့်ကြသည်။ ယင်းတို့မှ အသင်တို့အတွက် အသုံးပြုဖို့ စာရေးရိက္ခာရရှိသည်။"
(၂၃ း ၁၈ – ၁၉)

အထက်ပါကျမ်းမြတ်ကုရ်အာန်လာ လမ်းညွှန်ချက်နှင့်အခြား အခြားသော အာယသ်တော်များတွင် အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းခံအရာများကို ပြုစုရာတွင် သတ်မှတ်ထားသော တိကျသောအချိုးအဆအကြောင်းကိုလည်း ညွှန်းပြထားသည်။ ယင်းဖော်ပြချက်များသည် သဘာဝလောကကြီးအတွင်း အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းကိုတိကျသောသတ်မှတ် ချက် အချိုးအဆနှင့် ယင်းတို့အတွက် စည်းမျဉ်းစည်းကမ်းဘောင်ကို သတ်မှတ်ထားကြောင်း လမ်းညွှန်ချက်များကို အောက်ပါ အတိုင်းဖော်ပြသည်ကိုတွေ့ရသည်။

إِن مِّن شَيْءٍ إِلاَّ عِندَنَا خَزَائِنُهُ وَمَا نُنَزِّلُهُ إِلاَّ بِقَدَرٍ مَّعْلُومٍ

"ငါအရှင်အဖို့မရှိမဖြစ်သောအရာဟူ၍မရှိပါ။ အားလုံးသောအရာများ၏ ဘဏ္ဍာသိုက်သည် ငါအရှင်တွင်ရှိ သည်၊ ငါ၏စည်းစနစ်က ယင်းအရာခပ်သိမ်းကို တိကျသောသတ်မှတ်ထားသော အချိုးအဆနှင့်ချပေးခြင်း ပင်ဖြစ်သည်။" (၁၅ း ၂၁)

وَكُلُّ شَيْءٍ عِندَهُ بِمِقْدَارٍ

"အလ္လာဟ်အရှင်မြတ်သည် အရာဝတ္ထုတိုင်းကို တိကျ၍သတ်မှတ်ထားသော အချိုးအဆအတိုင်းအထွာနှင့်အညီ တည်ဆောက်ထားပေသည်။" (၁၃ း ၈)

إِنَّا كُلَّ شَيْءٍ خَلَقْنَاهُ بِقَدَرٍ

"ငါအရှင်မြတ်သည် ဖန်ဆင်းသမျှသော အရာခပ်သိမ်းတို့ကို တိကျသော လျှောက်ပတ်သောအချိန်အဆ အတိုင်းအထွာ သတ်မှတ်ချက်နှင့်အညီ ဖန်ဆင်းခြင်းဖြစ်သည်။"
(၅၄ း ၄၉)

ကမ္ဘာပေါ်တွင် အရာဝတ္ထုမှန်သမျှ၏ တည်ရှိနေခြင်းသည်၊ တိကျသော စည်းစနစ်ကျသော အနေအထားရှိပြီး တိကျသော အနုစိတ်ဖြစ်စဉ်မှ တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပေါ်လာရခြင်းကြောင့် သိရသည်။ နေ၏အပူရှိန်ကြောင့် သမုဒ္ဒရာရှိရေများသည် မိုးကောင်းကင်တွင်လွင့်ပြန့်ပြီး တိမ်ဖြစ်စေကာလေပြင်း၏ တိုက်ခတ်မှုကြောင့်လှုပ်ရှားမှုဖြစ်ပေါ်လာကာမိုးရေအဖြစ်တည်စေရာက သတ်မှတ်သောအချိန်တွင်သတ်မှတ်သော မိုးရေချိန်အဖြစ် ရွာသွန်းသည်ကို သတိထား စဉ်းစားကြည့်မိပါသလား၊ ပထဝီမြေကြီးပေါ်သို့ရောက်ရှိလာသော မိုးရေသည်လည်း သတ်မှတ်ချိန်အတိုင်း ပထမမျက်နှာပြင်အပေါ်ဘက်တွင်ကျပြီးထိုမှတစ်ဖန် မြေကြီး၏ အောက်ဘက်သို့စိမ့်ဝင်ရောက်သည်ကိုသတိပြုမိပါသလား ရေခဲတောင်များတွင်

ရေခဲပြီး ရာသီဥတု၏ ပြောင်းလဲမှုကြောင့် ရေခဲများပျော်ပြီး ရေများစီးဆင်းရာမှ မြစ်များစုစည်းကာ ယင်းမြစ်ရေများသည် ဝန်းကျင်တစ်ခုလုံးကို စိမ်းလန်းစိုပြေစေသည်ကို သတိပြုမိကြသလား၊

ရေသာရှိပြီး ရေအတွက်သတ်မှတ်ထားသောတည်ဆောက်မှု စည်းစနစ်သာမရှိခဲ့လျှင် ဤပြောင်းလဲမှုများရှိနိုင်ပါမည် လောဟု ကျမ်းမြတ်ကုရ်အာန်ကဆိုသည်။ သဘာဝလောကကြီးတစ်ခုလုံးတွင် ယင်းပြောင်းလဲမှုနှင့် စီမံထားသောအနေအထားများသည် အလ္လာဟ်အရှင်မြတ်၏ရဗူဗီယသ်သဘောကို ပုံဆောင်ခြင်းနှင့်လိုက်နာမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ရဗူဗီယသ်၏ သဘောတရားရပင်လျှင်''ရဟ်မသ်''နှင့်''ဟစ်ကမ်သ်''အရ ရေကိုဖြစ်ပေါ်စေပြီး ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာပုံကို ကုရ်အာန်က အောက်ပါအတိုင်း သွန်သင်ပြသသည်။

.اللّٰهُ الَّذي يُرْسِلُ الرِّيَاحَ فَتُثِيرُ سَحَابًا فَيَبْسُطُهُ فِي السَّمَاءِ كَيْفَ يَشَاءُ وَيَجْعَلُهُ كِسَفًا فَتَرَى

. الْوَدْقَ يَخْرُجُ مِنْ خِلَالِهِ فَإِذَا أَصَابَ بِهِ مَن يَشَاءُ مِنْ عِبَادِهِ إِذَا هُمْ يَسْتَبْشِرُونَ

''အလ္လာဟ်အရှင်မြတ်၏သတ်မှတ်ထားသော စီမံမှုကြောင့် ပထမလေများတိုက်ခတ်သည်။ ယင်းနောက် မိုးတိမ်များကို လှုပ်ရှားမှုပြုအောင်ပြုလုပ်သည်။ ယင်းနောက် အလိုရှိသည့်နေရာဘက်သို့ ရွေ့လျားဖြန့်ခင်း စေတော်မူသည်။ ယင်းနောက် မိုးတိမ်များကို အပိုင်းပိုင်းဖြစ်စေသည်။ ထိုနောက် အသင်တို့မြင်နေကြ အတိုင်း မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေသည်။ အကြင်သူတို့အပေါ်သို့ ယင်းကောင်းချီးမင်္ဂလာဖြစ်သော မိုးရွာသွန်းခြင်းကို ခံလိုက်ရသောအခါ ထိုသူတို့သည် တအံ့တသြ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်သည်။''

(၃၀ း ၄၈)

သတ္တဝါတို့၏ ဇီဝကမ္မအသက်ရှင် ရပ်တည်စေဖို့အတွက်လိုအပ်သော ပစ္စည်းများနှင့်ပတ်သက်၍အလွန်စိတ်ဝင်စားဖွယ်ရာအဖြစ်များကို စူးစမ်းလေ့လာသူတို့အဖို့သိမြင်တွေ့ရှိရသည်။ အသက်ရှင်ဘဝရပ်တည်မှုအတွက် အများဆုံးလိုအပ်သောပစ္စည်းကိုအများဆုံးနှင့် အလွယ်ကူဆုံးဖြန့်ချီထားသည်ကို တွေ့ရသကဲ့သို့အခြေအနေအရအသုံးပြုသောဝတ္ထုပစ္စည်းများကိုမှုသတ်မှတ်ချက်နှင့်အညီ ဖန်ဆင်းဖြန့်ချီထားသည်ကိုတွေ့ရပြန်သည်။''လေ''သည်အများဆုံးအသုံးပြုသော အရာဝတ္ထုဖြစ်သည်။ရေနှင့်အစားရိက္ခာကို လူတို့သည် အခိုက်အတန့်အားဖြင့် သောက်စားသုံးစွဲခြင်းမပြုပဲနေနိုင်သောလည်းလေမပါရှိပဲခဏတာမျှပင် အသက်ရှင်ရပ်တည်မှုသည်မဖြစ်နိုင်၊ ထို့ကြောင့်လည်း အလ္လာဟ်အရှင်မြတ်သည် ''လေ''ကို နေရာတိုင်းတွင်အလွယ်တကူရရှိနိုင်အောင် ပြန့်နှံ့တည်ရှိစေသည်။ ယင်း 'လေထု'' သမုဒ္ဒရာ၏အကျယ်အဝန်းသည်ကြီးမားကျယ်ပြန့်လှ၍လည်းကျွန်ုပ်တို့အဖို့ အသက်ရှင်ရန်လိုအပ်သော လေကိုအခက်အခဲမရှိပဲ အလွယ်တကူရရှိနေခြင်းဖြစ်သည်။

''လေ'၏လိုအပ်ချက်၏နောက်တွင် အသက်ရှင်နိုင်ရေးအတွက် သတ္တဝါတို့အတွက် ဒုတိယအလိုအပ်ဆုံးပစ္စည်းကား ''ရေ'' ပင်ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်က وَجَعَلْنَا مِنَ الْمَاءِ كُلَّ شَيْءٍ حَيٍّ

''သက်ရှိတိုင်းကို ရေ မှဖန်ဆင်းသည်''(၂၁ း ၃၀ )

ဟု ဆိုထားသည်။ ရေကို လေ၏ နောက်အခြား အရာဝတ္ထုများ ထက်အများဆုံး ဖန်ဆင်းထားသည်ကိုတွေ့ရသည်။ပထဝီမြေကြီး၏အောက်ပိုင်းတွင် ရေလမ်းကြောင်းများ လောင်ပိတ်လိမ်း ဆည်းထားသည့်အပြင် ပထဝီမြေကြီးပေါ် တွင်လည်း နေရာအနှံ့ပင်လယ်သမုဒ္ဒရာမြစ်ချောင်း အင်းအိုင် ရေကန်များကို တွေ့မြင်နိုင်သည်။ ထိုမျှမက မိုးကောင်းကင်အထက်တွင်လည်း ရေကိုပြုလုပ်ပေးသော ရေစက်ရုံကို တွေ့မြင်ရပြန်သည်။ ယင်းစက်ရုံသည် နေ့ညမပြတ် အလုပ်လုပ်လျှက်ရှိသည်။

ပင်လယ်သမုဒ္ဒရာများမှ ရေများကိုစုတ်ယူအငွေ့ပြန်စေပြီး သန့်စင်စေသောအခိုးအငွေ့တိုကို အထက်ကောင်းကင်သို့ပို့ဆောင်ပေးသည်။ ယင်းနောက် လိုအပ်သောရေကို မိုးကောင်းကင်မှ ပထဝီမြေကြီးပေါ်သို့ကြဲချပေးလိုက်သည်။

ရေ၏လိုအပ်မှုနောက်အရေးကြီးဆုံးသောအသက်ရှင်ရပ်တည်မှုအတွက် စားရေ ရိက္ခာ သည် တတိယအကြီးဆုံးသောအရာဖြစ်သည်။ ယင်းစားရေရိက္ခာကိုလည်း ပထဝီမြေကြီးပေါ်ဝယ်အခင်းပေါ်သို့ စားစရာများကို တည်ခင်းထား သကဲ့သို့ပင်အစီအရီနှင့်ဖြန့်ခင်းထားပြန်သည်။သတ္တဝါအပေါင်းတို့သည် ယင်းပစ္စည်းများကိုလိုအပ်သလိုစားသောက်ခြင်းဖြင့် ဘဝရပ်တည်နေကြရသည်မဟုတ်ပါလော။

''အသက်ရှင်ရပ်တည်မှုအတွက် လိုအပ်သောအရာများကို မွေးမြူပေးသည့်စနစ်၏ အတိုင်းအတာကို ဂရုစိုက်ကြည့် လျှင်လည်း နေရာဌာနတိုင်းလိုလိုပင် သူတို့၏တာဝန်ကို ကိုယ်စီကိုယ်စီ ထမ်းဆောင်လျှက်ရှိနေသည်။ သဘာဝလောကကြီးသည်မိခင်၏ရင်ခွင်ပမာ သတ္တဝါတို့၏အသက်ရှင်ရပ်တည်စေဖို့ ဆောင်ရွက်ပေးနေမှုမှာလည်း ကြီးမားလှသော ယန္တရားကြီးနှင့်အလားပမာတူလှသည်။

နေသည် အလင်းရောင်ပေးခြင်းတာဝန်ကို ထမ်းဆောင်ပေးရခြင်းသာမက ပင်လယ်သမုဒ္ဒရာ အတွင်းမှရေများကိုစုတ်ယူအငွေ့ပြန်စေသည်။လေ၏ တိုက်ခတ်မှုကြောင့် ရာသီဥတုကိုပြောင်းလဲဖြစ်ပေါ်စေသည်သာမက မိုးတိမ်များကို စုစည်းဖြန့်ချထားရန် ထုထည်ကြီးမားလှသော ကော်ဇောကြီးပမာဖန်တီးစေသည်။ ယင်းမှ တစ်ဖန်မိုးကိုရွာသွန်း စေသည်။ ပထဝီမြေကြီးသည် သတ္တဝါတို့အတွက် စာရေရိက္ခာဖွံ့ဖြိုးတိုးတက်လာစေဖို့အစာအဟာရတို့၏ဘဏ္ဍာတိုက်ဖြစ်ပြီး အစဉ်စိုပြေနေသည်။ အစေ့တိုင်းအတွင်း မိခင်ပမာသူ၏ရင်ခွင်တွင် သစ်ပင်အတွက် အသက်ရှင်စေဖို့နေရာရှိသည်။ ယင်းမှတစ်ဆင့် ဖွံ့ဖြိုးသောသစ်ပင်များကို

ပြုစုပေးသည်။ အားလုံးကိုခြုံပြီးကြည့်လျှင် လောကကြီးအတွင်းအရာတိုင်းသည် သူ၏တာဝန်ကို ကိုယ်စီကိုယ်စီ စက်ရုံကြီးတစ်ခုအသွင်တာဝန်သိသိထမ်း ဆောင်နေသည်ကိုတွေ့ရသည်။

စွမ်းအင်တို့သည် သူတို့အားအင်ကို အသုံးချစေဖို့ပြုလုပ်ရမည့်အလုပ်ကို ရှာဖွေနေသကဲ့သို့ စွမ်းဆောင်မှုတိုင်းသည်လည်း သူတို့၏ရလဒ်ကို မျှော်ကိုးစောင့် ဆိုင်းနေကြသည်။ အရာဝတ္ထုတခု၏ ဖွံ့ဖြိုးကြီးပွားလာစေဖို့ လိုအပ်ချက်ကိုမြင်ရ သလောက်နှင့် လောကကြီး၏စက်ရုံများသည်သူ၏ကဏ္ဍာအလိုက် လိုအပ်သောတာဝန် အရ အလုပ်လုပ်ကာ ဖြည့်ဆည်းပူပြုနေကြသည်။ သူတို့သည် ကျရာတာဝန်ကို ထမ်းဆောင်စေဖို့ အစဉ်စောင့်ဆိုင်းနေကြသည်။ နေမင်းကြီး၏ ကြီးမားလှသော တာဝန် ကောင်းကင်ကြီး၏ ပြောင်းလဲနေသော အခြေအနေ ပထဝီမြေကြီး၏ အတွင်းစွမ်းပကားနှင့် အရာအားလုံး၏ လှုပ်ရှားမှုတို့သည် အရာတစ်ခုခုရုတ်တရက် ဖွားမြင်ပေါက် ဖွားလာပြီး ယင်းပေါက်ဖွားလာသူအတွက် လိုအပ်သောစားရေ ရိက္ခာကို မည်သို့မည်ပုံဖြည့်ဆည်းပံ့ပိုးပေးရမည်ကိုအရံသင့် စောင့်ဆိုင်းနေကြ သယောင်း တွေ့မြင်ရသည်။

سَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ جَمِيعًا مِّنْهُ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ

"အထက်မိုးကောင်းကင်များနှင့် ပထဝီမြေကြီးအတွင်းရှိသမျှသောအရာတို့ကို အသင်တို့၏အထိန်းအကွပ်ထိန်းချုပ်မှုအောက်သို့အလ္လာဟ်အရှင်မြတ်က လွှဲပြောင်းပေး လိုက်ပြီးဖြစ်သည်။ ကေန်အမှန် ယင်းသက်သေ သာဓကများတွင်လည်း စဉ်းစားဆင်ခြင်တွေး ခေါ်တတ်သူတို့အဖို့ အလ္လာဟ်အရှင်မြတ်အားသိမြင်ဖို့သက်သေလက္ခဏာများရှိသည်။"

(၄၅ း ၁၃)

အံ့သြစရာအကောင်းဆုံးသော အချက်ကား ရုပ္ပဗိယာသ်စနစ်၏တူညီသော ပျိုးထောင်ခြင်းနှင့် တစ်ပြေးညီခွဲခြားမှုကင်း ခြင်း တည်းဟူသော စနစ်ပင်ဖြစ်သည်။ အရာဝတ္ထုတစ်ခုစီ၏ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍လိုအပ်သောအရာသည် တူညီသော ပုံစံနှင့်တည်ရှိသည်။ ကျောက်ခဲတစ်လုံးသည် မွေးကြိုင်လှသော နှင်းဆီပွင့်နှင့် မတူညီသောအသွင်ကို ဆောင်သည် မှန်လည်း ယင်နှစ်ခုလုံး၏ ရပ်တည်မှု အတွက် အလ္လာဟ်အရှင်မြတ်သည် တူညီသောလုပ်ဆောင်မှုနှင့် အကာအကွယ် ကိုပေးထားသည်။နှစ်ခုစလုံးသည်ပျိုးထောင်ပေးခြင်းကိုခံနေရသည်။ လူသား မျိုးနွယ်မှ ကလေးတစ်ယောက်နှင့် သစ်ပင်ငယ်တစ်ခုကို ဆန်းစစ် ကြည့်လျှင် အသွင်မတူ ကွဲပြားခြားနားလှသောအသွင်ကိုဆောင်နေသည်မှန်လည်း ယင်းနှစ်မျိုးစလုံးအတွက်ပျိုးထောင်မှုစနစ်သည် တူညီသောနည်းလမ်း ပင်ဖြစ်ကြောင်းတွေ့မြင်ရပေမည်။ ကြီးမားလှသောကျောက်တုံးပင်ဖြစ်စေ၊ သေးငယ်

လှသော ပန်းပွင့်ပင်ဖြစ်စေ၊ လူ၏ကလေးငယ်ဖြစ်စေ၊ ပုရွက်ဆိတ်ဥကလေးဖြစ်စေ အားလုံးသည် မွေးမြူဖန်ဆင်းပြုစုခြင်းကို ခံနေရသည်။ အလ္လာဟ်အရှင်မြတ်သည်။ ယင်းတို့ပေါက်ဖွားမလာခင်ကပင် ယင်းတို့နှင့်ပတ်သက်ဆက်နွယ်သော လိုအပ်ချက် အစီအစဉ်များကို ကနဦးကတည်းက စီစဉ်ထုတ်ပေးပြီးဖြစ်သည်။ ကြီးပြင်လာ ချိန်တွင်လည်း လိုအပ်ချက်များကို မူလကတည်းက သတ်မှတ်ပေးပြီးဖြစ်သည်။

လူသား၏ကလေးငယ်သည်ကြီးပြင်းဖွံ့ဖြိုးလာရသကဲ့သို့ပင်၊ သစ်ပင်ပန်း မာလာ သည်လည်း ကြီးပြင်လာရသည်။ ကျွန်ုပ်တို့အာရုံသည် မည်ရွေ့မည်မျှပင် သတိဝိရိယထားဂရုပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ယင်းပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးလာမှုသည် သူ၏အစီအစဉ်အတိုင်းရှိနေမည်မှာ အမှန်ပင်၊ အရာဝတ္ထု တို့ကြီးထွားဖွံ့ဖြိုးလာသည့်အလျောက် လိုအပ်ချက်သည်လည်း အခြေအနေပေါ်မူ တည်၍ ပြောင်းလဲလိုအပ်လာရသည်။ ဤသို့ဖြင့် ယင်းတို့၏လိုအပ်ချက်၏ အမြင့်ဆုံး အဆင့်အထိ ဖွံ့ဖြိုးမှုကိုရရှိလေသည်။ ယင်းအဆင့်သို့ရောက်ရှိပြီးနောက် အိုမင်းရင့်ရော်ခြင်းသို့တဖြည်းဖြည်းပြောင်းလဲလာသည်။

ထိုမှတစ်ဖန်ပျက်သုဉ်းခြင်းသို့ရောက်သည်။ ဤအဆင့်တွင်လည်း အရာအားလုံးသည် တူညီသောအသွင်ဖြင့် ပျက်သုဉ်းကြသည်။ ဤအခြေအနေကို လူတို့ကသေခြင်းဟုသတ်မှတ်ကြသည်။ယင်းသဘာဝ၏ပြောင်းလဲမှုကို ကျမ်းမြတ် ကုရ်အာန်က အောက်ပါအတိုင်းဖော်ကျူးထားသည်။

اللهُ الَّذِي خَلَقَكُم مِّن ضَعْفٍ ثُمَّ جَعَلَ مِن بَعْدِ ضَعْفٍ قُوَّةً ثُمَّ جَعَلَ
مِن بَعْدِ قُوَّةٍ ضَعْفًا وَشَيْبَةً يَخْلُقُ مَا يَشَاءُ وَهُوَ الْعَلِيمُ الْقَدِيرُ

"အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့အား ချိနဲ့သောအခြေအနေတွင် မွေးဖွားစေသည်။ ယင်းချိနဲ့မှုကို အားအင်ဖြည့်တင်းပေးသည်။ တစ်ဖန်ပြန်လည်၍ အင်အားကို အိုမင်းရင့်ရော်မှုသို့ ပြောင်းလဲစေပြန်သည်။ အလ္လာဟ်အရှင်မြတ်သည် လိုအပ်သော အခြေအနေကိုပြုလုပ်နိုင်စွမ်းရှိသည်။အလ္လာဟ်အရှင်မြတ်သည် ပညာအလုံးစုံနှင့် ဖန်တီးမှုအစုံ ကိုပြုလုပ်နိုင်သော အရှင်ဖြစ်တော်မူသည်။" (၃၀ း ၅၄)

أَلَمْ تَرَ أَنَّ اللهَ أَنزَلَ مِنَ السَّمَاءِ مَاءً فَسَلَكَهُ يَنَابِيعَ فِي الْأَرْضِ ثُمَّ يُخْرِجُ بِهِ زَرْعًا مُّخْتَلِفًا
أَلْوَانُهُ ثُمَّ يَهِيجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَجْعَلُهُ حُطَامًا إِنَّ فِي ذَٰلِكَ لَذِكْرَىٰ لِأُولِي الْأَلْبَابِ

"အသင်တို့မမြင်ကြသလော၊ အလ္လာဟ်အရှင်ကသာလျှင် မိုးကောင်းကင်မှ မိုးရွာသွန်းမှုကို ဖြစ်စေသည်။ ယင်းအားဖြင့် ပထဝီမြေကြီးတွင်ရေများ စုစည်းရာနေရာမျိုး ရေကန်များ ပေါ်ထွန်းဖြစ်ပေါ်လာရသည်။ ယင်းရေအားဖြင့် အရောင်စုံလင်လှသော

လယ်ယာမြေများပေါ်ထွန်းလာရသည်။ ယင်းတို့သည် ဖွံ့ဖြိုးကြီးထွားလာပြီး မှည့်ဝင်းနေသော အသီးအပွင့်ကိုဖြစ်စေသည်။ ယင်းနောက် တိုးတက်မှုမှဆုတ်ယုတ်လာသောအခါ ယင်းအသီးအပွင့်များသည် အရောင်မှိန်လာပြီး ခြောက်သွေ့ယိုယွင်းလာရသည်။ အမှန်စင်စစ် ပညာရှိသော သူတို့အဖို့ ယင်းအရာများတွင် အလွန်မှပင် သံဝေဂတရားရစေဖို့ စဉ်းစားတွေ့ခေါ်နိုင်သော တရားများရှိသည်။'' (၃၉ း ၂၂)

စာရေးရိက္ခာနှင့်ပတ်သက်၍တိရစ္ဆာန်များတွင် နို့တိုက်သတ္တဝါများရှိသကဲ့သို့ အခြားရိက္ခာဖြင့်ကြီးထွားလာကြရသည့်တိရစ္ဆာန်လည်းရှိသည်။ ရဗ္ဗဗိယာသ်၏ နည်းစနစ်တွင် နှစ်မျိုးစလုံးသောအခြေအနေအတွက် ပြုစုပျိုးထောင်ရာတွင် ကူညီသောနည်းစနစ်ဖြင့်အသက်ရှင်ရပ်တည်စေဖို့ စာရေးရိက္ခာ ကိုထောက်ပံ့ပေးထားသည်။နို့တိုက်ကျွေးရသောမျိုးပေါင်းစုသတ္တဝါတို့တွင် လူသည်လည်းပါဝင်သည်။ လူသည် မွေးဖွားလာလျှင် မွေးဖွားခြင်း သူတို့အတွက်နို့သည်ပြည့်ဝသော အာဟာရဖြစ်နိုင်စွမ်းပစ္စည်းနှင့်စည်းစနစ်ကျစွာဖြင့် အလွယ်တကူ ပင်ရရှိနိုင်သည့် အရာဖြစ်သည်။

ယင်းနို့တည်ရှိသောနေရာသည်လည်းထိုမွေးဖွားကာ ကလေးငယ် အတွက် အလွန်သင့်လျော်လျောက်ပတ်သောနေရာဖြစ်သည်။ မိခင်သည် ကလေးငယ်ကိုချစ်ခင်ယုယလွန်းလှ၍ ရင်ခွင်တွင် နှစ်ထားလေ့ရှိသည်။ ယင်းနေရာသည် ကလေးငယ်အတွက် စာရေးရိက္ခာကိုပေးသောနေရာနှင့် အယုယဆုံး အလုံခြုံဆုံးသော ဌာနလည်းဖြစ်ပြန်သည်။ ယင်းနောက် ကလေးငယ်၏ စာရေးရိက္ခာနှင့် ပတ်သက်၍လိုအပ်မှုအလိုက်ပြောင်းလဲစေသောအသိကိုမိခင်ကို အလ္လာဟ်အရှင်မြတ်က ပေးထားပေသည်။

ကလေးငယ်အဖို့ပထမအခြေအနေတွင် သူ၏အစာအိမ် အားပျော့မှုကြောင့် မိခင်နို့ရည်သည် ပျော့သောအရည်ဖြစ်ရ၍ အစာကြေလွယ်လှသည်။ သို့ရာတွင် ကလေးငယ်သည် ကြီးပြင်လာသည်နှင့်အမျှ အစာအိမ်သည်လည်း လိုက်ပြီး ရင့်ကျက်လာရသည်။သို့ဖြစ်၍နို့ရည်သည်လည်း ပြောင်းလဲရာမှ အခြားအစားအစာများကို ကျွေးမွေးလာရသည်။ ကလေးငယ်၏ အသိဉာဏ်သည်လည်း တိုးတက်လာသည်။ ဤသို့ဖြင့် ကလေးငယ်နို့တိုက်သည်အရွယ်သည် ပြီးဆုံးသွားသည်။ ထိုအချိန်တွင် ကလေးငယ်အဖို့ အခြားအစာများကို ချေဖျက်နိုင်မည့် ခံနိုင်ရည်သည် အပြည့်အဝဖြစ်လာရသည်။ ထိုအခြေအနေတွင် မိခင်ဖြစ်သူ၏ နို့ရည်ဂလင်းသည်လည်းခန်းခြောက်လာရတော့သည်။ဤသို့ဖြင့် ရဗ္ဗဗိယာသ်၏စည်းစနစ်က ကလေးအတွက် နို့မလိုအပ်တော့ကြောင်းကို အရိပ်အယောင်ပြလိုက်ခြင်းပင် ဖြစ်သည်။ အခြားအစားအစာများစားတော့ဟူ၍ လမ်းညွှန်လိုက်သကဲ့သို့လည်းဖြစ်သည်။

"ကိုယ်ဝန်ဆောင်လွယ်မှုစ၍ နို့ရည်တိုက်ကျွေးရသည့် အချိန်သည် အနည်းဆုံး လပေါင်း သုံးဆယ်ဖြစ် သည်။" (၄၆ ၁၅) وَحَمْلُهُ وَفِصَالُهُ ثَلَاثُونَ شَهْرًا

အလ္လာဟ်အရှင်မြတ်၏ ရဗူဗီယသ်စနစ်ကိုလေ့လာကြည့်သောအခါ မိခင်၏ဗိုက်တွင်ကလေးငယ်ကို တွယ်တာစေကာ ကလေးငယ်၏အချစ်ကို မိခင်၏စိတ်တွင် စိမ့်ဝင်နေအောင်ပြုလုပ်စီမံထားသည်ကို တွေ့မြင်ရသည်။ ယင်းစိတ်ဓာတ်သည် မိခင်စိတ်တွင် အခြားအခြားသော ဖြည့်ဆည်းနိုင်မှုထက် ပိုလျှံနေကြောင်း တွေ့မြင်နိုင်သည်။ အလ္လာဟ်အရှင်မြတ်ကထည့်ပေးထားသော ဤအချစ်ကို ကမ္ဘာပေါ်ရှိမည်သည့်အချစ်ကယှဉ်ပြိုင်နိုင်ပါမည်နည်း။

ကလေးငယ်အား ဖွားမြင်သန့်စင်ရသောအခက်အခဲလောက်ကြီးမားသော ဒုက္ခကိုသုခအဖြစ်သိမြင်ခံယူထားခြင်းကပင်လျှင် မိခင်၏စိတ်အတွင်း အလ္လာဟ်အရှင်မြတ်က ထည့်သွင်းထားသော တွယ်တာမှုအချစ်၏ မြင့်မားမှုအနေအထားကို သိမြင်နိုင်သည်။ မိခင်၏ကြီးမားလှသော စွန့်လွှတ်စွန့်စား ပြုမှုကို ကုရ်အာန်က အောက်ပါအတိုင်းအသိအမှတ်ပြုထားသည်။ حَمَلَتْهُ أُمُّهُ كُرْهًا وَوَضَعَتْهُ كُرْهًا

"သူ၏မိခင်သည်သူ့အား ခက်ခဲစွာဖြင့် ဝမ်းဗိုက်တွင် လွယ်ခဲ့သည်။ ယင်းနောက် ခက်ခဲစွာဖြင့် ဖွားမြင်သန့် စင်ခဲ့သည်။" (၄၆ း ၁၅)

အလ္လာဟ်အရှင်မြတ်က ထွန်းငြိပေးလိုက်သော ကြီးမားလှသော စိတ်ဓာတ်အရှိန်အကြောင့်ပင်လျှင် မိခင်သည် ကလေးငယ်ကို အရွယ်ရောက်မလာခင်အထိ မိမိ၏ဘဝကိုရင်သွေးငယ်ကလေးအတွက် အပ်နှံပြီးအသက်ရှင်ရပ်တည်နေရတော့သည်။ဘဝနှင့်ပတ်သက်၍စွန့်လွှတ်မှုအလုံးစုံကိုကလေးငယ်အတွက် စွန့်လွှတ်နိုင်စွမ်းရှိသည်။ ကိုယ့်ကိုယ်ကို ချစ်တတ်သော တကိုယ်ကောင်းစိတ်သည် လူသားတွင် အများနှင့် တွေ့ရှိရသော်လည်း ယင်းစိတ်ဓာတ်ကိုဆန့်ကျင်ပြီးလျှင် လူသားမိခင်သည် ရင်သွေးငယ်အတွက် စွန့်လွှတ်စွန်းစားပြုနိုင်စွမ်းရှိသည်။ ယင်းမိခင်စိတ်ဓာတ်အား အတိတ်ကာလ၏ ပုံပြင်တစ်ရပ်ကားမဟုတ်ပါ၊ ကမ္ဘာတည်နေသေးသရွေ့ သက်ရှိသတ္တဝါတို့ရှိနေသေးသရွေ့ ယင်းစိတ်ဓာတ်သည် ထာဝရရှင်သန်တည်ရှိနေမည့် နိယာမတရားပင်ဖြစ်သည်။

သတိပြုရမည့်အချက်က ရင်သွေးငယ်သည် ကြီးပြင်းလာသည်နှင့်အမျှ မိခင်အဖို့အချစ်စိတ်သည်တာဝန်ပေါ့ပါးမှုနှင့်လိုက်၍ လျော့နည်း သယောင်ထင်မြင်ရသည်။ တိရစ္ဆာန်အဖို့မှု လုံးဝနီးပါးပပျောက်သွားပါတော့သည်။ ယင်းသို့ ဘာကြောင့်ဖြစ်ပေါ်ရသည်ကိုစဉ်းစားဖို့လိုသည်။ ရင်သွေးငယ်မွေးဖွားလာချိန်မတိုင်မီ သန္ဓေတည်စအချိန်မှစ၍ မိခင်၏ကြီးမားလှသောအချစ်စိတ်သည် သူ၏ရင်သွေးသည်

ကြီးပြင်းရင့်ကျက်လာချိန်တွင် လုံးဝနည်းပါးကုန်ဆုံးရခြင်းမှာ ရဗူဗီယသ်စိတ်ဓာတ် စနစ်ကြောင့်ပင်ဖြစ်သည်။ရဗူဗီယသ်စနစ်သည် ကလေးငယ်ကိုမိခင်က ပြုစုစေလို သည်။ ယင်းပြုစုမှုအတွက် သံယောဇဉ် တည်းဟူသော အချစ်စိတ်လိုအပ်သည်။ ပြုစုမှုအတိုင်းအတာသည် လွန်လာချိန်တွင် ယင်းစိတ်ဓာတ်သည် မလိုအပ်တော့ပေ၊ ထို့ကြောင့် အငွေ့အသက်သာကျန်ပါတော့သည်။ ရင်သွေးငယ်အဖို့ သူတို့ကို ယုယမှုအလိုအပ်ဆုံးအချိန်သည် မွေးဖွားသန့်စင် လာပြီးချိန်ဖြစ်သည်။ ယင်းအချိန် ကား မိခင်နို့အများဆုံး အန္တအတာခံရသည် အချိန်လည်းဖြစ်သည်။

သတ္တဝါအချို့သည် ဥမှ ပေါက်ဖွားလာသည်။ ယင်းတိရစ္ဆာန်၏ခန္ဓာကိုယ် နှင့် စိတ်ဓာတ်သည် နို့တိုက်ကျွေးသည် သတ္တဝါများနှင့်ခြားနားသော်လည်း ရဗူဗီယသ်စနစ်က ယင်းတို့အတွက် မွေးဖွားလာသည့်အချိန်မှစ၍ မိမိကိုယ်တိုင် နူးညံ့သော အစာရိက္ခာများကို သွန်သင်ပြသသူနှင့် အတူစားသုံးကြရသည်။ ဥအတွင်းမှ ပေါက်ဖွားလာသော ကလေးငယ်သည် စာရေးရိက္ခာ ရှာဖွေတတ်သော အသိကိုရရှိသည်။ မိခင်ဖြစ်သူသည်လည်း သင့်လျော်သော စားရေရိက္ခာများကို ကလေးငယ်၏ရှေ့မှောက်တွင် ချပေးကူညီသည်။ ထိုမှတစ်ဖန် ပါးစပ်အတွင်းသို့ ကောက်ယူစားသောက်နည်းကို ပြသကျွေးမွေးသည်။ အချို့သော မိခင်တို့ကမူ ပါးစပ်အတွင်း အစာရေစာများကို ဝါး၍ ကလေးငယ်များကို ကျွေးမွေးသည်လည်း ရှိသေးသည်၊ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ ရဗူဗီယသ်၏ နည်းစနစ်သည်အားလုံး အတွက် လိုအပ်သည်ကိုမူ အသိအမှတ်ပြုရမည်ဖြစ်သည်။ လူသားတို့သည် တိရစ္ဆာန်နှင့်မတူညီသည့်အချက်ကား လူသားမိခင်သည်သားသမီးကို အရွယ် ရောက်ပြီး နောက်လည်း ချစ်ခင်ဘွယ်တာသည်။ ဤသို့ချစ်ခင် တွယ်တာရခြင်းမှာ ဉာဏ်ရည်ကိုအခြေခံ၍ စဉ်းစားဆင်ခြင်တတ်မှုကြောင့်ပင်ဖြစ်ပေသည်။

## ရဗူဗီယသ်၏အဓိပ္ပါယ်        ربوبيّة معنوى

ဖော်ပြပြီးဖြစ်သောအကြောင်းအရာများထက်သာလွန်၍ စိတ်ဝင်စားဖွယ်ရာ ကောင်းသုသည့် အကြောင်းကား ရဗူဗီယသ်၏ အဓိပ္ပါယ်ဆောင်သောအပိုင်း ပင်ဖြစ်သည်၊ ပြင်ပလောကတွင် ဘဝရပ်တည်မှုနှင့် စားဝတ်နေမှုဖူလုံရေးအတွက် မည်၍မည်မှပင် ပစ္စည်းဥစ္စာရှိနေပါစေ ရဗူဗီယသ်စနစ်အတွင်း ထိုလုပ်ငန်းများကို လုပ်ဆောင်နိုင်စွမ်းဖော်ညွှန်းချက်မရှိပါမူ ယင်း၏ပြင်ပနှင့်အတွင်း လုပ်ဆောင် ပေးမှုသည်ညီမျှမှုရှိမည်မဟုတ်ပါ လောကကြီးအတွင်းဟာန်ချက်ညီညီ လှည့်ပတ် ရခြင်း မှာ ရဗူဗီယသ်၏ ထွန်းတောက်မှုကြောင့်ပင် ဖြစ်သည်။ သဘာဝလောကရှိ

သက်ရှိသက်မဲ့တို့၏အပြင်ပနှင့်အတွင်းသရုပ်ဆောင်မှုသည် ရုပ္ပဗိယသ်စနစ်ကြောင့်ပင်လျှင်ပီပြင်နေရသည်။ဤသို့ဖြစ်မြောက်အောင်မြင်စေဖို့လည်း အလုပ်လုပ်သည့်စွမ်းအင်တိုင်းသည် ယင်းသူတို့၏လိုအပ်မှုနှင့်ဖွံ့ဖြိုးမှု အတိုင်း အတာကို ဖြည့်စည်းပေးရုံသာမက အသက်ရှင်ရပ်တည်ပျိုးထောင်ရေးအတွက်ကိုပါ အထောက်အကူပြုပေးနေသည်။

သက်ရှိတစ်ဦးကို သူ၏ဝန်းကျင်စနစ်ကအသက်ရှင်ရပ်တည်မှုနှင့် လိုက်လျောညီအောင် ပြုလုပ်ပေးနေပါသည်။ ယင်းစွမ်းဆောင်မှုကြောင့် ဆန့်ကျင်ဖက်အသွင်ဆောင်သော်အကျိုးဆက်များဖြစ်ပေါ်မလာပါ။ ဖော်ပြပါ အကြောင်းအရာများနှင့်ပတ်သက်ပြီး ဆင်ခြင်တွေးခေါ်မှုပြု၍ ဆန်းစစ်သောအခါ အချက်၂ချက်သည် ပေါ်လွင်ထင်ရှားစွာတွေ့မြင်တော့သည်။ယင်းအချက်၂ချက်ကို ကျမ်းမြတ်ကုရ်အာန်က လူသားတို့အားဖော်ပြလမ်းညွှန်သည်။ ယင်းအချက် ၂ ချက်အနက်တစ်ခုကို ကျမ်းမြတ်ကုရ်အာန်က သက္ကဒီရ်ဟူ၍သတ်မှတ်ကာ ကျန်တစ်ခုကိုမူ ဟီဒါယတ်ဟူ၍ သတ်မှတ်ဖော်ပြထားသည်။ ဤအကြောင်းအရာများသည် စိတ်ဝင်စားဖွယ်ရာကောင်းလွန်းလှသောကြောင့် ဂရုတစိုက်လေ့လာဖို့လိုအပ်သည်။

## (က) ''သက္ကဒီရ်'' သဘောတရား تقدير

သက္ကဒီရ်၏ အဓိပ္ပါယ်မှာ အရာဝတ္ထုတစ်ခု၏ ရပ်တည်မှုအတွက် စနစ်ဇယား တစ်ခုကို ဘောင်ခတ်သတ်မှတ်ခြင်းကိုခေါ်သည်။ အရာဝတ္ထုတစ်ခု၏ အခြေအနေကို အထူးစည်းကမ်းဘောင်ခတ် တာဝန်သတ်မှတ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ယင်းသတ်မှတ်သည် တည်နေရာ(မကီယသ်)အရလည်း ဖြစ်နိုင်သည်။ အခြေအနေအရလည်းဖြစ်နိုင်သည်။

သို့ဖြစ်၍ သဘာဝ လောကကြီးရှိ အရာဝတ္ထုမှန်သမျှ၏လှုပ်ရှားမှုသည် ရုပ်သဘော၏အဓိပ္ပါယ်ဆောင်သော စွမ်းရည်အတွက် အထူးစည်းကမ်း သတ်မှတ်ဘောင်ခတ်ခြင်းများရှိသည်။ ယင်းစည်းကမ်းဘောင်ကိုကျော်လွှား၍ အရာမှန်သမျှတို့သည် ပြင်ပသို့မရောက်ရှိနိုင်ပါ။ ယင်းသတ်မှတ်ချက်တာဝန်ကိုကျော်လွန်၍ အခြားလုပ်ဆောင်မှုများကိုလည်း မပြုနိုင်ပါ။ ယင်းသတ်မှတ်ဘောင်ခတ် သတ်မှတ်ချက်သည် ဘဝရပ်တည်မှုနှင့် ဖွံ့ဖြိုးပျိုးထောင်မှုအတွက် ပီပြင်သော သဟဇာတဖြစ်နိုင်စွမ်းကို တိကျစွာသတ်မှတ်ထားခြင်းဖြစ်သည်။

وَخَلَقَ كُلَّ شَيْءٍ فَقَدَّرَهُ تَقْدِيرًا

"အလ္လာဟ်အရှင်မြတ်သည် အရာမှန်သမျှကို ဖန်ဆင်းခဲ့သည်။ ယင်းနောက် ယင်းအရာများအတွက် လိုက်လျောညီသော အခြေအနေနှင့် လိုအပ်မှုအတွက် လိုက်လျောညီမှုရှိသော စည်းကမ်းဘောင်ကိုသတ်မှတ်သည်။" (၂၅ း ၂)

အရာတစ်ခုအတွက် အစဉ်အမြဲလိုက်လျောညီစွာ ပေါက်ဖွားလာသော အခြားအရာများ(ဝါ)ဝန်းကျင်ကိုသတိထားကြည့်ပါ။ ယင်းသည် တိကျသတ်မှတ်ထားသော မပြောင်းမလွဲနိုင်သော ဥပဒေတစ်ခုဖြစ်ကြောင်း တွေ့မြင်နိုင်သည်။ အရာတစ်ခုသည် ပတ်ဝန်းကျင်နှင့်လိုက်လျောမှု အစဉ်ပြေစေဖို့ အတွင်းအပြင် တန်ဆာဆင်ထားမှုကို အလ္လာဟ်အရှင်မြတ်က မူလကတည်းက စီမံသတ်မှတ်ထားသည်။ ယင်းအရာသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ သက်ရှိသက်မဲ့တို့နှင့် သူ၏ဝန်းကျင်ကိုလိုက်ဖက်ညီမှုနှင့် ပတ်သက်သော သတ်မှတ်ချက်သက္ကဒီရ်ပင် ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် အရာဝတ္ထုတိုင်း၏ဖန်ဆင်းမှုနှင့် အသက်ထင်ရှား ဘဝရပ်တည်မှုအတွက် တိကျသတ်မှတ်ချက်ရှိသော အခြေအနေဖြင့် ဘဝရပ်တည်စေသည်။ယင်းသက္ကဒီရ် ဥပဒေသည် သက္ကလောကနှင့် ရုက္ခလောက အတွက်သာမက သဘာဝလောကကြီးအတွင်းရှိရှိသမျှသော အရာအားလုံးအတွက် သတ်မှတ်ပြီးသော ဘောင်ကန့်သတ်မှတ်ချက်ဖြစ်သည်။ ကြယ်နက္ခတ်တာရာ အားလုံးသည်လည်း ယင်းဥပဒေသကို ထပ်ချမကွာ လိုက်နာကျင့်ကြံရသည်။ ယင်းစည်းကမ်းဘောင်မှလွတ်ကင်းအောင်မပြုနိုင်ပါချေ။

وَالشَّمْسُ تَجْرِي لِمُسْتَقَرٍّ لَّهَا ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ

"ကြည့်ပါလေ နေသည်လည်း သူ၏ သတ်မှတ်ထားသော လမ်းကြောင်းတွင်သာ သွားနေရသည်။ ယင်းသည် နေအတွက် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ထားသော သက္ကဒီရ်ဖြစ်သည်။" (၃၆ း ၃၈)

ဝေနေယျသတ္တဝါအားလုံးအတွက် သူ၏ဝန်းကျင်နှင့်လိုက်လျောညီသော ဥပဒေသ သတ်မှတ်ချက်သည် ယင်းတို့ အကြားသဟဇာတကိုဖြစ်စေသည်။ သက္ကဝါတို့အဖို့ သူတို့ဝန်းကျင်တွင် သူတို့အတွက် အသက်ရှင်ရပ်တည်မှုနှင့် စားသုံးမှုဖူလုံမှုရှိသောအရာများကိုသာတွေ့မြင်ရမည်။ အတောင်ပံရှိသော ငှက်များ၊ ကူးခတ်သောငါး၊ ခြေလေးချောင်းသတ္တဝါများနှင့် တွားသွားသတ္တဝါများ စသည်တို့အတွက် သူတို့နှင့်လိုက်လျောညီသောဝန်းကျင်ကိုစီမံထားသည်။ သူတို့ခန္ဓာကိုယ်တည်ဆောက် မှုသည်လည်း ဝန်းကျင်အတွင်း အသုံးချစေဖို့ဖြစ်သည်။

လေထဲတွင် ငါးများ မနေနိုင်သကဲ့သို့ ရေထဲတွင် အတောင်ပံရှိသော

ငှက်များမနေနိုင်ပါ။ အကယ်၍ လေနှင့် ကုန်းမြေတွင် ငါးများနေရန်ကြိုးစားပါက ကြာရှည်စွာအသက်ရှင်နေနိုင်မည်မဟုတ်။ အကြောင်းမှာ ယင်းသက်ရှိများသည် သူတို့နှင့်လိုက်လျောညီထွေရှိသောနေရာဒေသမျိုးတွင်နေထိုင်မှသာလျှင် သူတို့အတွက် နေထိုင်မှုသည် အစဉ်ပြေရုံမက စားဝတ်နေရေးလွယ်ကူမည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ထားသော သက္ကဒီရ်ကိုကျော်၍ သဘာဝလောကတွင်ရှိမည့်သူကမျှဥပဒေအသစ်များကို မသတ်မှတ်နိုင်ပါ။ ဤသို့ ကြိုးစားအား ထုတ်ခဲ့လျှင် သတ္တဝါများအသက်ရှင်နိုင်ရန်ခက်ခဲမည်။

အချို့သတ္တဝါ၏ခန္ဓာကိုယ်တည်ဆောက်မှုသည် သူ၏ဝန်းကျင်ပြောင်းလဲမှုကြောင့် ဝန်းကျင်နှင့်လိုက်လျောညီပြောင်းလဲသွားရသည့်သာဓကများရှိပေသည်။သက်ရှိတို့အတွက်သူ၏ဝန်းကျင်၏ရာသီဥတုသည်လည်း အရေးပါလှသည်။ အေးသောဒေသတွင် ပေါက်ဖွားသောသက်ရှိတို့အဖို့ ယင်းဒေသများ တွင်သာလျှင် လိုက်လျောညီမှုရှိသည်။ယင်းဒေသတွင်နေထိုင်မှုသည် အစဉ်ပြေသည်။ ပူပြင်းသော ဒေသရှိတိရိစ္ဆာန်တို့အဖို့ ထိုဒေသသည်သာလျှင်လျော်ကန်လှသည်။ ဝင်ရိုးစွန်းဒေသတွင်တွေ့ရသော သတ္တဝါများကို အခြားပူပြင်းသော ဒေသတွင်တွေ့မြင်နိုင်မည်မဟုတ်ပါ။အကယ်၍ရာသီဥတုမတူညီသောဒေသတွင်ထားရှိလိုပါက သူ၏မူလဝန်းကျင်နှင့်လိုက်လျောညီသော ရာသီဥတုအသွင်အခြေအနေမျိုးကိုပြုပြင် ဖန်တီးပေးရသည်။

## (ခ) ""ဟီဒါယသ်"" သဘောတရား هداية

ဟီဒါယသ်၏အဓိပ္ပါယ်မှာလမ်းပြခြင်း၊ လမ်းကြောင်းတွင် ချပေးခြင်းနှင့် လမ်းညွှန်ချက်ပေးခြင်းတို့ကိုခေါ်သည်။ ယင်းဟီဒါယသ်အတွက် နည်းလမ်းနှင့် အမျိုးအစားသည် အမျိုးမျိုးအဖုံဖုံရှိသည်။ ယခုဖော်ပြလိုသည် ဟီဒါယသ်လမ်းညွှန်ချက်သည်ကားသက်ရှိသက်မဲ့အားလုံးကိုဘဝလမ်းကြောင်းတွင် အသက်ရှင်ရပ်တည်စေလျက် ဘဝဖူလုံမှုအတွက်လိုအပ်သောရပိုင်ခွင့်နှင့်နည်းလမ်းများကို လမ်းညွှန်ချက်ဖြစ်သည်။သဘာဝတွင်ယင်းလမ်းညွှန်ချက်သည်ရဗူဗိယသ်၏ လမ်းညွှန်ချက်ပင်ဖြစ်သည်။အကယ်၍ဤလမ်းညွှန်ချက်သာမရှိခဲ့ပါကသက်ရှိတို့သည် သဘာဝလောကကြီးအတွင်း အသက်ရှင်ရပ်တည်စေဖို့ရန် သက်ရှိလောကအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသောအရာများကို အသုံးပြုနိုင်မည်မဟုတ်ပါ။ ဤသို့ဖြင့် အသက်ရှင်ရပ်တည်မှုအတွက် ရှန်းကန်မှုသည် အချည်းနှီးဖြစ်သွားပေမည်။

ရဗူဗိယသ်စနစ်၏ဟီဒါယသ်စောင်မမှု၊ လမ်းညွှန်ချက်ဟူသောအချက်နှင့်

ပတ်သက်သောအဓိကကျသောအချက်ကိုဆက်လက်လေ့လာပါမည်။ ကုရ်အာန်က ဆိုသည် ယင်းသည် ဝါဂျ်ဒါနိစိတ်တွင် ကိန်းအောင်းနေသော အသိပင်ကိုယ်ဉာဏ် မွေးရာပါအသိ **(Instinct)** အတွင်းအလ္လာဟ်အရှင်မြတ်က ထည့်သွင်းပေးသွင်းထားသော အိလ်ဟာမ်လမ်းညွှန်ချက်ပင်ဖြစ်သည်။ ယင်းသည် သိတတ်မှုသတိတရားအာရုံငါးပါးနှင့်ထူးခြားသောဉာဏ်ရည် ''အိဒ်ရာက်''၏ သဘာဝအလျောက်ဖော်ညွှန်းစွမ်းဆောင်ချက်၏ ပေါင်းစည်းမှုပင်ဖြစ်သည်။

ကုရ်အာန်က ယင်းသည် အလ္လာဟ်အရှင်မြတ်က သတ္တဝါတိုင်းအတွင်း ပထမအဆင့်အနေဖြင့်စိတ်တွင်ကိန်းအောင်းနေသော ပင်ကိုအသိ အဖြစ် အိလ်ဟာမ်လမ်းညွှန်ပြသချက်အားဖြင့် ပေါ်ထွန်းလာစေသည်။ ထိုမှတစ်ဖန်အာရုံငါးပါးနှင့်ဉာဏ်ရည်ကိုအလင်းပြစေသည်။ယင်းသည် အလ္လာဟ်အရှင်မြတ်၏ သတ္တဝါတို့အတွက်သိမှုနှင့် ဉာဏ်ရည်အတွက် လမ်းညွှန်ပြသမှုအနက်တစ်ခုပင်ဖြစ်သည်။

သိမှုဆိုင်ရာအသိ (ဝ) မွေးရာပါအသိကို လမ်းညွှန်ပြသချက်ဆိုသည်မှာ သတ္တဝါတိုင်းတွင် အိလ်ဟာမ်လမ်းညွှန်ပြသချက်နှင့်ပတ်သက်သော အတွင်းလှုံ့ဆော်အသိပေးမှုသည် အစဉ်တည်ရှိနေသည်ကိုအသိပင်ဖြစ်သည်။ ယင်းအသိပေးမှုသည် ဘဝရပ်တည်မှုနှင့် အသက်ရှင်မှုအတွက် အလိုအလျောက်ဖြစ်ပေါ်လာရသည်။ အထူးတလည်ပြင်ပမှပြသပေးစရာလည်းမလိုအပ်သလိုယင်းအတွက် ပညာပေးစရာလည်းမလိုအပ်ပါ။

လူသားဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ နို့တိုက်သတ္တဝါမှန်သမျှသည် မိခင်ဝမ်းမှထွက်ပေါ်လာပြီးနောက် သူ၏စားရေးရိက္ခာသည် မိခင်၏ရင်ခွင်တွင် ရှိကြောင်းသိမြင်ပြီး နို့သီးခေါင်းသည် ပါးစပ်အတွင်း ရောက်ရှိသောအခါ ဤအသိအားဖြင့်ပင်လျှင် အလိုအလျောက်နို့ကိုစုပ်ယူသည်။ စုပ်ယူရာတွင်လည်း နို့ထွက်ရန် သူ၏အားအင်ကို အစွမ်းကုန်သုံး၍ စုပ်ယူသည်။ သူတို့သည် အိလ်ဟာမ် လမ်းညွှန်ပြသချက်ကြောင့်ပင်လျှင် ဤသို့ပြုလုပ်မှ အစာရေစာရမည်ဟု သိနေရခြင်းဖြစ်သည်။

ကြောင်ကလေးသည် မွေးလာပြီး မကြာသေးမီတွင်ပင် မိခင်ကြောင်မကြီးသည် ကြောင်ကလေးငယ်ကို တယုတယ လျှာဖြင့် ယက်နေသည်ကို တွေ့ရမည်။ မျက်စိပင် ကောင်းစွာမမြင်နိုင်သေးသောအချိန်တွင် ကြောင်ကလေးသည်လည်း မိခင်၏ရင်ခွင်တွင်တစ်ခုခုရှာကြံနေသည်။ ယင်းနောက် နို့သီးကို ပါးစပ်အတွင်း ပါအောင် စုပ်ယူလိုက်သည်။ ဤသို့ စုပ်ယူနိုင်ခြင်းမှာ ကြောင်ကလေးအဖို့ သူ၏အစာရိက္ခာသည် ဤနေရာတွင်ရှိသည်ကိုသိရှိနေ၍ပင်ဖြစ်သည်။ ဤကြောင်ကလေးကိုဘယ်အင်အားစုကအသိပေးပါသနည်း။

ဤသည် ဖန်ဆင်းပြုစု၍အဆင့်ဆင့် ပျိုးထောင်ပေးသော အလ္လာဟ်အရှင်မြတ်ကပေးထားသော သိမှုဆိုင်ရာလမ်းညွှန်ချက်ပင်ဖြစ်သည်။ ဤသည်

ထင်ရှားစွာ သိမြင်နိုင်သောအချက်အသိရှားဖြစ်သည်။ ယင်းသည်ပင်လျှင် သိမှုနှင့် ဉာဏ်ရည်ကိုထွန်းပပြီးသူတို့၏ဘဝရပ်တည်အသက်ရှင်မှုအလုပ်တွင် ပါဝင်အောင် ပြုလုပ်ခြင်းဖြစ်ပေသည်။

ဤအချက်ကို ကြောင်တို့၏အပြုအမူ သဘာဝဖြစ်စဉ်ဖြစ်ရပ်အားဖြင့် စူးစမ်းကြည့်သောအခါ ကြောင်မသည် ပထမ ဦးစွာ သန္ဓေလွယ်ခြင်းကာလတွင် သူမအား ယင်းသန္ဓေနှင့်ဆက်နွယ်၍ ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို မည်သူက လှုံ့ဆော် တိုက်တွန်းသည်ကို စဉ်းစားကြည့်ပါက ယင်းသည် မွေးရာပါအသိ ပင်ဖြစ်ကြောင်းသိနိုင်သည်။ ယင်းအသိပင်လျှင် ကြိုတင်ပြင်ဆင်မှုနှင့် ကာကွယ်မှု ဆိုင်ရာကို ပြုလုပ်ရန် လမ်းပြသည်။ ကြောင်မသည် မွေးဖွားချိန်နီးလာသောအခါ သူမ၏အသိသည် အဖက်ဖက်မှသိမ်းကျုံး၍လုံခြုံစိတ်ချရသောနေရာကို ရှာကြံရေး ဖက်သို့ ရောက်ရှိသွားသည်။ သူ၏နေထိုင်ကျက်စားရာ နေရာအသီးသီးကိုသွား၍ ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စိတ်အချရဆုံးနေရာကိုရွေးချယ်ကာ စတည်းချ နေထိုင်ပြီး သူ၏လွယ်ထားသော သန္ဓေသားကို မီးဖွားတော့သည်။

ယင်းမွေးဖွားမှုကိစ္စပြီးဆုံးလျှင်ပြီးချင်း သူ၏အသိသည် ကလေးငယ် များကို ပြုစုခြင်းဘက်သို့ ရောက်ရှိသည်။ သူ၏အသိသည် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်မည့်နေရာ များကို တစ်ခုစီ စိစစ်၍ လုံခြုံမှု စိတ်အချရဆုံးနေရာကို ရှာကြံသည်။ ဤသို့သောအသိကို မည်သူကပေးသနည်း။ မိခင် ကြောင်မကြီးအား ကြောင်ငယ်ကလေးများ၏အနံ့ကို ရှူရှိုက်၍ ရန်သူတို့က လိုက်ရှာနေသည်ဟူသောအသိကို ဘယ်သူတွေက ပေးပါသနည်း။

ယင်းအသိကို လမ်းညွှန်ပြသူက ရဗ္ဗုဗီယသ် ဖန်ဆင်းပြုစုပျိုးထောင်မှုကို ပေးသနားတော်မူသော အလ္လာဟ်အရှင်မြတ်ကပေးသောအသိပေးမှုပင်ဖြစ်ကြောင်း ထင်ရှားသည်။ ယင်းအသိကို ဖန်ဆင်းခံရသူတို့အတွင်း အလ္လာဟ် အရှင်မြတ်က သာလျှင် ထွန်းပလာစေခြင်းဖြစ်သည်။ ယင်းအသိသည် ဘဝရပ်တည်မှုနှင့် ပြုစုပျိုးထောင်ရေးဆိုင်ရာနည်းလမ်းအားလုံးကိုဖွင့်လှစ်ပေးသည်။

ဟိဒါယသ်လမ်းညွှန်ချက်၏ဒုတိယအမျိုးအစားက အာရုံအားဖြင့် အသိ တရားပေးခြင်းပင်ဖြစ်သည်။ တိရစ္ဆာန်များသည် လူသားများကဲ့သို့ ဆင်ခြင် သုံးသပ်နိုင်သော ဉာဏ်မရှိသည်မှန်သော်လည်း သူတို့အဖို့ အလ္လာဟ်အရှင်မြတ်က ဘဝရပ်တည်မှုလုံခြုံရေးနှင့်စားရေးသောက်ရေးအတွက် လိုအပ်သော အသိတရား ကိုပေးထားသည်။ယင်းအသိတရားအားဖြင့် သူတို့သည် နေမှုထိုင်မှု၊ စားသောက်မှု၊ မေထုံမှီဝဲမှုပြုခြင်းနှင့် အသက်လုံခြုံရေးတာဝန်ကို အလွန်ပါးနပ်စွာဖြင့် တိကျစွာ ထမ်းရွက်ကြသည်။ ယင်းအာရုံဖြင့် အသိတရားသည် တိရစ္ဆာန်တစ်မျိုးတည်း

သာမဟုတ် ရုက္ခလောကအပါအဝင် သက်ရှိသက်မဲ့အားလုံးတွင် ကိုယ်စီကိုယ်စီရှိနေကြသည်။ယင်းအာရုံဖြင့် အသိတရားသည် သူတို့၏လိုအပ်မှုအတိုင်းအတာကို ပြည့်ဝစွာဖြည့်တင်းပေးသည်။

ပုရွက်ဆိတ်သည် အနံ့ခံအာရုံ အထူးကောင်းလှသည်။ ထို့ကြောင့် ဝေးလံ၍ခက်ခဲသောနေရာများရှိ အစားရိက္ခာကိုရှာဖွေနိုင်သည်။စွန်များနှင့် လင်းတတို့ကမူ အမြင်အာရုံ အလွန်စူးရှသည်။ ထို့ကြောင့်လည်း ကောင်းကင်အထက်ဝေးလံသောနေရာမှသူတို့၏စားရေရိက္ခာကိုမြင်နိုင်စွမ်းရှိသည်။ ယင်းအာရုံအသိတရားကိုမည်သူ့ထံမှရရှိသည်ကိုစဉ်းစားကြည့်ပါကယင်းသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ သူတို့ဘဝရပ်တည်ပျိုးထောင်စေဖို့ပေးခြင်းခံရသော သဘာဝပြဋ္ဌာန်းချက်များဟု သိမြင်နိုင်ပေမည်။

ယင်းအသိကိုကျမ်းတော်မြတ်ကုရ်အာန်ကရဖူဗိယသ်အတွက် ဝဟီလမ်းညွှန်ပြသခြင်းဟု ခေါ်ထားသည်။ အရဗီ ဘာသာစကားအရ ''ဝဟီ'' ဟူသည် လမ်းညွှန်ပြသခြင်းကိုခေါ်သည်။ စင်စစ် ယင်းလမ်းညွှန်ချက်အားဖြင့် အလ္လာဟ်အရှင်မြတ်သည် လျှို့ဝှက်လှသောဘဝဆိုင်ရာအခက်အခဲများကို သက်ရှိတို့ကိုအသိပေးကာ ရှုမြင်နိုင်ရန်လမ်းဖွင့်ပြသချက်ဟုခေါ်ရပေမည်။

وَأَوْحَى رَبُّكَ إِلَى النَّحْلِ أَنِ اتَّخِذِي مِنَ الْجِبَالِ بُيُوتًا وَمِنَ الشَّجَرِ وَمِمَّا يَعْرِشُونَ

''အသင်၏ရပ်ဖန်ဆင်းပြုစုပျိုးထောင်ပေးသောအရှင်သည် ပျားတို့အား မြင့်မားသောတောင်များနှင့်သစ်ပင်များတွင်အိမ်များတည်ဆောက်ဖို့ဝဟီလမ်းညွှန်ပြသခဲ့သည်။''
(၁၆ း ၆၈)

ယင်းပဋိတရားနှင့်ပတ်သက်၍တမန်တော်မူဆာအား ဖာရိဘုရင်က''သင်၏ ဖနိဆင်းပြုစုပျိုးထောင်သောအရှင်က အဘယ်သူနည်း''

မေးမြန်းရာ မူဆာနဗီက رَبُّنَا الَّذِي أَعْطَى كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَى

''အကျွန်ုပ်၏ အရှင်သခင်ကား အရာရာတိုင်းကို ရုပ်လုံးဖော်ဖန်ဆင်းပြုစုပြီး ယင်းဘို့ကိုဘဝနှင့်စားဝတ်နေမှုအတွက်လမ်းဖွင့်ပေးသောအရှင်ပင်ဖြစ်သည် (၂၀ း ၅၀) ဟု ဖြေကြားခဲ့သည်။''

ယင်းအသိတရားကိုပင် ကျမ်းမြတ်ကုရ်အာန်၏တစ်နေရာတွင် ''နည်းလမ်းကိုလွယ်ကူစွာရှာဖွေရေး''ဟူ၍ဖော်ပြထားသည်။

مِنْ أَيِّ شَيْءٍ خَلَقَهُ مِن نُّطْفَةٍ خَلَقَهُ فَقَدَّرَهُ ثُمَّ السَّبِيلَ يَسَّرَهُ

"အလ္လာဟ်အရှင်မြတ်သည် လူသားကို မည်သည့်အရာနှင့် ဖန်ဆင်းပါလိမ့်ဟု မေး၏။ အရှင်သည်လူသားတို့အားကလလရေကြည်ဖြင့် ဖန်ဆင်းခြင်းဖြစ်သည်။ ယင်းနောက် လူသား၏ အတွင်းနှင့်အပြင်ကို သတ်မှတ်ချက်နှင့်အညီ နှိုင်းချိန်တိုင်းဆပြုစုခဲ့သည်။ ယင်းနောက် ဘဝရပ်တည်စေဖို့ နည်းလမ်းကိုလွယ်ကူစေသည်။" (၈၀ ႏ ၁၈ – ၂၀)

ယင်းဖော်ပြထားသော ဆွမ်းမာဆ်ဆဗီးလယာဆွရာ ဟူသည် နည်းလမ်းကို လွယ်ကူစေသောအရာကို မွေးရာပါ အသိ(ဝဂျ်ဒါန်) နှင့် ထူးခြားသောအသိ(အိဒ်ရာက်)အတွက် အလ္လာဟ်အရှင်မြတ်၏လမ်းညွှန်ချက်ပင် ဖြစ်သည်။ ယင်းသည် သက္ကဒီရ်၏ နောက်မှလိုက်သည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ ဖော်ပြပါ ဖေးမကူညီမှုသာ မရှိခဲ့လျှင်မူ ကျွန်ုပ်တို့သည် ဘဝရပ်တည်မှုအတွက် လိုအပ်ချက်များကို ရနိုင်မည်မဟုတ်ဘဲ အခက်အခဲအမျိုးမျိုးကို ကြုံတွေ့ရပေမည်။

ရှေ့လာမည့်ဟိဒါယသ်အခန်းတွင်ကုရ်အာန်က သက်ရှိတို့ကို ဖန်ဆင်းခြင်းအကြောင်းနှင့်ပတ်သက်သော အချက် များ၏ တတိယနှင့် စတုတ္ထအချက်များသည် ယင်းသက္ကဒီရ်နှင့် ဟိဒါယသ်ပင်ဖြစ်ကြောင်းတွေ့မြင်ရမည်။

الَّذِي خَلَقَ فَسَوَّىٰ وَالَّذِي قَدَّرَ فَهَدَىٰ

"ထိုဖန်ဆင်းပြုစုပျိုးထောင်သောအရှင်သည်သာလျှင် အရာခပ်သိမ်းကို မှန်ကန်လှပစွာနှင့် လိုက်ဖက်ညီမျှအောင်ဖန်ဆင်းပြုစုသည်။ ယင်းနောက် အရာအားလုံးကို ပကာတိပုံမှန်အခြေကို ဖြစ်စေသည်။ ယင်းနောက် တိကျသော စနစ်တစ်ခုကို သတ်မှတ်ပေးသည်။ ယင်းနောက် လမ်းညွှန်ချက်အားဖြင့် ဘဝတည်ဆောက်မှုဖြစ်စေသည်။'(၈၇း၂–၃)

□□□□□□

## ကျမ်းတော်မြတ်ကုရ်အာန်သည်သစ္စာတရားဖြစ်ကြောင်း

## အဖွင့်သက်သေလက္ခဏာများ

## သစ္စာတရားဖြစ်သောကျမ်းတော်မြတ်ကုရ်အာန်၏ သက်သေ သာဓက များ

ကျမ်းတော်မြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ သောင်ဟီဒ် တစ်ဆူတည်းသော အရှင်ဝါဒနှင့်အလ္လာဟ်အရှင်မြတ်၏ ဆွေဖာသ်တော်နှင့် စပ်လျဉ်း၍ ဖော်ပြရာတွင် ရဖူဗီယသ်၏စည်းစနစ်နှင့်သက်ဆိုင်သော သက်သေ သာဓက များဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်ဖော်ပြမည့်အကြောင်း လက္ခဏာများသည် ယင်းသက်သေများပင်ဖြစ်သည်။ ယင်းတို့ကိုမဖော်ပြမီ အလျင် ကျမ်းမြတ်ကုရ်အာန်၏ သစ္စာတရားနှင့်ပတ်သက်သောပြဆိုချက်၏ အထားအသို နှင့် အသွင်အပြင်ကို ရှင်းပြရန်လိုပေသည်။ သို့မှသာလျှင် ကုရ်အာန်၏ဆိုလိုရင်း အာဘော်သဘောတရားကို လက်လှမ်းမှီ၍သိမြင်နိုင်ပေသည်။

### ""ကျမ်းမြတ်ကုရ်အာန်၏ဒါဝသ်သည်""ဒါဝသ်တေ သအာက်ကုလ် (ဝါ) ဆင်ခြင်တုံတရား၊ ဉာဏ်ရည်အားဖြင့် ဖိတ်ခေါ်မှုဖြစ်သည်။""

ကျမ်းမြတ်ကုရ်အာန်၏ စဦးပထမဆုံး ဖိတ်ခေါ်မှုသည် ဆင်ခြင်တုံရားကို အသုံးပြုခြင်းအားဖြင့် တွေးခေါ်မှုပြုသော ဒါဝသ်ဖိတ်ခေါ်မှုဖြစ်သည်။ သဘောက လူသားတို့အဖို့အမှန်တရား (ဝါ) သစ္စာတရားကို ဆန်းစစ်သိမြင်စေဖို့ရန် အလ္လာဟ် အရှင်မြတ်ကလူသားတို့အားပေးထားသောဉာဏ်ရည်ကိုအသုံးပြုကာ တွေးခေါ်တတ် မှုပြုစေခြင်းပင်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်က လူသားတို့အား မိမိကိုယ် အတွင်းနှင့် မိမိ၏ဝန်းကျင်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကို ဆင်ခြင်တုံ တရားအားဖြင့် ဆန်းစစ်ရှာဖွေ တွေးခေါ်တတ်မှုကို အသုံးချဖို့ ဖိတ်ခေါ်မှုပြုသည်။ သို့ဖြစ်၍ ကျမ်းတော်မြတ်ကုရ်အာန်၏ ကဏ္ဍတိုင်းတွင် စဉ်းစားတွေးခေါ်မှုပြုကာ ဆင်ခြင်တုံတရားကို အသုံးချရှာကြံရန် အဖန်တလဲလဲ တိုက်တွန်းထားသည်ကို တွေ့မြင်ရသည်။ فِي الْأَرْضِ آيَاتٌ لِّلْمُوقِنِينَ وَفِي أَنفُسِكُمْ أَفَلَا تُبْصِرُونَ

စင်စစ်သော်ကားယုံကြည်သူတို့အဖို့ရာတွင် ပထဝီမြေကြီးအတွင်း သစ္စာတရားနှင့် ပတ်သက်၍များလှစွာသောသက်သေလက္ခဏာများရှိပေသည်။ အသင်တို့၏ ကိုယ်အတွင်း၌လည်း သက်သေလက္ခဏာများရှိနေသည်။သို့ဖြစ်ပါလျှက်အသင်တို့မမြင်မတွေ့ကြလေသလော။''

(၅၁ း ၂၀ - ၂၁)

ဉာဏ်ရည်ကို အသုံးပြုကာ ဆင်ခြင်တုံတရားအားဖြင့် မျှော်မှန်းကြံဆ

နိုင်စွမ်းကို အလ္လာဟ်အရှင်မြတ်က လူသားတို့ အား ပေးထားပါလျက် ယင်းတို့ကို အမှန်တကယ်အသုံးချသင့်သောနေရာများတွင်အသုံးမပြုပါကအလ္လာဟ်အရှင်မြတ်၏စစ်ကြောမေးမြန်းခြင်းကိုခံရပေမည်ကိုကျမ်းတော်မြတ်ကုရ်အာန်က အောက်ပါအတိုင်း သတိပေးသည်။

إِنَّ السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ أُولَٰئِكَ كَانَ عَنْهُ مَسْؤُولًا

"ကေန်အမှန်လူသားတို့သည်နား၏ကြားခြင်း၊ မျက်စိ၏မြင်ခြင်း၊ စိတ်နှလုံး၏စစ်ကြောခြင်းနှင့်ပတ်သက်၍ အသီးသီးသော အသုံးချမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းကိုခံရပေမည်။" (၁၇ း ၃၆)

ပထဝီမြေကြီး၏ အနှံ့အပြားတွင်လည်းကောင်း၊ မိုးကောင်းကင်၏မြင်ကွင်းအားလုံးတွင်လည်းကောင်း၊ ဘဝ၏ ခက်ထန်လှသော အကွေ့အကောက်တွင်လည်းကောင်း လူသားတို့သည် ဆင်ခြင်တုံတရားအားဖြင့် တွေးခေါ်မျှော်မှန်းစဉ်းစားတတ်သောအမြင်ဖြင့်စူးစမ်းကြည့်ပါက ကျမ်းတော်မြတ်ကုရ်အာန်၏သစ္စာတရားမှန်ကန်ကြောင်းလက္ခဏာများကိုမြင်နိုင်ပေသည်။ ဤသို့ ပြုလုပ်နိုင်စွမ်းရှိစေဖို့ သတိလက်လွှတ်မရှိဘဲရှုမြင်တတ်ဖို့ အရေးကြီးကြောင်းကို ကျမ်းမြတ်ကုရ်အာန်က လမ်းညွှန်ပြသည်။

وَكَأَيِّن مِّن آيَةٍ فِي السَّمَاوَاتِ وَالْأَرْضِ يَمُرُّونَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُونَ

"စင်စစ်မူကား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေကြီး၌လည်းကောင်း၊ သစ္စာတရားနှင့်စပ်လျဉ်း၍ သက်သေ လက္ခဏာ အများအပြားရှိသည်။ ဝမ်းနည်းစရာကောင်းလှသည်ကား လူတို့သည်ထိုအရာများကို ဖြတ်ကျော်၍သွားသော်လည်း ယင်းတို့နှင့် ပတ်သက်၍ စိုးစဉ်းမျှခေါင်းမော့ကြည့်ရှု သုံးသပ်ခြင်း မရှိပေ။" (၁၂ း ၁၀၅)

## ""အလ္လာဟ်အရှင်မြတ်သည် သဘာဝလောကကြီးတစ်ခုလုံးကို သစ္စာတရားဖြင့် ဖန်ဆင်းခြင်းဖြစ်သည်။""

လူသားသည် သဘာဝလောကကြီး၏ဖန်ဆင်းမှုကို ဆင်ခြင်သုံးသပ်သည့်ရှိသော် မည်သို့သော အမြင်အားဖြင့် ရှုမြင်ရမည်နည်း။

ဤအမေးနှင့်ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်က ဖြေကြားသည်မှာ ယင်းအရာများကို ဆင်ခြင်သုံးသပ်သည့် ရှိသော် ပထမဦးစွာ ရှုမြင်ပေါ်ထွန်းလာမှုသည်ကား သစ္စာတရားဖြင့် တည်ဆောက်ထားသော ဖန်ဆင်းမှု အခြေခံဥပဒေသပင်ဖြစ်သည်။

သဘာဝလောကကြီး၏ ဖန်ဆင်းမှုနှင့် သဘာဝလောကကြီးတွင်ပါဝင်

သောအရာတစ်ခုစီကိုပုံဖော်အနုစိတ်ဖြစ်စဉ်အရ လေ့လာသည့်ရှိသော် ယင်းအရာများသည် တိတိကျကျ သတ်မှတ်ထားသောစည်းစနစ်ဖြင့် တည်ဆောက်ထားသောအရာများသာဖြစ်ကြောင်းကိုတွေ့မြင်ရမည်။

မည်သည့်အရာကိုမျှ ''ဟိကံမသ်''ဆန်းကြယ်မှုနှင့် ''မူဆွ်လေဟတ်'' ရည်ရွယ်ချက်မပါဘဲ တည်ဆောက်ဖြစ်ပေါ်လာသည်ဟူ၍မမြင်တွေ့နိုင်ပါ။ သဘာဝလောကကြီးရှိအရာအားလုံးကိုအကြောင်းမဲ့သောရည်ရွယ်ချက်မဲ့သော ဖန်ဆင်းမှုအဖြစ် မတွေ့မြင်နိုင်ပါ။ အရာဝတ္ထုများသည် အကြောင်းရင်းပေါ် အခြေခံသောစနစ်တစ်ခုဖြင့် ပေါ်ထွန်းလာရခြင်း ဖြစ်သည်။ ယင်းအကြောင်းကို ကျမ်းတော်မြတ်ကုရ်အာန်က အောက်ပါအတိုင်း ဖော်ပြသည်။

خَلَقَ اللهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ إِنَّ فِي ذَٰلِكَ لَآيَةً لِّلْمُؤْمِنِينَ

''အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း တိကျမှန်ကန်သော သစ္စာတရားရည်ရွယ်ချက်ဖြင့် ဖန်ဆင်းတော်မူခြင်းဖြစ်သည်။ဤအချက်သည်ပင်လျှင် စစ်မှန်သောယုံကြည်သူတို့အဖို့ ကြီးမားလှသော သက်သေသာဓကသည်အမှန်ပင်ရှိသည်။ (၂၉ း ၄၄)

ထို့မျှမက ကျမ်းတော်မြတ်ကုရ်အာန်၏ ကျော်ကြားလှသော ''အာလေအင်မရာန်''ကဏ္ဍ၏ အာယသ်တော်တစ်ခုတွင် ဆင်ခြင်တုံတရားအားဖြင့် သဘာဝလောကကြီးကို စူးစမ်းလေ့လာသူတို့အား ဖော်ပြထားပုံက . . .

الَّذِينَ يَذْكُرُونَ اللهَ قِيَامًا وَقُعُودًا وَعَلَىٰ جُنُوبِهِمْ وَيَتَفَكَّرُونَ

فِي خَلْقِ السَّمَاوَاتِ وَالْأَرْضِ رَبَّنَا مَا خَلَقْتَ هَٰذَا بَاطِلًا

ၡင်းပြင်ထိုသူတို့သည် အာကာသကောင်းကင်ဘုံများနှင့်ကမ္ဘာမြေကြီးကို ဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍ စဉ်းစားဆင်ခြင်လေ့လာကြ၏။ ယင်းနောက် အလ္လာဟ်အရှင်မြတ်ထံသို့ အောက်ပါအတိုင်း ဆုပန်ထွားကြသည်၊ အို ကျွန်ုပ်တို့၏အရှင်၊ အရှင်သည် ဤအရာအားလုံးကို အချည်းနှီးအကြောင်းမဲ့ ဖန်ဆင်းခြင်းမဟုတ်ပါ။'' (၃ း ၁၉၁)

ကျမ်းတော်မြတ်ကုရ်အာန်က သဘာဝလောကကြီးကို ဖန်ဆင်းရခြင်းနှင့်ပတ်သက်၍လည်း ယင်းသည် အကြောင်းမဲ့ မဟုတ်ကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။ وَمَا خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا لَاعِبِينَ

مَا خَلَقْنَاهُمَا إِلَّا بِالْحَقِّ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ

မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း ယင်းတို့ စပ်ကြားရှိ ရှိရှိသမျှသောအရာများကိုလည်းကောင်း၊ ငါအလ္လာဟ်အရှင်မြတ်သည် ကစားခုန်စားအပျော်သဘောဖြင့် ဖန်ဆင်း ခြင်းမဟုတ်၊ ယင်းအရာများကို နက်နဲသိမ်မွေ့ နက်နဲသိမ်မွေ့ တိကျမှန်ကန်သော အကြောင်းခြင်းရာ များဖြင့် ဖန်ဆင်းထားခြင်းဖြစ်သည်။ သို့ရာတွင်ယင်းအကြောင်းခြင်းရာများနှင့်ပတ်သက်၍ လူသားအများစုတို့သည် အကြောင်းရင်းခံများကို သိတတ်အောင်မကြိုးစားချေ။'' (၄၄ း ၃၈ – ၃၉)

## သစ္စာတရားဖြင့်ဖန်ဆင်းခြင်းအကြောင်းရင်းနှင့်စပ်လျဉ်း၍လည်း အောက်ပါအတိုင်း ဖော်ပြထား သေးသည်၊

خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ يُكَوِّرُ اللَّيْلَ عَلَى النَّهَارِ وَيُكَوِّرُ النَّهَارَ عَلَى اللَّيْلِ
وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُسَمًّى أَلَا هُوَ الْعَزِيزُ الْغَفَّارُ

အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း၊ ကျနသေချာသောအချက်များဖြင့်ဖန်ဆင်းတော်မူသည်။ ထိုအရှင်သည် ''ညကိုနေ့၏ အပေါ်၌ ဖုံးအုပ်လွှမ်းခြုံသကဲ့သို့ နေ့ကို ညအားဖြင့် လွှမ်းခြုံစေ၏။ နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ထိန်းချုပ်ထားသောအမိန့်ဖြင့်သူတို့၏လမ်းကြောင်းအတွင်း သတ်မှတ်သော အချိန်တွင် လှည့်ပတ်သွားလာမပျက်ရှိနေစေသည်။'' (၃၉ း ၅)

တဖန်အာကာသလောကနှင့် ဂြိုဟ်နက္ခတ်တာရာများကို ဖန်ဆင်းခြင်းနှင့် ပတ်သက်၍ ဤသို့ဆိုထားသည်။

هُوَ الَّذِي جَعَلَ الشَّمْسَ ضِيَاءً وَالْقَمَرَ نُورًا وَقَدَّرَهُ مَنَازِلَ لِتَعْلَمُوا عَدَدَ السِّنِينَ
وَالْحِسَابَ مَا خَلَقَ اللَّهُ ذَٰلِكَ إِلَّا بِالْحَقِّ يُفَصِّلُ الْآيَاتِ لِقَوْمٍ يَعْلَمُونَ

''အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် နေကို ထွန်းတောက်သော အလင်းပေးအရာ အဖြစ်လည်းကောင်း၊ လကိုလင်းဝင်းစွာအလင်းပြန်အရာအဖြစ်လည်းကောင်း၊ ဖန်ဆင်းတော်မူသည်။ ယင်းနောက် လကို အချိန်နှင့် ပတ်သက်သော တွက်ချက်မှုပြုနိုင်ရန် လ၏လမ်းကြောင်းစခန်းများကို သတ်မှတ်ပေး၏။ ဤသို့အားဖြင့် အသင်တို့သည် နေ့စွဲသတ်မှတ်မှုနှင့် အချိန်သိမြင်နိုင်ရန် အလ္လာဟ်အရှင်မြတ်သည် ဤအရာများကို တိကျမှန်ကန်သော ရည်ရွယ်ချက်များဖြင့်သာ ဖန်ဆင်းခြင်းဖြစ်သည်၊ အလ္လာဟ်အရှင်မြတ်ကို သိမြင်လိုသူတို့ အတွက် သက်သေလက္ခဏာရပ်ကို အသေးစိတ်တိကျရှင်းလင်းစွာ ဖော်ပြထားပေးသည်။''( ၁၀ း ၅)

ကျမ်းတော်မြတ်၏တစ်နေရာတွင်မူသဘာဝလောက၏အလှတန်ဆာ ဆင်ယင်မှုကို အောင်ပါအတိုင်းဖော်ပြထားသည်။

خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ وَإِلَيْهِ الْمَصِيرُ

''အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း နက်နဲသိမ်မွေ့ လှသော ရည်ရွယ်ချက်နှင့် သစ္စာတရားအားဖြင့် ဖန်ဆင်းတော်မူ၏။ ၎င်းပြင်အသင်တို့၏ ရုပ်ရည်ကိုဖော် ဆောင်ရာတွင်လည်း အလွန်မှပင် တင့်တယ်ကောင်းမြတ်မှုများနှင့် ပြုလုပ်ခြင်းဖြစ်သည်။'' (၆၄ း ၃)

အလ္လာဟ်အရှင်မြတ်သည် သက်ရောက်မှုအကြောင်းကြောင့် ဖြစ်ပေါ်လာသော ရလဒ်အကျိုးတရားနှင့်စပ်လျဉ်းသောဥပဒေသကိုဖော်ပြရာတွင် သစ္စာတရားဟူ၍ဖော်ညွှန်းထားသည်။ သဘာဝလောကကြီးရှိ အရာမှန်သမျှ၏ လှုပ်ရှားမှုသည် လည်းကောင်း၊ ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ ဝန်းကျင်ရှိအရာများ၏ လှုပ်ရှားမှုသည်လည်းကောင်း၊ သူတို့၏သက်ရောက်လုပ်ဆောင် မှုတိုင်းအတွက် တိကျသောတန်ပြန်အကျိုးသက်ရောက်မှုကို ဖြစ်ထွန်းစေသည်။ ယင်းဖြစ်စဉ်သည် တိကျမှန်ကန်လှသော နိယာမတရားပင်ဖြစ်သည်။

သို့ဖြစ်၍ဤနိယာမတရားကြောင့် လူသားတို့လုပ်ဆောင်သမျှ ကောင်းမြတ်သောအပြုအမူသည် လည်းကောင်း၊ ဆိုးယုတ်သောအပြုအမူသည် လည်းကောင်း၊ ယင်းနှင့်လိုက်လျောညီစွာအင် အကျိုးတရားရလာဒ်ကို အဘယ်ကြောင့်မပေးဘဲနေနိုင်အံ့ရာနည်း။

အလ္လာဟ်အရှင်မြတ်သည် ယင်းတို့အတွက် တိကျသောစည်းမျဉ်းစည်းကမ်းဥပဒေကို သတ်မှတ်ထားပြီးဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်က အောက်ပါအတိုင်းလမ်းညွှန်ပြသထားသည်။

أَمْ حَسِبَ الَّذِينَ اجْتَرَحُوا السَّيِّئَاتِ أَنْ نَجْعَلَهُمْ كَالَّذِينَ آمَنُوا
وَعَمِلُوا الصَّالِحَاتِ سَوَاءً مَحْيَاهُمْ وَمَمَاتُهُمْ سَاءَ مَا يَحْكُمُونَ
وَخَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَلِتُجْزَىٰ كُلُّ نَفْسٍ بِمَا
كَسَبَتْ وَهُمْ لَا يُظْلَمُونَ .

''မကောင်းဆိုးယုတ်သောအပြုအမူကို ကျူးလွန်သောသူတို့သည် အီမာန်ယုံကြည်မှု အသိတရားအားဖြင့် ကောင်းမြတ်သောအပြုအမူကို ကျင့်ကြံအားထုတ်သူတို့နှင့်အတူ အသက်ရှင်စဉ်ကာလ၌ လည်းကောင်း၊ သေဆုံးပြီးနောက် တမလွန်ဘဝ၌လည်းကောင်း၊ တူညီကြမည်ဟု သူတို့ထင်မြင်ကြသလော၊ သူတို့၏ထင် မြင်ယူဆချက်သည် လွန်စွာမှပင်

ဆိုးရွားလှသည်။စင်စစ်သော်ကားအလ္လာဟ်အရှင်မြတ်သည် မိုးကောင်း ကင်များကိုလည်း ကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း၊ နက်နဲသိမ်မွေ့လှသော သစ္စာတရားနှင့်လျော်ညီစွာ ဖန်ဆင်းတော်မူခြင်းဖြစ်သည်။ ဤသို့သစ္စာတရားအားဖြင့် ဖန်ဆင်းရခြင်းမှာ သက်ရှိမှန်သမျှသည် သူတို့၏ပြုကျင့်လုပ်ဆောင်မှုအလျောက် ရလဒ်ကိုရရှိသည်ဟူသော အချက်ကိုသိမြင်စေရန်ဖြစ်သည်။ထိုသူ တို့သည် တရားမျှတမှုပြုခြင်းမဲ့သော အဆုံးအဖြတ်ကို ခံရမည်မဟုတ်ပါ။ (၄၅ း ၂၁ - ၂၂)

လူသားတို့အဖို့သေလွန်ပြီးနောက်ကြုံတွေ့ရမည့်အခြေအနေနှင့် ပတ်သက်၍လည်း ကျမ်းတော်မြတ်ကုရ်အာန်က ဤသစ္စာတရားအားဖြင့်ပင် သက်သေပြသည်။သဘာဝလောကရှိသက်ရှိသက်မဲ့ဟူသမျှသည် တိကျသော ရည်ရွယ်ချက်နှင့် အကြောင်းများကြောင့် ဖြစ်ပေါ်လာရသည်။ လူသားတို့အဖို့လည်း ဘဝနှင့်ပတ်သက်၍တိကျသောရည်ရွယ်ချက်နှင့်အကျိုးတရားကိုဖော်ဆောင်ရာတွင် အာခေရသ်တည်းဟူသော သေလွန်ပြီးနောက် ဘဝအခြေအနေဖြစ်စဉ်ကို ကျမ်းမြတ်ကုရ်အာန်ကဖော်ပြခြင်းဖြစ်သည်။

ဤအာခေရသ်ဖြစ်စဉ်သာအလ္လာဟ်အရှင်မြတ်ကဖန်ဆင်းခြင်း သတ်မှတ်ခြင်း မရှိခဲ့လျှင် လူသားတို့သည် မြင့်မြတ်သော ဖန်ဆင်းပြုစုပျိုးထောင်ခြင်းခံရပြီးမှ ရည်ရွယ်ချက်မဲ့သောသေခြင်းဖြင့် အဆုံးသတ်ခြင်းသာဖြစ်ပေလိမ့်မည်။ ဤတိကျလှသော အာခေရသ်ရလာဒ်ကို ဖြစ်ထွန်းစေသော သေလွန်ပြီးနောက် အခြေအနေဖြစ်စဉ်နှင့် ပတ်သက်၍ ကုရ်အာန်က အောက်ပါအတိုင်းဖော်ပြသည်။

أَوَلَمْ يَتَفَكَّرُوا فِي أَنفُسِهِمْ مَا خَلَقَ اللهُ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا إِلَّا بِالْحَقِّ وَأَجَلٍ مُّسَمًّى وَإِنَّ كَثِيرًا مِّنَ النَّاسِ بِلِقَاءِ رَبِّهِمْ لَكَافِرُونَ

"ထိုသူတို့သည် မိမိတို့၏စိတ်နှလုံးအားဖြင့် ဆင်ခြင်တွေးခေါ်စဉ်းစားခြင်း မပြုကြသလော၊ စင်စစ်အလ္လာဟ် အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း၊ ယင်းတို့စပ်ကြားရှိအရာများကိုလည်းကောင်း၊ အလဟဿအကြောင်းမဲ့ဖန်ဆင်းခြင်းမဟုတ်၊ တိကျမှန်ကန်သောအကျိုး အကြောင်းအားဖြင့်သာ ဖန်ဆင်းခြင်းဖြစ်သည်။ ယင်းအတွက် သတ်မှတ်သောအချိန်ကိုလည်း ပြဋ္ဌာန်းထားသည်။သို့တစေလည်း လူသားတို့အနက်များစွာသော သူတို့သည် မိမိတို့အားဖန်ဆင်းသော အလ္လာဟ်အရှင် မြတ်နှင့် တွေ့ဆုံကြမည်ကို ငြင်းပယ်နေကြသည်။ (၃၀ း ၈)

ကျမ်းမြတ်ကုရ်အာန်၏လမ်းညွှန်ချက်အရ အထက်တွင်ဖော်ပြပြီးဖြစ်သော သက်သေပြဖွင့်ဆိုမှုကို အချုပ်အားဖြင့် ပြန်လည်တင်ပြသုံးသပ်သောအခါ

အောက်ပါအချက်များကိုတွေ့ရသည်။

(၁) ကျမ်းမြတ်ကုရ်အာန်၏လမ်းညွှန်ချက်အရ လူသားလောကကို ကျရောက်လာချိန်ဝယ် ယုံကြည်မှုနှင့် ကိုးကွယ်ထိုက်သော အရှင်နှင့်စပ်လျဉ်း၍ များသောအားဖြင့်ခံယူထားသော အချက်အလက်များသည် ဉာဏ်ရည်ကိုအသုံးမပြုရုံမက ယုတ္တိမရှိလှသော ထင်မြင်ချက်များပေါ်တွင် အခြေခံတည်ဆောက်ထား၍ ယင်းသူတို့ကို ကျမ်းမြတ်ကုရ်အာန်သည် ဆင်ခြင်တုံတရားအသိဉာဏ် အားဖြင့် စဉ်းစားသောယုံကြည်ချက်ကို လမ်းဖော်ပေးခဲ့သည်။

(၂) ကျမ်းမြတ်ကုရ်အာန်၏ ဖော်ပြဖိတ်ခေါ်မှုမှန်သမျှသည် ဆင်ခြင်တုံတရားနှင့် ဉာဏ်ရည်ပေါ်တွင်အခြေခံသည်။ကုရ်အာန်က သဘာဝလောက၏ ဖန်ဆင်းဖြစ်ပေါ်လာမှုနှင့် ပတ်သက်၍ဆင်ခြင်တုံတရားကို အသုံးပြု၍ တွေးခေါ်မှုပြုရေးကို ဖိတ်ခေါ်ခြင်းဖြစ်သည်။

(၃) ကျမ်းမြတ်ကုရ်အာန်ကပြဆိုထားသော သဘာဝလောကကြီး၏ဖန်ဆင်းဖြစ်ပေါ်လာမှုဖြစ်စဉ်ကို လေ့လာခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုသည် သစ္စာတရားသာလျှင်ဖြစ်ကြောင်းကိုရှာဖွေတွေ့ရှိနိုင်သည်။ သဘာဝလောကကြီးရှိအရာမှန်သမျှသည်အကြောင်းမဲ့ဖြစ်ပေါ်လာသည်မဟုတ်သကဲ့သို့ ရည်ရွယ်ချက်မဲ့ခြင်းလည်းမဟုတ်ပါ။သဘာဝလောကရှိအရာဝတ္ထုမှန်သမျှသည် တိကျသောစည်းစနစ်ဖြင့် သူတို့၏တာဝန်ကို သူတို့ထမ်းရွက်နေကြသည်ကို တွေ့ရပေမည်။

(၄) လူသားတို့အဖို့ ကျမ်းမြတ်ကုရ်အာန်ကို ဂရုတစိုက် ဆင်ခြင်သုံးသပ်ရှုမြင်သည်ရှိသော် ထိုသူတို့အဖို့ အမှန်တရားကို ရှုမြင်တတ်သောအမြင်သည် ပေါ်ထွန်းလာမည့်အပြင် လမ်းလွှဲလမ်းမှားကို ရှောင်တိမ်းနိုင်ပေမည်။

## ကျမ်းမြတ်ကုရ်အာန်ကပြဆိုသော ရဗူဗိယသ်၏သစ္စာတရားသက်သေ

## برهان ربوبيت

ကျမ်းမြတ်ကုရ်အာန်တွင် သဘာဝလောက၏လှုပ်ရှားနေမှုသရုပ်ကို ရုပ်လုံးဖော်သက်သေပြဆိုရာတွင် ယင်းတို့၏ရည်ရွယ်ချက်နှင့်တိကျသော တသွေမတိမ်းထမ်းဆောင်မှုကိုပါ ဖော်ညွှန်းပြသသည်။ ယင်းသက်သေပြဆိုချက်ကို "ကျမ်းမြတ်ကုရ်အာန်ကပြဆိုသော ရဗူဗိယသ်၏သစ္စာတရား" ဟု ကျွန်ုပ်တို့သတ်မှတ်လေ့လာပါမည်။

သဘာကလောကကြီး၏စည်းစနစ်တိကျမှုနှင့်ပီပြင်သော တာဝန်ထမ်းဆောင်နေမှုသည်အရာရာကိုဖန်ဆင်းပြုစုပျိုးထောင်သောအရှင်ဖြစ်သည့် အလ္လာဟ်

အရှင်မြတ်၏ လမ်းညွှန်ချက်အတိုင်း သဘာဝလောကကြီးသည် အပီပြင်ဆုံးသော အရောင်ချယ်ထားခံရသကဲ့သို့ ဖြစ်ရသည်ဟု ကျမ်းမြတ်ကုရ်အာန်က ဖော်ပြသည်။

ထိုမျှမကဤသို့သဘာဝလောကကြီး၏အထိန်းအကွပ်ညီမျှသော စည်းစနစ်ကိုလေ့လာခြင်းအားဖြင့် လူတို့၏ဆင်ခြင်တုံတရားအဖို့ ရဗူဗိယသ် သဘောကိုရှုမြင်သုံးသပ်ခွင့်ရရှိသည်။ထိုမှတဆင့် အလ္လာဟ်အရှင်မြတ်၏အရာရာကို ဖန်ဆင်းပြုစုပျိုးထောင်သော စနစ်၏လုပ်ဆောင်ချက်ကိုကြည့်ကာ အလ္လာဟ်ရှင်ကို တထစ်ချသက်ဝင်ယုံကြည်ရသည်။

အလ္လာဟ်အရှင်၏ ဆိုဖသ်တော်များကို လေ့လာသောအခါ ရဗူဗိယသ် စည်းစနစ်သည် ချို့တဲ့ခြင်းကင်းမဲ့စွာ လှည့်ပတ်လှုပ်နေကြောင်းတွေ့ရသည်။ တနည်းအားဖြင့်ဆိုသော် သဘာဝလောကကြီး တစ်ခုလုံးကို အလ္လာဟ်အရှင်မြတ်၏ ရဗူဗိယသ်စနစ်၏ စက်ရုံပမာရှုမြင်ရပေသည်။

ဤသဘာဝလောကကြီးသည် အလိုအလျောက်ဖြစ်ပေါ်လာရသည်ဟု မည်သို့သောအချက်အလက်၊ မည်သို့သော ဆင်ခြင်တုံတရားကိုအသုံးပြု၍ စောဒကတက်နိုင်မည်နည်း။

လူတို့သည် ဆင်ခြင်တုံတရားကို အသုံးပြုခြင်းအားဖြင့် မည်သည် ဆင်ခြင်မည်သည်နည်းနှင့်မျှ စောဒကတက်နိုင်မည်မဟုတ်ပါ။ သဘာဝလောကကြီး ၏ တည်ရှိနေသောအခြေအနေ ယင်းတို့ ရပ်တည်စေနိုင်သော ဟစ်ကမ်မသ် လုပ်ဆောင်ချက်နှင့်အချိုးအဆညီမျှမှုတို့ကိုကြည့်ပြီး ယင်းစနစ်အတွင်းရှိ ရှိသမျှ သောအရာများသည် စေခိုင်းသူမဲ့စွာ အလိုအလျောက် တာဝန်ထမ်းဆောင်နေ သည်ဟုဆိုရမည်လော၊ ယင်းတို့သည် ဖန်ဆင်းပြုစုပျိုးထောင်သူမဲ့စွာ ကြီးထွား ဖွံ့ဖြိုးလာရသည်ဟုဆိုရမည်လော၊ ယင်းအရာများသည်မကြားနိုင်သော မမြင်နိုင် သော သဘာဝအ လျှောက်ဖြစ်ရပ်ဟု ဆိုရမည်လော၊ ဟ်ကမ်မဲ့ဝတ္တု သို့မဟုတ် အီလက်ထရွန်သက်သက်ဟူ၍ဆိုရမည်လော၊ယင်းအရာအားလုံးသည် အလိုအ လျှောက် ဖြစ်ပေါ်လာရသည်ဟူ၍ မှတ်ချက်ချရမည်လော။

ဖန်ဆင်းခံရသောအရာကရှိသည်။ ဖန်ဆင်းသူက မရှိ၊ ပျိုးထောင်ခံရသူက ရှိသည်။ပျိုးထောင်သူကမရှိ၊ ရဟ်မသ်က ရှိပါသည်၊ ယင်းရဟ်မသ်ကို ပေးသနားသူ ရဟီမ်ကမရှိ။ ပြုစုခံရသူကရှိသည်။ ပြုစုသူကမရှိ။အားလုံးကရှိပါသည်။ အရာအားလုံး၏ဖန်ဆင်းရှင်ကမဲ့နေသည်။ အုပ်ချုပ်ခံရသူရှိပါသော်လည်း အုပ်ချုပ် သူမဲ့စွာလှုပ်ရှားမှုအစုစုကို ပြုလုပ်နေသော်လည်း ခေါင်းဆောင်သူမဲ့စွာနှင့် ဖြစ်တည် နေခြင်းလော၊ယင်းမေးခွန်းများကိုလူသားတို့၏ ဆင်ခြင်တုံတရားက ဥပေက္ခာ ပြုနိုင်ပါမည်လော။

လူတို့၏ဉာဏ်ရည်ကိုအသုံးပြု၍ ဆင်ခြင်တုံတရားအားဖြင့် သုံးသပ်သည် ရှိသော် ယင်းအရာဝတ္ထုများသည် အလိုအလျောက်ဖြစ်ပေါ်လာရသည်ဟု မည်သည့်နည်းနှင့်မျှ ဆင်ခြင်တုံတရားအဖို့ လက်ခံမည်မဟုတ်ပါ။ သဘာဝ လောကကြီး၏သရုပ်ကို နားလည်စေနိုင်သောအရာက လူသားတို့ ယုံကြည်ချက် အပေါ် အခြေခံသော ခံယူချက်ပင်ဖြစ်သည်။ယုံမှားသံသယဂယက်အတွင်း သို့လော သို့လော တွေးခေါ်သူတို့ အဖို့ မည်၍မည်မျှ ခိုင်လုံသော သက်သေသာဓကပင် ဖြစ်ပါစေ။ မည်သည့်ကွက်လပ်ကိုမျှ ယင်းခိုင်လုံသောပြဆိုချက်များဖြင့် ဖြည့်ဆည်း မပေးနိုင်ပါ။

ကုရ်အာန်ကဆိုသည်။လူသားတို့သည်ဉာဏ်ရည်ကိုအသုံးပြုကာ ဆင်ခြင် တုံတရားအားဖြင့်ရဗ္ဗုဗိယသ်စနစ်ကို လေ့လာလျှင်ရဗ်ဗိလ်အာလမီနကို သိမြင်နိုင် သော အသိအမြင်ကို နိုးကြားလာစေမည်။ ရဗ္ဗုဗိယသ်ကို ရှုမြင်လေ့လာနေရပြီး ရဗ်ဗိလ်အာလမီနကို မမြင်နိုင်ခြင်းသည် ယုတ္တိမရှိသောစကားသာလျှင် ဖြစ်သည်။ လူသားတို့သည် သတိလက်လွတ်ရှိနေချိန်တွင် အရာအားလုံးကိုငြင်းပယ်နိုင် သော်လည်း မိမိတို့၏တည်ရှိနေမှု အနေအထားကိုမူ ငြင်းပယ်၍ရမည်မဟုတ်ချေ။

အရာဝတ္ထုအားလုံး၏ရပ်တည်မှုကိုဆန့်ကျင်တိုက်ခိုက်နိုင်သော်လည်း မိမိ၏ရပ်တည်မှုကိုမူ ငြင်းပယ်အရှုံးမပေးနိုင်ပါ။ လူသားတို့သည် သူတို့၏ဝန်းကျင်ရှိ သဘာဝလောကကြီးကို ရှုမြင်သုံးသပ်လေ့လာသောအခါ ယင်းသဘာဝလောကကြီး ကိုဖန်ဆင်းပြုစုပျိုးထောင်ပေးသောအရှင်ကိုမြင်တွေ့လာကာ အသိအမှတ်ပြု လာကြရသည်။

ကုရ်အာန်က ဆိုသည်။ လူတစ်ဦးတစ်ယောက်သည် အလ္လာဟ်အရှင်မြတ် ကို ငြင်းပယ်ခြင်းသည် သူ၏ဥပေက္ခာပြု လျစ်လျူရှုမှုကြောင့်သာလျှင် ဖြစ်သည်။ သို့ဖြစ်၍လည်း လူသားတို့ဥပေက္ခာပြု လျစ်လျူရှုသောအရာများကို ကုရ်အာန်က မီးမောင်းထိုးညွှန်ပြသည်။ယင်းမီးမောင်းထိုးသောသက်သေသာဓကသည် ဆင်ခြင်တုံတရားသက်သက်ကိုသာမက လူတို့၏ စိတ်နှလုံးတွင်ပါ ထင်ဟပ်ပေါ်လွင် စေသောသက်သေသာဓကလည်းဖြစ်ပါသည်။ဤသို့ရှုမြင်ခြင်းအားဖြင့် လူတို့၏မွေး ရာပါအသိကနိုးကြားလာရသည်။ အကယ်၍ မွေးရာပါအသိကသာ လက်ခံလာခဲ့ပါမူ အခြားသောဟောပြောတင်ပြမှုသည် မလိုအပ်တော့ပေ။ ထို့ကြောင့်လည်း ကုရ်အာန်က အောက်ပါအတိုင်း လူသားတို့၏သဘောသဘာဝကို ဆွေးနွေးသည်။

بَلِ الْإِنسَانُ عَلَىٰ نَفْسِهِ بَصِيرَةٌ

وَلَوْ أَلْقَىٰ مَعَاذِيرَهُ

''စင်စစ်လူသား၏ဖြစ်ပေါ်လာမှုသည်ပင်လျှင်လူတို့အဖို့လွဲမှားသော သံသယတို့

အတွက်သက်သေပြချက်ပင်ဖြစ်သည်၊သူတို့သည်သူတို့၏အသိကိုဘယ်ရွေ့ဘယ်မျှ အကြောင်းပြ ရှောင်တိမ်းခြင်းပြုမည်နည်း။ (၄၅ ： ၁၄)

ထို့ကြောင့်လည်း ကုရ်အာန်က လူသားတို့သဘောသဘာဝ အတိမ်အနက်ကို အောက်ပါအတိုင်းပေးထားခဲ့၏။

قُلْ مَن يَرْزُقُكُم مِّنَ السَّمَاء وَالأَرْضِ أَمَّن يَمْلِكُ السَّمْعَ والأَبْصَارَ وَمَن يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ
وَيُخْرِجُ الْمَيَّتَ مِنَ الْحَيِّ وَمَن يُدَبِّرُ الأَمْرَ فَسَيَقُولُونَ اللّهُ فَقُلْ أَفَلاَ تَتَّقُونَ

. فَذَلِكُمُ اللّهُ رَبُّكُمُ الْحَقُّ فَمَاذَا بَعْدَ الْحَقِّ إِلاَّ الضَّلاَلُ فَأَنَّى تُصْرَفُونَ

"ကောင်းကင်ထက်ဝယ် ကျယ်ပြန့်လှသော သဘာဝဝတ္ထုပစ္စည်းများထုတ်လုပ်မှုနှင့် ကျယ်ပြန့်သောပထဝီမြေကြီး၏ကျယ်ပြောလှသောစားရေရိက္ခာကိုမည်သူက ထောက်ပံ့ပေးသနည်း။ အသင်တို့၏ကြားမှုမြင်မှုကိုပိုင်သူကား အဘယ်သူနည်း။ သက်ရှိမှ သက်မဲ့ကိုလည်းကောင်း၊ သက်မဲ့မှသက်ရှိကိုလည်းကောင်း မည်သူကဖြစ်ပေါ်စေသနည်း။လောကကြီးတစ်ခုလုံး အမှုကိစ္စအဝဝကို တိကျသောစည်းစနစ်ဖြင့် စီမံခန့်ခွဲသောအရှင်ကား ဘယ်သူနည်း။

အို...တမန်တော်၊ဤမေးခွန်းနှင့်ပတ်သက်၍ ယင်းသူတို့က "အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်သည်၊အလ္လာဟ်မှတပါး မည်သူတတ်နိုင်မည်နည်း" ဟူ၍ ထစ်ထစ်ချဖြေလိမ့်မည်။ အသင်မေးမြန်းပါလော့၊ အသင်တို့သိနေပါလျှက်နှင့် အဘယ်ကြောင့် လစ်လျူရှု ခေါင်းမာမှုကို ပြုနေပါသနည်း။ကေန်အမှန် အသင်တို့ကိုပိုင်သောအရှင်သည် အလ္လာဟ်အရှင် သာလျှင်ဖြစ်သည်။ အသင်တို့သည် ဖန်ဆင်းပြုစုပျိုးထောင်သော အလ္လာဟ်အရှင်မြတ်သည် ဟက်မှန်ကန်သည်ဟု သိရှိရပြီး သစ္စာတရားကို လက်ဝယ်ရရှိပြီးနောက် အဘယ်ကြောင့် ငြင်းဆိုခြင်းဖြင့် လမ်းလွဲသို့ပြန်လည်လျှောက်လှမ်းရသနည်း။

ဝမ်းနည်းဖွယ်ရာ ကောင်းလေစွတကား။ အသင်တို့ ၏အသိသည် သစ္စာတရားကို မျက်နှာလွှဲပြီး အဘယ်ကို လျှောက်လှမ်းနေပါသနည်း။ (၁၀ ： ၃၂)

ကျမ်းတော်မြတ်ကုရ်အာန်၏ တစ်နေရာတွင်လည်း အောက်ပါအတိုင်း ဖော်ညွှန်းထားပြန်သည်။

أَمَّن جَعَلَ الْأَرْضَ قَرَارًا وَجَعَلَ خِلَالَهَا أَنْهَارًا وَجَعَلَ لَهَا رَوَاسِيَ وَجَعَلَ بَيْنَ الْبَحْرَيْنِ حَاجِزًا أَإِلَهٌ مَّعَ اللَّهِ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ

أَمَّن يُجِيبُ الْمُضْطَرَّ إِذَا دَعَاهُ وَيَكْشِفُ السُّوءَ وَيَجْعَلُكُمْ خُلَفَاء الْأَرْضِ أَإِلَهٌ مَّعَ اللَّهِ قَلِيلًا مَّا تَذَكَّرُونَ

أَمَّن يَهْدِيكُمْ فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ وَمَن يُرْسِلُ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ أَإِلَهٌ مَّعَ اللَّهِ تَعَالَى اللَّهُ عَمَّا يُشْرِكُونَ

أَمَّن يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ وَمَن يَرْزُقُكُم مِّنَ السَّمَاء وَالْأَرْضِ أَإِلَهٌ مَّعَ اللَّهِ قُلْ هَاتُوا بُرْهَانَكُمْ إِن كُنتُمْ صَادِقِينَ

"ထိုအရှင်က အသူနည်း။ မိုးနှင့်မြေကို ဖန်ဆင်းသောအရှင်၊ မိုးကောင်းကင်မှ မိုးရေရွာသွန်းစေသောအရှင်၊တစ်ဖန်ထိုအရှင်သည်မိုးရွာသွန်စေသည်၊ ထိုရေအားဖြင့် စိုပြေလှသောခြံဉယျာဉ်များကိုပေါ်ထွန်းလာစေသည်။ အသင်တို့သည်ယင်းကဲ့သို့ ပြုလုပ်ပေါက်

ရောက်နိုင်စွမ်းရှိမည်မဟုတ် သို့ဖြင့် ဤသို့စွမ်းဆောင်နိုင်သည့် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲဆည်းကပ် ကိုးကွယ်ထိုက်သူအလျင်းရှိပါ၏လော။ ဝမ်းနည်းစရာကောင်းလှသည်ကော ဤရွှေဉ်မျှ သက်သေသာဓကရှိနေပါလျှက် ထိုသူတို့သည် ငြင်းပယ်နေကြသည်။

ထိုအရှင်မြတ်ကား အသူနည်း၊ ပထဝီမြေကိုလူသားတို့အတွက် မှီတင်းစေဖို့ ဖန်တီးသောအရှင်၊ ပထဝီမြေ၏အကြား ၌ ရေကြောင်းများနှင့် ကမ္ဘာမြေကြီးတည်ငြိမ် စေခြင်းငှာ တောင်များကိုညီမျှအောင် ဖန်ဆင်းသောအရှင် ထိုမှတစ်ဖန်သမုဒ္ဒရာနှင့် မြစ်နှစ်ခုအကြားတွင် ရေချို ရေငံအတားအဆီးများကို ကာဆီးပေးတော်မူသောအရှင် ထိုအရှင်မြတ်သည်သာလျှင် အမြင့်မြတ် ဆုံးအရှင်ဖြစ်၏။ အရှင်မြတ်နှင့်ယှဉ်တွဲဆည်းကပ ကိုးကွယ်ထိုက်သူ အလျဉ်းရှိပါ၏လော၊ မည်ရွှေမည်မျှပင်သက်သေသာဓက ပြသပါစေ၊ စင်စစ်သော်ကား အများဆုံးသော သူတို့သည် သိနားလည်အောင်မပြုလုပ်ကြချေ။

ညှင်းပမ်းနှိပ်စက် အကြပ်အတည်းဆိုက်ရောက်လာသောအခါ တမ်းတအကူအညီ တောင်းခံသောသူတို့၏အသံကို ကြားနာစေပြီး ဘေးဒုက္ခကိုဖယ်ရှားပေးသောအရှင်၊ ထိုမှတစ်ပါးအသင်တို့အားကမ္ဘာမြေကြီးကိုဆက်ခံသူအဖြစ်ခန့်အပ်တော်မူသည်။ အလ္လာဟ် အရှင်မြတ်နှင့်အတူအခြားဆည်းကပ်ကိုးကွယ်ရာအရှင်ရှိပါသေးသလော၊ အသင်တို့အနည်း ငယ်မျှပင် စဉ်းစားလျှင်ပင်သိမြင်နိုင်မည်။

သဲကန္တာရလွင်ပြင်ကြီးနှင့် သမုဒ္ဒရာကြီး၏မှောင်မိုက်ကျရောက်နေချိန်တွင် အသင်တို့ အား ဦးဆောင်ဦးရွက်လမ်းပြသော အရှင်ကားအသူနည်း၊ ရဟ်မသ်ကောင်းချီးမင်္ဂလာ မပို့ချခင်အလျင်၊သတင်းကောင်းလေကို တိုက်ခတ်ပေးသောအရှင်ကား အသူနည်း၊ အလ္လာဟ် အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရှင်များရှိပါ၏လော၊ မဟုတ်နိုင်ပါ အလ္လာဟ်အရှင်မြတ်သည် ယင်းတုဖက်ယှဉ်ပြိုင်မှုနှင့်ကင်းရှင်းတော်မူသည်၊သို့ရာတွင် ဤသူတို့သည် ယင်းတုဖက် ယှဉ်ပြိုင်ခြင်းကို သတ်မှတ်နေကြသည်။

သတ္တဝါအပေါင်းကို ဖန်ဆင်းသော ဆင့်ကဲသော ပျိုးထောင်ပေးမှုကိုပေးသောအရှင် ကမ္ဘာမြေကြီးနှင့်မိုးကောင်းကင်မှအစားအစာများကိုပေးသောအရှင်ဖြစ်သော အလ္လာဟ် အရှင်မြတ် နှင့်ယှဉ်တွဲ၍ အခြားအရှင်များရှိနိုင်ပါ၏လော၊

"အို တမန်တော်ထိုသူတို့အားပြောပြပါလေ၊ အကယ်၍ထိုသူတို့သည် မှန်ကန်သော သက်သေသာဓကများရှိလျှင် အကိုးအကား သက်သေခံချက်များနှင့်အတူ ရှင်းလင်း တင်ပြပါလေ။"   ( ၂၇ း ၆၁ - ၆၄)

အထက်ပါမေးခွန်းများသည် သူ့နေရာနှင့်သူပင်တိကျသော အဖြေဖြစ် နေသည်။ အကြောင်းမှု ယင်းမေးခွန်းများ၏ အဖြေသည် တစ်ခုတည်းသော သစ္စာတရားအခြေပင်ဖြစ်နေသည်။ ယင်းသည် လူ့သဘာဝ၏ကြီးကျယ်တိကျသော

မှန်ကန်ချက် ပင်ဖြစ်သည်။ ယင်းအချက်ကို ကျွန်ုပ်တို့အလျင်က အစွလာမ်စာပေ ကဝိတို့ကဂရုမပြုနိုင်ခဲ့ပါ။သို့ဖြစ်၍လည်းကျမ်းမြတ်ကုရ်အာန်က ဖော်ပြသောမှန်ကန် သောသစ္စာတရားသက်သေသာဓကကို မျက်ကွယ်ပြုဂရုမပြုခဲ့၍လည်း အွမ္မသ် သားတို့က ဝက်ဘာဘဝဲတွင် နစ်မွန်းခဲ့ရသည်။

မည်သို့ပင်ဂရုမပြုနိုင်ဖြစ်စေ ကျမ်းမြတ်ကုရ်အာန်၏ များမြောင်လှစွာသော လမ်းညွှန်ချက်များတွင် သဘာဝလောကကြီး ၏ ဝတ္ထုပစ္စည်းများ၏ ဖန်ဆင်းပြုစု ပျိုးထောင်ပေးမှု စည်းစနစ်အကြောင်းကို ကြိမ်ဖန်များစွာဖော်ပြညွှန်းပြထားသည်။ ယင်းသည်ပင်လျှင် သက်သေသာဓကများဖြစ်သည်။

فَلْيَنظُرِ الْإِنسَانُ إِلَىٰ طَعَامِهِ أَنَّا صَبَبْنَا الْمَاءَ صَبًّا ثُمَّ شَقَقْنَا الْأَرْضَ شَقًّا فَأَنبَتْنَا فِيهَا حَبًّا

وَعِنَبًا وَقَضْبًا وَزَيْتُونًا وَنَخْلًا وَحَدَائِقَ غُلْبًا وَفَاكِهَةً وَأَبًّا مَّتَاعًا لَّكُمْ وَلِأَنْعَامِكُمْ

"လူသားတို့အဖို့ မိမိတို့အစာရိက္ခာကိုဂရုပြုကြည့်စမ်းပါ အသင်တို့နေ့စဉ်မပျက် စားသုံးနေသောအရာဖြစ်သည်။ ငါအရှင်သည် ပထမပထဝီမြေကြီးပေါ်သို့ မိုးရွာသွန်းစေ သည်။ယင်းနောက်မြေဆီလွှာကိုစိုစွတ်စေသည်။ထိုနောက်အသီးသီးသော စားသောက်ဖွယ်ရာ များကို ပေါ်ထွန်းစေသည်။ ကောက်ပဲသီးနှံအစေ့များ စပျစ်သီးတွဲများ၊ စွန်ပလွံသီးများ၊ ဟင်းသီးဟင်းရွက်များ သံလွင်ဆီများ များပြားလှစွာသော အသီးများ တိရစ္ဆာန်အကျိုးဖြစ် ထွန်းစေဖို့ပင် မဟုတ်ပါလော။ (၈၀ ： ၂၄ - ၃၂)

အထက်ပါအာယတ်တွင်"**ဖလ်ယန်းဇုရိလ် အင်ဆာနို အိလာ သွအာ မိဟီ**"ဟူသည့်စာပိုဒ်ကိုအလေးပေးဂရုပြုသင့်သည်။ လူသားသည် မည်ရွေ့မည် မျှပင် သတိလက်လွတ်ရှိနေစေကာမူ အမှန်တရားနှင့်ပတ်သက်သော သာဓကများ လျစ်လျူရှုနေပါစေသူ၏နေ့စဉ်စားသုံးနေသောစားရေရိက္ခာ အစားအသောက်ပစ္စည်း ကိုမူ မျက်မှောက်ပြုဇနိုင်မည်မဟုတ်ပါ။

မိမိ၏ရှေ့မှောက်တွင်ရောက်လာ သော အစားအသောက်ပစ္စည်းတို့ကို ကြည့်ရှုလျှင် ထမင်းစေ့တစ်စေ့ဖြစ်ပေါ်လာမှုဖြစ်စဉ်အတွက် သဘာဝလောကကြီး တွင် လှုပ်ရှား ကျော်ဖြတ်ခဲ့ရသော ခရီးကိုတွေ့မြင်ရမည်။ ယင်း၏ထမင်းစေ့တစ်စေ့ ကို အစမှအဆုံးထိ ပျိုးထောင်ပေးခဲ့သောအရှင်ကို စဉ်းစားမိပါ၏လော၊ ယင်းအရှင် ကို လျစ်လျူရှု၍ရနိုင်ပါအံ့လော။

စူရာနဟလ်တွင်အထက်ဖော်ပြပါ သက်သေသာဓက၏အခြားသော ဥပမာကိုအောက်ပါအတိုင်းဖော်ပြထားသည်။

وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً نُسْقِيكُم مِّمَّا فِي بُطُونِهِ مِن بَيْنِ فَرْثٍ وَدَمٍ لَّبَنًا خَالِصًا سَائِغًا لِّلشَّارِبِينَ
وَمِن ثَمَرَاتِ النَّخِيلِ وَالْأَعْنَابِ تَتَّخِذُونَ مِنْهُ سَكَرًا وَرِزْقًا حَسَنًا إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَعْقِلُونَ

وَأَوْحَىٰ رَبُّكَ إِلَى النَّحْلِ أَنِ اتَّخِذِي مِنَ الْجِبَالِ بُيُوتًا وَمِنَ الشَّجَرِ وَمِمَّا يَعْرِشُونَ
ثُمَّ كُلِي مِن كُلِّ الثَّمَرَاتِ فَاسْلُكِي سُبُلَ رَبِّكِ ذُلُلًا يَخْرُجُ مِن بُطُونِهَا شَرَابٌ مُّخْتَلِفٌ أَلْوَانُهُ
فِيهِ شِفَاءٌ لِّلنَّاسِ إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَتَفَكَّرُونَ

''အမှန်ပင် ကျွဲနွားတိရစ္ဆာန်တို့တွင် အသင်တို့အတွက် စဉ်းစားကြည့်ဖို့ သင်ခန်းစာတစ်ရပ်ရှိနေသည်။ ငါအရှင် ကသူတို့၏ခန္ဓာကိုယ်အတွင်းမှ အသင်တို့အတွက် သောက်စို့ရာကိုရစေသည့် အူတွင်းပစ္စည်းများနှင့် သွေးတို့အကြားဆက်စပ်ရာက သောက်စို့သူတို့ကို နှစ်သိမ့်ရာဖြစ်စေနိုင်သည့်နို့အစစ်ကို ရရှိစေသည်။ ယင်းနို့ရည်သည် သောက်သုံးသော သူတို့အဖို့ ကျန်းမာဖြိုးစေသည်သာမက အရသာလည်းရှိပေသည်။

ဤကဲ့သို့ပင် စွန်ပလွံသီးနှင့်စပျစ်သီးတို့မှာ မူးယစ်စေသော အရက်များကို ပြုလုပ်နိုင်သကဲ့သို့ ကောင်းမြတ်သောအဟာရ ရှိသော အစာအဖြစ်လည်း စားသုံးအသုံးပြုနိုင်သည်။ အမှန်ပင် ဉာဏ်ပညာနှင့်ပြည့်စုံသောသူတို့အဖို့ ယင်းအရာများတွင်များစွာသော သက်သေသာဓက များရှိပေသည်။''

တစ်ဖန်အသင်တို့၏ အရှင်သခင်သည် လမ်းညွှန်ပြသခြင်းကြောင့် ပျားတို့သည် မြင့်မားလှသော တောင်တန်း များရှိ သစ်ပင်များနှင့်တောင်ကလပ်များတွင် ပျားအုံများတည် ဆောက်ကြသည်။ တစ်ဖန် ပန်းမာလာတို့၏ အရည်တို့ကိုစုပ်ယူလျှက် အလ္လာဟ်အရှင်မြတ်၏ နည်းပေးလမ်းညွှန်ချက်အတိုင်း နေဆောင်းကြသည်။ သို့ဖြစ်၍လည်း အသင်တို့သည် အရောင်စုံသောအရည်များကို စုဆောင်းသည်ကို မြင်တွေ့ရသည်။ ယင်း အရာတွင် လူသားတို့အတွက် ဆေးဝါးများရှိသည်။ ဤအရာများတွင်လည်း စဉ်းစားတွေးခေါ်ဆင်ခြင် သူတို့ အဖို့ များလှစွာသော ရဟူဗိယသ်ဖြစ်စဉ်နှင့် ပတ်သက်သော သာဓကများရှိပေသည်။

(၁၆ ： ၆၆-၆၉)

အလ္လာဟ်အရှင်မြတ်သည်အရှင်မြတ်က ဖန်ဆင်းထားသော အရာများကိုသက်သေပြုသည့်သဘောမှာ ''ဖန်ဆင်းခံများရှိလျှင် ဖန်ဆင်းရှင်လည်း ရှိရမည်''ဟူသောအချက်ကို ပေါ်လွင်စွာဖော်ပြရန်လည်းကောင်း၊ သဘာဝလောကကြီး ၏ စည်းစနစ် တစ်ခုလုံးကို ရဟူဗိယသ်ကချုပ်လွှမ်းလျှက်ရှိကြောင်းကိုလည်း ကောင်း၊ သက်သေပြလို၍ဖြစ်သည်။ အချုပ်သဘောက ပြုစုပျိုးထောင်ခြင်းကို ခံယူသောဖန်ဆင်းခံများရှိသလို ပြုစုပျိုးထောင်သောအရှင်သည်လည်း ရှိရမည်ဟူသော သက်သေပြချက်ပင်ဖြစ်သည်၊

သဘာဝလောကကြီးရှိရုဗူဗိယသ်၏စည်းစနစ်သည် အပြစ်အနာအဆာ ကင်းရှင်းလှသည်ဖြစ်၍ ယင်းစည်းစနစ်ကို ဖန်ဆင်းသော အရှင်သခင်သည်လည်း

အပြစ်အနာအဆာကင်းရှင်းပြီး ပြီးပြည့်စုံသောအရှင်သခင်ဖြစ်ကြောင်း သိသာနိုင်ပေသည်။

အထူးပြုဖော်ပြလိုသည့်အချက်မှာ ပြုစုပျိုးထောင်မှုအတွက်လိုအပ်သော ဝတ္ထုပစ္စည်းအားလုံးသည် ပြုစုပျိုးထောင်ခြင်းကို စနစ်တကျထောက်ပံ့မှုကိုပြုနေသည်ဖြစ်၍ ယင်းပြုစုပျိုးထောင်မှုကိုပြုသော အရှင်သည်လည်းရှိရပေမည်။ ယင်းအရှင်ကား အဘယ်သူဖြစ်မည်နည်း။ ဤသို့သော ဖန်ဆင်းပြုစုပျိုးထောင်ပေးသောအရှင်သည် ပြုစုပျိုးထောင်ခြင်းခံရသူမဖြစ်နိုင်သကဲ့သို့ အထိန်းအကွပ်ခံရသူလည်းမဖြစ်နိုင်ပါ။ ဤအချက်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်က အောက်ပါအတိုင်းသက်သေပြဆိုသည်။

أَيْتُم مَّا تَحْرُثُونَ أَأَنتُمْ تَزْرَعُونَهُ أَمْ نَحْنُ الزَّارِعُونَ لَوْ نَشَاء لَجَعَلْنَاهُ حُطَامًا فَظَلَلْتُمْ تَفَكَّهُونَ

نَّا لَمُغْرَمُونَ بَلْ نَحْنُ مَحْرُومُونَ

أَيْتُمُ الْمَاء الَّذِي تَشْرَبُونَ أَأَنتُمْ أَنزَلْتُمُوهُ مِنَ الْمُزْنِ أَمْ نَحْنُ الْمُنزِلُونَ لَوْ نَشَاء جَعَلْنَاهُ أُجَاجًا

لَا تَشْكُرُونَ أَفَرَأَيْتُمُ النَّارَ الَّتِي تُورُونَ

أَأَنتُمْ أَنشَأْتُمْ شَجَرَتَهَا أَمْ نَحْنُ الْمُنشِؤُونَ نَحْنُ جَعَلْنَاهَا تَذْكِرَةً وَمَتَاعًا لِّلْمُقْوِينَ

'အသင်တို့အသိပြုမိကြရဲ့လား၊ အသင်တို့စိုက်ပျိုးသောအရာများကို အသင်တို့ပေါ်ထွန်းစေသလား၊ ငါအရှင် က ပေါ်ထွန်းစေသလား၊ ငါအရှင်သာအလိုရှိပါမူ ယင်းအရာများကို အမွှားမွှားပြုလုပ်နိုင်သည်။ ထိုအချိန်တွင် အသင်တို့ ဤစကားရပ်ပြောဖို့သာကျန်မည်။

"ဝမ်းနည်းလေစွ၊ ကျွန်ုပ်တို့အဖို့ ယင်းဆုံးရှုံးမှုအတွက် လျော်ကြေးပေးရတော့မည်။ ကျွန်ုပ်တို့ ကြိုးစားလုံးပမ်းသမျှ ဆုံးရှုံးခဲ့ရလေပြီ။"

"အသင်တို့သောက်သုံးနေသောရေကိုသတိပြုမိကြရဲ့လား၊ ယင်းရေကို အဘယ်သူက·မှာသွန်းစေပါသနည်း။ အသင်တို့လော၊ ငါအရှင်လော၊ ငါအရှင်အလိုရှိလျှင်··သင်းရေကို ပင်လယ်ရေပမာငံအောင်ပြု လုပ်နိုင်သည်၊ အသင်တို့ယင်းပေးကမ်းသော ရဟ်မသ်ကောင်းချီးမင်္ဂလာနှင့်ပတ်သက်၍ ထောပနာခြင်းမပြု သလော၊

အသင်တို့ အသုံးပြုသော မီးအတွက် လိုအပ်သောသစ်ကို အသင်တို့ဖန်တည်းသလော၊ငါအရှင်က ဖန်တည်းသလော၊ဂရုပြုမိကြရဲ့လား၊ ငါအရှင်မြတ်သည်ဤအရာကိုတတ်သိမြင်ဖို့နှင့်ခရီးသွားတို့လွယ်ကူစေဖို့အတွက်ဖန်ဆင်းခြင်းဖြစ်သည်။(၅၆း၆၃–၇၃)

ရဗူဗီယာသ်စည်းစနစ်နှင့်ပတ်သက်၍သက်သေထူရာတွင် အလ္လာဟ်အရှင်မြတ်၏သောင်ဟိဒ်တစ်ဆူတည်းသော အရှင်ဝါဒကိုလည်း သက်သေခံ အဖြစ်ဖြင့်သက်သေပြသည်။စကြဝဠာသည်အလုံးစုံကို ပြုစုပျိုးထောင်ပေးသောအရှင်တည်ရှိနေမှုနှင့်ပတ်သက်၍ လူသားတို့၏ အသည်းထောင့်နေရာများ တွင်သောင်ဟိဒ်

၏ပဲ့တင်ထပ်ရိုက်ခတ်နေ့ကပင်လျှင်အရှင်မြတ်ကိုသာလျှင်ရိုကျိုး၍အရှင်၏ လမ်းညွှန်မှု ခံယူခြင်းသာလျှင် အမှန်ကန်ဆုံးဟူ၍ ဖော်ညွှန်းဖော်ပြနေဘိသည်။

يَا أَيُّهَا النَّاسُ اعْبُدُواْ رَبَّكُمُ الَّذِي خَلَقَكُمْ وَالَّذِينَ مِن قَبْلِكُمْ لَعَلَّكُمْ تَتَّقُونَ
الَّذِي جَعَلَ لَكُمُ الأَرْضَ فِرَاشاً وَالسَّمَاء بِنَاء وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجَ بِهِ
مِنَ الثَّمَرَاتِ رِزْقاً لَّكُمْ فَلاَ تَجْعَلُواْ لِلّهِ أَندَاداً وَأَنتُمْ تَعْلَمُونَ

"အိုလူသားမျိုးနွယ်တို့ အသင်တို့အားဖန်ဆင်းပြုစုပျိုးထောင်သောအရှင်ကို ခဝပ်အိဘာဒတ်ပြုလော့၊ ထိုအရှင်သည်သာလျှင် အသင်တို့အားဖန်ဆင်းခဲ့သည်။ ထို့ပြင် အသင်တို့အလျင်ကရှိခဲ့သော လူသားမျိုးနွယ်တို့ကိုလည်း ဖန်ဆင်းခဲ့သည်။ အသင်တို့အား ဖန်ဆင်းရခြင်းမှာ မကောင်းမှုဒုစရိုက်ကို ရှောင်နိုင်ရန်ပင်

ထိုအရှင်သည် အသင်တို့အတွက် ပထဝီမြေကြီးကို ကော်ဇောပမာခင်းကျင်းထားသည်။မိုးကောင်းကင်ကိုအမိုးပမာပြုလုပ်ထားသည်။ မိုးကောင်းကင်အထက်မှ မိုးရွာသွန်းစေသည်၊ယင်းတို့မှာအမျိုးစုံသော အသီးများကို ပေါ်ထွန်းဖြစ်စေခြင်းဖြင့် အသင်တို့၏စားရေရိက္ခာကိုဖြစ်စေသည်။ဤသို့ ဖန်ဆင်းရှင်လည်း အလ္လာဟ်အရှင်မြတ်၊ အားလုံးကိုဖန်ဆင်းပြုစုပျိုးထောင်သောအရှင်လည်းအလ္လာဟ်အရှင်မြတ်ဖြစ်လျှင် အခြားသောသူတို့အား အလ္လာဟ်အရှင်မြတ်နှင့်တန်းတူရည်တူတုဖက်ယှဉ်ဖက် မသတ်မှတ်ပါလေနှင့်၊ အသင်သည် ယင်းအဖြစ်မှန် ကိုမသိသော သူမဟုတ်ရပါ"။ (၂ း ၂၁)

يَا أَيُّهَا النَّاسُ اذْكُرُوا نِعْمَتَ اللَّهِ عَلَيْكُمْ هَلْ مِنْ خَالِقٍ غَيْرُ اللَّهِ
يَرْزُقُكُم مِّنَ السَّمَاء وَالْأَرْضِ لَا إِلَهَ إِلَّا هُوَ فَأَنَّى تُؤْفَكُونَ

"အိုလူသားအနွယ်ဝင်အပေါင်းတို့ အလ္လာဟ်အရှင်မြတ်က အသင်တို့အား ပေးသနားထားသော'နေအ်မသ်''ကောင်းချီးများကိုဆင်ခြင်သုံးသပ်ခြင်းပြုကြလော၊ အလ္လာဟ်အရှင်မြတ်မှတစ်ပါးတခြားသောအရှင်သည်မြေကြီးနှင့်ကောင်းကင်များမှ စားရေရိက္ခာကိုပေးနိုင်စွမ်းရှိနိုင်ပါမည်လော။ ဤသို့ပြုလုပ်နိုင်မည်မဟုတ်ပါ၊ အလ္လာဟ်အရှင်မြတ်မှတစ်ပါးမည်သူကမျှ ဤပေးကမ်းမှုကို ပေးနိုင်စွမ်းရှိမည်မဟုတ်ပါ။" (၃၅ း ၃)

အထက်ပါကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်သည် "ရဗူဗီယသ်စနစ်"၏ ကျေးဇူးတော်ကိုဖော်ပြယင်းဖြင့် လူသားတို့၏ ကောင်းမြတ်သောအပြုအမူ စွမ်းဆောင်ချက်များနှင့် ဆိုးယုတ်သောလုပ်ရပ်တို့အတွက် ဥပဒေသနှင့် ဝဟီလမ်းညွှန်ချက်၏လိုအပ် ချက်ကို သက်သေထူပြသည်။ ရဗူဗိလ်အာလမင်နှ် တည်းဟူသော အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်ပျိုး

ထောင်စေဖို့ လိုအပ်သော ရပ္ပဝိယာသ်၏တိကျသော ဥပဒေကိုပြဋ္ဌာန်းကျင့်သုံးနိုင်ခဲ့ပါလျှင် လူသားတို့၏ဘဝတည်ဆောက်မှုအတွက်လိုအပ်သော ကိုယ်ကျင့်တရားကောင်းမြတ်စေဖို့ နည်းလမ်းနှင့်ပတ်သက်သော လမ်းညွှန်ချက်ကိုချမှတ်နိုင်စွမ်းမရှိနိုင်လဲနေနိုင်မည်လော။ လူသားတို့တွင် ရုပ်ပိုင်းဆိုင်ရာကို ဖြည့်တင်းပေးဖို့ အလ္လာဟ်အရှင်မြတ်တွင် အရာများပြည့်ဝစွာရှိနေပြီး စိတ်ပိုင်းဆိုင်ရာကို ပြင်ဆင်ပျိုးထောင်စေဖို့ နည်းလမ်းမရှိဘဲနေနိုင်မည်လော။

အလ္လာဟ်အရှင်မြတ်သည် ရဗ္ဗိလ်အာလမိင်န်ဖြစ်ပြီးအရှင်၏ ရပ္ပဝိယာသ်နည်းစနစ်၏အာနိသင်ကြောင့် အရာဝတ္ထုမှန်သမျှ၏စိုပြေမှုနှင့် ပုရွတ်ဆိတ်ကဲ့သို့သော သေးငယ်လှသော သတ္တဝါတို့အတွက်ပင်လျှင် အသက်မွေးနိုင်အောင် ထောက်ပံ့ပေးနေသော စည်းစနစ်စွမ်းပကားရှိနိုင်လျှင် လူတို့၏စိတ်ပိုင်းဆိုင်ရာနာမ်ပိုင်းဆိုင်ရာအားနည်းချက်ကိုပြုစုနိုင်သော စွမ်းပကားမရှိဘဲ နေနိုင်ပါမည်လော၊

အရှင်သည်လူသားတို့၏ အသက်ရှင်ရပ်တည်စေဖို့ မိုးကိုရွာသွန်းစေနိုင်သည်။ သို့ရာတွင် လူ၏ စိတ်ပိုင်းဆိုင်ရာ၏ဖွံ့ဖြိုးမှုအတွက် ရေတစ်စက်မျှပင်မရှိဟုဆိုလျှင်ဖြစ်နိုင်ပါမည်လော။ ပထဝီမြေကြီးသည် ခြောက်သွေ့လွန်းလှ၍ ပက်ကြားအက်နေချိန်တွင် အလ္လာဟ်အရှင်မြတ်သည် မိုးရွာသွန်စေပြီး သေနေသောမြေကြီးကို ရှင်သန်အောင်ပြုလုပ်နိုင်သည်။ သို့ဆိုလျှင် လူသားလောကကြီးသည်လမ်းညွှန်ချက်မဲ့ပြီးလမ်းပျောက်နေချိန်တွင် လမ်းပြနိုင်သော ရဟ်မယ်ကရုဏာသည် မပေါ်ထွန်းလဲနေနိုင်ပါမည်လော၊ ဤသို့လမ်းပျောက်နေသော အခြေအနေမဲ့နေသော အသက်မဲ့နေသော လူသားလောကကြီးကို ပြန်လည် အသက်သွင်းခြင်းကိုမပြုဘဲ နေနိုင်ပါမည်လော။ ယင်းအသက်သွင်းခြင်းသည် အဘယ်အရာဖြစ်ပါသနည်း။ယင်းမိုးရွာသွန်းခြင်းသည်အဘယ်အရာဖြစ်သနည်း။ ယင်းအရာသည်ကား အလ္လာဟ်အရှင်မြတ်၏ ဝဟီလမ်းညွှန်ချက် ကျမ်းမြတ်ကုရ်အာန်ပင်ဖြစ်သည်။ပထဝီမြေကြီး၏ရှင်သန်မှုအတွက် မိုးရေသည်လိုအပ်သည်ကို ယုံကြည်သော်လည်း လူသားတို့၏ရှင်သန်မှုအတွက် ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက်ဝဟီကို ယုံကြည်ရန်အဘယ့်ကြောင့် တွန့်တိုရမည်နည်း။

تِلْكَ آيَاتُ اللَّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ فَبِأَيِّ حَدِيثٍ بَعْدَ اللَّهِ وَآيَاتِهِ يُؤْمِنُونَ

حم تَنزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْحَكِيمِ إِنَّ فِي السَّمَاوَاتِ وَالْأَرْضِ لَآيَاتٍ لِّلْمُؤْمِنِينَ

وَفِي خَلْقِكُمْ وَمَا يَبُثُّ مِن دَابَّةٍ آيَاتٌ لِّقَوْمٍ يُوقِنُونَ وَاخْتِلَافِ اللَّيْلِ وَالنَّهَارِ وَمَا أَنزَلَ اللَّهُ

مِنَ السَّمَاءِ مِن رِّزْقٍ فَأَحْيَا بِهِ الْأَرْضَ بَعْدَ مَوْتِهَا وَتَصْرِيفِ الرِّيَاحِ آيَاتٌ لِّقَوْمٍ يَعْقِلُونَ

'ဤကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ကျရောက်လာခြင်း

ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်အနန္တငွမ်းအားရှိသောအရှင်၊ အရာရာကိုသိမြင်သောအရှင်ဖြစ်သည်။ စင်စစ်သော်ကား ယုံကြည်သူအဖို့ရာတွင် မိုးကောင်းကင်နှင့် ပထဝီမြေကြီး၌ သစ္စာတရားနှင့်ပတ်သက်၍ သက်သေသာဓကတော် အများအပြားရှိသည်။

သင်တို့အား ဖန်ဆင်ခြင်း၌လည်းကောင်း၊ ကမ္ဘာအနှံ့ဖြန့်ကြဲနေသော ခြေလေးချောင်း သတ္တဝါများ၌ လည်းကောင်း ယုံကြည်သူတို့အဖို့ သက်သေသာဓကတော်များရှိသည်။

ဤကဲ့သို့ပင် နေ့နှင့်ညကိုအလှည့်ကျ လဲလှယ်ပြောင်းလဲနေခြင်း၌ လည်းကောင်း၊ မိုးရေကြောင့်ပတ်ကြားအက်နေသောသေနေသော မြေကြီးကိုရှင်ပြန်စေပြီး ယင်းထဲမှ ထွက်ပေါ်လာသော စားရေရိက္ခာများ၌ လည်းကောင်း၊ သေနေသော မြေဟောင်းများကို ပြန်ရှင်အောင်ပြုခြင်း၌လည်းကောင်းလေများကို လမ်းကြောင်းပြောင်းလဲခြင်း၌ လည်းကောင်း၊ အမြော်အမြင် စဉ်းစားဉာဏ်ရှိသောသူတို့အဖို့ရာတွင် သက်သေသာဓကများရှိသည်။

အိုတမန်တော် ဤကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက်များသည် အလ္လာဟ်အရှင်၏ အထံတော်မှဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် အရှင်၏လမ်းညွှန်ချက်ရရှိပြီးနောက် အသင်တို့ယုံကြည်လက်ခံဖို့ရာ ဘာများကျန်ရှိနေပါမည်နည်း။ (၄၅ း ၁ – ၆)

ကျမ်းမြတ်ကုရ်အာန်၏ ''စူရာ''အန်အာမ်တွင် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကိုတအံ့တသြဖြစ်ပြီး လက်ခံခြင်း မပြုသော သူတို့အား အောက်ပါ အတိုင်းဆိုသည်။ وَمَا قَدَرُواْ اللّهَ حَقَّ قَدْرِهِ إِذْ قَالُواْ مَا أَنزَلَ اللّهُ عَلَى بَشَرٍ مِّن شَيْءٍ

''သူတို့သည် အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်သောအလုပ်ကို သိမြင်သိထိုက်သလောက်မသိမြင်ကြပေ။သို့ဖြစ်၍လည်းသူတို့ကအလ္လာဟ်အရှင်မြတ်သည် လူသားထဲမှ တစ်ဦးတစ်ယောက်ကိုမျှ ဘာအရာကိုမျှ ချပေးခြင်းမရှိဟု ဆိုခြင်းဖြစ်သည်။'' (၆ း ၉၁)

သောင်ရဟ်ကျမ်းနှင့် ကုရ်အာန်ကျမ်းတို့ အလ္လာဟ်အရှင်မြတ်အထံတော်မှ ကျရောက်လာခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆို၏။

. إِنَّ اللّهَ فَالِقُ الْحَبِّ وَالنَّوَى يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَمُخْرِجُ الْمَيِّتِ مِنَ الْحَيِّ ذَلِكُمُ اللّهُ فَأَنَّى

. تُؤْفَكُونَ فَالِقُ الإِصْبَاحِ وَجَعَلَ اللَّيْلَ سَكَنًا وَالشَّمْسَ وَالْقَمَرَ حُسْبَانًا ذَلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ

. وَهُوَ الَّذِي جَعَلَ لَكُمُ النُّجُومَ لِتَهْتَدُواْ بِهَا فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ قَدْ فَصَّلْنَا الآيَاتِ لِقَوْمٍ يَعْلَمُونَ

''အလ္လာဟ်အရှင်မြတ်သာလျှင် အစေ့နှင့်အဆုံ့ကို ပေါ်ထွန်းဖြစ်ပေါ်စေခြင်းဖြင့် သစ်ပင်များကို ပေါက်ရောက်စေပါသည်။ အရှင်သည်သက်မဲ့သောအရာများမှ သက်ရှိတို့ဖြစ်စေပြီး သက်မဲ့သောအရာကို သက်ရှိတို့မှ ဖြစ်စေသည်။ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် အသင်တို့၏ အရှင်သခင်ဖြစ်သည်။ အသင်တို့ ဘာကြောင့်များ အလ္လာဟ်အရှင်မြတ်ကိုရှောင်တိမ်း၍ ထွက်ပြေးနေရပါသနည်း။

အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် မှောင်ထုကိုခွင်း၍ အလင်းရောင်ကိုဖြစ်စေသည်။

အရှင်မြတ်သာလျှင်ညကို ဆိတ်ငြိမ်စွာအပန်းဖြေဖို့ ဖန်ဆင်းထားသည်။ နေနှင့်လကို အချိန်ကာလ ရေတွက်ဖို့ရာစီရင်တော်မူသည်။ ယင်းသည် သတ်မှတ်ထားသော အစီအမံဖြစ်သည်။ ရေမြေသမုဒ္ဒရာတို့၏ အမှောင်ထုများထဲတွင် ခရီးသွားစေဖို့ အလ္လာဟ် အရှင်မြတ်သည် လမ်းပြအဖြစ် နက္ခတ်တာရာ၊ ကြယ်များကို ဖန်ဆင်းတော်မူသည်။

အမှန်စင်စစ် ငါ၏ သက်သေသာဓကများကို အသိဉာဏ်ရှိသူတို့သာလျှင် အသေးစိတ်သိမြင်ပေမည်။'' (၆ ႏ ၉၅ – ၉၇)

အထက်ဖော်ပြပါသက်သေသာဓကများအားဖြင့် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အားရုပ်ပိုင်းအားဖြင့် ရှုမြင်သုံးသပ်နိုင်သော ရဗူဗီယသ်နှင့်ရဟ်မသ်ဆိုင်ရာ ပျိုးထောင်ပေးမှုကို သက်သေပြနိုင်သော်လည်း လူသားတို့၏ အလွန်တရာ လိုအပ်နေသော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ပျိုးထောင်မှုအတွက် လမ်းညွှန်ချက်ကိုမပေးဟူ၍ဆိုရမည်လော၊ ယင်းပျိုးထောင်မှုအတွက်ဘာ အရာမှမရှိဟုဆိုရမည်လော၊ မြေကြီး၏ အသက်မဲ့သောအခြေအနေကို သက်ရှိမြေအဖြစ်ပြောင်းလဲပေးနိုင်သော်လည်း လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ ယိုယွင်းနေသော အခြေအနေကိုဖေးမပြုပြင်နိုင်မည်မဟုတ်ဟုထင်ပါသလား။ စင်စစ် ကြယ်နက္ခတ်တာရာအားဖြင့် မှောင်မိုက်သော ညတွင် ပင်လယ်ခရီးသွားအား လမ်းညွှန်ပြသနိုင်ကဲ့သို့ စိတ်ပိုင်းဆိုင်ရာမှောင်မိုက်ကျနေမှုကို ကျမ်းမြတ်ကုရ်အာန်အားဖြင့် ဖယ်ရှားပစ်နိုင်ပေသည်။ စိမ်းလန်းစိုပြေသော မြင်ကွင်းကြီးများနှင့်ကြယ် နက္ခတ်တာရာအားဖြင့် တန်ဆာဆင်ထားသော သဘာဝလောကကြီး၏အလှကို မအံ့သြကြသော်လည်း လူတို့၏စိတ်ပိုင်းဆိုင်ရာ ကို ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက်အားဖြင့် လမ်းညွှန်ပြသမှုကို အဘယ်ကြောင့် အံ့ကြသင့်မယုံမကြည် ဖြစ်သင့်ကြရမည်နည်း။ ဤသို့ဖြစ်ရခြင်းအကြောင်းမှာ အလ္လာဟ်အရှင်မြတ်အား ကျွန်ုပ်တို့ရှုမြင်ထိုက်သော ဝိသေသဆွဖသ်ဂုဏ်တော်အားဖြင့် မကြည့်မြင်ခြင်းကြောင့်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ပုရွက်ဆိပ်တစ်ကောင်၏ အသက်မွေးဝမ်း ကြောင်းပြုမှုအတွက် အလ္လာဟ်အရှင်မြတ်၏စနစ်ကိုနားလည်အောင် ကြိုးစားနိုင်သော်လည်း ကျွန်ုပ်တို့၏ဘဝတာကို ပြည့်ဝသောအခြေအနေသို့ရောက်ရှိစေဖို့ အလ္လာဟ်အရှင်မြတ်၏ ''ကုရ်အာန်''တည်းဟူသော ဝဟီလမ်းညွှန်ချက်ရှိသည်ဟူသော အချက်ကိုမူ ဥပက္ခောပြုမစဉ်းစားခြင်းသည် ကျွန်ုပ်တို့၏မိုက်ပြစ်ဖြစ်သည်။

အရာဝတ္ထုတစ်ခုကို အလွန်ခက်ခဲကြီးစွာဖြင့် အပင်ပန်းခံလုပ်လေလေ ယင်း၏ တန်ဖိုးသည်ကြီးမားလာလေလေပင်ဖြစ်သည်။ ယင်းဝတ္ထုပစ္စည်းကို အသုံးချရာတွင်လည်း အသုံးပြုသူအဖို့ ကြီးမားစွာသတိထား၍ အသုံးပြုရသည်။

အကြောင်းမူ အပင်ပန်းခံခက်ခဲစွာဖြင့် ပြုလုပ်ခြင်းက တန်ဖိုးကြီးမားခြင်း ကြောင့်ပင်ဖြစ်သည်။ ဤကဲ့သို့ပင် သဘာဝလောကကြီး၏ အလွန်မြင့် မြတ်လှ၍ အဆင့်မြင်ဆုံးသတ္တဝါဖြစ်သည့် လူသားအားတစ်ခဏမျှ လူ့လောကကြီးသို့ လာရောက်စေပြီး အကြောင်းမဲ့သော ရည်ရွယ်ချက်မဲ့သော လူသားဖြစ်လာရခြင်း တော့မဖြစ်နိုင်ပါ။ လူသားဖြစ်ခြင်းသည်ပင် အလွန်မှပင်မြင့်မြတ်လှပြီး ယင်းမြင့်မြတ်သော လူသားကို ဖန်ဆင်းသောအမြင့်မြတ်ဆုံးသော အလ္လာဟ်အရှင်မြတ်သည် အလဟဿအကြောင်းမဲ့ လူသားကိုဖန်ဆင်းခြင်း တော့မဟုတ်နိုင်ပါ။

أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ

فَتَعَالَى اللَّهُ الْمَلِكُ الْحَقُّ لَا إِلَٰهَ إِلَّا هُوَ رَبُّ الْعَرْشِ الْكَرِيمِ

"အသင်တို့အား ငါအရှင်မြတ်သည် အကြောင်းမဲ့အချည်းနှီး ဖန်ဆင်းသည်ဟု အသင်တို့ထင်မြင်ပါသလော၊ ထိုအပြင် အသင်တို့ငါအထံသို့ပြန်လှည့်မလာဟု ထင်မှတ်သလော၊ စကြာဝဠာအလုံးစုံ၏ အရှင်သခင်ဖြစ်သောအရှင်မြတ်သည် ယင်းကဲ့သို့ အချည်းနှီးသော အလုပ်ကိုပြုလုပ်တော်မူခြင်းမှာ လုံးဝကင်းစင်မြင့်မြတ်လှပါသည်။ အရှင်မြတ်သည် ဤစကြာဝဠာအလုံးစုံ၏ အထွတ်အမြတ်ပြုစုပျိုးထောင်သောအရှင်ဖြစ်သည်။" (၂၃ း ၁၁၅)

အထက်ပါကျမ်းမြတ်ကုရ်အာန်လာ လမ်းညွှန်ချက်၏ဆိုလိုယင်းအချက်ကို အပေါ်ယံအားဖြင့်လေ့လာမှုမပြုဘဲအတွင်းကျကျနိုက်နိုက်ချွတ်ချွတ် လေ့လာ သည်ရှိသော်ယင်းသည် လူသားအစဦးမှသည် ယခုလူသားတို့၏ အဆင့်ထိ ကျယ်ပြန့် လှသော လူသားသမိုင်းကို ဖော်ညွှန်းပြသခြင်းပင်ဖြစ်သည်။ အကြောင်းမူ အလ္လာဟ် အရှင်မြတ်သည်နှစ်ပေါင်းသိန်းသန်းမက ရှည်လျားလှသော သဘာဝ လောကကြီး ၏သမိုင်းကို မီးမောင်းထိုးပြစေလို၍ အမြင့်မြတ်ဆုံးသောဖန်ဆင်းခံ လူသား၏ ဖြစ်ပေါ်လာမှုသရုပ်သကန်ကို အထက်ပါကဲ့သို့ဖော်ညွှန်းခြင်းပင်ဖြစ်သည်။

အတိတ်ကာလသမိုင်းဖြစ်စဉ်ကိုကျမ်းမြတ်ကုရ်အာန်ရှုထောင့်ဖြင့် ပြန်လည် သုံးသပ်သည်ရှိသော် ကျွန်ုပ်တို့ ဤပထဝီ မြေကမ္ဘာသည် နေ၏အစိတ်အပိုင်း မှခွဲခွာပြီးနောက် နှစ်ပေါင်းသန်းနှင့်ချီ၍ အေးငြိမ်းကာအစိုင်အခဲဖြစ်စေဖို့ စောင့်ဆိုင်း ခဲ့ရသည်။ ယင်းနောက် လူသားတို့အသက်ရှင်ရပ်တည်စေဖို့ ဤပထဝီမြေကြီး အခြေအနေ အနေအထားများပေါ်ပေါက်လာရသည်။ ယင်းနောက် သက်ဦးဩဇာ **(PROTOPLASM)**တို့စတင်သည်။ယင်းနောက်သက်ရှိတို့ ဆင့်ကဲဆင့်ကဲ တိုးတက် လာမှုမှာ နှစ်ပေါင်းသိန်းနှင့်ချီကြာညောင်းခဲ့ရသည်။ ယင်းပြည့်စုံမှုအလုံးစုံပြီးမြောက်မှ လူသားသည်ပေါ်ထွန်းလာရသည်။

လူသားအဖို့ လည်း ရုပပြည့်စုံမှုနှင့် ဉာဏပြည့်ဝမှုအဆင့်သို့ရောက်ရှိစေဖို့

ဆင့်ကဲတိုးတက်လာသည်မှာလည်း နှစ်ပေါင်း အတော်ကြာခဲ့ရ သည်။ ဤသို့ဖြင့် ရာစုနှစ်ပေါင်းအတော်ကြာမှ ခေတ်နှင့်ရင်ဘောင်တန်း၍ ဉာဏ်ရည်အားဖြင့်လည်းကောင်း၊ ကာယအားဖြင့်လည်းကောင်း၊ ထက်မြက်သောလူသားဖြစ်ပေါ်လာရသည်။ဤဖြစ်စဉ်များကို စဉ်းစားကြည့်လျှင် ပထဝီကမ္ဘာကြီးမှ တိုးတက် သောလူသားအထိသော သမိုင်းဖြစ်စဉ်သည်လူသားတို့ကို အဓိကဇာတ်ကောင်အဖြစ် ဖော်ပြသည်သမိုင်းပင်ဖြစ်သည်။

ဤဇာတ်ကောင်ကိုပေါ်ထွန်းလာစေဖို့ သဘာဝလောကကြီးသည် အစီအစဉ်အမျိုးမျိုးကို ကျော်ဖြတ်လာပြီးနောက် လူသားသည် အသက်ရှင်လာရသည်။ စားသည်၊သောက်သည်၊ ယင်းနောက် သေသည် ပျက်ပြုန်းသည်ဟူ၍ လူ့သမိုင်းကို နိဂုံးချုပ်ရမည်ဟု အလွယ်တကူ ကောက်နုတ်ချက်ချရမည်လော။

فَتَعَالَى اللَّهُ الْمَلِكُ الْحَقُّ لَا إِلَٰهَ إِلَّا هُوَ رَبُّ الْعَرْشِ الْكَرِيمِ

''စကြာဝဠာ အပေါင်းစုံ၏အထွတ်အထိပ်အရှင်ဖြစ်သောအလ္လာဟ်အရှင်မြတ်သည် ယင်းကဲ့သို့အချည်းနှီးသောအလုပ်ကို ပြုလုပ်တော်မူခြင်းမှာလုံးဝကင်းစင်မြင့်မြတ်လှသည်။'' (၂၃ ： ၁၁၆)

ကျွန်ုပ်တို့သည် စာဒကတက်နိုင်သော အကြောင်းတစ်ခုအဖြစ် သက်ရှိများသည် ရှည်လျားလှသော ခေတ်ကာလ၏ ဆင့်ကဲတိုးတက်လာမှုကြောင့် အသွင်အမျိုးမျိုးကို ပြောင်းလဲတိုးတက်လာရခြင်းကို စဉ်းစားလက်ခံနိုင်ပြီး အချိန်ကာလတစ်ခုသို့ ရောက်သောအခါ ယင်းဆင့်ကဲတိုးတက်ပြောင်းလဲမှုသည် မည်သည့်အတွက်ကြောင့် ရပ်တန့်သွားရသနည်းဟူသောအယူအဆအကြောင်းကို ကျွန်ုပ်တို့သည် စာဒကတက်နိုင်ပါလျှက်နှင့်လျစ်လျူရှုထားရက်ကြသည်။

ကျွန်ုပ်တို့သည် တိရစ္ဆာန်တို့၏အတိတ် ကားချပ်များပျက်သုဉ်းပြီးနောက် ရုပ်လွှာအသစ်ဘို့ပေါ်ထွန်းလာသည်ဟုဆိုခြင်းကို အံ့ဩခြင်းမရှိကြသော်လည်း ကျမ်းမြတ်ကုရ်အာန်ကဖော်ညွှန်းသော လူသားတို့သေလွန်ပြီးနောက် လူသားတို့လုံးဝဥဿုံပျက်သုဉ်းခြင်းမရှိဟူသောအချက်ကိုမူ အံ့အားသင့်ကြသည်။ စင်စစ်သည် ယင်းပျက်သုဉ်းမှုနောက် လူသား၏ယခုအဆင့်ထက်မြင့်မားလှသော တဆင့်ကရှိသည်ကို သဘောပေါက်ရပြုသင့်ကြောင်းကို ကျမ်းမြတ်ကုရ်အာန်က မီးမောင်းထိုးပြခြင်းဖြစ်သည်။

أَيَحْسَبُ الْإِنسَانُ أَن يُتْرَكَ سُدًى أَلَمْ يَكُ نُطْفَةً مِّن مَّنِيٍّ يُمْنَىٰ ثُمَّ كَانَ عَلَقَةً فَخَلَقَ فَسَوَّىٰ

''လူသားတို့သည် သူတို့အားဤအတိုင်းဘေးမဲ့လွှတ်ထားခံရမည်ဟု အောက်မေ့နေကြသလော။ ယင်းနောက် သူတို့ဖြတ်ကျော်ရမည့် ခရီးမရှိသလော၊ သူတို့မမွေးဖွားခင်

ကာလက နှစ်ဖါရေကြည်မှုသည်အလကား တည်းဟူသောပိုးဖြစ်ခဲ့ရသည်။ အခြေအနေမရှိသလော။ထိုနောက် အလ္လာဟ်အရှင်သည် သူတို့ရုပ်အဆင်း အင်္ဂါရပ်များကို ညီညွတ်စေခဲ့သည် မဟုတ်ပါလော။" (၇၅ ： ၃၆)

ကျမ်းမြတ်ကုရ်အာန်၏ စူရာဟ် ဇာရိယာသ်တွင် လမ်းညွှန်မှုတရားနှင့်စပ်လျဉ်း၍ လေတိုက်ခတ်သွန်းမှု သက်သေသာဓကကိုပြသည်။ ယင်းနောက် မိုးကောင်းကင်နှင့်မြေကြီးမှပံ့ပိုးကူညီမှုနှင့်လူသားတို့၏ခန္ဓာကိုယ်အတွင်းမှ သက်သေများကိုဖော်ညွှန်းပြသပြီးနောက် အောင်ပါအတိုင်းဆိုသည်။

فَوَرَبِّ السَّمَاءِ وَالْأَرْضِ إِنَّهُ لَحَقٌّ مِّثْلَ مَا أَنَّكُمْ تَنطِقُونَ

"မိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေကြီးကိုဖန်ဆင်းပြုစုပျိုးထောင်သော အရှင်အား သက်သေထူ၍ဆိုအံ့။ လူတို့၏ လုပ်ဆောင်ကျင့်ကြံမှုအတွက် ခံစားရသော အကျိုးအပြစ်များနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်၏ဂတိသည် အသင်တို့အားပေးထားသကဲ့သို့ မှန်ကန်အတည်ဖြစ်သည်။" (၅၁ ： ၂၃)

အထက်ပါကျမ်းမြတ်ကုရ်အာန်လာလမ်းညွှန်ချက်တွင် အလ္လာဟ်အရှင်မြတ်သည်လက်တွေ့ကျင့်ကြံလုပ်ဆောင်မှုအတွက် ကောင်းကျိုးဆိုးကျိုးအကျိုးအပြစ်နှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် မိမိကိုယ်ကိုသက်သေထူလိုက်ခြင်းဖြစ်သည်။ သက်သေထူရာတွင်လည်းမိမိကိုယ်ကို"ရဗ်"ဖန်ဆင်းပြုစုပျိုးထောင်ပေးသော အရှင်ဟူ၍ ဖော်ပြထားသည်ကိုဂရုပြုသင့်သည်။အရဗီဝေါဟာရတွင်"ကဆမ်" သက်သေထူခြင်းဆိုသည်မှာ အကြောင်းတစ်ခု၏ မှန်ကန်ကြောင်းကို နောက်အကြောင်းအရာတစ်ခုဖြင့် သက်သေပြပြောဆိုခြင်းမျိုးကိုခေါ်တွင်ပေသည်။အထက်ဖော်ပြပါ အကြောင်း အရာနှင့်ပတ်သက်၍ သက်သေထူရာတွင်လည်း စကြာဝဠာအလုံးစုံတို့၏အရှင်အလ္လာဟ်ကမိမိ၏အလုံးစုံသော သဘာဝလောကကြီးကို ပြုစုပျိုးထောင်ခြင်းကို သက်သေထူလိုက်ခြင်းသည် လေးနက်သော သဘောပင်ဖြစ်သည်။

ဤကမ္ဘာလောကကြီးတွင် ပြုစုခြင်းလည်းရှိသည်။ ပြုစုခံရသူ လည်းရှိသည်။ သို့ဖြစ်၍လည်းပြုစုသူလည်းရှိရမည်။ သို့ဆိုလျှင်ပြုလုပ်မှုအတွက် အကျိုးအပြစ်လည်းရှိရမည်။ ထို့ကြောင့် လူသားအဖို့ မိမိလုပ်ဆောင်မှုနှင့်ပတ်သက်၍ အကျိုးအပြစ်ခံစားခြင်းမရှိဘဲ ခွင့်လွှတ်ခံရမည်မဟုတ်ပါ။ လူတို့သည် ယင်းကိစ္စရပ်ကိုဂရုတစိုက် လေ့လာခြင်းမရှိသည့်အတွက် ကုရ်အာန်၏ဖော်ပြပါ သစ္စာတရားသဘောကို မှန်ကန်စွာသဘောပေါက်ခဲ့ကြခြင်းမရှိကြခြင်းဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်၏မြင့်မားသော သက်သေပြဆိုချက်နှင့် ပညာအမြော်အမြင်ကြီးစွာဖြင့် တင်ပြမှုကိုစဉ်းစားရာတွင် သမားရိုးကျနည်းလမ်းများဖြင့်

လည်းကောင်း ရှေးရိုးဆန်လှသော ယုတ္တိဗေဒနည်းအားဖြင့်လည်းကောင်း၊ ဆန်းစစ်တွေးခေါ်လျှင် စစ်မှန်သောအကျိုးအာနိသင်ကို မခံစားရဘဲ ချွတ်ချော်သွားနိုင်ပေသည်။ ယင်းနည်းလမ်းအားဖြင့် အတိတ်ကာလပညာရှိတို့သည် ဆန်းစစ်မှိုင်ငြိမ်းမှုများကိုးကားခြင်းများကိုသာပြုလုပ်လေ့ရှိခဲ့သည်။

ကုရ်အာန်ကလူသားတို့အား လမ်းညွှန်ပြသရာတွင်ရိုးရိုးရှင်းရှင်း ကလေးသာ တင်ပြသည်ဖြစ်၍ ယင်းရှင်းလင်းလှသော လမ်းညွှန်ချက်များကို လေ့လာလက်ခံရာတွင် ကျွန်ုပ်တို့အဖို့ ယင်းကျမ်းမှပင် သက်သေသာဓကများကို မှိုငြိမ်းစရာရှိသည်။ ကုရ်အာန်၏တင်ပြချက်စာပိုဒ်တစ်ခုသည် ယင်းနှင့်ဆက်စပ်နေသောစာကြောင်း၏ရှင်းလင်းချက်ဖြစ်နေသည်ကိုအရဗီစာပေကိုသေချာကျနစွာ လေ့လာသောပုဂ္ဂိုလ်တို့က တွေ့မြင်ခံစားရသည်။

ဤသို့အားဖြင့် လေ့လာသူအဖို့ ကျမ်းမြတ်ကုရ်အာန်၏ လေးနက်လှသောအတိမ်အနက်ဖက်သို့ အာရုံစိုက်နစ်မွန်းသွားရတတ်သည်။ ယင်းဖော်ပြပါအချက်များကို သက်သေသာဓကအားဖြင့်ဖော်ပြရလျှင် ရဗ္ဗုဗိယာသ်သည်ပင်လျှင်ဖော်ပြချက်၏ဥပမာဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်ကိုဖော်ပြရာတွင်ရဗ်(ဝ်)ဖန်ဆင်းပြုစုပျိုးထောင်သောအရှင်အဖြစ် ဖော်ပြပြီး ယင်းရဗ်၏သက်သေသာဓကများကပင်လျှင်ရဗ်၏သဘာဝလောကကြီးအတွက် သက်သေသာဓကများပင်ဖြစ်ကြောင်းသိနိုင်သည်။ဤသို့အားဖြင့်ရဗ္ဗုဗိယာသ်သည် ကျွန်ုပ်တို့ကိုလေးဖက်လေးတန်မှ ဝိုင်းရံဖေးမနေသည်။ ထိုမျှမက ကျွန်ုပ်တို့၏စိတ်အတွင်းပင်ကိန်းအောင်းနေသည်ကိုတွေ့မြင်နိုင်သည်။ဤသို့ဆိုလျှင်ကျွန်ုပ်တို့သည် ရဗ္ဗုဗိယာသ်၏စည်းစနစ်ကို အဘယ်ကြောင့် လက်မခံဘဲငြင်းပယ်ကြရပါမည်နည်း။

ကျမ်းမြတ်ကုရ်အာန်တွင်ရဗ်နှင့်ပတ်သက်၍ဖော်ပြရာတွင်အလ္လာဟ်အရှင်မြတ် ၏ဂုဏ်ထူးဝိသေသဂုဏ်တော် သက်သက်ဟုသဘောထားခြင်းမပြုဘဲ ယင်းရဗ်ဟုရေးသားရခြင်း၏အတိမ်အနက်ကိုဆက်၍ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကိုဖော်ညွှန်းပြ၍သက်သေထူခြင်းဖြစ်ကြောင်းနားလည်ရပေမည်။

ယင်းအချက်ကိုဘာသာပြန်ပုဂ္ဂိုလ်များနှင့်အဋ္ဌကထာရှင်တို့က သတိမူခဲ့ခြင်းမရှိခဲ့၍ ကျမ်းမြတ်ကုရ်အာန်၏ ဆိုလိုရင်းတင်ပြချက် သွန်သင်ချက်နှင့်စပ်လျဉ်း၍ လူတို့အနေဖြင့်ပြည့်စုံသောအနှစ်သာရကိုရှာဖွေခံစားရမိခြင်းမရှိဘဲ သို့လောသို့လောဖြစ်နေကြရခြင်းဖြစ်ပါသည်။

# بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيمِ

## အရ် - ရဟ်မာန် နှင့် အရ် - ရဟီမ် الرَّحْمٰنِ الرَّحِيمِ

ယင်းစကားလုံးနှစ်ခုစလုံးသည် ကရုဏာသနားခြင်းမှဖြစ်ပေါ်လာရသည်။ အာရဗီစာပေတွင် ရဟ်မသ်ဟူသည် ခြုံလွှမ်းခြင်းဟုအဓိပ္ပါယ်ရပြီး ယင်းကိုသုံးစွဲရာတွင် တစ်ဖက်သားအား သိမ်မွေ့နူးညံ့စွာ စောင့်ရှောက်ခြင်းကို အလေးအနက်ဖော်ပြ ပေါ်ထွန်းစေမှုတွင် အသုံးပြုခြင်းဖြစ်သည်။ သို့ဖြစ်၍ ရဟ်မသ်ဟူသော စကားလုံးတွင် အချစ် တယုတယ စောင့်ရှောက်မှု သိမ်မွေ့မှုတို့ကို ခြုံငုံစွာသုံးစွဲထားသည်ကို တွေ့ရသည်။ ယင်းစာလုံးသည် အချစ်တစ်ခုထက် ကျယ်ပြန့်လှသော သဘောတရား အတိုင်းအတာရှိသည်။ တယုတယမှုထက်ပို၍ ထုထည်ကြီးမားလှသည်။ စောင့်ရှောက်မှုထက်ပို၍ ထုထည်ကြီးမားလှသော အတိုင်းအတာတာဝန်ရှိသည်။ သိမ်မွေ့မှုတကာထက် ပို၍သိမ်မွေ့နူးညံ့မှုရှိသည်။

ရဟ်မာန်နှင့်ရဟီမ်သည်ရဟ်မသ်မှဆင်းသက်လာသည်မှန်လည်း ရဟ်မသ်၏ကျယ်ပြန့်လှသော ရှုထောင့်နှစ်ခုကို ပေါ်လွင်စွာဖော်ပြလိုပါသည်။

အရဗီသဒ္ဒါတွင် فعلان ကြိယာကိုသုံးစွဲရာ၌ တစ်ဟုန်တို့အားဖြင့်ပြုလုပ်သော အလုပ်ကိုဖော်ပြရာတွင်သာ ယင်းသဒ္ဒါကို အောက်ပါအတိုင်းသုံးစွဲခြင်းဖြစ်သည်။

အပြင်းအထန်ရေငတ်သူနှင့်ပတ်သက်၍ သုံးစွဲရာတွင် عطشان ဟူ၍လည်းကောင်း၊

အလွန်ဒေါသကြီးမှုနှင့်ပတ်သက်၍ သုံးစွဲရာတွင် غضبان ဟူ၍လည်းကောင်း၊

အတင်အဓမ္မမှုနှင့်ပတ်သက်၍သုံးစွဲရာတွင် جبران ဟူ၍လည်းကောင်း၊

အလွန်တရားယစ်မူးနေမှုနှင့် ပတ်သက်၍သုံးစွဲရာတွင် سكران ဟူ၍လည်းကောင်း၊

ယင်း فعلان ကြိယာ၏သဘောဂုဏ်သတ္တိမှာ ကြီးမားသောအဟုန် အင်အားပြင်းထန်စွာဖြင့် ထွက်ခွါးလျက် အတားအဆီးများကို ကျော်ဖြတ်ခြင်းပင်ဖြစ်သည်။

الرحمان သည် فعلان ကြိယာပုံစံဖြစ်သည်။ သို့ဖြစ်၍ الرحمان ၏အဓိပ္ပါယ်မှာ ယင်းရဟ်မသ်ဂရုဏာသည်အထက်တွင်ဖော်ပြပါတည်တံ့စွာလုပ်ဆောင်သော အလုပ်ပုံစံဖြစ်သည်။ ယင်း၏ဆိုလိုရင်းအဓိပ္ပါယ် ကရဟ်မသ်ဂရုဏာသည်ကြီးမားသောအဟုန်းအင်အားပြင်းထန်စွာဖြင့်ထွက်ခွါးလျက် အတားအဆီးများကိုကျော်ဖြတ်ခြင်း Intensely Merciful ပင်ဖြစ်သည်။

فعيل ကြိယာကိုမူ တည်တံ့စွာလုပ်ဆောင်သောအလုပ်တွင် သုံးစွဲသည်။ ယင်းသို့သုံးစွဲရာတွင် ယင်းကြိယာနှင့်ဆက်သွယ်သောဝိသေသနသည် စိတ်ရောကိုယ်ပါအင်တိုက်အားတိုက် ပါဝင်လှုပ်ရှားမှုကြောင့် ယင်းသို့သုံးစွဲရခြင်းဖြစ်သည်။

ဥပမာအားဖြင့် –

အလွန်တရားစောင်မသောသူ كَرِيم

အလွန်တရားမြင့်မြတ်မှုရှိသောသူ عَظِيم

အလွန်တရားပညာရှိသောသူ عَلِيم

အလွန်တရားအမြော်အမြင်ရှိသောသူ حَكِيم

သို့ဖြစ်၍ الرحمن ၊ အရ်ရဟ်မာန်သည် အထက်တွင်ဖော်ပြပါ တည်တံ့စွာ လုပ်ဆောင်သောအလုပ်ပုံစံဖြစ်သည်။ယင်း၏အဓိပ္ပါယ်က ရဟ်မသ်၏ ဂုဏ်ရှိသောသူဖြစ်ပြီး الرّحيم ၊ အရ်ရဟ်ဟင်းမ်အဓိပ္ပါယ်က ရဟ်မသ်ရှိရုံသာမက အစဉ်အမြဲ အဆက်မပြတ် ရဟ်မသ်ကို ရွာသွန်းဖော်ထုတ်နေသူဟူ၍ ဖြစ်သည်။

ယင်း ရဟ်မသ်ဂုဏ်တော်သည် အစဉ်အမြဲ မပြတ်မစဲပင် သဘာဝ လောကကြီး၏ဖြစ်ပေါ်ဖန်ဆင်းပြုစုပျိုးထောင်မှုအဆင့်ဆင့်၏တိုးတက် ပြောင်းလဲမှုကို အထောက်အပံ့ အဖြစ်ပံ့ပိုးမပျက်ရှိနေစေသည်။

رحمة ရဟ်မသ်ကို အထက်ပါအတိုင်း အသွင်နှစ်မျိုး နာမည်နှစ်မျိုးဖြင့် အဘယ်ကြောင့်ခေါ်ဝေါ်သုံးစွဲရသနည်း။ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်နှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် လူသားတို့၏အတွေးအမြင်တွင် အပီပြင်ဆုံးရုပ်လုံး ဖော်မိစေနိုင်သောအထိမိဆုံးသော ဝိသေသလက္ခဏာသည် ယင်းရဟ်မသ်ဝိသေသ ပင်ဖြစ်သည်။လူသားတို့အနေဖြင့် လည်းယင်းရဟ်မသ်ဂုဏ်ကိုသာလျှင် လက်တွေ့အားဖြင့်ရှုမြင်သုံးသပ်နိုင်၍ဖြစ်သည်။ وَرَحْمَتِي وَسِعَتْ كُلَّ شَيْءٍ

"ငါအရှင်မြတ်၏ ရဟ်မသ်ဂုဏ်တော်သည် လောကကြီးတစ်ခုလုံးရှိ အရာအားလုံးကို ချုံလွှမ်းထား သည်။" (၇ း ၁၅၆)

## အလ္လာဟ်အရှင်မြတ်၏ရဟ်မသ် ဂုဏ်ဟု ဆိုသည်မှာ အဘယ်နည်း

.. ကျမ်းမြတ်ကုရ်အာန်ကသဘာဝလောကကြီးရှိ အရာမှန်သမျှ၏ ဖန်ဆင်းတယ် လုပမှုအဖွဲ့ဖွယ်ရာအချင်းအရာမှန်သမျှသည် အလ္လာဟ်အရှင်မြတ်၏ရဟ်မသ် ကဂုဏ်မိုးရွာသွန်းမှု အသွင်သဏ္ဍာန်ပင်ဖြစ်ကြောင်း အကျယ်တဝင့်ပြဆိုသည်။ ကျွန်ုပ်တို့အဖို့ သဘာဝလောကကြီးကို ရှုမြင်သုံးသပ်ရာတွင် ပထမဦးစွာ တွေ့မြင်ရ သည့်အချက်မှာ**ရုပ္ပဗိယသ်စနစ်**ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝ လောကကြီးမှ ပထမဦးစွာကျွန်ုပ်တို့ သိကျွမ်းရသောအရာကား ကျယ်ပြန့်လှသော ရုပ္ပဗိယသ်၏နည်းစနစ်အရ လည်ပတ်လုပ်ဆောင်နေသော စက်ရုံကြီးပင်ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့၏အသိနှင့် ပညာအားဖြင့် ရှေ့ဆက်ပြီးတစ်ဆင့်ပြီးတစ်ဆင့် လေးနက်စွာလေ့လာသောအခါ ရုပ္ပဗိယသ်ထက်ပင်အံ့သြဖွယ်ရာအချင်း အရာတို့ကို မြင်တွေ့လာရပြန်တော့သည်။

ဤနေရာတွင်ရဗ္ဗုဗိယသ်နှင့်ယင်း၏ စည်းစနစ်ကို ပြန်လည်လေ့လာကြည့်သောအခါ ယင်းသည် သဘာဝလောကကြီးကို ဖန်ဆင်းပြုစုပျိုးထောင်ပေးမှုပင်ဖြစ်သည်။သို့ရာတွင်သဘာဝလောကကြီးကို ယင်းသို့ပျိုးထောင်မှုနည်းစနစ်အပြင်ခြယ်သမွမ်းမံပြုပြင်ပြောင်းလဲအကျိုးပြုပေးနေသောရဟ်မသ်ကရှိသေးသည်။

ယင်းရဟ်မသ်ကရုဏာတော်ပင်လျှင်သဘာဝလောကကြီးကို ပြုပြင်ချယ်သမွမ်းမံနေသည်။ယင်းပြုပြင်မှုကြောင့် လှပတင့်တယ်မှုရှိလာရသည်။ ယင်းလှပမှုတွင် ညီမျှမှုရှိသည်။ ရဟ်မသ်၏ လုပ်ဆောင်မှုတွင် ထူးခြားမှုရှိသည်။ လှပမှုရှိသည်ယင်းဖြစ်စဉ်တွင် သာယာနာပျော်ဖွယ်ရာ အသံရှိသည်။ ယင်းမှဖြစ်ပေါ်လာသောရနံ့သည် သင်းပြန့်လှသည်။ ရဟ်မသ်၏လုပ်ဆောင်မှုစက်ရုံတွင် လိုလေသေးမရှိပြည့်စုံလှသည်။

သေချာစွာလေ့လာသူမဖို့ရှုမြင်ရသောအချက်မှာ ယင်းရဟ်မသ်၏လုပ်ဆောင်မှုသည် ရဗ္ဗုဗိယသ်၏စည်းစနစ်ထက်ပင်ပိုမိုကျယ်ပြန့်ကြီးမားလှခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍လည်းယင်းကိုကျမ်းမြတ်ကုရ်အာန်က ရဟ်မသ်ဟု ခေါ်ဆိုသတ်မှတ်နေခြင်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင်သုံးစွဲသော ရဟ်မသ်အသုံးအနှုန်းသည် သဘာဝလောကကြီး၏တည်ဆောက်မှု၏လှပမှုသည် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ကြောင့်ပင်လျှင်ဖြစ်သည်ဟူသော အချက်ကိုသိရှိရခြင်းပင်ဖြစ်သည်။

သဘာဝလောကကြီး၏ လှုပ်ရှားမှုစက်ရုံအသွင်ဖြစ်သော ဤလောကကြီး၏ပြုပြင်ပြောင်းလဲမှုသည် ပြုလုပ်မှုတိုင်းတွင်တည်ဆောက်ပြီးစီးမှု အလှဆင်မှုတိုင်းတွင် တင့်တယ်ရှုမငြီးစဖွယ်ရှိမှု ကောင်းခြင်းချမ်းသာကိုသာ တွေ့ရှိရပြီး တည်ငြိမ်မှုမရှိဟူ၍မတွေ့မြင်ကြရ ကောင်းမြတ်မှု၏ဆန့်ကျင်ဖက်သည် တည့်တံ့ တည်ရှိနိုင်မည်မဟုတ်ပါ။

ဤသို့သဘာဝလောကကြီးတွင် ထူးခြားသော အသွင်သဏ္ဍာန်ဘာကြောင့်ရှိနေရသနည်းဟု စဉ်းစားကြည့်လျှင် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်အစီအစဉ်တွင် ပျက်စီးမှုမရှိ တည်ကျူမှုတွင်ပရမ်းပတာဖြစ်မှု မရှိသောကြောင့်ပင်ဖြစ်သည်။ ဤသို့ပျက်စီးမှု ပရမ်းပတာဖြစ်မှုကိုမတွေ့မမြင်ရခြင်းကို ယနေ့အထိပင် လူသားတို့၏ဉာဏ်ရည်သည်အဖြေမပေးနိုင်ခဲ့။ဒဿနအတွေးအမြင်ရှင်များသည် ဤနေရာသို့ရောက်လျှင် တုန့်ဆိုင်းသွားတတ်သည်။

## လူသားတို့ဉာဏ်မမီသောပုစ္ဆာ၏အဖြေကိုကုရ်အာန်ကပေးသည်၊

ဤသို့ဖြစ်ပေါ်မှု၊လှပမှုသည် သဘာဝလောကကြီးတွင် အလ္လာဟ်

အရှင်မြတ်၏ ရဟ်မသ်ကြောင့်ဟုဆိုသည်။ ရဟ်မသ်သည်လုပမှုပြည့်စုံမှုကိုသာဖြစ်စေသည်။ ပျက်စီးမှုဆုတ်ယုတ်မှုကိုမဖြစ်စေပါဟု ကုရ်အာန်ကဆိုသည် လူသားတို့၏ဉာဏ်ရည်က ဤသို့ သဘာဝလောကကြီးသည် လုပမှုပြည့်စုံမှုရှိရခြင်းသည့်ဤလောကကြီး၏ အစဦးကာလကတည်းက ဆင့်ကဲတိုးတက်မှုကြောင့်ဟုဆိုသည်။ ရုပ်ဝတ္ထုပစ္စည်းတို့၏ဖြစ်ပေါ်လာမှုတွင်မျှတမှုရှိသည်။ အခြေအနေတွင်လည်း မျှတမှုရှိသည်။ ယင်းမျှတမှုကြောင့်သာလျှင် အရာအားလုံးသည် ပေါ်ထွန်းဖြစ်ပေါ်လာရသည်။ ယင်းဖြစ်ပေါ်လာမှုတွင် လုပမှုတင့်တယ်မှုရှိသည်။

မျှတမှုသည်ပင်လျှင် သဘာဝလောကကြီး၏တိုးတက်ဖြစ်ပေါ်လာမှု၏ အခြေခံဖြစ်သည်။ တည်ရှိမှု၊ ထင်ရှားမှု၊ ထွားကြိုင်းမှု၊ လုပမှု၊ မွှေးကြိုင်မှု၊ သာယာမှု၊ သံစဉ်နှင့်ကောင်းမြတ်မှုဟူ၍သတ်မှတ်မှုအမျိုးမျိုးရှိသော်လည်း ယင်းသတ်မှတ်မှု၏အခြေခံသည် မျှတညီမျှမှုသာလျှင်ဖြစ်ကြောင်း သိနိုင်ပေသည်။

သဘာဝလောကကြီးတွင် ယင်းမျှတညီမျှမှုသည် ဘာကြောင့်ဖြစ်စေသနည်း။ ဆန့်ကျင်ဘက်အရာများဆုံဆည်းကြရာတွင် မျှတညီမျှမှုကို ဘာကြောင့်အချိုးအဆညီမျှစွာ ပေါင်းစပ်ရသနည်း။ ပရမ်းပတာဖြစ်မှု၊ မျှတမှုကင်းမဲ့မှု၊ ဘာကြောင့်မဖြစ်ဘဲနေရသနည်း။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ လူတို့၏ဆန်းစစ်တွေးခေါ်မှုသည် အဖြေရှာရာတွင် အံ့ဖွယ်ရာအချင်းအရာမှအပ ဘာမျှရှာဖွေမတွေ့မြင်ကြရ။ ဤအချက်ကို ကုရ်အာန်ကျမ်းတော်မြတ်က ဖြေကြားရာတွင် သဘာဝလောကကြီးဝယ်အရာအားလုံးတွင်ရဟ်မသ်ကရုဏာကို အလ္လာဟ်အရှင်မြတ်ကပေါ်ထွန်းဖြစ်ပေါ်စေသည်။ ဤသို့ရဟ်မသ်ကရုဏာကိုပေးရအောင်လည်း အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်က မဟာကရုဏာတော်ရှင်ဖြစ်၍ပင် ဤသို့ ကရုဏာရဟ်မသ်ကြောင့် လုပမှု၊ ကောင်းမြတ်မှု၊ တင့်တင်မှု၊ သပ်ရပ်မှုရှိကြရသည်။ ယင်းတို့အားလုံးသည် "အစီအစဉ်၏မျှတမှုနှင့်ညီမျှမှုကြောင့်ဟူ၍ သတ်မှတ်ရပေမည်။

ဒဿနပညာရှင်တို့က သဘာဝလောကကို အနက်ဖွင့်ဆိုရာတွင် တည်ဆောက်မှုနှင့် လုပမှုဖြစ်သည်ဟုဆို၏။ တည်ဆောက်မှုသည် မွမ်းမံမှုကို အစဉ်ပြုနေသည်။ လုပမှုသည် တည်ဆောက်မွမ်းမံခံရသူတို့ကို တင့်တယ်မှုဖြစ်စေလိုသည်။ ယင်းသည် လိုအပ်မှုဥပဒေသပင်ဖြစ်သည်။ သဘာဝလောကကြီး၏ ထွန်းတောက်မှုနှင့်တည်ရှိမှုအတွက် တည်ဆောက်မှု၊ မွမ်းမံမှု၊ လုပမှုနှင့် တင့်တယ်မှုတို့သည် အရေးကြီးသောတာဝန်ဖြစ်သည်။ယင်းတာဝန်သည် သဘာဝလောကကြီး၏ကျင့်ကြံအားထုတ်မှုဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ သဘာဝ လောကကြီး

အတွင်းဖြစ်ပေါ်လာမှုများသည် လိုအပ်မှုကြောင့် ဖြစ်ပေါ်လာရသည်သာဖြစ်သည်ဟု ဒဿနပညာရှင်တို့က ဆိုကြသည်။

ဤဖော်ပြပါအကြောင်းပြချက်များသည် ပြည့်စုံသောအဖြေ မဖြစ်နိုင်ပါ။ မူလမေးခွန်း၏တစ်လုမ်းကိုတိုးဝင်ဖြေရှင်းခြင်းသာဖြစ်သည်။ ဖော်ပြပါအချက်အလက်များတွင်''လိုအပ်မှုဥပဒေသ''အကြောင်းပါလာသည်။ ယခုသိလိုသည့်အချက်က''လိုအပ်မှုဥပဒေသ''ဘာကြောင့်ဖြစ်ပေါ်လာရပါသနည်း။ ဖြစ်ပေါ်လာမှုတိုင်းသည်အဘယ်ကြောင့်လိုအပ်မှုဟုဆိုရမည်နည်း။လိုအပ်မှုသည်လုပမှုနှင့်ကြံ့ကြံ့ခံမှုတို့ကိုသာဖြစ်စေပြီး အကျည်းတန်နှင့်ပျက်စီးမှုကိုဘာကြောင့်မဖြစ်ပေါ်စေပါသနည်း။ဤအချက်အလက်များကိုလူသားတို့၏ဉာဏ်ရည်ကအဖြေမပေးနိုင်ပါ။

ဒဿနအကျော်အမော်တစ်ဦးကမူ ''အဘယ်ကြောင့် ဖြစ်ရသနည်း'' ဟူသော သို့လော သို့လောမေးခွန်းကို ဖြစ်ပေါ်စေသောအကြောင်းအရာသည် ဒဿနရှင်တို့ ကျော်လွှားမတွေးမမြင်နိုင်သောနယ်စစ်ကန့်သတ်ဘောင်ဟု ဆိုခဲ့သည်။ ကုရ်အာန်ကမူ ဤသို့မဟုတ်၊ လိုအပ်ချက်သည် ရဟ်မသ်နှင့် ဖဇလ်တို့ ဖြည့်ဆည်းပေးရမည့်အကြောင်းအရာဖြစ်သည်။ ရဟ်မသ်၏သဘောကပင် ဖြစ်ပေါ်လာမှုကို ကောင်းမွန်မှုနှင့်ပြည့်စုံမှုကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်၍လည်း ဖြစ်ပေါ်လာသောအရာများသည် ကောင်းမြတ်သော၊ ပြည့်စုံသော အကျိုးအမြတ်ရှိသော အရာများပင်ဖြစ်သည်ဟုဆို၏။

လောကကြီးတွင် ဘဝရပ်တည်ရေးနှင့် သက်ရှိတို့၏တည်တံ့မှုအတွက် လိုအပ်နေသောအရာများသည် လှပမှုတန်ဆာကို ဆင်ထားသကဲ့သို့ တွေ့မြင်ရသည်။ အသက်ရှင်ရပ်တည်မှုအတွက် လိုအပ်သောအရာများတွင် လှပမှုသည် အဘယ် ကြောင့် ရှိနေရသနည်း။ စင်စစ် ယင်းလှပတင့်တယ်မှုသည်ပင်လျှင် သဘာ၀လောက၏အရှင် အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့ အပေါ် ပြုထားသော ကြီးမားလှသည့် ကျေးဇူးတော်ကြီးတစ်ရပ်ဟူ၍ ဆိုရပေမည်။

ယင်းအချက်မှ သိရှိရသည့်အချက်က ကျွန်ုပ်တို့အား ဘဝရပ်တည်မှုအတွက် လိုအပ်ချက်များကို ဖြည့်တင်းပေးရုံမက ယင်းအရာများကို လှပစွာမွမ်းမံထားခြင်းဟူသောအချက်ပင်ဖြစ်သည်။ထိုမှတစ်ဆင့်သိရှိရသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ဘဝကို ရပ်တည်စေရုံ သာမက လှပတင့်တယ်မှုကိုလည်း ဖြစ်စေလိုသည့်အချင်ပင်။

ယင်းအချက်သည် လိုအပ်မှုဥပဒေသထက်ပင် ရင့်ကျက်လှသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ရဟ်မသ်မိုးရွာသွန်းမှုတစ်ရပ်ဟုဆိုရပေမည်။ ကုရ်အာန်ကဆိုသည်။ ယင်းအရာများသည် ရဟ်မသ်၏ လိုအပ်မှုဖြစ်သည်။ ရဟ်မသ်၏

သဘော အရာများအားလုံး၏ လိုအပ်ချက်အရ ဖြစ်ထွန်းစေခြင်းပင် ဖြစ်သည်။

ل لِّمَن مَّا فِي السَّمَاوَاتِ وَالأَرْضِ قُل لِّلَّهِ كَتَبَ عَلَى نَفْسِهِ الرَّحْمَةَ

"မိုးကောင်းကင်အမြင့်လောကနှင့်တကွ ကမ္ဘာမြေကြီးအတွင်းရှိ ရှိသမျှသော အရာများသည်မည်သူ့အတွက်နည်း။ "အို တမန်တော်၊ ပြန်လည်ဖြေကြားပါလော့၊ ယင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင်ဖြစ်သည်။ ထိုအလ္လာဟ် အရှင်မြတ်သည် မိမိတို့အဖို့ ရဟ်မသ်ဖြစ်ထွန်းစေခြင်းသည်အရေးကြီးသောအရာအဖြစ် သတ်မှတ်ထားသည်။"(၆ း ၁၂)

وَرَحْمَتِي وَسِعَتْ كُلَّ شَيْءٍ

"ငါအရှင်မြတ်၏ရဟ်မသ်သည် လောကကြီးတစ်ခုလုံးရှိ အရာအားလုံးအပေါ်တွင် ခြုံလွှမ်းထားသည်။" (၇ း ၁၅၆)

## လူသားတို့ကို သဘာဝလောကကြီးအားဖြင့် အကျိုးဖြစ်ထွန်းပေးမှု အစီအစဉ်

ယင်းအချက်နှင့်စပ်လျဉ်း၍ ပထမဦးဆုံး ကျွန်ုပ်တို့မျက်စိရှေ့မှောက်တွင် ရှုမြင်နေသောအရာသည်ကား သဘာဝလောကကြီးနှင့်ယင်းတို့တွင် ပါဝင်ပတ်သက်နေသောအရာများ၏ အကျိုးပြုနေမှုများပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သဘာဝလောကကြီးတွင် ဖြစ်ပျက်နေမှုကို တိကျသောစည်းစနစ်နှင့် ဟန်ချက်ညီသောသရုပ်ဆောင်ချက်များအဖြစ်စဉ်ဆက်မပြတ်တွေ့မြင်နေရသည်။ ယင်းအရာများကိုသေချာစွာဆန်းစစ်လေ့လာသည်ရှိသော် ယင်းအရာများသည် ကျွန်ုပ်တို့အတွက်အကျိုးရှိစွာအသုံးချရန် ပြုလုပ်ပေးထားသော အရာများ သာဖြစ်ကြောင်းကို သိသာနိုင်သည်။ ကျွန်ုပ်တို့အသက်ရှင်ရပ်တည် ရေးအတွက် လိုအပ်ချက်များကို ဖြည့်တင်းပေရန်ရှိနေရကြောင်းကိုလည်း သိလာရသည်။

وَسَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ جَمِيعًا مِّنْهُ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ

"ကောင်းကင်အမြင့်လောကနှင့်တကွကမ္ဘာပေါ်ရှိ အရာဝတ္ထုမှန်သမျှသည် အသင်တို့ အသုံးချအသုံးပြုစေဖို့ အလ္လာဟ်အရှင်မြတ်က သင်တို့၏ အထိန်းအကွပ်အောက်သို့ ထိန်းချုပ်ရောက်ရှိစေသည်။ အကြင်သူတို့သည် စဉ်းစားတွေးခေါ်တတ်မှုအမြင်ရှိခဲ့လျှင် ယင်းအချက်အလက်များတွင်အလ္လာဟ်အရှင်မြတ်အထံတော်မှ အသင်တို့အတွက် များမြောင်လှသော သက်သေ လက္ခဏာများ ရှိသည်။" ( ၄၅ း၁၃ )

အထက်ပါကျမ်းတော်မြတ်ကုရ်အာန်လာအာယသ်တော်တွင် အသုံးပြုထားသော စကားလုံးဖြစ်သည့်"ဆစ်ခရ"သည် အရာဝတ္ထုတစ်ခုကို အမိန့်အရသော်လည်းကောင်း၊ အတင်းအဓမ္မအရသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်အတွက် စေခိုင်းစေဖို့ အထိန်းအကွပ်ပေးလိုက်သည့်အဓိပ္ပါယ်ဖြစ်သည်။

ယင်းစကားလုံးကိုသဘာဝလောကကြီးတစ်ခုလုံးကို လူသားတို့အတွက် အသုံးချ အသုံးပြုစေဖို့သုံးစွဲထားရာ အလ္လာဟ်အရှင်မြတ်အထံတော်မှ လူသားတို့ကို ဤစကားလုံးထက် ပြတ်သားသော ကျေးဇူးပြုပေးကမ်းသော အသုံးချခွင့်အမိန့်က အဘယ်မှာရှိနိုင်ပါမည်နည်း။

ကျမ်းတော်မြတ်ကုရ်အာန် မကျရောက်ခင်က လူသားဘို့၏သဘာဝ လောကနှင့်ပတ်သက်သောအတွေးအမြင်ကား သဘာဝလောကကြီးသည် ထိတ်လန့်ကြောက်ရွံ့စရာကောင်းသောအရာဟု အဓိပ္ပါယ်ဆောင်သော အတွေးအမြင် မျိုးသာရှိခဲ့သည်။ကုရ်အာန်သည် ယင်းဆွေးမြေ့နေသော အတွေးအမြင်ကို ဖယ်ရှားပေးရုံမကဤသဘာဝလောကတစ်ခုလုံးသည်လူသားတို့၏ အစေအပါး ဖြစ်၍ ယင်းတို့ကို အသုံးချအသုံးပြုစေဖို့ အလ္လာဟ်အရှင်မြတ်အမိန့်ဖြင့် လူသားတို့ လက်ဝယ် အပ်နှင်းထားပြီးဖြစ်ကြောင်းဖွင့်ဆိုပြခဲ့သည်။

သို့ရာတွင် ယင်းအမြင်လောကကြီးနှင့်တကွ ပထဝီမြေကြီးအတွင်း ရှိအရာများကို အသုံးချစေဖို့ရန်အတွက် စဉ်းစားတွေးခေါ်တတ်မှုသည် အရေးကြီး သည်ကိုလည်းကုရ်အာန်က တစ်ဆက်တည်းပြဆိုထားသေးသည်။ ဤ "ဆစ်ခရ" ဟူသော ဝေါဟာရသည် ဉာဏ်ပညာထက်မြက်သော သူတို့အား တင်ပြရာတွင် အကောင်းဆုံးသော ဝေါဟာရဖြစ်သည်။ အတိတ်ကာလက ယင်းစကားလုံးကို လူငယ်တစ်ဦးသည် ပျဉ်နှစ်ချပ်ကိုဆက်၍ သဘောလုပ်သည်။ သဘောလောက်ကို သာ တွေးခေါ်ယူသော်လည်း ယခုခေတ်လူတို့က သဘာဝအောင်အားစုကို အနိုင်ယူသည့်အောင်မြင်ခြင်းကို ခေါ်ဆိုသည်ကို သိစေအပ်ပါသည်။ သတိထားရမည့်အချက်မှာ ကျွန်ုပ်အားပေးအပ်ထားသည့်အရာများသည် လုပ်ပိုင်ခွင့် နယ်နိမိတ်ဘောင် သတ်မှတ်ချက်အတွင်းသာ ဖြစ်သည်။ စကြဝဠာကြီးတစ်ခုလုံးကို ကျွန်ုပ်တို့အား ပေးထားခြင်းမရှိသည်ကို သတိပြုစေလိုသည်။ ကျွန်ုပ်တို့၏ ကမ္ဘာဝန်းကျင်သည် ယင်းစကြဝဠာကြီး၏ သေးငယ်လှသော အစက်တစ်စက်မျှသာ ဖြစ်သည်။ စကြဝဠာကြီးတွင် ကျွန်ုပ်တို့ထက် သာလွန်သော အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းထားသောအရာများ ရှိကောင်းရှိနိုင်ပေသည်။ ယင်းအချက်ကို ကုရ်အာန်က

.. وَمَا يَعْلَمُ جُنُودَ رَبِّكَ إِلَّا هُوَ.

"အသင်တို့အား ဖန်ဆင်းပြုစုပျိုးထောင်သောအလ္လာဟ်အရှင်မြတ်သည် လျှို့ဝှက်ဆန်းကျယ်လှသောတာဝန်ကိုထမ်းဆောင်ရန် လူတို့မသိမြင်နိုင်သော တပ်တစ်ခုအသွင် ဖွဲ့စည်းထားရှိသည်။ ယင်းတို့နှင့်စပ်လျဉ်း၍ အလ္လာဟ်မှတပါး အခြားတစ်ဦးတစ်ယောက်မျှ မသိမြင်ကြရ။" (၇၄ း ၃၁)

ကျွန်ုပ်တို့သတိထားကြည့်လျှင် သဘာဝလောကကြီးအတွင်း ရှိရှိသမျှသော အရာများနှင့် ယင်းတို့မှပေါ်ထွန်းလာသောအရာများသည် ယင်းတို့တွင် ပါဝင်ပတ်သက်သောအရာများ၏ ထူးခြားမှုကြောင့်ပင်ဖြစ်သည်။ ဖြစ်ပျက်မှုတိုင်းတွင် အကျိုးသက်ရောက်မှုတစ်ခုစီရှိပါသည်။ ထိုမှတစ်ဖန် သိရှိရသည်မှာ အရာများ၏ တုန်ခါဖြစ်ပျက်မှုကြောင့် ကျွန်ုပ်တို့အဖို့ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် အကျိုးခံစားနေရသည်ဟူသောအချက်ပင်ဖြစ်သည်။နေ၊ လ၊ ကြယ်၊ နက္ခတ်တာရာ၊ လေ၊ မိုး၊ မြစ်များ၊ သမုဒ္ဒရာများနှင့်တောင်စသည်ဖြင့် အရာအားလုံးသည် ကျွန်ုပ်တို့ကို အကျိုးပြုနေသည်။ ယင်းအရာများသည် တစ်နည်းမဟုတ် တစ်နည်းအားဖြင့် အကျိုးပြုမှုကြောင့် ကျွန်ုပ်တို့အကျိုးခံစားနေရသည်မဟုတ်ပါလား။

اللَّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ وَأَنزَلَ مِنَ السَّمَاءِ مَاءً فَأَخْرَجَ بِهِ مِنَ الثَّمَرَاتِ رِزْقًا لَّكُمْ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِأَمْرِهِ وَسَخَّرَ لَكُمُ الأَنْهَارَ وَسَخَّر لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَينَ وَسَخَّرَ لَكُمُ اللَّيْلَ وَالنَّهَارَ وَآتَاكُم مِّن كُلِّ مَا سَأَلْتُمُوهُ وَإِن تَعُدُّواْ نِعْمَتَ اللَّهِ لاَ تُحْصُوهَا إِنَّ الإِنسَانَ لَظَلُومٌ كَفَّارٌ

''အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိုးကောင်းကင်နှင့် ပထဝီမြေကြီးကို ဖန်ဆင်းတော်မူခြင်းဖြစ်သည်။ မိုးကောင်းကင်မှမိုးရွာသွန်းစေ၏။ထိုရေအားဖြင့် အမျိုးမျိုးသော သစ်သီးဝလံများကို သင်တို့စားသုံးစေဖို့သီးစေ၏။ သင်တို့၏အစီအမံအောက်တွင် သင်္ဘောများကို သမုဒ္ဒရာတွင် ဖြတ်သန်းနိုင်ခွင့်ကို ပေးတော်မူ၏။ ယင်းသင်္ဘောများသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ဖြင့် အသင်တို့၏အထိန်းအကွပ်တွင်သွားလာစေ၏။ မြစ်ချောင်းအသီးသီးကို အသင်တို့အကျိုး သယ်ပိုး ဆောင်ရွက်ရန် ဖန်ဆင်းတော်မူ၏။ တစ်ဖန် အရှင်မြတ်သည် အသင်တို့အကျိုးကိုဆောင်ရန် အစဉ်မပြတ် သူတို့၏လမ်းကြောင်းတွင် လှည့်ပတ်နေသော နေနှင့်လကိုဖန်ဆင်းတော်မူ၏။ နေ့နှင့်ညကိုအသင်တို့အကျိုးအတွက်ဆောင်ရန် စီရင်တော်မူ၏။ အရှင်မြတ်သည်အသင်တို့အတွက် လိုအပ်သောအရာမှန်သမျှကို ပေးခဲ့သည်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံ တော်မှရရှိသော ကျေးဇူးတော်များကို ရေတွက်ခဲ့လျှင် ရေတွက်၍ ရမည်မဟုတ်။ စင်စစ်လူသားသည် တရားမျှတမှုမရှိသူ၊ ကျေးဇူးတရားမဲ့သောသူများသာလျှင် ဖြစ်ကြကုန်သည်။'' (၁၄ း ၃၂ - ၃၄)

ပထဝီမြေကြီးကို လေ့လာကြည့်ပါ။ အမျိုးစုံသော သီးနှံပန်းမာလ်များဖြင့် အလှတန်ဆာဆင်နေသည်။ရေတံခွန်များ၊ မြစ်များ၊ ချောင်းများ၊ ယှက်ဖြာစီးဆင်းနေသည်။ မြေကြီး၏နက်ရှိုင်းမှုအတွင်း သယံဇာတများဖြင့် အမျိုးမျိုးသော သတ္တုများ၊ သတ္တုမဟုတ်သောဒြပ်များကိုဖော်ထုတ်ရယူနိုင်သည်။ အမျိုးမျိုးသော အရာများအသီးသီးသောနေရာများတွင်မြှုပ်ထားသော်လည်း အပေါ်ယံအား

ဖြင့်ကြည့်လျှင် ဘာမျှမရှိသည့်အလားကြမ်းခင်းလုပ်ထားသည့်အသွင် မြင်တွေ့နေသည်မဟုတ်ပါလား။

الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَجَعَلَ لَكُمْ فِيهَا سُبُلًا لَّعَلَّكُمْ تَهْتَدُونَ

"အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာမြေကြီးကိုခင်းကျင်းထားပုံက ကော်ဇောခင်းထားသည့်ပမာဖြစ်သည်။ထိုမြေပေါ်တွင်ခရီးသွားလာရာတွင်လွယ်ကူစေရန်လမ်းများကိုဖန်ဆင်းတော်မူ၏။အသင်တို့သွားလိုရာသို့လွယ်ကူစွာသွားစေရန်ဖြစ်သည်။" (၄၃ း ၁၀)

وَ الَّذِي مَدَّ الأَرْضَ وَجَعَلَ فِيهَا رَوَاسِيَ وَأَنْهَارًا وَمِن كُلِّ الثَّمَرَاتِ

لَ فِيهَا زَوْجَيْنِ اثْنَيْنِ يُغْشِي اللَّيْلَ النَّهَارَ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ

وَفِي الأَرْضِ قِطَعٌ مُّتَجَاوِرَاتٌ وَجَنَّاتٌ مِّنْ أَعْنَابٍ وَزَرْعٌ وَنَخِيلٌ صِنْوَانٌ وَغَيْرُ صِنْوَانٍ يُسْقَى بِمَاءٍ

وَاحِدٍ وَنُفَضِّلُ بَعْضَهَا عَلَى بَعْضٍ فِي الأُكُلِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ

"ဤအရာများအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုသာလျှင် ဖြစ်သည်။ ထိုအလ္လာဟ်အရှင်မြတ်၏ ပထဝီမြေကြီးကို ဖန်ဆင်းထားပုံက ကျယ်ပြန့်စွာခင်းကျင်းထားသကဲ့သို့ပင် ယင်းပေါ်တွင်တောင်များကို ငုတ်ကဲ့သို့ တည်ရှိ စေသည်။ မြစ်ချောင်းများကို စီးဆင်းတော်မူသည်။ အသီးသီးသော အသီးအနှံများကို စုံတွဲစုံတွဲ စီရင်တော်မူသည်။ အလ္လာဟ် အရှင်မြတ်၏ ဆန်းကျယ်လှသော ဖန်တီးမှုကား ညကိုနေ့အားဖြင့် တစ်ခုပြီးတစ်ခု ပြောင်းလဲစေခြင်းပင်ဖြစ်သည်။ ယင်းအချင်းအရာတွင် စဉ်းစားတတ်သူတို့အဖို့ အလွန်ကြီးမားလှသော သက်သေသာဓကတော်များရှိသည်။ထို့ပြင်ပထဝီမြေကြီးများကို ခင်းကျင်းထားပုံက တစ်ခုနှင့်တစ်ခု ဆက်စပ်ထားသောပုံစံပင်ဖြစ်သည်။စပျစ်ခြံများ၊ လယ်ယာမြေများ၊ စွံပလွန်ပင်များကို ဖန်ဆင်းတော်မူ၏။ ယင်းသစ်ပင်များသည် အမျိုးအစား ခြားနားသော်လည်း ယင်းတို့ကို ရေတစ်မျိုးတည်းအားဖြင့် ဆွတ်ဖြန်းတော်မူ၏။ သစ်သီးဝလံတို့အနက် အချို့ကို အချို့ထက် အနံ့အရသာ သာလွန်စေတော်မူ၏။ မှတ်သားလော့။ ယင်းအချက် တွင်လည်း ဆင်ခြင်တုံတရားရှိသူတို့အဖို့ သက်သေသာဓကများ ရှိပေသည်။" (၁၃ း ၃-၄)

دْ مَكَّنَّاكُمْ فِي الأَرْضِ وَجَعَلْنَا لَكُمْ فِيهَا مَعَايِشَ قَلِيلاً مَّا تَشْكُرُونَ

"အို . . . လူသားတို့၊ ငါအရှင်သည် အသင်တို့အား ကမ္ဘာပေါ်ဝယ် လုပ်ပိုင်ခွင့်အများအပြားကိုပေးသနားတော်မူသည်။ သင်တို့အတွက် အသက်မွေးဝမ်းကျောင်းဖို့ အရာများလည်း ပေးသနားခဲ့သည်။ သို့ပါသော်လည်း အသင်တို့ အနက် အချို့သောသူတို့သာလျှင် ငါ၏ကျေးဇူးကိုသိတတ်သောသူ ဖြစ်သည်။" (၇ း ၁၀)

သမုဒ္ဒရာဘက်သို့မျက်နှာမူကြည့်လိုက်စမ်းပါ။အပေါ်ယံမျက်နှာပြင်ပေါ်တွင် သင်္ဘောများသွားလာနေသကဲ့သို့ယင်းအောက်တွင် ငါးများကူးခတ်သွား လာနေကြ

သည်၊ အောက်ဆုံးအလွှာတွင်မူအဖိုးမဖြတ်နိုင်သောပုလဲများ၊ ကျောက် ပန်း၊ ကျောက်ခက်များတို့ကိုဖွံ့ဖြိုးကြီးထွားစေသောလုပ်ငန်းများရှိနေသည်မဟုတ်ပါလား။

وَهُوَ الَّذِي سَخَّرَ الْبَحْرَ لِتَأْكُلُواْ مِنْهُ لَحْمًا طَرِيًّا وَتَسْتَخْرِجُواْ مِنْهُ حِلْيَةً تَلْبَسُونَهَا وَتَرَى الْفُلْكَ مَوَاخِرَ فِيهِ وَلِتَبْتَغُواْ مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ

"ငါအရှင်မြတ်သည် ပင်လယ်သမုဒ္ဒရာကို အသင်တို့အကျိုးပြုစေဖို့ အသင်တို့၏ထိန်းချုပ်မှုအောက်တွင်ရှိစေသည်၊ ထိုပင်လယ်သမုဒ္ဒရာမှ အသင်တို့စားသောက်ရန် လတ်ဆတ်သောအသားကိုဖြစ်ထွန်းရယူစေသည်။ ဆင်မြန်းစေဖို့ပုလဲကဲ့သို့သောအရာများကို ဖြစ်ထွန်းရယူစေသည်။ လှေသင်္ဘောများသည် ပင်လယ်သမုဒ္ဒရာလှိုင်းကို ကျော်ဖြတ် သွားလာနေကြခြင်းဖြင့် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကို ရှာမှီးသိရာဖြစ်စေသည်။ ယင်းသို့သွားလာစေခြင်းဖြင့်လူသားတို့အဖို့ ကျေးဇူးတော်ကို ရှာမှီးသိမြင်ဖို့ရာဖြစ်သည်။ (၁၆ း ၁၄)

တိရစ္ဆာန်လောကကြီးကို လေ့လာစမ်းပါ။ ပထဝီမြေကြီးပေါ်တွင် ခြေလေးချောင်းသတ္တဝါများ ကောင်းကင်ယံတွင် ပျံသန်းနေသော ငှက်ငယ်များ၊ ရေထဲတွင် ငါးများစသည့် အရာများအားလုံးသည် ကျွန်ုပ်တို့အားသူတို့၏တည်ရှိမှုဖြင့် အကျိုးပြုစေဖို့အတွက်ပင်အစားအသောက်အတွက် သူတို့၏အသားနှင့်သူတို့၏နို့၊ စီးနင်းလိုက်ပါဖို့သူတို့၏ကိုယ်ထည်၊ အကာအကွယ်ရစေဖို့ထပ်ချုပ်မကွာလိုက်လံ ဆောင်ရွက်မှုဝတ်ဆင်စေဖို့သူတို့၏အရေခွံသူတို့၏အမွေးများသည်သာမက သူတို့၏အရိုးများကပင်အကျိုးပြုနေသည်မဟုတ်ပါလား။

وَالأَنْعَامَ خَلَقَهَا لَكُمْ فِيهَا دِفْءٌ وَمَنَافِعُ وَمِنْهَا تَأْكُلُونَ

وَلَكُمْ فِيهَا جَمَالٌ حِينَ تُرِيحُونَ وَحِينَ تَسْرَحُونَ

وَتَحْمِلُ أَثْقَالَكُمْ إِلَى بَلَدٍ لَّمْ تَكُونُواْ بَالِغِيهِ إِلاَّ بِشِقِّ الأَنفُسِ إِنَّ رَبَّكُمْ لَرَؤُوفٌ رَّحِيمٌ

وَالْخَيْلَ وَالْبِغَالَ وَالْحَمِيرَ لِتَرْكَبُوهَا وَزِينَةً وَيَخْلُقُ مَا لاَ تَعْلَمُونَ

"အလ္လာဟ်အရှင်မြတ်သည် ခြေလေးချောင်း၊ သတ္တဝါများကို ဖန်ဆင်းတော်မူ၏။ ထိုသတ္တဝါများမှာ အသင်တို့အဖို့ ချမ်းအေးသောအချိန်တွင် ဝတ်ဆင်ဖို့အနွေးထည်နှင့်များပြောင်လှစွာသော အသုံးအဆောင်များကို ဖြစ်စေတော်မူ၏။ ယင်းတို့မှာ သုံးစေဖို့လည်းဖြစ်စေသည်။ ထိုတိရစ္ဆာန်တို့ ညနေခင်းစားကျက်မှ ပြန်လာချိန်သည်အဖို့ လှပတင့်တယ်မှုမငြီးသောမြင်ကွင်းကိုဖြစ်စေသည်၊ အသင်တို့၏အထုပ်အပိုးများကိုလည်း ဝေးလံသောဒေသသို့

ယင်းတို့အားဖြင့် သယ်ယူပို့ဆောင်စေသည်။ ဤသို့အားဖြင့် အသင်တို့အား မောပမ်းမှုကို မဖြစ်စေရပါ။''

''မှတ်သားကြလော့၊ အလ္လာဟ်အရှင်မြတ်သည် အလွန်သနားညှာတာသော ကောင်းချီးမင်္ဂလာပေးသောအရှင်ဖြစ်သည်။ အသင်တို့စီးနင်းသွားရာတွင်လည်းကောင်း၊ သက်တောင့်သက်သာဖြစ်စေရန်သော်လည်းကောင်း ရှိစေဖို့လည်း ကောင်း။ မြင်း၊ မြည်း၊ လား၊ တိရစ္ဆာန်များကို ဖန်ဆင်းတော်မူ၏၊ထို့ပြင် အသင်တို့မသိသောအရာများလည်း ဖန်ဆင်းတော်မူ၏။'' (၁၆ ：၅-၈)

ۚ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً نُسْقِيكُم مِّمَّا فِي بُطُونِهِ مِن بَيْنِ فَرْثٍ وَدَمٍ لَّبَنًا خَالِصًا سَائِغًا لِّلشَّارِبِينَ

အမှန်ပင်ကျွဲနွားတိရစ္ဆာန်တွင်သင်တို့အတွက် စဉ်းစားကြည့်ဖို့ သင်ခန်းစာများရှိသည်။ငါအရှင်သည် ယင်းတိရစ္ဆာန် တို့၏အူတွင်း ပစ္စည်းများနှင့် သွေးတို့၏အကြား ဆက်စပ်ရာကဖြူစင်သန့်စင်သောနို့ရည်ကိုဖြစ်စေကာထိုနို့ရည်ကို အသင် တို့သောက်သုံး နှစ်သိမ့်ရာဖြစ်စေသည်။ယင်းသည် ကောင်းမြတ်သောအရသာရှိသောအရာပင်ဖြစ်သည်။
'' (၁၆ ：၆၆)

وَاللَّهُ جَعَلَ لَكُم مِّن بُيُوتِكُمْ سَكَنًا وَجَعَلَ لَكُم مِّن جُلُودِ الْأَنْعَامِ بُيُوتًا تَسْتَخِفُّونَهَا
يَوْمَ ظَعْنِكُمْ وَيَوْمَ إِقَامَتِكُمْ وَمِنْ أَصْوَافِهَا وَأَوْبَارِهَا وَأَشْعَارِهَا أَثَاثًا وَمَتَاعًا إِلَىٰ حِينٍ

''အသင်တို့၏နေအိမ်ကို အသင်တို့၏ စိတ်ချမ်းမြေ့စရာနေရာအဖြစ် ဖြစ်စေသည်။ ကျေးရွာတွင် နေထိုင်သူအဖို့ ကျွဲနွားတိရစ္ဆာန်သားရေများကို အသုံးပြု၍ နေအိမ်တဲများကို တည်ဆောက်စေသည်။ ယင်းတဲအိမ်များသည် ခရီးသွားလာရာတွင် ပေါ့ပါး၍ ပြောင်းရွှေ့ရာတွင်လွယ်ကူစေသည်။ ထို့ပြင် တိရစ္ဆာန်များမှာ သိုးမွေး၊ အမွေးနု၊ အဝတ်အထည်များကို ဖြစ်စေသည်။ ယင်းတို့သည် သတ်မှတ်သောအချိန်ထိ အသင်တို့၏ အကျိုးပြုရာဝတ္ထု ဖြစ်ပေသည်။'' (၁၆ ：၈၀)

လူသားတစ်ဦးသည် မည်ရွေ့မည်မျှပင် အသိတရားယဉ်ကျေးမှု ကင်းမဲ့သည်ဖြစ်ပါစေ၊ ထိုသူတို့အဖို့ရာတွင် သူ၏ဝန်းကျင်ရှိ ဝတ္ထုပစ္စည်းများသည် သူ့အား အထောက်အကူပြုနေသည်ဟူသော အချက်ကိုမူ ငြင်းပယ်နိုင်မည် မဟုတ်ပါ။ သစ်ခုတ်သမားတစ်ဦးသည် သူ၏တဲအတွင်း အလုပ်များနေစဉ် ကာလတွင် သူ၏ဝန်းကျင်ကို ဂရုမပြုနိုင်ဟုဆိုသော်လည်း သူမမကျန်းမမာဖြစ်နေစဉ်ကာလ တောထဲရှိသစ်ရွက်သစ်ဥများဖြင့် ရောဂါပပျောက်စေဖို့ ကြိုးစားနေချိန်တွင်လည်းကောင်း၊ခစ်ခြစ်တောက်ပူပြင်းသောနေပူချိန်တွင် အရိပ်အာဝါသ အောက်တွင် အနားယူနေချိန်တွင်လည်းကောင်း၊ အားလပ်ချိန်တွင် ဝန်းကျင်ရှိ သဘာဝအလှကိုရှုမျှော်နေချိန်တွင်လည်းကောင်း၊ သစ်ပင်များမှ စားဖွယ်ရာသစ်သီး

ဝလံများကို ရရှိချိန်တွင် လည်းကောင်း၊ အသုံးအဆောင်အတွက် သစ်များကို အသုံးချချိန်တွင်လည်းကောင်း၊ မီးဖိုအတွက်လောင်စာကို အသုံးပြုရာတွင် လည်းကောင်း၊ သတိပြုမည့်အချက်ကား ဤသဘာဝလောကကြီးကို သူတစ်ဦးတည်းက အမျိုးမျိုးအသုံးချနေသည်ဟူသော အချက်ပင်မဟုတ်ပါလား။

လူတစ်ဦးချင်းသည် ဝန်းကျင်ရှိ ရန့်အစုံကို ရှူရှိုက်နေရုံမက အမျိုးမျိုးသော သစ်သီးဝလံများကို စားသုံးနေသည်။ သစ်များကို အသုံးအဆောင်ပြုလုပ်နေသည်။ အသုံးမလိုသောသစ်များကို မီးရှို့ကာ မီးတောက်မီးလျှံကို ဖြစ်စေသည်။ သဘာဝလောကရှိ အသုံးအဆောင်ကို ရာသီဥတုနှင့် လိုက်လျောညီအောင် နေထိုင်နိုင်စေဖို့ ပြုလုပ်နေသည်။ယင်းအချက်များကို ကုရ်အာန်က အောက်ပါအတိုင်း ဖော်ပြသည်။

الَّذِي جَعَلَ لَكُم مِّنَ الشَّجَرِ الْأَخْضَرِ نَارًا فَإِذَا أَنتُم مِّنْهُ تُوقِدُونَ

"ကြည့်ကြလော့၊ အလ္လာဟ်အရှင်မြတ်၏စွမ်းအားတော်သည်ကား စိမ်းလန်းစိုပြေသော သစ်ပင်များမှ အပင်တို့အတွက် မီးကိုဖြစ်စေသည်၊ ယင်းအားဖြင့် အသင်တို့သည် ဟင်းလျာများကို ချက်ပြုတ်ကြရသည်။" (၃၆ း ၈၀)

အထက်ဖော်ပြပါ သဘာဝ၏အကျိုးပေးမှုများကို လူသားတို့သည် အံဝင်ဂွင်ကျ အကျိုးခံစားနေရသည်။ သို့ရာတွင် မည်သူကမျှ အထက်ပါသဘာဝလောက အသုံးအဆောင်များကို သူတို့အတွက် လိုအပ်မည့်နေရာတွင် လိုအပ်သလိုသုံးနေဖို့ ညွှန်ကြားခံခဲ့ရသည်မရှိပါ။ အလ္လာဟ်အရှင်မြတ်သည် ဤဝတ္ထုပစ္စည်းများကို လိုက်လျောညီစွာအသုံးပြုရန် ဖန်ဆင်းပြုစုထား၍သာလျှင် ယင်းသို့သုံးစွဲနေရအောင် ပြုလုပ်ထားသည်မဟုတ်ပါလား။

وَمَا يَعْلَمُ جُنُودَ رَبِّكَ إِلَّا هُوَ"အသင်တို့အားဖန်ဆင်းပြုစုပျိုးထောင်သော အလ္လာဟ်အရှင်မြတ်သည် လျှို့ဝှက်ဆန်းကျယ်လှသောတာဝန်ကို ထမ်းဆောင်ရန် လူတို့မသိမြင်နိုင်သော တပ်တစ်ခုအသွင် ဖွဲ့စည်းထားရှိသည်။ ယင်းတို့နှင့်စပ်လျဉ်း၍ အလ္လာဟ်မှတပါး အခြားတစ်ဦးတစ်ယောက်မျှမသိမြင်ကြရ။" (၇၄ း ၃၁)

တစ်ဖန်သဘာဝလောကကြီးကို ဖန်ဆင်းပြုစုပျိုးထောင်သောအရှင်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်သည် သဘာဝလောကကြီးကို အသုံးချ အသုံးပြု အကျိုးခံစားစေရာတွင် သက်ရှိတိုင်းအတွက် ညီမျှသောခံစားခွင့်ကို ပေးထားပေသည်။သူကြွယ်တစ်ဦးသည် သူ၏မြနန်းဗိမာန်တွင်ထိုင်ပြီး သဘာဝလောကကြီးသည် သူ၏အကျိုးအတွက် ဖန်ဆင်းထားသည်ဟု မှတ်ချက်ချနိုင်သလိုပင် ပုရွက်ဆိတ်တစ်ကောင်ကလည်း သူ၏တွင်းထဲတွင် ဤသဘာဝလောကကြီးကား

သူ၏အကျိုးအတွက် ဖြစ်ပေါ်လာရသည်ဟု ဝင့်ကြွားနိုင်သည်သာ။

ဤအချက်ကို မည်သူမျှ ငြင်းပယ်နိုင်မည်မဟုတ်ပါ။ နေသည်သူ၏ အပူချိန်ကို အများအားအသုံးချစေသကဲ့သို့ပင် မိုးရွာသွန်းမှုသည်လည်း အများအတွက်ပင် မဟုတ်ပါလား။ လေ၏တိုက်ခိုက်မှုကြောင့် သကြား ဘယ်နေရာမှာရှိသလဲဟူသောအသိကို ပုရွက်ဆိတ်သည်ရရှိသည်မဟုတ်ပါလား။ ပထဝီမြေကြီးသည် ပုရွက်ဆိတ်အဖို့ ရာသီဥတုအလိုက်နေထိုင်စေဖို့နေရာထိုင်ခင်းကို ဖန်တီးမပေးသလော။ဤအချက်များကို တစ်ဆင့်ပြီးတစ်ဆင့် စဉ်းစားကြည့်လျှင် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်၏ကြီးမားလှသောလုပ်ဆောင်ချက်ကို ကွက်ကွက်ကွင်းကွင်း မြင်ကြရမည်သာ။

စင်စစ် သဘာဝလောကကြီး၏ဥပဒေသသည် တစ်ချိန်တည်းတွင် တစ်မျိုးတည်းသောအသွင်တစ်ခုတည်းသောစနစ်ဖြင့်သက်ရှိအားလုံးကို အကျိုးပြုနေရုံမကအကာအကွယ်လည်းပေးနေသည်။သက်ရှိတိုင်းသည် သဘာဝလောကကြီးမှာ သူတို့အတွက်ဟူ၍ ရဲဝံ့စွာကြွေးကြော်နိုင်ပေသည်။ =

وَمَا مِن دَآبَّةٍ فِي الأَرْضِ وَلاَ طَائِرٍ يَطِيرُ بِجَنَاحَيْهِ إِلاَّ أُمَمٌ أَمْثَالُكُم

''ပထဝီမြေကြီးပေါ်ရှိ အကောင်ပံရှိသော ငှက်များအပါအဝင် တိရစ္ဆာန်အားလုံးသည် အသင်တို့ကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏အဖန်ဆင်းခံ''အွမ္မသ်'' အဖွဲ့အစည်းဝင်များပင်ဖြစ်ကြသည်။'' (၆ း ၃၈)

## သဘာဝလောကကြီးအတွင်းပျက်စီးခြင်းသည်လည်း တည်ဆောက်မှုတစ်ခုဖြစ်သည်ကို ရှင်းလင်းခြင်း

ဤကမ္ဘာလောကကြီးအတွင်းသက်ရှိသက်မဲ့အရာဝတ္ထုများသည် ပျက်သုဉ်းနေရသည်ကိုမူ မည်သူမှ ငြင်းနိုင်မည် မဟုတ်ပေ။ တည်ဆောက်မှုတစ်ခုနှင့်အတူ ပျက်သုဉ်းမှုသည်လည်း ဖြစ်လာရသည်။ သိမ်းကျုံးမှုများနှင့်အတူ ပြန့်ကျယ်မှုလည်းရှိသည်။ ယင်းသဘောက ပန်းပုဆရာတစ်ဦးအဖို့ ကျောက်ရုပ်တစ်ခုကို ဖန်တီးရာတွင် ကျောက်မျက်နှာပြင်ကိုထု၍ ဖျက်ဆီး ပစ်ရသကဲ့သို့ သဘာဝလောကကြီး၏ ပျက်သုဉ်းမှုတွင်လည်း တည်ဆောက်မှုမွမ်းမံမှုလုပမှုအသစ်ကို ပေါ်ထွန်းစေသည်ကို သတိပြုရာ၏။

အဆောက်အဦးတစ်ခုတည်ဆောက်ရာတွင်''တည်ဆောက်သည်'' ဟူသော စကားလုံးသည် လုပ်ပြီးသားပစ္စည်းအများအပြားကို အသုံးချအသုံးပြုရန်များမြောင်လှစွာသောပစ္စည်းများကို ဖျက်ဆီးလိုက်မှသာတည်ဆောက်မှုကို ဖြစ်စေ

သည်ကိုလည်း သတိပြုရာ၏။ မြေကြီးကို တူးဖော်ခြင်းလည်းမပြု အုတ်များကို မီးဖြင့်ဖုတ်ယူခြင်းလည်းမပြု၊ သစ်ပင်များကို လွှဖြင့်ဖြတ်ယူခြင်းလည်းမပြုခဲ့လျှင်မူ အဆောက်အအုံတစ်ခုကို တည်ဆောက်နိုင်ပါမည်လော။ အဆောက်အအုံတစ်ခု ပြီးမြောက်၍ယင်းတွင်နေထိုင်သူသည် စိတ်ချမ်းမြေ့မှုအဖြာဖြာကိုရရှိစေဖို့ အထက်ပါ အဆင့်ဆင့်သောပျက်စီးပျက်သုဉ်းမှုကိုပြုလုပ်ရသည်မဟုတ်ပါလော။ယင်းလှုပ်ရှားမှု အသွယ်သွယ်ကိုဖြတ်ကျော်ပြီးမှ နေထိုင်မှုအဆင်ပြေကာစိတ်ချမ်းမြေ့မှုကို ရရှိပေသည်။

ဤနည်းနှင်နှင်ပင် သဘာဝလောကကြီးအတွင်း တည်ဆောက်မှု အသစ်ဖြစ်ပေါ်စေဖို့ ပျက်သုဉ်းပျက်စီးခြင်းကို ပြုလုပ်ရစမြဲပင်။ သို့ဖြစ်၍လည်း အချို့အချို့သော တည်ဆောက်မှုတွင် ဖျက်ဆီးပစ်သည့်အသွင် တွေ့မြင်နေရသည်။ စင်စစ်အားဖြင့် လောကကြီးတွင် ပျက်စီးမှုဟူ၍မရှိ။ ဖြစ်ပျက်မှုအသစ် အတွက် ကြိုးပမ်းလှုပ်ရှားခြင်းသာရှိပေသည်။

ပင်လယ်ထဲတွင်မုန်တိုင်း။မြစ်ရေ၊ဒီရေတက်မှု၊တောင်များတွင် ချော်ရည်များ စီးဆင်းမှု၊ ဆောင်းကာလတွင် ရေခဲမှု၊ နွေရာသီတွင် ပူအိုက်မှု၊ မိုးရွာသွန်းစဉ် ပရမ်းပတာအသွင်စသည် စသည်တို့မှာ မျက်စေ့အမြင်ကိုပသာဒမဖြစ်စေ သည်မှာ မှန်သော်လည်း ယင်းလှုပ်ရှားဖြစ်ပျက်နေမှုအားလုံးသည် အလွန်မှပင် လိုအပ် လှသောတည်ဆောက်မှုတစ်ရပ် ဖြစ်ပေသည်။

အကယ်၍ ပင်လယ်ထဲတွင် မုန်တိုင်းမထန်ခဲ့လျှင် မိုးတစ်စက်မှပင် မရွာနိုင်၊လျှပ်စီး လက်သံကိုမခံနိုင်လျှင် မိုးရွာသွန်းမှုကို အဘယ်မှာဖြစ် စေပါမည်နည်း။ မီးတောင်ပေါ်မှ ချော်ရည်များ လျှံမထွက်ခဲ့လျှင် ပထဝီမြေကြီး အတွင်းမှ အပူကြောင့် ပေါက်ကွဲမှုကိုဖြစ်စေနိုင်သည်။ ယင်းအချက်များကို ကျမ်းမြတ်ကုရ်အာန်ကအောက်ပါအတိုင်း ညွှန်ပြသည်။

وَمِنْ آيَاتِهِ يُرِيكُمُ الْبَرْقَ خَوْفًا وَطَمَعًا وَيُنَزِّلُ مِنَ السَّمَاءِ مَاءً فَيُحْيِي

، الْأَرْضَ بَعْدَ مَوْتِهَا إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ

"အလ္လာဟ်အရှင်မြတ်၏စွမ်းဆောင်တော် အံ့ဖွယ်ရာတစ်ခုမှာ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ ယင်းအားဖြင့် အသင်တို့၏ကြောက်လန့်ခြင်းနှင့် မျှော်လင့်ခြင်းနှစ်ခုစလုံးကိုဖြစ်စေရသည်။ မိုးကောင်းကင်မှ မိုးရွာသွန်းစေသည်။ ယင်းမိုး အားဖြင့် သေနေသောမြေကြီးကိုရှင်သန်စေသည်၊ယင်းအချင်းအရာတွင်လည်း ဉာဏ်ပညာနှင့် ဆင်ခြင်တတ် မှုကိုအသုံးချသူအဖို့သက်သေလက္ခဏာတော်များရှိပေသည်။" (၃၀ း ၂၄)

သဘာဝလောကကြီး၏ အကြီးမားဆုံးသော ပေးကမ်းမှုကား ယင်းတို့

၏အလှပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် သဘာဝလောကကြီးဖြစ်ပေါ်လာမှုနှင့် မှုမ်းမံမှုကိုသာမက ယင်းဖြစ်ပေါ်လာမှု မွမ်းမံမှုတွင် အလှတန်ဆာဖြင့်ဆင်ယင်မှုကိုလည်းပြုလုပ်ပေးထားသည်။ သဘာဝလောကကြီးတစ်ခုလုံးကို ရှုမြင်နိုင်စွမ်းမရှိလျှင် သဘာဝလောကကြီး၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုကို ရှုမြင်ဆန်းစစ်ကြည့်ပါ။ အနုစိတ်မြင်ကွင်းနေရာတိုင်းတွင် အလှဖြင့်တန်ဆာဆင်ထားသည်ကိုသာမြင်တွေ့ရပေမည်။ သဘာဝလောကကြီး၏ မည်သည့်အစိတ်အပိုင်းကမျှ အလှမပါသော အပိုင်းဟူ၍ မမြင်တွေ့နိုင်ပါ။

ကြယ်နက္ခတ်တာရာ၏ တည်ဆောက်ထားသောစနစ်နှင့် လှည့်ပတ်သွားလာမှု၊ နေ၏စွမ်းအားနှင့် အလင်းပေးမှု၊ လ၏လှည့်ပတ်မှုနှင့် လ၏ပြောင်းလဲမှုအသွင် ကောင်းကင်ယံ၏ ကျယ်ပြန့်လှသော နယ်နိမိတ်နှင့် ယင်း၏လှုပ်ရှားမှုများ၊ မိုးရွာသွန်းချိန်နှင့်ပြုပြင်ပြောင်းလဲမှုများသမုဒ္ဒရာရှုမျှော်ခင်းနှင့် မြစ်တို့၏စီးဆင်းမှု၊ တောင်ကြီးများ၏မြင့်မားမှုနှင့် လွင်ပြင်များ၏ကျယ်ပြန့်မှုများ၊ တိရစ္ဆာန်များ၏အမျိုးအစားနှင့် ကွဲပြားလှသော ပုံသဏ္ဌာန်၊ သစ်ပင်ပန်းမာလ်တို့၏ စိုပြေလှပမှု၊ ဥယျာဉ်ပန်းမာလ်တို့၏မျက်စိပသာဒဖြစ်မှု၊ ပန်းတို့၏သင်းပျံ့လှသောရနံ့၊ ငှက်တို့၏ ချုပ်ငြိမ်းစပြုသောအသွင်စသည့်သဘာဝလောကကြီး၏အလှအပကို ကိုယ်စီကိုယ်စီ သရုပ်ဖော်လျက်ရှိသည်။ ယင်းတို့မှ သိရှိရသည့်အချက်တစ်ခုက ဤသဘာဝလောကကြီး၏ ကန့်လန့်ကာနောက်ကွယ်မှ တင်ဆက်ပြသသောသူသည် မြင်ကွင်းတိုင်းတွင် အလှကို အစဉ်တင်ပြနေသည် ဟူသောအချက်ပင်ဖြစ်သည်။ ယင်းရှုမငြီးဖွယ်ရာ အသွင်အပြင်ကိုကြည့်ရှုပြီး လူတို့သည် တစ်ခဏတာမျှ ဂျန္နသ်အမတ သုခဘုံ၏အလှကို စိတ်ကူးနိုင်စေဖို့ရာ အခွင့်အလန်းတစ်ခုပင် ရရှိခြင်းဖြစ်သည်။

စင်စစ်အားဖြင့်ဆိုရသော်သဘာဝလောကကြီး၏ဖန်ဆင်းမှုတွင် ပါဝင်သော အရာများသည်ပင်လျှင် မျက်စိပသာဒ ကိုဖြစ်စေသော အလှပစ္စည်းများဖြင့်ပင် တည်ဆောက်ထားပေသည်။ အလ္လာဟ်အရှင်မြတ်သည် သဘာဝလောကကြီး၏ ရုပ်လုံးဖော်ဆောင်မှုဆိုင်ရာတွင်အလှတန်ဆာဆင်ယင်ထားသကဲ့သို့ သဘာဝလောကကြီး၏ အဓိပ္ပါယ်ဆောင်သော အပိုင်း တွင်လည်း အလှကိုသာ ရှာဖွေတွေ့မြင်ရပေသည်။ရောင်ခြည်၊ အရောင်၊ အဆင်း၊ ရနံ့နှင့် သာယာလှသော အသံများသည် ယင်းအလှကို ပေါ်ထွန်းစေသောအရာများပင်မဟုတ်ပါလား။

صُنْعَ اللّٰهِ الَّذِي أَتْقَنَ كُلَّ شَيْءٍ

"အလ္လာဟ်အရှင်မြတ်၏ထူးခြားသောလုပ်ဆောင်ဖန်ဆင်းမှုကြောင့် အရာရာတိုင်း

သည် လှပစွာဖြင့်သိပ်သည်းကျစ်လစ်သောအခြေသို့ ဆိုက်ရောက်ရသည်။'' (၂၇ ႏ ၈၈)

ذَلِكَ عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الرَّحِيمُ الَّذِي أَحْسَنَ كُلَّ شَيْءٍ خَلَقَهُ

အလ္လာဟ်အရှင်မြတ်သာလျှင်မမြင်ရသောအရှုပနှင့်မြင်တွေ့နိုင်သော ရူပအပေါင်းတို့ သိမြင်သောအရှင်၊ စွမ်းအားအာနုဘော်ရှိသောအရှင်၊ မပြတ်မစဲကရုဏာရှိသောအရှင် ဖြစ်သည်။ ထိုအရှင်သည် ဖန်ဆင်းသမျှသောအရာများကို လှပတင့်တယ်မှုအသွင်ဖြင့် ဖန်ဆင်းတော်မူ၏။ (၃၂ ႏ ၆-၇ )

သို့ရာတွင် သဘာဝလောကကြီး၏အချို့သောအသွင်အပြင်များကို ရှုမြင်ရာတွင်အလှအပကိုမတွေ့မြင်ရ၊ယင်းမြင်ကွင်းတွင်ကျွန်ုပ်တို့အဖို့ရတွင် အလှအပကိုမခံစားရသကဲ့သို့ဖြစ်နေသည်။ ဤသို့သတ်မှတ်ခြင်းသည်ပင်လျှင် နက်နဲလှသော သဘာဝမြင်ကွင်းကို အသိအမှတ်ပြုခြင်းတစ်မျိုးပင်ဖြစ်သည်။ ကျွန်ုပ်တို့၏နားက သာယာလှသည်ဟူသောအသံမှအပအခြားအသံများကို နားစွင့်ကြည့်လျှင် ကျွန်ုပ်တို့အဖို့ ဆူညံသံအသွင် ထင်မြင်ရသည်။ ယင်းသည် လွှမ်းမိုးမှုကြောင့်လည်းကောင်း၊ နားရည်မဝမှုကြောင့်လည်းကောင်း ဖြစ်သည်ဟုဆိုရမည်။ စင်စစ် သဘာဝလောကကြီးတွင် ရှိရှိသမျှသောအရာ များသည် လှုပ်ရှားမှုပြုရာတွင် သူတို့၏ တာဝန်ကိုယ်စီကို သိမြင်စွာ ထမ်းဆောင်လှုပ်ရှားနေခြင်းဖြစ်သည်။ အမှန်စင်စစ် ဤအသံများကို စုစည်းမှုပြုသာလျှင် သဘာဝ၏ ရင့်ကျူးသော အသံဖြစ်လာရသည်ကို လူတို့မေ့နေတတ်သည်။

تُسَبِّحُ لَهُ السَّمَاوَاتُ السَّبْعُ وَالْأَرْضُ وَمَن فِيهِنَّ وَإِن مِّن شَيْءٍ إِلَّا
يُسَبِّحُ بِحَمْدِهِ وَلَكِن لَّا تَفْقَهُونَ تَسْبِيحَهُمْ إِنَّهُ كَانَ حَلِيمًا غَفُورًا

''အထက်ကောင်းကင် အဆင့် ၇ ဆင့်နှင့် ဤပထဝီမြေကြီးရှိ အရာမှန်သမျှသည် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်ကျေးဇူးတော်ကိုသူတို့အား ဤသို့လှပတင့်တယ်စွာဖြင့် ပြုစုမှုအတွက် ရင့်ကျူးနေကြသည်။ ထိုမျှမက ဤသဘာဝလောကကြီးအတွင်း အလ္လာဟ် အရှင်မြတ်၏ကျေးဇူးတော်ကို တသခြင်းမဲ့သောအရာဟူ၍မရှိ အရာအားလုံးသည် အရှင်မြတ်၏ ကျေးဇူးတော်ကို ရင့်ကျူးနေကြသည်။ သို့ရာတွင် အသင်တို့အဖို့ရာ ယင်းကျေးဇူးတော်ကို အသင်တို့၏ သတိလစ်ဟင်းမှုနှင့်ပညာခေါင်းပါးမှုကြောင့် မသိမြင်ကြပေ။'' (၁၇ ႏ ၄၄)

အထက်ပါအချက်များကို တစ်ဖန်ပြန်လည်၍ ဆန်းစစ်ကြည့်သည်ရှိသော် သဘာဝလောကကြီးသည် လှပနေရုံမကယင်းလှပမှု၏ ရောင်ပြန်ဟပ်မှုကို နေရာအနှံ့တွေ့မြင်နေရသည်။အကယ်၍ သဘာဝလောကကြီး၏ယန္တရားများတည်ရှိနေသော်လည်း ယင်းတို့တွင် လှပမှုမရှိလျှင် ဖြစ်ပါမည်လော။ သစ်ပင်ပန်းမာလ်၏

အရောင်အဆင်းမရှိလျှင် ဖြစ်ပါမည်လော။ငှက်ကလေးတို့၏ရင့်ကျူးနေသော အသံမဲ့သော ကမ္ဘာရှိလျှင်ဖြစ်ပါမည်လော။

စင်စစ် ဤကမ္ဘာကြီးသည် ယင်းတို့ပါဝင်မှ ပြည့်စုံမည်ဟု ဆိုရမည်လော။ လိပ်ပြာများ၏ အတောင်ပံပေါ်တွင် လှပရှုမငြီးစဖွယ်ရာ ပန်းချီရေးဆွဲသည့်ပုံစံများ မရှိလျှင်ကောလိပ်ပြာဖြစ်မလာဟုဆိုနိုင်မည်လော။ သစ်ပင်တစ်ခုဖြစ်ဖို့ ကြီးမား လှသော ပင်စည်၊ ဖြာထွက်နေသော အကိုင်းအခက်များရှိမှ သစ်ပင်ဟုဆိုရမည် လော။ တိရစ္ဆာန်တို့အဖို့ သူတို့၏အသွင်သည် ပတ်ဝန်းကျင်နှင့်လိုက်လျောညီမှ တိရစ္ဆာန်ဟုဆိုရမည်လော။

ယနေ့အထိ ကြီးကျယ်မြင့်မြတ်လှသော အတွေးအမြင်ပညာရှင်ကြီးများဟု သတ်မှတ်ခံရလင့်ကစား ယင်းပုဂ္ဂိုလ်တို့သည် အထက်ဖော်ပြပါမေးခွန်းတို့၏ အဖြေကိုရှာဖွေရတွင်မစွမ်းဆောင်မပြီးပြတ်သေးပါ။သို့ရာတွင် ကျမ်းတော်မြတ် ကုရ်အာန်ကမူ ယင်းမေးခွန်း၏အဖြေကို တိုတိုတုတ်တုတ်ကလေး ဖြေပြထားသည်။ သဘာဝလောကကြီး၏ အရှင်သခင်ဖြစ်သော အလ္လာဟ်အရှင်မြတ်သည် အရ်ရဟ်မာန် ဖြစ်သည်။ အရ်ရဟီမ်ဖြစ်သည်။ သို့ဖြစ်၍ သူ၏ရဟ်မသ်ပြန့်ပွားမှု အလုပ်ကိုအစဉ်ပြုလုပ်လျက်ရှိသည်။ ရဟ်မသ်၏အလုပ်က ပြန့်ပွားထုတ်လုပ် သောအရာများပြည့်စုံရမည်။ပြည့်ဝရမည်။တစ်ဖက်တွင် ကျွန်ုပ်တို့ အတွက် ဘဝရပ်တည်မှုအတွက် လိုအပ်သောအရာများကိုပြည့်ဝပြည့်စုံစေမည်။ ကျန်တစ် ဖက်တွင်လည်းယင်းအရာများကိုလှပတင့်တယ်ရှုမငြီးဖွယ်ဖြစ်စေရသည်။ ယင်း အချက်ကိုကျမ်းတော်မြတ်ကုရ်အာန်ကအောက်ပါအတိုင်း အလ္လာဟ်အရှင်မြတ် ၏ဂုဏ်တော်ဝိသေသဂုဏ်ပုဒ်အဖြစ် ဖော်ပြသည်။

فَتَبَارَكَ اللّٰهُ أَحْسَنُ الْخَالِقِيْنَ "အလ္လာဟ်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အရှင်ဖြစ်၍လည်းအရှင်ဖန်ဆင်းထားသော အရာများ သည် လှပရှုမငြီးဖွယ်ရာ အချင်းအရာ ဖြစ်နေရသည်။" (၂၃ း ၁၄)

ကျွန်ုပ်တို့သည်ဘဝဆိုင်ရာပြဿနာရပ်ကို ဖြေရှင်းရာတွင် အတုအယောင် အတွေးအမြင်များတွင်နစ်မွန်းနေ၍ သဘာဝလောကက ကျွန်ုပ်တို့အား ဖေးမပံ့ပိုး ကူညီပေးမှုကို ဂရုမပြုနိုင်ပါ။ ဘစ်ခါတရံတွင်မူ ကျွန်ုပ်တို့သည် ယင်းကျေးဇူးပြု မှုများကိုပင်မေ့ထားရုံမကငြင်းပယ်မှုကိုပင်ပြုကြသည်။စင်စစ် သဘာဝလော ကကြီးကိုရှုမြင်နိုင်သောအသိသည် ကျွန်ုပ်တို့တွင်ဝင်ရောက်လာခဲ့ပါမူ သဘာဝ လောကကြီးသည် ကျွန်ုပ်တို့အား ဘယ်ရွေ့ဘယ်မျှ အကျိုးပြုနေသည်ကို သိလာ ပေမည်။ သဘာဝလောကကြီးသည် အလှသဘာဝရှုမျှော်ခင်းများကိုရှုမြင် တတ်ရုံ

သက်သက်ကိုသာဖြစ်စေပြီး ဤသဘာဝ လောကကြီး၏ ဖေးမမှုသာမရှိခဲ့လျှင် ကျွန်ုပ်တို့၏ဘဝသည် သာယာဖြောင့်မတ်မှုမရှိနိုင်ရုံမက အသက်မဲ့သော လူသေကောင်ကဲ့သို့ ဘဝရပ်တည်ရမည်သာဖြစ်မည်။

ထိုအခြေအနေသာဆိုပါက ဤကမ္ဘာကြီးသည် တည်ရှိနေသော်လည်း လောကကြီးသည် အလှကင်းမဲ့နေမည်။ ကောင်းကင်ယံကိုကြည့်လျှင် ကျွန်ုပ်တို့မြင်နေရသကဲ့သို့ တောက်ပသောအရောင်အဆင်း ကင်းမဲ့နေမည်။ ကြယ်နက္ခတ်တာရာတို့ရှိမည်။သို့ရာတွင်ယခုကဲ့သို့မှိတ်တုတ်မှိတ်တုတ် ပြောင်းလဲသော အသွင်ဖြင့် ညချမ်း၏ အလှတန်ဆာဆင်ပေးမည်မဟုတ်။ သစ်ပင်များရှိနေမည်မှန်လည်း သစ်ရွက်သစ်ခက်များသည် စိမ်းလန်းစိုပြေမှုရှိနေမည်မဟုတ်။ ပန်းမာလ်တို့၏ အလှသည်လည်းမရှိနိုင်ပါ။ အရောင်အဆင်းအနံ့လည်းကင်းမဲ့နေမည်။ လောကကြီးတွင် အရာအားလုံးသည်ရှိမည်။သို့ရာတွင်ကျွန်ုပ်တို့ရှုမြင်နေရသော အသွင်နှင့်မဟုတ်ခဲ့လျှင် ကျွန်ုပ်တို့အဖို့ မည်ရွေ့မည်မျှ အနေကျပ်သွားမည်ကို ကိုယ်တိုင်တွေးကြည့်ပါ။အလှအပမဲ့သော ကမ္ဘာလောကကြီးကို မည်သို့ခံစားရမည်နည်း။

သို့ဖြစ်၍လည်းကျွန်ုပ်တို့အားဖန်ဆင်းပြုစုပျိုးထောင်ပေးသော အလ္လာဟ်အရှင်မြတ်သည် ဘဝနှင့်အတူ ဘဝ၏ အလှကိုလည်းပေးသနားခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့အား တစ်ဖက်တွင် လောကကြီး၏အလှကို ရှုမြင်တတ်သော ခံစားတတ်မှုကိုပေးသကဲ့သို့ တစ်ဖက်တွင်ယင်းခံစားမှုဖြစ်စေသော အလှတန်ဆာဖြင့် လောကကြီးကိုအလှဆင်ပေးထားသည်။ ယင်းလက်တွေ့ ဖြစ်ရပ်များသည်သာလျှင် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ဖြာထွက်ပေးနေမှုကို သက်သေပြနေသည်။ သဘာဝ လောကကြီး၏ နောက်ကွယ်ကန့်လန့်ကာတွင် ဖန်ဆင်းရှင်သာရှိပြီး ဖန်ဆင်းရှင်၏ ရဟ်မသ်မရှိခဲ့လျှင် ဤလောကကြီးတစ်ခုလုံးသည် အလှအပကင်းမဲ့သော ရုပ်ပျက်ဆင်းပျက်ဖြစ်နေမည်ကို ထပ်ဆင့်စဉ်းစား၍ ကောက်ချက်ချနိုင်မည်။

أَلَمْ تَرَوْا أَنَّ اللَّهَ سَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَأَسْبَغَ
عَلَيْكُمْ نِعَمَهُ ظَاهِرَةً وَبَاطِنَةً وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ
وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ

"အသင်တို့သည်ဤအချက်ကိုဂရုပြုမစဉ်းစားသလော၊ ကောင်းကင် အမြင့်လောကတွင်ရှိရှိသမျှအရာအားလုံးဤကမ္ဘာပေါ်တွင် ရှိရှိသမျှအရာအားလုံးကို အလ္လာဟ်အရှင်မြတ်သည် အသင်တို့အသုံးချအသုံးပြုစေဖို့အထိန်းအကွပ်အဖြစ်ပေးအပ်ခဲ့ပြီးအလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ကောင်းချီးမင်္ဂလာအပေါင်းတို့ကို အသင်တို့ရှုမြင်နိုင်သော အသွင်ဖြင့်လည်းကောင်း၊မရှုမြင်နိုင်သောအသွင်ဖြင့်လည်းကောင်း၊ပြည့်ဝစွာ ဖြည့်တင်းပေးသည်မ

ဟုတ်လော။

လူသားတို့အနက်အချို့သောသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ငြင်းခုံနေကြသည်။ စင်စစ်ယင်းသူတို့တွင် ယင်းငြင်းခုံစေဖို့ပညာလည်းမရှိကြ၊ လမ်းညွှန်ပြသချက်လည်းမရှိ၊ အလင်းဆောင်သောကျမ်းဂန်လည်းမရှိပေ။'' (၃၁ ႏ ၂၀)

လူသားတို့အဖို့ရာတွင် သူတို့အသုံးချအသုံးပြုသောအရာတစ်ခုခုကို လက်လွှတ်ဆုံးရှုံးသွားပြီး ယင်း၏အကျိုးကျေးဇူးကို မခံရသောအချိန်ကျမှ ထိုအရာ၏တန်ဖိုးကိုသိမြင်ရသည်မှာဓမ္မတာပင်ဖြစ်ပေသည်။ အသင်သည် မြစ်ကမ်းနဘေးတွင်နေထိုင်သူဖြစ်လျှင်အသင့်အတွက် ဘန်ဖိုးမရှိသောအရာသည် ရေဖြစ်ကောင်းဖြစ်မည်ဟု ထင်မြင်ရပေမည်။သို့ရာတွင် ယင်းရေကိုပင် နှစ်ဆယ့်လေးနာရီမျှ မရရှိသောအခါတွင်ရေသည် မည်မျှွေ့မည်မျှ တန်ဖိုးကြီးမားပြီး အကျိုးပြုနေကြောင်းကိုချက်ချင်းသိမြင်လာပေမည်။ဤနည်းနှင်နှင်ပင် သဘာဝလောကကြီး၏ အသုံးအဆောင်သည် ကျွန်ုပ်တို့၏ဝန်းကျင်တွင် ကျွန်ုပ်တို့အား အဖက်ဖက်မှ ဖေးမပံ့ပိုးကူညီပေးလျက်ရှိသည်။ကျွန်ုပ်တို့သည်ယင်းအရာများကို ဂရုမပြု မစဉ်းစား၊ ဥပေက္ခာပြုကျော်လွှားကာဖြတ်သန်းသွားတတ်သည်။ အကြောင်းမူ ယင်းအရာများကို ဂရုပြုဖို့ ကျွန်ုပ်တို့တွင် အချိန်မရှိပေ၊ သို့ဖြစ်၍လည်း ယင်းအရာများ၏တန်ဖိုးကို မသိမြင်ခြင်းပင်ဖြစ်သည်။

အရဏ်ဦး၏အလင်းရောင်သည် နေ့စဉ်မှန်မှန်ရောက်ရှိနေသည်။ ယင်းအလင်းရောင်ကြောင့်အိပ်ပျော်သူတို့ထကြပြီးလူ့ဘဝရပ်တည်မှုကို ပြုကြပေသည်။ ညဘက်လာသာချိန်ကြောင့် ကျွန်ုပ်တို့သည် ပင်ပမ်းနွမ်းလျမှုကို အပန်းဖြေရင်းဖြင့် ဝန်းကျင်ကိုရှုမြင်နိုင်ကြသည်။ ဤသဘာဝလောကကြီး၏ ကျေးဇူးများကို ဂရုပြုစဉ်းစားဆန်းစစ် သတိထားမိကြပါရဲ့လား။ အလင်းရောင်၏တန်ဖိုးကို အက်စကီးမိုးတို့သာ အသိဆုံးဖြစ်သည်။ နေထွက်လာခြင်းထက် ကြီးမားလှသော မျှော်လင့်ချက်သည် သူတို့တွင်မရှိပါ။ အတန်ကြာမြင့်ကတည်းက ရောဂါဖိစီးမှုဒဏ်ကြောင့် အိပ်ရာထဲတွင် လဲလျောင်းနေရသူတို့အဖို့ သဘာဝ ရှုမျှော်ခင်းကို ကြည့်ရှုလိုမှုသည် ထိုသူတို့၏ အာသီသဖြစ်သည်။ မျက်စိနှစ်ဖက်မမြင်ရသောသူတို့ကို ယင်းမျက်စိအလင်းပျောက် ကွယ်မှုကြောင့် မည်သို့သော အခက်အခဲတွေ့နေရသည်ကို မေးကြည့်ပါ။

အကယ်၍ မွေးကတည်းက မျက်စိကမ်းခဲ့သူမဟုတ်ခဲ့လျှင် အလင်းရောင်ထက်ကြီးမားလှသေအာရာ ထိုသူ့တွင်မရှိနိုင်ပါ။ အကယ်၍ မွေးကတည်းက မျက်စိအလင်းမရသူဖြစ်လျှင်မူ သာလွန်၍ပင် ယင်းအလင်းရောင်ကို တောင့်တမိချေမည်။ကျွန်ုပ်တို့သည်ရွှေ၊ငွေ၊ ကျောက်သံပတ္တမြားထက် တန်ဖိုးကြီးမားသော

အရာမရှိဟု မှတ်ယူကြသည်။ စင်စစ် သဘာဝလောကကြီးတွင် သက်ရှိမှန်သမျှတို့ အသုံးပြုရန် အလ္လာဟ် အရှင်မြတ်က ပေးထားသော အရာမှန်သမျှသည်သာ အကြီးမားဆုံး၊ တန်ဖိုးအရှိဆုံးအရာများသာဖြစ်ပေသည်။

وَآتَاكُم مِّن كُلِّ مَا سَأَلْتُمُوهُ وَإِن تَعُدُّوا نِعْمَتَ اللَّهِ لَا تُحْصُوهَا إِنَّ الْإِنسَانَ لَظَلُومٌ كَفَّارٌ

"အသင်တို့အဖို့လိုအပ်နေသောအရာများကို အလ္လာဟ်အရှင်မြတ်က အသင်တို့အား ပေးအပ်လိုက်ပြီ။ အလ္လာဟ်အရှင်မြတ်ကပေးထားသော ကောင်းချီးမင်္ဂလာအဖြာဖြာကို အသင်တို့ရေတွက်လျှင် အသင်တို့ စွမ်းဆောင်နိုင်မည်မဟုတ်။ စင်စစ်လူသားသည် တရားမျှတမှုကင်းသော ကျေးဇူးတရားကင်းမဲ့သောသူဖြစ်သည်။" (၁၄ း ၃၄)

သဘာဝလောကကြီး၏ ပေးကမ်းပံ့ပိုးစောင်မပေးမှု အသွင်သဏ္ဍာန် အလှကိုလည်းဂရုပြုသတိထားကြည့်မိပါသလား။အလ္လာဟ်အရှင်မြတ်သည် အရာဝတ္ထု၏ကိုယ်ထည်ကို လှပစွာတန်ဆာဆင်ထားသကဲ့သို့ ယင်းတို့ကို အသုံးပြု အသုံးချရာတွင်လည်း တင့်တယ်လှပသောအသွင်ကိုရောက်ရှိစေသည်။

ရုပ်ပိုင်းဆိုင်ရာအလှအပက အရာဝတ္ထုအစိတ်အပိုင်းများ၏ တည်ဆောက်မှု အချိုးကျပြေပြစ်မှု ဖြစ်သည်။ ယင်းဝတ္ထုပစ္စည်းကို အသုံးချအသုံးပြုမှု၏အလှက အစိတ်အပိုင်းတိုင်းကိုတိကျသောတာဝန်ကိုယ်စီဖြင့် ပြေပြစ်မှုကို အခြေခံတည်ဆောက်ထားခြင်းပင် ဖြစ်သည်။

ထိုမျှမက တိရစ္ဆာန်လောကအဖို့သိမှုအာရုံကို ပေးထားသကဲ့သို့ လူသားလောက အဆင့်မြင့်သောသတ္တဝါအဖို့ အသိတရားအာရုံအပြင် ဆင်ခြင်တတ်သော ဉာဏ်ကိုလည်း ပေးထားခြင်းဖြင့် မိမိတို့နှင့်သက်ဆိုင်သော ပြဿနာရပ်များကို အဆင့်မြင့်စွာဖြေရှင်းနိုင်ခြင်းဖြစ်သည်။

وَاللَّهُ أَخْرَجَكُم مِّن بُطُونِ أُمَّهَاتِكُمْ لَا تَعْلَمُونَ شَيْئًا وَجَعَلَ لَكُمُ السَّمْعَ
وَالْأَبْصَارَ وَالْأَفْئِدَةَ لَعَلَّكُمْ تَشْكُرُونَ

အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကြောင့်သာလျှင်အသင်တို့သည် မိခင်၏ဝမ်းအတွင်းမှပေါက်ဖွားကြရသည်။ ထိုအချိန်တွင် အသင်တို့တွင် သိမြင်နားလည်နိုင်စွမ်းမရှိ၊ သို့ရာတွင်အလ္လာဟ်အရှင်မြတ်သည် သင်တို့အားသိမြင်နိုင်သော အသိအာရုံကိုပေးရုံမက စဉ်းစားဆင်ခြင်နိုင်သောဉာဏ်ကိုလည်းပေးသနား၏။ ယင်းအားဖြင့် ကျေးဇူးတရားသိတတ်ရန် ဖြစ်သည်။" (၁၆ း ၇၈)

သဘာဝလောကကြီး၏ဆန်းကျယ်မှုနှင့်ပတ်သက်သောလျှို့ဝှက်ချက်များသည် မရေမတွက်နိုင်လောက်အောင်များပြားလှသည်။ သို့ရာတွင် တိရစ္ဆာန်တစ်ခုတည်း၏ထူးခြားသော ဇာတိစိတ်နှင့်အာရုံသည်ပင်လျှင် ယင်းတို့၏ဘဝအတွက်

ဆန်းကျယ်ဆုံးအရာဖြစ်နေသည်။ ဇီရစ္ဆာန်များတွင်သေးငယ်လှသောအင်းဆက်ပိုးမွှားကောင်များပင်လျှင်ထူးခြားလှသောဇာတိစိတ်နှင့် အာရုံရှိသည်။ ယင်းအားဖြင့် ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များကို အာရုံခံနိုင်ကြသည်။

လူသားများအဖို့တွင်မူ ယင်းဇာတိစိတ်နှင့်အာရုံသာမကအရာရာကို စဉ်းစားဆုံးဖြတ်နိုင်သော ဆင်ခြင်တုံတရားတည်းဟူသော ဉာဏ်အလင်းရောင်သည်လည်းထူးခြားစွာရရှိထားသည်။ကျွန်ုပ်တို့ သတိထားစဉ်းစား သင့်သည့်အချက်ကယင်းထူးခြားသောဇာတိစိတ်အာရုံနှင့်ဆင်ခြင်တုံတရားများအဘယ်က ဖြစ်ပေါ်လာရသနည်း။ ယင်းအရာသည် ဘယ်က ပေါက်ဖွားလာရသနည်း။

ပုရွက်ဆိတ်တို့ကို စမ်းသပ်လေ့လာပါ။ ပုရွက်ဆိတ်၏ဦးနှောက်သည် အပ်တစ်ချောင်း၏ ထိပ်ဖျားလောက်နီးပါးဖြစ်သည်ကို မြင်ရမည်။ ယင်းဦးနှောက်ကြောင့် ပုရွက်ဆိတ်၏လှုပ်ရှားမှု သူ့ဘဝကို အကျိုးပြုမှုကို ဆန်းစစ်ကြည့်ပါ။ ပုရွက်ဆိတ်၏ဇာတိစိတ်နှင့်အာရုံခံတတ်မှု၊ကြိုးစားပမ်းစားရှန်းကန်မှု၊ စည်းစနစ်ကျကျဆောင်ရွက်တတ်မှု၊ စီမံခန့်ခွဲမှုအဆင့်ဆင့်များနှင့် စက်ယန္တရားတစ်ခုလည်ပတ်စေသောအသွင်ဖြင့်စွမ်းဆောင်နိုင်ခြင်းကြောင့်ကျွန်ုပ်တို့သည် ပုရွက်ဆိတ်ကို အထင်ကြီး တန်ဖိုးထားကာ လူ့လောကဆိုင်ရာတွင် ပုရွက်ဆိတ်၏ထုံးကို အတုယူစေဖို့ ဆိုကြသည်။

ပျားတို့၏စွမ်းဆောင်ချက်ကို သတိပြုမိကြပါသလား။ ယင်းသေးငယ်လှသောပျားအား အချိုးကျညီညာလှသော အဆောက်အအုံကို တည်ဆောက်စေဖို့ အဘယ်သူက သွန်သင်ပေးပါသလဲ။ ယင်းအချက်အလက်များကို ကုရ်အာန်က အဖြေပေးသည်။

ကုရ်အာန်ကဆိုသည်။ ယင်းတို့သည်ရဟ်မသ်၏ရည်ရွယ်ချက်ရှိသောလှပသောဆောင်ရွက်ပေးမှုကြောင့်ဖြစ်ပေါ်လာရသည်။ ယင်းဆောင်ရွက်အားဖြည့်ပံ့ပိုးပေးမှုသည်အပြင်ပန်းသဏ္ဌာန်ကိုလှပသောအသွင်ကိုဆောင်သကဲ့သို့ လက်တွေ့ဘဝတွင် အဓိပ္ပါယ်ဆောင်သောဆောင်ရွက်ပေးမှုပြုရာလှပမှုကိုလည်း အလျံပယ်ရက်ရက်ရောရော ပေးကမ်းထားခြင်းပင်ဖြစ်သည်။

ذَٰلِكَ عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الرَّحِيمُ الَّذِي أَحْسَنَ كُلَّ شَيْءٍ
خَلَقَهُ وَبَدَأَ خَلْقَ الْإِنسَانِ مِن طِينٍ ثُمَّ جَعَلَ نَسْلَهُ مِن سُلَالَةٍ مِّن مَّاءٍ مَّهِينٍ.
ثُمَّ سَوَّاهُ وَنَفَخَ فِيهِ مِن رُّوحِهِ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ
وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ **4.**

"ဤရူပအားဖြင့်မြင်ရသောအရာ၊ အရူပမမြင်ရသောအရာအပေါင်းတို့ကို အကြွင်းမဲ့

သိတော်မူသောအရှင်၊ အနန္တစွမ်းအားတော်ရှင်၊ မဟာကရုဏာတော်အရှင်သည် ဖန်ဆင်းပြုစု ပျိုးထောင်သောအရာများကို လှပတင့်တယ်အချိုးကျစွာပြုလုပ်တော်မူ၏။ မိမိ၏ "ဟာစ်ကမသ်" ဉာဏ်တော် "ကာဒ်ရသ်"အစီမံတော်အားဖြင့် ရွှဲ့စေးမှ စတင်ဖန်ဆင်း၏။ ယင်းမှ ဆင့်ကဲ ဖြစ်စဉ်အရ ရွံရှာဖွယ်ရာရေအားဖြင့် လူသားတို့တွင်ကြားနာနိုင်သော၊ မြင်နိုင်သော၊ တွေးခေါ် နိုင်စွမ်းကိုဖြစ်စေသည်။ သို့ရာတွင်အသင်တို့အနက် အနည်းငယ်သာငါ၏ကျေးဇူးကို သိမြင်ကြ သည်။" (၃၂ း ၆ - ၉)

## တည်မြဲသောအသားတင်အမြတ်အစွန်း
## ပမာ ""သဘာဝဆောင်ရွက်မှုရလာဒ်""

**သဘာဝလောကကြီး၏တည်ဆောက်မှု၊ လှပမှု၊ အဆင့်ဆင့်ဖြစ်ထွန်းမှု၊ တည်ရှိစေဖို့ ယင်းတို့တွင် ကောင်းမြတ်သော အကျိုးဆက်နှင့်ဆိုးယုတ်မှုနိဂုံး အတွက် တိကျသောဥပဒေသသည်ရှိသည်၊ ယင်းဥပဒေကအဘယ်နည်း။**

ယင်းသည် သဘာဝရွေးချယ်မှု ဖြစ်သည်။ သဘာဝလောကကြီးသည် အစဉ်အမြဲအရာများကိုဆန်ကာချလျှက်ရှိသည်။ ယင်းဆန်ကာချမှုကြောင့် ကောင်း မြတ်သောအရာများသာ အသားတင်ကျန်ရစ်သည်။ ဆိုးယုတ်မှုနှင့်အကြမ်း ဖက်မှုအစုံသည်ဖယ်ထုတ်ခံရစမြဲဖြစ်သည်။ ယင်းအချက်အလက်များကို သေချာစွာ ဂရုပြုမှုသာလျှင်သိမြင်ရမည်။ ဤသို့ပြုလုပ်ဆောင်ရွက်ခြင်းကို တည်မြဲသော ပြုပြင်ခြင်း၊ "ဗကာအေ့အဆ်လဟ်"ဟု ခေါ်သည်။ သို့ရာတွင် ကျမ်းတော်မြတ် ကုရ်အာန်ကမူဤသို့ပြုမှုခြင်းကိုဗကာအေ့အဆ်လဟ်ဟုမခေါ်ဘဲ ဗကာအေ့နဖါဟ်ဟု ခေါ်သည်။ အဓိပ္ပါယ်ကား "တည်မြဲသော အမြတ်အစွန်း"ဟုရရှိသည်။

ကုရ်အာန်က ဤသဘာဝလောကကြီးတွင် လှပသောတန်ဆာပလာများ အနက်ကျန်ရစ်ရသော့အရာကား တည်မြဲသော အမြတ်အစွန်းသာလျှင် ဖြစ်သည်။ အကြောင်းမှု အလ္လာဟ်အရှင်မြတ်၏ရဟ်မသ်သည် ကောင်းမြတ်သောအရာများ ကိုပံ့ပိုးမှုပြုခြင်းဖြင့်ရဟ်မသ်အမြိုက်ရေကို သွန်းလောင်းမပျက်ရှိသည်။ ယင်းရဟ်မသ် သည် ကောင်းမြတ်သော အရာများကိုသာ ဖြစ်ထွန်းစေသည်။ အဆုံးအရှုံးနစ်နာမှု ကို မဖြစ်ထွန်းစေပါ။ ယင်းကိုလည်း မလိုလားပေ။

ဤအချက်ကိုဥပမာအားဖြင့်ဖော်ပြရလျှင် ရွှေကိုလုံတွင်ထည့်၍ မီးတိုက် သောအခါ နောက်ဆုံးလုံနှင့်အညစ်အကြေးများသည် ပျက်စီးသွားသည်။ ရွှေကမူ အသားတင်ကျန်ရစ်သည်။ ဤနည်းနှင်နှင်ပင်သဘာဝလောကကြီးတွင် တည်တံ့ နိုင်မြဲသောကောင်းမြတ်သောအရာများသာလျှင်ကျန်ရစ်ရသည်။ တည်တံ့နိုင်မြဲမှု မရှိသောအရာများသည် ပျက်သုဉ်းပျက်စီးရမည်သာဖြစ်သည်။

أَنزَلَ مِنَ السَّمَاء مَاء فَسَالَتْ أَوْدِيَةٌ بِقَدَرِهَا فَاحْتَمَلَ السَّيْلُ زَبَدًا رَّابِيًا وَمِمَّا يُوقِدُونَ عَلَيْهِ فِي النَّارِ ابْتِغَاء حِلْيَةٍ أَوْ مَتَاعٍ زَبَدٌ مِّثْلُهُ كَذَلِكَ يَضْرِبُ اللّهُ الْحَقَّ وَالْبَاطِلَ فَأَمَّا الزَّبَدُ فَيَذْهَبُ جُفَاء وَأَمَّا مَا يَنفَعُ النَّاسَ فَيَمْكُثُ فِي الأَرْضِ

''အလ္လာဟ်အရှင်မြတ်သည်ကောင်းကင်ပေါ်မှမိုးရွာသွန်းစေသောအခါ မြစ်ချောင်းများသည် ရေလျှံသည့်အလျောက် စီးဆင်းကြသည်။ ယင်းစီးဆင်းသောရေသည် အပေါ်ယံတွင် မျောနေသော အညစ်အကြေးများကို ရေလွှမ်းသည့်အသွင် စီးဆင်းကွယ်ပျောက်စေသည်။ ဤနည်းအတိုင်းပင်ရွှေဖြင့်ပြုလုပ်သောတန်ဆာများကိုပြုလုပ်သောအခါ သတ္တုများကို မီးချက်အရည်ကျိုသောအခါ အလားဘူပင် အမြှုပ်အချေးများ တက်လာတော့သည်။ ဤကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်သည် အမှန်တရားနှင့် အမှားအယွင်းတို့ကို ခွဲခြားရန် ဥပမာဆောင်ဖော်ပြသည်။ အမြှုပ်အချေးတို့သည် တရွေ့ရွေ့ခန်းခြောက်သွားမည်သာ ဖြစ်သည်။ အသုံးဝင်သောအရာသည်သာ မြေပေါ်ဘွင် လူသားတို့အတွက် ကျန်ရစ်ခဲ့ကြသည်။ ဤဥပမာများကိုလူတို့စဉ်းစားဆင်ခြင်ဖို့ အလ္လာဟ်အရှင်မြတ်သည် စီရင်တော်မူသည်။''

(၁၃ း ၁၇)

## တဖြေးဖြေးတစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာမှု
## تدريج وامهال

သဘာဝလောကကြီး၏အကျိုးပြုမှုများကိုသေချာစွာဆန်း စစ်လေ့လာသောအခါယင်း၏ဆောင်ရွက်ပေးမှု၊ ယင်း၏ယန္တရားလှည့်ပတ်မှုစနစ်နှင့်ယင်း၏ဥပဒေသများနှင့်အတူလျှို့ဝှက်နက်နဲအံ့ဩဖွယ်ရာဆောင်ရွက်ချက်များကိုသိရှိရသည်။သဘာဝလောကကြီး၏ဥပဒေသနှင့်စပ်လျဉ်း၍ဖော်ပြသောအခါ ယင်း၏အကျိုးပြုမှုနှင့်ပတ်သက်၍ ရဟ်မသ် ဝန်ထမ်းဆောင်မှုရှုထောင့်ကသာလျှင်သုံးသပ်ရန်ရှိပါသည်။ ယင်းမှအပ အခြားနည်းလမ်းမရှိပါ။

သဘာဝလောကကြီးရှိအရာများ၏ဆောင်ရွက်မှုကြောင့် ပြုပြင်ပြောင်းလဲမှုများသည် လျှပ်တပြက် ချက်ချင်းဖြစ်ပေါ်မလာပါ။ ယင်း၏ဆောင်ရွက်မှုသည် တဖြေးဖြေး တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲဖြစ်ထွန်းမှုသာရှိသည်။ ဤသို့ဆောင်ရွက်မှုတွင်လည်း အကျိုးအမြတ်ကို ပေါ်ထွန်းစေသည်။ အကြောင်းမှုတဖြေးဖြေးဆောင်ရွက်မှုကြောင့် ကြားကွက်လပ်အချိန်များသည် ပြင်ဆင်ရေးအတွက်နည်း လမ်းသာ ဖြစ်စေသည်။ ဤသို့ နည်းလမ်းသာမရှိလျှင် လွယ်ကူမည်မဟုတ်ချေ။ အကြောင်းမှု သဘာဝဥပဒေသများသည်တိကျသောဥပဒေသဖြစ်၍ယင်းအားမည်သူက ပြောင်းလဲပစ်အောင်မည်သည့်နည်းနှင့်မျှ မစွမ်းဆောင်နိုင်

အောင် အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းထား၍ဖြစ်ပါသည်။

مَا يُبَدَّلُ الْقَوْلُ لَدَيَّ

"ငါ့အထံတွင်တစ်ကြိမ်တစ်ခါသတ်မှတ်အတည်ပြုပြီးသောစကားသည် ဘယ်သော အခါမျှ ပြောင်းလဲမည်မဟုတ်ပါ။" (၅၀ း ၂၉)

ဤသို့ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ ဥပဒေသသည်ကြမ်းတမ်းလွန်ရာ မရောက်ပေးဘူးလားဟုမေးစရာဖြစ်လာသည်။စင်စစ်အလ္လာဟ်အရှင်မြတ်၏ ဥပဒေသသည်တိကျစွာသခ်မှတ်ထားသည်နည်းတူယင်းဥပဒေသတွင် ခွင့်ပြုခွင့် လွှတ်ခွင့်ကွက်လပ်များနှင့်ပေးကမ်းသနားခြင်းဆိုင်ရာကွက်လပ်များဖြင့် မိမိတို့၏ မှားယွင်းသောလုပ်ရပ်ပြုမူဆောင်ရွက်ချက်များကိုပြုပြင်ရန်အချိန်ပေးထားခြင်း ဖြစ်သည်ကိုလည်း သတိပြုသင့်သည်၊သို့ဖြစ်၍ ဖေါ်ပြပါ ကျမ်းတော်မြတ်ကုရ်အာန် ၏လမ်းညွှန်ချက်တွင်ဆက်လက်ဖေါ်ပြထားသည်မှာ وَمَا أَنَا بِظَلَّامٍ لِّلْعَبِيدِ

"သို့ရာတွင်ငါသည်ငါ၏ဥပဒေသကိုလိုက်နာသောသူတို့အား အနိုင်ထက်ပြုကျင့်ခြင်း မရှိပါ" ( ၅၀ း၂၉ ) ဟူ၏။

သဘာဝလောကကြီး၏ အရှင်သခင်ဖြစ်သော အလ္လာဟ်အရှင်မြတ်သည် အလိုရှိလျှင် မည်သည့်အချိန်တွင်မဆို ဥပဒေသ၏အကျိုးသက်ရောက်မှုအရ တန်ပြန်သက်ရောက်မှုကို ချက်ချင်းလုပ်ဆောင်နိုင်သည်။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် ဤသို့ ချက်ချင်းအရေးယူခြင်းမရှိဘဲ သတ်မှတ်ထားသောအချိန်ကို မိမိတို့၏အမှားအယွင်းကို ပြုပြင်နိုင်ရန် ပေးထားပေသည်။ မည်သည့်အချိန်၊ မည်သည့်အကြောင်းရာမဆို သူ၏ပြုပြင်နိုင်မှုအတွက် သတ်မှတ်ချက်များ ရှိပေသည်။

ယင်းသတ်မှတ်ချက်အရပြုလုပ်သော အကြောင်းတရားCauseသည် အဆင့်ဆင့်ကူးပြောင်းရသည်။ ဤသို့ကူးပြောင်းရာတွင်သတ်မှတ်နေရာများသို့ ရောက် ရှိတိုင်း ယင်းပြုမူချက်၏ အကျိုးအာနိသင်ကို တဖြေးဖြေးသိရှိရတော့သည်။ ဤသဘောအချက်များကိုလေ့လာရာတွင် အသက်ရှင်ရပ်တည်ခြင်းမှသည် သေခြင်းဆိုင်ရာသဘောကို ဂရုပြုလေ့လာသင့်သည်။

အသက်ရှင်ရပ်တည်မှုအတွက် အဆင့်ဆင့်သော ပျိုးထောင်ပေးမှုများကို သက်ရှိတို့ရကြသည်။ ထိုမှတဖန် ဘဝဆိုင်ရာ မှတ်တိုင်များကို အဆင့်ဆင့် ကျော်ဖြတ်ပြီးမှ နောက်ဆုံးသေခြင်းကို ရောက်သည်။ ယင်းသေခြင်းကို မရောက်ခင် ကျော်ဖြတ် ခဲ့ရသောခရီးက ကြမ်းတမ်းသည်လည်း ရှိသည်။ ချောမွေ့သည်လည်း

ရှိသည်။ကျွန်ုပ်တို့ရှောင်ကြဉ်သင့်သောအရာများကို လက်လွတ်စပယ်ပြုမူခြင်းကြောင့် ချက်ချင်းသေဆုံးရသည်မဟုတ်။ ယင်းရှောင်ကြဉ်အပ်သောအရာများကို လုပ်ဆောင်မှုကြောင့် ယင်း၏ဆိုးကျိုးရလာဒ်ကိုခံစားလာရတော့သည်။ ယင်းနောက် အခြေအနေတစ်ခုကိုရောက်သောအခါကုစားနိုင်ခြင်းမရှိတော့ဘဲ သေခြင်း၏ ရင်ခွင်သို့ ဆိုက်ကပ်သွားတော့သည်။

ရက္ခလောကကိုလေ့လာကြည့်ပါကလည်းသစ်ပင်တို့အဖို့ သူတို့လိုအပ်သော အရာများကို မခံစားရသောအခါဆုံးရှုံးမှုဘက်သို့ တစ်ဖက်သတ် ယိမ်းယိုင်လာပါတော့သည်။ သစ်ပင်ကြီးသည် တစ်ကြိမ်တစ်ခါတည်းနှင့်တော့လုံးဝဥဿုံ ပျက်စီးရသည်ဟူ၍မရှိပါ။ သို့တည်းမဟုတ်ရပ်တည်နေရာမှတစ်ခါတည်း အကြောင်းမရှိဘဲ လဲကျသည်ဟူ၍မရှိပါ။ယင်းသို့ဖြစ်ပေါ်လာအောင် တစ်ဖြေးဖြေး တစ်ဆင့်ပြီးတစ်ဆင့် ဆုတ်ယုတ်မှုရောက်လာ၍ ဖြစ်သည်။ ထိုမှတစ်ဖန်ပျက်စီးပျက်သုဉ်းခြင်းအခြေသို့ ရောက်ရှိသွားရခြင်းဖြစ်သည်။

## ကျမ်းတော်မြတ်ကုရ်အာန်၏"အဂျလ်" သဘောတရား

သဘာဝလောကကြီးရှိ ပြုပြင်ပြောင်းလဲမှုမှန်သမျှသည် တဖြေးဖြေး တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာသည်။ အရာတိုင်းသည် တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာရသည်။ တစ်ဆင့်ပြီးတစ်ဆင့်ပျက်သုဉ်းရသည်လည်းရှိသည်။ ပြောင်းလဲမှုတစ်ခုကြောင်းမွမ်းမံလာမှုသို့မဟုတ် ပျက်သုဉ်းလာမှုသည် အချိန်သတ်မှတ်မှု ပေါ်တွင် ဖြစ်ပေါ်လာရသည်။ ဤသို့အားဖြင့် ယင်း၏ရုပ်လွှာသည် တဖြေးဖြေး ပေါ်ပေါက်လာခြင်းဖြစ်သည်။

သတ်မှတ်သောကာလအတွင်း ပြောင်းလဲဖြစ်ပျက်လာမှုကို ကုရ်အာန်က "အဂျလ်"ဟု သတ်မှတ်ခေါ်ဝေါ်သည်။ အမျိုးမျိုးသောနေရာ၊ အမျိုးမျိုးသော အခြေအနေတွင်ဆက်နွယ်သောသတ်မှတ်ချက်ရှိသည်။ အချို့အချို့သော သတ်မှတ်ချက်များသည် အချိန်အတော်ကြာသည်အထိ လူတို့၏ထင်မြင်ယူဆ သတ်မှတ်သကဲ့သို့မဟုတ်ဘဲ ဖြစ်လာတတ်သည်။ ဤအချက်ကို ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ပြရာတွင် အလ္လာဟ်အရှင်မြတ်၏ တစ်နေ့တာသည် ကျွန်ုပ်တို့၏အချိန်နှင့် ချိန်ကိုက် ဆက်နွယ်မှုကိုဖော်ပြရာ၌အောက်ပါအတိုင်းဖော်ပြသည်ကို တွေ့ရသည်။ وَإِنَّ يَوْمًا عِندَ رَبِّكَ كَأَلْفِ سَنَةٍ مِّمَّا تَعُدُّونَ

"ကေန်အမှန်ပင်အသင်တို့ကိုဖန်ဆင်းပြုစုပျိုးထောင်ပေးသောအရှင်၏ တစ်နေ့တာသည် အသင်တို့၏ တွက်ချက်မှု အရ နှစ်ပေါင်းတစ်ထောင်ဖြစ်သည်။" (၂၂ း ၄၇)

ဤသို့အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ချက်အတိုင်း သဘာဝလောကကြီး၏ တဖြေးဖြေး အဆင့်ဆင့်ပြောင်းလဲလာခြင်းကို ကုရ်အာန်က ''သကဝီးရ်''ဟူ၍ ဖော်ပြပါသည်။ အဓိပ္ပါယ်က တစ်ခုခုကို လိပ်ယူခြင်းဟူ၍ရသည်။ ကုရ်အာန်၏ ဖော်ပြချက်တွင်နေ့သည်ပြုန်းဒိုင်းဖြစ်မလာပါ။ တစ်ခါတည်း မီးဖွင့်လိုက်သည့်အလား နေရောင်ကြောင့် မှောင်နေရာမှ တောက်ပသော အလင်းဖြစ်လာမည်မဟုတ်။ သဘာဝလောကကြီးသည် ဤသို့ အခြေအနေတစ်ခုမှတစ်ခုသို့ ပြောင်းလဲရာတွင် တဖြေးဖြေးတစ်ဆင့်ပြီးတစ်ဆင့် နေ့အချိန်သည် လိပ်ယူခံရသကဲ့သို့ ညအချိန်သည်လည်း လိပ်ယူခံရသည့်အသွင်သဏ္ဌာန်ဖြစ်ပေသည်။ ဤအချက်ကို ကုရ်အာန်က ဖော်ပြရာတွင်

قَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ يُكَوِّرُ اللَّيْلَ عَلَى النَّهَارِ وَيُكَوِّرُ

النَّهَارَ عَلَى اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُسَمًّى

အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်နှင့် ပထဝီမြေကြီးကို သစ္စာတရားအားဖြင့်ဖန်ဆင်းတော်မူသည်။နေ့ပြီးလျှင်ည၊ညပြီးလျှင်နေ့ကို မပြတ်မစဲ တစ်ခုပြီးတစ်ခုဖြစ်စေဖို့ စီမံရာတွင် တစ်ခုကိုတစ်ခု လိပ်ယူသည့်နည်းပင်ဖြစ်သည်။ နေနှင့်လ နှစ်ခုစလုံးကို အလ္လာဟ်အရှင်မြတ်၏စွမ်းအားတော်ဖြင့် သတ်မှတ်ချက်အတိုင်းထိန်းကွပ်မှုရှိသည်။ ယင်းအားလုံးသည် သတ်မှတ်ချက်အတိုင်းသတ်မှတ်ချိန်တွင်လှုပ်ရှားသွားနေကြသည်။''

(၃၉ း ၅)

ကျမ်းတော်မြတ်ကုရ်အာန်သည် ယင်းတဖြေးဖြေး အဆင့်ဆင့်ပြောင်းလဲသောစနစ်ကို ဥပမာပြု၍ ရှင်းလင်းရာတွင် လူ့ဘဝဆိုင်ရာပြဿနာရပ်များတွင် အခွင့်အရေးတစ်ရပ်ရပ်ကိုပေးခြင်းဖြင့် အချိန်ယူစဉ်းစားဖြေရှင်းတတ်ခြင်း အပြစ်များကို ခွင့်လွှတ်ချမ်းသာခွင့်ပြုခြင်းနှင့် စည်းကမ်းဘောင်တစ်ခုခုချမှတ်၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအားဖြင့်အခွင့်အရေးအချိန်ပေးခြင်းကို အဓိပ္ပါယ်ဆောင်သော သွန်သင်မှုကိုပြုသည်။

ကုရ်အာန်က သဘာဝလောကကြီးတွင် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်တော်သည် အလုပ်လုပ်လျက်ရှိသည်။ ယင်းရဟ်မသ်အားဖြင့် သဘာဝလောကကြီး၏ အလှအပသည် ပေါ်လွင်ထင်ရှားလာရသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အလိုအရ ကျွန်ုပ်တို့၏အမှားအယွင်းကိုပြင်ဆင်နိုင်စေဖို့ အချိန်အပြင် ဆုံးရှုံးမှုကို ပြန်လည်ဖေးမပြုပြင်နိုင်ခွင့်ရရှိစေဖို့ အလ္လာဟ်အရှင်မြတ်သည် အစဉ်အမြဲ တံခါးဖွင့်လှစ်ခါ အချိန်ပေးထားကာ အခွင့်အရေးတစ်ရပ်အဖြစ်ထားရှိသည်။

ကုရ်အာန်ကဆိုသည်။ ယင်းတဖြေးဖြေး အဆင့်ဆင့် ပြောင်းလဲလာမှု

သာမရှိခဲ့လျှင်ဤကမ္ဘာလောကကြီးတွင်သက်ရှိတစ်ဦးတစ်ယောက်မျှ အသက်ရှင်နေထိုင်ခွင့် အကျိုးအမြတ်ရရှိနိုင်မည့် အခွင့်အရေးမရရှိနိုင်ပါ။ အမှားအယွင်းမှန်သမျှ အားနည်းမှုမှန်သမျှ ပဋိပက္ခမှန်သမျှသည် လျှပ်တပြက်အတွင်း ပျက်စီးအသက်ဆုံးရှုံးခြင်းကိုသာ ဖြစ်စေမည်ဟုဆိုသည်။

وَلَوْ يُؤَاخِذُ اللَّهُ النَّاسَ بِمَا كَسَبُوا مَا تَرَكَ عَلَى ظَهْرِهَا مِن دَابَّةٍ وَلَكِن

خِّرُهُمْ إِلَى أَجَلٍ مُّسَمًّى فَإِذَا جَاء أَجَلُهُمْ فَإِنَّ اللَّهَ كَانَ بِعِبَادِهِ بَصِيرًا

''အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ ပြုလုပ်သောလုပ်ရပ်အတွက် ချက်ချင်းတွက်ချက်စီရင်တော်မူခဲ့လျှင် ကမ္ဘာမြေကြီးပေါ်တွင်သက်ရှိဟူ၍ တစ်ဦးတစ်ယောက်သော်မျှလွတ်ငြိမ်းချမ်းသာခွင့်ရမည်မဟုတ်။ အလ္လာဟ်အရှင်မြတ်သည် ပိုင်းခြားသတ်မှတ်ထားသောအချိန်ကို အရှင်၏ရဟ်မသ်အနေအားဖြင့် အချိန်ပေးထားခြင်းဖြစ်သည်။ သတ်မှတ်ချိန်သို့ရောက်ရှိလာလျှင်မူ ကျေးကျွန်တို့၏လုပ်ရပ်များကိုအကုန်အစင် သိမြင်ကြောင်းကိုတွေ့မြင်ရမည်။ အလ္လာဟ်အရှင်မြတ်သည်အချိန်အခါမရွေးအကုန်အစင်သိမြင်တော်မူသောအရှင်ဖြစ်သည်။'' (၃၅ း ၄၅)

ဤသို့အချိန်ပေး၍ မိမိကိုယ်ကိုပြုပြင်စေခြင်းသည် ကောင်းမြတ်သောပြုကျင့်မှုနှင့် မကောင်းမှုဒုစရိုက် နှစ်ဘက် စလုံးအတွက် အခွင့်အရေးဖြစ်သည်။ ကောင်းမြတ်သောပြုကျင့်မှုသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ ကြီးမားထွားကြိုင်းသော အကျိုးတရားကို ဖြစ်လာစေသည်။မကောင်းမှုဒုစရိုက်အတွက် ဤသို့အချိန်ပေးထားခြင်းကြောင့် မိမိ၏အမှားအယွင်းကို ဘဝတစ်ကွေ့တွင် သိမြင်စေ၍ ပြုပြင်ပြောင်းလဲအောင် ကြိုးစားစေဖို့ပင်ဖြစ်သည်။

لاً نُمِدُّ هَؤُلاء وَهَؤُلاء مِنْ عَطَاء رَبِّكَ وَمَا كَانَ عَطَاء رَبِّكَ مَحْظُورًا

''ဤကောင်းမြတ်သောသူများအတွက်လည်းကောင်း၊ ထိုဆိုးယုတ်သောသူများအတွက်လည်းကောင်း၊ အားလုံးအတွက် အလ္လာဟ်အရှင်မြတ်အထံတော်မှ ကောင်းချီးအဖြာဖြာကရှိပေသည်။ အသင်၏အရှင်သခင်၏ကောင်းချီးမင်္ဂလာသည် မည်သူတစ်ဦးတစ်ယောက်အားမျှ ပိတ်ပင်ထားခြင်းမရှိချေ။'' (၁၇ း ၂၀)

ဤအလ္လာဟ်အရှင်မြတ်ကသတ်မှတ်ပေးထားသော သဘာဝလောကကြီး၏ ဥပဒေသကို အခွင့်ကောင်းယူ၍ မိမိ၏ဆိုးရွားမှုကို ပြုပြင်ပြောင်းလဲအောင်

ပြုလုပ်နိုင်ခွင့်ရှိသည်။ အသင်သည် မကောင်းမှုတွင်နစ်မွန်းလျှင် ယင်းမကောင်းမှုကိုရပ်ဆိုင်းပစ်လိုက်ပါ။ဤသို့အားဖြင့်သဘာဝလောကကြီး၏ဥပဒေအရ ပြုပြင်ပြောင်းလဲမှုနှင့်မကောင်းမှုကို တားဆီးပိတ်ပင်နိုင်သောအခွင့်အရေးကိုသိရှိကာ ခွင့်ပြုခွင့်လွှတ်ခံရမည်။မကောင်းမှုကြောင့်ခံစားရန်ရှိသောဆိုးကျိုးအကျိုးသက်ရောက်မှုများကို ဆက်လက်မခံစားရတော့ပါ။

ထိုမျှမကယင်းပြုပြင်မှုကိုအချိန်မနှောင်းခင်ပြုလုပ်နိုင်ခဲ့လျှင် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုကိုလည်းတားဆီးနိုင်ပေမည်။ ဤသို့အချိန်မီ ပြောင်းလဲမှုကြောင့် မိမိသည် တစ်ချိန်ကမကောင်းမှုပြုလုပ်ခဲ့သည်ဟူသောမိမိကိုယ်ကို စိတ်အားဖြင့် သိမြင်အပြစ်ပေးခြင်းကြောင့် စိတ်ဓါတ်ကျခြင်းကိုပင် မေ့လျော့သွားရသည်။ ဤသို့မဟုတ်ဘဲသဘာဝလောကကြီး[illegible]ပြောင်းလဲလာမှု၏အဆုံးမှတ်ကိုရောက်ရှိခဲ့လျှင်မူမည်သည့်အင်အားစုကကယ်တင်နိုင်မည်မဟုတ်ပါကြောင်းကိုဂရုပြုသင့်ပေသည်။ အချိန်မီကုသခြင်းဖြင့်ရောဂါကို တားဆီး နိုင်မည်ကိုမမေ့အပ်ချေ။

အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းထားသည့် အချိန်ကာလသို့ သတ်မှတ်ချက်အတိုင်း အချိန်စေ့လာလျှင်မူ ထိုအချိန်ကို နောက်လည်း မဆုတ်နိုင်၊ ရှေ့လည်း မတိုးနိုင်ချေ။ အားလုံးသည် သတ်မှတ်ချက်အတိုင်း တိကျစွာဖြစ်ပေါ်ပေမည်။'' (၁၆ း ၆၁)

## ချမ်းမြေ့မှုရှိသောဘဝ تسكين حيات

လူ့ဘဝဟူသည် အသက်ရှင်ရပ်တည်ခွင့်အတွက် ရုန်းကန်လှုပ်ရှားမှုပြုကာ အသက်ရှင်နေထိုင်မှု အဆင်ပြေရေးအတွက် နည်းလမ်းရှာဖွေခြင်းကို ခေါ်ဆိုသည်ဟုဆိုလျှင် မည်သူမျှမငြင်းနိုင်ပေ။ သို့ဖြစ်၍လည်း လူသားတို့အဖို့ သူတို့၏ဘဝပြဿနာအရပ်ရပ်ကို ရုန်းရင်းကန်၍ ရင်ဆိုင်မှုအလုံးစုံကိုပြုကာ တွန်းလှန်ကျော်ဖြတ်ရသည်။ လူ့ဘဝဟူသည် ဘဝဆိုင်ရာ ပြဿနာရပ် ဝန်ထုပ်တစ်ခုပြီးတစ်ခုမယူ၊ဆန်းစစ်ခံရသောစစ်ဆေးမှုမှအဖြေရှာခြင်းပင်ဖြစ်သည်။ ယင်းအကြောင်းကို ကုရ်အာန်က တိုတိုတုတ်တုတ်နှင့်ပင် ဖော်ပြလိုက်သည်။

لَقَدْ خَلَقْنَا الْإِنسَانَ فِي كَبَدٍ ''ကေန်မုချငါအရှင်မြတ်သည်လူသားတို့ကို ဖန်ဆင်းမှုပြုရာတွင် ဘဝဆိုင်ရာရုန်းကန်မှုအလုံးစုံဖြင့် ဝိုင်းရံထားစေသည်။'' (၉၀ း ၄)

သို့ရာတွင်ယင်းရုန်းကန်မှုကိုရင်ဆိုင်ကျော်ဖြတ်ရာတွင် အလ္လာဟ်အရှင်မြတ်သည် ယင်းအခြေအနေများကို လိုက်လျောညီထွေပြုလုပ်ထားသည်။ ယင်းသို့ပြုလုပ်ရာတွင် ခံစားချက်၊ရည်မှန်းချက်ပြင်းပျမှု၊အရှက်ကိုကာကွယ်မှု၊စိတ်ပါဝင်စားမှု

စသည့်အချက်များကြောင့် ဘဝဓါလုံးပမ်းမှုသည် ဖော်ပြနိုင်ခြင်းငှာ မစွမ်းရာ ရောက်အောင်အပူတပြင်းရှန်း၍ကန်၍ရင်ဆိုင်နိုင်သောအခြေကို ရောက်နေရသည်။

ဤသည်ပင်လျှင် ဘဝအတွက် လှုပ်ရှားမှုဆိုင်ရာ မအားမလပ်ရုန်းကန်ရမှုပင်ဖြစ်လာတော့သည်။ ယင်းကြောင့်ပင်လျှင် သက်ရှိမှန်သမျှသည် မိမိ၏ဘဝဆိုင်ရာ ရုန်းကန်လှုပ်ရှားမှုကို ရင်ဆိုင်ကြသည့်အပြင် ယင်းရင်ဆိုင်ရမှုမှရရှိသောရလာဒ်များကို ခံစားကာ ပီတိနှစ်သိမ့်မှုလည်း ဖြစ်ကြသည်။

လူ့ဘဝ၏အခြေအနေသည် အမျိုးမျိုးကွဲပြားသော်လည်းရုန်းကန်လှုပ်ရှားမှု အသွင်သဏ္ဍာန်ကိုမူသဘာဝလောကကြီး၏ အရှင်အလ္လာဟ် အရှင်မြတ်သည် တစ်မျိုးတည်းပြုလုပ်ထားသည်။လူ့ဘဝဆိုင်ရာ ပြဿနာရပ်များကို ရင်ဆိုင်ရာတွင် မိန်းမနှင့်ယောက်ျား၊ ငယ်ရွယ်သူနှင့်ကြီးရင့်သူ၊ ချမ်းသာသူနှင့်သူဆင်းရဲ၊ ပညာရှိနှင့်ပညာမဲ့၊အားအင်ရှိသူနှင့် ချို့နဲ့သူ၊ ကျန်းမာသူနှင့် ရောဂါဖိစီးမှုဒဏ်ကို ခံစားနေရသူ၊ အိမ်ထောင်မရှိသူနှင့်အိမ်ထောင်သည်များ၊ ကိုယ်ဝန်ဆောင်နှင့် အပျို အားလုံးသည် မိမိတို့၏ဘဝဆိုင်ရာပြဿနာရပ်များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လှုပ်ရှားဖြေရှင်းနေကြရသည်။မည်သူတစ်ဦးတစ်ယောက်မျှ ဘဝဆိုင်ရာပြဿနာရပ်မရှိဟု မဆိုနိုင်။

ချမ်းသာသောသူသည် သူ၏ကြီးမားခမ်းနားလှသောဂေဟာတွင် လည်းကောင်း၊ သူဆင်းရဲသည် သူ၏ အောက်ခြေ မခိုင်သော တဲပုတ်တွင်လည်းကောင်း နေထိုင်ကြသော်လည်း သူတို့တွင် ဘဝဆိုင်ရာသနာရပ်များကိုယ်စီရှိနေကြသည်။ ယင်းနှစ်ဦးအနက်မည်သူသည်ပြဿနာမည်မျှများပြားစွာထမ်းဆောင်နေရကြောင်းကို မည်သူကမျှ မခန့်မှန်းနိုင်ရာပေ။ ကုန်သည်တစ်ဦးသည် သူ၏ပိုင်ဆိုင်သောငွေသိန်းသန်းကုဋေကို တွက်ချက်နေသကဲ့သို့ပင် မိမိ၏ကာယအားကိုရင်း၍ အလုပ်လုပ်သော အလုပ်ကြမ်းသမားတစ်ဦးသည်လည်း သူ၏ချွေးနည်းစာ အသပြာအချို့ကို အဖန်တလဲလဲရေတွက်နေသည်ကိုတွေ့ရပေမည်။"

နှစ်ဦးစလုံးသည် ဘဝဆိုင်ရာပြဿနာရပ်များကို ဖြေရှင်းရင်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ခံစားနေရသည်။ ပညာရှိတစ်ဦးသည် သူ၏အမြော်အမြင်ကို အခြေခံသောစူးစမ်းမှုကို ပြုလုပ်နေသကဲ့သို့ လယ်ကူလီတစ်ဦးသည်လည်း နေပူကျဲကျဲတွင် လယ်ယာမြေထဲ၌ လှုပ်ရှားရုန်းကန်နေသည်ကိုတွေ့မြင်ရမည်။ သို့ဆိုလျှင် မည်သူသည်မည်သူထက် ဘဝဆိုင်ရာပြဿနာရပ်များကို ရင်ဆိုင်ရာတွင်ရုန်းကန်မှုမပြုဘဲနေသည်ဟု ဆိုနိုင်မည်လော။ ဤဘဝဆိုင်ရာ ရုန်းကန်မှုကို ဒုက္ခဟု ခေါ်ဆိုသမုတ်၍ ရှောင်လွှဲ၍ရမည်လော။ ဤသို့သတ်မှတ်သောသူတို့သည် လူသားတို့အား တွေဝေတုံ့ဆိုင်းသောအခြေကို ရောက်အောင် ပြုသောသူသာလျှင်

ဖြစ်မည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကိုဂရုပြုလေ့လာကြည့်ပါ။ ကိုယ်ဝန်ဆောင်နေချိန်ကာလတွင် သူမသည် မည်၍မည်မျှခက်ခဲသောတာဝန်ကို ထမ်းဆောင်နေသည်ကို တွေ့ရမည်။ ထို့မှတစ်ဖန် ရင်သွေးငယ်ကို ဖွားမြင်ပြီးနောက် ပြုစုရ မည့်အလုပ်နှင့် စောင့်ရှောက်ရသည့် တာဝန်အသီးသီးကို လေ့လာကြည့်ပါ။ မည်မျှခက်ခဲသည်ကိုသိမြင်နိုင်မည်။သို့ရာတွင်အလ္လာဟ်အရှင်မြတ်သည် မိခင်တိုင်းကို ကလေးငယ်ကို တယုတယ ပြုစုလိုစိတ်ဓါတ်ကို ထည့်သွင်းပေး သကဲ့သို့ အမျိုးသမီးတိုင်းကို မိခင်တာဝန်အား လွယ်လင့်တကူ ထမ်းဆောင်နိုင်သော စိတ်ဓါတ်ကိုလည်းပေးထားပေသည်။ မိခင်တို့သည် အကြီးမားဆုံးသော ဒုက္ခကိုခံရပြီး ယင်းဒုက္ခမှရရှိသောရလာဒ်ကို ပီတိဖြာကြသည်မဟုတ်ပါလား။ သူမတို့သည် သူမတို့၏ အခွင့်အရေးများကို အနစ်နာခံကြရပြီး သူမတို့၏သွေးများကို နို့အသွင် ရင်သွေးငယ်ကို တိုက်ကျွေးပြုစုကာ အောင်မြင်သော အသွင် ပီတိဖြာခွင့်ရရှိကြသည်မဟုတ်ပါလား။

ထို့မှတစ်ဖန် သဘာဝလောကကြီး၏ အရှင်သခင်အလ္လာဟ်အရှင်မြတ်၏ ဖန်တီးမှုကို တစ်မျိုးကြည့်လှည့်ပါ။ တကွဲတပြားဖြစ်နေသော လူသားလောကကြီး မည်သို့မည်ပုံ ဘဝဆိုင်ရာပြဿနာရပ်များတွင် ချည်နှောင်ထားပုံကိုလည်း ကြည့်ပါ။ ရဟ်မသ်ကို အခြေခံသော ချစ်ခြင်းမေတ္တာအားဖြင့် လူထောင်ပေါင်းများစွာအား ပေါင်းစည်းထားပုံကိုလည်းကြည့်ပါ။ ဘဝဆိုင်ရာရုန်းကန်မှုတွင် ဤဖော်ပြပါ စိတ်ဓါတ်များ ကုန်ခန်းသည်ရှိသော် လူသားတို့သည် မည်သို့ဖြစ်သွားမည်နည်း။

ကျမ်းတော်မြတ်ကုရ်အာန်ကမူ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်သည် မည်သည့်နည်းနှင့်မျှမကုန်ခမ်းမပျက်သုဉ်းနိုင်ပါ။ အကြောင်းမူ သဘာဝလောကကြီးတွင်အလ္လာဟ်အရှင်မြတ်၏ရဟ်မသ်သည်စဉ်ဆက်မပြတ် လွှမ်းခြုံလျက် အလုပ်လုပ်လျက်ရှိသောကြောင့်ဖြစ်သည်။

ရဟ်မသ်၏ ရည်ရွယ်ချက်ကား ဘဝဆိုင်ရာ ရုန်းကန်လှုပ်ရှားမှုများကို လုပအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။ ဘဝအတွက် ချမ်းမြေ့သာယာခြင်းအတွက် လမ်းခင်းပေးခြင်းကိုပြုစေသည်။သို့ဖြစ်၍လည်း ဝမ်းနည်းကြေကွဲခြင်း ၏နောက်ဝယ် ဝမ်းမြောက်ဝမ်းသာခြင်းသည် ရှိနေသည်။ ဒုက္ခ၏နောက်ဝယ် သုခချမ်းသာခြင်း ခက်ထန်သောအခက်အခဲများနောက်ဝယ် လွယ်ကူချောမွေ့မှုကို မွေးဖွားပေးမည် မဟုတ်ပါလား။

ကျမ်းတော်မြတ်ကုရ်အာန်ကဘဝဆိုင်ရာချမ်းမြေ့မှုနှင့်စပ်လျဉ်း၍ လူသားတို့ ၏ဘဝနှင့်စပ်လျဉ်း၍ လှုပ်ရှားမှုပြု ခြင်း၏နောက်ဝယ် ရရှိသောချမ်းမြေ့ဖွယ်ရာ

ရလာဒ်များကို မီးမောင်းထိုးပြသည်။ သဘာ၀လောကကြီးကို ဖန်ဆင်းထားခြင်းကြောင့်မြင်တွေ့နေရသော အရာ၀တ္ထုပစ္စည်းများ၏ ပြုပြင်ခပြောင်းလဲမှုကို ကုရ်အာန်က ဥပမာအားဖြင့် သက်သေပြ သည်။

လူသားတို့၏ သဘောသဘာ၀က အထီးကျန်ဖြစ်ခြင်းကို ငြီးငွေ့ကြပြီး ပြုပြင်ပြောင်းလဲလှုပ်ရှားနေမှုကို သဘောတူ နှစ်ခြိုက်လေ့ရှိကြသည်။ အကယ်၍သာ လောကကြီး၏ အနေအထားသည် တစ်မျိုးတစားတည်းသာရှိခဲ့လျှင် လူသားတို့အဖို့ အသက်ရှင်ရပ်တည်ခြင်းကို နှစ်သက်ခြင်းရှိမည်မဟုတ်ဘဲ ငြီးငွေ့စရာဖြစ်မည်။ လောက၏ အလှအပကို စိတ်ပါ၀င်စားခြင်း သည်းရှိမည်မဟုတ်ပါ။

သို့ဖြစ်၍လည်းအချိန်၏ပြောင်းလဲမှု၊ရာသီဥတု၏ပြောင်းလဲမှု၊ မြေပြင်ရေပြင်ဆိုင်ရာပြောင်းလဲမှု၊ရှုမြင်နေရသောသဘာ၀ရှုမျှော်ခင်း၏ပြောင်းလဲသော အနေအထားများသည်သက်ရှိတို့အား ကောင်းမြတ်သောအကျိုးဖြစ်ထွန်းမှုကို ဖြစ်စေသကဲ့သို့ပင်ယင်းတို့သည် လောကီဆိုင်ရာမျက်စိပဒသာအလှဖြစ်စေသည့် သာမက လူ့ဘ၀ရပ်တည်မှုအတွက်ချမ်းမြေ့ပျော်ရွှင်ပွယ်ရာအမှုကိုလည်း ဖြစ်စေသည်။

## နေ့နှင့်ည ဖြစ်ပေါ်မှု

အထက်ဖော်ပြပါအချက်အလက်များကိုစဉ်းစားရှုမြင်ရာတွင် နေ့နှင့်ညဖြစ်ပေါ်မှုသည်လည်း ဥပမာတစ်ခုဖြစ်သည်။ သတိထားကြည့်လျှင် ယင်းပြုပြင်ပြောင်းလဲမှုတွင် အလ္လာဟ်အရှင်မြတ်၏ များမြောင်လှစွာသော လျှို့၀ှက်ဆန်းကြယ်လှသည့်သက်သေသာဓကများကိုတွေ့မြင်ရပေမည်။နေ့ဖြစ်ပေါ်မှုနှင့် ညဖြစ်ပေါ်မှုတွင် အခြေအနေနှစ်မျိုးကို တွေ့မြင်နိုင်သည်။ ထိုမျှမက အခြေအနေတစ်ခုမှတစ်ခုသို့ အသွင်ပြောင်းလဲစေဖို့ တဖြည်းဖြည်းတစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလျက်ရှိခြင်းသည် လူ့ဘ၀တည်ဆောက်မှုအတွက် အလွန်မှပင်လေ့လာစရာ အတုယူစရာကောင်းသော သာဓကဖြစ်သည်။

အကယ်၍နေ့နှင့်ညမရှိဘဲအခြေအနေတစ်မျိုးတည်းသာရှိနေလျှင် မခက်သလော။ လူသားတို့အဖို့ ဘယ်၍ဘယ်မျှ အသက်ရှုကြပ်တည်းနေမည်ကို စဉ်းစားသင့်သည်။ အကယ်၍ အပူပိုင်းဒေသမှ ကျွန်ုပ်တို့အဖို့ ၀င်ရိုးစွန်းဒေသသို့ရောက်နေကြ မည်ဆိုလျှင်ရှည်လျားလှသောနေ့တာနှင့်ညတာကြောင့် နေထိုင်စားသောက်မှုအတွက်မည်သို့အလေ့အကျင့်ပြုရမည်နည်း။ယင်းဒေသရှိ လူတို့အဖို့ရာတွင်အခြေအနေတစ်ခုမှတစ်ခုသို့ ပြောင်းလဲဖို့စောင့်မျှော်ရသည်မှာ အလုပ်တစ်ခုဖြစ်သည်။

إِنَّ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ وَاخْتِلاَفِ اللَّيْلِ وَالنَّهَارِ لآيَاتٍ لِّأُوْلِي الأَلْبَابِ

"အမှန်စင်စစ်ကောင်းကင်များနှင့်မြေကြီး၏ ဖန်ဆင်းမှုတွင်လည်းကောင်း၊ နေ့နှင့်ည၏တစ်ခုပြီးတစ်ခုပြောင်းလဲဖြစ်ပေါ်လာမှုတွင်လည်းကောင်း၊ပညာရှိသောသူတို့အဖို့ရာ တွင် ကြီးမားသောသက်သေလက္ခဏာတော်များရှိသည်။" (၃ း ၁၉၀)

နေ့နှင့်ညဖြစ်ပေါ်လာမှုသည်လူ့ဘဝကိုနှစ်ပိုင်းခွဲခြားလိုက်သည်၊ နေ့ဘက်၏ အလင်းရောင်သည်။ရုန်းကန်လှုပ်ရှားမှုအားကိုမွေးပေးသည်။ညဘက်၏ မှောင်မိုက် ကျမှုသည်အေးငြိမ်းစွာအနားယူ အိပ်စက်စေဖို့ဖြစ်သည်။နေ့၏ရုန်းကန်လှုပ်ရှား မှုအောက်ဝယ်ည၏အေးငြိမ်းသာယာခြင်းသည်ရှိသည်။ ည၏မှောင်မိုက်မှု၏နောက် ဝယ်နေ့၏အလင်းရောင်ရှိသည်ဟူသော အသိကိုကျွန်ုပ်တို့ ဤသဘာဝအခြေ အနေမှရရှိသည် မဟုတ်ပါလား။

وَمِن رَّحْمَتِهِ جَعَلَ لَكُمُ اللَّيْلَ وَالنَّهَارَ لِتَسْكُنُوا فِيهِ وَلِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ

"အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်အားဖြင့် အသင်တို့အတွက် တစ်သီးတစ်ခြား သတ်မှတ်ထားသော နေ့နှင့် ညကို ဖြစ်ပေါ်လာရသည်။ ဤသို့အားဖြင့် အသင်တို့အဖို့ ညဖက်တွင်အိပ်စက်အနားယူခွင့်ရရှိပြီးနေ့ဘက်တွင်ဘဝဆိုင်ရာရပ်တည်မှုအတွက် ရုန်းကြံလှုပ် ရှားခြင်းကို ဖြစ်စေသည်။" (၂၈ း ၇၃)

နေ့နှင့်ညဖြစ်ပေါ်လာခြင်းသည်အခြေအနေနှစ်မျိုးပြောင်းလဲခြင်း သက်သက် မဟုတ် နေ့အချိန်သည်လည်း အမျိုးမျိုး အဖုံဖုံသော ပြဿနာရပ်များကို ကျော်လွှားဖြတ်သန်းရသကဲ့သို့ ညအချိန်သည်လည်း မှတ်တိုင်အမျိုးမျိုး ကိုဖြတ်သန်းရသည်။ အချိန်တိုင်းအချိန်တိုင်းသည် သီးခြားထူးခြားသော အခြေအနေကိုဖြစ်စေသည်။ အခြေအနေတိုင်းအတွက်လည်း ထူးခြားသော မြင်ကွင်းကရှိနေဘိသည်။

နံနက်အာရုံဦး၏ခံစားချက်ကတစ်မျိုးနေမွန်းတည့်ချိန်၏ မြင်ကွင်းက တစ်ဖုံဖြစ်သည်။ ယင်းသို့နေ့စဉ်ပြောင်းလဲနေသောအချိန်ကာလသည် ကျွန်ုပ်တို့၏ ခံစားရချက်အပေါ် အမျိုးမျိုးအဖုံဖုံသော စမ်းသပ်ချက်ကိုဖြစ်ပေါ်စေသည်။ တစ်သွေးတစ်ထပ်တည်းဟူသော အခြေအနေသည် အစဉ်ရှိလျှင် ဘဝသည်မည်မျှ စိတ်ပျက်စရာကောင်းပါမည်နည်း။ယခုကဲ့သို့လှုပ်ရှားရုန်းကန်မှုအလုံးစုံကို ရင်ဆိုင်ရသောကြောင့် ကျွန်ုပ်တို့အဖို့အချိန်မှာ ကုန်မှန်းမသိ ကုန်ခမ်းရခြင်း ကပင်လျှင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြစ်သည်။

فَسُبْحَانَ اللَّهِ حِينَ تُمْسُونَ وَحِينَ تُصْبِحُونَ

وَلَهُ الْحَمْدُ فِي السَّمَاوَاتِ وَالْأَرْضِ وَعَشِيًّا وَحِينَ تُظْهِرُونَ

"ချို့တဲ့ခြင်းအပေါင်းကင်းရှင်းသူကား အလ္လာဟ်အရှင်မြတ်သာတည်း ကောင်းကင်များနှင့်ပထဝီမြေကြီးပေါ် ဝယ် ချီးမွမ်းခြင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ဖန်တီးမှုကြောင့် အသင်တို့အပေါ်၌ ညနေခင်းသည် ရောက်ရှိရသည်၊ နံနက်ခင်းသည်လည်းရောက်ရှိရသည်၊ နေ့၏နောက်ဆုံးအချိန်ရောက်ရှိသည် မွန်းတည့်ချိန်လည်းရောက်ရှိရသည်။"(၃၀ း ၁၉)

ထိုမှ့မက သဘာဝမြင်ကွင်းဘွင် လူတစ်မျိုးတည်သာမက တိရစ္ဆာန်အဖုံဖုံသက်ရှိအမျိုးမျိုးကိုထားရှိပေခြင်းအားဖြင့် မြင်ကွင်းအဖို့ ရှိးနေသောအသွင်ကို မမြင်တွေ့ရ အစဉ်းဆန်းကျယ်နေဘိတော့သည်။

وَمِنَ النَّاسِ وَالدَّوَابِّ وَالْأَنْعَامِ مُخْتَلِفٌ أَلْوَانُهُ

"လူသားများနှင့်တိရစ္ဆာန်များ၊ ခြေလေးချောင်းသတ္တဝါအချိုးမျိုးဖြင့် ရောင်စုံအသွင်"

(၃၅ း ၂၈)

## ရုက္ခလောကကို ဆန်းစစ်ခြင်း

ရုက္ခလောကကိုတစ်ချက်လှည့်ကြည့်ပါဦး သစ်ပင်ပန်းမာလ်တို့မှာ အမျိုးမျိုးအဖုံဖုံသောအသွင်ရှိကြသလို အရောင်အသွေးလည်းစုံလှသည်။ ရနံ့လည်းစုံလှသည်။ ထူးခြားမှုလည်းစုံလှသည်။ စားသုံးကြည့်လျှင်လည်း အမျိုးမျိုးအဖုံဖုံသောအရသာကိုဖြစ်စေသည်မဟုတ်ပါလား။

وَلَمْ يَرَوْا إِلَى الْأَرْضِ كَمْ أَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ كَرِيمٍ

"ထိုသူတို့သည် ပထဝီမြေကြီးကိုသတိမပြုကြသလော၊ မမြင်ကြသလော၊ ငါသည် မြေ၌အထူးထူးသောရုက္ခလောကတွင်စုံတွဲအားဖြင့် သစ်ပင်ပန်းမာလ်များကို ပေါက်ရောက်စေတော်မူသည်။" (၂၆ း ၇)

وَمَا ذَرَأَ لَكُمْ فِي الْأَرْضِ مُخْتَلِفًا أَلْوَانُهُ إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَذَّكَّرُونَ

"ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာပေါ်တွင်ခပ်သိမ်းကုန်သောအရာများကို ဖန်ဆင်း၏။ ထိုအရာများသည် အရောင်အဆင်းအမျိုးမျိုးဖြင့်ကွဲပြားစွာရှိ၏။ အထူးထူးအခြားခြားဖြစ်၏။ မှတ်သားကြလော့ ယင်းအရာများတွင်သည်းပညာရယူလိုသူ ဂရုပြုသူအဖို့ရာတွင် ကြီးမားလှသောသက်သေသာဓကရှိသည်။" (၁၆ း ၁၃)

وَهُوَ الَّذِي أَنشَأَ جَنَّاتٍ مَّعْرُوشَاتٍ وَغَيْرَ مَعْرُوشَاتٍ وَالنَّخْلَ وَالزَّرْعَ مُخْتَلِفًا أُكُلُهُ

"အလ္လာဟ်အရှင်မြတ်သည် ဥယျာဉ်ပန်းခြံအမျိုးမျိုးကို ဖန်ဆင်းတော်မူ၏။

ထိုဥယျာဉ်များ၌ စင်ထောင်ပေး ရသောနွယ်ပင်များ စင်ထိုးပေးရန်မလိုသော အပင်များ စွန်ပလွန်ပင်များ အနံ့အရသာအမျိုးမျိုးရှိသော ကောက်ပဲသီးနှံများ အမျိုးတူ အမျိုးမတူသော သံလွင်နှံ့သလဲပင်များပေါက်ရောက်လျှက်ရှိသည်။အသင်တို့သည် ထိုအသီးများကို မှီဝဲစား သုံးကြလော့။'' (၆ ꞉ ၁၄၁)

သတ္တလောကနှင့်ရုက္ခလောကသာမကဘူမိလောကသည်လည်း ကျွန်ုပ်တို့ အတွက်သက်သေသာဓကဖြစ်သည်။ ယင်းဘူမိလောကသည်လည်း သဘာဝ လောက၏ စည်းမျဉ်းကိုလိုက်နာကြသည်။

مِنَ الْجِبَالِ جُدَدٌ بِيضٌ وَحُمْرٌ مُّخْتَلِفٌ أَلْوَانُهَا وَغَرَابِيبُ سُودٌ

''တောင်တန်းကြီးများကို ကြည့်ရှုလော့ အရောင်မျိုးစုံဖြင့်နေတွေ့မြင်ရပေမည်။ အချို့ကအဖြူရောင်အချို့ကအနီရောင်အပြင် အဆင်အသွေးအမျိုးမျိုးရှိ၏။ မည်းနက်သော အရောင်နှင့်လည်းရှိသေးသည်။''(၃၅ ꞉ ၂၇)

## "အရာဝတ္ထုတိုင်းတွင် စုံတွဲရှိနေမှုဥပဒေ"

အရာဝတ္ထုတို့၏တည်ရှိနေမှုဆိုင်ရာတွင်ရှုမြင်သုံးသပ်နိုင်ဖို့ ရှုထောင့်တစ်မျိုး u &§ go ;o n f, i fu kl u sfjr w fi R&f me fi تدريج ''သဇ်ဒိဂ်ျ ဟုခေါ် သည်။ယင်းကိုကျွန်ုပ်တိုကဒွိစုံဥပဒေဟူ၍လည်းခေါ်နိုင်သည်။ သဘာဝလောကကြီး တွင်ရှိအရာတိုင်းသည်စုံတွဲတည်ရှိနေမှုနှင့်တစ်ခုကိုတစ်ခုဖေးမမှု တစ်ခုကြောင့် တစ်ခုက လည်ပတ်နေမှုကရှိနေသည်။ သဘာဝလောကကြီးကိုလေ့လာကြည့်ပါ။ အရာဝတ္ထုများတွင် တစ်ခုတည်းထီးထီးရပ်တည်မှု ဟာကွက်ဖြစ်နေမှုကို မြင်တွေ့ရ မည်မဟုတ်ပါ။အရာရာတိုင်းတွင်စုံတွဲဖြစ်နေသည်။သို့မဟုတ်ကဒွိစုံဖြစ်နေမည်။ တစ်နည်းအားဖြင့်အရာရာတိုင်းသည်တစ်ခုနှင့်သောပေါင်းဖက်များရှိနေသည်။ နေ့၏ အပေါင်းဖက်သည် ညဖြစ်သကဲ့သို့ အရဏ်ဦး၏အပေါင်းဖက်သည် ညနေဆည်းဆာ အဖို့အတွက်မဖြစ်သကဲ့သို့ ယောကျ်ားအတွက်မိန်းမ၊ အသက်ရှင်ခြင်းအတွက်လည်း သေခြင်းသည်ပင် ဤလောကကြီးကိုရှုမြင်သုံးသပ်စရာဖြစ်နေသည်။

ကျမ်းမြတ်ကုရ်အာန်က အာခေရသ်သေလွန်ပြီးနောက် အခြေအနေကို ဖော်ပြရာတွင် လောကီ၏ကြိုးပမ်းအားထုတ်မှု၏ရလဒ်အဖြစ်အာခေရသ်ကို လမ်းဖော်ပြခြင်းဖြစ်သည်။လောကီဘဝ၏ဖြောင့်မတ်သောတည်ဆောက်မှုသည် အာခေရသ်အတွက်လမ်းခင်းပေးသည်အလားဖြစ်သည်။သို့ဖြစ်၍လည်း လောကီ ဘဝ၏စုံတွဲအဖြစ်အာခေရသ်ကိုဖော်ပြခြင်းဖြစ်သည်။

وَمِن كُلِّ شَيْءٍ خَلَقْنَا زَوْجَيْنِ لَعَلَّكُمْ تَذَكَّرُونَ

"ငါအရှင်သည် အရာရာတိုင်းကို စုံတွဲဖန်တည်းထားခြင်းဖြစ်သည်။" (၅၁ ： ၄၉)

سُبْحَانَ الَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا مِمَّا تُنبِتُ الْأَرْضُ وَمِنْ أَنفُسِهِمْ وَمِمَّا لَا يَعْلَمُونَ

"သန့်ရှင်းခြင်းနှင့် မြင့်မြတ်မှုအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာလျှင်ဖြစ်သည်။ အရှင်သည် ပထဝီ မြေကြီး၏ဖန်ဆင်းမှုတွင်လည်းကောင်း၊ လူသားများကို ဖန်ဆင်းခြင်းတွင်လည်းကောင်း၊သက်ရှိသတ္တဝါအပေါင်းဝယ်လူတို့မသိရှိသော သတ္တဝါတို့ကို လည်းကောင်း၊ အားလုံးကိုဖန်ဆင်းရာတွင် စုံတွဲအားဖြင့်လည်းကောင်း၊ တစ်ခုကိုတစ်ခုအမှီအဟဲပြုသောအားဖြင့်လည်းကောင်း၊ဖန်ဆင်းထားခြင်းဖြစ်သည်။" (၃၆ ： ၃၆)

ဤဖော်ပြပါကျမ်းမြတ်ကုရ်အာန်၏လမ်းညွှန်ချက်အရ သက်ရှိများတွင် လူသည်လည်း ပါဝင်သည်။ လူသားများကိုလည်း စုံတွဲဖန်ဆင်းထားခြင်းဖြစ်ကြောင်း သိသာနိုင်သည်။ ယင်းနောက် တစ်ဦးကိုတစ်ဦး အမှီသဟဲပြုခြင်းတွင်လည်းကောင်း၊ တစ်ဦးကိုတစ်ဦးစုံမက်ခြင်းတွင်လည်းကောင်း၊ တစ်ဦးကိုတစ်ဦး ရှုမြင်ရာတွင်ခံစားမှုများတွင်လည်းကောင်း၊ဆွဲဆောင်မှုဖြစ်စေရန် လူတို့၏ဇာတိစိတ်တွင် ယင်းအသိများအာရုံများကိုထည့်သွင်းပေးခဲ့သည်။ဤအတွက်ကြောင့် ဆန့်ကျင်ဘက်လိင်ချင်း တစ်ဦးကိုတစ်ဦးစုံမက်ရခြင်းဖြစ်သည်။ ထိုမှတစ်ဖန် ယင်းအသိကြောင့်ပင်လျှင် အိမ်ထောင်မှုအတွက် လမ်းဖွင့်ပေးခဲ့ပြီး လူသားမျိုးနွယ်ပွားများရေးအတွက် လိုအပ်မှုဖြစ်သော ပူးတွဲနေထိုင်ခြင်းဖြစ်လာရသည်။

فَاطِرُ السَّمَاوَاتِ وَالْأَرْضِ جَعَلَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا وَمِنَ الْأَنْعَامِ أَزْوَاجًا

"မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းသော အလ္လာဟ်အရှင်မြတ်သည် သင်တို့အထဲက အသင်တို့အတွက်စုံတွဲကိုသတ်မှတ်သည်။ ခြေလေးချောင်းရှိသော သတ္တဝါအပေါင်းအားလည်း စုံတွဲအားဖြင့် ဖန်ဆင်းတော်မူသည်။" (၄၂ ： ၁၁)

အလ္လာဟ်အရှင်မြတ်၏အစီအမံကြောင့်ပင်လျှင် တစ်ဦးတစ်ဦး ချစ်ကြည်တတ်မှုနှင့် ချမ်းမြေ့သောဘဝတည်ဆောက်မှုဖြစ်စေဖို့နှင့်နှစ်ဦးနှစ်ဖက် တစ်ဦးကိုတစ်ဦး ကြင်နာသနားမှုနှင့် လင်နှင့်မယားများ ပူးတွဲဆောင်ရွက်မှုဖြင့် ဘဝဆိုင်ရာ ခက်ခဲသောပြဿနာရပ်များကိုလွယ်ကူချောမွေ့စေခဲ့ကြသည်။

وَمِنْ آيَاتِهِ أَنْ خَلَقَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا لِّتَسْكُنُوا إِلَيْهَا وَجَعَلَ
بَيْنَكُم مَّوَدَّةً وَرَحْمَةً إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ

'အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်အားဖြင့်ဖော်ပြသောသာဓကတော်များတွင် အသင်တို့အတွက်စုံတွဲများဖန်ဆင်းခြင်းဖြင့် ချမ်းမြေ့သောဘဝတည်ဆောက်ခြင်း ဖြစ်စေသည်။ ယင်းနောက် အသင်တို့နှစ်ဦးကြားဝယ် ချစ်တတ်မှုနှင့် တစ်ဦးကိုတစ်ဦး ကြင်နာတတ်မှုဖြစ်

စေသော စိတ်ဓာတ်ကိုမွေးပေးသည်။ ဤအချက်များတွင် လည်း စဉ်းစားဆင်ခြင်တတ်သော သူအဖို့ကြီးမားသော သက်သေလက္ခဏာတော်များရှိသည်။'' (၃၀ း ၂၁)

ယင်းအိမ်ထောင်ရေးဘဝအားဖြင့် တစ်ဖန်တစ်ဦးကိုတစ်ဦး စုံမက်ခြင်းဖြင့် မျိုးဆက်များဖြစ်ထွန်းပွံ့ပွားလာစေသည်။ ယင်းဖြစ်စဉ်သည် အဆက်မပြတ်သော လမ်းကြောင်းတွင် ဖြတ်ကျော်သွားရသည်။ တည်ရှိမှုသည် အသစ်အသစ်သော မျိုးဆက်ကိုမွေးဖွားလာစေသည်။ ဤသို့အားဖြင့် တည်ရှိမှုအသစ်ကို ဖြစ်ပေါ်လာပြန်သည်။ အမျိုးစဉ်ဆက်အသစ်များ ပေါ်ထွန်းဖြစ်ပေါ်လာ သကဲ့သို့ အတိတ်မျိုးဆက်နှင့်လည်း အဆက်အနွယ်ဖြစ်ရသည်။ ယင်းတို့မှ တစ်ဖန်သားသမီးများမှ သားမက်များချွေးမများမြေးမြစ်များရှိလာ၍ လူသားမျိုးနွယ်၏ ကွင်းဆက်အသစ် ပေါ်ထွန်းလာပြန်သည်။ ဤသို့ဖြစ်ပေါ်လာသော အုပ်စု၏ဘေး အဖက်ဖက်တွင် လူသားအဖွဲ့အစည်းဝင်များ ဝိုင်းရံလာပြီး ဆွေမျိုးသားချင်းဟုခေါ်သော နီးစပ်သော လူ့အဖွဲ့အစည်း တစ်ခုပေါ်ထွန်းလာပါတော့သည်။

وَهُوَ الَّذِي خَلَقَ مِنَ الْمَاء بَشَرًا فَجَعَلَهُ نَسَبًا وَصِهْرًا

''အလ္လာဟ်အရှင်မြတ်သာလျှင် လူသားတို့ကိုရေအားဖြင့်ဖန်ဆင်းခဲ့သည်။ ယင်းနောက် လူသားတို့ကို မျိုးနွယ်အဆက်ဆက်အားဖြင့် ဆွေမျိုးသားချင်းအဖြစ် ရပ်တည်စေသည်။'' (၂၅ း ၅၄)

ဤဆွေမျိုးသားချင်းအားဖြင့် တစ်ဖန်အမျိုးအနွယ်မှ လူမျိုးစုအသွင်ဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် လည်းကောင်း၊ ဖွဲ့စည်းခွင့်ရပြန်သည်။ အုံ့ဩဖွယ်ရပေါင်းစည်းမှုသည်လူ့အဖွဲ့အစည်းအတွက် လေးနက်သော လှည့်ပတ်မှု အသွင်ရောက်ရှိရတော့သည်။ စင်စစ်ဤလှည့်ပတ်မှုယန္တရားကြောင့် မူလဇစ်မြစ်ကိုကြည့်လျှင် ဖော်ပြပါရဟ်မသ်အားဖြင့် တစ်ဦးကို တစ်ဦး ကြင်နာဂရုဏာထားမှု ပင်ဖြစ်ကြောင်းတွေ့ရပေသည်။

يَا أَيُّهَا النَّاسُ اتَّقُواْ رَبَّكُمُ الَّذِي خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ وَخَلَقَ مِنْهَا زَوْجَهَا وَبَثَّ
مِنْهُمَا رِجَالاً كَثِيرًا وَنِسَاء وَاتَّقُواْ اللّهَ الَّذِي تَسَاءلُونَ بِهِ وَالأَرْحَامَ إِنَّ اللّهَ كَانَ عَلَيْكُمْ رَقِيبًا

''အိုလူသားအနွယ်ဝင်အပေါင်းတို့ အသင်တို့၏အရှင်သခင်၏ လမ်းညွှန်ချက်ကို သွေဖီခြင်းမပြုပဲ တိကျစွာ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြလော့၊ အရှင်မြတ်သည် အသင်တို့အား တစ်ခုတည်းသောနဖ်(စ)မှဖန်ဆင်းတော်မူ၏။ ယင်းမှပင်ထိုသူ၏ စုံတွဲကို ဖန်ဆင်းတော်မူ၏။ ထိုသူများ၏မိသားစုမှများပြားလှသော လူသားမျိုးနွယ်ကို ဖန်ဆင်းတော်မူသည်။ အသင်တို့သည် အရှင်၏အမိန့်တော်ကို ဖီဆန်ခြင်းမပြုပဲ နာခံခြင်း ပြုလော့။ အရှင်၏ တန်ခိုးတော်အားဖြင့်ပင်လျှင် အသင်တို့သည် တစ်ဦးကိုတစ်ဦး တောင်းဆိုမှုပြုကြ၏။ ကြင်နာတတ်မှုကို မပျောက်ပျက်အောင်ထိန်းသိမ်းလော့၊ အရှင်မြတ်သည် အသင်တို့အား

အစဉ်ထာဝရထိန်းသိမ်းစောင့်ရှောက်သောအရှင်ဖြစ်သည်။'' (၄ း ၁)

وَاللّٰهُ جَعَلَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا وَجَعَلَ لَكُم مِّنْ أَزْوَاجِكُم بَنِينَ وَحَفَدَةً

''အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့ထဲမှပင် စုံတွဲပေးသနားတော်မူ၍ ထိုမှတစ်ဖန်သားသမီးမြေးမြစ်များအဆက်အနွယ်များကိုဖန်ဆင်းတော်မူသည်။''(၁၆ း ၇၂)

## လူ့ဘဝတာ၏ အခြေအနေပြောင်းလဲမှုအမျိုးမျိုးအဖုံဖုံ

လူ့ဘဝသက်တမ်းသည်လည်း အမျိုးမျိုးအဖုံဖုံသော ဆန်းစစ်ချက်များကြောင့် ပြောင်းလဲနေရသည်။ ယင်းပြောင်းလဲမှု တွင်လည်း အလွန်ကြီးမားလှသော လျှို့ဝှက်ဆန်းကြယ်မှုသည်ရှိ၏။ လူ့ဘဝတာဟူသည် ကလေးဘဝ နုပျိုစအရွယ်လူပျိုဘဝ၊ လူလတ်ပိုင်းနှင့်ဇရာအိုဟူ၍ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနေရသည်။ ယင်းဖော်ပြပါ ဘဝမှတ်တိုင်းတစ်ခုစီတွင် ထူးခြားလှသော အကြောင်းခြင်းရာလက္ခဏာများရှိသည်။

ယင်းကာလတွင်လည်းဘဝနှင့်စပ်လျဉ်း၍ လူပ်ရှားရုန်းကန်မှုအသွင်သဏ္ဌာန်များအမျိုးမျိုးရှိနိုင်သည်။ အထက်ပါအချက်များကို အကျဉ်းချုပ်၍ ဆိုရသော် လူ့ဘဝတာဟူသည်ကား သဘာဝလောကကြီး၏အလွန်မှပင် စိတ်ဝင်စားဖွယ်ရာကောင်းသောခရီးသွားဖော်တစ်ဦးပင်ဖြစ်တော့သည်။ ဤခရီးသွားသည် သူ၏ခရီးစဉ်တစ်ခုစီတွင် စိတ်ဝင်စားစဖွယ် အချင်းအရာများကို တစ်ခုပြီး တစ်ခု ကြုံတွေ့နေရသည်။ ယင်းစိတ်ဝင်စားစဖွယ် အကြောင်းအရာများကြောင့် ဘဝတာ၏ကုန်ဆုံးချိန်ကို ရောက်နေမှန်းကိုပင် မသိမြင်နိုင်အောင်ဖြစ်ရတော့သည်။

هُوَ الَّذِي خَلَقَكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ يُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوا أَشُدَّكُمْ ثُمَّ لِتَكُونُوا شُيُوخًا وَمِنكُم مَّن يُتَوَفَّىٰ مِن قَبْلُ وَلِتَبْلُغُوا أَجَلًا مُّسَمًّى وَلَعَلَّكُمْ تَعْقِلُونَ

''အိုလူသားအပေါင်းတို့ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အားမြေမှုန့်မှ ထို့နောက် ကာလရေကြည်မှထို့နောက် အလာကာပိဘစ်ခုမှ တစ်ဆင့်ပြီတစ်ဆင့် အစဉ်အတိုင်းဖန်ဆင်းတော်မူ၏။ အမိဝမ်းတွင်းမှ အပြင်သို့ ထုတ်ယူ၍ ခွန်အားဗလနှင့်ပြည့်စုံသော သူငယ်အဖြစ်သို့ရောက်စေတော်မူ၏။ထို့နောက် အဆင့်ဆင့်သော အခြေအနေမှ အိုမင်းရင့်ရော် မှည့်ပျော်သောအရွယ်သို့ရောက်အောင်မွေးမြူ၏။အသင်တို့အနက် အချို့ သည် အသက်အရွယ် မကြီးရင့်ခင်ပင်ကွယ်လွန်ရသည်။ အချို့လည်းပိုင်းခြားသတ်မှတ်သည် အချိန်ရောက်သည့်တိုင် အောင် အသက်ရှင်နေ၏။ ယင်းအချင်းအရာတွင်လည်း အသင်တို့အတွက် အသိတရားရှိပေသည်။ (၄၀ း ၆၇)

ဤသို့ပင်အမျိုးမျိုးအဖုံဖုံသောလောကီဆိုင်ရာရည်မှန်းချက်များ စွမ်းဆောင်နိုင်မှု လုပတင့်တယ်မှုကိုစွဲလန်းမှု ပစ္စည်းဥစ္စာ၏ဘပ်မက်မှု သားသမီးတို့ကို

ချစ်စိတ်များကိုဘဝဆိုင်ရာခရီးစဉ်အတွက် စိတ်ဝင်စားစေဖို့ဖန်တီးယူခြင်းဖြစ်သည်။

زُيِّنَ لِلنَّاسِ حُبُّ الشَّهَوَاتِ مِنَ النِّسَاءِ وَالْبَنِينَ وَالْقَنَاطِيرِ الْمُقَنطَرَةِ
مِنَ الذَّهَبِ وَالْفِضَّةِ وَالْخَيْلِ الْمُسَوَّمَةِ وَالْأَنْعَامِ وَالْحَرْثِ ذَٰلِكَ مَتَاعُ
الْحَيَاةِ الدُّنْيَا وَاللَّهُ عِندَهُ حُسْنُ الْمَآبِ

"ဇနီးမိန်းမသားသမီး၊ အခြွေအရံများ စုဆောင်းထားသော ရွှေပုံငွေပုံများ အမျိုးကောင်းသောမြင်းများ ကျွဲနွားတိရစ္ဆာန်များနှင့် လယ်ယာကိုင်းကျွန်းဥယျာဉ်များကို ပိုင်ဆိုင်ရခြင်းမှရသော သာယာပျော်ရွှင်မှုက လူသားတို့အား ကြည်နူးရာရာကိုဖြစ်စေ၏။ ဤအရာများသည် လောကီစည်းစိမ်များသာဖြစ်သည်။ ယင်းထက်ကောင်းမြတ်သော နေရာဌာနကား အလ္လာဟ်အရှင်မြတ်အထံတော်တွင်ရှိသည်။" (၃ ： ၁၄)

လူ့ဘဝခရီးစဉ်နှင့်စပ်လျဉ်း၍ တစ်ခါတစ်ရံ ကြုံတွေ့ရသော စိတ်မချမ်းမြေ့စဖွယ်ရာ အချင်းအရာများ အငြင်းပွားတတ်မှုများသည်ပင်လျှင် ဘဝခရီး၏ ကုန်ဆုံးမှုအတွက်နည်းလမ်းတစ်ခုဖြစ်လာရသည်။ ဤသို့အားဖြင့် ယင်းကိစ္စရပ်များနှင့်အငြင်းပွားမှုများကိုဖြေရှင်းရခြင်းကြောင့်အချိန်ကိုကုန်လို့ကုန်မှန်း မသိရှိနေခဲ့ရသည်။

وَهُوَ الَّذِي جَعَلَكُمْ خَلَائِفَ الْأَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجَاتٍ لِّيَبْلُوَكُمْ فِي
مَا آتَاكُمْ إِنَّ رَبَّكَ سَرِيعُ الْعِقَابِ وَإِنَّهُ لَغَفُورٌ رَّحِيمٌ

"အလ္လာဟ်အရှင်မြတ်၏ အမိန့်အားဖြင့်ပင် အသင်တို့သည် အတိတ်ကာလလူတို့၏ ပထဝီမြေကြီးကို ဆက်ခံသူဖြစ်ခဲ့ရသည်။ အသင်တို့အနက် အချို့ကိုအချို့အပေါ်တွင် သာလွန်မှုကိုပေး၏။ ဤသို့အားဖြင့် အသင်တို့လက်ဝယ်ရှိ အရာများဖြင့် အသင်တို့ လက်တွေ့ကျင့်ကြံမှုအား ဆန်းစစ်စေဖို့ဖြစ်သည်။မှတ်သားကြလော့။ အသင်တို့၏ အရှင်သခင်သည်မကောင်းသောလုပ်ရပ်များအပေါ်အပြစ်ဒဏ်ခတ်ရာတွင် နှေးကွေးခြင်းမရှိ ထိုနည်းတူစွာ အရှင်မြတ်သည် ကောင်းချီးမင်္ဂလာပေးတော်မူသော သနားကြင်နာတော်မူသောအရှင်ဖြစ်သည်။" (၆ ： ၁၆၅)

## အလ္လာဟ်အရှင်မြတ်၏"ဖဇလ်နှင့်ရဟ်မသ်"နှင့်စပ်လျဉ်း၍ သက်သေပြရှင်းလင်းချက် برهان فضل و رحمت

ကျမ်းတော်မြတ်ကုရ်အာန်သည် ရဗူဗီယသ်၏လုပ်ဆောင်ချက်နှင့် သရုပ်ဖော်ပြဆိုမှုများနှင့်စပ်လျဉ်း၍ သက်သေပြရှင်းလင်းသကဲ့သို့ ရဟ်မသ်၏စီးဖြန်း

မှုနှင့်တည်ရှိနေပုံနှင့်စပ်လျဉ်း၍လည်း မကြာခဏဆိုသလို ဖော်ပြသက်သေပြခဲ့သည်။

ရဗူဗီယသ်၏သက်သေလက္ခဏာကဲ့သို့ပင်'ရဟ်မသ်နှင့်ဖဇလ်'တည်းဟူသောသက်သေလက္ခဏာတို့သည်လည်းအလ္လာဟ်အရှင်မြတ်၏ ဒါဝသ်ဖိတ်ခေါ်မှုအတွက် နည်းလမ်းတစ်ခုဖြစ်သည်ဟု ကုရ်အာန်ကဆိုသည်။ သဘာဝလောကကြီး၏ဖန်ဆင်းမှုနှင့်ရှုထောင့်တစ်ခုစီတွင် တိကျသောစည်းစနစ်ဖြင့် ရဟ်မသ်ဖဇလ်လုပ်ရှားမှုများ တည်ရှိနေခြင်းသည် လူသားတို့အတွက်တိကျသော အလ္လာဟ်အရှင်မြတ်၏စီမံချက်တစ်ရပ်ဖြစ်ပြီး ယင်းစီမံချက်ကရဟ်မသ်ထားရှိသော အရှင်၏အမိန့်သည် အစဉ်အဆက်လှုပ်ရှားနေသည်ဟူသောအချက်ကို လှစ်ဟပြနေခြင်းဖြစ်သည်။

သဘာဝလောကကြီး၏အရှင်သခင်၏ဖန်ဆင်းမှုကြောင့် အကျိုးသက်ရောက်မှု၊တိကျမှု၊လှပတင့်တယ်မှု၊တည်တံ့ခိုင်မြဲမှုတို့နှင့်စပ်လျဉ်း၍ သက်သေပြချက်ပင်ဖြစ်သည်။

1وَإِلَهُكُمْ إِلَهٌ وَاحِدٌ لاَّ إِلَهَ إِلاَّ هُوَ الرَّحْمَنُ الرَّحِيمُ إِنَّ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ وَاخْتِلاَفِ اللَّيْلِ وَالنَّهَارِ وَالْفُلْكِ الَّتِي تَجْرِي فِي الْبَحْرِ بِمَا يَنفَعُ النَّاسَ وَمَا أَنزَلَ اللَّهُ مِنَ السَّمَاءِ مِن مَّاءٍ فَأَحْيَا بِهِ الأرْضَ بَعْدَ مَوْتِهَا وَبَثَّ فِيهَا مِن كُلِّ دَآبَّةٍ وَتَصْرِيفِ الرِّيَاحِ وَالسَّحَابِ الْمُسَخِّرِ بَيْنَ السَّمَاءِ وَالأَرْضِ لآيَاتٍ لِّقَوْمٍ يَعْقِلُونَ

အသင်တို့၏ အရှင်သခင်က တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူ၏။ ရဟ်မာန်ကရုဏာတော်အရှင်၊အနန္တဂုဏ်တော်ကောင်းကြီးမင်္ဂလာတော်အရှင် အလ္လာဟ်အရှင်မြတ်မှတပါးအခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိကြည့်ကြလော့၊မိုးမြေများကို ဖန်ဆင်းတော်မူခြင်း၌လည်းကောင်း၊ ညနှင့်နေ့ကို တစ်လှည့်စီလဲလှည့်ခြင်း၌လည်းကောင်း၊ လူသားတို့အကျိုးရှိစေဖို့ သင်္ဘောများကိုပင်လယ်သမုဒ္ဒရာ‌ရေပြင်ဝယ်ဖြတ်သန်းသွားလာခြင်း၌လည်းကောင်း၊မိုးကောင်ကင်မှမိုးရွာသွန်းခြင်း၌လည်းကောင်း၊ယင်းမိုးရေအားဖြင့် သေနေသောမြေများကိုရှင်သန်စေခြင်း၌လည်းကောင်း ကမ္ဘာအနှံ့တိရစ္ဆာန်အမျိုးမျိုးကို ဖြန့်ကျဲစီရင်ထားခြင်း၌လည်းကောင်း၊ လေများကို ပြောင်းလဲဘိုက်ခိုက်စေခြင်း၌လည်းကောင်း၊ မိုးမြေစပ်ကြားတွင် မိုးတိမ်မိုးသားများရှိနေခြင်း၌လည်းကောင်း၊စဉ်းစားဉာဏ်ရှိသောသူတို့အဖို့ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်တော်နှင့်စပ်လျဉ်း၍သက်သေသာဓကတော်များပါရှိသည်။ (၂ း ၁၆၃-၁၆၄)

အထက်ပါနည်းတူ ကျမ်းတော်မြတ်ကုရ်အာန်က သဘာဝအလှကို အထူးဖော်ပြလျက်ရှိသောနေရာများကိုလည်းဂရုပြုကြည့်ရှုခြင်းဖြင့် သက်သေအထောက်အထားကိုမြင်ကြဖို့ အောက်ပါအတိုင်းဖော်ပြထားသည်။

أَفَلَمْ يَنظُرُوا إِلَى السَّمَاءِ فَوْقَهُمْ كَيْفَ بَنَيْنَاهَا وَزَيَّنَّاهَا وَمَا لَهَا مِن فُرُوجٍ
وَالْأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ بَهِيجٍ
تَبْصِرَةً وَذِكْرَى لِكُلِّ عَبْدٍ مُّنِيبٍ

"ထိုသူတို့သည် မိုးကောင်းကင်ဘက်သို့မျက်နှာမော့၍ တစ်ခါက်တလေမျှ မကြည့်သလော။ယင်းအရာများကို ငါအရှင်သည်မည်သို့မည်ပုံ တည်ဆောက်ထားသနည်း။ မည်သို့မည်ပုံလှပရှုမငြီးစဖွယ် ဖန်တီးထားသနည်း။ ယင်းဖန်ဆင်းမှုတွင် မည်သည့်နေရာတွင်မှ ချွတ်ယွင်းမှုတွေ့မည်မဟုတ်။ကျုံသို့ပင်ကမ္ဘာမြေကြီးကို လေ့လာလော့။ ငါအရှင်သည် မည်သို့မည်ပုံကမ်းခင်းပမာ ဖြန့်ကြဲလိုက်ထားသနည်း။ တောင်ကုန်းများကို ငုတ်ကဲ့သို့ စိုက်ထူသည်။ ယင်းနောက်မည်သို့မည်ပုံအရောင်စုံလင်လှသောလှပရှုမငြီးစဖွယ် ရုက္ခလောကကြီးကို ပျိုးထားသနည်း။မည်သူမဆိုသစ္စာတရားဘက်သို့အမှီသဟဲပြု ဆင်ခြင်စဉ်းစားလျှင် ထိုသူတို့အဖို့ စဉ်းစားဆင်ခြင်ဖို့နှင့်လိုက်နာရန်လမ်းညွှန်ချက်အလင်းရောင်ရှိသည်။"(၅၀း ၆-၈)

وَلَقَدْ جَعَلْنَا فِي السَّمَاءِ بُرُوجًا وَزَيَّنَّاهَا لِلنَّاظِرِينَ

"ငါအရှင်မြတ်သည် ကောင်းကင်ထက်တွင် နက္ခတ်တာရာများကို အစုအဝေးပမာ စီရင်ထားသည်။ ငါသည် မိုးကောင်းကင်ကို ရှုမြင်ရသူအဖို့ လှပတင့်တယ် မျက်စေ့ပသာဒ ဖြစ်စေရန်သိုက်မြိုက်စွာတန်ဆာဆင်ယင်ထားတော်မူပေသည်။" (၁၅ း ၁၆)

لَقَدْ زَيَّنَّا السَّمَاءَ الدُّنْيَا بِمَصَابِيحَ وَجَعَلْنَاهَا رُجُومًا لِّلشَّيَاطِينِ وَأَعْتَدْنَا لَهُمْ عَذَابَ السَّعِيرِ

"ငါအရှင်မြတ်သည် ကမ္ဘာမြေကြီး၏မိုးကောင်းကင်ကိုမီးရှူးမီးတိုင်တို့ဖြင့် တင့်တယ်လှပသိုက်မြိုက်စွာတန်ဆာဆင်ယင်ထားတော်မူသည်။"(၆၇း ၅)

وَلَكُمْ فِيهَا جَمَالٌ حِينَ تُرِيحُونَ وَحِينَ تَسْرَحُونَ

"ကြည့်ကြလော့၊ အသင်တို့အတွက် ညနေခင်း ကျွဲနွားတိရစ္ဆာန်များကို စားကျက်မှ အိမ်ပြန်မောင်းလာချိန်တွင်လည်းကောင်း၊အရုဏ်ဦး၌စားကျက်သို့မောင်းသွားချိန်၌ လည်းကောင်း၊ လှပရှုမငြီးစဖွယ်ရာ သဘာဝအလှမြင်ကွင်းကို ငါအရှင်က စီရင်တော်မူ၏။"
(၁၆ း ၆)

## လိုအပ်ချက်နှင့် လိုက်ဖက်ညီမှုရှိအောင် ဖန်ဆင်းခြင်းသဘော

ကျွန်ုပ်တို့ကတစ်စုံတစ်ခုသောအရာကိုလှပတင့်တယ်ပါသည်ဟု မှတ်ချက်ချပြောဆိုသောစကား၏အဓိပ္ပါယ်မှာ ထိုအရာသည်လိုအပ်ချက်နှင့်လိုက်ဖက်ညီခြင်းကိုပြောဆိုခြင်းပင်မဟုတ်ပါလား။ ယင်းလိုအပ်ချက်နှင့်လိုက်ဖက်ညီအောင် ပြုမူခြင်းသည်ပင်လျှင် ပြုပြင်မွမ်းမံမှုကို သရုပ်ဖော်ဆောင်ခြင်းပင် ဖြစ်ပေသည်။

وَالأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ شَيْءٍ مَّوْزُونٍ

''ငါအရှင်မြတ်သည် ပထဝီမြေကြီးတွင်အရာအားလုံးကိုလိုအပ်ချက်နှင့် လိုက်ဖက်ညီစွာ ဖန်ဆင်းထားတော်မူ၏။'' (၁၅ း ၁၉)

ကျမ်းတော်မြတ်ကုရ်အာန်တွင်လိုအပ်ချက်နှင့်လိုက်ဖက်ညီမျှအောင်ပြုခြင်းကိုဖော်ပြရာတွင် تسوية ''သာစ်ဝီရာ''ဟု ဖော်ပြသည်။ အဓိပ္ပါယ်က အရာတစ်ခုခုကို မှန်မှန်ကန်ကန် လိုက်ဖက်ညီမျှအောင် ပြုလုပ်ခြင်းဖြစ်သည်။ ယင်းပြုလုပ်မှုတွင် လှပမှုနှင့် လိုက်ဖက်ညီမျှမှုနှစ်ခုစလုံး ရှိသည်။

الَّذِي خَلَقَ فَسَوَّىٰ وَالَّذِي قَدَّرَ فَهَدَىٰ

'ထိုဖန်ဆင်းပြုစုသောအရှင်မြတ်သည် အရာမှန်သမျှကိုမှန်ကန်လှပစွာနှင့် လိုက်ဖက်ညီမျှအောင် ဖန်ဆင်းပြုစုထားသည်။ ထိုအရှင်သည်အရာအားလုံးအတွက် ပကတိပုံမှန်အခြေဖြင့် တိကျသောနည်းလမ်းစနစ်သတ်မှတ်သည်။ ယင်းနောက် သမ်းညွှန်ချက်အားဖြင့် ဘဝဆိုင်ရာအတွက်လမ်းစဖွင့်ပေးလိုက်သည်။'' (၈၇ း ၂)

الَّذِي خَلَقَكَ فَسَوَّاكَ فَعَدَلَكَ فِي أَيِّ صُورَةٍ مَّا شَاءَ رَكَّبَكَ

''ထိုအရှင်သည် သင့်အား မွေးမြူဖန်ဆင်းကာ မှန်ကန်တိကျ လှပစွာနှင့် လိုက်ဖက်ညီအောင် သေဝပ်စွာပြုစု၏။ ယင်းနောက် အသင်တို့၏ အပြင်နှင့်အတွင်းကို ညီမျှမှုနှင့် လိုအပ်ချက်အတိုင်း ဖန်ဆင်းပြုစု၏။ ယင်းနောက် လိုချင်သော ပုံပန်းသဏ္ဍာန်ကို မှန်ကန်လှပစွာနှင့် လိုက်ဖက်ညီမျှအောင် စီမံဖော်ဆောင်၏။'' (၈၂ း ၇)

အထက်ဖော်ပြပါအချက်ကိုကုရ်အာန်ကျမ်းတော်မြတ်တွင် اتقان ၊ အသ်ကာန်ဟူ၍လည်းဖော်ပြထားသည်။အဓိပ္ပါယ်က သဘာဝလောကကြီး၏ အရာအားလုံးတို့သည်စနစ်တကျ တည်တံ့ခိုင်မြဲသောအခြေတွင် တည်ရှိသည်။ မည်သည့်နေရာမှ ကွက်လပ်၊အရှုံး၊ပရမ်းပတာ၊ထက်အောက်မညီမျှမှုနှင့်အဆက်မပြတ် ဖြစ်ထွန်းမှု ကင်းမဲ့ခြင်းကိုမြင်တွေ့ရမည်မဟုတ်ပေ။ဤအကြောင်းကိုကျမ်းတော်မြတ် ကုရ်အာန်က အောက်ပါအတိုင်း ဖော်ပြထားသည်။

صُنْعَ اللَّهِ الَّذِي أَتْقَنَ كُلَّ شَيْءٍ إِنَّهُ خَبِيرٌ بِمَا تَفْعَلُونَ

''အလ္လာဟ်အရှင်မြတ်၏ စွမ်းဆောင်ချက်ကား အရာတိုင်းကိုစနစ်တကျ တည်တံ့ခိုင်ခန့်သောအခြေတွင် ဖန်ဆင်းခြင်းပင်ဖြစ်သည်။'' (၂၇ း ၈၈)

مَّا تَرَىٰ فِي خَلْقِ الرَّحْمَٰنِ مِن تَفَاوُتٍ فَارْجِعِ الْبَصَرَ هَلْ تَرَىٰ مِن فُطُورٍ
ثُمَّ ارْجِعِ الْبَصَرَ كَرَّتَيْنِ يَنقَلِبْ إِلَيْكَ الْبَصَرُ خَاسِئًا وَهُوَ حَسِيرٌ

"အသင်သည် မဟာကရုဏာတော်အရှင်၏ ဖန်ဆင်းမှုတွင် ချွတ်ယွင်းချက် တစ်စုံတရာတွေ့မြင်နိုင်မည်မဟုတ်။ တဖန်ကြည့်လော့၊ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ်အဖန်ဖန်ကြည့်လော့၊ ချွင်းယွင်းချက်တစ်စုံတရာမျှ တွေ့မြင်ရမည်မဟုတ်ပေ။"(၆၇ း ၃ - ၄)

အထက်ပါကျမ်းတော်မြတ်ကုရ်အာန်လာ فِي خَلْقِ الرَّحْمَنِ (ဖီးခလ်ကီရ် ရဟ်မာန်)၏အဓိပ္ပါယ်အနက်သဘောက ကောင်းမြတ်မှုရှိ ခြင်းမှာ ရဟ်မသ်ထားရှိသော အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းပြုစုမှုကြောင့်ဟုသိရသည်။ ရဟ်မသ်၏ အလိုက လုပတင့်တယ် မှုရှိရမည်၊ အံ့ဩဖွယ်ရာဖြစ်ရမည်၊ အသုံးမကျ ဘဝင်မကျ မဖြစ်စေရ။

## ရဟ်မသ်အားဖြင့် သေလွန်ပြီးနောက် အခြေအနေကို သက်သေပြခြင်း

အလ္လာဟ်အရှင်မြတ်၏တည်ရှိမှု အရှင်၏သောင်ဟီဒ်နှင့်ဆိုဖာသ်ဂုဏ်တော်ဝိသေသလက္ခဏာများကိုဖော်ပြသည့် နည်းတူ အာခေရသ် သေလွန်ပြီးနောက်ဘဝနှင့်စပ်လျဉ်း၍ အဓိပ္ပါယ်ဖော်ဆောင်ရာတွင် ကျမ်းတော်မြတ်ကုရ်အာန်သည် ရဟ်မသ်အားဖြင့်ပင်သက်သေပြသည်။ အကယ်၍ မျက်မြင်တွေ့မြင်ရသော လောကီဘဝအတွက် ရဟ်မသ်၏စွမ်းဆောင်ချက်သည် သက်ရှိဘဝဆိုင်ရာကို အထောက်အကူပြုနိုင်လျှင် သေလွန်ပြီးနောက် ယင်းရဟ်မသ်၏ စွမ်းဆောင်ချက်သည် ကုန်ဆုံးသွားမည်လော။ အကျိုးမပြုဘဲ နေရမည်လော။ ယင်းရဟ်မသ်မှာ လူ့ဘဝရှင်သန်နေစဉ်ကာလအတိုင်းအတာသတ်မှတ်ချက်လောက်ကို ဘောင်ကန့်သတ်ထောက်ပံ့ရာ ဖြစ်ရပါမည်လော။ (၁၇ း ၉၉)၌

أَوَلَمْ يَرَوْاْ أَنَّ اللّهَ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ قَادِرٌ عَلَى أَن يَخْلُقَ مِثْلَهُمْ وَجَعَلَ لَهُمْ أَجَلاً لاَّ رَيْبَ فِيهِ فَأَبَى الظَّالِمُونَ إَلاَّ كُفُورًا

"ထိုသူတို့သည် ဤအချက်နှင့်စပ်လျဉ်း၍ စဉ်းစားတွေးတောခြင်းမပြုသလော။ မိုးကောင်းကင်များနှင့် ပထဝီမြေကြီးကို ဖန်ဆင်းသောအရှင်သည် အကယ်စင်စစ် လူသားတို့ကို တစ်ကြိမ်ပြန်လည်ရှင်ပြန်ထစေခြင်းကို အဘယ်ကြောင့်မပြုဘဲ နေနိုင်ပါမည်နည်း။ ထိုသူတို့အတွက် အချိန်သတ်မှတ်ထားခြင်းကို မည်သူကမျှ ယုံမှားသံသယမရှိနိုင်၊ ယင်းမိုက်မဲသောသူတို့က သူတို့အတွက် နည်းလမ်းကောင်းကိုမရွေးချယ်ဘဲငြင်းပယ်မှုကိုသာ ပြုခဲ့ကြသည်၊ အို တမန်တော်၊ ထိုသူတို့အား ပြောလော့၊ ငါအရှင်သခင်၏ ရဟ်မသ်ဘဏ္ဍာတော်သည် အသင်တို့လက်ဝယ်တွင်ရှိခဲ့လျှင်မူ အသင်တို့ ကုန်ဆုံးသွားမည်ကို ကြောက်၍ မသုံးစွဲဘဲ စေးနဲတွန့်ဆိုင်းနေကြမည်၊ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်ရှိ ရဟ်မသ်သည် ကုန်ဆုံး မည်လည်းမဟုတ်၊ အရှင်၏ပေးကမ်းမှုတွင် ရဟ်မသ်မရှိဟူ၍လည်းမရှိပါ။"

## ရဟ်မသ်အားဖြင့် ဝဟီပို့ချခြင်းနှင့်စပ်လျဉ်း၍ သက်သေပြချက်

ဤကဲ့သို့ပင် ရဟ်မသ်အားဖြင့် ဝဟီလမ်းညွှန်ချက်ပို့ချခြင်းနှင့်စပ်လျဉ်း၍ သက်သေထူပြသည်။ အလ္လာဟ်အရှင်မြတ် သည် သဘာဝလောကကြီးတစ်ခုလုံးရှိ ရုပ်ဝတ္ထုအရာများတွင် ရဟ်မသ်များကို အဆက်မပြတ်ပေးထားနိုင်စွမ်းသော်လည်း လူသားတို့၏ လက်တွေ့ဘဝအတွက် ရဟ်မသ်ဖြစ်သော လမ်းညွှန်ပြသချက် ဝဟီမရှိဘဲနေနိုင်ပါမည်လော။ယင်းသို့ဝဟီပို့ချအကျိုးပြုမှုအတွက် အလ္လာဟ်အရှင်မြတ်ထံတော် ဘာမျှမရှိနိုင်မဖြစ်နိုင်ဟုဆိုရမည်လော။ လူသားတို့ကို ဘဝတည်ဆောက်မှုတွင်ဆုံးရှုံးမှုနှင့်အချင်းချင်း ခေါင်းပုံဖြတ် သတ်ဖြတ်မှုအတွက် ဥပေက္ခာပြုလျစ်လျူရှုထားရမည်လော။

လူသားတို့အဖို့ အကျိုးပြုစေနိုင်သော အရာများကို မရေမတွက်နိုင်အောင် ပေးထားပါလျက်ဤတစ်ချက်ကိုတော့ အဘယ်ကြောင့်ဥပေက္ခာပြု ထားရပါသနည်း။ သို့ဖြစ်၍လည်း အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ဝဟီလမ်းညွှန်ချက်ကို ပို့ချရာတွင် လူ့ဘဝတည် ဆောက်မှုနှင့် ဆက်နွယ်နေသော အကြောင်းအရာများကို ကျမ်းဂန်အဖြစ်ပို့ချမှုနှင့်ယင်းနှင့်အတူရစူလ်တမန်တော်များ ကိုပို့ချပေးခဲ့ခြင်းနှင့်ပတ်သက်ပြီး ဖော်ပြရာတွင်လည်း ရဟ်မသ်နှင့်ပင်ယှဉ်၍ ဤသို့ပို့ချသည်ကိုဖော်ပြထားခြင်းကိုတွေ့ရမည်ဖြစ်သည်။

وَلَئِن شِئْنَا لَنَذْهَبَنَّ بِالَّذِي أَوْحَيْنَا إِلَيْكَ ثُمَّ لَا تَجِدُ لَكَ بِهِ عَلَيْنَا
وَكِيلًا إِلَّا رَحْمَةً مِّن رَّبِّكَ إِنَّ فَضْلَهُ كَانَ عَلَيْكَ كَبِيرًا

'ငါအလိုတော်ရှိခဲ့လျှင် သင်တို့ကိုပေးသနားတော်ဝဟီလမ်းညွှန်ချက်ကို ရုပ်သိမ်းနိုင်သည်၊ထိုအခါ ကိစ္စရပ်နှင့် ပတ်သက်၍ အသင်တို့အဖို့ရာတွင် ယင်းထက်ကောင်းမြတ်သော လမ်းညွှန်ချက်ကိုတွေ့နိုင်မည်မဟုတ်ချေ။ ဝဟီလမ်းညွှန်ချက်သည်သင်၏အရှင် အလ္လာဟ် ထံတော်မှ ရဟ်မသ်ကောင်းချီးမင်္ဂလာမှတပါး အခြားမဟုတ်ပြီ။ အရှင့်ဘက်တော်မှ အသင်တို့အပေါ်ဝယ် သနားကြင်နာခြင်းနှင့် ကရုဏာမေတ္တာတော်ထားရှိခြင်းသည် အလွန်မှပင်ကြီးမားလှဘိ၏။'' (၁၇ း ၈၆–၈၇)

تَنزِيلَ الْعَزِيزِ الرَّحِيمِ لِتُنذِرَ قَوْمًا مَّا أُنذِرَ آبَاؤُهُمْ فَهُمْ غَافِلُونَ

''ဤဝဟီလမ်းညွှန်ချက်ကို အနန္တစွမ်းအားတော်အရှင် မဟာကရုဏာတော် သခင်ကချပေးခြင်းဖြစ်သည်။ ဤကျမ်းဂန်အားဖြင့် ဘေးဘိုးစဉ်ဆက်အရ မည်သည့်တမန်တော်မြတ်၏သွန်သင်ဆုံးမလမ်းညွှန်ချက်ကိုမရရှိခဲ့ဘဲ လမ်းလွဲလမ်းမှားကို ရောက်နေသူတို့ကို သွန်သင်လမ်းပြရန် ဤကျမ်းဂန်ကို ပို့ချခြင်းဖြစ်သည်။'' (၂၆ း ၅–၆)

တောင်ရယ်ကျမ်း၊ အင်ဂျီလ်ကျမ်းနှင့်ကျမ်းတော်မြတ်ကုရ်အာန် ပို့ချခြင်း သည်လည်းရဟ်မသ်ဖြစ်ကြောင်းကိုအောက်ပါအတိုင်းဖော်ပြသည်။

وَمِن قَبْلِهِ كِتَابُ مُوسَى إِمَامًا وَرَحْمَةً

"ဤကုရ်အာန်ကျမ်းအလျင်က မူဆာထံပို့ချခဲ့သော ကျမ်းတစ်စောင်ရှိခဲ့သည်။ ထိုကျမ်းသည်လည်းလိုက်နာခြင်းနှင့် ရဟ်မသ်ကောင်းချီးမင်္ဂလာပင်ဖြစ်သည်။"(၁၁ း ၁၇)

يَا أَيُّهَا النَّاسُ قَدْ جَاءتْكُم مَّوْعِظَةٌ مِّن رَّبِّكُمْ وَشِفَاء لِّمَا فِي الصُّدُورِ وَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ

قُلْ بِفَضْلِ اللّهِ وَبِرَحْمَتِهِ فَبِذَلِكَ فَلْيَفْرَحُواْ هُوَ خَيْرٌ مِّمَّا يَجْمَعُونَ

"အိုလူသားအပေါင်းတို့ အသင်တို့အရှင်သခင်ထံမှ အသင်တို့ထံသို့ လမ်းညွှန်အဆုံးအမများ ရောက်ရှိလာပြီး ဤကျမ်းဂန်အားဖြင့် နှလုံးသားတွင် စွဲကပ်နေသော ဝေဒနာအပေါင်းကိုကုစားနိုင်ရန် ကုစားနည်းရှိသည်။ ဤကျမ်းသည် ဟိဒါယသ်လမ်းမှန်မှန်ပြကျမ်းဖြစ်သကဲ့သို့ ယုံကြည်သူတို့အဖို့ ရဟ်မသ်ကောင်းချီးမင်္ဂလာလည်းဖြစ်သည်။

အို တမန်တော်၊ ဟောကြားလော့၊ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ပေးထားသော အရာ၊ ရဟ်မသ်မင်္ဂလာအပေါင်းတို့ကို စဉ်းစားဆင်ခြင်မှု ပြုကြလော့၊ ထို ရဟ်မသ်တော်ကား သင်တို့ဘဝတာအတွက် စုပေါင်းထားသမျှသောအရာခပ်သိမ်းထက် သာလွန်မွန်မြတ်၏။

أَوَلَمْ يَكْفِهِمْ أَنَّا أَنزَلْنَا عَلَيْكَ الْكِتَابَ يُتْلَى عَلَيْهِمْ إِنَّ فِي ذَلِكَ لَرَحْمَةً وَذِكْرَى لِقَوْمٍ يُؤْمِنُونَ "

هَذَا بَصَائِرُ لِلنَّاسِ وَهُدًى وَرَحْمَةٌ لِّقَوْمٍ يُوقِنُونَ

"ဤကျမ်းတော်မြတ်သည် လူသားတို့အဖို့ရာ သက်သေသာဓက အထူးထူးဖြင့် ပို့ချသောအလင်းရောင်ကျမ်းဖြစ်သည်။ ယုံကြည်သောသူတို့အဖို့ရာတွင် ဟိဒါယသ်လမ်းမှန်ပြကျမ်းတော်လည်းဖြစ်သည်။ ရဟ်မသ်ကောင်းချီးမင်္ဂလာလည်းဖြစ်သည်။"(၄၅ း ၂၀)

"ထိုသူတို့အတွက် ဤကျမ်းတော်မြတ်ကုရ်အာန်သည် လုံလောက်သောသက်သေလက္ခဏာ လမ်းညွှန်ချက်မဟုတ်ပါလော။ ဤကျမ်းတော်မြတ်ကိုအသင်တို့အား ငါအရှင်မြတ်သည် ပို့ချ၍ ထိုသူတို့အား ကျမ်းပါလမ်းညွှန်ချက်များကို အသင်သည် မှန်မှန်ဖော်ပြလျှက်ရှိသည်။ မှတ်သားကြလော့၊ ဤကျမ်းတော်မြတ်သည် ယုံကြည်သူတို့အဖို့ရာတွင် ရဟ်မသ်ကောင်းချီးမင်္ဂလာ သတိပေးလမ်းညွှန်ချက်ဖြစ်သည်။" (၂၉ း ၅၁)

သို့ဖြစ်၍လည်း အစ္စလာမ်ဒေသနာကို ပို့ချခံရသော တမန်တော်မြတ်မုဟမ္မဒ်အားဖော်ပြရာတွင်လည်းအထက် ဖော်ပြပါနည်းနှင့် ရဟ်မသ်မင်္ဂလာဟူ၍ ဖော်ပြခြင်းဖြစ်သည်။

"အို... တမန်တော်၊ငါအရှင်သည်အသင်အား စေလွှတ်ရခြင်းကား ငါ၏ရဟ်မသ်

တော်ကို စကြဝဠာအားလုံးအတွက် ပေါ်ထွန်းလာစေဖို့ဖြစ်သည်။'' (၂၁ း ၁၀၇)

## လူ့ဘဝ၏လက်တွေ့လုပ်ဆောင်ကျင့်ကြံမှု၏ရလာဒ်ဆိုင်ရာဥပဒေကို ဖော်ညွှန်းရာတွင် လည်း ရဟ်မသ်ကို သက်သေထူထားပြန်ခြင်း။

လူသားတို့၏ လက်တွေ့ဘဝကျင့်ကြံမှုဆိုင်ရာ ဥပဒေကို သက်သေပြရာတွင် ကျမ်းတော်မြတ်ကုရ်အာန်၏ အလွန် ထူးခြားဆန်းကျယ်လှသောအချက်ကို ဖော်ပြသည်။ ယင်းသို့ဖော်ပြရာတွင် ရဟ်မသ်ကရုဏာတော်ကြောင့်သာလျှင် ကမ္ဘာလောကကြီးတွင် လက်တွေ့ဆောင်ရွက်ကျင့်ကြံမှုကြောင့် ရလာဒ်ကောင်းများ ကောင်းမြတ်သောအမြတ်အစွန်းသည်သာလျှင် ကျန်ရစ်ကြောင်းပြဆိုသည်ဆို၏။

ဆိုလိုသည်ကားမည်သည့်အရာတွင်မဆို ကောင်းမြတ်သော အမြတ်အစွန်း ရလာဒ်သည်သာလျှင် မကောင်းမှုများကိုချေဖျက်လျှက်ကျန်ရစ်မည်ဟူ၏။ အကယ်၍ ကောင်းမြတ်သောအရာများ၏ရလာဒ်နှင့်အတူမကောင်းသော ကျင့်ကြံမှု ၏ ရလာဒ်များကလည်း အသားတင်တွဲပြီး ကျန်ရစ်ခဲ့မည်ဆိုလျှင် ဘဝ၏အဓိပ္ပါယ်သည် အလဟဿဖြစ်ရတော့မည်။ လူတို့အဖို့ရာတွင် ဖော်ပြပါကောင်းမြတ်သော အမြတ်အစွန်းရလာဒ်အတွက် ကြိုးပမ်းလှုပ်ရှားမည်လည်း မဟုတ်ပါချေ။

သို့ဖြစ်၍ ပြုလုပ်မှုတိုင်းအတွက် လုပ်ဆောင်မှုတိုင်းအတွက် ယင်းတို့မှာ ကောင်းမြတ်မှု၏ ရလာဒ်နှင့် ဆိုးယုတ်မှုတို့၏ရလာဒ်ကို တိုင်းတာသောဥပဒေသည် ရှိသည်။ ယင်းကောင်းမြတ်မှုနှင့် ဆိုးယုတ်မှုမှသည် အသားတင်အမြတ်အစွန်း ထုတ်ယူ၍ထာဝရရလာဒ်ကိုထားရှိသည်၊ ယင်းဥပဒေသသည်လည်း လူသားအား လုံးအတွက်ဖြစ်သည်ကိုကျမ်းတော်မြတ်ကုရ်အာန်ကဖော်ပြသည်ကို တွေ့မြင်ရပေသည်။

အထက်ပါအချက်နှင့်စပ်လျဉ်း၍ ကျမ်းတော်မြတ်ကုရ်အာန်တွင် အောက်ပါ စကားရပ်နှစ်ခုကို အစဉ်သုံးစွဲထားသည်။ တစ်ခုကား ဟတ်(က) အမှန်တရားဖြစ်ပြီး ကျန်တစ်ခုကား ဗာသိလ် မမှန်ကန်သူဟူ၍ ဖြစ်သည်။ စူရာဟ် ရအ်ဒ် (ကဏ္ဍ ၁၃) တွင် ကောင်းမြတ်မှုအသားတင် ကျန်ရစ်စေမည့် ဥပဒေသနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ယင်း၏ရည်ရွယ်ချက်က ''ဟတ်(က) အမှန်တရားနှင့် ဗာသိလ် မမှန်ကန်သူကို ခွဲခြားနိုင်ရန်ဖြစ်သည်၊

كَذَٰلِكَ يَضْرِبُ اللَّهُ الْحَقَّ وَالْبَاطِلَ

''ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် အမှန်တရား ဟတ်(က)နှင့် မမှန်ကန်မှု ဗာသိလ်၏ ဥပမာတစ်ခုကို ဖော်ညွှန်းခြင်းဖြစ်သည်။'' (၁၃ း ၁၇)

ဤအချက်ကိုရှင်းလင်းပြရာတွင်အောက်ပါအတိုင်းတွေ့ရသည်။

فَأَمَّا الزَّبَدُ فَيَذْهَبُ جُفَاء وَأَمَّا مَا يَنفَعُ النَّاسَ فَيَمْكُثُ فِي الأَرْضِ كَذَلِكَ يَضْرِبُ اللّهُ الأَمْثَالَ

لِلَّذِينَ اسْتَجَابُواْ لِرَبِّهِمُ الْحُسْنَى وَالَّذِينَ لَمْ يَسْتَجِيبُواْ لَهُ لَوْ أَنَّ لَهُم مَّا فِي الأَرْضِ جَمِيعًا

وَمِثْلَهُ مَعَهُ لاَفْتَدَوْاْ بِهِ أُوْلَـئِكَ لَهُمْ سُوءُ الْحِسَابِ و

"အမြှုပ်အချေး စသည်တို့ကား အသုံးမဝင်သောအရာဖြစ်၍ တရွေ့ရွေ့ခန်းခြောက်သွားရသည်။ အသုံးဝင်သောအရာများသည်ကား မြေပေါ်ဝယ်ကျန်ရစ်ခဲ့ကြရသည်။ ဤပုံဆောင်ဥပမာများကို လူတို့ဆင်ခြင်ဖို့ရာ ငါအရှင်ကပြသခြင်းဖြစ်သည်။ အရှင်၏ကျမ်းတော်မြတ်ကုရ်အာန်က ဝဟီလမ်းညွှန်ချက်ကို လိုက်နာသူတို့အတွက် သုချမ်းမြေ့ခြင်းသည် ရှိသည်။ အကြင်သူသည် လက်မခံ ငြင်းပယ်သည်ရှိသော် သူတို့၏ရှိရှိသမျှအရာအားလုံး လက်ဝယ်ရှိနေရုံမက ထိုထက်မက ချဲ့ထွင်သောအရာများကိုအစားထိုးပေးနိုင်လျှင်လည်းထိုသူတို့အဖို့ လုပ်ရပ်နှင့်ပတ်သက်၍ လွတ်မြောက်နိုင်မည်မဟုတ်ပါချေ။"

(၁၃ ፡ ၁၇-၁၈)

အရဗီစာပေတွင်'ဟက္ကကာ" حقّق၏ အဓိပ္ပါယ်မှာ ခိုင်ခံ့သော သက်သေသာဓကနှင့် တည်ရှိပိုင်ခွင့်ကို ခေါ်ဆိုခြင်းဖြစ် သည်။ အကြောင်းအရာတစ်ခုသည် ခိုင်လုံမှုရှိပြီး တိကျမှုနှင့် တည်တံ့မှုရှိလျှင် ယင်းကို 'ဟတ်(က)'ဟု ခေါ်ဆိုသည်။ ဗာသိလ်ဟူသော စကားလုံးသည် ဖော်ပြပါစကားလုံး၏ ဆန့်ကျင်ဘက်ဖြစ်သည်။ အရာတစ်ခုသည် ခိုင်လုံတိကျခြင်းလည်းမရှိ ရွေ့လျားခံရသည့်အပြင် ပျောက်ကွယ်ခံရပြီး အစဉ်သဖြင့် တည်ရှိမှုမရှိသောအရာကိုကျမ်းတော်မြတ်ကုရ်အာန်က ဗာသိလ် ဟု ခေါ်ဆိုသမုတ်ခြင်းဖြစ်သည်။ لِيُحِقَّ الْحَقَّ وَيُبْطِلَ الْبَاطِلَ

"အမှန်တရားသည်မှန်ကန်သည့်အလျောက် ထင်ရှားသကဲ့သို့ မဟုတ်မတရားပြုကျင့်သူတို့သည်လည်း ဆုံးရှုံးပျက်စီးခံရပေမည်။" (၈ ፡ ၈)

သဘာဝလောကကြီးသည်အမြတ်အစွန်းအကျိုးဖြစ်ထွန်းမှုရှိသော အရာများကို ဆန်ကာချဆန်းစစ်ယူခြင်းမှ ယင်းအရာများသည်သာ အသားတင်ကျန်ရစ်သည်။ မဟုတ်မတရားသောအရာများသည် နောက်ဆုံး၌ချေဖျက်ဖျက်ဆီးခြင်းခံရသည်သာဖြစ်သည်။ ဤကဲ့သို့ပင် လူ၏လက်တွေ့ဘဝတွင်လည်း အမှန်တရားပေါ်တွင် အခြေခံသော လုပ်ဆောင်ချက်များသည် တည်တံ့ခိုင်ခန့်စွာရပ်တည်ကျန်ရစ်ပြီး မဟုတ်မတရားသော လုပ်ဆောင်ချက်များမှုကား ပျောက်ပြယ်ပျက်စီးသွားရသည်သာ။

အမှန်တရားနှင့် မတရားမှုတို့ ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပေါ်သောအခါ အသားတင်ကျန်ရစ်အောင်ပွဲခံရသည်မှာအမှန်တရားပင်ဖြစ်သည်။ယင်းကို အမှန်

တရား တည်တံ့ရပ်တည်မှုဥပဒေသဟု ခေါ်ဆိုသည်။ သဘာဝလောက၏ အရှင်သခင် အလ္လာဟ်အရှင်မြတ်သည် မတရားမှုဘက်မှမဟုတ်။ အမှန်တရားဘက်မှ ရပ်တည်နေသည်ကို အစဉ်သတိပြုအပ်သည်။

ذَا جَاء أَمْرُ اللَّهِ قُضِيَ بِالْحَقِّ وَخَسِرَ هُنَالِكَ الْمُبْطِلُونَ

''သတ်မှတ်ထားသော အချိန်ရောက်ရှိ၍ အလ္လာဟ်အရှင်မြတ်၏အမိန့်တော် ချမှတ်ခံရလျှင် သစ္စာတရားကို အခြေခံသည့်သော ပြဌာန်းခံရမည်သာ။ မဟုတ်မတရားသော သူတို့အဖို့ရာကား ပျက်စီးဆုံးရှုံးမှုနှင့် အဆုံးသတ်လတ့်။'' (၄၀ ႏ ၇၈)

ထို့ကြောင့် လက်တွေ့ဘဝဖြစ်ရပ်များ၏ရလာဒ်ကို အစိပ္ပါယ်ဖွင့်ဆိုရာတွင် ဟတ်(က)အမှန်တရားနှင့်'ဗာသိလ်' မတရားမှုကို သုံးစွဲရခြင်းဖြစ်သည်။ သို့ဖြစ်၍ ဟတ်(က) အမှန်တရားဟူသည်ကား တည်တံ့ခိုင်မြဲမှုရှိခြင်းကိုခေါ်ဆိုပြီး ဗာသိလ် မတရားမှုဟူသည်ကား ပျောက်ပျက်ပျက်စီးခံရမှုဖြင့် အဆုံးသတ်ခြင်းကို ခေါ်သည်။ ကျမ်းမြတ်ကုရ်အာန်က ဤအရာသည် ဟတ်(က)အမှန်တရားဖြစ်သည်ဆိုရာတွင် မှန်းဆချက်နှင့်ဆိုခြင်း မဟုတ်ပါ။ ယင်းသတ်မှတ်ချက်သည် သတ်မှတ်ထားသော စံချိန်အားဖြင့် ကိုက်ညီခြင်းသဘောကိုဆိုခြင်းသာဖြစ်သည်ကို သတိပြုသင့်သည်။ ယင်းစံချိန်သတ်မှတ်ချက်ကို ဆန်းစစ်ယူ၍ ရနိုင်ပါသည်။

ဤအရာသည် အမှန်တရားဖြစ်သည်ဟု ကုရ်အာန်ကဆိုလျှင် ယင်းသည် ပျောက်ပျက်ခံရမည်မဟုတ်သောတည်တံ့ခိုင်ခန့်သောအရာဖြစ်သည်ကို နားလည်ရမည်။ ဤအရာသည် မတရားသောအရာဖြစ်သည်ဟုဆိုလျှင်လည်း ယင်းသည် ကြာရှည်ခံနိုင်မည်မဟုတ်သော ခိုင်ခန့်မှုမရှိသောအရာဖြစ်ကြောင်းကို နားလည်သင့်ပေသည်။ သို့ဖြစ်၍ အမှန်တရားကို မည်သူမျှ ဥပေက္ခာမျက်မောက်ပြုနိုင်စွမ်းမရှိ။ နောက်ဆုံး၌အသိအမှတ်ပြုခံရပေမည်။ ထိုနည်းတူစွာပင်မတရားသော သူတို့အနေနှင့်လည်း ဖျက်ဆီးခံရမည်ကိုမျက်ဝါးထင်ထင်ရှုမြင်ကြရပေမည်။

အလ္လာဟ်အရှင်မြတ်၏ ဆိဖာသ်ဂုဏ်တော်တစ်ခုမှာ 'အလ်ဟက်' ဖြစ်သည်။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်ထက် ကြီးကျယ်မြင့်မြတ်သောအရှင် ဟတ်(က)သည်မရှိပါ။ အလ္လာဟ်အရှင်မြတ်သည် ထာဝရတည်ရှိသောအရှင် ဖြစ်သည်။

فَذَٰلِكُمُ اللَّهُ رَبُّكُمُ الْحَقُّ

''အလ္လာဟ်အရှင်မြတ်သည် အလ် ဟတ်(က) ဖြစ်တော်မူသည်။'' (၁၀ ႏ ၃၂)

فَتَعَالَى اللَّهُ الْمَلِكُ الْحَقُّ

"အလ္လာဟ်အရှင်မြတ်သည် အမြင့်မြတ်ဆုံးသော စိုးပိုင်သောအရှင် အလွန်ကြီးကျယ်မြင့်မြတ် လှသော 'အလ်ဟတ်က် ဖြစ်တော်မူသည်။" (၂၀ း ၁၁၄)

## ဝဟီလမ်းညွှန်ချက်သည်လည်းအလ်ဟတ်(က)ဖြစ်သည်၊

ကျမ်းတော်မြတ်ကုရ်အာန်က ဝဟီလမ်းညွှန်ချက်ပို့ချခြင်းကိုလည်း ဟတ်(က)ဟူ၍ ခေါ်ဆိုထားသည်။ အကြောင်းမှု ယင်းကျမ်းတော်မြတ်ကုရ်အာန် သည် ကမ္ဘာသူကမ္ဘာသားလူသားအပေါင်းအတွက်တည်တံ့ခိုင်မြဲသော အမှန်တရား ပင်ဖြစ် သောကြောင့် ဖြစ်ပါသည်။ လူမျိုးတစ်မျိုး လူ့အဖွဲ့အစည်းတစ်ရပ်ရပ်က ယင်းကိုဖျက်လိုဖျက်ဆီးပြုရန် ကြိုးစားသောအခါတိုင်း ယင်းသူတို့သာလျှင် ဤလောကကြီးမှ ပျောက်ပျက်ခဲ့ရသည့်သာဓကရှိသည်။ ယင်းသူတို့နှင့်ပတ်သက်၍ နိမိတ်လက္ခဏာများပင်ကျန်ရစ်ခဲ့ခြင်းမရှိတော့ပါ။ ဝဟီလမ်းညွှန်ချက်ကမူ ယနေ့ တိုင် လမ်းညွှန်မှုမပျက်ရှိနေသည်ကိုတွေ့ရပေမည်။

قُلْ يَا أَيُّهَا النَّاسُ قَدْ جَاءَكُمُ الْحَقُّ مِن رَّبِّكُمْ فَمَنِ اهْتَدَى فَإِنَّمَا يَهْتَدِي
لِنَفْسِهِ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا وَمَا أَنَاْ عَلَيْكُم بِوَكِيلٍ
وَاتَّبِعْ مَا يُوحَى إِلَيْكَ وَاصْبِرْ حَتَّىَ يَحْكُمَ اللهُ وَهُوَ خَيْرُ الْحَاكِمِينَ

"ဟောပြောလော့၊ အို လူသားမျိုးနွယ်ဝင်တို့၊ အသင်တို့၏ အရှင်သခင်အထံ တော်မှ ဟတ်(က) အမှန်တရားသည် ရောက်ရှိလာပြီဖြစ်သည်။ အကြင်သူတစ်ဦး တစ်ယောက်သည် ယင်းဖြောင့်မတ်သောလမ်းကို ရွေးချယ်ခဲ့လျှင် ထိုသူ၏အကျိုးအမြတ် အတွက်သာလျှင်ဖြစ်သည်။ အကြင်သူသည် မမှန်ကန်သောမရိုးသားသော လမ်းကြောင်း အမှားကို ရွေးချယ်ခဲ့လျှင်လည်း ယင်းကြောင့် နစ်နာဆုံးရှုံးမှုသည်လည်း ထိုသူအဖို့သာလျှင် ခံစားရပေမည်။ ငါ၏အလုပ်ကား ဟတ်(က)လမ်းမှန်ကို ညွှန်ပြမှုသက်သက်သာဖြစ်သည်။ ငါသည် အသင်တို့အပေါ်ဝယ် အစောင့်အကြပ်အဖြစ် တာဝန်ပေးခံရသူမဟုတ်ပါ။ အို တမန်တော်၊ ငါအရှင်က အသင့်အား ဝဟီညွှန်ကြားပို့ချပေးသကဲ့သို့ ဘဝတည်ဆောက် လိုက်နာ ကျင့်ကြံလော့။ ကြံ့ကြံ့ခံ ရပ်တည်မှုအပေါ် ရပ်တည်လော့။ ယင်းကြံ့ကြံ့ခံ ရပ်တည်မှုကို အလ္လာဟ်အရှင်မြတ်က ဆုံးဖြတ်ချက်ချသည်အထိ ရပ်တည်လော့။ အလ္လာဟ်အရှင်မြတ်၏ ဆုံးဖြတ်ချက်သည်သာ အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်သည်။"

(၁၀ း ၁၀၉-၁၁၀)

وَبِالْحَقِّ أَنزَلْنَاهُ وَبِالْحَقِّ نَزَلَ "အို . . . တမန်တော်၊ ငါ့အထံတော်မှ ကျမ်းတော်မြတ် ကုရ်အာန် ကျရောက်လာခြင်းသည် ဟတ်(က)အမှန်တရား ဖြစ်သည်။ ဤကျမ်းဂန်လူသား တို့အပေါ် ကျရောက်လာခြင်းကလည်းဟတ်(က) အမှန်တရားအပေါ် အခြေခံသည်။"

(၁၇ ： ၁၀၅)

ကျမ်းတော်မြတ်ကုရ်အာန်သည် လူသားတို့အတွက် အကျိုးဖြစ်ထွန်းမှုကို ဖော်ပြလိုလျှင် ယင်းကိုဟတ်(က)အမှန်တရားဟူ၍ တိုတိုတုတ်တုတ် ဖော်ပြလေ့ရှိသည်။ ကုရ်အာန်သည် အခြေအနေအမျိုးမျိုးတွင် လမ်းညွှန်မှုပြုရာတွင် ယင်းကဲ့သို့ ပင် ဟတ်(က) အမှန်တရား ဟုဆိုကာ နှုတ်ပိတ်လေ့ရှိ၏။ အကြောင်းမှု သဘာဝလောကကြီး၏ အရှင်သခင်ဘက်တော်မှ အသားတင်အမြတ်အစွန်းအဖြစ် လူသားတို့အားဖြစ်ထွန်းစေသောအရာသည် ဟတ်(က) အမှန်တရားပင်ဖြစ်ခြင်းမို့ ယင်းကို ရှည်ရှည်ဝေးဝေး ဖော်ပြရန်မလိုအပ်ပါ။ ယင်းဖော်ပြချက်သည်ပင်လျှင် စင်စစ်အားဖြင့်နောက်ဆုံးကျန်ရစ်မည့် အသားတင် အမြတ်အစွန်းပင်ဖြစ်ပေသည်။

## ဟတ်(က) အမှန်တရားနှင့် ဗာသိလ်မမှန်ကန်မှု တို့စပ်ကြား ပဋိပက္ခအားပြိုင်မှု

ကျမ်းတော်မြတ်ကုရ်အာန်သည် အမှန်တရားနှင့် မမှန်ကန်မှုတို့ စပ်ကြားတွင် ဖြစ်ပေါ်သော အားပြိုင်မှုများနှင့် ပဋိပက္ခ များကို လိုအပ်သောနေရာများတွင် လိုအပ်သကဲ့သို့ ဖော်ပြသည်။ အကြောင်းအရာတစ်ခုသည် အမှန်တရားအပေါ် စည်းစနစ်ကျစွာ တည်ဆောက်ထားမှုကြောင့် အမှန်တရားသည် အောင်ပွဲခံရသည့်အကြောင်းကိုလည်းဖော်ပြသည်။ ယင်းသို့ ဖော်ပြရာတွင် နောက်ဆုံးတွင် ကဇ္ဇာဖိလ်ဟတ်(က)ဟုသော အမှန်တရားသာတည်တံ့ရသည့်ဥပဒေကို ဖော်ညွှန်းပြသသည်။မည်သည့်အကြောင်းအရာကိုမဆို ယင်းဥပဒေရှုထောင့်မှသာ ကြည့်ရှုသုံးသပ်ရန်ညွှန်ပြသည်။ بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهُ فَإِذَا هُوَ زَاهِقٌ

ငါအရှင်၏ ဥပဒေသသတ်မှတ်ချက်ကား အမှန်တရားနှင့် မမှန်ကန်မှုတို့စပ်ကြား အားပြိုင်မှုတွင် မမှန်ကန်မှုသည်ကြေမွခံရသည်။ ယင်းနောက် လုံးဝပျောက်ကွယ် သွားရသည်။ ''

(၂၁ ： ၁၈)

وَقُلْ جَاءَ الْحَقُّ وَزَهَقَ الْبَاطِلُ إِنَّ الْبَاطِلَ كَانَ زَهُوقًا

''ပြောကြားလော့ သစ္စာတရားသည် ပေါ်ထွန်းထင်ရှားလာပြီ။ မမှန်ကန်မှုတို့သည်လည်း ပျောက်ကွယ်ခဲ့ရပြီ၊ အမှန်စင်စစ် မမှန်ကန်သူတို့သည်ကား ပျောက်ကွယ်ရစမြဲပင် ဖြစ်သည်။''

(၁၇ ： ၈၁)

အမှန်တရားဘက်တွင် အလ္လာဟ်အရှင်မြတ်၏ စောင်မမှုနှင့်ခိုင်လုံသော သက်သေခံရပ်တည်မှု အမြဲရှိသည်။ သို့ဖြစ်၍သတ်မှတ်သောအချိန်တွင်

သစ္စာတရားသည် ပေါ်ထွန်းလာမြဲဖြစ်သည်။ "ဟတ်(က)နှင့် ဗာသိလ်"စပ်ကြား ပဋိပက္ခတွင် အလ္လာဟ်အရှင်မြတ်သည် အမှန်တရားလက်ကိုင်သူတို့နှင့် အတူရှိသည်ကို ထိုအချိန်ကျမှ မျက်ဝါးထင်ထင်မြင်ရတော့သည်။ ထို့အတူ မမှန်ကန်သူတို့ဘက်တွင် မည်သူရှိသည်ကိုလည်း သိရတော့သည်။ ဤသို့အားဖြင့် သစ္စာဝါဒီ အောင်ပွဲခံသည့် ဥပဒေသဖြစ်သည့် 'ကဗ္ဗာဗိလ်ဟတ်(က)အား တည်မြဲသော အသွင်ဖြင့် ကြေငြာလိုက်ခြင်းဖြစ်သည်။

قُلْ كَفَى بِاللَّهِ بَيْنِي وَبَيْنَكُمْ شَهِيدًا يَعْلَمُ مَا فِي السَّمَاوَاتِ وَالْأَرْضِ
وَالَّذِينَ آمَنُوا بِالْبَاطِلِ وَكَفَرُوا بِاللَّهِ أُولَٰئِكَ هُمُ الْخَاسِرُونَ

"ပြောကြားလော့၊ ကျွန်ုပ်တို့အဖို့ မည်သူတစ်ဦးတစ်ယောက်၏ ထောက်ခံမှုမလိုကျွန်ုပ်တို့အတွက် အလ္လာဟ်အရှင်မြတ်သည် နှစ်ဦးစပ်ကြား သက်သေအဖြစ် ရှိနေခြင်းသာလျှင် လုံလောက်သည်။ မိုးကောင်းကင်များနှင့်တကွ ကမ္ဘာမြေကြီး အတွင်းရှိရှိသမျှသော အရာများကို အလ္လာဟ်အရှင်မြတ်သိတော်မူ၏။အကြင်သူသည် အမှန်တရားကို ဥပေက္ခာပြုကာ မမှန်ကန်မှုကို လက်ခံခဲ့ပြီး အလ္လာဟ်အရှင်မြတ်၏ သက်သေခံမှုကို ငြင်းပယ်ခဲ့သည်ရှိသော် ယင်းသူသည်သာလျှင် ပျက်စီး ဆုံးရှုံးသောသူတွင် ဖြစ်မည်။" (၂၉ ： ၅၂)

قُلْ أَيُّ شَيْءٍ أَكْبَرُ شَهَادَةً قُلِ اللَّهِ شَهِيدٌ بَيْنِي وَبَيْنَكُمْ

"မည်သည့်သက်သေသာဓကသည် အကြီးမားဆုံး ဖြစ်သနည်း။ ပြောကြားလော့၊ အလ္လာဟ်အရှင်မြတ်၏သက်သေသည် အသင်နှင့်ကျွန်ုပ်တို့စပ်ကြားတွင် အကြီးမားဆုံးဖြစ်သည်။" (၆ ： ၁၉)

ကျမ်းတော်မြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ဖြစ်သော ကုရ်အာန်ကို အဘယ်အကြောင်းကြောင့် ငြင်းပယ်ဥပေက္ခာပြုရကြောင်းကို မေးမြန်းထား၏။ တစ်ဖန် ကုရ်အာန်ကပင် သဘာဝလော့ကကြီးတစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်၏သတ်မှတ်ပေးထားသော လမ်းညွှန်ချက်ပေါ်တွင် တသွေမတိမ်းလိုက်နာနေကြောင်းဖော်ပြသည်။ သဘာဝလောကကြီး၏ စနစ်အနေဖြင့် သူ၏လည်ပတ်မှု၊ လုပ်ဆောင်မှုတို့မှကောင်းမြတ်မှုနှင့် ဆိုးယုတ်မှုများကို ဆန်ကာခံစစ်ဆေး၍ အကောင်းဆုံးသောအသားတင်ရလာဒ်ကို အမြတ်အစွန်းအဖြစ် ကျန်ရစ်အောင် မလုပ်ဆောင်နိုင်ခဲ့လျှင်မူ ဤသဘာ ဝလောကကြီး၏ စနစ်တစ်ခုလုံးသည် ပရမ်းပတာဖြစ်ကာပျက်စီးခြင်းမလှပျက်စီးကိန်းကို ရောက်ရှိရပေမည်။ ကျွန်ုပ်တို့အဖို့ သဘာဝလောကကြီး၏ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုမှ အမှန်တရားကို သုံးသပ်အတည်ပြုနိုင်ခဲ့သေးလျှင် လက်တွေ့ဘဝ၏အဓိပ္ပါယ်ရှိသော ပြောင်းလဲမှုကိုမူ အဘယ်ကြောင့် ဥပေက္ခာပြုငြင်းဆိုရမည်နည်း။

وَلَوِ اتَّبَعَ الْحَقُّ أَهْوَاءَهُمْ لَفَسَدَتِ السَّمَاوَاتُ وَالْأَرْضُ وَمَن فِيهِنَّ

''အကယ်၍ ဟာဗ်(က) သစ္စာတရားသည် ထိုသူတို့၏ ဖြစ်စေလိုသော စိတ်၏စေရာ ဆန္ဒနောက်သို့ လိုက်နာခဲ့လျှင် ကောင်းကင်နှင့်တကွ ပထဝီမြေကြီးပေါ်ရှိ အရာအားလုံးသည် ဖရိုဖရဲဖြစ်ကာ ကျွန်ရစ်ပါတော့မည်သာ။''(၂၃ း ၇၁)

ကျမ်းတော်မြတ်ကုရ်အာန်သည်ဖော်ပြပါအမှန်တရားနှင့် မမှန်ကန်မှု စပ်ကြားတွင် ဖြစ်ပေါ်သောပဋိပက္ခတွင် ရလာဒ်အဖြေကို အလောတကြီး အလျင်အမြန်ဖြစ်ပေါ်စေမှုကိုဆန္ဒမစောဘဲ သတ်မှတ်သောအချိန်ကာလအထိ စောင့်ဆိုင်းစေသည်။ယင်းစောင့်ဆိုင်းမှု၏ရလာဒ်အနေဖြင့်သာလျှင် အမှန်တရားနှင့် မမှန်ကန်မှု စပ်ကြားတွင် ဖြစ်ပေါ်လာသောပဋိပက္ခ၏အဖြေကိုသိရှိရပေမည်။

قُلْ فَانتَظِرُوا إِنِّي مَعَكُم مِّنَ الْمُنتَظِرِينَ

''အသင်တို့ မျှော်လင့်စောင့်ဆိုင်းကြလော့၊ ငါသည်လည်းသင်တို့နှင့်အတူ မျှော်လင့်စောင့်ဆိုင်းသူများအတွင်းမှဖြစ်သည်။'' (၁၀ း ၁၀၂)

''ကဗ္ဗာဗိလ်ဟာတ်(က)၏ ရလာဒ်သည် မမှန်ကန်မှုကို ချက်ချင်းအဆော တလျင် ချေဖျက်ပြီး ကောင်းမြတ်မှုအမှန် တရားကို ချက်ချင်းအောင်ပွဲခံယူခြင်းကို အဘယ်ကြောင့်မဖြစ်စေသနည်း။ ကုရ်အာန်ကဆိုသည်။ ဤသို့မဖြစ်နိုင်ပါ။ ဤသို့ မဖြစ်ရခြင်းမှာ ရဟ်မသ်၏အကြောင်းရင်းခံသဘောကြောင့်ဖြစ်သည်။

ရဟ်မသ်သည် သဘာဝလောကကြီးအား တဖြေးဖြေးဆင့်ကဲဖြစ်ပေါ်လာမှုကို ဆောင်ရွက်ပေးသကဲ့သို့ပင် အဓိပ္ပါယ်ရှိသောလက်တွေ့ဘဝတွင်လည်း ထိုနည်းနှင်နှင်ပင်ကျင့်သုံးခြင်းဖြစ်သည်။ ဤသို့သောစနစ်သာမရှိခဲ့လျှင်မူ လောကကြီးတွင် မည်သည့်အဖွဲ့အစည်းဝင်များသည်သော်မျှ သူတို့၏မှား ယွင်းသောလုပ်ရပ်ကြောင့် အသက်ရှင်ရပ်တည်ခွင့်ရမည်မဟုတ်ဘဲ ပျက်စီးသွားလိမ့်မည်ဖြစ်သည်။

وَلَوْ يُعَجِّلُ اللَّهُ لِلنَّاسِ الشَّرَّ اسْتِعْجَالَهُم بِالْخَيْرِ لَقُضِيَ إِلَيْهِمْ أَجَلُهُمْ

''လူသားများသည် လုပ်ဆောင်ခြင်း၏ရလာဒ်ကို အလျင်အမြန်ဖြစ်ထွန်းစေလိုသကဲ့သို့ အလ္လာဟ်အရှင်မြတ်က လူသားတို့အား လုပ်ဆောင်ချက်နှင့်ပတ်သက်၍ ပြစ်ဒဏ်အလျင်အမြန်ချမှတ်ခဲ့ပါမူ လူသားဘို့အဖို့သူတို့၏ဆိုးကျိုးအပြစ် များကို ချက်ချင်းခံစားရကာ သတ်မှတ်ထားသောကြားကာလ၏ အကျိုးအမြတ်ကိုမခံစားရဘဲ လက်လွှတ် ကုန်လွန်သွား ပေလိမ့်မည်တည်း။'' (၁၀ း ၁၂)

ကုရ်အာန်က ဆိုသည်။ သက်ရှိလောကကြီးတွင် အရာအားလုံးသည် တဖြေးဖြေးဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာသကဲ့သို့ လုပ်ဆောင်ချက်အားလုံးသည်လည်း

တဖြေးဖြေးသူ၏အကျိုးဆက်ကို သတ်မှတ်ထားသောအချိန်၊ သတ်မှတ်ထားသော ကာလ၊သတ်မှတ်ထားသောဘောင်သို့ရောက်မှကွက်ကွက်ကွင်းကွင်း ရုပ်လုံးပေါ်လာ ရသည်။ ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်အရှင်မြတ်က သတ်မှတ်ထားသော သဘာဝ လောကကြီး၏ ဥပဒေကြောင့်ပင်ဖြစ်သည်။

အထက်ပါအချက်များကိုဥပမာများဖြင့် ဖော်ပြရလျှင် သဘာဝလောကကြီး အတွက် သတ်မှတ်ထားသောဥပဒေအရ ရေကိုမီးပေါ်တွင်ထားရှိလျှင် ပူလာမည်။ သို့ရာတွင် ရေသည် ချက်ချင်းပူလာခြင်းမဟုတ်။ ရေပူစေရန် သတ်မှတ်ထားသော အပူချိန်ကို မူလကတည်းက သတ်မှတ်ပြီးသားရှိသည်။ သို့ဖြစ်၍ သတ်မှတ်အပူချိန် ရောက်ရှိလာသည်အထိ စောင့်ဆိုင်းရမည်။ မီးပေါ်တွင် ရေကိုတင်လျှင် ချက်ချင်းပူ လာသည်မဟုတ်ပါ။ ထိုထက်ပို၍ ရေကိုပူလာစေလိုလျှင်မူ ထပ်မံ၍ အပူချိန်ကို စောင့်ဆိုင်းရပေမည်။ ဤကဲ့သို့ပင် လူ့လောကရှိ လုပ်ရပ်များ၏အဖြေများကို သတ်မှတ်ထားသောအချိန်ထိ စောင့်ဆိုင်းရသည်။ ယင်းသတ်မှတ်ချိန်ရောက်မှ အကျိုးဆက်သည် ပေါ်ထွန်းလာရသည်။ သို့ဖြစ်၍ အရေးကြီးသည့်အချက်က လုပ်ဆောင်ချက်၏အကျိုးဆက်သည် သတ်မှတ်ထားသောအချိန်အတွင်း ဖြစ်ပေါ် ထွန်းလာခြင်းမရှိခင်ကာလအထိ အဖြေကိုစောင့်မျှော်ရန်သာရှိသည်။

အထက်ဖော်ပြချက်အရ သိရှိရသည်မှာ လုပ်ရပ်တစ်ခု၏ အကျိုးဆက် သည် တဖြေးဖြေးကြီးထွားဖြစ်ပေါ်လာရသည်။ ယင်းကြီးထွားမှုသည် ကောင်းမြတ် သော အမှန်တရားနှင့် ဆိုးယုတ်သော အမှားအယွင်း နှစ်ခုစလုံးတွင်ရှိသည်။ ယင်းကိုကုရ်အာန်ကသအ်ဂျီလ် تاجيل ဟုခေါ်သည်။ အဓိပ္ပါယ်မှာ သတ်မှတ်ထား သော အချိန်ထိစောင့်ဆိုင်းမှုပင်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းကြောင့် အောင်မြင်မှု ရသောသူတို့သည်လည်း သူတို့၏စွမ်းအင်ကို မွေးမြူဖွံ့ဖြိုးစေနိုင်သည်။ ထိုနည်းတူ စွာ ဆိုးယုတ် သူတို့မှာလည်း တဖြေးဖြေး အားအင်ကုန်ခမ်းကာ ဖနာပျက်သုဉ်းခြင်း သို့ ရောက်စေသည်။ အခြေအနေတိုင်းအတွက် သတ်မှတ်ချက်ရှိသည်။ ယင်းသတ်မှတ်ချက်များသည် အချို့သောလုပ်ရပ်အတွက် အလွန်ရှည်လျားပြီး အချို့သောလုပ်ရပ်အတွက် အလွန်တိုတောင်းလှပေသည်။

فَإِن تَوَلَّوْا فَقُلْ آذَنتُكُمْ عَلَى سَوَاءٍ وَإِنْ أَدْرِي أَقَرِيبٌ أَم بَعِيدٌ مَّا تُوعَدُونَ ،

إِنَّهُ يَعْلَمُ الْجَهْرَ مِنَ الْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ وَإِنْ أَدْرِي لَعَلَّهُ فِتْنَةٌ لَّكُمْ وَمَتَاعٌ إِلَى حِينٍ .

“ထိုသူတို့သည် ငြင်းတွားမှုပြုလျှင် အို တမန်တော်၊ ထိုသူတို့အား ပြောပြပါလေ။ အသင်တို့အား တညီတညွတ်တည်း သတင်းကိုပေးခဲ့ပြီးဖြစ်သည်။ သင်တို့အား ကတိပေး

ထားသည့်အတိုင်း မကောင်းမှု၏ရလာဒ်အဖြေကိုရရှိမည့်နေ့သည် နီးကပ်လာသည်ကိုလည်းကောင်း၊ အချိန်လိုအပ်နေသေးသည်ကိုလည်းကောင်း။ အတိအလင်းထုတ်ဖော်ပြောဆိုသည်ကိုလည်းကောင်း၊ လျှို့ဝှက်ထားခြင်းကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အလုံးစုံကို သိတော်မူ၏။ ငါသည် အဘယ်မှာသိမည်နည်း။ ဤသို့အချိန်ပေးထားရခြင်းသည် အသင်တို့အား ဆန်းစစ်မှုပြုနိုင်ရန် သို့တည်းမဟုတ် သတ်မှတ် သောအချိန်ထိ အခွင့်ထူးခံစားခွင့်ရရှိစေရန်ဖြစ်သည်။'' (၂၁ ： ၁၀၉)

ကုရ်အာန်ကဆိုသည်။ မိမိကိုယ်တိုင် သတ်မှတ်ထားသော ဖြစ်စေလိုသည့်ဘောင်သတ်မှတ်ချက်အချိန်ကာလတို့ကိုအသုံးပြု၍ လုပ်ဆောင်ချက်များ၏ ရလာဒ်အကျိုးဆက်များကို မစောင့်မျှော်ပါနှင့်၊ အလ္လာဟ်အရှင်မြတ်၏ သဘာဝလောကကြီးနှင့်ပတ်သက်သောအချိန်ကာလသတ်မှတ်ချက်သည်ကျွန်ုပ်တို့၏ သတ်မှတ်ချက်နှင့်မတူကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့၏တွက်ချက်ထားချက်နှင့် မတူကြောင်းကိုလည်းကောင်း သတိပြုအပ်ကြောင်းရည်ညွှန်းဖော်ပြသည်။

سْتَعْجِلُونَكَ بِالْعَذَابِ وَلَن يُخْلِفَ اللَّهُ وَعْدَهُ وَإِنَّ يَوْمًا عِندَ رَبِّكَ كَأَلْفِ سَنَةٍ مِّمَّا تَعُدُّونَ

كَأَيِّن مِّن قَرْيَةٍ أَمْلَيْتُ لَهَا وَهِيَ ظَالِمَةٌ ثُمَّ أَخَذْتُهَا وَإِلَيَّ الْمَصِيرُ

''ဤသူတို့က အပြစ်ဒဏ်များ အလျင်အမြန်ကျရောက်စေရန် ပျက်ရယ်ပြု၍ တောင်းဆိုကြသည်၊ အကယ်၍ပြစ်ဒဏ်သည်အမှန်တကယ်ကျရောက်စရာမရှိလျှင် အဘယ်မှာရှိသနည်းဟုဆို၏။ မှတ်သားယုံကြည်ကြလော့၊ အလ္လာဟ်အရှင်မြတ်သည် ပေးထားသော ကတိကို ဘယ်သောအခါမျှ သွေဖီခြင်းမရှိပါ။ အကြောင်းရင်းကား အလ္လာဟ်အရှင်မြတ်၏ တစ်နေ့တာသည် အသင်တို့၏ နှစ်တစ်ထောင်နှင့် ညီမျှသည်။ အလ္လာဟ်အရှင်မြတ်သည် ဒုစရိုက်မှုတွင်နစ်မွန်းနေသောနေရာဌာများကို အချိန်သတ်မှတ်၍စောင့်ဆိုင်းခွင့်၊ ပြင်ဆင်ခွင့်ပြုခဲ့သည်။ စင်စစ် ယင်းသူတို့သည် ဆိုးယုတ်သူများ ဖြစ်ကြ သည်။ သတ်မှတ်ထားသောအချိန်ရောက်ရှိလာသောအခါ အလ္လာဟ်အရှင်မြတ်၏ ဥပဒေသကြောင့် ပြစ်ဒဏ်သည် ပေါ်ထွန်းလာပြီးထိုသူတို့မှာ ဖျက်ဆီးခြင်းကို ခံရတော့သည်၊ စင်စစ် အလ္လာဟ်အရှင်မြတ်ထံသို့ ပြန်လာရန်သာရှိသည်။''(၂၂ ： ၄၇ – ၄၈)

အထက်ပါကျမ်းတော်မြတ်ကုရ်အာန်လာ လမ်းညွှန်ချက်တွင် လူသားတို့၏ မှားယွင်းနေသော အယူအဆကြောင့် သမ်းမှားကိုရောက်စေရသော တွေးခေါ်မှုကို استعجال بالعذاب ဟူ၍ဖော်ပြရာတွင် အစ္စလာမ်အာရုံဦးကာလကရှိခဲ့သော အစ္စလာမ်ဆန့်ကျင်ရေး အင်အားစုသက်သက်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ပါ။ ခေတ်အဆက်ဆက်တွင်ပေါက်ဖွားလေ့ရှိသော အမှားနှင့်အမှန်စပ်ကြားဖြစ်ပွားသောပဋိပက္ခတွင် ရလာဒ်အတွက်ဒေါသူပုန်ထကာ ထေ့ငေါ့ပျက်ရယ်ပြု သူအားလုံးကိုလည်းဆိုလိုခြင်းဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်ကအမှန်တရားကိုဆန့်ကျင်သူ၏ အတွေးအမြင်နှင့်ဖြစ်စေလိုသော အယူအဆကိုဖော်ပြပြီး အကယ်၍သာ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်သာမရှိခဲ့လျှင်အမှန်နှင့်အမှားတို့စပ်ကြားပဋိပက္ခ၏ရလာဒ်သည် အလျင်အမြန် ပေါ်ထွန်းဖြစ်ပေါ်လာပြီးလူသားတို့အဖို့သူတို့၏လုပ်ဆောင်မှုကြောင့် အသက်ရှုရန်ပင် အချိန်ရမည်မဟုတ်ပေ။

သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ဥပဒေသအားလုံးကို ရဟ်မသ်၏လက်အောက်တွင်ခြုံငုံထားရှိသည့်အတွက် မဟုတ်မတရားသော အမှုကိုကျူးလွန်သူတို့အားလည်း ထိုက်တန်သောအချိန်ကို သတ်မှတ်ပေးထားခြင်းဖြစ်သည်။ ယင်းသတ်မှတ်အချိန်တွင် သူတို့၏ လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး သတိသံဝေဂရရှိကာ မိမိ၏အမှားကို မိမိပြုပြင်နိုင်စေဖို့ပင်ဖြစ်သည်။

وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ
قُلْ عَسَى أَن يَكُونَ رَدِفَ لَكُم بَعْضُ الَّذِي تَسْتَعْجِلُونَ
وَإِنَّ رَبَّكَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَهُمْ لَا يَشْكُرُونَ

"အို တမန်တော်၊ အမှန်တရားကို မေ့လျော့သောသူတို့က အသင့်အား ထိုအရာသည် အမှန်တရားဖြစ်ရိုးမှန်လျှင် ဘယ်အချိန်ရောက်မှ အကောင်အထည်ဖော်ဖြစ်ပေါ်လာမည်နည်း။ဘာကြောင့်အမြန်ဖြစ်မလာရသနည်းဟု မေးကြသည်။ အသင်ပြောပြလော့၊အသင်တို့ အမြန်ဖြစ်စေလိုသောအရာ၏တစ်စိတ်တစ်ဒေသသည် သင်တို့နှင့် အလွန်နီးကပ်ကောင်းနီးကပ်နေပေလိမ့်မည်။ မှတ်သားလော့၊ အသင်တို့၏ အရှင်သခင်သည် လူသားတို့အပေါ်ဝယ် အလွန်မှပင်ကျေးဇူးပြုညာတာသောအရှင်ဖြစ်သည်။ သို့ဖြစ်၍လည်း မိမိတို့၏အမှားကိုပြုပြင်နိုင်ဖို့အချိန်ပေးထားခြင်းဖြစ်သည်။သို့ရာတွင်လူသားတို့ ကမူ ယင်းအခွင့်အရေးကိုအသုံးပြုခြင်းမရှိဘဲကျေးဇူးကန်းခြင်းကိုသာပြုကြသည်။" (၂၇း၇၁-၇၃)

وَيَسْتَعْجِلُونَكَ بِالْعَذَابِ وَلَوْلَا أَجَلٌ مُّسَمًّى لَّجَاءَهُمُ الْعَذَابُ وَلَيَأْتِيَنَّهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ

"သူတို့သည် ပြစ်ဒဏ်ကိုအလျင်အမြန်ကျရောက်စေရန် ပျက်ရယ်သမှုပြု တောင်းဆိုကြသည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်အနေနှင့်သတ်မှတ်ထားသော အချိန်ကိုပေးထားခြင်းမရှိပါမူ ပြစ်ဒဏ်ကျရောက်သည်မှာ ကြာပြီဖြစ်သည်။ ကေန်စင်စစ် ပြစ်ဒဏ်သည် သတ်မှတ်ချိန်ရောက်လာလျှင် သူတို့သိမြင်ချိန်ပင် ရမည်မဟုတ်ပါချေ။" (၂၉ း ၅၃)

وَمَا نُؤَخِّرُهُ إِلاَّ لِأَجَلٍ مَّعْدُودٍ "ငါအရှင်သည်ယင်းကိုစွနှင့်စပ်လျဉ်း၍ ချိန်းချက်သတ်မှတ်ရထားသောကာလအထိရွှေ့ဆိုင်းထားရခြင်းမှာ ယင်းသူတို့ကိုအချိန်ပေးရန်ဖြစ်သည်။"
(၁၁ း ၁၀၄)

ကုရ်အာန်ကဆိုသည်။ဤလောကကြီးတွင် လူသားတို့အနက် မည်သူမဆို ဘဝနှင့်လုပ်ရပ်နှစ်ခုစလုံးတွင် ညီဘူညီမျှအခွင့်အရေးရှိသည်။ အကြောင်းမူ လူသားအားလုံးအတွက် ရဟ်မသ်သည် တစ်မျိုးတစ်စားတည်းဖြစ်၍ပင်။ သို့ဆိုလျှင် ယင်းတို့၏လုပ်ဆောင်မှုရလာဒ်သည်လည်း အားလုံးအတွက် အကျိုးချည်းသာ လျှင်ဖြစ်ထွန်းမည်ဟု ထင်ယောင်ထင်မှားမမြင်သင့်ပါ။ရှုမြင်ရမည့်အချက်ကား လူတို့၏ လုပ်ဆောင်ချက်လုပ်ရပ်အားဖြင့် ပေါ်ထွန်းဖြစ်ပေါ်လာသောရလာဒ်ကြောင့် မည်သူသည်အောင်မြင်သောသူဖြစ်သည်။ မည်သူသည်ဆုံးရှုံးသောသူဖြစ်သည်ဟူ သောအချက်ပင်။ယင်းဖြစ်ပေါ်လာမှုသည်အလ္လာဟ်အရှင်မြတ်က သတ်မှတ်ထား သောစနစ်ဇယားကြောင့်ဖြစ်သည်ကိုမှတ်ယူရပေမည်။

قُلْ يَا قَوْمِ اعْمَلُوا عَلَى مَكَانَتِكُمْ إِنِّي عَامِلٌ فَسَوْفَ تَعْلَمُونَ مَن
تَكُونُ لَهُ عَاقِبَةُ الدَّارِ إِنَّهُ لَا يُفْلِحُ الظَّالِمُونَ

အို တမန်တော်၊ထိုသူတို့အားပြောပြလော့၊ ငါနှင့်အသင်တို့အကြားရှိ ပြဿနာရပ် အတွက် အဖြေသည် အလ္လာဟ် အရှင့်ထံတွင်ရှိသည်။ သင်တို့လုပ်နေသောလုပ်ရပ်ကို အသင်တို့ဖာသာလုပ်ကြ၊ ငါသည်လည်းငါလုပ်စရာရှိသည်ကိုလုပ်နေမည်သာ၊ များမကြာမီ သောကာလတွင် မည်သူသည် အောင်မြင်သောရလာဒ်ကို ရရှိမည်ကို သိမြင်ရတော့မည်။ စင်စစ် အလ္လာဟ်အရှင်မြတ်၏ ဥပဒေအရ မည်သည့်ဆိုးယုတ်ညှင်းပမ်း ဒုက္ခပေးသောသူကိုမျှ အောင်မြင်မှုကိုရရှိစေမည်မဟုတ်ချေ။" (၆ း ၁၃၆)

ကျမ်းတော်မြတ်ကုရ်အာန်သည်ညှင်းပမ်းမှု၊ဖျက်လိုဖျက်ဆီးပြုမှုနှင့် ကုဖရ်ငြင်း ပယ်သူများ ကို အောင်မြင်မှုမရရှိ နိုင်ကြောင်း ငြင်းဆိုသည့်နည်းတူ ကောင်းမြတ်သော ပြုကျင့်မှုများအတွက် အောင်မြင်မှုရရှိမည့်အကြောင်းကိုလည်း ထပ်ချပ်မကွာ မကြာခဏ ဖော်ညွှန်းပြခဲ့သည်။ယင်းတို့နှင့်ပတ်သက်၍ အောက်ပါကျမ်းတော်မြတ်ကုရ်အာန်လာ လမ်းညွှန်ချက်အချို့ကိုဖော်ပြပါမည်။

إِنَّهُ لَا يُفْلِحُ الظَّالِمُونَ " အလ္လာဟ်အရှင်မြတ်သည် ညှင်းပမ်းဒုက္ခပေးသောသူတို့အား အောင်မြင်စေမည်မဟုတ်။" (၆ း ၂၁)

إِنَّهُ لَا يُفْلِحُ الْمُجْرِمُونَ "အလ္လာဟ်အရှင်မြတ်သည်ပြစ်ဒဏ်ကျူးလွန်သော ရာဇဝတ်ကောင် တို့အားအောင်မြင်စေမည်မဟုတ်။" (၁၀း၁၇)

" إِنَّهُ لَا يُفْلِحُ الْكَافِرُونَ အလ္လာဟ်အရှင်မြတ်သည်သွေဖီးသူတို့အား အောင်မြင်စေမည် မဟုတ်ပါ (၂၃း၁၁၇)

إِنَّ اللَّهَ لَا يُصْلِحُ عَمَلَ الْمُفْسِدِينَ "အလ္လာဟ်အရှင်မြတ်သည် ပြဿနာရပ်များကို ဖန်တီး သော သူတို့၏ လုပ်ရပ်များကို ထောက်ထားစောင်မတော်မူ မည်မဟုတ်။" (၁၀ း ၈၁)

وَاللّٰهُ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ"အလ္လာဟ်အရှင်မြတ်သည် အရှင်၏လမ်းညွှန်ချက်ကို ငြင်းပယ်သူ လူ့အဖွဲ့အစည်းဝင်တို့အားဟိဒါယသ်အားဖြင့် လမ်းပြတော်မူမည်မဟုတ်။" (၉ း ၃၇)

وَاللّٰهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ"အလ္လာဟ်အရှင်မြတ်သည် မတရားမှုဖြင့် ညှင်းပမ်းဒုက္ခပေးသော လူ့အဖွဲ့အစည်းအား လမ်းညွှန်ပြသမည်မဟုတ်။" (၃ း ၈၆)

အလ္လာဟ်အရှင်မြတ်သည် ဘယ်သောအခါမျှ ညှင်းပမ်းဒုက္ခပေးသော သူတို့အား ကောင်းချီးမပေးပါ။ အကြောင်းမှုအရှင်၏ဥပဒေသဝယ် ညှင်းပမ်းနှိပ်စက် ပြသနာဖန်တီးသောသူ၊ ဒုက္ခပေးသောသူအတွက်ကောင်းချီးပေးရန်မရှိဟု သတ်မှတ်ထား၍ပင်ဖြစ်သည်။အရှင်၏ဥပဒေသတွင် ဖော်ပြထားသော အောင်မြင်မှု လမ်းကြောင်းသည် ဆိုးယုတ်သူများအတွက်မဟုတ်ပါ။ သို့ဆိုလျှင် ထိုသူတို့အတွက် လမ်းကြောင်းကို ပိတ်ဆို့ထားခြင်းဖြစ်ပါသလောဟု မေးစရာဖြစ်လာသည်။ စင်စစ် ယင်းလမ်းလွဲလမ်းမှားကိုလျှောက်လှမ်းရင်းက ယင်းဝဂ်ဘာအတွင်း မိမိဖါသာ ပိတ်ဆို့သွားရခြင်းသာဖြစ်သည်။ ဤနေရာတွင် ကျမ်းတော်မြတ်ကုရ်အာန်ကို အနက်ဖွင့်ပေးထားသော ပညာရှင်များပင်လျှင် မျက်စိမှောက်ခံရကာ ဆိုလိုရင်းကို ကျော်လွှား သွားတတ်ကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်က ဘဝခရီးစဉ်အတွင်း ကောင်းမြတ်သောအကျိုးကို ရရှိသည့်အခွင့်အလမ်းကိုအသုံးချခြင်းနှင့်ပတ်သက်၍ သမဟ်သအို تمتّع ဟူသောစကားကို မကြာခဏ သုံးစွဲထားသည်ကို တွေ့ရသည်။ ယင်းအခွင့်အလမ်းသည် လူသားအားလုံးအတွက် အညီအမျှပင်ဖြစ်သည်။

بَلْ مَتَّعْنَا هٰؤُلَاء وَآبَاءهُمْ حَتَّى طَالَ عَلَيْهِمُ الْعُمُرُ

"ငါအရှင်သည် သူတို့နှင့်တကွ သူတို့၏ဘိုးဘွားအတို့အား ဘဝခရီးစဉ်အတွင်း ကောင်းမြတ်သော အလုပ်ကိုပြုလုပ် ရန် သတ်မှတ်ထားသော အခွင့်အလမ်းပေးခဲ့သည်။ ဤသို့သောအခွင့်အလမ်းပေးခံရခြင်းအားဖြင့် အသက်ကြီးရင့်လာသည်အထိ သာယာ သောဘဝကို ဖြတ်ကျော်နိုင်ခဲ့သည်။" (၂၁ း ၄၄)

وَمَتَّعْنَاهُمْ إِلَى حِينٍ"ထို့ပြင် သူတို့ကို သတ်မှတ်ထားသောအချိန်ကာလတစ်ခုအထိ လောက၏ ချမ်းမြေ့သာယာ အကျိုးရှိမှုကို ခံစားစေတော်မူ၏။" (၁၀ း ၉၈)

وَمَتَاعًا إِلَى حِينٍ "ထို့နောက် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအထိ အကျိုးကို ခံစားကြရမည်။" (၃၆ း ၄၄)

فَتَمَتَّعُواْ فَسَوْفَ تَعْلَمُونَ"ထို့နောက် အသင်တို့သည် လောက၏ ကောင်းကျိုးချမ်းသာမှုကို ခံစားကြရမည်။ သို့သော် ဤလုပ်ရပ်၏ အကျိုး အစစ်အမှန်ကိုမူ မကြာမြင့်သောကာလ၌ အသင်တို့နားလည်သိရှိကြမည်။" (၁၆ း ၅၅)

ဖော်ပြပါ ဥပဒေသဖြစ်သည့် ဟတ်(က)အမှန်တရား၏ အောင်ပွဲခံရမှုသည် လူတစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းတစ်ရပ်၊ လူသားမျိုးနွယ်တစ်ရပ်၏ တိုးတက်မှုနှင့်နိမ့်ကျမှုကို ဖြစ်ပေါ်စေကြောင်းကိုဖော်ပြခြင်းဖြစ်ပါသည်။ ကုရ်အာန်က ဆိုသည်အလ္လာဟ်အရှင်မြတ်၏ ဥပဒေသသည် သက်ရှိတို့တွင် တစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းတွင် လူသားမျိုးနွယ်တို့ အပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ သဘာဝလောကကြီးသည် ကောင်းမြတ်သော အပြုအကျင့်မှ အသားတင်အကျိုး အမြတ်ကို ဆန်ကာတင်ခံယူရာတွင် လူတစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းဖြင့် လိုက်ပြုလုပ်သောလုပ်ရပ်များကိုလည်း ဆန်ကာခံကာ အသားတင်အကျိုးအမြတ်ကို ဖြစ်ထွန်းစေပါသည်။ ဤသို့အားဖြင့် ကမ္ဘာ့လူသားဘို့ကို အကျိုးဖြစ်ထွန်းစေသော လူသားအဖွဲ့အစည်းသာလျှင်ဗကာတည်တံ့မှုကို ရရှိသည်။ လူ့အကျိုးကို မဖြစ်ထွန်း စေသော လူ့အဖွဲ့အစည်းသည် ဆန်ကာ ချရာတွင် အသားတင်အကျိုးအမြတ် ရလာဒ်မရှိတော့ဘဲ လွင့်ပစ်ခံရသည့်ဘဝကို ရောက်ရှိရသည်။

ကုရ်အာန်ကဆိုသည်။ ယင်းအရာတွင်လည်း အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်က အလုပ်လုပ်နေသည်။ ရဟ်မသ်သာမရှိခဲ့လျှင်မူ ယင်းဆိုးယုတ်သော လူ့အဖွဲ့အစည်းကြောင့် မည်သူကမည်သူ့ကို တားဆီးမှုမပြုနိုင်သောအခြေအနေကို ရောက်ရှိသွားပေမည်။

وَلَوْلَا دَفْعُ اللَّهِ النَّاسَ بَعْضَهُمْ بِبَعْضٍ لَّفَسَدَتِ الْأَرْضُ وَلَٰكِنَّ اللَّهَ ذُو فَضْلٍ عَلَى الْعَالَمِينَ

"အလ္လာဟ်အရှင်မြတ်သည် လူ့အဖွဲ့အစည်းဝင်အတွင်း တစ်စုကို တစ်စုအားဖြင့် တားဆီးခြင်းတစ်ဦးအားဖြင့်တစ်ဦးကို လမ်းလွဲလမ်းမှားသို့ မလျှောက်မိအောင် တားဆီး တွန်းလှန်ခြင်းမပြုဘဲ လစ်လျူရှု၍နေခဲ့လျှင် ဤကမ္ဘာမြေကြီးသည် ဒုစရိုက်အမိုက်မှောင်ဖုံး လွှမ်းလာလိမ့်မည်၊သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည်စကြဝဠာအားလုံးအတွက် ကောင်းချီး မင်္ဂလာ ရဟ်မသ်ထားရှိသောအရှင်ဖြစ်တော်မူ၏။" (၂ : ၂၅၁)

ကျမ်းမြတ်ကုရ်အာန်၏ အခြားတစ်နေရာတွင်သည်း အောက်ပါအတိုင်း ဖော်ပြ ထားသည်။

وَلَوْلَا دَفْعُ اللَّهِ النَّاسَ بَعْضَهُم بِبَعْضٍ لَّهُدِّمَتْ صَوَامِعُ وَبِيَعٌ وَصَلَوَاتٌ وَمَسَاجِدُ يُذْكَرُ فِيهَا اسْمُ اللَّهِ كَثِيرًا وَلَيَنصُرَنَّ اللَّهُ مَن يَنصُرُهُ إِنَّ اللَّهَ لَقَوِيٌّ عَزِيزٌ

"အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အချို့သောလူ့အဖွဲ့အစည်းဝင်သူမိုက်တို့၏ ပြုမူချက်ကိုအချို့သောလူ့အဖွဲ့ အစည်းဝင် လူဘော်လူကောင်းအားဖြင့် တားဆီးခြင်းမပြုခဲ့ လျှင် ရသေ့တို့၏ သီတင်းသုံးရာ တောရကျောင်းများ၊ ခရစ်ယာန် တို့၏ ဘုရားရှိခိုးကျောင်း များ၊ ယဟူဒီတို့၏ဝတ်ကျောင်းများနှင့် မိုအ်မင်န်တို့၏ ဗလီဝတ်ကျောင်းများသည် ဤ

သူမိုက်တို့၏နှောင့်ယှက်မှုဖြင့် ဖျက်လိုဖျက်စီးပြုမှုခြင်းကိုခံရလတ့်။ ကေန်ပင် ဖော်ပြပါ နေရာဌာနများသည်အစဉ်မပျက် အရှင်မြတ်၏နာမတော်ကို တမ်းတနေရာများ ဖြစ်ကြသည်။ ''

(၂၂ း ၄၀)

ကုရ်အာန်က ဆိုသည်။ ''သဘာဝလောကကြီးတွင် အရာတိုင်းအတွက် တဖြေးဖြေးပြောင်းလဲဖြစ်ပေါ်မှု ဥပဒေရှိသသကဲ့သို့ပင် လူ့အဖွဲ့အစည်း လူ့အနွယ်ဝင်တို့အတွင်း ဖြစ်ပေါ်လာမှုသည်လည်း ယင်းဥပဒေသအတိုင်းပင် ဖြစ်သည်။ ယင်းသို့ တဖြေးဖြေး ပြောင်းလဲလာမှုသည်လည်း လူ့အဖွဲ့အစည်းဝင် တို့အား သူတို့၏အခြေအနေကို ပြုပြင်စေနိုင်ဖို့နှင့် လူ့အဖွဲ့အစည်း ၏ အားနည်းချက်များကို ပြင်ဆင်နိုင်ရန်ပင်ဖြစ်သည်။ ဤသို့အခွင့်အရေး ပေးရခြင်း မှာလည်း ရဟ်မသ်၏ထူးခြားသောရည် ရွယ်ချက်အကြောင်းပင်ဖြစ်သည်။

وَقَطَّعْنَاهُمْ فِي الأَرْضِ أُمَمًا مِّنْهُمُ الصَّالِحُونَ وَمِنْهُمْ دُونَ ذَلِكَ وَبَلَوْنَاهُمْ بِالْحَسَنَاتِ وَالسَّيِّئَاتِ لَعَلَّهُمْ يَرْجِعُونَ

''ငါအရှင်မြတ်သည် ထိုသူတို့အား ပထဝီမြေကြီးအတွင်း တစ်စုတစ်စု အသီးသီး ပြန့်ကျဲစေခဲ့သည်။ ယင်းသူတို့အနက်အချို့သည် ကောင်းမြတ်သောအပြုအကျင့်ကို ပြုကြသလို အချို့လည်း အခြားသောနည်းကိုကျင့်ကြံကြသည်။ ငါအရှင်သည် ထိုသူတို့အား ကောင်းမြတ် သောနည်းလမ်းဖြင့်လည်းကောင်း၊ မကောင်းသောနည်းလမ်းဖြင့်လည်းကောင်း အမျိုးမျိုးဆန်း စစ်ခဲ့သည်။ဤသို့အားဖြင့် မကောင်းမှုကို ရှောင်ကြဉ်စေဖို့ပင် ဖြစ်သည်။'' (၇ း ၁၆၈)

လူတွင် စွဲကပ်နေသော အနာရောဂါတစ်ခု၏ ပြောင်းလဲဖြစ်ပေါ်မှုအတွက် အလ္လာဟ်အရှင်မြတ်သည် သဘာဝတရား၏ စနစ်အားဖြင့် အကြောင်းနှင့်ကုထုံးကို ပေးထားပြီးဖြစ်သည်။ ယင်းကိုကုစားရာတွင် သတ်မှတ်သောအချိန်ကို ကန့်သတ် ထားသကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်တွင် စွဲကပ်လျှက်ရှိသော နိမ့်ကျပျက်စီး ဆုံးရှုံးမှုရောဂါအတွက်လည်း သတ်မှတ်ထားသောအကြောင်းအရာနှင့် သတ်မှတ် ထား သောအချိန်ကို ကန့်သတ်ထားပေသည်။ ယင်းသည် လူ့အဖွဲ့အစည်း ဝင်များအတွက် အဂျလ်ပင်ဖြစ်သည်။ အဂျလ်သည်ဖြစ်ပေါ်လာမှုမရှိခင်ကာလတွင် ယင်းလူ့အဖွဲ့အစည်းဝင်တို့အား အမျိုးမျိုးသောကုထုံးနှင့် မိမိတို့၏ပြုပြင် ရမည့်အချက်များကိုပြုပြင်နိုင်ရန်အချိန်ပေးထားသည်။ ယင်းသည် သဘာဝလော ကကြီး၏အရှင်သခင် အလ္လာဟ်အရှင်မြတ်၏ဥပဒေသပင်ဖြစ်သည်။

لاَ يَرَوْنَ أَنَّهُمْ يُفْتَنُونَ فِي كُلِّ عَامٍ مَّرَّةً أَوْ مَرَّتَيْنِ ثُمَّ لاَ يَتُوبُونَ وَلاَ هُمْ يَذَّكَّرُونَ

''ထိုသူတို့မမြင်ကြသလော။ ထိုသူတို့အဖို့ နှစ်တိုင်းလိုလိုပင် တစ်ကြိမ်နှစ်ကြိမ်၊ ငါအရှင်မြတ်၏ စမ်းသပ်မှုကို ခံနေရသည်။ သို့ပါသော်လည်း ထိုသူတို့သည် လုပ်ရပ်ကြောင့်

ပေါ်ထွန်းလာသောရလာဒ်အပေါ် သတိတရားထားရှိကာသူတို့၏ပြစ်မှုကို သိမြင်သုံးသပ်သော သောင်ဗာလည်းမပြု သံဝေဂလည်းမရရှိကြပေ။'' (၉ ; ၁၂၆)

လူတို့သည် ယင်းအလ္လာဟ်အရှင်မြတ်၏ စမ်းသပ်မှုနှင့်အချိန်ပေးမှုကို အခွင့်အရေး အဖြစ်မှတ်ယူအသုံးချခြင်းမပြုခဲ့သော် နောက်ဆုံးသတ်မှတ် ထားသောအချိန်တွင်ရလာဒ်အဖြေသည် ပေါ်ထွန်းလာတော့သည်။ ထိုအခြေ အနေသည် သဘာဝတရား၏ နောက်ဆုံးနှင့် တိကျဆုံးသော ဆုံးဖြတ်ချက်ဖြစ်၍ ယင်းကို မည်သည့်အင်အားစုကမျှ ရွှေ့တိုးနောက်ဆုတ် ပြုနိုင်မည်မဟုတ်ပါ။

لِكُلِّ أُمَّةٍ أَجَلٌ فَإِذَا جَاء أَجَلُهُمْ لاَ يَسْتَأْخِرُونَ سَاعَةً وَلاَ يَسْتَقْدِمُونَ

''လူ့အဖွဲ့အစည်းဝင်အုပ်စုအားလုံးအတွက်အသီးသီးသော ကာလသတ် မှတ်ချက် ရှိသည်။ ထိုသတ်မှတ်ထားသောအချိန်ကုန်ဆုံးသောအခါ ထိုသူတို့သည်အချိန်ကို နောက်ကို လည်း မရွှေ့ဆိုင်းနိုင်သကဲ့သို့ ရှေ့သို့လည်းတိုးမထားနိုင်ပေ။'' (၇ ; ၃၄)

مَا أَهْلَكْنَا مِن قَرْيَةٍ إِلاَّ وَلَهَا كِتَابٌ مَّعْلُومٌ مَّا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ

''ငါအရှင်မြတ်သည် သတ်မှတ်ထားသောဥပဒေအတိုင်းသတ်မှတ်ထားသော အချိန်ကို ကြိုတင်အချိန်ပေးထားခြင်းမရှိဘဲ မည်သည့်မြို့ရွာကိုမျှ ဖျက်ဆီးခြင်းမပြုပေ။ မည်သည့်လူ့အဖွဲ့အစည်းဝင်များမဆိုသူတို့အတွက်ကြိုတင်သတ်မှတ်ထားသော အချိန် ကာလ ကိုမည်သူကမျှ ကျော်လွန်နိုင်ခြင်းမရှိ၊နောက်ကျခံ၍လည်းမနေနိုင်ပါ။'' (၁၅ ; ၄ - ၅)

အထက်ပါနည်းအတိုင်း ဗကာအွလ်နဖာဟုခေါ်သည့် အမြတ်အစွန်း သည်သာလျှင် ကျန်ရစ်တည်တံ့နိုင်သည့် ဥပဒေ နှင့်ကဗ္ဗာဗိလ်ဟက် ဟုခေါ်သည့် အမှန်တရားသည်သာလျှင် တည်တံ့ကျန်ရှိမည်။ ဥပဒေသသည် အတိတ်ကာလ လူ့အဖွဲ့ အစည်းများကို ဆန်ကာခံ၍ အသုံးတင် ဆန်းစစ်ခဲ့သည်။ ယင်းနည်း အားဖြင့်အလ္လာဟ်အရှင်မြတ်သည် လူ့အဖွဲ့အစည်းတစ်ရပ်ကို အစားထိုး ရွေးကောက်စေသကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်သည် ဤလောကဓာတ်ခုံမှ ပျောက်ပျက်သွားရသည်။ ယင်းသည် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်စနစ်၏ ရည်ရွယ်ချက်တစ်ရပ်ပင်ဖြစ်သည်။

ذَلِكَ أَن لَّمْ يَكُن رَّبُّكَ مُهْلِكَ الْقُرَى بِظُلْمٍ وَأَهْلُهَا غَافِلُونَ
وَلِكُلٍّ دَرَجَاتٌ مِّمَّا عَمِلُواْ وَمَا رَبُّكَ بِغَافِلٍ عَمَّا يَعْمَلُونَ
وَرَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ إِن يَشَأْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِن
بَعْدِكُم مَّا يَشَاء كَمَآ أَنشَأَكُم مِّن ذُرِّيَّةِ قَوْمٍ آخَرِينَ

'ယင်းသို့ ဟိဒါယသ်လမ်းညွှန်ချက်အားဖြင့်ပညာပေးလမ်းညွှန်ခြင်းထားရှိရခြင်း ရည်ရွယ်ချက်မှာ သင်တို့၏ကျေးဇူးတော်အရှင် အလ္လာဟ်အရှင်မြတ်သည် မြို့ရွာဒေသနယ်ပယ်ကို ထိုဒေသနယ်ပယ်များကို နိုင်ထက်စီးနင်း ညှင်းပမ်းခြင်းဖြင့် ဖျက်စီးခြင်း မပြုကြောင်း သိရှိရန်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ဥပဒေကြောင့် သူတို့ပြုလုပ်ခဲ့သော လုပ်ဆောင်ချက် လုပ်ရပ်အလျောက် ပေါ်ထွန်းလာသော ကောင်းသောရလာဒ်နှင့် မကောင်းသောရလာဒ်ဟူ၍ ဖြစ်လာရသည်။ ယင်းတို့၏ လုပ်ဆောင်ချက်အလျောက် အဆင့်အတန်း အသီးသီးရှိသည်။ မှတ်သားပါလေ။ အလ္လာဟ်အရှင်မြတ်သည် လူတို့၏ကျင့်ဆောင်မှု အားလုံးကိုသိမြင်သည်။ အလ္လာဟ်အရှင်မြတ်သည်ရဟ်မသ်ကရုဏာတော်အရှင်၊ ဓာတိပကတိအားဖြင့် ကုံလုံပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။ အရှင်သည်အလိုရှိလျှင် အသင့်အား လက်ရှိလမ်းပေါ်က ဖယ်ရှားနိုင်သည်။ အသင့်အစား အခြားတစ်ဦးဦးကို အစားထိုး ရွေးချယ်နိုင်သည်။ အသင်တို့အား အခြားလူ့အဖွဲ့အစည်းအစား ရွေးချယ်ထားသကဲ့သို့ပင် ဖြစ်သည်။'' (၆ း ၁၃၂ - ၁၃၄)

လူတို့၏တစ်ကိုယ်ရည်ကျင့်ကြံလုပ်ဆောင်ချက်မှပေါ်ထွန်းလာသော ရလာဒ်ကို ဘာသာရေးဆိုင်ရာယုံကြည်ချက် အရှိန်အဝါဖြင့် မည်သို့မျှ အတားအဆီးပြု ဖြတ်လမ်းနည်းအားဖြင့် ပံ့ပိုးမှုမပြုနိုင်ပါ။ အကြင်သူတစ်ဦး တစ်ယောက်သည် ကောင်းမြတ်သောကျင့်ကြံမှုကိုပြုလျှင် ကောင်းမြတ် သောအကျိုးရလာဒ်ကို ရရှိပေမည်။ မကောင်းသောအလုပ်ကိုပြုလုပ်လျှင် မကောင်းသောဆိုးကျိုးကိုသာ ရရှိပေမည်။ ကောင်းမြတ်သောအလုပ်ကြောင့် မကောင်းသောဆိုးကျိုး မကောင်းသောအလုပ် ကြောင့် ကောင်းသောအကျိုးရလာဒ်ကို လွဲမှားသော ထင်မြင်ယူဆချက်က မည်သို့မျှ မစွမ်းဆောင် မပြုလုပ်ပေးနိုင်ပါ။ အလ္လာဟ် အရှင်မြတ်၏ မူလက သတ်မှတ်ထားသော ဥပဒေသအတိုင်းသာ ဖြစ်ရပေမည်။ ဤလူ့လောကတွင်အားလုံးအတွက် သတ်မှတ်ထားသော သတ်မှတ်အချိန်သည်ရှိသည်။ အားလုံးအတွက် မိမိကိုယ်ကို ပြင်ဆင်နိုင်ခွင့် အခွင့်အရေးသည်လည်း ရှိသည်။ ယင်းသည် အလ္လာဟ်အရှင်မြတ်အထံတော်မှ လူသားတို့အတွက် ရဟ်မသ်အကျိုးပြုမှု အခွင့်ကောင်းတစ်ရပ်ပင်ဖြစ်သည်။ လူ၏တစ်ကိုယ်ရည်ဘဝကိုခွဲခြားလျှင် ကဏ္ဍနှစ်ရပ်ကို ခွဲခြားနိုင်သည်။ တစ်ခုကိုလောကီဆိုင်ရာကဏ္ဍ၊ ယင်းအတွက် သတ်မှတ်သည်။အားလုံးအတွက်တစ်ညီတစ်ညွတ်တည်းဖြစ်သည်။ ကျန်ကဏ္ဍတစ်ခုအား သေလွန်ပြီးနောက်ကဏ္ဍဖြစ်သည်။

وَرَبُّكَ الْغَفُورُ ذُو الرَّحْمَةِ لَوْ يُؤَاخِذُهُم بِمَا كَسَبُوا لَعَجَّلَ لَهُمُ الْعَذَابَ بَل لَّهُم مَّوْعِدٌ لَّن يَجِدُوا مِن دُونِهِ مَوْئِلًا

''အသင်၏အရှင်သခင်၊ အပြစ်များကို ခွင့်လွှတ်တော်မူသောအရှင် ရဟ်မသ်က

ကရုဏာတော်အရှင် ဖြစ်တော်မူ၏။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် သူတို့အား သူတို့၏ ပြုကျင့်ခဲ့သောလုပ်ရပ်ကြောင့်ရရှိသောရလာဒ်အဖြေကို လက်ငင်းချက်ချင်း ပေးခဲ့သော် သူတို့အပေါ် ပျက်စီးခြင်းသည် ဆောလျင်စွာကျရောက်လာလတ္တံ့။ သို့ရာတွင် ထိုသူတို့အား အချိန်သတ်မှတ်ပေးထားသည်ဖြစ်၍ ထိုအချိန် ကုန်ဆုံးချိန်ရောက်ရှိလာလျှင် သူတို့သည် ရှောင်လွဲနိုင်ကြမည်မဟုတ်ပါချေ။ (၈ ： ၅၈)

هُوَ الَّذِي خَلَقَكُم مِّن طِينٍ ثُمَّ قَضَى أَجَلاً وَأَجَلٌ مُّسمًّى عِندَهُ ثُمَّ أَنتُمْ تَمْتَرُونَ

''အရှင်မြတ်သည် အသင်တို့အား ရွှံ့မြေစေးမှ ဖန်ဆင်းတော်မူ၏။ ထို့နောက် သင်တို့အတွက် သက်တမ်းကို သတ်မှတ်တော်မူ၏။ ဤကဲ့သို့ပင် အရှင်မြတ်အထံတော်တွင် နောက်ထပ်ကာလပိုင်းခြားပြဋ္ဌာန်းချက်တစ်ရပ်လည်းရှိသေးသည်။'' (၆ ： ၂)

ကုရ်အာန်က ဆိုသည်။ များမြောင်လှသော လောကီရေးရာကိစ္စများတွင် အလ္လာဟ်အရှင်မြတ်၏ သဘာဝတရားသည် လုပ်ရပ်အမျိုးမျိုး၏ အခြေအနေကြောင့် ဖြစ်ပေါ်လာသော ရလာဒ်အတွက် ဥပဒေကို သတ်မှတ်ထားသော်လည်း ယင်းတို့၏ဆိုးရွားသောရလာဒ်ကို ပြုပြင်ပြောင်းလဲနိုင်သော အခွင့်အရေးကိုမူ လူသားတို့အတွက် ပိတ်ပင်ထားခြင်းမရှိပေ။ အခွင့်အရေးတစ်ခုပြီးတစ်ခု ထပ်ဆင့်ပေး၍ အခြေအနေကိုပြောင်းလဲစေသည်။ အခြေအနေပြောင်းလဲ တိုးတက်လာလျှင် တည်တံ့ခွင့်ကိုပေးခြင်းခံရသည်။

ထိုနည်းနှင်နှင် လူ့ဘဝဆိုင်ရာ တစ်ကိုယ်ရည်ကျင့်ကြံမှုတွင် လူသားတို့အဖို့ မိမိတို့၏အမှားကို ပြုပြင်နိုင်ရေးအတွက်သောင်ဗာ၏တံခါးသည် အစဉ်ဖွင့်လှစ်ထားသည်။မကောင်းသောအကျင့်၊မကောင်းသောအမှု၊မကောင်းသော ဒုစရိုက်၊ မကောင်းသောပဋိပက္ခတို့သည် မည်မျှပင်ကြီးမားပါစေ ယင်းတို့အတွက် ထုချေနိုင်သောနည်းလမ်းပပျောက်နိုင်သောနည်းလမ်းကိုအလ္လာဟ်အရှင်မြတ်က ပေးထားပေသည်။

လူသားတို့သည် မိမိတို့၏ မကောင်းသောလုပ်ရပ်ကို သိမြင်သုံးသပ်၍ ကောင်းမြတ်သောလမ်းကြောင်းသို့ လျှောက်လှမ်းရန်ကြိုးစားလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ဖေးမပံ့ပိုးကူညီပေသည်။ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ် ကရုဏာတော်တံခါးသည် ထိုသူအတွက် ဖွင့်လှစ်ခံရတော့သည်။ ယင်းကရုဏာတော်သည် မပျောက်ပျက်နိုင်သောအစွန်းအထင်းများ၊ မကောင်းမှုဒုစရိုက်များကြောင့် မပျောက်ပျက်နိုင်သော ပေကျံနေမှုများကို ပပျောက်စေကာ ထိုသူတို့အဖို့ ဤလောကကြီးဘွင်သစ်လွင်သောလူသစ်တစ်ဦးပမာ ဖြစ်လာရသည်။ ဤသူသည် အတိတ်ကာလက မည်သည့်မကောင်းမှုကိုမျှ မကျူးလွန်သကဲ့သို့

ဖြစ်လာရသည်။

إِلَّا مَن تَابَ وَآمَنَ وَعَمِلَ عَمَلًا صَالِحًا فَأُولَٰئِكَ يُبَدِّلُ اللَّهُ سَيِّئَاتِهِمْ حَسَنَاتٍ

وَكَانَ اللَّهُ غَفُورًا رَّحِيمًا

'အကြင်သူတစ်ဦးတစ်ယောက်သည် မိမိ၏မှားယွင်းသောလုပ်ရပ် အပြစ်များကို သိမြင်ကာ နောင်တရ၍ အလ္လာဟ့် ထံတော်တွင် ဝန်ချကာ အီမာန်ယုံကြည်ချက်ဖြင့် နိုလှုံသည်။ ယင်းနောက် ကောင်းမြတ်သောအပြုအကျင့်ကို ကျင့်ကြံ ပြုလုပ်၏။ အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏အတိတ်ကာလက မကောင်းမှုများကို ကောင်းမှုအသွင်သို့ ပြောင်းလဲစေသည်။ အလ္လာဟ် အရှင်မြတ်သည် အပြစ်များကို ခွင့်လွှတ်သောအရှင်၊ ရဟ်မသ်ကောင်းချီးပေးသောအရှင် ဖြစ်တော်မူ၏။''(၂၅ း ၇၀)

ဤနေရာတွင် ကျမ်းတော်မြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ကရုဏာ၏ အကျယ်အဝန်း အတိမ် အနက်နှင့် ခွင့်ပြုခြင်းဆိုင်ရာကို ဖော်ပြရာတွင်အလွန်မှပင်နက်နဲကျယ်ပြောလှသည်။ မည်မျှပင် ကြီးမားသောအပြစ်၊ မကောင်းသောပြစ်မှုကို ကျူးလွန်ထားပါစေ၊ ထိုသူ၏ သံဝေဂရရှိမှု၊ အမှားသိမှုကို အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်တံခါးက အစဉ်ကြိုဆိုဖွင့်လှစ်ထားလျှက်ပါ။ မည်သူပင်ဖြစ်ပါစေ မည်မျှပင် ကြီးမားသောပြစ်မှုကို ကျူးလွန်ထားပါစေ။ အလ္လာဟ် အရှင်မြတ်၏ တံခါးကိုခေါက်လျှင် ထိုသူအတွက် ရဟ်မသ်ကရုဏာ တော်သည် အကန့်အသတ်မဲ့စွာ အကျိုးပြုရန် အသင့်ပင်စောင့်မျှော်လျှက်ပါ။

قُلْ يَا عِبَادِيَ الَّذِينَ أَسْرَفُوا عَلَىٰ أَنفُسِهِمْ لَا تَقْنَطُوا مِن رَّحْمَةِ اللَّهِ

إِنَّ اللَّهَ يَغْفِرُ الذُّنُوبَ جَمِيعًا إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ

''အို ငါ၏ကျေးကျွန်အပေါင်းတို့၊ အသင်တို့ မကောင်းမှုများပြုခဲ့ရ၍ မိမိကိုယ်ကို ခွင့်မလွှတ်ရက်စက်၏။ အသင်တို့၏ မကောင်းသော အမှုသည် မည်၍မည်မျှပင် ကြီးမားပါစေ၊ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ကရုဏာတော်ကို မျှော်လင့်ကိုးစား စိတ်ကို မလျှော့ကြလေနှင့်။ မျှော်လင့်ချက်မကင်းပါစေနှင့်။ ကေန်မုချ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ၏အပြစ်များကို ခွင့်လွှတ်တော်မူမည်။ အရှင်မြတ်သည် အပြစ်များကို ခွင့်လွှတ်သောအရှင်၊ အနန္တရဟ်မသ်ကရုဏာတော်အရှင် ဖြစ်တော် မူ၏။'' (၃၉ း ၅၃)

## အစ္စလာမ်ယုံကြည်ချက်၏ဒီနီလမ်းညွှန်ချက်သဘောနှင့်ရဟ်မသ်

## اسلامی عقائد کا دینی تصور اور رحمت

ကျမ်းမြတ်ကုရ်အာန်သည် လူတို့အားယုံကြည်ချက်အပေါ်အခြေခံသော လက်တွေ့ကျင့်ကြံမှုဆိုင်ရာကို လမ်းညွှန်ပြသရာတွင် ယင်းတို့၏အခြေခံအား

ရဟ်မသ်နှင့် ချစ်ခြင်းမေတ္တာအားဖြင့် တည်ဆောက်သည်။ ဤသို့ရဟ်မသ်ကရုဏာနှင့်မုဟာဗ်ဗသ်ချစ်ခြင်းမေတ္တာအားဖြင့် တည်ဆောက်ရခြင်းမှာ လူ့ဘဝ၏စိတ်ပိုင်းဆိုင်ရာအပိုင်းကို သဘာဝလောကကြီးကို ကြီးကျယ်လှသောယန္တရားမှ သီးခြားခွဲထုတ်၍မရနိုင်သောကြောင့်ပင်ဖြစ်သည်။ ယင်းကို သဘာဝလောကကြီး၏ ယန္တရားကြီး၏ အစိတ်အပိုင်းတစ်ရပ်အားဖြင့် သတ်မှတ်သည်။

သဘာဝလောကကြီး၏ ယန္တရားကြီးတစ်ခုလုံးသည် ရဟ်မသ်အပေါ် အခြေခံတည် ဆောက်သည်ဖြစ်၍၊ ယင်းတို့၏ဥပဒေသနှင့် လမ်းညွှန်ချက်များသည်လည်းရဟ်မသ်သဘောကိုရုပ်လုံးဖော်မှုသာလျှင် ပြည့်စုံစေမည်ဟု ကုရ်အာန်ကဆိုသည်။

သို့ဖြစ်၍ ကျမ်းမြတ်ကုရ်အာန်က လူသားနှင့် အလ္လာဟ်အရှင်မြတ်စပ်ကြား ဆက်သွယ်မှုကိုပင် အချစ်အားဖြင့် ဆက်သွယ်သော ဆက်သွယ်မှုဟု ဆိုထားခြင်းဖြစ်သည်။ ခဝပ်ကိုးကွယ်ထိုက်သော အရှင်မြတ်သည်အရာရာတို့၏ အရှင်သခင်သာမကလူသားအပါအဝင် သက်ရှိအားလုံးကို ချစ်ခင်မြတ်နိုးသော အရှင်လည်းဖြစ်ကြောင်းကို အစဉ်မှတ်ယူသတိပြုရမည်။

نَ النَّاسِ مَن يَتَّخِذُ مِن دُونِ اللّهِ أَندَاداً يُحِبُّونَهُمْ كَحُبِّ اللّهِ وَالَّذِينَ آمَنُواْ أَشَدُّ حُبًّا لِّلّهِ

"လူသားတို့အနက် အချို့သည် အလ္လာဟ်အရှင်မြတ်နှင့် တုဖက်၍အခြားသောအရာများကိုလည်း ဆည်းကပ် ကြသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်အားယုံကြည်မြတ်နိုးသကဲ့သို့ ထိုအရာများကိုလည်း ကြည်ညိုမြတ်နိုးကြ၏။ သို့ရာတွင် စစ်မှန်သောအီမာန်သက်ဝင်ယုံကြည်သူတို့ကမူ သူတို့၏ချစ်မြတ်နိုးမှုကိုအလ္လာဟ်အရှင်မြတ်အဖို့သာလျှင်ထားရှိကြသည်။" (၂ း ၁၆၅)

لْ إِن كُنتُمْ تُحِبُّونَ اللّهَ فَاتَّبِعُونِي يُحْبِبْكُمُ اللّهُ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ وَاللّهُ غَفُورٌ رَّحِيمٌ

ပြောပြလော့၊ အသင်တို့သည်အလ္လာဟ်အရှင်မြတ်အား တကယ်တန်း ချစ်မြတ်နိုးသည်မှန်လျှင် အရှင်၏လမ်းညွှန်ချက်ကိုလိုက်နာဘည်ဆောက်လော့၊ ငါသည် အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးမှုနည်းလမ်းကို ပြသမည်။ ဤသို့ပြုမူခြင်းအားဖြင့် အသင်တို့ အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးသောသူများဖြစ်သွားစေယုံသာမက အလ္လာဟ်အရှင်မြတ်သည်လည်း အသင်တို့အားချစ်မြတ်နိုးလိမ့်မည်၊ အသင်တို့၏ကျူးလွန်ခဲ့သောပြစ်မှုများသည်လည်း ခွင့်လွှတ်ခံရမည်။ အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်သောအရှင် ရဟ်မသ် ကရုဏာတော်အရှင်ဖြစ်တော်မူ၏။" (၃ း ၃၁)

ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်အားအီမာန်သက်ဝင်ယုံကြည်ခြင်းဟူသော စကားကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် သက်ဝင်ယုံကြည်ခြင်းသည်

ကအလွန်များပြားစွာသုံးစွဲထားသည်ကို တွေ့ရပြန်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် သုံးစွဲဖော်ညွှန်းထားသောရဟူဗီယသ်၊ မဂ်ဖွေရသ်၊ ရာဖသ်၊ ကရမ်၊ အဖုစသည့်စကားလုံးများသည် ရဟ်မသ်နှင့်ဆက်နွယ်သက်ဆိုင်သော စကားလုံးများပင်ဖြစ်သည်။သို့ဖြစ်၍ ကျမ်းတော်မြတ်ကုရ်အာန်၏အစဦးပိုင်းမှစ၍ ကျမ်း၏နောက်ဆုံးအထိ လမ်းညွှန်ချက်ကိုလေ့လာပါက အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်သဘောကိုဆောင်သော သဝဏ်ကိုသာ အနှံ့အပြားတွင် တွေ့မြင်ရပေမည်။

ဤနေရာတွင် တမန်တော်မြတ်၏ ဩဝါဒကျမ်းများမှရရှိသော ရဟ်မသ်နှင့်ဆက်နွယ်သောဋီကာများကိုကျွန်ုပ်အနေဖြင့်တင်ပြနိုင်မည်မဟုတ်ပါ။ တမန်တော်မြတ်အထံတော်မှ ကမ္ဘာ့လူသားတို့အား တင်ပြခဲ့သော အဆိုအမိန့် ဩဝါဒများသည် ယင်းဖော်ပြခဲ့ပြီးသော ကုရ်အာန်ကျမ်းလာလမ်းညွှန်ချက်များကို ရှင်းလင်းတင်ပြချက်ပင်ဖြစ်ပါသည်။ တမန်တော်မြတ်ဩဝါဒများကိုစုစည်းကြလျှင် တစ်ဆူတည်းသောအလ္လာဟ်အရှင်မြတ်အားခဝပ်ကိုးကွယ်ခြင်းနှင့် အလ္လာဟ် အရှင်မြတ်၏ ကျေးကျွန်သက်ရှိများကို ချစ်မြတ်နိုးခြင်းသဘောကိုပင်ဖော်ညွှန်းထားခြင်းဖြစ်သည်ကိုတွေ့ရသည်။

အလွန်ကျော်ကြားလှ သော ဩဝါဒတော်တစ်ခုမှာ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ကရုဏာတော်သက်ရောက်ခြင်းကိုခံရမည့်သူဟူသည်ကား အရှင်၏ ရဟ်မသ်တော်ကို ငှက်ငယ်ကလေးတစ်ကောင်အပေါ်ဝယ် သနားကရုဏာထားသောသူသည်လည်း ခံစားရပေမည်ဟူ၍ ဗုခါရီကျမ်းတွင်လာရှိသည်။

## အလ္လာဟ်အရှင်မြတ်၏ ဆိဖသ်ဂုဏ်တော်များကို လူ့ဘဝအတွက် အတုယူဆောင်ရွက်ခြင်း

စင်စစ်အားဖြင့်ကျမ်းတော်မြတ်ကုရ်အာန်၏ အနှစ်သဘောကို လေ့လာကြည့်လျှင် လူသားတို့အဖို့ အလ္လာဟ်အရှင် မြတ်အား ချစ်မြတ်နိုးသည့်စိတ်ဓါတ်ကိုမွေးမြူရာတွင် အလ္လာဟ်အရှင်မြတ်၏ ဆိဖသ်ဂုဏ်တော်များကို မိမိကိုယ်တွင်မွေးဖွားစေခြင်းသာလျှင်ဖြစ်သည်ကိုတွေ့ရမည်။ ဤနည်းအားဖြင့်သာလျှင် လူသားတို့သည် တိရစ္ဆာန်နှင့်ကွာခြား၍အဆင့်မြင့်လှသည့်နယ်နိမိတ်ဘောင်ကိုသတ်မှတ်ခြင်းကိုပြုနိုင်ပေမည်။ ကုရ်အာန်က လူသည် ပြီးပြည့်စုံသော လူ့အဆင့်သို့ရောက်ရှိစေဖို့ အလ္လာဟ်အရှင်မြတ်၏ဆိဖသ်ဂုဏ်တော်လက္ခဏာများကို မိမိကိုယ်တွင် အစဉ်တစိုက် ရှင်သန်ကြီးထွားလာအောင် မွေးပေးရမည်ဟုဆိုသည်။ ဤသို့အားဖြင့် လူသည် တိရစ္ဆာန်နှင့်မတူဘဲ အဆင့်မြင့်မှုသည် ဆင့်ကဲဆင့်ကဲကြီးထွားမြင့်တက်လာပေမည်။သို့ဖြစ်၍လည်း လူသားတို့အား အလ္လာဟ်အရှင်မြတ်၏ ဆိဖသ်ဂုဏ်တော်များကို မိမိတို့၏ ကိုယ်ကျင့်တရားတွင် ကျင့်ကြံထည့်

သွင်းပါဝင်စေသည်။ ကုရ်အာန်ကလူသားများတွင် အလ္လာဟ်အရှင်မြတ်၏ ရူဟ်ကို မှုတ်သွင်းခံရသည်ဟူသောအချက်ထက်ကြီးမားသော ဂုဏ်ထူးဝိသေသနာရှိနိုင်ပါမည်လောဟုမေး၏။

ثُمَّ سَوَّاهُ وَنَفَخَ فِيهِ مِن رُّوحِهِ وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ

"အလ္လာဟ်အရှင်မြတ်သည် အာဒမ်လူသားတွင် "အရှင်၏ရူဟ်အနက် အနည်းငယ်ကို မှုတ်သွင်းလိုက်သည်။ ယင်းကြောင့်သူတို့တွင် ထက်မြက်သောဉာဏ်ရည်နှင့် အသိသည် ပေါ်ထွန်းလာရခြင်းဖြစ်သည်။" (၃၂ း ၈)

လူသားတို့တွင် အလ္လာဟ်အရှင်မြတ်၏ရဟ်မသ်ကို ကိန်းအောင်းလာစေဖို့ ကြိုးပမ်းရခြင်း၏အကြောင်းရင်းမှာ ကျွန်ုပ်တို့သည်လည်း ရဟ်မသ်ကရုဏာနှင့် ချစ်တတ်သောစိတ်ဓါတ်ရှိစေဖို့ရန်ပင် လူသားတို့ရှေ့မှောက်တွင် အရှင်၏ ရဗ္ဗူဗီယာသ် စည်းစနစ်ကို ကွက်ကွက်ကွင်းကွင်းမြင်လာစေဖို့ ကြိုးပမ်းရခြင်းမှာ ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားတွင်ယင်းရဗ္ဗူဗီယာသ်စိတ်ဓါတ်ရှိစေဖို့ပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်က အဲဟ်ဆန်ဝန်းကျင်ကို လုပအောင်ပြုစုသောစည်းစနစ်နှင့် လူသားတို့ကို ခွင့်လွှတ်တတ်မှုစသည်တို့ကို ကျွန်ုပ်တို့အား အကြိမ်ကြိမ်အခါခါ တင်ပြထားရခြင်းမှာကျွန်ုပ်တို့တွင်လည်း ယင်းသို့သောစိတ်ဓါတ် မွေးမြူနိုင်စေဖို့ပင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့တွင် အရှင်၏ကျေးကျွန်များ၏ အပြစ်များကို ခွင့်လွှတ်နိုင်သောစိတ်ဓါတ် မရှိခဲ့လျှင် ကျွန်ုပ်တို့သည်လည်း အရှင်မြတ်ထံတော်မှ မိမိ၏အမှားအယွင်းမိမိတို့၏အပြစ်များနှင့်ပတ်သက်၍ခွင့်လွှတ်ခံရမည်ကို မျှော်လင့်ထားစရာအကြောင်းမရှိတော့ပါ။

ဤနေရာတွင်ဥပဒေစည်းမျဉ်းဘောင်နှင့်စပ်လျဉ်း၍ဖော်ပြရာတွင် ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်က မိမိ၏ရန်သူကိုချစ်ခင်ပါဟု မဆိုထားပါ။ ဤသို့ဆိုရအောင်လည်းဤအချက်သည် ယုတ္တိရှိသော ပညတ်ချက်မဟုတ်ပါချေ။ ကျမ်းတော်မြတ်ကုရ်အာန်က ကျွန်ုပ်တို့အား လမ်းညွှန်သွန်သင်ပြသည့်အချက်မှာ မိမိရန်သူ၏အပြစ်များကို ခွင့်လွှတ်နိုင်လျှင် ခွင့်လွှတ်ပါ။ ဤသို့ ခွင့်လွှတ်တတ်သောစိတ်ဓါတ်ကိုမွေးနိုင်လျှင် ထိုသူ၏စိတ်ထဲ၌ စွဲကပ်နေသော ညစ်ညမ်းဆိုးသွမ်းမှုများသည် အလိုလိုကင်းရှင်းသွားပေမည်ဟူ၏။

الْكَاظِمِينَ الْغَيْظَ وَالْعَافِينَ عَنِ النَّاسِ وَاللَّهُ يُحِبُّ الْمُحْسِنِينَ

"မိမိ၏ဒေါသကိုချုပ်တီးနိုင်သောသူ၊ လူသားတို့၏ အပြစ်များကို ခွင့်လွှတ်နိုင်သော သူ၊အခြားသူတို့၏စိုပြေဖွံ့ဖြိုးမှု အတွက် ဆောင်ရွက်နိုင်သောသူအတွက် အလ္လာဟ်အရှင်မြတ်၏ ချစ်မြတ်နိုးမှုသည် ရှိ၏။" (၃ း ၁၃၄)

وَالَّذِينَ صَبَرُواْ ابْتِغَاء وَجْهِ رَبِّهِمْ وَأَقَامُواْ الصَّلاَةَ وَأَنفَقُواْ مِمَّا رَزَقْنَاهُمْ

سِرًّا وَعَلاَنِيَةً وَيَدْرَؤُونَ بِالْحَسَنَةِ السَّيِّئَةَ أُوْلَئِكَ لَهُمْ عُقْبَى الدَّارِ

"အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ချစ်မြတ်နိုးမှုအတွက် ဆန့်ကျင်ဘက်၏ ခက်ထန်မှုများကို ကြံ့ကြံ့ခံ နိုင်စွမ်းရှိသည်။ ဆွလာသ်ကို တည်ဆောက်နိုင်ခြင်းရှိသည်။ အလ္လာဟ်အရှင်မြတ်က ပေးထားသော ဥစ္စာပစ္စည်းများကို လျှို့ဝှက်စွာဖြင့်လည်းကောင်း၊ အားလုံးကမြင်နိုင်သောအခြေအနေတွင်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များ အတွက် အသုံးပြု၏။ မကောင်းမှုကို မကောင်းမှုဖြင့် တုံ့ပြန်ခြင်းမရှိဘဲ ကောင်းမြတ်မှုဖြင့် လက်တုံ့ပြန်ခြင်းပြု၏။ ကေန်စင်စစ် ဤသူတို့အတွက်သာလျှင် အာခေရသ် တမလွန်တွင် ကောင်းမြတ်သောနေရာဌာနတွင်ရှိမည်။" (၁၃ း ၂၂)

وَلَمَن صَبَرَ وَغَفَرَ إِنَّ ذَلِكَ لَمِنْ عَزْمِ الْأُمُورِ "အကြင်သူသည် မကောင်းသောလုပ်ရပ် ကို ကြံ့ကြံ့ခံနိုင်ခြင်းရှိ၍ မကောင်းမှုကို ခွင့်လွှတ်နိုင်ခြင်းဖြင့်တုံ့ပြန်မှုပြု၏။ ဤသို့ပြုမှု ဆောင်ရွက်ခြင်းသည် ကေန်အမှန် အလွန်ပင် မြင့်မြတ်လှသောအပြုအမူဖြစ်သည်။" (၄၂ း ၄၃)

لَا تَسْتَوِي الْحَسَنَةُ وَلَا السَّيِّئَةُ ادْفَعْ بِالَّتِي هِيَ أَحْسَنُ فَإِذَا الَّذِي بَيْنَكَ وَبَيْنَهُ عَدَاوَةٌ كَأَنَّهُ وَلِيٌّ حَمِيمٌ وَمَا يُلَقَّاهَا إِلَّا الَّذِينَ صَبَرُوا وَمَا يُلَقَّاهَا إِلَّا ذُو حَظٍّ عَظِيمٍ

"ကောင်းကျိုးချမ်းသာမှုနှင့်မကောင်းမှုဒုစရိုက်တို့သည်တူညီမျှတသော အရာ မဟုတ်ပါ။ တစ်ဦးတစ်ယောက်သည် မကောင်းသောအပြုအမူကိုပြုမူလျှင် ယင်းသူအား ကောင်းမြတ်သောအပြုသဘောဖြင့်တုံ့ပြန်လော့။ အကယ်၍အသင်သည် ဤသို့ပြုလုပ်နိုင် လျှင် အသင်၏ဆန့်ကျင်ဘက်တို့သည်အသင်၏ အဆွေခင်ပွန်းဖြစ်လာမည်ကို မြင်တွေ့ရမည်၊ ဤအဆင့်ကို တက်လှမ်းနိုင်ရန်မှာ မကောင်းသောအပြုအမူကို ကြံ့ကြံ့ခံရပ်တည်နိုင်သော သူတို့အဖို့ရာသာ ဖြစ်သည်။ ယင်းသူသည် မြင့်မြတ် သောအဆင့်ကို ရရှိသောသူသာလျှင် ဖြစ်သည်။" (၄၁ း ၃၄ - ၃၅)

အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား အရာရာကိုသည်းခံပြီး မိမိအား

ဒုက္ခပေးနေသောသူအား ရန်ကိုရန်ဖြင့်တုံ့ပြန်ဖို့ပိတ်ပင်တားမြစ်ခြင်းမရှိပါ။ ဤသို့ တားမြစ်ခြင်းမပြုရခြင်းမှာလည်း ဤသို့တုံ့ပြန်သောစိတ်ကိုကျွန်ုပ်တို့၏ဇာတိစိတ်ဖြင့် ထည့်သွင်းပေးထားခြင်းကြောင့်ပင်ဖြစ်၏။ ယင်းဇာတိစိတ်ကို ကိုင်တွယ်ချုပ်ထိန်း ရန်တာဝန်မှာ ကျွန်ုပ်တို့တွင်သာရှိသည်။

ကျွန်ုပ်တို့အားတုံ့ပြန်နိုင်သောအခွင့်အာဏာ လုပ်ပိုင်ခွင့်ဆိုင်ရာတွင် လမ်းညွှန်ချက်ပေးရာတွင် ယင်းလမ်းညွှန်ချက်နှင့်အတူ ရန်သူကို ခွင့်ပြုခွင့်လွှတ် တတ်သောစိတ်သည် မည်၍မည်မျှ မြင့်မြတ်ကြောင်းကိုလည်း ပြသလိုက်သည်။ ယင်းသွန်သင်ချက်ကို အောင်နိုင်သူသာလျှင်ပြုနိုင်သည်။ အားအင်ရှိသူသာ ပြုနိုင်သည်။ ယင်းပြုလုပ်နိုင်သူသည် အလ္လာဟ်အရှင်မြတ်အား အမှန်တကယ် ချစ်မြတ်နိုးသောအသိရှိသူဖြစ်ပြီးယင်းအသိကို အီမာန်ရှိသောသူတို့ အဘယ် သို့ငြင်းဆိုနိုင်ပါမည်နည်း။

وَإِنْ عَاقَبْتُمْ فَعَاقِبُواْ بِمِثْلِ مَا عُوقِبْتُم بِهِ وَلَئِن صَبَرْتُمْ لَهُوَ خَيْرٌ لِّلصَّابِرِينَ

အကယ်၍ အသင်သည် လက်စားချေခြင်းကိုပြုလျှင် ထိုက်သင့်ညီမျှသော လက်စားချေခြင်းကိုသာပြုရမည်။ အသင်အားပြုခဲ့သောပြစ်မှုနှင့်ညီမျှသော တုံ့ပြန်မှု ကိုသာပြုလော့။ ဤသို့မဟုတ်ဘဲအသင်သည်မိမိ၏ရန်ဘက်ကိုခွင့်လွှတ်ပြီး လက်စားချေခြင်း မပြုလျှင်မူ သာလွန်မြင့်မြတ်လှပေသည်။'' (၁၆ း ၁၂၆)

وَجَزَاء سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا فَمَنْ عَفَا وَأَصْلَحَ فَأَجْرُهُ عَلَى اللَّهِ إِنَّهُ لَا يُحِبُّ الظَّالِمِينَ

''မိမိနာကျင်ဆုံးရှုံးခံရသည်နှင့်အညီ ပြန်လည်၍ တုံ့ပြန်လက်စားချေခွင့်ရှိသည်။ သို့သော် လူတစ်ဦးတစ်ယောက်သည် ရန်သူ၏အပြစ်ကိုခွင့်လွှတ်၍ ပျက်ပြားမှုကို သင့်မြတ်အောင်ဆောင်ရွက်နိုင်လျှင်မူအပြစ်ကိုခွင့်လွှတ်သောသူသည် အလ္လာဟ်အရှင်မြတ် ထံတော်မှ အောင်ဆုမင်္ဂလာရရှိသည်။'' (၄၂ း ၄၀)

## ကုရ်အာန်ကျမ်းတော်မြတ်နှင့် အင်ဂျီလ်သမ္မာကျမ်း

## انجیل اور قرآن

ဖော်ပြခဲ့ပြီးသောအခန်းတွင် ခွင့်ပြုခွင့်လွှတ်တတ်သော စိတ်မွေးမြူ ရေးနှင့်စပ်လျဉ်း၍ ရေးသားဖော်ပြရင်းက ကျမ်းတော်မြတ်ကုရ်အာန်တွင် ရန်သူတို့ကို ချစ်ခင်ကြပါဟူ၍မပါရှိကြောင်း ယင်းသည် ယုတ္တိရှိသော ပညတ်ချက်လည်းမဟုတ် ကြောင်းကို ဆိုခဲ့ပါသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပါမည်။

အီဆာနဗီ ﷺ သည် ဂျူးလူမျိုးများ၏ရုပ်ဝါဒဆန်လွန်းမှုနှင့် စာရိတ္တပလ ဘက်တွင် ချို့ယွင်းမှုကို ကုစားရာတွင်သနားခြင်း၊ ကြင်နာခြင်းနှင့် ခွင့်လွှတ်တတ်

သောအလေ့အကျင့်ဖြင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာတွင် အရာရာကိုစွန့်စား စွန့်လွှတ်ခြင်းကိုအလေးပေးခဲ့သည်။ အီဆာနဗီ ﷺ ၏သွန်သင်ချက်၏ အဓိက အချက်က ယင်းဖော်ပြပြီးအချင်ပင်ဖြစ်သည်။ သို့ဖြစ်၍လည်း အင်ဂျီလ်ကျမ်းကို အခြေပြုသောတရားများတွင်အောက်ပါအတိုင်းကြားရလိမ့်မည်။

အသင်တို့အရင်က လူများကဆိုခဲ့သည့်စကားရှိသည်။ သွားအစားသွား၊ မျက်စိအစားမျက်စိ၊ သို့ရာတွင် ကျွန်ုပ်အနေဖြင့်ဆိုရလျှင် ခန္ဓာကိုယ်အစိတ်အပိုင်းကို တိုက်ခိုက်ခြင်းကိုမပြုပါနှင့်။

မိမိတို့၏ အိမ်နီးနားချင်းသာမက မိမိတို့၏ ရန်သူများကိုလည်း ချစ်ခင်ကြပါ။ အကယ်၍ တစ်ဦးတစ်ယောက်သောသူသည် သင့်ပါးတစ်ဖက်ကိုရိုက်ခဲ့လျှင် ကျန်ပါးကိုလည်း ရိုက်ရန်အပ်နှင်းလိုက်ပါ။

အထက်ပါတရားများ၏အခြေအနေနှင့်ပတ်သက်၍ယင်းသည် စာရိတ္တမြင့် တင်ရေး အတွက်တင်စားဖော်ပြထားသောတရားဖြစ်သလော။ သို့တည်း မဟုတ် ယင်းကိုလက်တွေ့ကျင့်ကြံ၍ရရှိသောနိုင်သောတရားပင်ဖြစ်သလော ဟူသော အချက်ကိုစဉ်းစားသုံးသပ်ကြည့်ဖို့လိုသည်။

အလွန်ဝမ်းနည်းစရာကောင်းသည့်အချက်က အင်ဂျီလ်ကျမ်းအား လေးစား သောသူနှင့် အင်ဂျီလ်သမ္မာကျမ်းကို ဝေဖန်သုံးသပ်သောသူ နှစ်ဦးစလုံးသည်ပင် ယင်းတရားများကို သုံးသပ်ရာတွင် ချွတ်ချော်ခဲ့ရသည်။ နှစ်ဖက်စလုံးကပင် ယင်းတရားသည် တင်စားဖော်ပြထားသော တရားဖြစ်ကြောင်းကို ဝန်ခံခဲ့ကြသလို နှစ်ဖက်စလုံးက ယင်းတရားသည် လက်တွေ့ ကျင့်ကြံမရသော တရားအဖြစ်ခံ ယူခဲ့ကြသည်။ယင်းတရားကို သက်ဝင်ယုံကြည်သောသူတို့က ယင်းသည် တရား စစ်တရားမှန်ဖြစ်သည်မှန်လည်းလက်တွေ့ကျင့်ကြံမှုကိုမပြုနိုင်၊ သို့သော် အတိတ်ကာလ လူအချို့အနေနှင့်မူ ယင်းတရားကို လက်တွေ့ ကျင့်ကြံခဲ့မှုကိုတော့ အတိတ်ကာလ အကိုးအကားဖြင့် ဖော်ပြကြသည်။ ယင်းတရားကို ဝေဖန်သော သူတို့ကမူ စိတ်ကူးယဉ် သဘောတရားသက်သက်ဖြစ်၍ လက်တွေ့ကျင့်ကြံမရ။ ဤတရားကား ဖော်ပြရာတွင် အလွန်လှပပြီး နားကြားချိုသာငြား သော်လည်း လက်တွေ့ဘဝတွင်ဘာမျှအဖိုးမတန်၊ တန်ဖိုးမရှိလူတို့၏စရိုက်နှင့် ဆန့်ကျင် သည်ဟုဆိုကြ၏။

ဤဖော်ပြချက်အရရှုမြင်မည်ဆိုပါမူလူသားတို့အဖို့ရာတွင် ကမ္ဘာ့လူသားထု ၏ကြီးကဲလှဘိသော ပြုပြင်ရေးသမား ကြီးအား သုံးသပ်ရာတွင် တရားမျှတမှုမရှိရာ တစ်ဖက်သပ်သုံးသပ်ချက်ပြုရာရောက်နေကြောင်း တွေ့ရပေမည်။ ကျမ်းတော်

မြတ်ကုရ်အာန်၏ သစ္စာတရားလမ်းညွှန်ချက်ကို လက်ခံသောသူတစ်ဦးအဖို့ရာတွင် အီဆာနဗီ عليه السلام အား ဤသို့မျှော်တသော တစ်ဖက်သတ်ရှုမြင်ခြင်းသည် ယင်းသစ္စာ တရားကို ပြည့်စွာ လက်ခံခြင်းမရှိ ရောက်သွားသည်ဟူ၍ပင် မှတ်ချက်ချရ ပေမည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဒါဝသ်ဖိတ်ခေါ်မှုတွင် လွန်လေပြီးသော ခေတ်ကာလအသီးသီးက ပေါ်ထွန်းခဲ့သော ရှေ့ဆောင် လမ်းပြ ပုဂ္ဂိုလ်တို့ကို တညီ တညွတ်တည်း အတည်ပြုလက်ခံခြင်းက အဓိကကျသည်။ ဤသို့လက်ခံမှုပြုရာ တွင် အားလုံးကို သက်ခံသော်လည်း တစ်ဦးတစ်ယောက်ကို ပစ်ပယ်ခြင်းနှင့် တစ်ဦးတည်းကိုလက်ခံပြီး ကျန်အားလုံးကို ပယ်ဖျက်ခြင်းသည် အစ္စလာမ်၏ အခြေခံဖြစ်သောကျမ်းတော်မြတ်ကုရ်အာန်၏ လမ်းညွှန်ချက်ကို လက်မခံ သည့်သဘောပင်ဖြစ်သည်။ ဤအချက်နှင့် ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်က အောက်ပါအတိုင်း သမ်းညွှန်ပြထားသည်။

لَا نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ وَنَحْنُ لَهُ مُسْلِمُونَ

"ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ စေလွှတ်သော ရစူလ်တမန်တော်တို့အနက် တစ်ဦးတစ်ယောက်ကိုမျှ အခြားတစ်ဦးတစ်ယောက်နှင့်ခွဲခြားခြင်းမပြုပြီ။ ငါတို့သည် အလ္လာဟ် အရှင်မြတ်၏ လမ်းညွှန်ချက်ရှေ့တော်မှောက်တွင် ဝပ်တွားခဝင် နာခံလျက်ရှိသည်။"

(၃ း ၈၄)

ကျမ်းတော်မြတ်ကုရ်အာန်သည် အီဆာနဗီ عليه السلام ကို ညွှန်းဆိုဖော်ပြရာတွင် ရဟ်မသ်ကရုဏာနှင့် အချစ်ပွားများစေသူစေလွှတ်ခံ တမန်တော်အဖြစ်ဖော်ပြသည်။ ဂျူးလူမျိုးတို့၏ပျက်စီးနေသော စာရိတ္တမဏ္ဍိုင် ကိုပြုပြင်ရေးအတွက် အီဆာနဗီ عليه السلام ၏စွမ်းဆောင်ချက်ကိုလည်း အောက်ပါအတိုင်း ဖော်ညွှန်းပြသသည်။

وَلِنَجْعَلَهُ آيَةً لِّلنَّاسِ وَرَحْمَةً مِّنَّا وَكَانَ أَمْرًا مَّقْضِيًّا

ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူ(အီဆာနဗီ)အား လူသားများ အတွက် အရှင်မြတ်၏သက်သေလက္ခဏာနှင့်အရှင်မြတ်၏ရဟ်မသ်အဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။ ဤသည်ကား အရှင်မြတ်၏ စနစ်ဖယားကြီးတွင် ဆုံးဖြတ်ပီးသောဆုံးဖြတ်ချက်ပင် ဖြစ်သည်။"　　(၁၉ း ၂၁)

وَجَعَلْنَا فِي قُلُوبِ الَّذِينَ اتَّبَعُوهُ رَأْفَةً وَرَحْمَةً

"ထို့အပြင် ငါအရှင်မြတ်သည် အီဆာနဗီ၏နောက်သို့ ထပ်ချပ်မကွာ လိုက်ခံ ကျင့်ကြံသူတို့၏ နှလုံးသားထဲသို့ နူးညံ့သိမ်မွေ့မှုနှင့်ရဟ်မသ်ကရုဏာတရားကို ထည့်သွင်း ပေးလိုက်တော်မူသည်။" (၅၇ ႏ ၂၇)

ကျမ်းတော်မြတ်ကုရ်အာန်သည် မိမိ၏ဖော်ပြပါလမ်းညွှန်ချက်ကို ထူးခြား သောဝိသေသလက္ခဏာများဖြင့် ဖော်ပြသကဲ့သို့ အတိတ်ကာလက သောင်ရသ်နှင့် အင်ဂျီလ်ကျမ်းများ၏ဝိသေသလက္ခဏာများကိုလည်း ပွင့်ပွင့်လင်းလင်း ထင်ရှား ထူးခြားသောအသွင်ဖြင့် ဖော်ပြသည်။ ကျမ်းမြတ်ကုရ်အာန်သည် မိမိကိုယ်ကို လမ်းညွှန်ပြသသောကျမ်း၊ အလင်းပြသောကျမ်း၊ ဆုံးမသွန်သင်လမ်းပြသောကျမ်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ရှေ့ဆောင်လမ်းပြကျမ်း၊ ဖြောင့်မတ်သော သူတို့ကို ခေါင်းဆောင်မည့်ကျမ်းဟူ၍ ဖော်ပြသကဲ့သို့ပင် အတိတ်ကာလကျမ်းဂန် များနှင့်စပ်လျဉ်း၍လည်း အောက်ပါအတိုင်း ဖော်ပြသည်။

وَآتَيْنَاهُ الإِنجِيلَ فِيهِ هُدًى وَنُورٌ وَمُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرَاةِ وَهُدًى ،

وَمَوْعِظَةً لِّلْمُتَّقِينَ ،

"၎င်းအပြင်အလ္လာဟ်အရှင်မြတ်သည် အင်ဂျီလ်ကျမ်းကိုပေးအပ်ခဲ့သည်။ ထိုကျမ်း ဂန်ထဲတွင်ဘဝအတွက်လမ်းညွှန်ချက်နှင့်အတူ အမှားနှင့်အမှန်ကိုခွဲခြားသိရှိရန် အလင်း ရောင်ပါရှိသည်။ ဤကျမ်းသည်သူတို့၏လက်ဝယ်ရှိနေသော သောင်ရသ်ကျမ်းကို အပြည့် အဝမှန်ကန်ကြောင်း ထောက်ခံပြီးဘဝ၏ဘေးဒုက္ခအန္တရာယ်များကိုရှောင်ရှား လိုသူများ အတွက် လမ်းညွှန်ချက်နှင့် အဆုံးအမလည်းဖြစ်သည်။" (၁၅ ႏ ၄၆)

သို့ဖြစ်၍ ကျွန်ုပ်တို့သိမြင်အပ်သောအချက်သည်ကားကျွန်ုပ်တို့၏ ဆင်ခြင်တုံတရားကလက်ခံနိုင်ခြင်းမရှိသောတရား၊ လက်တွေ့ကျင့်ကြံ၍ မရသော တရား သည်လူသားတို့အတွက်အလင်းပြလမ်းညွှန်ချက်ကျမ်းနှင وَمَوْعِظَةً لِّلْمُتَّقِين့်َ တည်းဟူသော ဖြောင့်မတ်သောသူတို့၏ ကျင့်ကြံအားထုတ်ရာတရား ဖြစ်နိုင်ပါ မည်လော။

အမှန်စင်စစ် အီဆာနဗီ(အ)၏ သွန်သင်ချက်များကို မှတ်သားရာတွင် မိမိ၏ထင်မြင်မှတ်ယူသကဲ့သို့ မဟုတ်ပါချေ။ ကမ္ဘာပေါ်တွင် လူသားတို့အဖို့ရာတွင် အထင်အမြင်မှား၍ လမ်းမှားကိုရောက်စေရခြင်းည် လက်မခံငြင်းပယ်မှုကြောင့်ထက် လွဲမှားသောထင်မြင်ယူဆသုံးသပ်ချက်ကြောင့်သာလျှင်ဖြစ်သည်ကို သတိပြုသင့် သည်။

အီဆာနဗီ(အ)ပေါ်ထွန်းချိန်တွင် ယဟူဒီတို့၏ စာရိတ္တမဏ္ဍိုင်အပိုင်းသည် အနိမ့်ကျဆုံးအဆင့်သို့ရောက်ရှိနေသည်၊စိတ်ထားဖြူစင်မှု၊ လက်တွေ့ ကျင့်သုံးမှုတွင်

စိတ်စေတနာသန့်သန့်လုပ်ဆောင်မှုအစား စိတ်စေတနာမပါသော အပေါ်ယံအား ဖြင့် မြင်တွေ့နိုင်သော ပြစားကျင့်ကြံမှုနှင့် အခြေအမြစ်မဲ့သော ဓလေ့ထုံးစံများကို အလ္လာဟ်အရှင်မြတ်အားခဝပ်နည်းဟုထင်မြင်ကြသည်။ ထိုအချိန်က ရဟူဒီလူမျိုး သာမက ဝန်းကျင်ရှိ ရောမလူမျိုး၊ အီဂျစ်လူမျိုး၊ ဆီးရီးယားလူမျိုးတို့သည်လည်း လူ့စိတ်ဓါတ်ကင်းမဲ့နေကြသည်။ လူသားတို့ကို သနားညာတာခြင်း၊ လူသားတို့အား ချစ်ခင်မြတ်နိုးရခြင်းသည်ပျောက်ကွယ်နေသည်။လူတို့သည် ပြစ်မှုကျူးလွန်သော သူတို့ကို ပြစ်ဒဏ်ချမှတ်ရမည်ကို လက်ခံသည်။လိုက်နာသည်။သို့ရာတွင် သနားကြင်နာတတ်သောစိတ်၊ချစ်ခင်တတ်သောစိတ်၊ခွင့်လွှတ်ခွင့်ပြုတတ်သော စိတ်အားဖြင့်ကုစားခြင်းအားဖြင့် ပြစ်မှုကျူးလွန်ထားသောတရားခံများ၊ နောက်ထပ် မှားယွင်းမှု ပြစ်မှုကျူးလွန်မှုတို့ရပ်စဲစေသည်ကိုမူ ဂရုမပြုမသိမြင်ကြချေ။

လူသားတို့ကို တစ်ဦးကိုတစ်ဦး သတ်ဖြတ်စေပုံကို ပွဲလုပ်၍ ရှုစားခြင်း၊ ရက်စက်ကြမ်းတမ်းသောနည်းလမ်းအားဖြင့်ပြစ်မှုကျူးလွန်သောသူတို့အား သတ်ဖြတ်ခြင်း၊ အသက်ရှင်နေသော တရားခံများကို သားစားတိရစ္ဆာန်ရိုင်းကြီးများ ရှေ့မှောက် တွင် လွှတ်ပေးခြင်း၊ စည်ကားနေသော မြို့ရွာအဆောက်အဦးများကို ဖျက်ဆီးပစ်ခြင်း မိမိတို့လူမျိုးမှအပ အခြားလူမျိုးများကို မိမိတို့၏ကျေးကျွန်အဖြစ် မှတ်ယူခြင်း၊ မဟာလူမျိုးကြီးအသွင် အခြားလူမျိုးများကို ကျွန်အဖြစ်မြင်ခြင်း ယင်းတို့အား ကျွန်ကဲ့သို့ စေခိုင်းခြင်းဖြင့် သနားကြင်နာမှုနှင့် အချစ်အားဖြင့် ယုယမှုကင်းမဲ့ပြီး စိတ်ဓါတ်ရေးရာ စစ်ဆင်ခြင်းနှင့် နှိမ့်ချမှုကို ဂုဏ်ယူ ခြင်းတို့မှာ ထိုခေတ်က ရောမယဉ်ကျေးမှု၏ ထူးခြားသောအသွင်နှင့် အီဂျစ်နှင့် အဆီးရီးယန်း အရှင်သခင်တို့၏ မြင့်မြတ်လှသောကျင့်စဉ်ကျင့်ရပ်တို့ပင်ဖြစ်သည်။

ဤသို့အဖက်ဖက်မှနိမ့်ကျနေသော လူသားတို့၏အခြေအနေကို ကယ်တင် ရန်လမ်းပြနိုင်ရန် လူသားတို့အဖို့ သနားကြင်နာခြင်းနှင့် အချစ်အားဖြင့် ယုယမှုကို စံပြုထိုက်သောလမ်းညွှန်လမ်းပြနိုင်သူလိုအပ်နေသည်။ယင်းလိုအပ်ချက် ကအီဆာနဗီကဖြည့်ဆည်းပေးခဲ့သည်။ အီဆာနဗီသည်ရုပ်ပိုင်းဆိုင်ရာ အချက်အ လက်များအစား ရှုပ်ဝိညာဉ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့် စကားစစ်ထိုးခြင်း အစား နှလုံးသားအားဖြင့်လည်းကောင်း မြင်နိုင်စွမ်းရှိသောအရာအစား အကွယ်မှ ဖြစ်ပေါ်မှုကိုလည်းကောင်း လူသားတို့အား ယင်းတို့၏အရေးပါမှုကို မီးမောင်း ထိုးပြသခဲ့သည်။ လူသားတို့မေ့လျော့နေသော အတိတ်က သင်ခန်းစာများကိုလည်း ပြန်လည်ပြန်ပြောင်းသတိရစေခဲ့သည်။

ရိုးသားသော အဆိုအမိန့်စကားသည် မှန်ကန်ထိမိသောစကားဖြစ်လျှင် ဩဇာရှိသည်။ သဘာဝအရှင် အလ္လာဟ် အရှင်မြတ်၏ လမ်းညွှန်ချက်တရား

များသည် ယင်းအချက်အလက်ဖြင့်ပြည့်စုံသည်။ ဩဇာနှင့်ထက်မြက်သော အင်အားရှိသောစကားလုံးများဖြင့် တည်ဆောက်ထားသောတရားများကို တရားဟောဆရာတို့က နောင်သောအခါ ပြန်လည်ပို့ချရာတွင် သူတို့၏ ထင်မြင်ယူဆချက်ဖြင့် လွဲမှားစွာ အဓိပ္ပါယ်ကောက်ယူမှုကြောင့် တလွဲစီဖြစ်ခဲ့ရသည်။ အီဆာနဗီက ရန်သူကိုချစ်ခင်ပါ ဟုဆိုသည့်အတွက် လူတို့အဖို့ သူတို့၏ရန်သူများကို အသက်မက ချစ်ခင်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ မိမိ၏ရန်သူကို ဆက်ဆံရာတွင် ဒေါသ၊ အမျက်၊ မလိုမုန်းထားမှု၊ အာဃာတစိတ် ကလဲ့စားချေမှုထက် ခွင့်ပြုခွင့်လွှတ်လိုစိတ်ကို ရှေ့တမ်းတင် ဆက်ဆံရမည်ကို ဆိုလိုခြင်းဖြစ်သည်။ မိမိတို့၏ ချစ်ခင်လှသော သူငယ်ချင်းရောင်းရင်းတို့အပေါ်တွင်သာမက ရန်သူများကိုပင်လျှင် ခွင့်လွှတ်နိုင်စွမ်းသတ္တိကို မွေးမြူနိုင်စွမ်းရှိရမည်။ ယင်းစိတ်ဓါတ်မျိုး မွေးမြူပျိုးထောင်ပေးနိုင်မှုသည် လူ့စိတ်ကင်းသော လူ့အဖွဲ့အစည်းတစ်ရပ်အတွက် အလွန်ကြီးမားလှသော စမ်းသပ်မှုတစ်ခုပင်ဖြစ်သည်။

မိမိ၏ပါးတစ်ဖက်ကို အရိုက်ခံရလျှင် ကျန်တစ်ဖက်ကိုလည်း ပေးလဲ့ပါ ဟုဆိုရာ၌လည်း ကလဲ့စားချေခြင်းထက်မေတ္တာဖြင့် တုန့်ပြန်ရန်ကို ဆိုလိုခြင်းပင်ဖြစ်သည်။ ဤသန့်ရှင်းမြင့်မြတ်လှသော သွန်သင်ချက်ကို လက်ခံပြီးနောက် ယဉ်ကျေးသောအဆင့်သို့ရောက်နေသောလူ့ဝန်းကျင်တွင်ပင်လျှင် တရားဥပဒေဘောင်ကိုအကာအကွယ်ယူ လူသတ်နေခြင်းမှာ နေ့စဉ်နှင့် အမျှ ဒုနှင့်ဒေးပင်ဖြစ်သည်။ ညှင်းပမ်းနှိပ်စက်မှုကိုမူ အလွယ်တကူနှင့်ပင် ပြုမူနေကြသည်။ ကမ္ဘာသမိုင်းစာမျက်နှာတွင်လူတို့အားအစုလိုက်အပြုံလိုက်ညှင်းပမ်းဒုက္ခပေး သတ်ဖြတ်မှုကိုကြည့်လျှင် စစ်မြေပြင်ပြီးလျှင် တရားဥပဒေနှင့်ဘာသာရေးကို ခုတုံးလုပ် အရေခြုံထားသော စည်းကမ်းစည်းမျဉ်းများကို ပိုင်ဆိုင်သော လူတစ်စုအသိုင်းအဝိုင်းတစ်ခုကသာလျှင် ပြုလုပ်ကျူးလွန် နေခြင်းဖြစ်ကြောင်းကိုတွေ့ရပေမည်။

ဤနည်းနှင့်ပင် အီဆာနဗီ(ﷺ)သည် မူဆာဝိဥပဒေကို လက်ကိုင်ပြုခဲ့သော သူတို့၏စရိုက်ကြမ်းတမ်းသော ပြစ်ဒဏ်များကို ချမှတ်ခဲ့ခြင်းနှင့် လူသားများကို မညှာမတာ သတ်ဖြတ်အပြစ်ပေးခဲ့ကြခြင်းကို အီဆာနဗီသည် ကုစားခဲ့သည်ကုတုံးကား လူသားတို့ကိုချစ်ခြင်းမေတ္တာကို အခြေခံသောအာဃာတရားကင်းမဲ့သောခွင့်လွှတ်တတ်သော စိတ်ဓာတ်ကိုမွေးမြူးစေခြင်းဖြစ်သည်။ အီဆာနဗီက စည်းမျဉ်းဥပဒေဆိုသည်မှာ လူတို့အား ညှင်းပမ်းနှိပ်စက်ဒုက္ခပေးရန်မဟုတ် လူတို့အားလမ်းမှန်ကို လျှောက်လှမ်းစေဖို့လမ်းခင်းပေးခြင်းမျိုးသာဖြစ်သည်ဟုဆိုခဲ့သည်။ ဤသို့ချစ်ခြင်းမေတ္တာလမ်းပေါ်မှာ လျှောက်လမ်းခြင်းအားဖြင့် လူသားတို့အဖို့ အမှောင်ထုကို ဖယ်ရှားနိုင်ပေမည်။ ယင်းခင်းပေးသော

လမ်းကြောင်းသည် အချစ်နှင့်ရဟ်မသ်ကို အခြေခံသော လမ်းကြောင်းပင်ဖြစ်သည်။

လူသားတို့သည် ကြီးမားဆိုးရွားလှသော မှားယွင်းမှုများအား လုပ်ဆောင်နေမှုကိုသတိမမူခဲ့ကြ၊ သူတို့သည် အမလ် (ကျင့်ကြံမှု) နှင့် အာမိလ် (ကျင့်ကြံသူ)ကို ခွဲခြားစွာသိမြင်နိုင်စွမ်းမရှိခဲ့ကြပါ။ ဘာသာတရားတို့၏ သွန်သင်ချက်များသည် အမလ်တည်းဟူသောလက်တွေ့ကျင့်ကြံမှုကိုဖော်ပြသည်။ စင်စစ်အားဖြင့် ဘာသာတရားသည် မကောင်းမှုဒုစရိုက်နှင့် မကောင်း မှုဒုစရိုက်နှင့်မကောင်းသော အလုပ်တို့ကိုလူသားတို့အနေနှင့်ရွံရှာစေခြင်းပင်ဖြစ်သည်။သို့ရာတွင် လူသားတို အတွင်း တစ်ဦးကိုတစ်ဦး မုန်းတီးရွံရှာစေဖို့ ဘာသာတရားကမည်သည့်အခါမျှ ဦးမတည်ခဲ့ပါ။ ထိုနည်းတူစွာ မကောင်းမှုဒုစရိုက်ကို ရွံ့ရှာစေလိုသည်မှန်လည်း မကောင်းသောအလုပ်ကိုပြုကျင့်သော အပြစ်ရှိသူအာမိလ်လုပ်ဆောင်သူများကိုပါ ရွံရှာရမည်မဆိုခဲ့ပါ။

ဤအချက်နှင့်ပတ်သက်၍ ဥပမာအားဖြင့်ဖော်ပြရလျှင် ရောဂါကိုကုသသည့် သမားတော်တစ်ဦးသည် ရောဂါနှင့်ပတ်သက်၍ လူနာကိုချောက်လှန့်သတိပေးနေသော်လည်းရောဂါစွဲကပ်နေသောလူနာကိုကြောက်ရွံ့စေဖို့ အခြားသူတို့အား မည်သည့်အခါမျှ အားပေးအားမြှောက်မပြုသလိုပင်ဖြစ်သည်။ လူသားတို့အား ရောဂါစွဲကပ်နေသူနှင့် ပတ်သက်၍ ချောက်လှန့်ကြောက်ရွံ့စေခြင်းကို မပြုရုံမက ရောဂါသည်အား ယခင်ကထက်ပိုမို၍ သတိဝီရိယထား၍ပြုစုစောင့်ရှောက်စေသည်။ လူသား၏ ရောဂါဝေဒနာ ပျောက်ကင်းစေဖို့လည်း ကြိုးစားကုသစေသည်။ အချုပ်ကား ရောဂါကိုသာရွံ့ရှာစိုးရွံတတ်အောင်ပြုသောလည်း ရောဂါစွဲကပ်နေသူကိုမူ ယုယစေခြင်းကိုသာ သွန်သင်ပေးမြဲဖြစ်သည်။

ဤနည်းနှင်နှင်ပင် စိတ်ဓာတ်ရေးရာကိုပျက်စီးသောအရာများကို ရွံရှာစေသောလည်း ယင်းစိတ်ဓာတ်စွဲကပ် ပျက်စီးနေသောသူကိုမူ သနားကြင်နာရမည်ဟု သွန်သင်သည်။ ဤသဘောကို လူသာမာန်တို့သာမက ဘာသာရေးကိုချုပ်ကိုင် သော ပုဂ္ဂိုလ်တို့ပင်လျှင် သဘောပေါက်နားလည်ခြင်းမရှိခဲ့ကြဘဲ ချွတ်ချော်ခဲ့ကြသည်။ဘာသာတရားကမကောင်းမှုဒုစရိုက်ကိုသာ ရွံ့ရှစေဖို့သွန်သင်ပြသခဲ့သော်လည်း ဘာသာရေးအာဏာပိုင်ဆိုသူတို့ကမူ လူသားတို့ကို ရွံရှာစရာအဖြစ်မှတ်ယူခဲ့သည်။သူတို့သည်ပြစ်မှုကျူးလွန်သောသူတို့ကို တရားခံအဖြစ်ရှုမြင်သော လူ့ဝန်းကျင်မှ အပယ်ခံအဖြစ် သတ်မှတ်မြင်ခဲ့ကြတော့သည်။

အီဆာနဗီ ﷺ ၏ဒါဝသ်ဖိတ်ခေါ်မှုသည် အထက်ဖော်ပြပါအတိုင်း မကောင်းမှုဒုစရိုက်ကို ရွံရှာပြီးယင်းကို စွဲကပ်နေသော သူတို့ကို ကရုဏာသက်သနားညှာတာရမည်ဟူသောအချက်ကိုဖိတ်ခေါ်မှုပြုခြင်းဖြစ်သည်။ အကြင်သူ

တစ်ဦးတစ်ယောက်သည်ပြစ်မှုကျူးလွန်သူဖြစ်လျှင် ယင်းသူသည်စိတ်ပိုင်း ဆိုင်ရာ ဖက်တွင် ရောဂါစွဲကပ်နေသော မကျန်းမာသော ပုံမမှန်သောသူ စိတ်ထားမမှန်သောသူ ဖြစ်သည်ဟု မှတ်ယူရမည်။ ထိုသူအဖို့ သူ၏စွဲကပ်နေသောရောဂါကို ဂရုမပြုနိုင်ခြင်းသည် ကျွန်ုပ်တို့အဖို့ထိုသူအားရွံရှာစရာဟုမမြင်သင့်ပေ။ သနားကြင်နာရန်သာရှိသည်။ မိမိတို့၏ မွေးရင်းသားရင်း တစ်ဦးတွင် စွဲကပ်နေသော ရောဂါဆိုးကိုကုစားမည်လော၊ထိုသူ၏ရောဂါကိုကုစားရန်ဆိုးဝါးသော လူမိုက်တစ်ဦးထံအပ်နှံမည်လော။

အီဆာနဗီထံသို့ မကောင်းမှုဒုစရိုက်တွင်နစ်မွန်းနေသော အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး သူမ၏ဆံပင်ဖြင့် အီဆာနဗီ၏ခြေတွင် ပေကျံနေသော အမှိုက်များကိုရှင်းပေးသောအခါ ထိုမြင်ကွင်းကိုတွေ့မြင်ရသော ထိုခေတ်ဘာသာရေးကိုချုပ်ကိုင်သူတို့က အလွန်အံ့ဩ ကြီးစွာဖြင့် အကဲခတ်ခဲ့ကြောင့် "လူလ"ထံမှတစ်ဆင့်သိရှိခဲ့ရသည်။ထိုအချိန်တွင် အီဆာနဗီက ဆေးဝါးကုသသည့် သမားတော်သည် ရောဂါစွဲကပ်သောသူ လူနာအတွက် သာ လျှင်ဖြစ်သည်။ ကျန်းမာသန်စွမ်းသူများအတွက် မဟုတ်ပါ။

အလ္လာဟ်အရှင်မြင်နှင့် ဒုစရိုက်မှုတွင်နစ်မွန်းလျက်ရှိသော အလ္လာဟ်အရှင်၏ ဖန်ဆင်းခံလူသားတို့အကြားတွင် ရဟ်မသ်ကရုဏာ ဆက်နွယ်မှုနှင့်စပ်လျဉ်း၍ အောက်ပါဥပမာကိုဖော်ပြခဲ့၏။ သူကြွယ်တစ်ဦးထံမှ ငွေချေးငှာထားသူနှစ်ဦးရှိသည်။ တစ်ဦးထံမှရစရာငွေ၅၀ ကျပ်ရှိပြီး ကျန်တစ်ဦးထံတွင်ရစရာငွေ ၁၀၀၀ ကျပ်ရှိသည်။ သူကြွယ်သည် နှစ်ဦးစလုံးကို သူရစရာငွေများကို လွှတ်ပစ်လိုက်သည်။ ဤသို့ပြုခြင်းအားဖြင့် မည်သူ့အပေါ်ကြီးမားသောကျေးဇူးပြုခဲ့ပါသနည်း။ မည်သူ့အပေါ်တွင်သူ၏ဆောင်ရွက်မှုသည်သာလွန်ပါသနည်း။ မည်သူသည် သူကြွယ်အားပိုမို၍ ချစ်မြတ်နိုးမှုထားရာရောက်ပါသနည်း။

ဤမေးခွန်း၏အဖြေကိုတမန်တော်မြတ်၏သာဓိအိန်ပညာရှိတို့က အောက်ပါအဆိုအမိန့်ဖြင့် ပေါ်လွင်စွာဖော်ပြနိုင်ခဲ့ သည်။ အလ္လာဟ်အရှင်မြတ်အဖို့ သူ၏ ကောင်းမြတ်သောဘန်ဒါကျေးကျွန်များ၏ ဂုဏ်ရည်ထက်ဒုစရိုက်မှုတွင် နစ်မွန်းခဲ့ရပြီးနောက် သံဝေဂတရားကြောင့် မိမိ၏ အမှားသိမြင်သူ၏ ရဲရိုးကျိုးမှုကို ပိုမိုချစ်မြတ်နိုးတော်မူသည်ဟူ၏။

ကျမ်းတော်မြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်သည် အကုသိုလ်ပွားများပြီး ယင်းတို့တွင် နစ်မွန်းနေသော သူတို့ကို လမ်းမှန်ဘက်သို့ ဖိတ်ခေါ်မှုပြုရာတွင် အသုံးပြုသောလမ်းညွှန်ချက်များကိုသတိပြုလေ့လာသင့်ပါသည်။

قُلْ يَا عِبَادِيَ الَّذِينَ أَسْرَفُوا عَلَى أَنفُسِهِمْ

"အိုတမန်တော်ပြောလော့၊ ငါ၏ဘန်ဒါကျေးကျွန်များကား"သူတို့ကို သူတို့ အလွန်အကျူးနှိပ်စက်ခဲ့ကြသူများဖြစ်ကြသည်။" (၃၉ း ၅၃)

ءَأَنتُمْ أَضْلَلْتُمْ عِبَادِي هَٰؤُلَاءِ "အသင်တို့သည် ငါအရှင်မြတ်၏အေဘာဒီများကို လမ်းလွဲအောင်လုပ်ခဲ့ကြသလော" (၂၅ း ၁၇)

အထက်ပါ ကျမ်းမြတ်ကုရ်အာန်လာ အာယသ်တော်များ၏ ဖိတ်ခေါ်သမှုသည် ချစ်လှစွာသောဖခင်က သူ၏ရင်သွေးငယ်ကိုဖိတ်ခေါ်သမှုပြုသည့် အလားဖြစ်သည်။ဖခင်သည် ကလေးငယ်ကိုခေါ်ရာတွင် "အိုချစ်သား" အိုသားငယ်"ဟု ခေါ်သည့်အသွင်ပင်ဖြစ်သည်။ **အီမာန်ဂျာဖရ်ဆွာဒိက်သခင်သည် စူရာဟ်ဇုမရ်တွင်ပါရှိသော ရဟ်မသ်နှင့်စပ်လျဉ်းသော လမ်းညွှန်ချက်ကို ရှင်းလင်းရာတွင် ကျွန်ုပ်တို့သည် မိမိတို့၏ ကလေးသူငယ်တို့ကို"အိုချစ်သား" "သားသားလေ""သမီးလေး"ဟူ၍ ခေါ်သောအခါ ယင်းကလေးငယ်သည် မည်သည့်စိုးရိမ်ကြောင့်ကြမှုကိုမျှ ဂရုမပြုတော့ပဲ မိဘရင်ခွင်သို့ပြေး၍ဝင်လာကြသည်။ ဤသို့လာရခြင်းသည် သူတို့အား ဖိတ်ခေါ်မှုအပေါ်တွင် နားလည်သော အညွှန်းပြချက်ကြောင့်ဖြစ်သည်။ ဤသို့ချစ်စနိုးဖိတ်ခေါ်မှုကြောင့် သူ့အားရိုက်နှိပ်ဆုံးမမည်ဟုမယုံကြည်ပေ၊**

**ကျမ်းမြတ်ကုရ်အာန်တွင်အကြိမ်ပေါင်း၂၀ထိလူသားတို့ ့အာအီဘာဒီ ယ့ဒ္ဒဟူ၍ဖိတ်ခေါ်သမှုပြုထားသည်။ အလွန်ကြီးမားသောပြစ်မှုကို ကျူးလွန်သောသူကိုပင်လျှင်ယ့ဒ္ဒဒါ့အိုငါ၏ကျေးကျွန်"ဟုခေါ်ဆိုထားသည်။** လူသားတို့အား ဤခေါ်ဆိုမှုထက်ပို၍ပမာဏကြီးမားစွာ ကရုဏာသက်မှုကို ပြသလောစကားလုံးများရှိနိုင်ပါမည်လော။

အမှန်ကိုဖော်ပြရသည်ရှိသော် အတိတ်ကာလကရှိခဲ့သော အီဆာနဗီ(အ)၏သွန်သင်ချက်နှင့် ကျမ်းမြတ်ကုရ်အာန်၏ သွန်သင်ချက်တွင်အခြေခံကွဲလွဲခြားနားချက်မရှိပါ။ခြားနားသည့်အချက်ကား ကွဲပြားသောတင်ပြပုံ တင်ပြနည်းပင်ဖြစ်သည်။ အီဆာနဗီသည်ကိုယ်ကျင့်တရားနှင့်စိတ်၏စောင့်ထိန်းမှုကို အထူးပြုသွန်သင်ခဲ့သည်။ ဤသို့ပြုရခြင်းမှာလည်း သူ့ခေတ်သူ့ကာလ သမိုင်းဖြစ်ရပ်ကို ပြုပြင်နိုင်ရေးအတွက်ကြောင့်ပင်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ကမူ ကိုယ်ကျင့်တရားသာမက လူ့ဘဝဆိုင်ရာ ပြဿနာအားလုံးကို ဖော်ပြလမ်းညွှန်ထားသည်။ ကျမ်းမြတ်ကုရ်အာန်တွင်ဖြစ်ရပ်များနှင့်ဥပမာဥပမေယျကိုဖော်ပြရာတွင် ယုတ္တိရှိသော အခြေခံနိုင်လုံသော စကားကိုသာဖော်ပြထားသည်။

ကျမ်းမြတ်ကုရ်အာန်တွင် ခွင့်လွတ်တတ်သောစိတ်ဓာတ်ကိုကောင်း

ချိုးချမ်းသာအဖြစ်ဖော်ပြသည်။ထိုနည်းတူစွာ တုံ့ပြန်မှုနှင့်ပြစ်ဒဏ်ခပ်မှုနှင့် စပ်လျဉ်း၍လည်းဖြစ်ပေါ်လာမည့် အခြေအနေအတွက် လိုက်လျောညီသောဆုံးဖြတ်ချက်ချမှတ်နိုင် ရန်ခွင့်ပြုထားပေသည်။ သို့ရာတွင် တုန့်ပြန်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍တရားမျှတမှုနှင့်လွန်ကဲသောအပြုအမူကို မပြုလုပ်စေဖို့အကြိမ်ကြိမ် အဖန်ဖန်သတိပေးထားသည်။ကမ္ဘာပေါ်တွင် အလ္လာဟ် အရှင်မြတ်အဆံတော်မှ ကျရောက်ခဲ့သော တမန်တော်အားလုံး၏ လူသားတို့အား တင်ပြချက်သည်အောက်ပါအချက်သုံးချက်အပေါ်တွင် မူတည်ထား သော အချက်ဖြစ်ကြောင်းကုရ်အာန်ကဖော်ပြသည်။

وَجَزَاء سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا فَمَنْ عَفَا وَأَصْلَحَ فَأَجْرُهُ عَلَى اللَّهِ إِنَّهُ لَا يُحِبُّ الظَّالِمِينَ وَلَمَنِ انتَصَرَ بَعْدَ ظُلْمِهِ فَأُوْلَئِكَ مَا عَلَيْهِم مِّن سَبِيلٍ إِنَّمَا السَّبِيلُ عَلَى الَّذِينَ يَظْلِمُونَ النَّاسَ وَيَبْغُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ أُوْلَئِكَ لَهُم عَذَابٌ أَلِيمٌ وَلَمَن صَبَرَ وَغَفَرَ إِنَّ ذَلِكَ لَمِنْ عَزْمِ الْأُمُورِ ،

''မကောင်းသော လုပ်ဆောင်ချက်နှင့်ပတ်သက်၍ ညီမျှသောတုန့်ပြန်မှုပင်ဖြစ်သင့်သည်။ သို့ရာတွင်အကြင်သူတစ်ဦးတစ်ယောက်သည်ခွင့်လွှတ်နိုင်မည် သို့မဟုတ်ထိုမကောင်းသောလုပ်ဆောင်ချက်ကိုအပြုသဘောဖြင့်တုန့်ပြန်ဆောင်ရွက်နိုင်ပါမူ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကောင်းခြင်းရလဒ်ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် အနိုင်ထက်စီးနှင်းသောသူတို့ကိုနှစ်မျိုတော်မူခြင်းမရှိပါ။ အကြင်သူတစ်ဦးတစ်ယောက်သည် ညှင်းပမ်းနှိပ်စက်ခံရပါမူ ထိုသူအဖို့ရာတွင်တုန့်ပြန်ခုခံပိုင်ခွင့်ရှိသည်။ သူတို့တွင်အပြစ်မရှိပါ။ အပြစ်ပေးခံရ မည့်သူတို့သည်ကား လူသားတို့ကို ညှင်းပမ်းဒုက္ခပေးသောသူ တရားမဲ့သော ယင်းသူလာလျှင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ကိုခံရမည့်သူဖြစ်သည် အကြင်သူသည် လက်တုန့်ပြန်ခြင်းမပြုဘဲ၊ခွင့်လွှတ်ပြုပြင်ဖန်တီးရုံမက၊အပြစ်များကိုလွှတ်ငြိမ်းချမ်းသာပေးခဲ့လျှင်မူ ယင်းအချက်သည်အလွန်ထူးခြားလှသောမြင့်မြတ်သောလုပ်ဆောင်ချက်ဖြစ်သည်။(၄၂ း ၄၀ – ၄၃)

အထက်ပါကျမ်းမြတ်ကုရ်အာန်၏လမ်းညွှန်ချက်ကို သေချာစွာ ဆန်းစစ်လေ့လာ သုံးသတ်ကြည့်ပါက အစပထမတွင် ရှင်းလင်းစွာဖော်ပြထားသည်မှာ ''အကြင်သူသည် ခွင့်လွှတ်မည် လက်တုန့်ပြန်မှုအစား ပြုပြင်မှုကိုဆောင်ရွက်ခဲ့မည်ဆိုလျှင် ယုံကြည်ပါ အလ္လာဟ်အရှင်မြတ်ထံတော်ဝယ် မြတ်သောရလဒ်ကိုရရှိမည်''ဟုဆိုထားရာ အထက်ပါကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက်အရလက်တုန့်ပြန်မှုနှင့်အပြစ်ဒဏ်အတွက် တံခါးဖွင့်ထားသည်မှန်လည်း ယင်းတံခါးနှင့်ထပ်တူထပ်မျှပင် ခွင့်လွှတ်ပြုပြင်တတ်သောစိတ်နှင့်လွှတ်ငြိမ်းချမ်းသာခွင့်အတွက် တံခါးကိုလည်း ဖွင့်ထားသည်ကိုတွေ့မြင်နိုင်သည်။

ကျမ်းမြတ်ကုရ်အာန်၌ မကောင်းမှုဒုစရိုက်နှင့်ရလဒ်ကို မကောင်းမှုဟူ၍ပင် ခေါ်ရုံမက၊ ယင်းမကောင်းမှုကို လက်တုန့်ပြန်မှုကိုလည်းအစားထိုးသော အပြုအမူဟူ၍သမုဒ်သည်။ယင်းအပြုအမူကို“အာမာလေ ဆွာလေဟာ” တည်းဟူသော ကောင်းမြတ်သော အပြုအကျင့်ဟူ၍မခေါ်ဆိုပေ။

ဤသို့လက်တုန့်ပြန်မှု မကောင်းမှုကို အပြစ်ပေးမှုဆိုင်ရာ တံခါးပေါက်ကို ဖွင့်ပေးရခြင်းမှာလည်း ဤသို့မပြုပါက မကောင်းမှုဒုစရိုက်သည် ထိုထက်မက ကြီးပွားလာရန်ရှိသည်။သို့ရာတွင်ယင်းအပြစ်ကိုခွင့်လွှတ်တတ်ခြင်းကို ကျမ်းမြတ် ကုရ်အာန်က “အိစ်လေဟာ”ဟု သတ်မှတ်သည်။ အဓိပ္ပါယ်က ပြုပြင်ပေးခြင်း ပင်ဖြစ်သည်။သို့ဖြစ်၍ အကောင်းဆုံးသောလက်တုန့်ပြန်ခြင်းသည် ခွင့်လွှတ်ချမ်းသာခွင့်ပေးခြင်းဟူပင်ဖြစ်ကြောင်း သတ်မှတ်ထားပေသည်။

## ကျမ်းတော်မြတ်ကုရ်အာန်၏ ကြိမ်းဝါးမှုနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ

زواجر وقوارع

ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ပို့ချချက်သည် ရဟ်မသ်ကရုဏာ မှန်ခဲ့လျှင်ယင်းကျမ်းတွင်ဆန့်ကျင်ဘက်အင်အားစုကို ကြိမ်းဝါးမှုနှင့်ပြစ်ဒါဏ် သတ်မှတ်ချက်သည် အဘယ်ကြောင့် ပါဝင်ခဲ့ရသနည်းဟု စောဒကတက်လိုသူ များဘက်က တတ်ကောင်းတက်နိုင်သည်။

ယင်းစောဒကမေးခွန်းနှင့် ပတ်သက်သော ကျယ်ပြန့်သော ဖြေဆိုချက်ကို သီးခြားကဏ္ဍာတွင်ဖော်ပြပါမည်။ ယခုဤအခန်းတွင် အသေးစိတ်မဟုတ်ဘဲ သဘောပေါက်နားလည်နိုင်ရုံမျှသာ အဖြေကိုအကျဉ်းချုံးရေးသားပြပါမည်။ ကျမ်းမြတ် ကုရ်အာန်တွင် အချို့သောနေရာများတွင် ကျမ်းမြတ်ကုရ်အာန်ကို ဆန့်ကျင်သောသူတို့ကို ခက်ထန်ပြင်းထန်သောစကားရပ်များဖြင့် ကြိမ်းဝါး ထားသည်ကိုတွေ့နိုင်သည်။ ဤနေရာတွင်ဆန့်ကျင်မှုပြုသည်ဟုဆိုရာတွင် သဘောတရားရေးရာသက်သက် ကိုဆိုလိုခြင်းလောဟူသော အချက်ကိုဦးစွာသုံး သပ်ကြည့်ရန်လိုအပ်သည်။

ကျမ်းမြတ်ကုရ်အာန်သည် သဘောတရားသက်သက်ကို ဆန့်ကျင်သော သူတို့ကိုကြိမ်းဝါးခြင်းမရှိပါ။ကာယကံမြောက်ကျူးလွန်သူများ ညှင်းပမ်း နှိပ်စက်ခြင်း ကိုပြုသူများနှင့်မှုနာဖိတ်မထိတလိ ဒုက္ခပေးသောသူတို့သာလျှင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူသားတို့၏ ဘဝအခြေအနေကို ဖြောင့်မတ်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လမ်းညွှန်ချက်သည် ဒုစရိုက်မှုနှင့်အကြမ်းဖက်သော

အုပ်စုဝင်တို့အား မြေတောင်မြှောက်ပေးခြင်းချမ်းသာပေးခြင်းနှင့်ကရုဏာထားခြင်းကို မပြုနိုင်ပါ။ ယင်းအပြုအမူသည် ရဟ်မသ်ကရုဏာနှင့် မအပ်စပ်ပါ။ အကြမ်းဖက်သောနည်းဖြင့်မတရားသောလုပ်ရပ်ကို ကျူးလွန်သူတို့ကို အနုနည်းဖြင့် လက်ဆင့်ကမ်းခြင်းသည် လူသားလောကကြီးအား တိုးတက်ရာတိုးတက်ကြောင်းအတွက်မဟုတ်ပါ။မကောင်းမှုဒုစရိုက်ကိုတိုးတက်သည်ထက် တိုးတက်ပြန့်ပွားလာအောင် ပြုမူဆောင်ရွက်ခြင်းသာလျှင်ဖြစ်မည်။ ရဟ်မသ်သည် မကောင်းမှုဒုစရိုက် ပြန့်ပွားရေးအတွက်မဟုတ်။

ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ဆွဲဖသ်ဂုဏ်တော်ကို ဖော်ပြရာတွင် ရဟ်မသ်နှင့်အတူ အဒါလသ်တရားမျှတခြင်းကိုလည်း၊ ဖော်ညွှန်းပြသထားသည်။ဆူရာဟ်ဖွာသီယာတွင်ရဗ္ဗုဗီယသ်၊ရဟ်မသ်၏ နောက်တွင် အဒါလသ်ကိုဖော်ပြထားသည်။ တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ဆွဲဖသ်ဂုဏ်တော်ကို အဒါလသ်တရားမျှတခြင်း ဆွဲဖသ်ဂုဏ်တော်နှင့်ခွဲခြား နိုင်မည်မဟုတ်၊ ဂုဏ်တော်နှစ်ခုစလုံးသည် ဒွန်တွဲနေသည်ဟူသောအချက်သည် ထင်ရှားသည့် အလျှောက် အစဉ်သတိပြုသင့်သည်။

ကုရ်အာန်ကဆိုသည် ရဟ်မသ်ကရုဏာပြန့်ပွားမှုအတွက် ညှင်းပမ်းနှိပ်စက်ကျူးလွန်မှုပြုသော သူတို့အတွက် အဒါလသ် တရားမျှတခြင်း ဆွဲဖသ်တော်သည်အရေးကြီးသည်။ အကြင်သူတစ်ဦးအဖို့ နှိပ်စက်ခံနေရသည့်အတွက် ရဟ်မသ်ကရုဏာရှိစေခြင်းငှာ အကာအကွယ်အဖြစ်အဒါလသ်သည် လိုအပ်လှသည်။သို့ဖြစ်၍လည်း အီဆာနဗီသည်လည်း အင်ဂျီလ်ကျမ်းတွင် အကြမ်းဖက်ဒုစရိုက်သမားတို့ကို "**မြွေ၏ကလေးငယ်များ**"ဟူ၍လည်းကောင်း "**ဓားပြတို့၏အသိုက်**"ဟူ၍လည်းကောင်း သုံးစွဲထားသည်ကိုတွေ့ကြရသည်။

ကျမ်းမြတ်ကုရ်အာန်တွင် "**ကာဖိရ်(ဝ်)ငြင်းပယ်သူ**"ဟု သုံးစွဲရာတွင် နှစ်မျိုးနှစ်စားသုံးစွဲထားသည်ကိုတွေ့ရသည်။တစ်ခုက ငြင်းပယ်မှုသက်သက်ကိုပြုသူဖြစ်ပြီးကျန်တစ်ခုက ငြင်းပယ်ရာသက်သက်သာမက အကြမ်းဖက်ဒုစရိုက်ကို ကျူးလွန်သောသူဖြစ်သည်။ ပထမအမျိုးအစားတွင်ပါဝင်သော ငြင်းပယ်မှုသည် အသိတရားမဲ့ကာ မသိနားမလည်၍ ငြင်းပယ်ခြင်းဖြစ်သည်။

သူတို့အဖို့ရာတွင် သိနားလည်ခြင်းမရှိ၍လည်း သူတို့မှန်ကန်သည်ဟုယူဆသော ယုံကြည်ချက်ကိုခိုင်မြဲစွာ ကျင့်ကြံခြင်းမျှဖြစ်သည်။ ဒုတိယအမျိုးအစားတွင် ပါဝင်သောသူတို့ကမူ တင်ပြချက်ကိုမှန်ကန်သည်ဟု မယုံကြည်ရုံမက ယင်းမှန်ကန်သော ယုံကြည်ချက်ကိုပါ တိုက်ခိုက်သောသူများဖြစ်သည်။ ယင်းသူတို့သည် ဆန့်ကျင်ဖက်ယုံကြည်သူတို့ကို တိုက်ခိုက်ရာတွင်

ခက်ထန်သည့်ထက် ခက်ထန်ပြင်းထန်လာရုံမက ယင်းဆန့်ကျင်ဖက်အုပ်စုအား ညှင်းပမ်းဒုက္ခပေးခြင်းကိုလည်း အသွင်အမျိုးမျိုး ဖြင့် ပြုကြသောသူများဖြစ်သည်။ ယင်းသို့ပြုရာတွင်သူတို့တွင်ရှိသော အင်အားကိုလည်းကောင်း၊ သူတို့၏ ဘဝတာလှုပ်ရှား မှုတစ်ခုလုံးကိုလည်းကောင်း၊ ဆန့်ကျင်ဖက်ယုံကြည်သူ အုပ်စုဝင်တို့၏ အခြေအနေကိုပျက်သုဉ်းပျက်စီးစေဖို့ရာတွင် အသုံးချသည် အထိပင်ဖြစ်သည်။

အသင်သည် မည်မျှပင်ကောင်းမြတ်သော သစ္စာစကားကိုသက်သေသာဓက အထောက်အထားဖြင့်ဆိုပါစေ၊ ထိုသူတို့ဘက်က အလိမ်အကောက်ဟူ၍ စွပ်စွဲမည်။အသင်သည်မည်မျှပင် ကောင်းမြတ်သောအပြုသဘောဆောင်လူမှုဆက်ဆံရေးကိုပြုပါစေ ထိုသူသည် ညှင်းပမ်းနှိပ်စက်သည်ဟု မြင်မည်။ အသင်က အလင်းသည်အမိုက်မှောင်ထက်ကောင်းသည်ဟုဆိုလျှင်၊ ထိုသူတို့က အမှောင်ထက်ပိုပြီး ကောင်းသည့်အရာကား ဤလောကတွင်မရှိဟုဆိုမည်။ အသင်က အခါးအရသာထက်အချိုအရသာကို ကောင်းသည်ဟုဆိုလျှင်ထိုသူတို့က အခါးအရသာ လောက်ကောင်းသောအရာမရှိဟုဆိုပေမည်။

ဤအဖြစ် ဤသဘောကို အခြေခံ၍ ကျမ်းမြတ်ကုရ်အာန်က လူသားတို့၏ အနိမ့်ကျသောတွေးခေါ်မှုအသွင်ကို အောက်ပါအတိုင်းသုံးသပ်ထားသည်

هُمْ قُلُوبٌ لَّا يَفْقَهُونَ بِهَا وَلَهُمْ أَعْيُنٌ لَّا يُبْصِرُونَ بِهَا وَلَهُمْ آذَانٌ
لَّا يَسْمَعُونَ بِهَا أُولَٰئِكَ كَالْأَنْعَامِ بَلْ هُمْ أَضَلُّ أُولَٰئِكَ هُمُ الْغَافِلُونَ

''ထိုသူတို့တွင် နှလုံးသာရှိသောငြားလည်း စဉ်းစားတွေးခေါ်ခြင်းမပြုနိုင်၊ သူတို့တွင် မျက်စိရှိသောလည်း ဝန်းကျင်ကိုကြည့်ရှုသုံးသပ်ခြင်းမပြုနိုင်၊ သူတို့တွင် အကြားအာရုံရှိသော်ငြားလည်း၊သူတို့သည်အသုံးချခြင်းမပြုကြ၊သူတို့သည် အဟိတ် တိရစ္ဆာန်များပင်ဖြစ်သည်။ ထိုထက်မကနိမ့်ကျသောသတ္တဝါဖြစ်သည်။ ယင်းသူတို့သာလျှင် အမိုက်မှောင်တွင် နစ်မွန်းနေသူများဖြစ်ကြကုန်၏။'' (၇ း ၁၇၉)

ဤအချက်ကို ကျမ်းမြတ်ကုရ်အာန်ကို ရှင်းလင်းပြသသောမုဖစ်စီရ်ဦးကာ ပညာရှင်တို့က ''ကုဖ့်ရ်ဝဟ်ဂျဒ်''ဟူ၍ သတ်မှတ်သည်။

ဤကမ္ဘာပေါ်တွင် အမှန်တရားဖက်ကို ဖိတ်ခေါ်လေတိုင်း အချို့သောသူတို့က ယင်းအမှန်တရားကို လက်ခံသကဲ့သို့၊ အချို့သည် လက်ခံခြင်းမရှိပါ။ ယင်းတို့အပြင် အချို့သောသူတို့သည် လက်မခံရုံမကအမျိုးမျိုးသော နှောက်ယက်မှုညှင်းပမ်းဒုက္ခပေးမှုနှင့်မမှန်ကန်သော စွပ်စွဲသောစကားတို့ဖြင့် တိုက်ခိုက်ခြင်းလည်းပြုခဲ့သည်။ ကျမ်းမြတ်ကုရ်အာန်ကျရောက်ချိန်တွင်လည်း ကုရ်အာန်

ကိုအခြေခံကာ သူတို့သည် ဖော်ပြမည့်အုပ်စုသုံးစုနှင့် ကြုံတွေ့ခဲ့ရသည်။

ကုရ်အာန်သည် ပထမအုပ်စုဝင်များကို မိမိ၏ရင်သွေးကဲ့သို့ ကြီးပြင်းစေခဲ့သည်။ ဒုတိယအုပ်စုဝင်များကို အမျိုးမျိုးသော သက်သေသာဓကတင်ပြချက်ကို ပြသစည်းရုံးခဲ့သည်။ တတိယအုပ်စုဝင်များ၏ အကြမ်းဖက်သော အပြုအမူကြောင့် ယင်းသူတို့ အား ကြုံတွေ့ရမည့်အန္တာရာယ်နှင့် ပတ်သက်၍ ကြိမ်းဝါးမှုနှင့်ပြစ်ဒဏ်ကို သတ်မှတ်ဖော်ပြခဲ့သည်။ ဤသို့ တတိယအုပ်စုဝင်တို့အား ကြမ်းတမ်းသော ကြိမ်းဝါးမှုပြုခြင်းသည် ရဟ်မသ်ကရုဏာနှင့် ဆန့်ကျင်သည်ဟုဆိုလျှင် ယင်းသို့ပြောဆိုသူတို့၏ မှတ်ကျောက်သည်သာလျှင် လွဲမှားသော မှတ်ကျောက်ဖြစ်မည်။

ကျမ်းမြတ်ကုရ်အာန်က တင်ပြသော ရဟ်မသ်ကရုဏာသဘော နှင့်မူမည်သို့မျှမသက်ဆိုင်ပါ။ကျမ်းမြတ်ကုရ်အာန်က တင်ပြသော ဒိန်လမ်းညွှန်ချက်တရားသည် သဘာဝလောကကြီး၏နိယာမတရားနှင့်သီးခြားဖွဲ့နွဲ့ထားသည် တရားမဟုတ်ကြောင်းကို လွန်ခဲ့သောအခန်းကဏ္ဍများတွင် ပြည့်စုံစွာဖော်ပြခဲ့ပြီးဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏ ဒိန်လမ်းညွှန်ချက်နှင့်သဘာဝလောကကြီး၏ နိယာမတရားသည်ကား တစ်ထပ်တည်းဟုဆိုလျှင် ပြည့်စုံသောအဖြေဖြစ်သည်။ သဘာဝလောကကြီး၏ နိယာမတရားတွင်လည်း ရှုထောင့်အမျိုးမျိုးရှိရာ၊ ယင်းတို့ကိုခြုံလွှမ်းထားသောအရာက ''ရဟ်မသ်''ဖြစ်ပြီး ယင်းရဟ်မသ်နှင့်အတူ ''အဒါလသ်'' တည်းဟူသော မျှတမှုနှင့် ပုံပိုးထောက်ပံ့မှုနှင့်အတူ အကျိုး တရားတည်းဟူသော ဂျဇာဥပဒေသည်လည်းရှိသည်။

သို့ဖြစ်၍ ကျမ်းမြတ်ကုရ်အာန်က ဖော်ပြသည်မှာ အလ္လာဟ်အရှင်မြတ်သည် သဘာဝလောကကြီး၏ နိယာမတရားထက် ပိုလျှံသောအရာကိုအသင်တို့အားမပေး။ သဘာဝလော်ကကြီးဘဏ္ဍာ၏တွင် ကွက်လပ်သဖွယ်ထင်မြင်နေရသောကွက်လပ်များကိုလည်း မည်သူမျှဖြည့်တင်းမပေးနိုင်ပါ။

فِطْـرَةَ اللهِ الَّتِي فَطَـرَ النَّـاسَ عَلَيْهَـا لَا تَبْـدِيلَ لِخَلْـقِ اللهِ ذَٰلِـكَ الـدِّينُ الْقَيِّـمُ
وَلَٰكِـنَّ أَكْثَـرَ النَّـاسِ لَا يَعْلَمُـونَ

''အလ္လာဟ်အရှင်မြတ်၏ စနစ်ဖယား အစီအမံစနစ်အားဖြင့် အလ္လာဟ်အရှင်မြတ်သည်လူသားတို့အားဖန်ဆင်းတော်မူသည်၊အလ္လာဟ်အရှင်မြတ်၏ တည်ဆောက်မှု ဟန်ပန်ပြုပြင်မှုတွင်ဘာယ်သောအခါမျှပြောင်းလဲမှုကိုမတွေ့နိုင်၊ယင်းသည်သာလျှင်အလ္လာဟ် အရှင်မြတ်၏ သတ်မှတ်ထားသော မှန်ကန်သော သစ္စာတရား အစီအစဉ်စနစ်ဖြစ်သည်။ သို့ရာတွင် လူတို့အနက်အများစုသည် ယင်းအချက်ကို လျစ်လျူရှုကြသည်။'' (၃၀ း ၂၉)

ကျမ်းမြတ်ကုရ်အာန်၏လမ်းညွှန်ဖော်ပြချက်ကိုသေချာကျနစွာ လေ့လာသုံးသပ်မှသာလျှင် ယင်းအမြင်မရှင်းသောအချက်များသည် ကွယ်ပျောက်သော အမှန်တရားကို ပီပီပြင်ပြင်ပေါ်ထွန်းမြင်တွေ့လာပေမည်။

## ''မားလိကိ ယောင်မိဒ်ဒင် (နှ)'' مَالِكِ يَوْمِ الدِّين

ရဟူဗိယသ်နှင့် ရဟ်မသ်ပြီးမြောက်လျှင် ဆက်လက်သိမြင်ရသော ဆွဲဖသ်ဂုဏ်တော်လက္ခဏာသည်ကား အဒါလာသ် (မျှတခြင်း)ပင်ဖြစ်သည်။ သို့ဖြစ်၍လည်း مَالِكِ يَوْمِ الدِّين ဟူ၍ ဆက်လက်ဖော်ပြထားရခြင်းဖြစ်သည်။

## အဒ်ဒီင်နှ الدِّين

ဆီရီယာန်၏ ရှေးဟောင်းဘာသာစာပေတွင်ဒါန်နှင့်ဒီန်သည် အလဲအလှယ်ပြု၍ရသောအရာ၊သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးသက်ရောက်မှုအဖြေ (ဝါ) ရောင်ပြန်ဟပ်မှုတရားဟူ၍ အဓိပ္ပါယ်ရသည်။ ယင်းကို ရှေးကာလကြာမြင့်စွာ ကတည်းကပင် ဥပဒေရေးရာတွင် ပြောဆိုသုံးစွဲလာခဲ့ရသည်။ ယင်းဒိန်ကို ဟီဘရူးစာပေနှင့် အရဗီစာပေတွင်လည်း ဆင်တူသော အသွင်ဖြင့် သုံးစွဲသည်ကိုတွေ့ရပြန်သည်။ အရဗီဘာသာစာပေလမ်းကြောင်းဖြင့် ယင်းအသုံးအနှုန်းသည် ပါရှန်းစာပေကိုလည်း ဝင်ရောက်ခဲ့ပြန်သည်။ ပါရှန်တို့၏ ပဟ်လဝီစာပေတွင်ဒီနိယာဟူသည် ဥပဒေကျင့်ထုံးကိုဖော်ညွှန်းသော စကားဖြစ်သည်။ ယင်းစကားလုံးကိုဖိုရှိအက်စတာတို့၏ဘာသာရေးကျမ်းဂန်တွင်လည်း တွေ့ရပြန်သည်။

အရဗီစာပေတွင်မူ ''အဒ်ဒီန်''၏ အဓိပ္ပါယ်မှာ အလဲအလှယ်ပြု အစားထိုးရရှိခြင်းနှင့်သက်ရောက်မှုတစ်ခုကြောင့် တန်ပြန်အကျိုးသက်ရောက် မှုဖြစ်သည်။ ယင်းသည် ကောင်းမြတ်သော အမှုအကျင့်နှင့်မကောင်းသော အမှုအကျင့် နှစ်ခုစလုံးအတွက်ဖြစ်သည်။ ဤနေရာတွင် ရှေးဟောင်းအာရေဗျ စာပေ၏ ကဗျာစာပိုဒ်ကိုဖော်ပြလိုပါသည်။

ستعلم ليلى اى دين تدا ينت          واى غريم فى التقامى غر يمها

''လိုင်လာသည် သူမကိုယ်တိုင် မှတ်သားထားသော အကြွေးနှင့်
ပတ်သက်၍များမကြာမီသိရှိလိမ့်မည်။ ထိုအကြွေးသည်ကာ။
သူမကိုယ်တိုင်တောင်းခံလိုလားသော အကြွေးသာဖြစ်သည်။''

သို့ဖြစ်၍ **"မားလိကိယောင်မိဒ်ဒင်းန်"**၏ အဓိပ္ပါယ်ကား အစားထိုးရရှိသော အကျိုးရလဒ်ပိုင်ရှင် အကျိုးအမြတ် အဆုံးအရှုံးကို စီရင်ဆုံးဖြတ်မည့်နေ့၏ အရှင်သခင်ဟူ၍ရရှိသည်။ ယင်းနေ့ကိုကိယာမသ်နေ့ဟုခေါ်ဆိုသည်။ ယင်းအချက်နှင့်ပတ်သက်၍ သိမှတ်အပ်သော အကြောင်းအရာများကိုဖော်ပြပါမည်။

(၁) ကျမ်းမြတ်ကုရ်အာန်သည် ယင်းတရားစီရင်ဆုံးဖြတ်မည့်နေ့နှင့် ယင်းအခြေအနေကို ဖော်ညွှန်းလိုသဖြင့် ယင်းကို **"ယောင်မိဒ်ဒင်န်"**ဟု ဖော်ပြသကဲ့သို့ လူတို့၏ ကျင့်ကြံအားထုတ်မှုကြောင့်ရရှိသော ရလဒ်ဆုကြေးနှင့် ဒဏ်ကြေးကိုဖော်ပြရာတွင်လည်း အလ်ဒီန်ဟူ၍ပင်ဖော်ပြသည်။ လူတို့၏ လုပ်ဆောင်ကျင့်ကြံဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာရသောအကျိုးဆက်ကို ဖော်ညွှန်းရာတွင် ယင်းသည်သာလျှင် အကောင်းဆုံးသော အသုံးအနှုန်းဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်ကျရောက်စဉ်ကာလ လူ့ကမ္ဘာတွင် ဆုကြေးအဖြစ် ကောင်းချီးမင်္ဂလာရရှိမှုနှင့် ဒဏ်ကြေးအဖြစ် ပြစ်ဒဏ်ခံရမှုတို့မှာ သခင်၏ပျော်မြူးနေချိန်နှင့် ခက်ထန်ဒေါသူပုန်ထနေချိန်တို့ကိုလိုက်ပြီး မိမိတို့၏ ကံကြမ္မာကြောင့် ဘုရားသခင် ကစွန့်ကြဲမှုအရ ရရှိသောရလဒ်ဟု လူတို့က သဘောပေါက်နားလည်ခဲ့ကြသည်။ ရှေးအခါက လူတို့သည် လူတို့၏ကျင့်ကြံဆောင်ရွက်သော အလုပ်သည် ဘုရားသခင်ကပေးသော အောင်ဆုနှင့်ပြစ်ဒဏ်တို့နှင့် မည်သို့မျှ စပ်ဆိုင်ခြင်းမရှိဟုခံယူခဲ့ကြသည်။

အတိတ်ကာလယုံကြည်ချက်များသည် ယင်းယူဆချက်ကို ခံယူချက်အပြစ်လွှဲမှားစွာသတ်မှတ်ခံယူထားခဲ့ခြင်းကြောင့် လူတို့ကလက်တွေ့ဘဝတွင် ကိုယ်တွေ့အားဖြင့် သူတို့၏အရှင်မင်းမြတ်သည် တစ်ခါတစ်ရံစိတ်တော်ကြည်နူးမိ၍ သူ၏အမှုတော်ထမ်းအား ဆုကြေးငွေများစွန့်ကြဲသကဲ့သို့ တစ်ခါတစ်ရံ ဒေါသထွက်ချိန်နှင့်တိုးမိ၍ ရှေ့တော်မှောက်ရောက်လာသောသူကို အပြစ်ဒဏ်ပေးသည်သာဓကကို စိတ်ကူးမှန်းဆခဲ့ကြခြင်းဖြစ်သည်။ လူတို့သည်ဘုရားသခင်နှင့်ပတ်သက်၍ စိတ်ကူးယဉ်ရာတွင် ဤနည်းနှင်နှင်ပင်တွေးကြည့်သည်။ စနစ်ကျ၍ ကောင်းမှန်းသိရသောအခါ ခံယူလိုက်သည်။ ထိုမှတစ်ဖန် ဘုရားသခင်၏သဘောတူညီမှုရရှိရေးအတွက် ဘုရားရှင်အားနည်းအမျိုးမျိုးဖြင့် ယစ်ပူဇော်ကြသည်။ ဤသို့ပသရာတွင် လူကိုသတ်၍ပူဇော်သည်လည်းရှိသည်။ ယင်းအပြုအမူသည် နောင်သောအခါ ဓလေ့ထုံးစံဖြစ်လာသည်။ လူတို့သည် ကြောက်စိတ်လွှမ်းမိုးလာရာက ဘုရားသခင်ကပြစ်ဒဏ်ပေးမည်ကိုကြောက်၍အမျိုးမျိုးသောပူဇော်ပသမှုဖြင့် ဖျော်ဖြေနေကြသည်။

ရဟူဒီများနှင့်အီဆာဘီတို့၏ ဘာသာရေးယုံကြည်ချက်သည် မြင့်မားသော

အဆင့်ရှိယုံကြည်ချက်ဖြစ်သော်လည်း သူတို့၏ခံယူမှုတွင်လည်း အားနည်းချက်များ ပါရှိခဲ့သည်။ ရဟူဒီများသည် ဘုရားသခင်အားဝေနေယျ သတ္တဝါအပေါင်း၏ အရှင်အဖြစ်လက်မခံဘဲ၊ ရဟူဒီလူမျိုးတို့သာပုဂ္ဂလိကပိုင်ဆိုင်သောဘုရားဟု သတ်မှတ်သည်။ ဘုရားသခင်သည် တစ်ခါတစ်ရံဝမ်းမြောက်ဝမ်းသာ စိတ်ကြည်နူး မိကာ ရဟူဒီတို့ကို အရှင်သခင်ဘဝသို့ရောက်စေသကဲ့သို့ တစ်ခါတစ်ရံ ဒေါသပုန် တကာကျွန်ဘဝထက်ပင်နိမ့်ကျသော အဆင့်သို့ရောက်ရှိစေသည်ဟု ခံယူကြသည်။

အီဆာဘီတို့ကမူ ဘုရားသခင်သည်အာဒမ်ဖနီးမောင်နှံတို့၏ မှားယွင်းခဲ့သော လုပ်ဆောင်ချက်အမှားအယွင်းအတွက် ပြစ်ဒဏ်ကို လူသားတို့အားလုံးကို သိမ်းကျုံးခံယူစေခဲ့သည်ဟုဆိုသည်။

ကျမ်းမြတ်ကုရ်အာန်၏ ပြစ်ဒဏ်၊ ဆုလဒ်နှင့် စပ်လျဉ်း၍ တင်ပြချက်သည် အတိတ်ကာလဘာသာအယူဝါဒတို့နှင့် ခြားနားလွန်းလှသည်။ ကျမ်းမြတ်ကုရ်အာန် က ဖော်ပြသော လမ်းညွှန်ချက်ဥပဒေသသည် သဘာဝလောကကြီးတွင် ပြဌာန်း ထားသော စနစ်ဇယားဥပဒေနှင့် တသီခြားဟုမသတ်မှတ်ပါ။ သဘာဝ လောကကြီး၏ ဥပဒေနှင့်တစ်ထပ်တည်းဖြစ်သည်။ သဘာဝလောကကြီးအတွင်း ဖြစ်ပျက်မှုလှုပ်ရှားမှုတစ်ခုစီသည် အကျိုးသက်ရောက်မှုတစ်ခုကို အသီးသီးဖြစ် ထွန်းစေသကဲ့သို့ လူတို့၏လက်တွေ့ဘဝမှာလည်း ဤသို့ပင်ဖြစ်သည်။ သဘာဝ လောကကြီးအတွင်းဖြစ်ပျက်မှုကြောင့် အကျိုးဆက်မဖြစ်ထွန်းသောအရာ ဟူ၍ မရှိပါ။ ဤနည်းနှင်နှင် လူသားတို့၏လက်တွေ့ဘဝဖြစ်ပျက်မှုသည် ရုပ်ပိုင်း ဆိုင်ရာအကျိုးသက်ရောက်မှုကိုဖြစ်စေသကဲ့သို့၊ “ရှုဟ်”တည်းဟူသော လူ့အရည် အသွေးဆိုင်ရာတွင်လည်း အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေရသည်။

ယင်းကိုကျမ်းမြတ်ကုရ်အာန်က ဂျဇာနှင့်အဂျရ် တည်းဟူသော လုပ်ဆောင်မှုနှင့် ယင်းတို့၏ အကျိုးဆက်ဖြစ်ထွန်းမှုဟူ၍ ဖော်ပြထား သည်။ ကောင်းမြတ်သောလက်တွေ့လုပ်ဆောင်ချက်သည် ကောင်းမြတ်သော အကျိုး ဆက်ကိုဖြစ်ထွန်းဖြစ်ပေါ်စေသည်။ ယင်းကို“ဆဝါဗ်”ဟုခေါ်သည်။ မကောင်းသော အပြုအမူလုပ်ဆောင်ချက်သည် မကောင်းသောအကျိုးမဲ့သောဖြစ်ထွန်းမှုကို ဖြစ်စေသည်။ ယင်းအားဖြင့် “အာဇာဗ်”ကို ဖြစ်ထွန်းစေသည်။ ယင်းဆဝါဗ်နှင့် အာဇာဗ် ကြောင့်ဖြစ်ပေါ်လာခဲ့သောအကျိုးတရားကို ဖော်ညွှန်းရာတွင် ကျမ်းမြတ် ကုရ်အာန်က ဂျန္နတ်နှင့်ဂျဟန္နမ်အားဖြင့်ဖော်ပြသည်။

لَا يَسْتَوِي أَصْحَابُ النَّارِ وَأَصْحَابُ الْجَنَّةِ أَصْحَابُ الْجَنَّةِ هُمُ الْفَائِزُونَ

ဂျဟန္နမ်သွားရောက်မည်သူများနှင့် ဂျန္နသ်သုခဘုံသို့သွားရောက်မည်သူများ၏

လုပ်ဆောင်ချက်များသည် မတူညီကြချေ။ ဂျန္နသ်သုခဘုံသို့သွားရောက်မည်သူများသာလျှင် အောင်မြင်သူမည်သည်။''(၅၉ း၂၀)

သဘာဝလောကကြီးအတွင်း ရှိရှိသမျှသောအရာများသည် တုန့်ပြန်မှုပေးသော အရည်အချင်းများရှိကြသည်။ တုန့်ပြန်မှုမဲ့သောအရာဟူ၍မရှိကြပေ။ ဥပမာအားဖြင့် တောက်လောင်နေသော မီးတောက်ထဲတွင် ခုန်ချသောသူသည် မီးလောင်ခံရမည်။ယင်းသည် မီး၏တုန့်ပြန်မှုဖြစ်သည်။ရေသည် အေးမြခြင်းနှင့် စိုထိုင်းခြင်းကိုဖြစ်စေသော အရည်အချင်းရှိသည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းအရည်အချင်းများကို ရေအတွက် ထည့်သွင်းပြဋ္ဌာန်းထားသည်။ အကယ်၍ ရေထဲသို့ခုန်ချပါကယင်းအရည်အချင်း၏တုန့်ပြန်မှုကိုခံရမည်မှာအမှန်ပင်ဖြစ်မည်။

မီးသည် လောင်ကျွမ်းစေသည်။ ရေသည် အေးမြစေသည်။ စိန်ကိုစားလျှင် သေနိုင်သည်။ နို့သည် အဟာရကိုဖြစ်စေသည်။ ကွီနိုင်သည်အဖျားကို တားဆီးနိုင်သည်။ ဤကဲ့သို့သော သဘာဝလောကရှိအရာဝတ္ထုများ၏ တုန့်ပြန်မှုကိုကျွန်ုပ်တို့ အနေဖြင့် လက်ခံနိုင်ပါလျှင် လူတို့၏လုပ်ဆောင်ချက်များ၏ ကောင်းကျိုးဆိုးကျိုးကိုလက်ခံရန် ဘာကြောင့် တုန့်ဆိုင်းနေရမည် နည်း။။ ယင်းသဘောကိုသိနားလည်ခြင်းမရှိ၍ ဆုံးရှုံးရသောအဆုံးအရှုံးကို သိမြင်လျှင်ကောင်းလှပေစွ။

ကျွန်ုပ်တို့သည်သရက်ပင်ကိုပျိုးသော အခြားအပင်ထွက်မလာ။ သရက်ပင်သာထွက်လာမည်ဟုတစ်ထစ်ချ ယုံကြည် ကြသည်။ အကယ်၍ တစ်ဦးသောသူက သရက်ပင်မထွက်ဘဲ မာလကာသီးထွက်မည်ဟုဆိုလျှင် ကျွန်ုပ်တို့က ထိုသူသည် ရူးသွပ်သူဟူ၍ မှတ်ချက်ချမည်။ အဘယ်ကြောင့် ဤသို့ဆိုရသနည်း။ အကြောင်းမူ သဘာဝလောကကြီးနှင့် ပတ်သက်သောတုန့်ပြန်ချက်ဆိုင်ရာ အချက်အလက်သည် ကျွန်ုပ်တို့၏ စိတ်တွင်းစွဲကပ်နေ၍ပင်ဖြစ်သည်။ ဤသို့သရက်ပင်အစား မာလကာသီး ထွက်ပေါ်မည်ကိုစွဲမြဲစွာ ဆန့်ကျင်နိုင်ခြင်းသည် ဤသို့လုပ်ဆောင်မှုကြောင့် မည်သို့မျှဆန့်ကျင်သော တုန့်ပြန်ချက်ဖြစ်မလာဟု တစ်ထစ်ချယုံကြည်၍ဖြစ်သည်။ ထိုမျှသာမက မျိုးကောင်းသော အသီးအပွင့်ကို စိုက်ပျိုးသော်ညံ့ဖျင်းသော အသီးအပွင့်ကို ဖြစ်မလာဟူ၍ တစ်ထစ်ချဆိုကြသည်။

သဘာဝလောကကြီး၏အရှင်သခင်ဖန်ဆင်းရှင်သည် မိမိစိုက်ပျိုးသော အသီးကို ထွန်းပေါက်စေယုံမက မျိုးသန့်သောအစေ့မှ မျိုးသန့်သောအပင်ကို ဖြစ်ထွန်းစေသည်ဟုကျွန်ုပ်တို့တစ်ထစ်ချယုံကြည်ထားကြပါ လျှက်နှင့် ကောင်းမြတ်သောအပြုအကျင့်မှကောင်းမြတ်သောအကျိုးရလဒ်၊ မကောင်းသော အပြုအကျင့်မှ မကောင်းသော ဆိုးကျိုးရလဒ်ကို ဖြစ်ထွန်းစေမည်ဟူသော အချက်ကိုမယုံကြည်ရန် မည်ကဲ့သို့သော အတားအဆီးက ကျွန်ုပ်တို့၏အသိကို ကာရံထားရသနည်း။

:أَمْ حَسِبَ الَّذِينَ اجْتَرَحُوا السَّيِّئَاتِ أَن نَّجْعَلَهُمْ كَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَوَاء

:. مَّحْيَاهُم وَمَمَاتُهُمْ سَاء مَا يَحْكُمُونَ

:. وَخَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَلِتُجْزَىٰ كُلُّ نَفْسٍ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ

"အကြင်သူတို့သည် မကောင်းသောအမှုကို ပြုကျင့်ကြပြီးနောက် ယုံကြည်ချက်အစစ်အမှန်ဖြင့် ကောင်းမြတ်သောအပြုအကျင့်ကိုလုပ်ဆောင်သူတို့နှင့်အတူရှိမည်ဟု ထင်မှတ်ကြသလော၊ ထိုသူတို့သည်အသက်ရှင်စဉ်ကာလတွင်လည်းကောင်း၊ သေလွန်ပြီးနောက်တွင်လည်းကောင်း၊ ထပ်တူထပ်မျှအတူရှိကြမည်လော။ အကယ်၍ ယင်းသတိထက် ဤသို့တစ်ထစ်ချထင်မြင်ယူခဲ့လျှင်ဝမ်းနည်းစရာပင်၊ အလ္လာဟ်အရှင်မြတ်သည် ပထဝီမြေကြီးနှင့်အာကာသကို အချည်းနှီးဖန်ဆင်းခြင်းမဟုတ်၊ သစ္စာတရားကိုအခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းဖန်ဆင်းခြင်းတွင် သက်ရှိမှန်သမျှကို သူတို့၏ ကြိုးပမ်းလှုပ်ရှားမှုအတိုင်း အကျိုးခံစားခွင့်ရှိ ရသည်။ ယင်းအကျိုးခံစားချက်ကို တိကျမှန်ကန်စွာ ရယူရရှိမည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ညှင်းပမ်း နှိပ်စက်ခြင်းမပြုရပါ။" (၄၅ း ၂၁ - ၂၂)

သို့ဖြစ်၍လည်း ကျမ်းမြတ်ကုရ်အာန်ကပြုကျင့်မှုနှင့် ရလဒ်ဆိုင်ရာ ဥပဒေသကို ဖော်ညွှန်းရာတွင် အလ်ဒီန်ဟူသော ဝေါဟာရကိုအသုံးပြုရခြင်း ဖြစ်ပါသည်။ စင်စစ်ပြုကျင့်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာခဲ့ရသော အကျိုး(ဝါ) ရောင်ပြန်ဟပ်မှုကို ဖော်ညွှန်းရာတွင် ယင်းစကားလုံးထက်ပို၍ ပီပြင်သောဝေါဟာရမရှိ၍ပင် ဖြစ်ပါသည်။

## " ကဆဗ်ဝေါဟာရကို ကျမ်းမြတ်ကုရ်အာန်တွင် အသုံးပြုခြင်းသဘော" كَسَبَ

ကျမ်းမြတ်ကုရ်အာန်တွင် ကောင်းမှုမကောင်းမှုကိုဖြစ်စေသော လုပ်ကိုင်ဆောင်ရွက် လှုပ်ရှားခြင်းကိုကဆဗ်ဟုဖော်ပြသည်။ ယင်းဝေါဟာရ၏ မူလသဘောက အရဗီဘာသာစာပေတွင်"ရင်းနှီးရှာကြံခြင်း"ဟူ၍ အဓိပ္ပါယ် ရသည်။ ဆိုလိုရင်းသဘောက လူတစ်ဦးသည် အလုပ်တစ်ခုကို ကြိုးစားလုပ် ဆောင်ရာတွင် ကောင်းမြတ်သော အကျိုးခံစားမှုကိုရရှိသည်။ ထိုနည်းတူစွာ မကောင်းသော အလုပ်အတွက် ဆိုးယုတ်ဆုံးရှုံးမှုကိုဖြစ်စေသည်၊သို့ဖြစ်၍ အကျိုးအမြတ် အဆုံးအရှုံးသည် လူတို့၏ပြုကျင့်မှုကြောင့်ဖြစ်ပေါ်လာရသည်၊ ကောင်းမြတ်သော ကျင့်ကြံလုပ်ဆောင်မှုသည် ကောင်းမြတ်သောအကျိုးတရားကိုဖြစ်ထွန်းစေသကဲ့သို့ မကောင်းသောအလုပ်သည်လည်း ဆိုးယုတ်သောဆုံးရှုံးမှုကိုဖြစ်စေသည်။

كُلُّ امْرِئٍ بِمَا كَسَبَ رَهِينٌ

"လူသားတိုင်းသည်သူတို့၏ကဆပ် ရင်းနှီးရှာကြံခြင်း၏ ရလဒ်အတွင်း အချိန်နှောင် ခံနေရသည်။"
(၅၂ း ၂၁)

لَهَا مَا كَسَبَتْ وَعَلَيْهَا مَا اكْتَسَبَتْ

"လူသားတိုင်းအဖို့သူတို့ရင်းနှီးရှာကြံသောအရာသာလျှင်သူတို့၏ရလဒ်ဖြစ်သည်။"
(၂ း ၂၈၆)

ဤဥပဒေသသည် လူတစ်ဦးခြင်းသာမက လူ့အဖွဲ့အစည်း လူ့အနွယ်ဝင် အုပ်စုများနှင့်သက်ဆိုင်သောဥပဒေသဟူ၍ ကုရ်အာန်ကဖော်ပြသည်။

تِلْكَ أُمَّةٌ قَدْ خَلَتْ لَهَا مَا كَسَبَتْ وَلَكُم مَّا كَسَبْتُمْ وَلاَ تُسْأَلُونَ عَمَّا كَانُوا يَعْمَلُونَ

"လွန်လေပြီးသောကာလက လူ့အဖွဲ့အစည်းဝင်များအတွက် ရလဒ်ဖြစ်ထွန်းမှုသည်ထိုသူတို့ ရှုန်းကန်ကြိုးပမ်းမှုပင်ဖြစ်သည်။ အသင်တို့အတွက် ရလဒ်ဖြစ် ထွန်းမှုသည်လည်း အသင်တို့ ကြိုးပမ်းမှုပင်ဖြစ်သည်။" (၂ း ၁၃၄)

အထက်ပါ ကျမ်းမြတ်ကုရ်အာန်က လမ်းညွှန်ချက်များကို သုံးသပ်သည့်ရှိသော် အစ္စလာမ်၏အခြေခံဖြစ်သော ကုရ်အာန် ကညွှန်ပြသော ဒေသနာတော်သည် ကောင်းမြတ်သော လုပ်ဆောင်ချက်အပြုအကျင့်ကို လုပ်ဆောင်အားထုတ်စေဖို့ သွန်သင်စေပြီး မကောင်းသောအမှုများကို ရှောင်ကြဉ်စေရန်နှင့် ယင်းတို့ကို တားဆီးပိတ်ပင်စေခြင်းပင်ဖြစ်သည်။ ဤသို့အားဖြင့် လူသားတို့သည် ဒုစရိုက်မှုကမွေးဖွားပေးသောသတ်ဖြတ်ညှင်ပမ်းမှုကိုရှောင်ရှားနိုင်ပြီး ငြိမ်းချမ်းသာယာသော လူ့ဘောင်ကို တည်ဆောက်နိုင်ပေမည်။ ကုရ်အာန်ကပြဆိုသော လမ်းညွှန်ချက်အရ အလ္လာဟ်အရှင်မြတ်သည် လူသားတို့ကို ညှင်းပမ်းဒုက္ခပေးခြင်းမဟုတ်ပါ။ ဒုက္ခကိုရှောင်ရှားနိုင်စေဖို့ကြောက်စိတ်ဖြင့် အထူးပြု ဝတ်ပြုဘုရားရှိခိုးပသပူဇော်ခြင်းက အိဘာဒတ်သဘောနှင့် မည်သို့မျှဆက်စပ်ခြင်းမရှိကြောင်းကို သိမြင်နိုင်ပါသည်။

مَنْ عَمِلَ صَالِحًا فَلِنَفْسِهِ وَمَنْ أَسَاءَ فَعَلَيْهَا وَمَا رَبُّكَ بِظَلَّامٍ لِّلْعَبِيدِ

"အကြင်သူတစ်ဦးတစ်ယောက်သည် ကောင်းမြတ်သောအကျိုးပြုလုပ်ငန်း လုပ်ဆောင်ခဲ့သော ယင်းသည်သူ၏အကျိုးအတွက်ပင်ဖြစ်သည်။အကြင်သူသည် မကောင်းသော အလုပ်ကို ပြုလျှင်လည်း ထိုသူအဖို့ရာပင် အကျိုးယုတ်စေသည်။ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ညှင်းပမ်းနှိပ်စက်ခြင်းကို မပြုလုပ်ပါ။" (၄၁ း ၄၆)

ဤနေရာတွင် သတိပြုသင့်သောအချက်က ကျမ်းတော်မြတ်ကုရ်အာန်က

ဖော်ညွှန်းသော "အလ္လာဟ်အရှင်မြတ်၏သဘောတူညီမှုရရေး"ဟူသောအချက်ကို မရောယှက်မိစေဖို့ဖြစ်သည်။

"အလ္လာဟ်အရှင်မြတ်၏ သဘောတူညီမှုရရေး"ဟူသည် ကောင်းမြတ်သောအလုပ်ကို ပြုကျင့်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်လိုက်နာခြင်းဖြစ်ပြီးအလ္လာဟ်အရှင်မြတ်၏သတ်မှတ်ပေးထားသော အမိန့်အရ တည်ဆောက်ဖွဲ့စည်းထားသောဇယားအတိုင်း အပြစ်ဒဏ်မှ လွတ်မြောက်စေရုံသာမက ကောင်းမြတ်သော အကျိုးအာနိသင်ကိုပါ ခံစားနိုင်ရန်ဖြစ်သည်။ သို့ဖြစ်၍လည်း အကျိုးအပြစ်ဟူသည်လူသားတို့၏လုပ်ရပ်ကြောင့်ပေါ်ထွန်းလာရသော အကျိုးတရား၏ရောင်ပြန်ဟပ်မှုပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သော ပြုကျင့်မှုမှရရှိသော အကျိုးတရားကို နှစ်သက်တော်မူ၏။ မကောင်းသော အပြုအကျင့်မရရှိသော ဆိုးယုတ်မှုရလဒ်ကို အလ္လာဟ်အရှင်မြတ်သည် မနှစ်သက်ပေ။ ယင်းအချက်သည် ရှေးပဝေဏီကတည်းက လူသားတို့အတွက် သတ်မှတ်ထားသောပြဋ္ဌာန်းချက်ဖြစ်သည်။

သို့ဖြစ်၍လည်း လုပ်ဆောင်မှုနှင့်အကျိုးဆက်ကို ဖော်ညွှန်းရာတွင် အလ်ဒီန်ဟူသော အသုံးအနှုန်းသည် အကောင်းဆုံး နှင့် အသင့်လျော်ဆုံးသော အသုံးအနှုန်းဖြစ်သည်။ စူရာဟ်ဖာသေဟာတွင် ယင်းအသုံးအနှုန်းကပင် လုပ်ဆောင်ချက်နှင့်အကျိုးဆက်ကို ပေါ်လွင်ထင်ရှားစေမည့်အချက်ကို မီးမောင်းထိုးပြမှုဖြစ်သည်ကို သတိပြုသင့်သည်။

(၂) ကျမ်းမြတ်ကုရ်အာန်သည် အစ္စလာမ်ဘာသာတရားတော်နှင့် လူ့ကျင့်ဝတ်ဆိုင်ရာ ဥပဒေသများနှင့် စပ်လျဉ်း၍ အလ်ဒီန်ဟူသော ဝေါဟာရကို အသုံးပြုခြင်းဖြစ်သည်။ အစ္စလာမ်တရားတော်ကို အခြေခံအားဖြင့် ဖော်ညွှန်းရာတွင် လူသားတို့၏ လုပ်ရပ်၏အကျိုးအပြစ်ကို အလ်ဒီန်အဖြစ်တစ်ထစ်ချဖော်ပြသည်။ လူ့ကျင့်ဝတ် ဥပဒေသသည် နိုင်ငံရေးရာပေါ်တွင် တည် ဆောက်ထားသည်။ ယင်းအချက်ကို ကျမ်းမြတ်ကုရ်အာန်က စူရာဟ်ယူစွဖ်တွင် ယူစွဖ်နဗီက သူ့နောင်တော်တို့နှင့် စပ်လျဉ်း၍ ဖော်ပြရာတွင် مَا كَانَ لِيَأْخُذَ أَخَاهُ فِي دِينِ الْمَلِكِ إِلاَّ أَن يَشَاءَ اللهُ ·

"ယူစွဖ်နဗီသည်မိမိ၏ညီတော်အား အီဂျစ်ဘုရင်၏စည်းမျဉ်းဥပဒေ အရခေါ်ယူထားနိုင်သည်မဟုတ်။သို့သော် အလ္လာဟ်အရှင်မြတ်သည် ဤသို့ပင် အလိုရှိတော်မူခဲ့သည်။"

(၁၂ း ၇၆)

ဤနေရာတွင် သတိပြုသင့်သောအချက်မှာ "ဒီးနိုလ်မာလိကီ"ဟူသည်

အီဂျစ်နိုင်ငံတွင်ပြဋ္ဌာန်းထားသောဘုရင်မင်းမြတ်၏ဥပဒေကို ဖော်ညွှန်းပြသခြင်းပင်ဖြစ်သည်။

(၃) စူရာဟ်ဖွာတေဟာတွင် ရဗ္ဗုဗိယသ်နှင့် ရဟ်မသ်ကို ဖော်ညွှန်းပြသပြီးနောက်“**မာလိကိယောင်မိဒ်ဒီန်**”ဟူသောဆိဖသ်ဂုဏ်တော်ကို ဖော်ညွှန်းပြသသည်။ အလ္လာဟ်အရှင်မြတ်ကို အလွန်မှပင်ခက်ထန်သော ဒေါသကြီးသောအရှင်ဟူ၍ ဖော်ညွှန်းပြသခြင်းမဟုတ်ကြောင်းကို သတိပြုသင့်သည်။ ဖော်ပြပါဆိဖသ်ဂုဏ်တော်သည် အလ္လာဟ်အရှင်မြတ်၏တရားစီရင်ဆုံးဖြတ်မှုကို ဖော်ပြခြင်းဖြစ်သည်။ ယင်းဖော်ပြချက်က မျက်စေ့တွင် ကွက်ကွက်ကွင်းကွင်း မြင်တွေ့လာစေရသည်။ ယင်းရှုမြင်ရ ချက်အရ အလ္လာဟ်အရှင်မြတ်၏ တရားစီရင်ဆုံးဖြတ်မှုတွင်ခက်ထန်မှု၊ ညှင်းပမ်းနှိပ်စက်မှုတွင် မတွေ့မြင်ရချေ။ တရားစီရင်ဆုံး ဖြတ်မှု၏ရလဒ်ကြောင့်ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော ပြစ်ဒဏ်ကိုသာလျှင်တွေ့ရသည်။

ဤဖော်ပြပါအချက်ကို လူသားတို့သည် အစဉ်အမြဲလွဲမှားစွာ ရှုမြင်သုံးသပ်ခဲ့သည်။ လူသားတို့သည် ဤအချက်တွင် ခြေချော်လက်ချော်ဖြစ်ခဲ့ရသည်။ သဘာဝလောကကြီး၏အရှင်သခင်သည် ရဗ္ဗုဗိယသ် ပျိုးထောင်ပေးမှုရဟ်မသ်ကရုဏာနှင့်အတူ ပြစ်မှုဆိုင်ရာအတွက် ပြစ်ဒဏ်ကိုလည်းသတ်မှတ်ထားသည်။ တစ်ဖက်တွင်ပျိုးထောင်ပေးမှုနှင့်ပေးကမ်းထောက်ပံ့မှုပြုနေသကဲ့ သို့ပင် တစ်ဖက်တွင် ပြစ်ဒဏ်နှင့်တန်ပြန်သက်ရောက်သော ရောင်ပြန်ဟပ်မှုလည်း၊ သတ်မှတ်ထားရှိသည်။

လူသားတို့အဖို့ရာတွင် စဉ်းစားရမည့်အချက်က သဘာဝလောကကြီး၏အရှင်သခင်၏ပြစ်ဒဏ်သည် ဒေါသူပုန်ထ၍ ညှင်းပမ်းနှိပ်စက်မှုလော၊ သို့တည်းမဟုတ် တရားစီရင်ဆုံးဖြတ်မှုကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်လောဟူ၍ ခွဲခြားစွာရှုမြင်တတ်ဖို့လိုသည်။

လူတို့သည် ပြစ်ဒဏ်ကိုရှုမြင်ရာတွင် ဘေးဒုက္ခရောက်ရှိခဲ့ရ၍ ကြုံတွေ့ခံစားရမှုနှင့် ဒေါသကြောင့်ဖြစ်ပေါ်လာရသော ညှင်းပမ်းနှိပ်စက်မှုဟုလွဲမှားစွာမြင်ကြသည်။ ဤရှုမြင်မှုကြောင့် အလ္လာဟ်အရှင်မြတ်၏ ဆိဖသ်ဂုဏ်တော်တွင် ကြောက်စရာ နှင့်ညှင်းပမ်းနှိပ်စက်ရာဟူသော အတွေးသည် ပေါ်ပေါက်လာခဲ့ရသည်။

စင်စစ်အားဖြင့် သဘာဝလောကကြီးအတွင်းရှိ ဖြစ်စဉ်များသည် ညှင်းပမ်းနှိပ်စက်အနိုင်ထက်စီးနင်းမှုကြောင့် ပြောင်းလဲရသည်မဟုတ်။ ယင်းသည် ရဟ်မသ်ကရုဏာတော်ကြောင့်သာလျှင် ပြောင်းလဲလာခြင်းဖြစ်သည်။ အကယ်၍ သဘာဝလောကကြီးအတွင်း ရောင်ပြန်ဟပ်သည့် တန်ပြန်သက်ရောက်မှုသဘော

နိယာမမရှိခဲ့လျှင်လည်းကောင်း၊ တည်ဆောက်မှုတစ်ခုအတွက် ပြင်ဆင်မွမ်းမံမှုသာ မရှိခဲ့လျှင်လည်းကောင်း၊ ဤလောကကြီးတွင် တရားမျှတမှုနှင့် တည်တံ့ခိုင်မြဲသော အခြေတူရှ်မရှိနိုင်ဘဲ လောကကြီးတစ်ခုလုံးသည် ပရမ်းပတာဖြစ်ခါ ပျက်စီးခြင်းမလှ ပျက်စီးရတော့မည်သာ။

(၄) သဘာဝလောကကြီးအဖို့ ရဗူဗီယသ်ပျိုးထောင်ပေးမှု၊ ရဟ်မသ် ကရုဏာရှိမှုသည် မရှိမဖြစ်သကဲ့သို့ အဒါလသ် တရား မျှတခြင်းသည်လည်း မရှိမဖြစ်လိုအပ်ပေသည်။ ဤသုံးခုသောအရာများသည် သဘာဝလောကကြီး အတွင်း ရဗူဗီယသ်၏ပြုစုပျိုးထောင်းပေးမှုကိုဖြစ်စေပြီး ရဟ်မသ်ကရုဏာတော် သည် ထွန်းတောက်ပမှုကိုဖြစ်စေကာ အဒါလသ်တရားမျှတခြင်း အားဖြင့် ဟန်ချက်ညီညီလှုပ်ရှားနိုင်ရသည်။ဤသို့အားဖြင့် ပရမ်းပတာဖြစ်ပေါ် ပျက်စီး ဆုံးရှုံးမှုကို တားဆီးနိုင်ရသည်။

လွန်ခဲ့သောအပိုင်းတွင် ကျွန်ုပ်တို့သည် ရဗူဗီယသ်နှင့်ရဟ်မသ်အကြောင်း ကို ရှင်းလင်းပြချက်ကိုဖက်ရှုရပြီးဖြစ်သည်။ ဆက်လက်၍ ဖော်ပြမည့်အကြောင်း အရာများတွင် အဒါလသ်အကြောင်းကိုပိုမိုရှင်းလင်း ကင်ဝေးလာအောင် ဖော်ပြပါ မည်။သဘာဝလောကကြီးတွင် ရှုမြင်နေရသော တည်ဆောက်ထားမှု မွမ်းမံမှုလှပမှု၊ တင့်တယ်မှုတို့၏ အတိမ်အနက်ကို အကဲဖြတ်ကြည့်သောအခါ ယင်းတို့သည် အဒါလသ်တည်းဟူသော အရာရာတိုင်းတွင်ညီမျှသော စီရင်ဆုံးဖြတ်မှုကို ဖော်ညွှန်း ပြမှုကြောင့် သာလျှင်ဖြစ်သည်ကို တွေ့ရပေမည်။ တည်ဆောက်မှု ဖွံ့ဖြိုးတိုးတက် မှုများကို အသွင်သဏ္ဍာန်အမျိုးမျိုးအားဖြင့်တွေ့မြင်နေရသည်။ ယင်းအသွင် သဏ္ဍာန်ကိုကျွန်ုပ်တို့သည်အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သမုတ်ကြသည်။ အမှန်စင် စစ် ယင်းအမည်အမျိုးမျိုးဖြင့်သမုတ်ထားချက်ကို အမည်တစ်မျိုးတည်းဖြင့် ခေါ် ဆိုနိုင်သည်။ ယင်းအမည်ကားအဒလ်တရားမျှတခြင်းကြောင့် ဟန်ချက် ညီမျှမှုပင် ဖြစ်သည်။

အဒလ်ဟူသည်ကား မျှတခြင်းကိုခေါ်သည်။ အဒလ်သည် လျော့နည်းခြင်း ကိုလည်းမခေါ်၊ ပိုလျှံခြင်းလည်းမဟုတ်ပါ။ သို့ဖြစ်၍ မပိုမလျော့သော သဘော ကိုဆောင်သည်။ ယင်းဝေါဟာရကို တရားစီရင်ရေးနယ်ပယ်တွင် တရားစီရင် ဆုံးဖြတ်ခြင်းကို အဒလ်နှင့် တရားစီရင်ဆုံးဖြတ်သောနေရာကို အဒါလသ်ဟု ခေါ်သည်။ ယင်းနေရာတွင် သမာသမတ်ကျသော အမြော်အမြင် ရှိသောပုဂ္ဂိုလ် သည် ဆန့်ကျင်ဖက်နှစ်ခု၏ပြဿနာရပ်ကိုဆုံးဖြတ်သည့်ချိန်ခွင်ကို ချိန်တွယ်ခြင်းပြု ရာတွင်လည်းယင်းအဒလ်မှ ဆင်းသက်သော ဝေါဟာရဖြစ်သည့် "မိုအာဒေလသ်" ကို အသုံးပြုသည်။ အကြောင်းမူ ချိန်ခွင်လည်း ချိန်တွယ်မှုပြုရာတွင် ချိန်ခွင်လျှာကို

ညီမျှသောအခြေသို့ ရောက်ရှိစေရန် ချိန်ခွင်နှစ်ဖက်စလုံးတွင် အလေးများကို ညီမျှစွာ ထည့်ပေးရသောကြောင့်ဖြစ်သည်။

ဤနည်းနှင်နှင် သဘာဝလောကကြီး၏ နယ်ပယ်တွင်လည်း ညီမျှခြေသို့ ရောက်ရှိအောင်ပြုခြင်းကို အဒါလသ်ဟုခေါ်သည်။ ယင်းညီမျှခြေသည် သဘောဝ လောကကြီး၏ အခြေအနေကို ဟန်ချက်ညီညီ တစ်ပြေးညီစွာ ဖော်ဆောင်ပေးခြင်း ဖြစ်သည်။

ရုပ်ဝတ္ထုတည်ရှိမှုဟူသည် ပါဝင်သောဒြပ်ဝတ္ထုတို့၏ အချိုးကျပါဝင်မှုဖြစ် သည်။ အကယ်၍ ယင်း၏အချိုးကျပါဝင်မှုသည် အနည်းငယ်ပင် ပြောင်းလဲခဲ့ သည်ရှိသော် ထိုရုပ်ဝတ္ထု၏ မူလအခြေအနေဟု မခေါ်ဆိုပါ။ ရုပ်ပိုင်းဆိုင်ရာ ရုပ်တည်မှုဟူသည် ရုပ်ပိုင်းဆိုင်ရာအချက်များ၏တည်မြဲသောအခြေအနေဖြစ်သည်။ အကယ်၍ရုပ်ပိုင်းဆိုင်ရာအချက်များအနက် တစ်ခုခုသောအရာသည် ပျက်သုဉ်းခဲ့ သည်ရှိသော် ရုပ်ပိုင်းဆိုင်ရာရုပ်တည်မှုကိုပြုလုပ်နိုင်မည်မဟုတ်ပါချေ။

ကျန်းမာသန်စွမ်းခြင်းဟူသည် ဓါတ်လေးပါးတို့၏ တည်တံ့ခိုင်မြဲမှုဖြစ်သည်။ ယင်းတို့အနက် တစ်ခုခုသောအရာသည် ပျက်ခဲ့သော် ကျန်းမာသန်စွမ်းခြင်းဟူသည် ပျက်ရသည်။ လှပတင့်တယ်ခြင်းဟူသည် ညီမျှသောပြည့်စုံခြင်းကို ခေါ်သည်။ ယင်းသို့ လူသားတို့အတွင်း ညီမျှသောပြည့်စုံမှုရှိလျှင် လှပသောလူဟုခေါ်သည်။ ရုက္ခဗေဒနယ်ပယ်တွင်မူ ပန်းသည် လှပသည်။ တိုက်တာအဆောက်အဦးတွင် နန်းတော်ကဲ့သို့သော အဆောက်အဦးသည် လှပသည်။ သာယာသော ဂီတသံဟူ သည် ညီမျှပြီး စည်းစနစ်ကျသောအသံကို သာယာသောဂီတသံဟုခေါ်သော်လည်း ယင်းတို့အနက် စည်းနစ်မကျမှုတစ်ခုမျှပင် ပါခဲ့သော သာယာသံဟု မခေါ်ဆိုအပ် တော့ပါ။

ဤဖော်ပြပါဥပမာတွင်ပါရှိသောအရာများသည်ညီမျှသောအခြေအနေ တွင်ပြည့်စုံပြီးမြောက်သည်ကိုတွေ့ရသည်။ဤဥပမာသည်ပင်လျှင် သဘာဝ လောကကြီးရှိအရာအားလုံးကိုကိုယ်စားပြုသည်။ သဘာဝလောကကြီးရှိ အရာ အားလုံးသည် မျှတမှု၊ ညီမျှမှုနှင့် စည်းစနစ်ကျမှုအပေါ်တွင် တည်ဆောက်နေ ရသည်။ ယင်းဖော်ပြပါအခြေအနေများကို တခဏတာမျှပင် နှုတ်သိမ်းခံရပါက သဘာဝလောကကြီးတစ်ခုလုံးသည် ပရမ်းပတာဖြစ်ကာ ပျက်စီးသွားပေလိမ့်မည်။

အာကာသအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများသည် သူတို့၏လမ်းကြောင်း အတွင်း လှည့်ပတ်နေသည်။ ယင်းများမြောင်လှသော ဂြိုဟ်နက္ခတ်များသည် မည်သည့်အခါမျှ သူတို့၏လမ်းကြောင်းမှ သွေဖီပြီး လှုပ်ရှားသွားလာသည်ဟူ၍ မရှိပါ။ ယင်းသည် အာကာသအတွင်းတည်ရှိသော အဒလ်ညီမျှမှုကို ပြဆိုချက်ပင်

ဖြစ်သည်။ ယင်းအဒလ်ညီမျှမှုအားဖြင့် အလ္လာဟ် အရှင်မြတ်သည် အရာအားလုံးကို သူတို့၏စည်းစနစ်ဘောင်ခတ်မှုအတွင်းရပ်တည်စေသည်။ အရာတိုင်းသည် သူတို့အတွင်းထည့်သွင်းထားသောဆွဲအားဖြင့်လက်ချင်းယှက်သည့်ပုံစံ၊ တည်တံ့သော အသွင်အားဖြင့် သူတို့၏လမ်းကြောင်းအတွင်း လှုပ်ရှား နေကြသည်။ အကယ်၍ တစ်ခုခုသောအရာသည် သူတို့ကို သတ်မှတ်ထားသကဲ့သို့မနေဘဲ ဖောက်လွဲဖောက်ပြန်ပြုခဲ့သည်ရှိသော အခြားဂြိုဟ်နက္ခတ်များနှင့် တိုက်ခိုက်မှုဖြစ်ကာ ပေါက်ကွဲသောအခြေသို့ ရောက်ရှိသွားတော့သည်။

ယင်းညီမျှခြေကို လေ့လာစူးစမ်းကြည့်လျှင် အလွန်မှပင် ကြီးကျယ်ခန်းနားလှသော ကိန်းဂဏန်းများဖြင့် တွက်ချက် ထားသောဇယားကို တွေ့မြင်ရမည်။ ယင်းကိန်းဂဏန်းများအတွင်း တိကျသော လှည့်ပတ်မှုကိုပြုကာ သူတို့၏လမ်းကြောင်း အတွင်း တစ်ခုနှင့်တစ်ခု ထိခိုက်မှုမရှိဘဲ သွားလာလှုပ်ရှားနေခြင်းသည်ပင်လျှင်ကြီးမားလှသောစနစ်ဇယား၏တိကျသောအခြေအနေဟု ဆိုရပေမည်။ ယင်းအခြေအနေကို စူးစမ်းလာသည့်နေ့မှစ၍ ကမ္ဘာပေါ်တွင် လူသားတို့အဖို့ အရေးကြီးသော အချက်အလက်တွေ့ရှိချက်များကို ရှာဖွေရရှိခဲ့ခြင်းပင်ဖြစ်သည်။

ယင်းအချက်ကို ကျမ်းတော်မြတ်ကုရ်အာန်က အကြိမ်ပေါင်းမြောက်များစွာ ဖော်ညွှန်းပြသခဲ့သည်။ وَالسَّمَاءَ رَفَعَهَا وَوَضَعَ الْمِيزَانَ أَلَّا تَطْغَوْا فِي الْمِيزَانِ

အလ္လာဟ်အရှင်မြတ်သည် အာကာသကို မြင့်မားစေသည်။ အာကာသအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများအတွက် တိကျသော စည်းစနစ်ဇယားအားဖြင့် မီဇာန်ညီမျှခြင်းကို သတ်မှတ်သည်။ (၅၅ း ၇-၈)

ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ညွှန်းပြထားသော မီဇာန်ဟူသော ချိန်ခွင်ဟူသည် အဘယ်နည်း။ ယင်းမီဇာန် သဘောကအာကာသရှိ ဂြိုဟ် နက္ခတ်တာရာများကို သတ်မှတ်ထားသောနေရာတွင် တည်ရှိနေစေသည်သာမက မီဇာန်ချိန်ခွင်လျှာသည် တစ်ဖက်စောင်းနင်းမဖြစ်ဘဲ တည်ငြိမ်သောအသွင်ဖြင့် တည်တံ့ခိုင်မြဲစွာရှိစေသည်။ ဤအချက်ကိုကျမ်းတော်မြတ်ကုရ်အာန်က အောက်ပါ အတိုင်းဖော်ပြသည်။ اللَّهُ الَّذِي رَفَعَ السَّمَاوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا

အလ္လာဟ်အရှင်မြတ်သာလျှင် အာကာသကြီးကို ထောက်တိုင်မပါဘဲ မြင့်မားစွာ တည်ရှိစေသည်။ ယင်းအရာကို အသင်တို့ မြင်တွေ့နေရသည်။ (၁၃ း ၂)

စူရာဟ် လွှန်ကမာန်တွင်လည်း အောက်ပါအတိုင်း ဖော်ညွှန်းဆိုထားပြန်သေးသည်။

خَلَقَ السَّمَاوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا "အလ္လာဟ်အရှင်မြတ်သည်သာလျှင် မြင့်မားသော

အာကာသကို ထောက်ပင့်စရာမပါဘဲဖန်ဆင်းတော်မူသည်။ ယင်းဖြစ်စဉ်ကိုအသင်တို့ မြင်တွေ့နေရပေသည်။'' (၃၁ ၊ ၃၁)

အဒလ်ညီမျှခြင်းအားဖြင့် ဟန်ချက်ညီခြင်းနှင့်စပ်လျဉ်း၍ ရှင်းပြရတွင် ဤဖော်ပြပါမီဇာန်နှင့်ပတ်သက်သော ကျမ်း တော်မြတ်ကုရ်အာန်ပါ ဖော်ပြချက်များသည် ပြီးပြည့်စုံသော ဥပမာသက်သေသာဓကများဖြစ်သည်။ တစ်ဖန် ဆူရာဟ် အာလေအင်မရာန်၏ အလွန်လှသီများလှသောအာယသ်တော်ဖြစ်သည်။

**قائما بالقسط**(၃း၁၈)အရ အာကာသ၏ တည်ဆောက်ထားမှုသည် အဒလ်တရားမျှတမှုအားဖြင့် တည်တံ့သောအခြေတွင်ရှိကြောင်းကို ဖော်ညွှန်းပြသခြင်းသည်ပင်လျှင် အဒလ်၏သဘောကို တစ်နည်းအားဖြင့် ထင်ရှားပေါ်လွင်စွာ ဖော်ညွှန်းပြသခြင်းသာလျှင်ဖြစ်သည်။ ကုရ်အာန်က ဆိုသည့်အဒါလာသ် တရားမျှတခြင်း၏ သက်ရောက်မှုသည် စကြဝဠာရှိ အရာအားလုံးအပေါ်တွင် အကျိုးရှိနိုင်လျှင်လူသားတို့၏စပ်ကြားတွင်ပေါ်ပေါက်သောပြဿနာရပ်များ လုပ်ဆောင်ချက်များတွင်အဒလ်သဘောတရားသည်အဘယ်ကြောင့်မသက်ရောက်ဘဲရှိနိုင်ပါမည်နည်း။

လူသားလောကတွင်ပရမ်းပတာဖြစ်မှု၊အနိုင်ထက်စီးနင်းမှုကို မပြုတော့ဘဲ သဘာဝလောကကြီး၏ကျင့်ကြံအားထုတ်မှုအတိုင်းအလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကို ဆောင်ရွက်နိုင်ခဲ့ လျှင် ယင်းကျင့်ကြံအားထုတ်မှုကို အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကျမ်းဖြစ်သော ကုရ်အာန်က ''အာမာလေဆွလေဟာ'' မြင့်မြတ်ကောင်းမွန်သောကျင့်ကြံအားထုတ်မှုဟုခေါ်ဆိုသတ်မှတ်သည်။ ယင်း ''အာမာလေဆွာလေဟာ'' ကျင့်ကြံအားထုတ် မှုအတွက် အဓိကအကျဆုံး လိုအပ်ချက်ကား ဖော်ပြခဲ့ပြီးဖြစ်သော''အဒါလာသ်''တရားမျှတခြင်းကို အခြေခံထား ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

يْرَ دِينِ اللَّهِ يَبْغُونَ وَلَهُ أَسْلَمَ مَن فِي السَّمَاوَاتِ وَالْأَرْضِ طَوْعًا وَكَرْهًا وَإِلَيْهِ يُرْجَعُونَ

''ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပြဋ္ဌာန်းထားသော လမ်းညွှန်ချက်ဖြစ်သည့်အစွလာမ်ကို ရှောင်ဖယ်၍ အခြားလမ်းညွှန်ချက်ကို ရှာကြံနေကြသလော။ စင်စစ်အာကာသနှင့်ကမ္ဘာမြေကြီးရှိ ရှိသမျှသောအရာများသည် ကြိုက်နှစ်သက်သည်ဖြစ်စေ၊ မကြိုက်နှစ်သက်သည်ဖြစ်စေ ဤအလ္လာဟ်အရှင်မြတ်က ပေးထားသော လမ်းညွှန်ချက်အတိုင်းတသဝေမတိမ်းလိုက်နာဆောင်ရွက်လျက်ရှိကြသည်။ စင်စစ် အားလုံးသော အရာတို့သည် ဤလမ်းညွှန်ချက်ဖက်သို့ပင် ပြန်လှည့်သွားရမည်။'' (၃ ၊ ၈၃)

ကျွန်ုပ်တို့အနေဖြင့် မှတ်ယူရမည့်အချက်ကား ကျမ်းတော်မြတ်ကုရ်အာန်က မကောင်းသောအလုပ်၊ မကောင်းသော ကျင့်ကြံမှုနှင့်စပ်လျဉ်း၍ သုံးစွဲထားသော ဝေါဟာရစကားလုံးများသည်တရားမျှတခြင်းနှင့်ညီမျှခြင်း၏ဆန့်ကျင်ဘက်ဖြစ်

ကြောင်း မှတ်ယူရပေမည်။ ကုရ်အာန်က ဖော်ညွှန်းပြသော ယင်းသို့သောဝေါဟာရ စကားလုံးများကို ဆန်းစစ်လေ့လာကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရသည်။

**ဇွလ်မ်** ظلم

ဇွလ်မ်၏အဓိပ္ပါယ်က အရာတစ်ခုသည် ရှိသင့်ရှိထိုက်သောနေရာတွင် မရှိဘဲ အခြားသို့ရောက်ရှိနေခြင်းကို အရဗီစာပေအဘိဓါန်က ဇွလ်မ်အခြေဟု ဖော်ပြသည်။ သို့ဖြစ်၍ ကျမ်းတော်မြတ်ကုရ်အာန်က ရှရိက်တုဖက်ယှဉ်ကြည့်ခြင်းကို ဇွလ်မ်အဇင်မ် (ဝါ) အကြီးမားဆုံးသော ဇွလ်မ်ဟုခေါ်ပေသည်။ အကြောင်းမူ ယင်းရှရိက်ထက်ကြီးမားသောအပြစ်သည်မရှိပါ။အရာတစ်ခုသည် သူ၏ရှိ သင့်ရှိထိုက်သောအဆင့်တွင်မနေရဘဲ အဆင့်မြင့်နေလျှင်လည်းကောင်း၊ အဆင့်နိမ့်ကျနေလျှင်လည်းကောင်း ယင်းသည်အဒလ်တရားမျှတခြင်းသဘောကို သွေဖွဆန့်ကျင်နေခြင်းသာလျှင်ဖြစ်သည်။

**သွဂ်ရာန်** طغيان

သွဂ်ရာန်၏ အဓိပ္ပါယ်က အရာဝတ္ထုတစ်ခုသည် မိမိ၏ တကယ်တန်းရှိထိုက်သောအဆင့်ကိုကျော်ဖြတ်၍ မြင့်သောအဆင့်ကို ရောက်ရှိခြင်းဟု အဓိပ္ပါယ်ရသည်ဖြစ်၏။ရေသည် သူ၏အမှတ်ကိုကျော်၍ ရှိသင့်ရှိထိုက်သောအဆင့်ကို ကျော်ဖြတ်ကာ အဆင့်တက်ခြင်းသည်လည်း တရားမျှတခြင်း၏ ဆန့်ကျင်ဖက်ပင် ဖြစ်တော့သည်။

**အာစ်ရာဖ်** اسراف

အာစ်ရာဖ်သည်စွရဖ်မှဆင်းသက်သည်။ စွရဖ်၏အဓိပ္ပါယ်က ကုန်ကျသင့်သလောက်သော အသုံးစရိတ်ကို ကျော်ဖြတ်၍ အလွန်အကျွံ သုံးဖြုန်းပစ်ခြင်း၊ ဒလဟောသုံးစွဲခြင်းကို ခေါ်သည်။ ယင်းသည်လည်း တရားမျှတမှုမဟုတ်ပါ။

**သဗ်ဇီရ်** تبذير

သဗ်ဇီရ်၏အဓိပ္ပါယ်က အရာဝတ္ထုတစ်ခုသည် သုံးစွဲသင့်သောနေရာတွင် မသုံးစွဲဘဲထားခြင်းကို ခေါ်သည်။ အစား အသောက်နှင့်ပတ်သက်၍ သုံးစွဲခြင်းသည် မှန်ကန်သောသုံးစွဲခြင်းဖြစ်သည်။ သို့ရာတွင် အလွန်အကျွံသုံးစွဲလျှင်မူ အာစ်ရာဖ်တွင်အကျုံးဝင်ရသည်။ လူ့အကျိုးအတွက် သုံးစွဲခြင်းမရှိဘဲ ရေထဲတွင် မိမိ၏ဥစ္စာကို သွန်ပစ်ခြင်းသည်မှန်ကန်သောသုံးစွဲမှု မဟုတ်ပါ။ ဤသို့သုံးစွဲခြင်းသည် သဗ်ဇီရ်တွင် ပါဝင်မည်။နှစ်ခုစလုံးသည် အဒါလသ် တရားမျှတခြင်း၏ ဆန့်ကျင်ဖက် ဖြစ်သည်။

**ဖဆာဒ်** فساد

ဖဆာဒ်၏အဓိပ္ပါယ်ကားတရားမျှတခြင်းဘောင်ကိုကျော်ဖြတ်၍ အသုံးချခြင်းကိုခေါ်သည်။ ယင်းကြောင့်ပရမ်းပတာဖြစ်လာရသည်။

**အအ်တိသဒါ اعتداء နှင့် အူဒ်ဝါန် عدوان**

ယင်းသည် စကားလုံးတစ်ခုတည်းမှ ဆင်းသက်လာသောဝေါဟာရဖြစ်သည်။အဓိပ္ပါယ်ကား စည်းစနစ်ဘောင်ကို ကျူးကျော်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

## ကျမ်းတော်မြတ်ကုရ်အာန်နှင့် အလ္လာဟ်အရှင်မြတ်၏ဆိုဖသ်ဂုဏ်တော်

## قرآناورصفات الہی کاتصوّر

ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်၏ဆိုဖသ်ဂုဏ်တော်နှင့် စပ်လျဉ်းဖော်ပြရာတွင် စူရာဖွာတေဟာသည် ပထမဦးဆုံးသော နိဒါန်းအဖွင့် ဖော်ပြချက်ဖြစ်သည်။ စူရာဖွာတေဟာတွင် လူသားတို့အား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ဆိုဖသ်ဂုဏ်တော်တင်ပြပုံကိုလေ့လာနိုင်ပါသည်။ကုရ်အာန်က အလ္လာဟ်အရှင်မြတ်၏ ဆိုဖသ်ဂုဏ်တော်ကိုတင်ပြရာတွင် ရဗ္ဗဗီယသ်၊ရဟ်မသ်၊အဒါလသ် တည်းဟူသောဆိုဖသ်ဂုဏ်တော်တို့အားဖြင့် အလ္လာဟ်အရှင်မြတ်အား သိမြင်စေသည်။ယင်းသုံးခုသောဆိုဖသ်ဂုဏ်တော်အားဖြင့်ပင်လျှင် ကျွန်ုပ်တို့သည် ဆင်ခြင်တုံတရားကိုအသုံးပြုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်ကို သိမြင်လာနိုင် ပါသည်။

အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ တွေးခေါ်ရှုမြင်ခြင်းသည် လူသားတို့အဖို့ရာတွင် ရုပ်ပိုင်းဆိုင်ရာ လူမှုဘဝတွင်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာတွင် လည်းကောင်း၊အဓိကကျသောအချက်ဖြစ်ခဲ့သည်။ ယုံကြည်ချက်တစ်ခု၏ အဓိပ္ပါယ် နှင့် စိတ်ပိုင်းဆိုင်ရာအမြင်ကို ရှုမြင်သုံးသပ်ရာတွင် ယင်းယုံကြည်ချက်အား ဦးဆောင်ဦးရွက်ပြုသောသူ၏သြဇာအာဏာအတိုင်းအတာကို သိမြင်စေရန် အရေးကြီးသည်။ ယုံကြည်သူတို့၏ လက်ခံသောဖန်ဆင်းရှင်နှင့် ပတ်သက်သော ရှုမြင်တွေးခေါ်မြော်မြင် တတ်သော အတိုင်းအတာကို ဆန်းစစ်ရန်လိုအပ်သည်။

လောကတွင်ရှိရှိသမျှသောအရာများသည် ဆင့်ကဲဆင့်ကဲ တိုးတက်မှုကြောင့် တိုးတက်သောအခြေသို့ရောက်ရှိလာရ သည့်မှန်လည်း အလ္လာဟ်အရှင်မြတ်အား သိမြင်နားလည်ရာတွင် ဆင့်ကဲတိုးတက်စွာ မမြင်ဘဲတစ်တစ်စ ဆုတ်ယုတ်သောအမြင်ဖြင့် နောက်ပြန်လှည့်သွားသည်ကိုအံ့သြဖွယ်ရာတွေ့ရသည်။ လူသားတို့တွေးခေါ်မြော်မြင်ခြင်း၏ အမြင့်ဆုံးထောက်ပံ့မှုသည် သောင်ဟီဒ် တစ်ဆူတည်းသောအရှင်ကိုသိမြင်လက်ခံလာခြင်းသာလျှင်ဖြစ်သည်။ သို့ရာတွင် လူသားတို့သည် သောင်ဟီဒ်ကိုကြာရှည်စွာစွဲမြဲလက်ခံနိုင်ခြင်းမရှိဘဲ ဆုတ်ယုတ် သောအမြင်ဖြင့် အခြားအခြားသော သဘာဝအင်အားစုများကို ပူးတွဲယှဉ်တွဲယုံ ကြည်လက်ခံလာ

ခဲ့ကြသည်။ယင်းကဲ့သို့ ဆုတ်ယုတ်လာမှုသည် အနိမ့်ဆုံးအောက်ထစ်အထိသို့ပင် ရောက်ရှိသည်ကို လူသမိုင်း၏ တစ်လျှောက်တွင် တွေ့မြင်ခဲ့ရသည်။

(၁၉)ရာစုနှစ်တွင် ပညာရှင်တို့က လူသားတို့သည် မိမိတို့၏အတွေး အမြင်ထင်မြင်ယူဆချက်များပေါ်တွင်အခြေခံ၍ ဘုရားအများကို ဖန်တီးရယူခဲ့သော အယူအဆများပေါ်ထွန်းလာခဲ့ရာ၊ ယင်းအယူအဆများသည် (၂၀)ရာစု၏ အစဦးပိုင်းအထိ အသွင်အမျိုးမျိုးဖြင့်ကြီးထွားကျယ်ပြန့်လာခဲ့သည်။

(၂၀)ရာစုနှစ်တွင်ဆန်းသစ်သောတွေးခေါ်မှု၊ သစ်လွင်သော ရှာဖွေတွေ့ ရှိရချက်တို့နှင့်အတူ(၁၉)ရာစုနှစ်၏ အယူအဆဟောင်းများသည် ပြိုကွဲပျက်စီး ခဲ့ရသည်။ ပထမ ကမ္ဘာစစ်နောက်ပိုင်းတွင်မှ ယင်းအယူအဆသည် လုံးဝချုပ်ငြိမ်း ခဲ့တော့သည်။ ဩစတြေးလျနှင့်ပစိဖိတ်ဒေသအရှေ့ကျွန်းစုများတွင် ရှေးခေတ် ယဉ်ကျေးမှုများကို တူးဆွဖော်ထုတ်ယူရာတွင်ရှေးခေတ်လူတို့သည် ကမ္ဘာမြေကြီး နှင့်တကွ ကောင်းကင်များကို ဖန်ဆင်းသောအရှင်ကို ဆည်းကပ်နေကြောင်းကို တွေ့ရှိခဲ့ရသကဲ့သို့ ရှေးခေတ်အီဂျစ်လူမျိုးတို့သည်လည်း ဘုရားမဲ့များ မဟုတ်ကြောင်းကို သုတေသနပြုချက်အရ တွေ့ရှိခဲ့ရသည်။

ပထမကမ္ဘာစစ်နောက်ပိုင်းတွင်အီရတ်နယ်မြေတွင်ရှေးဟောင်း ယဉ်ကျေး မှုများကို တူးဖော်ရာတွင် ပြီးပြတ်သောအဖြေကို မရရှိသော်လည်း ယူဖရေးတီးစ်နှင့် တိုက်ဂရစ်မြစ်ဝှမ်းယဉ်ကျေးမှုတွင် ထာဝရဘုရားကို ယုံကြည်ချက်သည် ရှိခဲ့ကြောင်း သိခဲ့ရသည်။ ပါကစ္စတန် နိုင်ငံတွင် ဖော်ထုတ်နေသော ရှေးခေတ်အင်ဒုစ်ယဉ်ကျေး မှုဖြစ်သော မိုဟန်ဂျဒရုတူးဖော်မှုအရလည်း ခုဒါတည်းဟူသော ဘုရားသခင်ကို ဆည်းကပ်နေခဲ့ကြောင်းသိရှိခဲ့ရသည်။

ယခုခေတ်နောက်ဆုံး သုတေသနပြုချက်အရ အီဂျစ်၊ ဂရိ၊ ကော်ဒီယာ၊ အိန္ဒိယ၊ တရုတ်၊ ပါရှန်တို့၏ယဉ်ကျေးမှုတွင် တစ်ဆူတည်းသော ဘုရားသခင် ရှိခဲ့ကြောင်းတွေ့မြင်ရသည်။ပလေတို၏**CRITIAS**တွင် စကြာဝဠာဆိုင်ရာပုံပြင် တွင် ဘုရားရှင်များအကြောင်းပါရှိသကဲ့သို့ အီဂျစ်နိုင်ငံရှိ **TIMAEUS** ပုံပြင်များ တွင်လည်း ဘုရားရှင်ကြောင်းပါရှိကြောင်းတွေ့ရ သည်။ တောင်ရတ်ကျမ်းတွင် အာဒမ်အကြောင်းကိုဖော်ပြရာတွင် ဂျန္နသ်သုခဘုံအကြောင်းအရာများနှင့်အတူ ထာဝရဘုရားသခင်အကြောင်းကို ဖော်ညွှန်းထားသည်ကိုတွေ့ရသည်။

ယင်းအကြောင်းအရာများသည် ဘုရားသခင်ကို ဆည်းကပ်မှုပြုရာတွင် လူသားတို့သည်ပင်လျှင်တစ်စုတည်းသောမျိုးနွယ်မှဖြစ်ထွန်းပေါ်ပေါက်လာကြောင်း ကိုလည်းတွေ့ရသည်။ယင်းအကြောင်းကို ကျမ်းမြတ်ကုရ်အာန်က အောက်ပါအတိုင်း အတိအလင်းကြေညာထားသည်။

وَمَا كَانَ النَّاسُ إِلَّآ أُمَّةً وَاحِدَةً فَاخْتَلَفُواْ

"အစဦးကာလက လူသားအားလုံးသည် တစ်ခုတည်းသောအုပ်စုမှ ဖြစ်ခဲ့သည်။ ယင်းနောက် အငြင်းပွားမှုဖြစ်ကာအုပ်စုကွဲခဲ့ရသည်။" (၁၀ း ၁၉)

كَانَ النَّاسُ أُمَّةً وَاحِدَةً فَبَعَثَ اللهُ النَّبِيِّينَ مُبَشِّرِينَ وَمُنذِرِينَ
وَأَنزَلَ مَعَهُمُ الْكِتَابَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيمَا اخْتَلَفُواْ فِيهِ

"အစဦးတွင် လူသားအားလုံးသည် တစ်ခုတည်းသောအုပ်စုမှဖြစ်သည်။" အလ္လာဟ်အရှင်မြတ်သည်(အငြင်းပွားမှုကိုပပျောက်စေဖို့)နဗီသတင်းကောင်း ပေးသောသူများကို ကျမ်းဂန်းများနှင့်အတူ လူသားတို့အလယ်သို့ စေလွှတ်ခဲ့သည်။ ယင်းသူတို့သည် ကောင်းမြတ်မှုဘက်သို့ ဖိတ်ခေါ်၍ လူသားတို့အလယ်တွင်ဖြစ်ပေါ်သော ခိုက်ရန်ဖြစ်ပွားမှုကို တားဆီးဖြေရှင်းစေရန်ဖြစ်သည်။" (၂ း ၂၁၃)

ကျမ်းမြတ်ကုရ်အာန်သည် လူသားတို့အလယ်သို့ကျရောက်ချိန်တွင် ကမ္ဘာပေါ်တွင် ဒဿနငါးမျိုးလွှမ်းမိုးလျက်ရှိခဲ့သည်။ ယင်းတို့မှာ (၁) တရုတ် (၂) အိန္ဒိယ (၃) ပါရှန်း (၄) ရဟူဒီနှင့် (၅)ခရစ်ယာန်တို့ဖြစ်ကြသည်။

တရုတ်တို့သည် ဘုရားပေါင်းမြောက်မြားစွာနှင့်အတူ ကောင်းကင်ဘုံသို့ စိုးပိုင်သောအရှင်ကိုလည်းကိုးကွယ်ခဲ့သည်။ အိန္ဒိယနှင့်ဂရိတို့၏ အရှင်သခင်များတွင် ချုပ်ကိုင်သောအရှင်သခင်ရှိခဲ့ကြောင်းကို တွေ့ရသည်။ အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သောဘာသာတရားများအနက် အိုပါနိသျှအယူဝါဒမှ ဆင်းသက်ခဲ့သော ဘာသာတရားများသည် အစဦးကာလကတောင်ဟိဒ်ကို အခြေခဲ့ကြောင်းတွေ့ရသည်။ ပါရှန်နိုင်ငံရှိဇိုရိအင်စတာဘာသာဝင်တို့သည် ခုဒါတည်းဟူသော ဘုရားကို ဆည်းကပ်ခဲ့ကြောင်း တွေ့ရသည်။ ရဟူဒါနှင့် ခရစ်ယာန် ဘာသာဝင်များတွင် ထာဝရဘုရားတည်ရှိမှုကို အထူးရှင်းပြစရာမလိုပါချေ။

အတိတ်ဘာသာတရားများသည် ထာဝရဘုရားအပေါ် သက်ဝင်ယုံကြည် ရာတွင်တင်စားမှုအသွင်သဏ္ဍာန်ဖြင့် ဆည်းကပ်မှုပြုရာမှ ကာလကြာရှည် ကျင့်ကြံလာခဲ့ရာမှ ဘုရားအများကို ကိုးကွယ်မှုသည်ဖြစ်ပေါ်လာကြောင်းတွေ့မြင်ရသည်။ ဖော်ပြပါအချက်များကို အသေးစိတ်လေ့လာလိုသူများသည် မူရင်းကျမ်းဖြစ်သော အုမ်မုလ်ကီသာဗ် ကိုလေ့လာသင့်ပါသည်။ မူရင်းကျမ်းတွင် အခန်းတစ်ခုအနေဖြင့် ဖော်ပြထားသည်ကိုအခြေအနေအရ ဖော်ပြနိုင်မည်မဟုတ်ပါ။

ကမ္ဘာပေါ်တွင်ပေါ်ထွန်းခဲ့ပြီးသော အတိတ်ဘာသာတရားအားလုံးသည် သောင်ဟီဒ်သဘောတရားကိုအခြေခံကြောင်းတွေ့ရသည်။သို့ရာတွင် အချက်သုံး

ချက် ပေါ်မူတည်၍ လူ့လောကသားတို့အတွင်း သောင်ဟီဒ် သဘောတရားသည် မှားယွင်းတိမ်းဆောင်းသောအသွင်၊ လွဲမှားသောလမ်းကြောင်း ပေါ်သို့ရောက်ရှိရခြင်းဖြစ်သည်။(၁) ရုပ်လုံးဖော်၍ ဥပမာပေးခြင်း၊

(၂) ဆိုဖသ်ဂုဏ်တော်များကို ဇာတ်တည်ရှိမှုနှင့်ခွဲခြား၍ သုံးသပ်မှု၊

(၃) အလ္လာဟ်အရှင်မြတ်၏လုပ်ဆောင်ပေးမှုစနစ်ဇယားကို လွဲမှားစွာမြင်ခြင်းဟူ၍ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် ယင်း မှားယွင်းချက်များကို ရှင်းလင်းကာ သောင်ဟီဒ်၏ မှန်ကန်သောအရှိတရားကိုကွက်ကွက်ကွင်းကွင်းဖြစ်အောင် ပြသနိုင်ခဲ့သည်။ဤဖော်ပြပါအချက်များကိုကျယ်ပြန့်စွာ ဆွေးနွေးပါမည်။

(၁) အတိတ်ခေတ်ကာလက ပေါ်ထွန်းခဲ့သောယုံကြည်ချက်များသည် အလ္လာဟ်အရှင်မြတ်ကို သိမြင်စေဖို့၊ အလ္လာဟ်အရှင်မြတ်၏ဆိုဖသ်ဂုဏ်တော်ကို နားလည်စေဖို့အလ္လာဟ်အရှင်မြတ်နှင့်လူသားတို့ စပ်ကြားဆက်သွယ်မှုနှင့် ပတ်သက်ပြီး ရှင်းလင်းဖော်ပြရာတွင် စိတ်ကူးယဉ်မှန်းဆချက်နှင့် ဥပမာပေးနှိုင်းယှဉ်မှုကို အသုံးချခဲ့ကြသည်။

ဤသို့သောနည်းလမ်းကြောင့် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်သော သိရှိရမည့်အသိသည် ပျောက်ပျက်ကာ ယင်းနေရာတွင် ဥပမာပေးဖော်ပြချက်၊ ဥပမာပေးသောပုံဖော်မှုသရုပ်သည်နေရာယူခဲ့သည်။ ဤသို့အားဖြင့် ယင်းအချက်အလက်ပေါ်တွင်မူတည်ကာ ရုပ်ထုကိုးကွယ်မှုသည် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုမှတစ်ဖန်ရုပ်ပွားကိုးကွယ်မှုသည် အခြေခိုင်လာရခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ လူသားတို့အပေါ် ထားရှိသော မေတ္တာပေးကမ်းမှု၊ ပြုစုပျိုးထောင်စေမှုသည်လည်းယင်းဥပမာပေးဖော်ပြသော တင်စားပြသမှုကြောင့် ရုပ်ထုအသွင်သို့ရောက်ရှိလာတော့သည်။

အာရိယန်လူ့အဖွဲ့အစည်းတွင် မိန်းမဟူသည် အချစ်ကိုပုံဖော်ပေးသည့် နတ်သမီးဒေဝီဟုသတ်မှတ်သည်ဖြစ်၍ အလ္လာဟ်အရှင်မြတ်နှင့်လူသားတို့စပ်ကြားတွင် အလ္လာဟ်ကထားရှိသောမေတ္တာကို ဖော်ကြူးရာတွင် မိခင်နှင့်သားများပုံစံရုပ်ထုဖြစ်ပုံဖော်ခဲ့ကြသည်။ သို့ဖြစ်၍ ယနေ့အထိ အလ္လာဟ်ကို ခေါ်ဆိုတမ်းတရာတွင် ယင်းသူတို့ကမာသာဟုခေါ်ဆိုခြင်းဖြစ်သည်။အိန္ဒိယတိုင်းဒေသ၏ အခြားသောယုံကြည်ချက်များတွင် ယင်းအချစ်ကိုဖော်ပြရာတွင်မိန်းမနှင့်ယောကျ်ားတို့ စပ်ကြားအချစ်၊လင်မယားတို့စပ်ကြားအချစ်အဖြစ်ဖော်ပြသရုပ်ဆောင်ခဲ့ကြသည်။ လောကီစွန့်တရားကျင့်သော ဆာဒူမဟာရှဲများသည်လည်း လက်ကောက်ဝတ်၊ ဆာရီဝတ်ခြင်းဖြင့်ယင်းဖော်ပြချက်တွင် ရုပ်လုံးပေါ်အောင်ကျင့်ပြခဲ့ကြသည်။ရောမနှင့်

ဂရိတို့၏အတိတ်ယုံကြည်ချက်တွင်လည်းဤနည်းနှင်နှင် အမျိုးသမီးကို ကိုယ်စားပြု သည်ကိုတွေ့ရပြန်သည်။

အာဆေရီယန်ယုံကြည်ချက်တွင်မှ တစ်မူဆန်းသစ်ပြန်သည်။ သူတို့၏ယဉ် ကျေးမှုတွင်အမျိုးသမီးကိုနေရာပေးခြင်းသည် သူတို့၏ဓလေ့ထုံးစံနှင့် ဆန့်ကျင် သည်ဖြစ်၍ မိသားစု၏အဓိကစွမ်းဆောင်ရှင်အဖြစ် ဖခင်ကိုရှေ့တန်းတင် ဖော်ပြကြ သည်။သို့ဖြစ်၍ ဘေဘီလုံး၊ အာဆေရီယန်နှင့် အခြားအဆေရီယန်ဒေသများ မှတူးဖော်ရရှိသော ရှေးဟောင်းရုပ်ထုများကို လေ့လာ ကြည့်လျှင် ဘုရားသခင် ကိုဖော်ပြရာတွင် ယောကျ်ားအသွင် ဖော်ပြခြင်းဖြစ်သည်။

ဘနီအစ္စရာအီလ်အနွယ်ဝင်တို့၏ ရှေးဦးကျမ်းတွင် အလ္လာဟ်အရှင်မြတ်ကို ဖခင်အဖြစ်ဖော်ပြပြီး၊ ကောင်းကင်တမန်နှင့် လူသားတို့သည် အလ္လာဟ်အရှင်မြတ် ၏သားသမီးများအဖြစ်၊ယုံကြည်ဖော်ပြခဲ့သော်လည်း နောက်ပိုင်းကာလ သမ္မာကျမ်း ဟောင်းတွင်မူ အလ္လာဟ်အရှင်မြတ်ကိုဖခင်နှင့် အစ္စရာအီလီ မျိုးနွယ်ဝင်တို့ကို အလ္လာဟ်၏ရင်သွေးအဖြစ်လည်းကောင်း၊ အချို့သော အစ္စရာအီလီကျမ်းတွင်မူ ဖနီးမောင်နှံအဖြစ်လည်းကောင်း၊ ဖော်ပြထားပြန်သည်။ အစ္စရာအီလီ မျိုးနွယ်နှင့် ဂျူရုစလင်ကိုဇနီးမယားအဖြစ်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ကို ခင်ပွန်းအဖြစ် လည်း ဖော်ပြခဲ့သည်။

အီဆာအီတို့ကမူ ယင်းအဖေနှင့်သားကိုတင်စားဖော်ပြသောဥပမာ ပေးချက် များသည်ပိုမိုပေါ်လွင်အောင်ရုပ်လုံးဖော်ပေးခဲ့ကြသည်။ယင်းကဲ့သို့သော ယူဆချက် သည် အစ္စလာမ်မတိုင်ခင်က အာရဗ်ယဉ်ကျေးမှုအယူတွင်လည်းရှိခဲ့သည်။ အလ္လာဟ်အရှင်မြတ်ကိုဖခင်ဟုဆိုကြပြီး ကောင်းကင်တမန်များကို အရှင်မြတ်၏ သမီးတော်နတ်သမီးများဟု သတ်မှတ်ခေါ်ဝေါ်ယူဆခဲ့ကြသည်။

ကျမ်းတော်မြတ်ကုရ်အာန်က ယင်းအတိတ်၌ကရှိခဲ့သော တင်စား ဖော်ပြမှု များ၊ ဥပမာပေးချက်များ၊ ခိုင်းနှိုင်းဖော်ပြရာမှ ရုပ်လုံးပေါ်လာခဲ့သော အတိတ်အစဉ် အလာဆိုးကြီးကိုလုံးဝဥဿုံပယ်ဖျက်ပိတ်ပင်ခဲ့သည်။ယင်းကဲ့သို့သော သတ်မှတ်ယုံ ကြည်ခြင်းကိုရှိရက်ဟူ၍ အကြီးမားဆုံးမှားယွင်းချက် ပိတ်ပင်တားမြစ်သောဝေါဟာရ အဓိပ္ပာယ်သက်ရောက်မှုကို ပါဝင်စေခဲ့သည်။ ကျမ်းတော်မြတ်ကုရ်အာန်က “အလ္လာဟ်အရှင်မြတ်ကိုမည်သည့်အရာနှင့်မျှ နှိုင်းယှဉ်ဖော်ပြဥပမာပေးခြင်းပြု၍ မရပါ”ဟုရှင်းလင်းစွာအသိပေးကြေညာခဲ့သည်။ဤဖော်ပြပါလမ်း ညွှန်ချက်တရား သည် ရှိရိက်ယှဉ်တွဲကိုးကွယ်မှုပုံစံအားလုံးကို အခြေခံမှအစပြု၍ နှုတ်သိမ်း ပစ်ခဲ့သည်။

ကျမ်းတော်မြတ်ကုရ်အာန်၏ အသေးငယ်ဆုံးသော ဆူရဟ်တွင်ပါဝင်သော

ဆူရဟ်အိခ်လာဆ်သည်လည်းအလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်သော အခြေခံသိမြင်အပ်သောအချက်အလက်များကို ခြုံငုံထင်ရှားစွာ ဖေါ်ပြလိုက်သည်။

"အသင်သည်ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူ၏။အလ္လာဟ်အရှင်မြတ်သည်တုနှိုင်းမဲ့ထာဝရပြီးပြည့်စုံသောအရှင်၊ အားလုံးသောသူတို့အတွက်မှီခိုရသောအား ထားရာနိစ္စထာဝရအရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှမွေးဖွားတော်မူခဲ့သည်မဟုတ်ပေ။ မည်သူတစ်ဦး တစ်ယောက်၏ မွေးဖွားခြင်းကိုလည်းခံခဲ့ရ တော်မူသည်မဟုတ်ပေ။ထိုအရှင်မြတ်နှင့် ဂုဏ်ရည်တူသူ ဟူ၍လည်း တစ်ဦး တစ်ယောက်မျှပင်မရှိပေ"

၎င်းသည် ကျမ်းတော်မြတ်ကုရ်အာန်၏ဆူရဟ်အားလုံးအနက် အသေးငယ်ဆုံး တွင် ပါဝင် သော်လည်း ၎င်းဆူရဟ်သည် "သောင်ဟီဒ်" သဘောတရား၏ ပေါ်လွင်ဆုံးသောရှင်းလင်းဖေါ်ပြချက်ဖြစ်သည်။၎င်းဆူရဟ်အားဖြင့်လည်း တမန်တော်မြတ်က ယူဆောင်လာခဲ့သော အစ္စလာမ်တည်းဟူ သော လမ်းညွှန်ချက်တရားတွင် ရှိရိက်ဟူသော မုံစံအမျိုးမျိုးရုပ်ပြောင်းရုပ်လွှဲအဖြစ်ပေါ်ထွန်းလေ့ရှိခဲ့သော အတိတ်ကာလ မှားယွင်းချက်များကို လုံးဝဥဿုံပိတ်ပင်နိုင်ခဲ့ပြီးဖြစ်သည်။

၎င်းလွဲမှားသောဖေါ်ပြချက်များကို သုံးသပ်ပြီး ကျမ်းတော်မြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်နှင့်လူသားတို့စပ်ကြားအရှင်သခင်အပေါ်နာခံတော်၏ ချစ်ခင်မှု၊ ယုယမှု၊တွယ်တာမှုလမ်းကြောင်းကိုဖျက်ပစ်သည်ဟု မထင်လိုက်ပါနှင့်။ အစ္စလာမ်သည် အလ္လာဟ်နှင့်ဘန်ဒါနာခံသူစပ်ကြား ချစ်ခင်ယုယတွယ်တာမှုကို ပိုမိုကျယ်ပြန့်သောအနေအထားသို့ရောက်ရှိစေရုံမကယင်းဆက်သွယ်မှုကိုအခိုင်မြဲဆုံး အနေအထားသို့ ချည်နှောင်ပေးခဲ့သည်။ ယခင်ကရှိခဲ့သော ရုပ်အားဖြင့်မှန်းဆကိုးကွယ်မှုကိုမူ လုံးသဥဿုံဖျက်ပစ်ခဲ့သည်။၎င်းသည် လူတို့၏မှန်းဆသော နည်းစနစ်ဖြစ်သည်။ ဖခင်၊ မိခင် သားသမီး၊ လင်မယားတို့စပ်ကြား တည်ရှိနေသော ချစ်ခင်ယုယတွယ်တာမှုသည် အခြေအနေတစ်ရပ်ပေါ်တွင် တည်ဆောက်ထားသော အနေအထားဖြစ်သည်။အလ္လာဟ်အရှင်မြတ်ကို ၎င်းနည်းလမ်းအားဖြင့် ဆက်သွယ်ခြင်းသည် အလွန်မှပင်သေးသိမ်သောနည်းလမ်းဖြစ်သည်၊ ယင်းအားဖြင့် ယှဉ်တွဲကိုးကွယ်မှုရှိရိက်ကို ဖန်တီးယူသကဲ့သို့ ဖြစ်စေသည်။ ကျမ်းတော်မြတ်ကုရ်အာန်ကလမ်းညွှန်ပြသည်မှာ၊ –

"အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို သတိရဆက်သွယ်မှုပြုရာတွင်အသင်တို့၏အစဉ်အဆက်ဘိုးဘွားတို့အား ဆက်သွယ်ချစ်ခင်မှုထက်သာလွန်သော အနေဖြင့် ဆက်သွယ်မှုပြုလော" (၂း၂၀၀)

အထက်ပါ ကျမ်းတော်မြတ်ကုရ်အာန်၏ ၎င်းအာယတ်တော်တွင် အလ္လာဟ်

အရှင်မြတ်သည် အသင်တို့၏ဖခင်ဟူ၍အလ္လာဟ်နှင့်ဖခင်ကိုနှိုင်း ယှဉ်ဖော်ပြခြင်း မရှိပါ။အလ္လာဟ်နှင့်ဖခင်ကို နှိုင်းယှဉ်ဖော်ပြ ဥပမာပေးခြင်းမဟုတ်ပဲ အချစ်ကိုသာလျှင် တင်စားမှုပြုသည်။ သတိရဆက်သွယ်မှုကိုသာလျှင် တင်စားခိုင်းနှိုင်းမှုပြုသည် ကိုသတိပြုပါ။ဘိုးဘွားအဆက် အနွယ် နှင့်အလ္လာဟ်ကို နှိုင်းယှဉ်ခြင်းကိုမူ ပြုမထားသည်ကိုလည်းသတိပြုစေလိုပါသည်။သို့ဖြစ်၍ ရုပ်ပိုင်းဆိုင်ရာနှိုင်းယှဉ်မှုသည် ပြုမရကြောင်းသိနိုင်ပါသည်။ရုပ်မှပေါက်ဖွား လာသောအချစ်ကိုသာလျှင် အဓိကထားရှိကြောင်းသိနိုင်ပါသည်။အထက်ပါအာယတ်တော်တွင် ဖော်ပြထားသော "အလ္လာဟ်အရှင်မြတ်ကို ချစ်ခင်မြတ်နိုးမှု သည် ဖခင်ကိုချစ်ခင်မြတ်နိုးမှုထက် လွန်ကဲများပြားစွာရှိရပါမည်"ဟူသောဝေါဟာရသည် သာလွန်မြင့်မြတ်ကြောင်းသိနိုင်ပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် အောက်ပါအတိုင်းလည်း လမ်းညွှန်ပြသထားသည်။

"အီမာန်သက်ဝင်ယုံကြည်သူ အပေါင်းတို့ အလ္လာဟ်အရှင်မြတ်ကို ချစ်မြတ်နိုးမှုပြုရာတွင်အားလုံးထက်သာလွန်သောအနေအထားဖြင့် ချစ်မြတ်နိုးမှုထားရှိကြပါကုန်" (၂း၁၆၅)

ကျမ်းတော်မြတ်ကုရ်အာန်ကအလ္လာဟ်အရှင်မြတ်ကို اَبُو الْعٰلَمِيْنَ "လောကခပ်သိမ်း၏ဖခင်ဟူမခေါ်ဝေါ်ပါ" رَبُّ الْعٰلَمِيْنَ "လောကခပ်သိမ်းကို ဖန်ဆင်းပြုစုပျိုးထောင်တော်မူသောအရှင်-ရဗ်" ဟုခေါ်ခြင်းဖြစ်သည်။ အစ္စလာမ့်အမြင်တွင် "ရဗ်"သည်"အဗူ"ထက်သာလွန်မြင့်မြတ်ကြောင်းသိရသည်။ရဗ်သည် ဖန်းဆင်းပြီးသကာလ ပြုစုပျိုးထောင်သူကိုခေါ်ပြီး ယင်းသည် အစဉ်ထာဝရဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ရဗူဗီယသ်ဖြစ်ထွန်းမှုသည် အစဉ်တစိုက်ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိသော်လည်း ဖခင်ဖြစ်သူ၏တာဝန်ရပ်သည် အစဉ်ထာဝရ မဟုတ်ချေ။ဤသည် ယာယီတာဝန်ဖြစ်ထွန်းမှုဖြစ်ပေသည်။ ကျမ်းတော်မြတ် ကုရ်အာန်ကဖော်ပြသော ယုံကြည်ချက်တွင် အလ္လာဟ်အရှင်မြတ်သည် وَدُوْدٌ ဝဒူဒ်ဖြစ်သည်။ဝဒူဒ်၏ အဓိပ္ပာယ်မှာ ချစ်ခင်မြတ်နိုးမှုပြုသောအရှင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်رَؤُوْفٌ ရအူဖ်ဖြစ်သည်။အစဉ်တစိုက်တွယ်တာမြတ်နိုး သိကျွမ်းသောအရှင်ဖြစ်သည်။ ဤကဲ့သို့သော တွယ်တာမှုက ဖခင်က ရင်းသွေးငယ်ကိုပေးသည့်ဥပမာရှိသည်။အလ္လာဟ်အရှင်မြတ်သည် حَنَّانٌ ဟန္နာန်ဖြစ်သည်။ဤအချစ်ဖြစ်သည်မိခင်ကရင်သွေးငယ်ကိုပေးသောအချစ်ဖြစ်သည်။သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိခင်လည်းမဟုတ်၊နှိုင်းယှဉ်၍လည်းမရပေ။

(၂) အတိတ်ခေတ်ကာလက ဘာသာတရားယုံကြည်ချက်တွင် သောင်ဟီဒ်သဘောတရားနှင့်ပတ်သက်ပြီး၊ လွဲမှားသောယုံကြည်မှုပုံပန်း သဏ္ဍာန်ဖြစ်ပေါ်လာမှု၏ နောက်ထပ်အချက်တစ်ခုက ဆွီဖယ်ဂုဏ်တော်နှင့်စပ်လျဉ်းပြီး၊ သုံးသပ်မှု

လွဲမှားမှုပင်ဖြစ်သည်။ဂုဏ်တော်ဆိုင်ဖြစ်ကိုသုံးသပ်စဉ်းစားရာတွင် အလ္လာဟ်အရှင်မြတ်နှင့်တစ်သီးတစ်ခြားစဉ်းစားလာခဲ့သည်။ ထိုမှတစ်ဖန် ဆိုဖြစ်ဂုဏ်တော်ကို သီးခြားအသွင်လက်ခံလာခဲ့ကြသည်။ယင်းသည် သူတို့အတွက် ပကတိပုံပန်းလက်ခံမှုဖြစ်လာခဲ့ပြန်သည်။အိန္ဒိယတိုက်နယ်ရှိဟိန္ဒူဘာသာဝင်တို့အဖို့ ယုံကြည်ကိုးကွယ်စရာသည် များမြောင်လှသည်။ဤသို့ဖြစ်ရခြင်းမှာ အထက်ပါ ဆိုဖြစ်ဂုဏ်တော်ကို အလ္လာဟ်အရှင်မြတ်မှ ထုတ်နှုတ်၍ သီးခြားစဉ်းစားခဲ့၍ဖြစ်သည်။

ဤသို့အားဖြင့် သူတို့အဖို့ကိုးကွယ်စရာဟူ၍ သုံးဆယ်သုံးကုဋေသောနတ်ဘုရားများဖြစ်လာခဲ့ရသည်။ဘုရားသခင်ကို ခွဲခြားစိတ်ဖြာကာ ဘုရားအများအပြားရှိလာခြင်းဖြစ်သည်။ထိုမှတစ်ဖန် ယုံကြည်မှုအပြင်ရုပ်ပိုင်းဆိုင်ရာ ပုံဖော်မှုပြုရာတွင်လည်း လူ၏ခန္ဓာကိုယ်အားဖြင့်ပုံဖော်လာခဲ့သည်။ဘုရားသခင်၏ တန်ခိုးတော်ကိုပုံဖော်ရာတွင် စိတ်ကူးယဉ်ဖြင့်ပုံဖော်ခဲ့ရာ ဘုရားသခင်၏ ဉာဏ်တော်၊ စွမ်းဆောင်မှုတော်မှုတတ်မှု၊ အသိအမြင်ကြွယ်ဝမှုကို ဖော်ပြကြသည့်အနေဖြင့် သာမန်ဦးခေါင်းအပြင် နောက်ထပ်ဦးခေါင်းများကို လူ့ခန္ဓာကိုယ်တွင် ဖော်ပြခဲ့သည်။ယင်းသူတို့၏ဆင့်ပွားယုံကြည်သူတို့ကို လေ့လာကြည့်လျှင်လည်း ဤခန္ဓာကိုယ်ရုပ်လုံးဖော်မှုမှသည် လူတန်းစားအလွှာဟူ ပကတိအခြေသို့ရောက် ရှိခဲ့ရသည်။

ဘုရားသခင်၏ အကြီးမားဆုံးသောဂုဏ်တော် ၃ ရပ်ဟု သူတို့ကသတ်မှတ်ထားသည်။ဖန်ဆင်းမှုတည်မြဲအောင်ထားရှိမှုနှင့် ပျက်သုဉ်းနိုင်၊ ဖျက်စီးနိုင်စွမ်းဟူရှိရာ၊ ယင်းစွမ်းဆောင်မှုမှုတည်၍ သူတို့တွင်ကြီးမားသော အထိန်းအကွပ်လူတန်းစားပေါ်ပေါက်လာခြင်းဖြစ်သည်။ဗြဟ္မာ၊ ဝိရှ္ဏုနှင့် ရှိဝ ဟူရှိရာ ယင်းတို့မှာ ဗြဟ္မာ၊ ဝိရှ္ဏုဖရရှ်သ်၊ ရှိဂုပရှ်သ်ဟူ၍ အထိန်းအကွပ်လူတန်းစား ၃ ရပ်ရှိခဲ့ရသည်။ ထိုမှတစ်ဖန် ယင်းလူစုကိုမူတည်၍ ကိုးကွယ်မှုပုံစံ ၃ ခုရှိလာခဲ့ပြန်သည်။ လင်ဂ်ကိုးကွယ်သူတို့ ့့သည် ဖန်ဆင်းမှုဂုဏ်တော်ကို ဦးထိပ်ထားသည့်အတွက် လူတို့၏လိင်တန်းစာကိုကိုယ်စားပြုကာ ယင်းပုံတော်ကိုထားရှိကာ ကိုးကွယ်ခဲ့ကြသည်။

အီဆာအီတို့သည် အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်သုံးရပ်ဖြစ်သည့် ထာဝရတည်ရှိမှု၊ ပညာအရာတွင်ပြည့်စုံမှုနှင့်စည်းစနစ်ဖယားကိုပုံဖော်မှုကို ဦးထပ်ထားသည့်အတွက် ယင်းမှာ ပုဂ္ဂိုလ်သုံးဦးသည် ရုပ်လုံးပေါ်လာ ခဲ့ရသည်။ ထာဝရအရှင်သည် ဖခမည်းတော်၊ ပညာသည်ဝိညာဉ်တော်၊ စည်းစနစ်ဖယားသည် သားတော်ဖြစ်သည်။ဤကဲ့သို့ပင် အတိတ်ကာလ ရောမ၊ ဂရိနှင့်အီဂျစ်ပြည်ဆိုင်ရာဒေသ ယုံကြည်မှုတွင်လည်း တွေ့ရမည်ဖြစ်သည်။

ဤအတိတ်ကာလများယွင်းသော ဂုဏ်တော်ဆိုင်ရာသုံးသပ်ချက်ကို ကျမ်း

တော်မြတ်ကုရ်အာန် က ပယ်ဖြစ်ပစ်လိုက်သည်။ ဤသို့ဂုဏ်တော်ကိုမူတည်၍ ရုပ်ဝတ္ထုသတ်မှတ်ခြင်းသည်အတိတ်ခေတ်ကာလ ဉာဏ်ပညာ ဆင်ခြင်းတုံတရားမဲ့သော အပြုအမူအဖြစ်ကြေညာခဲ့သည်။ကျမ်းတော်မြတ်ကုရ်အာန်က အလ္လာဟ် အရှင်မြတ်နှင့်စပ်လျဉ်း၍ဆိုသည်မှာ၊ –

"ချီးကျူးထောမနာမှုအလုံးစုံသည် လောကအလုံးစုံကို ဖန်ဆင်းပြုစုပျိုးထောင်ပေးသော အလ္လာဟ်အရှင်မြတ်အတွက်သာလျှင်ဖြစသည်" (၁း၂)

وله المثل الاعلى ="ကောင်းမြတ်သောဂုဏ်တော်အဝဝသည် အလ္လာဟ် အရှင်မြတ် အတွက်သာလျှင်ဖြစ်သည်။

الله نور السموٰت و الارض = 'အလ္လာဟ်အရှင်မြတ်သည်သာလျှင် သဘာဝလောကရှိအရာမှန်သမျှနှင့်ပထဝီမြေကြီး အတွက် နူရ် အလင်း ပေးဆောင်သောရောင်ခြည်ဖြစ်သည်"

အတိတ်ကာလ အာရဗ်လောကတွင် ယင်းအလ္လာဟ်အရှင်မြတ်၏ ရဟာမ် ကရူဏာတော်ကိုအကြောင်းပြု၍ အာရဗ်တို့မှတစ်ဆင့် အီဆာအီတို့က ရဟ်မာန်ဟူ၍လည်းကောင်း၊ မုရှ်ရိက်တုဖက်ယုံ ကြည်သောအာရဗ်တို့က အထွတ်အထိပ် အရှင်ကိုအလ္လာဟ်ဟု ခေါ်ခဲ့သည်။ ကျမ်းတော်မြတ်ကုရ်အာန်က ဤသို့ရှင်းလင်းပြသခဲ့သည်။

"ပြောပါလေ၊ အလ္လာဟ်အရှင်မြတ်ဟူ၍ တမ်တဖိတ်ခေါ်၍ရသည်။ အရ်ရဟ်မာန်ဟူ၍လည်း တမ်းတ၍ရသည်။ကောင်းမြတ်သောနာမတော်အပေါင်းနှင့်ဂုဏ်တော်အလုံးစုံတော်သည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်ပေသည်"(၁၇း၁၁၀)

'အလ္လာဟ်အရှင်မြတ်သည်သာလျှင် အပေါင်းအဖေါ်၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် လုပ်ဆောင်မှုအလုံးစုံကိုပြုသူအလ္လာဟ်အရှင်မြတ်သည်သာလျှင် သေနေသောအရာများကို ရှင်သန်အောင်ပြုနိုင်သောသူ၊ အလ္လာဟ်အရှင်မြတ်၏စနစ်ဖယားပုံဖေါ်မှု အလုံးစုံသည် အရာအားလုံးပေါ်တွင်ရှိနေသည်" (၄၂း၉)

"သတိပြုလော၊ ကေန်မုချအလ္လာဟ်အရှင်မြတ်သည်သာလျှင် ခွင့်လွှတ်သောအရှင်နှင့်ပေးကမ်းမှုပုံဖေါ်မှုအလုံးစုံကို ပြုနိုင်သောအရှင်ဖြစ်သည်"(၄၂း၅)

"အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကောင်းကင်အပြင်လောကအရာအားလုံး၏အရှင်သခင်၊အလ္လာဟ်အရှင်မြတ်သည်သာလျှင် ပထဝီမြေကြီး၏အရှင်၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရာအားလုံးကိုသိမြင်သောအရှင်၊ စွမ်းဆောင်မှု အလုံးစုံ၏ အရှင်ဖြစ်တော်မူ၏" (၄၃း၈၄)

"စင်စစ်ကေန်ထို အရှင်မြတ်သည်ပင်အရာရာကို ကြားသိသော အရှင်၊ အလွန်တရားသိတော်မူသောအရှင်၊ ဖြစ်တော်မူ၏။ မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏ အကြား၌ ရှိရှိသမျှတို့ကိုလည်း

ကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင်။ အကယ်၍ အသင်တို့သည် ယုံကြည်သောသူများဖြစ်ကြသော်ထိုအရှင်မြတ်မှတစ်ပါး ခယရိုကျိုးဆည်းကပ် ကိုးကွယ်ရာ အရှင်ဟူ၍အလျှင်းမရှိပြီ။ ထိုအရှင်မြတ်သည်ရှင်စေတော်မူ၏။ ထိုအရှင်မြတ် သည်ပင်သေဆုံးစေတော်မူ၏။ထိုအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်၊ရှေးသူဟောင်းများဖြစ်ကြသောအသင်တို့၏အဖ ဘိုး၊ ဘေးတို့အား လည်းဖန်ဆင်း မွေးမြူပျိုးထောင်သောမူသောအရှင်ပင် ဖြစ်တော်မူပေသတည်း'' (၄၄ း ၈)

သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်ဆိုဖသ်ကိုအကြောင်းပြု၍ အလ္လာဟ်အရှင်မြတ်၏ ကိုယ်ပွားဟုလက်ခံသူတို့ကို သိအပ်သည်အရာသည်ကား အလ္လာဟ်သည်သာလျှင်ခွဲခြားထားသောဗြဟ္မာ၊ဝိရှ်နု၊ ရှိဝါတို့၏အသီးသီး သော ဂုဏ်တော်နှင့် ပြည့်စုံသောတစ်ပါးတည်းသောစွမ်းအားတော်အရှင်ဖြစ်တော်မူ၏။ ဆိဖသ်အမျိုးမျိုးကြောင့် ကိုယ်ပွားအမျိုးမျိုးဖြစ်နေခြင်းမှာ အလ္လာဟ်အရှင်မြတ် သည် ကင်းလွတ်တော်မူသော အရှင်ဖြစ်၏။

''ကိုးကွယ်ထိုက်သောအရှင်သည် အကြင်အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါးခယရိုကျိုးဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ အရာရာတိုင်း အပေါ် စိုးမိုးအုပ်ချုပ်သော အချုပ်အခြာ အားဏာပိုင်ဆိုင်သောအရှင်၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူသောအရှင်၊ချွတ်ယွင်းချက်အပေါင်းတို့မှကင်းစင်သောအရှင်၊ ငြိမ်းချမ်း စွာရပ်ပေးစေသောအရှင်၊ ငြိမ်းချမ်းမှုပေးတော်မူသောအရှင်၊ ထိန်းသိမ်း စောင့်ရှောက် တော်မူသောအရှင်၊ ခန့်ညားတော်မူသောအရှင်၊အနန္တစွမ်းအားရှင်၊ ဩဇာအာဏာ လွှမ်းမိုး တော်မူသောအရှင်၊ ဂုဏ်သိက္ခာကြီးကဲမြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူ၏။

အလ္လာဟ်အရှင်မြတ်ကို မည်သည့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြမှု တို့မှပြုမရအောင် စင်ကြယ်သန့်ရှင်းတော်မူဘိ၏။ ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသောအကောင် အထည် ဖော်တော်မူသောအရှင် မရှိရာမှရှိအောင်ပြုလုပ်ဖန်ဆင်းတော်မူသော၊အရာရာကို ပုံသဏ္ဍာန်ပြုလုပ်ပေးသောအရှင်သည်အ့လ္လာဟ် အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၌ အတိုင်းထက်အလွန်ကောင်းမြတ်လှစွာသော နာမ်ဂုဏ်တော်များ ရှိကုန်၏။ မိုးကောင်းကင် များ၌ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိသမျှတို့သည် လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကိုမြွက်ဆိုလျှက်ရှိကြကုန်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ပင် လွန်စွာခန့်ညားတော်မူသောအရှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူ သောအရှင်၊ဖြစ်တော်မူပေသတည်း'' (၅၉း၂၃-၂၄)

ဤဂုဏ်တော်များဖြင့် ပြည့်စုံသောကိုးကွယ်ထိုက်သောအရှင်ကို တမန်တော်မြတ် မုဟမ္မဒ်ﷺက ယူဆောင်လာခဲ့သော ကျမ်းတော်မြတ်ကုရ်အာန် တွင်သာ ကြားနာနိုင်ပါသည်။ ယခင်ခေတ်ကာလကမူ ကိုးကွယ်သောအရှင်ထံမှ ဂုဏ်တော်များကို ခွဲခြားရယူပြီး အကွဲကွဲအပြားပြားသောပုံစံများကို သတ်မှတ် ယူခဲ့ကြသည်။အလ္လာဟ်အရှင်မြတ်သည်သာလျှင်ဖန်ဆင်းသောအရှင်၊ အရှင်သည်

သာလျှင်ပုံဖော်သောအရှင်၊ အရှင်သည်သာလျှင် လောကကြီး၏ပုံကားချပ်ကို ချယ်သသောအရှင်၊ အရှင်သည်သာလျှင် စိုးပိုင်သောအရှင်၊ အရှင်သည်သာလျှင် စွမ်းအားနှင့်ပြည့်စုံသောအရှင်၊ အရှင်သည်သာလျှင် စစ်မှန်သော အရှင်။ အဇိဇ်၊ ဂျဗ်ဗာရ်၊ ရဟ်မာန်၊ ရဟင်မ်၊ တည်းဟူသော ဂုဏ်တော်အလုံး စုံနှင့်ပြည့်စုံသောအရှင်သည် အလ္လာဟ်အရှင်သည်သာလျှင်ဖြစ်ကြောင်းကြေညာသည်။

(၃) ရှိရိက်၏ဖြစ်ထွန်းမှု၏ တတိယအကြီးမားဆုံးသော အယူအဆမှာ အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်မှုကို လွဲမှားစွာသုံးသပ်ခံယူမှုပင်ဖြစ်ပေသည်။ အတိတ်ခေတ်ကာလကလူတို့သည် အလ္လာဟ်အရှင်မြတ်၏လုပ်ဆောင်ပေးသော စနစ်ဖယားသည် အသီးသီးသော တန်ခိုးရှင်တို့ကသူတို့၏လုပ်ပိုင်ခွင့်နှင့်လုပ်နေသည်ဟုမြင်ခဲ့ကြသည်။ မီးလောင်စေသောသူကတစ်ဦး၊ သတ်ဖြတ်သူကတစ်ဦး၊ ပြန်လည်ပေါင်းစည်းပေးသောသူကတစ်ဦး၊ မေတ္တာရှင်ကတစ်ဦး၊ ရန်တိုက်ပေးသောသူက တစ်ဦး၊ ပဋိပက္ခကိုဖြစ်စေသူကတစ်ဦး၊ တစ်ဦးကပညာ၏အထွတ်၊ တစ်ဦးကဥစ္စာပစ္စည်း၏ပေးကမ်းသူ၊ ဤသို့အားဖြင့်ဆည်းကပ်သူ အမျိုးမျိုး အထွေထွေဖန်တီးယူခဲ့ရာမှာဘုရားပေါင်းများစွာ၊ အရှင်သခင်ရာပေါင်းများစွာသည် ပေါ်ထွန်းလာခဲ့ရသည်။

အစွလာမ်က ဤဖော်ပြသောလုပ်ဆောင်မှုအသီးသီးကို တာဝန်ထမ်းဆောင်သော မလာအေကဟ်တမန်တို့၏အရှင်သည် အလ္လာဟ်အရှင်မြတ်သည်သာလျှင်ဖြစ်၍ ဆည်းကပ်မှုအလုံးစုံသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ခံယူထိုက်သည်ဟုခံယူသည်။လုပ်ဆောင်မှုပြုမှုချက်ကိုခွဲ၍ လေ့လာလျှင်ယင်းသည်နှစ်မျိုးနှစ်စားရှိသည်ကို တွေ့ရသည်။တစ်ခုက ကောင်းမြတ် သော(ခိုင်ရ်)နှင့်တစ်ခုကဆိုးယုတ်သော(ရှရ်)ဟူ၍ဖြစ်သည်။ ကောင်းမြတ်သောပြုမှုချက်လုပ်ဆောင်မှုနှင့်ဆိုးယုတ်သောပြုမှုချက်လုပ်ဆောင်မှုကို တစ်ဦးတည်းသော တန်ခိုးရှင်က မပြုနိုင်ဟု ရှေးအခါကလူပုဂ္ဂိုလ်တို့က စဉ်းစားခဲ့ကြသည်။

အတိတ်က ဘာသာတရားဖြစ်သော ဇူရိုစတာတို့က ကောင်းမြတ်သောလုပ်ငန်းဆောင်တာကို လုပ်ဆောင်ပြုမှုသော ခုဒါနှင့်ဆိုးယုတ်သော လုပ်ငန်းဆောင်တာကို လုပ်ဆောင်ပြုမှုသော ခုဒါဟူ၍ ဘုရားသခင်ကို နှစ်ခုသတ်မှတ်ခဲ့ကြသည်။ ပထမဘုရားကို ယဇ်ဒါန်ဟုခေါ်ပြီး၊ ဒုတိယဆိုးယုတ်မှုကိုဖြစ်စေသောဘုရားကို အဟရ်မန်ဟူ၍ သတ်မှတ် ယုံကြည်ခဲ့ကြသည်။ ဤကမ္ဘာလောကကြီးကို ယင်းဘုရားနှစ်ဆူ၏အားပြိုင်ရာနေရာဟူ၍ လက်ခံကြသည်။ ဤသို့လွဲမှားသော ယုံကြည်ချက်ကို လက်ခံရခြင်းမှာသူတို့သည် ကောင်းမြတ်သောလုပ်ဆောင်ချက်နှင့်ဆိုးယုတ်သော ပြုမှုချက်ကို သဘောပေါက်နားလည်နိုင်ခြင်း

မရှိ၍ဖြစ်သည်။

ဤကောင်းမြတ်မှုနှင့်ဆိုးယုတ်မှုသည် မူလကတည်းရှိနေပြီး သောအရာများ မဟုတ်ပါ။ ဤသည် လူတို့၏လုပ်ဆောင်မှုပေါ်မှာ မူတည်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။လူသည် မီးကိုအသုံးပြု၍ ထမင်းဟင်းချက်၍ လည်းရသည်။ရေနွေးငွေ့ဖြင့် မောင်းသော ယဉ်ရထားများကိုလည်း မောင်းနှင်၍ရသည်။ ချမ်းအေးချိန်တွင် မီးကိုခိုလှုံ၍ လည်းရသည်။ အကယ်၍ ဤမီးကိုအသုံးပြု၍ အိမ်များကိုမီးရှို့လျှင် လူများအိမ်ယာမဲ့ဒုက္ခရောက်သွားမည်။

ပထမဖေါ်ပြချက်သည် ကောင်းမြတ် သောအပြုအမူ လုပ်ဆောင်ချက်ဖြစ်ပြီး အိမ်မီးရှို့ဖျက်ဆီးခြင်းဥပမာသည် ဆိုးယုတ်သောအပြုအမူ လုပ်ဆောင်ချက် ဖြစ်ပေသည်။သို့ဖြစ်၍ မီးဟူသည်သူ၏မူလအနေအထားအရ အကောင်းလည်း မဟုတ်၊ ဆိုးယုတ်ခြင်း လည်းမရှိပေ။ယင်းမီးကို အသုံးပြုသူသာလျှင် ယင်းမီးကို ကောင်းမြတ်ခြင်းနှင့်ဆိုးယုတ်မှုကို ဖြစ်စေပါသည်။ဤကဲ့သို့ပင် ဓါးကိုလည်း ဥပမာပေးနိုင်ပါသည်။ဓါးကိုအသုံးပြု၍ အကြမ်းဖက်လျှင်ဆိုးယုတ်ခြင်း၊ ယင်းကို လုပ်ငန်းဆောင်တာတွင် အသုံးချအသုံးပြုလျှင် ကောင်းမြတ်ခြင်းကို ဖြစ်စေပါသည်။ သို့ဖြစ်၍ အရာမှန်သမျှသည် အသုံးချအသုံးပြုသူအပေါ်တွင် မူတည်၍ ဆိုးယုတ်ခြင်းနှင့်ကောင်းမြတ်ခြင်းကို ဖြစ်စေသည်ကိုသတိပြုရ၏။

အလ္လာဟ်အရှင်မြတ်သည်ဤလောကကြီးကို ဖန်ဆင်းခဲ့သည်။ ကောင်းကင် အမြင့်လောကကြီးကိုဖန်ဆင်းခဲ့သည်။ ဤပထဝီမြေကြီးကိုလည်း ဖန်ဆင်းခဲ့သည်။ သက်ရှိသက်မဲ့အရာမှန်သမျှကိုလည်း သူတို့၏အရည်အချင်းအလိုက် ဖန်ဆင်း အသုံးပြုနိုင်စွမ်းကိုပေးထားသည်။ယင်းတို့တွင် အသီးသီးသော အစွမ်းထက်မှု ဂုဏ်သတ္တိများကိုလည်း ပေးထားလိုက်သည်။

ဤလုပ်ဆောင်မှု ဖန်ဆင်းမှုနောက် လူသားကိုဖန်ဆင်းပြုစုပျိုးထောင်ပေး ခဲ့သည်။လူသားတွင် ဆင်ခြင်တုံတရားအသိဉာဏ်နှင့်နှလုံးသား၊ ဉာဏ်ပညာနှင့် အတူ ပုံဖေါ်ပေးနိုင်သော ဟိက်မသ်ကိုလည်း ပေးထားထည့်သွင်း ပေးခဲ့သည်။ လူသားတစ်ဦးသည်ဤသဘာဝလောကကြီး၏ပုံဖေါ်တည်ဆောက်မှုကို မည်သို့ အံ့သြသင့်ကာ အံ့ဖွယ်ရာအတူတူကြာ မှ အရှင်သခင်ကိုတမ်းတ အောင်းမေ့ကြပုံကို ကျမ်းတော်မြတ် ကုရ်အာန်က အိဗ်ရာဟင်မ်နဗီ၏ ဥပမာဖြင့် အောက်ပါအတိုင်း ဖေါ်ထားသည်ကိုတွေ့ ရသည်။

"သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ဗရကာသ်ကောင်းချီးမင်္ဂလာအဖြာဖြာ နှင့်ပြည့်စုံတော်မူ၍အလှပဆုံးသောပုံဖေါ်မှုဖြင့်ဖန်ဆင်းသောအရှင်ဖြစ်၏" (၂၃း၁၄)

"ကေန်အမှန်ကျွန်ုပ်သည် မိမိ၏ဦးတည်ချက်မျက်နှာကို မိုးကောင်းကင်များ

နှင့်ကမ္ဘာမြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်မြတ်ဖက်သို့သာလျှင် အာရုံရှုစိုက်လျက် လှည့်ခဲ့လေပြီ။စင်စစ်သော်ကား ကျွန်ုပ်သည်တစ်စုံတစ်ရာကို'အလ္လာဟ်'အရှင်မြတ်နှင့် တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်သော သူတို့အနက်မှမဟုတ်ပြီ'' (၆း၇၉)

တစ်ဖက်တွင်လည်း ရုပ်လောက၏ဖိမ်ယစ်မှုအပေါင်း၊ ရှုမြင်ရသောအထူးထူး သောအရာများတွင်နစ်မွန်းစေသည်။လူသားတို့၏အသိ၊ လူသားတို့၏ ဆင်ခြင် တတ်မှု၊ လူသားတို့၏ရှုမြင်ရချက်သည် အလ္လာဟ်အရှင်မြတ်ကို ဥပေက္ခာပြုခြင်း ဆိုပစ်ပယ်ခြင်းကိုပြုသည်လည်းရှိသည်။သူတို့သည် ရုပ်လောက ၏ရှုမြင်ခံစား ရချက်သည် အစဉ်ထာဝရတည်ရှိမည်အရာဟု မှတ်ထင်နေကြသည်။သို့ဖြစ်၍လည်း ကျမ်းမြတ်ကုရ်အာန် က ယင်းသူတို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထား သည်။

''အသက်ရှင်ရပ်တည်ခြင်းဟူသည် ဤလောကီဘဝ၌ ကျွန်ုပ်တို့၏အသက်ရှင်ခြင်း မှတစ်ပါးအခြားမရှိပြီ။ကျွန်ုပ်တို့သည်တစ်ကြိမ်တစ်ခါသာလျှင်အသက်သေဆုံးကြ၍ တစ်ကြိမ်တစ်ခါသာလျှင်အသက်ရှင်ကြရသည်။ စင်စစ် ကျွန်ုပ်တို့အား ခေတ်ကာလသည် သာလျှင် ပျက်စီးစေခြင်းဖြစ်သည်။'' (၄၅း၂၄)

သဘာဝလောကကြီး၏မြင်ကွင်း၊ သဘာဝလောကကြီး၏အံ့ဖွယ်ရာနှင့် လူတို့၏အသိသည် လူတိုင်းအတွက်ညီမျှသောအသွင်ရှိသော်လည်း လူတို့၏ စဉ်းစားပုံစဉ်းစားနည်း ဆင်ခြင်တတ်မှုသည် ကွဲလွဲနေသည်။သို့ဖြစ်၍ သဘာဝ လောကကြီး၏အံ့ဖွယ်ရာရှုမြင်ရချက်ကို ကြည့်ရှုလေ့လာသုံးသပ်ရာမှ လူအချို့သည် အလ္လာဟ်အရှင်မြတ်၏နာခံသူ၊အလ္လာဟ်အရှင်မြတ်ကို ချစ်မြတ်နိုးသူ၊ အလ္လာဟ် ဘက်တော်သားဖြစ်လာသကဲ့သို့ လူအချို့သည်ဘုရားမဲ့ဝါဒီ၊လောကကြီး ၏ကျေး ကျွန်ဘဝသို့ ရောက်ရှိသွားရ တော့သည်။

ဤဖော်ပြပါအချက်အလက်များကိုမှတည်၍ ဆန်းစစ်ဆင်ခြင်ကြည့်သော အခါ အကောင်းနှင့်အဆိုးကိုဝေဖန်ခံယူနိုင်ခွင့်သည် လူတိုင်းတွင်ရှိနေ သည်ဟူသောအချက်ကို တွေ့မြင်ရမည်ဖြစ်သည်။ သဘာဝအားဖြင့် ဟူ၍ဆိုဆို၊ အလ္လာဟ်အရှင်မြတ်၏စေခိုင်းမှုကြောင့် ဖြစ်ပေါ်လာသည်ဟူသောအချက်ဟူ၍ဆိုဆို မည်သည့်နေရာ မည်သည့်ဆောင်ရွက်ပေးမှုတွင်မှ အတင်းအဓမ္မနည်းအားဖြင့် လူတို့သည် အကောင်းနှင့်အဆိုးကို ခံယူရယူသည်ဟူ၍မရှိပါ။

အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းထားသောအရာမှန်သမျှတွင် ယင်း အကောင်းနှင့်အဆိုးကိုဖြစ်ပေါ်မှုသည် ဒွန်တွဲပါရှိနေသည်။ အလ္လာဟ် အရှင်မြတ်၏လမ်းညွှန်မှုများကို လေ့လာမှတ်သားမှုပြု၍ လူသည်အလ္လာဟ် အရှင်မြတ်၏ပန်းတိုင်သတ်မှတ်ချက်ကို တက်လှမ်းနိုင်ဘိသကဲ့သို့ အလ္လာဟ် အရှင်မြတ် ၏လမ်းညွှန်ချက်ကို ပစ်ပယ်ခြင်းကိုဖြစ်သော သံသယစိတ် လွဲမှားသော

သုံးသပ်မှုကြောင့်လမ်းများကိုရောက်ရှိရသည့်လည်းရှိနေသည်။သို့ဖြစ်၍ လမ်းညွှန် ချက်ဝဟီတွင်လည်းလမ်းကြောင်းနှစ်ခုရှိနေသည်ကို ဆန်းစစ်တွေ့မြင်ရမည်ဖြစ် သည်။

လမ်းညွှန်ချက်သည် တစ်ခုတည်းဖြစ်သော်လည်း ဆင်ခြင်တတ်သော နှလုံးသားက နှစ်မျိုး၊ နှလုံးသားနှင့် လူ၏ဆင်ခြင်တတ်သောအသိဉာဏ်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများပင်ဖြစ်ကြသည်။ သို့ဖြစ်၍လည်း အကောင်း နှင့်အဆိုးဟူသည် အလ္လာဟ်အရှင်မြတ်၏ ပေးကမ်းမှုဟူ၍ သတ်မှတ်ခြင်းဖြစ်သည်။ ဤအချက်ကို ကျမ်းတော်မြတ်ကုရ်အာန်က အောက်ပါအတိုင်း လမ်းညွှန် ချက်အားဖြင့်ရှင်းလင်းဖော်ပြထားရာ သေချာစွာလေ့လာထိုက်ပေသည်။

''အလ္လာဟ်အမိန့်တော်ကိုမနာခံသော မသူတော်များမှအပ အခြား မည်သူ ကမျှ လမ်းများသို့ ရောက်ရှိပို့ဆောင်ခံရမည်မဟုတ်ချေ။ထိုသူယုတ်မာတို့သည် အလ္လာဟ် အရှင်မြတ်နှင့် ခိုင်မာစွာပဋိညာဉ် သစ္စာပြုကြပြီးသည့်နောက် ထိုပဋိညာဉ်ကို ဖျက်ကြ၏။ အချင်းချင်းရင်းနှီးစွာပေါင်းသင်းဆက်ဆံရန် အမိန့်တော်ချမှတ်ထားသည်ကိုလည်း လိုက်နာကြသည်မရှိ။အဆက်ဖြတ်ကြ၏။ထို့ပြင်ယင်းသူတို့သည် ကမ္ဘာမြေပြင် ပေါ်၌လည်း ကမ္ဘာသူကမ္ဘာသားတို့၏ပျက်စီးရာပျက်စီးကြောင်းကိုပြုလုပ်ကြ၏။ယင်းသူများ ဘသည်သာ လျှင် ဆုံးရှုံးပျက်စီးသူများဖြစ်ကြပေသည်'' (၂း၂၆–၂၇)

''အလ္လာဟ်အရှင်မြတ်သည် ယင်းကဲ့သို့သော လမ်းညွှန်ချက်ငြင်းပယ်သူကာဖိရ် တို့အားဖြောင့်မတ်သောတရားဓမ္မညွှန်ပြတော်မူမည် မဟုတ်ချေ'' (၂း၂၆၄)

အထက်ပါကျမ်းတော်မြတ်ကုရ်အာန်၏ရှင်းလင်းချက် လမ်းညွှန်ချက်များအရ သိရှိရသည်မှာ ဟိဒါယသ်လမ်းမှန်ရောက်မှုနှင့်ဒွလာလသ်လမ်းလွဲမှုတို့၏ တစ်နေရာ တည်းမှာ ဖြစ်ပေါ်ထွန်းလာသည်မှန်သော်လည်း ယင်းအရာကိုဖြစ်ထွန်းအောင် ပြုသောသူကား လုပ်ဆောင်သောလက်တွေ့ကျင့်ကြံမှုပင်ဖြစ်ရသည်။အသင်သည် သနားကြင်နာမှုကိုစွန့်ခဲ့သော်၊ယုတ်ညံ့သောအပြုအမူကိုပြုခဲ့သော် ကုဖရ်ကို ဆက်နွယ်သောလုပ်ရပ်ကို လုပ်ဆောင်ခဲ့သော ယင်းသည် ဒွလာလသ်လမ်းလွဲမှုကို ဖြစ်ပေါ်လာစေတော့သည်။

လမ်းလွဲမှုသည်ပထမ၊လုပ်ဆောင်မှုသည်ဒုတိယဟူ၍မရှိပါ။ အလ္လာဟ် အရှင်မြတ်သည်လူသားကိုဖန်ဆင်းပြီးနောက်ယင်း လမ်းနှစ်သွယ်ကို လူသား ကိုပြသရှင်းလင်းခဲ့သည်။ ဤလမ်းကြောင်းသည် အထွတ်အထိပ် ပန်းတိုင်သို့သွား ရာလမ်း၊ဤလမ်းသည်ချောက်ကမ်းပါးသို့ကျဆင်းမည့်လမ်းကြောင်းဟူ၍ ထင်ရှား စွာပြ ပသခဲ့ပြီးဖြစ်သည်။

''ကေန်အမှန် ငါအရှင်မြတ်သည် လူတို့အားတရားလမ်းမှန်ကို ပြသတော်မူ လိုက်သည်၊ ထို့နောက် ကျေးဇူးသိ တတ်သောသူသော်လည်းကောင်း၊ လွန်စွာကျေးဇူးကန်းသူ

သော်လည်းကောင်း၊ လူတို့ဖန်တီးယူခဲ့ကြသည်'' (ဂ၆း၃)

သို့ဖြစ်၍လည်း ကောင်းခြင်း မကောင်းခြင်းကို ဖြစ်စေသောအရာများကို ဖန်ဆင်းသော အရှင်သည် အလ္လာဟ်တစ်ပါးတည်းသာဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း လူသည်သာလျှင် အလ္လာဟ်အရှင်မြတ်က ပေးထားသော အရာများကိုအသုံးပြု၍အကောင်းနှင့်အဆိုးကိုဖန်တီးယူခြင်းဖြစ်သည်။ ကောင်းမြတ်သောလမ်းကြောင်းကိုရွေးချယ်အသုံးချခဲ့လျှင် ကောင်းမြတ်သော အကျိုးဖြစ်ထွန်းမှုကို ဖြစ်ပေါ်လာစေသကဲ့သို့ မကောင်းသောလမ်းကြောင်းကို အသုံးချမှုကြောင့် ဆိုးကျိုးကိုဖြစ်ပေါ်လာ စေခြင်းဖြစ်သည်။ သို့ဖြစ်၍ မကောင်းမှုကို ဖြစ်စေသော အရှင်ကတစ်ပါး၊ ကောင်းမှုကိုဖြစ်စေသောအရှင်ကတစ်ပါး၊ ဟူ၍ သတ်မှတ်၍မရပါ။အားလုံးသောအရာများကို တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ် က ဖန်ဆင်းခြင်းဖြစ်သည်။အလ္လာဟ် အရှင်မြတ်သည် လူသားတို့ကို အရှင်၏လမ်းညွှန်ချက်တရားဝဟီကိုချပေးလိုက်သည်။ ယင်းဝဟီလမ်းညွှန်ချက်တရားကိုလက်ခံခြင်းပြု၍ဘဝတညီဆောက်ခြင်းနှင့်ယင်းကိုပယ်ချခြင်းပြုရေး ဟူသောအခွင့်အရေးသည် လူသားတို့ကိုအလ္လာဟ်အရှင်မြတ်က လွတ်လပ်စွာ ခွင့်ပြုထား သည်ဖြစ်ကြောင်း ကျမ်းတော်မြတ်ကုရ်အာန်က အောက်ပါအတိုင်း ဖော်ပြထားသည်။

''ထို့နောက် ငါအရှင်မြတ်သည် မိမိနားခံတော်များအနက်မှ ငါအရှင်မြတ် ရွေးချယ်တော်မူသော သူတို့အား ဤကျမ်းဂန်ကို အမွေအဖြစ် ချီးမြှင့်ပေးသနားတော်မူ၏။ သို့ရာတွင်ယင်းတို့အနက်အချို့မှာမိမိ၏နဖ်စ်ကိုမိမိရက်စက်သောသူရှိ၏အချို့မှာမဇ္ဈိမ။ ပဋိပဒါစနစ်ကိုလိုက်နာသူရှိ၏။အချို့မှာကားအလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့်ကောင်းမြတ်သောလုပ်ငန်းများနှင့်တကွရှေ့မှာသွားသောသူရှိ၏'' (၃၅း၃၂)

'စင်စစ်သော်ကား အသင်တို့ပေါ်၌သက်ရောက်လေ့ရှိသောဘေးဒုက္ခဟူသရွေ့သည် အသင်တို့ ကိုယ်တိုင် လုပ်ဆောင်ခဲ့ကြသောအပြုအမူရလာဒ်ကြောင့် သက်ရောက်ခဲ့သည်သာဖြစ်သည်။ ထိုမှတစ်ပါး အလ္လာဟ်အရှင် မြတ်သည် များစွာသောပြစ်မှုများကိုမူကား ခွင့်လွှတ်တော်မူ၏'' (၄၂း၃၀)

''အလ္လာဟ်အရှင်မြတ်သည် လူတို့၏နဖ်စ်အတွင်းဝယ်ပြစ်မှု ဒုစရိုက်မှုနှင့် ကောင်းမှုသုစရိုက်ဆိုင်ရာအသိ ကိုထည့်သွင်းပေးခဲ့ဖြစ်၏။စင်စစ်ကေန်ထိုနဖ်စ်ကိုသဟ္ဟယ်ဖြစ် အောင်စင်ကြယ်သန့်ရှင်းစေခဲ့သောသူသည်အောင်မြင်ခဲ့လေပြီ။ထိုအတူပင် ထိုနဖ်စ်ကိုဒုစရိုက်မှုများ တွင်နစ်မြုပ်စေခဲ့သောသူသည် ပျက်စီးဆုံးရှုံးခဲ့ချေပြီတကား'' (၉၁း၈–၁၀)

အီဘာဒသ် ခဝပ်ကိုးကွယ်မှုသည် ဘာသာတရားတိုင်းတွင်ရှိကြသည်။ သို့ရာတွင်အတိတ်ဘာသာတရားတို့၏များယွင်းသောယူဆချက်တစ်ခုမှာ အီဘာဒသ် ဟူသည် မိမိကိုယ်ကိုညှင်းပမ်း နှိပ်စက်ခြင်းဖြင့်သာ ကိုးကွယ်မှု၏အနှစ်သာရရှိသည်

ဟူသောအချက်ပင်ဖြစ်သည်။ရုပ်အားဖြင့် ပေါ်လွင်ထင်ရှားလှသော ရုပ်ပိုင်းဆိုင်ရာ အင်္ဂါရပ်များကို ညှင်းပမ်းနှိပ်စက်ခြင်းသည် အတွင်း၌မမြင်မတွေ့ရ သောစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေသည်။ ဤသို့အားဖြင့် လူတို့၏မတွေ့ မမြင်နိုင်သောဝိညာဉ်ပိုင်းဆိုင်ရာသည် သန့်ရှင်းစင်ကြယ်ဖွံ့ဖြိုးတိုးတက်လာ ရသည်ဟူသော အသိတရားကို စွဲကိုင်ထား ခြင်းကြောင့် ဟိန္ဒူဘာသာဝင်တို့သည် ယိုဂါကျင့်စဉ် ၊အီဆာအီတို့တွင် တစ်ကိုယ်တည်းနေ အိမ်ထောင်မပြုခြင်းဖြင့် ဘဝတည်ဆောက်ခြင်းကဲ့သို့ ကျင့်စဉ်များပေါ်ထွန်းလာခဲ့ရသည်။ ကြီးမားခက်ခဲလှ သော ကျင့်စဉ်ရပ်များဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို ရှာကြံခဲ့ကြသည်။

အချို့ဆိုလျှင် ဘဝတစ်သက်ရေချိုးခြင်းကိုမပြုပဲနေသကဲ့သို့ အချို့ လည်းစောင်တည်တစ်ခုဖြင့် ဘဝတစ်သက်ခြုံ၍နေသကဲ့သို့ ၊အချို့လည်း ရာသီဥတုဒဏ်ကို ဥပေက္ခာပြုကာ ကိုယ်ခန္ဓာကိုယ်ကိုမည်သည့်အရာနှင့်မျှ ခြုံခြင်း မရှိဘဲ၊ဝတ်လစ်စလစ် နေထိုင်ကျင့်ကြံခဲ့ကြသည်။ အချို့လည်း ဘဝတစ်သက် ပတ်လုံး မတ်တတ်ရပ်နေသကဲ့သို့၊ တစ်ချို့လည်း ဘဝတစ်သက် ဂူအောင်းနေ ထိုင်ခဲ့ကြသည်။

စင်စစ်သော်ကား အသင်တို့ပေါ်၌သက်ရောက်လေ့ရှိသောဘေးဒုက္ခဟူသမျှသည် အသင်တို့ ကိုယ်တိုင်လုပ် ဆောင်ခဲ့ကြသောအပြုအမူရလာဒ်ကြောင့် သက်ရောက်ခဲ့ သည်သာဖြစ်သည်။ ထို့မှတစ်ပါး အလ္လာဟ်အရှင် မြတ်သည် များစွာသောပြစ်မှုများကိုမူကား ခွင့်လွှတ်တော်မူ၏'' (၄၂း၃၀)

တမန်တော်မြတ် မုဟမ္မဒ်သခင် ကမ္ဘာ့လူသားတို့ကို ပထမဦးဆုံးအကြိမ် အီဘာဒသ်၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်ကိုကြေညာခဲ့သည်။အီဘာဒသ် ဟူသည် နာခံတော်တစ်ဦးသည် သူ၏အရှင်၏နည်းပေးလမ်းညွှန်ချက်အတိုင်းဘဝတည် ဆောက်နေထိုင်ခြင်းပင်ဖြစ်သည်။

''ကေန်စင်စစ်ငါအရှင်မြတ်အားနာခံခြင်းတည်းဟူသောအီဘာဒသ်မှ မောက်မားကြ ကုန် သော သူတို့မှာကား မကြာမြင့်မီယုတ်ညံ့စွာဖြင့် ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်ကြ စေမည်ဖြစ် သည်'' (၄၀း၆၀)

အထက်ပါ ကျမ်းတော်မြတ်ကုရ်အာန်၏လမ်းညွှန်ချက်ကား အီဘာဒသ်ဟူ သည် နာခံတော်တစ်ဦးတွင်ဖေါက်လွှဲဖေါက်ပြန်ပုန်ကန်ခြင်းစိတ်မရှိဘဲ၊ အလ္လာဟ်၏ ပေးထားသောနည်းလမ်းအတိုင်း ဘဝတည် ဆောက်ခြင်းပင်ဖြစ်သည်။ အစွလာမ့် ကျင့်စဉ် အီဘာဒသ်၏ရည်ရွယ်ချက်ကား သက္ကဝါဟ်တည်းဟူသော အလ္လာဟ် ကိုသိမြင်စိတ်ထားပြီး ဘဝတည်ဆောက်ခြင်းပင်ဖြစ်သည်။လူတို့ လုပ်ရပ်တိုင်းကို အလ္လာဟ်အရှင်မြတ် ကစောင့်ကြည့်နေသည်ဟု သက္ကဝါဟ် အသိစိတ်ဓါတ်သည်

လူတို့ကိုမည်သည့်အခါမျှ လမ်းလွဲလမ်းများကို ရောက်ရှိစေ မည်မဟုတ်ပါ။ ဤသည်ပင်လျှင်သက္ကဝါဟ်ဖြစ်ပေသည်။

"အို–လူသားအပေါင်းတို့၊အသင်တို့သည်မိမိတို့အားမွေးမြူ ဖန်ဆင်းပြုစုတော်မူသော အရှင်အားခဝပ်ကိုးကွယ်ကြကုန်။ ထိုအရှင်သည် အသင်တို့နှင့် အသင်တို့အလျင် အထက်က သူတို့ကိုသက္ကဝါဟ် အသိစိတ်ရှိသူ မွတ်သကီန်များဖြစ်ရန်အလို့ငှာ ဖန်ဆင်းတော်မူခဲ့သည်" (၂း၂၁) အလ္လာဟ်အရှင်မြတ်က လူသားတို့ အသုံးအဆောင်အတွက် ဖန်ဆင်းထား သော အရာများ ကိုကိုယ့်သဘောဖြင့် စွန့်လွှတ်ခြင်းပြုသော သူတို့ကိုလည်းမိမိ၏ သဘောဆန္ဒအားဖြင့်သာထွင်လုံး မပြုလုပ်ကြရန် တင်ကြပ်စွာတားမြစ် ထားသည်ကိုတွေ့ရသည်။ထိုမှာတစ်ပါးအစွလာမ်ကို ပုံပျက်ပန်ပျက်လုပ် ဆောင်သောသူတို့အားလည်း ကျမ်းတော်မြတ်ကုရ်အာန် ကပိတ်ပင်တားမြစ်သည်။ အတိတ်ကာလအစ္စလာမ်မတိုင်ခင်က လူတို့သည် သူတို့ ၏အသက်ကို သူတို့သည် သာပိုင်ဆိုင်သည်ဟု ထင်မှတ်ခဲ့ကြသည်။ သူတို့၏သားသမီးများ၏ အသက်သည်လည်းကောင်း၊ ဇနီးမယားတို့၏ အသက် သည် လည်းကောင်း၊ အိမ်ထောင် ကိုဦးစီးသည့် ယောကျ်ားက ပိုင်ဆိုင်သည်ဟု မှတ်ယူခဲ့ကြသည်။

ဤမှားယွင်းသော ယူဆသတ်မှတ်ချက်ကြောင့် သေကြောင်းကြံမှု၊ သားသမီး အထူးသဖြင့် သမီးများကိုသတ်ဖြတ်မှု၊အရှင်လတ်လတ်မြှုပ်နှံမှု၊သားသမီးကို ဗလီနတ်တင် ကျွေးမှု၊လင်ကွယ်လွန်သောအခါ ဇနီးမယားကလည်း လင်နှင့်အတူ မီးရှို့သတ်မှု ကဲ့သို့သော လူမဆန်သော ဓလေ့ထုံးစံများရှိခဲ့ကြသည်။

ကျမ်းတော်မြတ်ကုရ်အာန်ကဤဖော်ပြဓလေ့များကိုဓလေ့ဆိုးများ၊ ရိုင်းစိုင်း သောအပြုအမူများ အဖြစ်သတ်မှတ်ကာ လူသားလောကတွင် ဆက်လက် ၍မကျင့်သုံးနိုင်ရန်ဖျက်သိမ်းပစ်ခဲ့သည်။လောကတွင် ရှိရှိသမျှသော "သက်ရှိ" အပေါင်းသည် အလ္လာဟ်အရှင်မြတ်က ပိုင်ဆိုင်သောအရာများဖြစ်သည်။သို့ဖြစ်၍ ယင်းတို့၏ရှိမှု၊မရှိမှု၊သေမှု၊ ရှင်မှုအဝဝသည် အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ထား သော စည်းစနစ်ဖယား အတိုင်းဖြစ်ရသည်။ သို့ဖြစ်၍လူ၏ အသက်စတေး ခံမှုသည် အလ္လာဟ်၏သတ်မှတ်သော လမ်းညွှန်ချက်နှင့်အညီဖြစ်ရမည်။ တိရစ္ဆာန်ကိုပင်လျှင်အလ္လာဟ်အရှင်မြတ်၏နာမတော်ကိုတ၍ ဇဘာလိုးဖြတ်ခြင်းမပြု လျှင် ဟာရာမ်ဖြစ်သည်။သဘောက အလ္လာဟ်အရှင်မြတ်၏ သဘောတူညီမှုသည် အဓိကဖြစ်ကြောင်းပြဆိုခြင်းဖြစ်သည်။မိမိကိုယ် ကိုသတ်သေသော သေကြောင်း ကြံမှုသည်ဟာရာမ်ဖြစ်ပြီး၊ ဂျန္နသ်သုခဘုံကိုစံမြန်းခွင့်ရမည်မဟုတ်ပေ။

ယနေ့တိုးတက်သောခေတ်ကြီးဟု ဆိုရသောအချိန်အခါတွင်ပင်လျှင်

အတိုးတက်ဆုံးဟုဆိုသောအနောက်တိုင်းနှင့်အမေရိကန်ပြည်ထောင်စု လူ့အဖွဲ့ အစည်းတွင် သေကြောင်းကြံမှု၊ ကိုယ်ကိုယ်ကို သတ်သေမှုသည် ကြီးမားသော အတိုင်းအတာစံနှုန်းဖြင့်ရှိနေဆဲဖြစ်သည်။ ဥပဒေက ယင်းအပြုအမူကို ပြစ်မှုအဖြစ် သတ်မှတ်လိုသော်လည်း သတ်မှတ်ရန်မဖြစ်၊အကြပ်တွေ့နေရသည်။ အကြောင်းမှုလူတိုင်းသည် သူတို့၏အသက်ကသူတို့စိုးပိုင်သည်ဟူသော အယူအဆကိုလက်ခံထား၍ဖြစ်သည်။

သူတို့သည်ဤလောကကြီးမှ ကြုံတွေ့နေသောဒုက္ခမှ ကင်းလွတ်စေသောနည်းလမ်းသည် ကိုယ်ကိုယ်ကိုသတ်သေခြင်းသည်ဟူသော ထွက်ပေါက်နည်းလမ်းဖြစ်သည်ဟုလက်ခံ၍ဖြစ်သည်။သူတို့တွင် ဤသေလွန်ပြီးနောက်ကြုံတွေ့ရမည့်အာခေရယ်ခရီးစဉ်နှင့်ပတ်သက်၍လည်း ပြီပြင်သော သတ်မှတ် ချက်လည်း မရှိပေ။သေလွန်ပြီးနောက် အလ္လာဟ်အရှင်မြတ်နှင့် သက်ရှိထင်ရှားစဉ်ကာလမှစ၍ သေလွန်သည်အချိန်အထိကို စစ်ကြော မေးမြန်းခံရမည်ကိုလည်း နားမလည်ကြပေ။

ဤဖော်ပြပါ ဘုရားသခင်ဆည်းကပ်မှုကို အသွင်အမျိုးမျိုးဖြင့် ပြုလုပ်နေချိန်တွင် အေဒီ၆ရာစုနှစ်တွင် အစ္စလာမ်သည်ကျမ်းမြတ်ကုရ်အာန်နှင့်အတူ ပေါ်ထွန်းလာခဲ့သည်။ယခုကျမ်းမြတ်ကုရ်အာန်က ဖော်ပြသောအလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သောတင်ပြချက်ကို လေ့လာပါမည်။ ကျမ်းမြတ်ကုရ်အာန်ကဖော်ပြသော ထာဝရအရှင်သခင်ဆိုင်ရာဖော်ပြချက်များမှာ အမြင့်မြတ်ဆုံးနှင့် အဆင့်မြင့်ဆုံးသော တင်ပြချက်များဖြစ်ကြောင်းတွေ့ရသည်။

(က) ဤကမ္ဘာပေါ်တွင် ကိုးကွယ်မှုအယူဝါဒတို့တွင်ရုပ်ဝတ္ထုကို ကိုးကွယ်မှုနှင့် စဉ်းစားတွေးခေါ်ကိုးကွယ်မှုဟူ၍ နှစ်မျိုးရှိရာ ကျမ်းမြတ်ကုရ်အာန်က ဖော်ညွှန်းလမ်းပြသော ကိုးကွယ်မှုသည် စဉ်းစားတွေးခေါ်မှုကို အမြင့်ဆုံးအဆင့်အားဖြင့် ဖန်ဆင်းရှင်ကို ရှာဖွေခြင်းပုံဖြစ်သည်။ ယင်းတင်ပြမှုသည် ကုရ်အာန်အလျင်ကမရှိခဲ့ချေ။ ကုရ်အာန်အလျင်က ကိုးကွယ်မှုပြုရာတွင် ယင်းအယူအဆကိုပြန့်ပွားစေဖို့ ကြိုးစားခဲ့သော်လည်း လူတို့သည် အလ္လာဟ်အရှင်မြတ်၏ ဆွဲဖသ်တော်ကိုဖော်ညွှန်းကြရာတွင် အများအားဖြင့် မိမိတို့၏ဝန်းကျင်ရှိ အရာများကို ကိုယ်စားပြု နှိုင်းယှဉ်ကြသည်ဖြစ်၍ ရုပ်ကိုးကွယ်မှုနှင့် ကင်းလွတ်နိုင်ခြင်းမရှိခဲ့ကြ။အိန္ဒိယ၊ဂရိတို့၏ဘာသာကိုးကွယ်မှုသမိုင်းကိုကြည့်လျှင် ယင်းအချက်သည် ပေါ်လွင်ထင်ရှားလှသည်။

ရယှူဒီဘာသာတွင်လည်း ရုပ်တုကိုးကွယ်မှုအတွက် နေရာမရှိသော်လည်း အထက်ပါကဲ့သို့ပင် နှိုင်းယှဉ်ကိုးကွယ်မှုနှင့် ဥပမာပေးမှုများကြောင့် ပင်းရင်း

အသွင်သဏ္ဍာန်ကို ပြောင်းလဲသွားစေခဲ့သည်။ ဤသို့အားဖြင့် ရဟူဒီတို့၏ ဘာသာရေးကျမ်းဂန် တို့တွင် ဘုရားသခင်ကို ဒေါသကြီးသူ၊ တစ်ဖက်သား ရန်သူများကို ရက်နိုက်ဆုံးမသူ၊ နိမ့်ကျမှုများကိုရှုမြင်၍ ဝမ်းနည်းကြေကွဲမှု စသည် လူတို့၏စရိုက်များကို တွေ့မြင်ရတော့သည်။

ကုရ်အာန်အလျှင်က ဘာသာရေးကျမ်းဂန်များတွင် အလ္လာဟ်အရှင်မြတ်၏ ဆွဲဖသ်ဂုဏ်တော်များကို အထက်ပါကဲ့သို့ပင် လူ့ဝန်းကျင်စရိုက်များဖြင့် တင်စားဖော်ညွှန်းသည်ကိုတွေ့ရသည်။ လူသားတို့အဖို့ ဖခင်သည် မြင့်မြတ်လှသည်။ဖခင်သည်မိသားစုဝင်များ၏ စားဝတ်နေမှုပြဿနာရပ်အဝဝကို တာဝန်ယူရသူဖြစ်၍ ရှေးအခါက ဘုရားသခင်ကို ဖခင်ဟုတင်စားခေါ်ဝေါ် ပြရာမှ လူတို့က သူတို့ဝန်းကျင်ရှိ အသုံးအနှုန်းအတိုင်းပင် တမန်တော်၏ဖခင်ဟူ၍ ရှုမြင်သုံးသပ်သိမြင်ခဲ့ရသည်။

ဤဖော်ပြပါရှုမြင်သုံးသပ်မှုကို ကျော်ဖြတ်ပြီး ကုရ်အာန်၏ အာဘော်ကိုသုံးသပ်သောအခါ ယခင်ကကဲ့သို့ ဖွဲ့နွဲ့သော ဥပမာများကိုသုံးစွဲခြင်းမရှိဘဲ ယုတ္တိဗေဒနည်းကျလှသော လူတို့၏ ဆင်ခြင်သုံးသပ်မှုကို အလေးပေး ဖော်ပြကြောင်းကိုတွေ့ရသည်။ ကျမ်းမြတ်ကုရ်အာန်၏ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ဖော်ပြချက်တွင် အောက်ပါအတိုင်းတွေ့ရသည်။

لَيْسَ كَمِثْلِهِ شَيْءٌ "အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မည်သည့်အရာနှင့်မျှ မယှဉ်သောမဖော်ပြနိုင်ချေ။ အသင်တို့သည် မည်သည့်အရာနှင့်မျှ ထပ်တူပြုဥပမာပေး ဖော်ပြနိုင်မည်မဟုတ်ချေ။" (၄၂ း ၁၁)

لَا تُدْرِكُهُ الْأَبْصَارُ وَهُوَ يُدْرِكُ الْأَبْصَارَ وَهُوَ اللَّطِيفُ الْخَبِيرُ

"လူသားတို့အဖို့ရာတွင် အလ္လာဟ်အရှင်မြတ်ကို ရှုမြင်နိုင်မည်မဟုတ်၊ လူသားတို့ကို အလ္လာဟ်အရှင်မြတ် သည် ရှုမြင်တော်မူသည်။" (၆ း ၁၀၃)

قُلْ هُوَ اللَّهُ أَحَدٌ اللَّهُ الصَّمَدُ لَمْ يَلِدْ وَلَمْ يُولَدْ وَلَمْ يَكُن لَّهُ كُفُوًا أَحَدٌ

"ဆိုကြလော့၊ အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းသောအရှင်ဖြစ်သည်။ အလ္လာဟ်အရှင်သည် အမှီအခိုမလိုအပ်၊ အလ္လာဟ်အရှင်သည်သာလျှင် အားလုံးအတွက် မှီခိုအားထားရသောအရှင်ဖြစ်သည်။ အလ္လာဟ်အရှင်သည်တစ်ဦးတစ်ယောက်ကြောင့် ပေါ်ထွန်းလာခြင်းမရှိ၊အလ္လာဟ်အရှင်မြတ်ထံမှပေါ်ထွန်း ပေါက်ဖွားလာသူလည်းမရှိ မည်သို့သော အားအင်ရှိသူမျှ အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ရင်ပြိုင်နိုင်စွမ်းမရှိပါ။" (၁၁၂ း ၁ - ၄)

တောင်ရဟ်ကျမ်းနှင့် ကျမ်းမြတ်ကုရ်အာန်ကိုနှိုင်းယှဉ်တွဲဖက်လေ့လာသောအခါ တောင်ရဟ်ကျမ်းသည် အလ္လာဟ်အရှင်မတ်ရှိကြောင်းကို ဖော်ညွှန်းပြသသည်။ ကျမ်းမြတ်ကုရ်အာန်ကမူ အလ္လာဟ်အရှင်မြတ်ရှိကြောင်းကိုသာမက အလ္လာဟ်အရှင်မြတ် ၏ ထူးကဲမြင့်မြတ်မှုကိုလည်း ဖော်ပြကြောင်းတွေ့မြင်နိုင်သည်။

တောင်ရဟ်ကျမ်းတွင် အလ္လာဟ်အရှင်မြတ်ကိုဖော်ပြရာတွင် အလ္လာဟ်အရှင်မြတ်သည် ရုပ်ကိုယ်ထည်အားဖြင့် ကမ္ဘာမြေကြီးကိုဆင်းသက် လာကြောင်းဖော်ပြသော်လည်း ကျမ်းမြတ်ကုရ်အာန်ကမူ အလ္လာဟ်အရှင်မြတ်၏ စေတမန်များသည်သာ ဆင်းသက်တော်မူကြောင်းကို ဖော်ပြထားသည်။ ဤအကြောင်းကို ကျမ်းမြတ်ကုရ်အာန်က ဖော်ညွှန်းပြပုံမှာ . . .

قَالَ رَبِّ أَرِنِي أَنظُرْ إِلَيْكَ قَالَ لَن تَرَانِي وَلَكِنِ انظُرْ إِلَى الْجَبَلِ

"မူဆာကဆိုသည် အိုဖန်ဆင်းပြုစုပျိုးထောင်ပေးသောအရှင်၊ ကျွန်ုပ်အား အရှင်အား ရှုမြင်ခွင့်ပြုပါ၊ ဤသို့အားဖြင့် အရှင်ဖက်သို့ မျက်နှာပြုနိုင်မည်။ အလ္လာဟ်အရှင်မြတ်က အသင်သည်ဘယ်သောအခါမျှ ငါ့အားရှုမြင်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် ကြည့်လိုလျှင် မြေရှ့ရှိတောင်တန်းကိုကြည့်လော့။" (၇ း ၁၄၃)

လူ၏ ဆင်ခြင်တုံတရား ဉာဏ်ရည်မီသည့်အထိ အရှိကိုအရှိအတိုင်း မှတ်မိလွယ်အောင် ဖော်ကျူးတင်ပြခြင်းသည် လူတို့အား အခြားအရာဝတ္တုများနှင့် တင်စားဖော်ပြမှုထက် ရှင်းလင်းပြတ်သားလှသည်။ ယင်းကဲ့သို့ တင်ပြသည့်ပုံစံကို ကျမ်းမြတ်ကုရ်အာန်ကပြသည်။ အတိတ်ခေတ်ကာလက ကျမ်းဂန်များသည် တင်စားမှုကို အသားပေးလွန်ခဲ့သဖြင့် လူတို့သည် အလွဲလွဲအမှားမှား အဓိပ္ပါယ်ကောက်ယူခြင်းကိုခံခဲ့သည်။ အတိတ်ခေတ်ကာလက ဖန်ဆင်းရှင်ကို ရုပ်ပိုင်းနှင့် နာမ်ပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားဖော်ပြရာမှရုပ်ပိုင်းဆိုင်ရာအတွင်းသို့ နာမ်ကို မထည့်သွင်းဘဲနေလျှင်လူတို့နားလည်လွယ်မည်မဟုတ်ဟုမှတ်ယူဆုံး ဖြတ်ခဲ့ရာမှ ရုပ်အတွင်း နာမ်ကို ထည့်သွင်းခြင်းကိုပြခဲ့သည်။ ဥပမာ - "ဗရာဟ်မာသည် အိန္ဒိဝရ်အတွင်း ထည့်သွင်းပေးခဲ့ရသော သာဓကများအတိတ်ကာလ ဘာသာတရားတွင် ရှိခဲ့သည်။"

ဖန်ဆင်းရှင်နှင့်စပ်လျဉ်း၍ ရုပ်လုံးပေါ်အောင်ဖော်ပြခြင်းသည် လည်းကောင်း၊ ဖန်ဆင်းရှင်နှင့် စပ်လျဉ်း၍ တင်စားဖော်ပြ ခြင်းသည် လည်းကောင်း၊ လူသားတို့၏ တွေးခေါ်မှုကို အစဉ်အနှောက်အယှက်ဖြစ်စေလျှက် ယင်းအားဖြင့် လူတို့သည် လမ်းလွဲလမ်းမှားကိုရောက်ရှိခဲ့ရသည်။ ကျမ်းမြတ်ကုရ်အာန်က ယင်းနည်းလမ်းများကို ရှောင်ခဲ့သည်။ ကုရ်အာန်၏တင်ပြပုံ စနစ်က လူတို့၏ ဉာဏ်ရည်အားဖြင့်

အမြင့်မြတ်ဆုံးသော အဆင့်အားဖြင့် ဖော်ပြသည်။ ယင်းနည်း လမ်းသည်သာလျှင် အစွန်းနှစ်ဖက်ကိုရှောင်ကာ မှန်ကန်သောပုံစံအားဖြင့် တင်ပြခြင်းဖြစ်သည်။

လူတို့၏ တွေးခေါ်မြော်မြင်မှုသည် အလ္လာဟ်အရှင်မြတ်၏ ဆွဲဖယ်ဂုဏ်တော်နှင့် လုပ်ဆောင်ချက်စနစ်ဖယားနှင့် ပတ်သက်၍ တိကျမှန်ကန်စွာတွေးခေါ်နိုင်ခြင်း မရှိခဲ့သည်နှင့် ဤသို့သော အခြေအနေမျိုးတွင် လူတို့အနေနှင့် အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍ တွေးခေါ်ခြင်းဖြစ်ပေါ်လာရသည် လူတို့၏ တင်စားသောနည်း အားဖြင့်ဖြစ်ပေါ်လာသော ရုပ်လုံးဖော်ခြင်းကပေါ်ထွန်းဖြစ်ပေါ်လာသည်။ ဤသို့အားဖြင့်လူသားပုံစံနှင့်လူသားဝန်းကျင်ကိုသရုပ်ဖော်သော ကိုးကွယ်မှုသည် ဖြစ်ထွန်းလာရခြင်းဖြစ်သည်။

ဤသို့သော အခြေအနေကို ကျော်လွှားနိုင်ရန်အတွက် လူသားတို့သည် တွေးခေါ်မှုအပိုင်းအခြားတွင် လူသားတို့၏ ဆင့်ကဲတိုးတက်နေသော ဉာဏ်ရည်၏မြင့်မားမှုကို အသုံးချအမှီသဟဲပြုရမည်။ ဤသို့မဟုတ်ပါမူ လူသားတို့သည် သူတို့၏ မူလကရှိခဲ့သော သက်ရှိလောကအဆင့်ဖြင့်သာ စဉ်းစားတွေးခေါ်နိုင်မည်။

နိမ့်ကျသော ဟောင်းနွမ်းနေသောတွေးခေါ်မှုဖြင့် အလ္လာဟ်အရှင်မြတ်အား ရှုမြင်ရေးမှာခက်ခဲလှသည်။ အကြောင်းမူ နိမ့်ကျသော တွေးခေါ်မှုကြောင့် လူသားတို့သည် သူတို့တွင်စွဲကပ်နေသော အတိတ်ကအစွဲအလန်းအားဖြင့်လည်းကောင်း၊ သူတို့အား ဖုံးအုပ်ထားသော အရောင်အားဖြင့်လည်းကောင်း၊ ရှုမြင်သုံးသပ်သောကြောင့် ဖြစ်သည်။ ယင်းကြောင့် လူတို့သည် တစ်ခါတစ်ရံ ကြောက်စိတ်လွှမ်းမိုးတတ်သလို တစ်ခါတစ်ရံ လည်း အရဲစွန့်သောစိတ်အားဖြင့် သုံးသတ်လေ့ရှိသည်။ သဘာဝလောကကြီး၏ အလှကတင့်တယ်လှပါဘိသည်။ သို့သော ယင်းတို့ကို ကျွန်ုပ်တို့က မျက်မှန်စိမ်းတပ်၍ကြည့်လျှင် အမှန်တရားကို မတွေ့မြင်ရဘဲကြားခံအရောင်၏ ပုံဖော်အရောင်ဆိုးထားသ ကဲ့သို့ မြင်ရပေမည်။ ဤကဲ့သို့ အလ္လာဟ်အရှင်မြတ်ကို ရှုမြင်သုံးသပ်ရာတွင်လည်း ကန့်လန့်ကာကြားခံကာရံပြီး ရှုမြင်လျှင်မှုကျွန်ုပ်တို့၏ အပြစ်ပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်က ဤအချက်နှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင် အောက်ပါအတိုင်း လမ်းညွှန်မှုပြုထားသည်။

"အမှန်တကယ်ပင် အသင်၏ ဖန်ဆင်းပြုစုပျိုးထောင်သော အရှင်သည် အသင်အား စောင့်မျှော်လျှက် ရှိသည်။" (၈၉ း ၁၂)

"ငါ၏ကျေးကျွန်တို့ကအသင့်အားငါနှင့်ပတ်သက်၍မေးမြန်းလျှင်၊ ငါသည် သူတို့နှင့် ဝေးကွာစွာဘယ်သောအခါကမရှိခဲ့၊သူတို့နှင့်အလွန်နီးကပ်စွာရှိသည်ဟုဖြေကြားပါလေ။"

(၂ း ၁၈၃)

ဆွိဖယ်ဂုဏ်တော်ကို အခြေခံခြင်းမရှိသောတင်ပြမှုသည် လူတို့၏ နှလုံးသားအတွင်းဖြစ်ပေါ်နေသော ငတ်မွတ်ဆာ လောင်မှုကို ပပျောက်စေနိုင်မည်မဟုတ်။ ယင်းနည်းလမ်းသည် တွေးခေါ်မှုအတွက်လမ်းကြောင်းတစ်ခုကို ဖွင့်ပေးလိုက်သည်။ မှန်သော်လည်း၊ နှလုံးသားကိုရှင်သန်မှုပြုကာ လှုပ်ရှားမှုရှိသော ယုံကြည်ချက်ကို ဖန်တီးပေးနိုင်စွမ်းရှိမည်မဟုတ်ပါ။

သို့ဖြစ်၍လည်း ကျမ်းမြတ်ကုရ်အာန်သည် လူတို့ဉာဏ်ရည်၏ အဆင့်အမြင့်ဆုံး အခြေထိရောက်ရှိကာ လူသားတို့ ဘက်က အမြင့်မားဆုံး စဉ်းစားတွေးခေါ်မှုပြုနိုင်သည့်အနေအထားအထိ တင်ပြခဲ့သည်။ အခြားအရာဝတ္ထုများ သက်ရှိများနှင့် ခိုင်းနှိုင်းတင်ပြခြင်းကိုမူ လုံးဝနီးနီးရှောင်ရှားသည်။ကုရ်အာန်က ဆိုသည်။ လူသားဘအနေဖြင့် အလ္လာဟ်အရှင်မြတ်၏အဆင့်မြင့်မားမှုနှင့် လုပ်ဆောင်မှုကို တွေးခေါ်မှုပြုရာတွင် လူတို့၏ ဉာဏ်ရည်ကိုအသုံးပြုစဉ်းစားနိုင်သည်။ အလ္လာဟ်အရှင်မြတ်သည် ထင်ရှားတည်ရှိတော်မူသည်။တန်ခိုးတော်ရှိသည့် အရာဝတ္ထုအားလုံး၏ မွေးမြူသော အရှင်ဖြစ်သည်။ ကရုဏာတော်အရှင်ဖြစ်သည်။ အရာတိုင်းကိုမြင်နိုင်စွမ်းရှိသော အရှင်ဖြစ်သည်။အရာတိုင်းကို ကြားနိုင်စွမ်းရှိသည်။ အားလုံးသောအရာ ကိုသိမြင်သည်။ လူတို့၏ပြောဆိုလုပ်ဆောင်နေမှု အသေးစိတ်ကို သိမြင်သည်။ ထို့မျှမက ကျမ်းမြတ်ကုရ်အာန်တွင် အောက်ပါအတိုင်း အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍ ဖော်ပြထားသေးသည်။

"အလ္လာဟ်အရှင်မြတ်၏ လက်သည် တွန့်တိုခြင်းမရှိပါ။" (၅ း ၆၄)

وَسِعَ كُرْسِيُّهُ السَّمَاوَاتِ وَالأَرْضَ "အလ္လာဟ်အရှင်မြတ် အုပ်ချုပ်မှုယန္တရား (ဝါ) နယ်ပယ်စက်ကွင်းနှင့် မည်သည့်အရာမျှ လွတ်မြောက်ခြင်းမရှိ။"(၂ း ၂၅၅)

ဤသို့ဖော်ပြသကဲ့သို့ တစ်ဖက်တွင် အောက်ပါအတိုင်းလည်း သတိပြုစေသည်။ အလ္လာဟ်အရှင်မြတ်နှင့် နှိုင်းယှဉ်ရာ မည်သို့မျှမပြုနိုင်ကြောင်းကို ဖော်ပြရာတွင် .. لاَّ تُدْرِكُهُ الأَبْصَارُ .

"အလ္လာဟ်အရှင်မြတ်ကို မည်သည့်အရာနှင့်မျှ ယှဉ်တွဲနှိုင်းယှဉ်ခြင်းမပြုနိုင်ပါ။ အသင်၏ အမြင်သည် အလ္လာဟ်အရှင်မြတ်ကို မရှုမြင်နိုင်။" (၆ း ၁၀၃)

فَلاَ تَضْرِبُواْ للهِ الأَمْثَالَ "အသင်သည် အလ္လာဟ်အရှင်မြတ်အား မိမိ၏အမြင်အားဖြင့် ရှုမြင်သုံးသပ်ဥပမာ ပေးနှိုင်းယှဉ်ခြင်းမပြုပါနှင့်။" (၁၆ း ၇၄)

အထက်ပါကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက်ရှုဒေါင့်မှ အလ္လာဟ် အရှင်မြတ်အား ရှုမြင်သုံးသပ်သည့်ရှိသော် အလ္လာဟ်အရှင်မြတ်၏ အသက်ရှင်ခြင်း သည် ကျွန်ုပ်တို့၏အသက်ရှင်ခြင်းနှင့်မတူ၊ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းပြုစုခြင်း သည် ကျွန်ုပ်တို့၏ ပြုစုခြင်းနှင့်မတူ၊ အလ္လာဟ်အရှင်မြတ်၏ မြင်ခြင်း၊ ကြားခြင်း၊ သိမြင်သည် ကျွန်ုပ်တို့၏မြင်ခြင်း၊ကြားခြင်းသိခြင်းနှင့်မတူညီသည်ကို သတိပြုရာ၏။ အလ္လာဟ်အရှင်မြတ်၏ ချီးမြှင်ခြင်းနှင့်အလ္လာဟ်အရှင်မြတ်၏ ပလ္လင်တော်ဟူ၍ ဆိုရာတွင်ကျွန်ုပ်တို့၏ကိုယ်တွေ့ရှုမြင်သိရှိခြင်းနှင့် မနှိုင်းယှဉ်နိုင်ပါ။

ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်အား လူတို့သိရှိ နားလည် နိုင်စေဖို့ရန် နည်းလမ်းအဖြစ် ယင်းဖော်ပြပါ နည်းလမ်းကို အကောင်းဆုံးနည်းလမ်း အဖြစ် ဖော်ပြထားခြင်းသာဖြစ်သည်။ လူသားတို့အဖို့ အလ္လာဟ်နှင့်စပ်လျဉ်း၍မြင့်မား သော အဆင့်ကိုထိုးဖောက်ရှုမျှော်ရန်ကြိုးစားခဲ့လျှင်ညောင်းရုံသာရှိမည်။ လူတို့သိမြင်လိုသောအဖြေကိုရရှိမည်မဟုတ်ပါ။

ကျမ်းမြတ်ကုရ်အာန်ကဖော်ညွှန်းသောနည်းလမ်းအားဖြင့်သာလျှင် သဘာဝလောကကိုအခြေခံလျက် သဘာဝသိပ္ပံအကြောင်းကို သိမြင်လာရုံမက မိမိတို့၏အရှင်သခင်အလ္လာဟ်အရှင်မြတ်အား သိမြင်ခြင်းကိုလည်း တပြိုင်နက်ဖြစ် စေသည်။ဤသို့အားဖြင့်လူတို့သည် အောင်မြင်မှုနှစ်ခုကိုရရှိစေသည်။ ဤသို့ သိမြင်စေဖို့ရန် လူတို့ကြိုးစားအားထုတ်မှုကိုပြုရသည်။ တစ်ဖက်တွင် ခက်ခဲသော ၇နည်းရှိပြီး တစ်ဖက်တွင် လွယ်ကူသောနည်းရှိလျှင် မည်သည့်အရာကိုရွေးချယ် မည်နည်း အကောင်းဆုံးရွေးချယ်ရမည့်နည်းလမ်းကား အစွန်းနှစ်ဖက်ကို ရှောင်ရှားပြီး အလယ်အလတ် လွယ်ကူသော နည်းလမ်းပင်ဖြစ်သည်။ ဤအလယ် အလတ် နည်းလမ်းအားဖြင့်သာ အတိတ်ကာလ အစ္စလာမ်အစဦးခေတ်မွတ်စလင် တို့သည် အလ္လာဟ်အရှင်မြတ်ကိုသိမြင်ဖို့ ကြိုးစားခဲ့ကြသည်။

မွတ်စလင်တို့အတွင်း ''အိလ်မွလ် ကလာမ်''တည်းဟူသော အငြင်းပွားမှု ကိုအခြေခံသောပညာ၏အကိုင်းအလက်များရောက်ရှိလာသောအခါ အတိတ်ကာလ က ''ဥပါနိသျှ'' တို့၏ ခိုင်းနှိုင်းယှဉ်တွဲဖော်ပြမှုကိုပင် ကျော်လွှားကာ အလ္လာဟ်အရှင် မြတ်၏ဆွိဖသ်ဂုဏ်တော်ကိုငြင်းခန်ဆွေးနွေးရာတွင် ဘာသာရပ်တစ်ခု အသွင်သဏ္ဍာန်၊ ဖန်တီးယူခဲ့ကြသည်။ ''ဂျမ်ဟီယာ''နှင့် ''မာသိနီယာ''တို့က တစ်ဖက်''မိုအ်သိဇီလ္လာ''တို့ကတစ်ဖက် အငြင်းပွားခဲ့ကြသည်။

''အီမာမ်''အဗူလ်ဟဆန် အရှ်အရီကမှု အလယ်အလပ်လမ်းတို့ရွေး ချယ်ခဲ့သည်။သို့ရာတွင်သူ၏တပည့်များကမူ အစွန်းထွက်ခဲ့ပြန်သည်။ ယင်းသူတို့

နောက်လိုက်တို့ကတစ်ဖန်မိခင်ကျောင်းက သင်ကြားခဲ့သော နည်းလမ်းကိုလက်ကိုင်ပြု၍ လောကီကမ္ဘာကိုစွန့်ခွာပစ်ပယ်သွားသောမှုကို နှလုံးပိုက်ခဲ့သည်။

အရှ်အရာတွင်''အီမာမ် ဖခ်ရုဒ်ဒီန် ရာဇီ''သည် ဤအရေးနှင့် ပတ်သက်၍ လှုပ်ရှားခဲ့သည်။သို့ရာတွင်သူ၏နောက်ဆုံးရေးသားခဲ့သောကျမ်းတွင် ဤအရေးနှင့် ပတ်သက်၍ ဤသို့မှတ်ချက်ချခဲ့သည်။

''ကျွန်ုပ်သည် အိလ်မွလ်ကလာမ်နှင့်ဒဿနိကဘာသာရပ်၏ နည်းလမ်းပေါင်းစုံကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခဲ့သည်။ နောက်ဆုံးအနေဖြင့် မှတ်ချက်ချနိုင်သည့်အရာကား ဤဘာသာရပ်အားဖြင့် မည်သည့်ရောဂါကိုမျှ ကုနိုင်မည်မဟုတ်သကဲ့သို့မည်သည့်ငတ်မွတ်နေသူကိုမျှ အစာရေစာပေးနိုင်စွမ်းမရှိနိုင်ပါ။ အကောင်းဆုံးသော ကုထုံးနှင့် အစားအစာသည်ကား ကျမ်းမြတ်ကုရ်အာန်သာလျှင်ဖြစ်သည်။ နှိုင်းယှဉ်မှုအသွင်ကိုလေ့လာလျှင် الرَّحْمَنُ عَلَى الْعَرْشِ اسْتَوَى ကို လေ့လာနိုင်သကဲ့သို့ ခိုင်းနှိုင်းမှုမဲ့ကိုလေ့လာ လိုလျှင် لَيْسَ كَمِثْلِهِ شَيْءٌ ကိုလေ့လာပါ။ ဤလေ့လာမှုနောက် အလယ်အလတ်နည်းကျသောအဖြေကို လက်တွေ့လက်ဆုတ်လက်ကိုင်ပါ။ ကျွန်ုပ်ကဲ့သို့ခံစားရှာ ဖွေခဲ့သောသူသည် ကျွန်ုပ်ကဲ့သို့ပင်အဖြေကိုသိရှိက အမှန်တရားကိုသိမြင်ပေမည်။

သို့ဖြစ်၍ ဆွဟာဗီများနှင့် ဆလဖ်ဖ်ဗီယာတို့သည် သိရှိသိမြင်နိုင်သောအရာလောက်ကို သိအောင်ကြိုးစာခဲ့ပြီး မိမိတို့၏ ဉာဏ်ရည်ထက်ကျော်လွှားပြီးအချိန်ဖြုန်းခြင်းမပြုခဲ့ပါ။ နောက်ပိုင်းတွင် အီမာမ်အိဗ်နေသိုင်မီယာ''နှင့် သူ၏တပည့်ဖြစ်သူအိမ်နေကိမ်တိုကမူအစဦး အစ္စလာမ်ကာလကရှိခဲ့သော နည်းလမ်းကိုရွေးချယ်ကာ ဤဆွိဖသ်ဂုဏ်တော်နှင့် ပတ်သက်သော ငြင်းခုံခြင်းအရေးကိုရှေ့တန်းတင်ခြင်းကို တားဆီးခဲ့သည်။

·· ဆီးရီးယန်းနှင့် အာရိယန်တို့၏ အလ္လာဟ်အရှင်မြတ်အား ပုံစံပြုနှိုင်းယှဉ်ဖော်ပြကိုးကွယ်ခဲ့ခြင်းကို ကျမ်းမြတ်ကုရ်အာန်က မှားယွင်းသော ချဉ်းကပ်မှုအဖြစ်မြင်ခဲ့သည်သာမက ဆွိဖသ်ကိုသာ အခြေခံသောသိမြင်မှုကို လူသားတို့အားတင်ပြခဲ့သည်။ ယင်းဆွိဖသ်ကို သိမြင်မှုထက်နိမ့်ကျသောတွေးခေါ်မှုကို ပိတ်ပင်ခဲ့သည်။ ဤသို့အားဖြင့် အတိတ်ကာလဖွင့်ထားသော ချဉ်းကပ်နည်းလမ်းများတို့ကိုပိတ်ဆို့ခြင်းခံခဲ့ရသည်။ ယခင်အခါ ယင်းလမ်းများပေါ်သို့ လျှောက်လှမ်းသူတို့မှာအချို့ချို့သော အစိတ်အပိုင်းတွင်သာကျန်ရစ်သည်ကို တွေ့ရသည်။

ကျမ်းမြတ်ကုရ်အာန်သည် ကျမ်းမြတ်ကုရ်အာန်တွင်ပါရှိသော လမ်းညွှန်ချက်ကိုအသွင်သဏ္ဍာန်နှစ်မျိုးဖြင့်ဖော်ပြသည်။တစ်ခုက مُحْكَمَاتٌ ''မိုဟကမဟ်''ဖြစ်ပြီး ကျန်တစ်ခုက''မိုသရှာဗိဟာသ်'' ဖြစ်ပါသည်။

''မိုဟကမဟ်'' ဟူသည် လူသားတို့အဖို့ ရှင်းလင်းပြတ်သားသော အဓိပ္ပါယ်စကားဖြစ်ပြီး လက်တွေ့ဘဝတွင် အသုံးချသော လမ်းညွှန်ချက်ဖြစ်သည်။ သို့ဖြစ်၍ မိုဟကမဟ်တွင် အဓိပ္ပါယ်နှစ်ခုဆောင်သောအသွင်ကို မရရှိနိုင်ပါ။ ''မုသရှာဗဟာ'' ဟူသည် လူသားတို့အဖို့ ပညာဗဟုသုတအားကိုးဖြင့် သိမြင်နိုင်သော လမ်းညွှန်ချက်ပင်ဖြစ်သည်။ သို့ဖြစ်၍ ယင်းအား စဉ်းစားမှုပြုရာတွင် ကန့်သတ်ချက်အသိအမြင်ထက်ပို၍ ချဲ့တွင်ဖော်ပြခြင်းသည် အမှားအယွင်းကို ဖြစ်စေနိုင်သည်ကို သတိပြုရ၏။

هُوَ الَّذِيَ أَنزَلَ عَلَيْكَ الْكِتَابَ مِنْهُ آيَاتٌ مُّحْكَمَاتٌ هُنَّ أُمُّ الْكِتَابِ وَأُخَرُ مُتَشَابِهَاتٌ ، فَأَمَّا الَّذِينَ فِي قُلُوبِهِمْ زَيْغٌ فَيَتَّبِعُونَ مَا تَشَابَهَ مِنْهُ ابْتِغَاءَ الْفِتْنَةِ وَابْتِغَاءَ تَأْوِيلِهِ وَمَا يَعْلَمُ تَأْوِيلَهُ إِلاَّ اللّهُ وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ كُلٌّ مِّنْ عِندِ رَبِّنَا وَمَا يَذَّكَّرُ إِلاَّ أُوْلُواْ الألْبَابِ

''အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ကျမ်းမြတ်ကုရ်အာန်ကို ပို့ချသောအရှင်တည်း၊ ဤကျမ်းတွင်အနက်အဓိပ္ပါယ်တစ်မျိုးတည်းထွက်သော အာယသ်တော်များလည်းရှိသည်။ယင်းသည်သာလျှင် ကုရ်အာန်၏အရင်းအမြစ် တရားဖြစ်၏။ ထို့အပြင် မုသရှာဗိဟာ ဟုခေါ်သည် အဓိပ္ပါယ်ဆင်တူ၍ သဘော အမျိုးမျိုးဆောင်သော အာယတ်သည်လည်းရှိသည်။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ စိတ်နှလုံးတွင် သွေးဖည် ယိမ်းယိုင်မှုရှိသော သူတို့မူကား လမ်းမှားစေလို၍လည်းကောင်း၊ အဓိပ္ပါယ်ကို ဆင်တူယိုးမှား အဖြစ်လည်းကောင်း၊လိုရာကိုကောက်ယူကြသည်။ ယင်းတို့၏ အနက်ကို အလ္လာဟ်အရှင်မြတ် သာလျှင်ပြည့်စုံစွာသိ၏။ပညာရှိသောသူတို့ကမူ အလ္လာဟ်အရှင်၏ထံပါး မှ အာယသ်တော် ဟူ၍သာစွဲမြဲစွာ မှတ်ယူကြသည်။'' (၃း၇)

သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ ဆွိဖသ်ဂုဏ်တော်ကို ထိုးဖောက်စဉ်းစား မှုပြုရာတွင် ယင်းသည် ''မုသရှာဗိယသ်'' တွင် ပါဝင်သည့်ဖြစ်၍ လူတို့၏ ကန့်သတ်ဘောင်ရှိသော ဉာဏ်ပညာကိုကျော်လွှား၍ သိမြင်နိုင်မိမဟုတ်ကြောင်းကို ကုရ်အာန်ကသတိပေးသည်။ ယင်းကိုကျော်လွှား၍စဉ်းစားခြင်းအားဖြင့် သို့လော သို့လောအဖြစ်သာ ကြုံရရပေမည်။ အတိတ်ကာလက ''မုသကလ္လမိန်'' တို့က ကြိုးပမ်းခဲ့သောနည်းလမ်းသည် ကျမ်းမြတ်ကုရ်အာန်ကိုကျော်လွှားနိုင်ခြင်း မရှိခဲ့ကြောင်း တွေ့ရသည်။

အထက်ဖော်ပြပါအချက်အပြင်ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ် အရှင်မြတ်၏ဆွိဖသ်ဂုဏ်တော်ကိုဖော်ညွှန်းသော ရဟ်မသ်ကရုဏာနှင့် ဂျမာလ်လှပ တင့်တယ်မှု အပိုင်းသည်လည်းပြည့်စုံသောတင်ပြဖော်ပြချက်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ကျရောက်စဉ်ကာလ ရဟူဒီတို့၏ယုံကြည်ချက်တွင် အလ္လာဟ် အရှင်မြတ်၏ခက်ထန်သောဒေါသနှင့် တင်းကြပ်လှသော ပြစ်ဒဏ်သည် လွှမ်းမိုးနေ

သည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်ကို သတိရတိုင်း ခက်ထန်သောဒေါသနှင့် လူတို့အားအပြစ်ရှာ၍ ဒဏ်ပေးသောသူအဖြစ်ကြောက်ရွံ့ရှိသေကြသည်။

ပါရှန်းတို့၏ ဇူရိအက်စတာ ဘာသာကမူ "နူရ်"နှင့် "ဇူလ်မသ်"တို့၏ အားပြိုင်မှုအကြားတွင် လူသားသည် မြေဇာပင်ဖြစ်ခဲ့ရသည်။ လူသားသည် "နူရ်"နှင့် "ဇူလ်မသ်" နှစ်ခုစလုံးကို ချဉ်းကပ်ကိုးကွယ်ခဲ့ရသည်။

အီဆာအီများတွင် သနားကြင်နာမှုနှင့် ခွင့်လွှတ်တတ်မှုကို အလွန်အကျူးပြုခဲ့၍သူတို့တွင် ပြစ်ဒဏ်သည် ပျောက်ပျက်ခဲ့ရသည်။ "အခြားအတိတ်ယုံကြည်ချက်"တစ်ခုတွင်လည်း မေတ္တာနှင့်သနားခြင်းကိုသာအလွန် ကျူးဖော်ကျူးပြီး တရားမျှတခြင်း ကိုမေ့ခဲ့သည်။

ကျမ်းမြတ်ကုရ်အာန်ကမူတစ်ဖက်တွင်ရဟ်မသ်ကရုဏာနှင့် ဂျမာလ်တင့်တယ်လှပမှုကို အမြင့်ဆုံးအထိဖော်ပြပြီး ကျန်တစ်ဖက်မှလူတို့၏ လုပ်ရပ်နှင့် လုပ်ရပ်ကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်ကိုဖော်ညွှန်းပြသခဲ့သည်။ ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် လူတို့အားမညှာမတာညှင်းပမ်းသည်။ ပြစ်ဒဏ်ပေးသည်ဟူသော အတိတ်ကအယူအဆအမှားအယွင်းကို ပပျောက်စေခဲ့သည်။ ပြစ်ဒဏ်ဟူသည် အလ္လာဟ်အရှင်မြတ်က မိမိနှင့်မကြည်ဖြူသူတို့အား အလဟာသာပေးခြင်းမဟုတ်ဘဲ၊ လူ့အဖွဲ့အစည်းဝင်တို့၏မှားယွင်းသောလုပ်ရပ်ကြောင့် ဖြစ်ပေါ်လာရသည်ဟု ကုရ်အာန်ကဆိုသည်။ ဤအချက်နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ဆွိဖသ်ဂုဏ်တော်ကို ကုရ်အာန်ကဖော်ကျူးပုံကို ဖော်ပြလိုသည်။

قُلِ ادْعُوا اللَّهَ أَوِ ادْعُوا الرَّحْمَٰنَ أَيًّا مَّا تَدْعُوا فَلَهُ الْأَسْمَاءُ الْحُسْنَىٰ

"လူတို့အားပြောပြလော၊ အလ္လာဟ်အရှင်မြတ်အား အလ္လာဟ်ဟူ၍ ခေါ်ဝေါ် ရဟ်မာန်ဟူ၍ခေါ်ခေါ်၊ မည်သည့် ဆွိဖသ်ဂုဏ်တော်အားဖြင့် ခေါ်ခေါ်၊ အလ္လာဟ်အရှင်မြတ်၏ ဆွိဖသ်ဂုဏ်တော်များသည် တင့်တယ် လှပပြည့်စုံသော ဆွိဖသ်ဂုဏ်တော်များပင်ဖြစ်သည်။"

(၁၇ း ၁၁၀)

အထက်ပါဖော်ညွှန်းချက်တွင် အလ္လာဟ်အရှင်မြတ်၏ ဆွိဖသ်တိုင်းကို "အစမာအုလ် ဟုဆနာ" (ဝါ) တင့်တယ်လှပ ပြည့်စုံသော ဆွိဖသ်ဂုဏ်တော်များအဖြစ် ဖော်ပြထားသည်။ ယင်းဆွိဖသ်များကို ကျမ်းမြတ်ကုရ်အာန်တွင် အနှံ့အပြားတွင် လိုအပ်သလိုဖော်ပြရှင်းလင်းပြသထားသည်။ ဤသို့ဖော်ပြရာတွင် အရှင်၏ စွမ်းအားတော်ကိုဖော်ကျူးသော အရှင်၏ပြစ်ဒဏ်ကို ဖော်ကျူးသော "ဂျဗ်ဗာရ်ဟေကာဟ်ဟာရ်"ကဲ့သို့သော အီမာမ်များပါဝင်သည်။ ဤကဲ့သို့ ဆွိဖသ်ဂုဏ်တော်ကိုလည်း ကျမ်းမြတ်ကုရ်အာန်က တင့်တယ်လှပသော နှိပ်စက်ခြင်း

ခံနေရသူတို့အား ကယ်တင်နိုင်စွမ်း ညှင်းပမ်းနှိပ်စက်သော ဒုစရိုက်တရားခံအား တရားမျှတစွာပြစ်ဒဏ်စီရင်ဆောင်ရွက်နိုင်စွမ်း ပြစ်ဒဏ်ကျခံရထိုက်သူတို့အား ပြစ်ဒဏ်ပေးနိုင်စွမ်းရှိခြင်းကို ဖော်ပြခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း ယင်းသည် တင့်တယ်လှပမှုတစ်ရပ်ဖြစ်ပြီး ကြောက်မက်ဖွယ်ရာမဟုတ်ပါ။ ဤသို့သော ပေါ်လွင်ထင်ရှားစွာဖြစ်နိုင်သော ဆွဲဖယ်ဂုဏ်တော်များကို အောက်ပါအတိုင်း ကျမ်းမြတ်ကုရ်အာန်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

اللَّهُ الَّذِي لَا إِلَهَ إِلَّا هُوَ الْمَلِكُ الْقُدُّوسُ السَّلَامُ الْمُؤْمِنُ الْمُهَيْمِنُ الْعَزِيزُ الْجَبَّارُ الْمُتَكَبِّرُ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ

اللَّهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْأَسْمَاءُ الْحُسْنَى يُسَبِّحُ لَهُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ

''ထိုအရှင်သည်သာလျှင် အလ္လာဟ်ဖြစ်၍ ထိုအရှင်မှတစ်ပါး အခြားခဝပ်ရိုးကျိုးဆည်းကပ်ကိုးကွယ်ထိုက်သူမရှိပါ၊ အရာရာအပေါ်အာဏာစက်သက်ရောက်သူ၊ စင်ကြယ်မှုအရာတွင် ပြည့်စုံသူ အပြစ်အနာအဆာ ဆင်းရှင်းသူ၊ ချွတ်ယွင်းချက်အပေါင်းမှ ကင်းရှင်းသူ၊ အရာရာကို ငြိမ်းချမ်းသာယာမှုအပေါင်းပေးသောသူ၊ အရာတိုင်းပေါ်တွင် ဩဇာအာဏာရှိသောသူ၊ ဂုဏ်တော်အရာတွင် အလွန်တရားမှပင် ကြီးကျယ်မြင့်မြတ်သောသူဖြစ်၏။အလ္လာဟ်အရှင်မြတ်သည် အခြားသူတို့နှင့်တွဲဖက်နှိုင်းယှဉ်ခြင်း ကင်းမဲ့သည်သာမက အားနည်းချက်အပေါင်းမှ စင်ကြယ်လှသည်။ ထိုအရှင်သည် အရာအားလုံးကို ဖန်ဆင်းသောသူ မရှိကို အရှိသို့ပုံဖော်အကောင်အထည်ဖော်ဆောင်သူ၊ ပုံပန်းသဏ္ဍာန်ကို ဖန်တီးသူဖြစ်၏။ ထိုအရှင်တွင် ကောင်း မြတ်သော နာမတော်များရှိ၏။ မိုးကောင်းကင်နှင့် ပထဝီမြေကြီးရှိအရာအားလုံးသည် အရှင်၏မြင့်မြတ်မှုနှင့် စင်ကြယ်မှုကို မြွက်ဆိုလျက်ရှိသည်။ ထို့မှတပါးထိုအရှင်သည်လွန်စွာမှပင်ခန့်ညားသောအရှင်၊ သိမ့်မွေ့လှ သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံသောမှုသောအရှင်ဖြစ်တော်မူသည်။'' (၅၉ း ၂၃ - ၂၄)

وَلِلَّهِ الْأَسْمَاءُ الْحُسْنَى فَادْعُوهُ بِهَا وَذَرُوا الَّذِينَ يُلْحِدُونَ فِي أَسْمَائِهِ

''စင်စစ်သော်ကားအလ္လာဟ်အရှင်မြတ်တွင် တင့်တယ်ပြည့်စုံသော ဆွဲဖယ်ဂုဏ်တော်များရှိ၏။သို့ဖြစ်လေရာ၊အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ယင်းဆွဲဖယ်ဂုဏ်တော်အားဖြင့် သတိရကြကုန်လော၊ အကယ်၍ အရှင်၏ ဆွဲဖယ်နှင့် စပ်လျဉ်း၍ချွတ်ချော်သည်ဟု မြင်သူရှိလျှင်၊ ထိုသူတို့အား သူတို့ဖာသာလွှတ်ထားလိုက်ပါ။'' (၇ း ၁၈၀)

စူရာဟ်ဖွာတေဟာတွင် ရဗ္ဗဗီယသ်၊ ရဟ်မသ်နှင့် အဒါလသ်တည်းဟူသော အလ္လာဟ်အရှင်မြတ်၏တရားမျှတခြင်းကို ဖော်ပြသော ဆွဲဖယ်ဂုဏ်တော်တို့ကို ဖော်ပြထားသော်လည်း အလ္လာဟ်အရှင်မြတ်တွင် ဒေါသကြီးမှု၊ ညှင်းပမ်းနှိပ်စက်

တတ်မှုဟူ၍ သက်သေသာဓကဖြင့် ဖော်ညွှန်းပြထားခြင်းကိုမူ လုံးဝမတွေ့ရှိရပါ။

(ဂ) ကျမ်းမြတ်ကုရ်အာန်တွင် သောင်ဟိဒ်(ဝ်) တစ်ဆူတည်းသော ခဝပ်ကိုးကွယ်ထိုက်သောအရှင်နှင့် ပတ်သက်သော ဖော်ပြချက်နှင့် ရှိရိက်ယှဉ်တွဲကိုးကွယ်မှုနှင့်စပ်လျဉ်း၍ဖော်ပြထားရာ၌ အတိတ်ကာလကပေါ်ထွန်းခဲ့သော ဘာသာရေးကျမ်းတို့ထက်ပိုပြီးပြည့်စုံစွာ ဖော်ပြထားသည်။ ဖော်ပြပုံဖော်ပြနည်းလည်း အတိတ်ကာလပုံစံနှင့်မတူဘဲ တစ်မူထူးခြားလှသည်။

အလ္လာဟ်အရှင်မြတ်၏ပုဂ္ဂလတည်ရှိမှု ( تعا لى)သည် အခြားသူတို့နှင့် တုဖက်ယှဉ်ပြိုင်ရာတွင် နှိုင်းဆမှုမဲ့ပြီး တစ်သီးတစ်ခြားဖြစ်သကဲ့သို့ အရှင်၏ ဆွိဖသ်ဂုဏ်တော်သည်လည်း တုဖက်ယှဉ်ပြိုင်ရာတွင် နှိုင်းဆမှုမဲ့ခြင်းဖြစ်သည်။ အကယ်၍ အခြားသောသူများနှင့် ဆွိဖသ်ဂုဏ်တော်အရာတွင်ယှဉ်လျှင် ယင်းသည် အချည်းနှီးသောကြိုးစားမှုသာဖြစ်လိမ့်မည်။

ကျမ်းမြတ် ကုရ်အာန်မကျရောက်မီအလျင်က ဘာသာတရားများသည် သောင်ဟိဒ်တစ်ဆူတည်းသော အရှင်ရှိမှုနှင့်စပ်လျဉ်း၍ ယုံကြည် ချက်များကို တင်ပြခဲ့သော်လည်း အလ္လာဟ်အရှင်နှင့်ပတ်သက်၍ ယှဉ်ပြိုင်မဲ့နှိုင်းယှဉ်မဲ့ဟူသော လက္ခဏာကိုမူ ဖော်ညွှန်းခြင်းမရှိခဲ့ပါ။

အတိတ်ကာလက အလ္လာဟ်တစ်ပါးတည်းသာရှိသည်ဟု ဖော်ပြခဲ့သော်လည်း အလ္လာဟ်ဟ်နှင့်တူသောအရာသည်မရှိ ဟူသောတင်ပြမှုကိုမပြုပါ။ ပထမအဆင့်ဖြစ်သော အလ္လာဟ်တစ်ပါးတည်းသာရှိသည်ဟူသောအချက်ကို توحيد فى الذات **သောင်ဟိဒ်ဟိဒ်ဖိလ်ဇာဒ်** ဟုခေါ်ပြီး အလ္လာဟ်နှင့်ယှဉ်ပြိုင်မဲ့ နှိုင်းယှဉ်ခြင်းမဲ့ဟူသောအချက်က توحيد فى الصفات **သောင်ဟိဒ်ဖိလ်ဆွိဖသ်** ဟုခေါ်သည်။ အတိတ်ကာလဘာသာတရားများမှတစ်ပိုင်းတစ်စဖြစ်သော တစ်ပါးတည်းသောအရှင်ရှိကြောင်းကိုသာ ဖော်ညွှန်းပြသထားသောကြောင့် ဆွိဖသ်ဂုဏ်တော်နှင့်စပ်လျဉ်း၍ လူတို့သည် သေချာစွာမသိမြင်ဘဲ ယောင်ဝါးဝါးဖြစ်ခဲ့ရသည်။

သို့ဖြစ်၍လည်းကုရ်အာန်အလျင်ကဘာသာတရားများတွင် ပုဂ္ဂိုလ်ကိုးကွယ်မှုမြင့်မြတ်မှုတို့ကို ကိုးကွယ်မှုနှင့်ရုပ်တုကိုးကွယ်မှုတို့ ပေါ်ထွန်းမြဲ ပေါ်ထွန်းနေခဲ့ရသည်။ ဘာသာတရားကို ချုပ်ကိုင်သောပုဂ္ဂိုလ်ထူးများသည် ယင်းတို့ကို ပိတ်ဆို့နိုင် ခြင်းမရှိနိုင်ခဲ့၊ အိန္ဒိယတိုက်နယ်ဒေသတွင်မူ ရှေးပဝေသဏီကတည်းက ပင်ဒေဝကိုဆည်းကပ်မှု၊ ပုဂ္ဂိုလ်ထူးများကိုဆည်းကပ်မှုသည် အောက်ခြေအလွှာ ဘာသာဝင်တို့အဖို့မရှိမဖြစ် ယုံကြည်အားထားရာဖြစ်ခဲ့ရသည်။ မြင့်မားသော

တွေးခေါ်ရှင်များကလည်း ယင်းကိစ္စနှင့် ပတ်သက်၍ အောက်ခြေကလူများကို နားလည်အောင်ပြသခြင်းမရှိခဲ့ပါ။

ဂရိယဉ်ကျေးမှုနယ်ပယ်တွင်လည်း ဆိုကရေးတီးမှလွဲ၍ အားလုံးသော သူများသည် အထက်ပါနည်းနှင့်နှင့်ပင် တွဲဖက်ယှဉ်ပြိုင်ယုံကြည်မှုကို ပြုခဲ့ကြသည်။ သချာပညာ ရှင်ကြီး ပိုက်သာဂိုရပ်သည် သူ၏ထူးခြားသော သချာဘာသာရပ်ပစ္စာ အဖြေတွေ့ရှိချက်ကို အကြောင်းပြု၍ ကျေးဇူးစောင်မမှုအတွက် အထက်ပုဂ္ဂိုလ်များ အား နွားမပေါင်းတစ်ရာကိုပူဇော်ပသခဲ့သောသာဓကရှိသည်။ ဂရိတို့မှ ယင်းသို့ ဘုရားသခင်နှင့် တွဲဖက် ကိုးကွယ်မှုကြောင့် မူလဘာသာတရားအယူအဆသည် ယိမ်းယိုင်ခြင်းမရှိဟု ခံယူခဲ့ဟန်တူသည်။

အခက်ခဲဆုံးပြဿနာကား ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဟုခေါ်ဆိုခံရသူတို့၏ အနေအထား အရည်အချင်းသတ်မှတ်ချက်ဖြစ်သည်။ ယင်းသူတို့သည် လူသာမန်ထက် ထူးကဲရမည်ဟု ဆိုကြသော်လည်း မည်သို့မည်ပုံထူးကဲရမည် ဟူသောအချက်တွင်မူခြေချော်လက်ချော်ဖြစ်ခဲ့ကြသည်။ သို့ဖြစ်၍လည်း အချို့သော ပုဂ္ဂိုလ်ထူးကို ဘုရားသခင်၏ကိုယ်စားဟု သတ်မှတ်ခံရသလို အချို့ပုဂ္ဂိုလ်ထူးကိုမူ ဘုရားသခင်၏သားတော်ဟု သတ်မှတ်ခဲ့ကြသလို အချို့ကိုလည်း ဘုရားသခင်၏ ဆင့်ပွားဟု သတ်မှတ်ခဲ့ကြ သည်။ ဤသို့ မဟုတ်လျှင်လည်း ပုဂ္ဂိုလ်ထူးတို့ကို ဆည်းကပ်မှုကိုးကွယ်မှုကို တစ်နည်းတစ်လမ်း အကြောင်းပြ၍ပြုခဲ့ကြသည်။

ရဟူဒီဘာသာဝင်များသည် အတိတ်အမှားယွင်းချက်ကို သံဝေဂရပြုပြင် ကာ ရုပ်ကိုကိုးကွယ်မှုကို မပြုခဲ့သော်လည်း သူတို့၏တမန်တော်များ ပုဂ္ဂိုလ်များ ပုဂ္ဂိုလ်မြတ်များ အုတ်ဂူကိုကျောင်းတည်ဆောက်ကာ ပုဂ္ဂိုလ်ကိုးကွယ်မှုအသွင်သစ် ကိုပြုခဲ့ကြ သည်။ "ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်" တစ်ဦး၏ ဘာသာရေးဆိုင်ရာ သွန်သင်ချက်များတွင် ..ရုပ်တုကိုးကွယ်မှုသည်လုံးဝမပါရှိခဲ့၊ သူ၏နောက်ဆုံး သေတမ်းစာတွင်ပင် သူ၏ပြာကိုခဝပ်ကိုးကွယ်ရန်နှင့်ဤသို့ပြုခြင်းအားဖြင့် ထွက်ရပ်လမ်းအောင်မြင်မှုကို ရမည်မဟုတ်ကြောင်း သတိပေးခဲ့သည်။ သို့ရာတွင် သူကွယ်လွန်ပြီးနောက် သူ့အားယုံကြည်သူနောက်လိုက်များသည် သူသတိ ပေးခဲ့သော အလုပ်ကိုပင် ဖောက်ဖျက်ကာဆောင်ရွက်ခဲ့သည်။ သူ၏အမှတ်အသားကို တည်ဆောက်ကိုးကွယ်ခြင်းသည် သူ့အား ယုံကြည်မှုအစစ်အမှန်ဟု သတ်မှတ် လုပ်ဆောင်ခဲ့ကြသည်။အီဆာနဗီ၏သွန်သင်ချက်သည်လည်း သောင်ဟိဒ်ကို အခြေခံခြင်းဖြစ်သည်။သို့ရာတွင် သူမရှိပြီးနောက်နှစ်ပေါင်း၁၀၀မကျော်ခင် သူ့အား ကိုးကွယ်ခြင်းဖြစ်လာခဲ့သည်။

ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်၏ ဆွဲဖသ်ဂုဏ်တော်ကို

ဖေါ်ညွှန်ရာတွင် သောင်ဟီဒ်နှင့်ဆို့ဖယ်ဂုဏ်တော်၏အလွန်နိုင်ခဲ့သော အခြေခံကိုချပေးနိုင်ခဲ့သည်။ဤသို့ဖြင့် အတိတ်ကာလက ပုဂ္ဂလ်ကိုးကွယ်မှု တံခါးကိုပိတ်နိုင်ခဲ့သည်၊ ကျမ်းမြတ်ကုရ်အာန်က သောင်ဟီဒ်(ဝါ) တစ်ဆူတည်းသော ခဝပ်ကိုးကွယ်ထိုက်သော အရှင်ဝါဒသက်သက်ကိုတင်ပြခြင်းသာမက ရှိရိက်တုဖက် ယှဉ်တွဲကိုးကွယ်မှုနှင့် စပ်လျဉ်း ပတ်သက်သော ရှိရိက်လမ်းများမှ အကြောင်းလည်းဖေါ်ပြပိတ်ပင်နိုင်ခဲ့သည်။ကျမ်းမြတ်ကုရ်အာန်က ဆိုသည်မှာခဝပ်ကိုးကွယ်ဆည်ကပ်မှုအလုံးစုံကိုပြုထိုက်သောအရှင်သည် အလ္လာဟ်အရှင်မြတ် သာလျှင်ဖြစ်သည်၊အကယ်၍အခြားသူတစ်ဦးဦးကို အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ပါက သောင်ဟီဒ်(ဝါ) တစ်ဆူတည်းသော ခဝပ်ကိုးကွယ်ထိုက်သော အရှင်ဝါဒကိုလက်မခံခြင်းသာလျှင်ဖြစ်မည်။

ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏တောင်းဆိုချက်၊ လူသားတို့၏ခံစားချက် လူသားတို့၏လိုအပ်ချက် အလုံးစုံကိုဖြည့်ဆည်းပေးသောအရှင်ဖြစ်သည်၊အကယ်၍ တစ်ဦးတစ်ယောက်သောသူသည် သူ၏မှုဆွေနေရသောဒုက္ခကို ကုစားပေးပါရန် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကိုချဉ်းကပ်တောင်းခံခဲ့လျှင်ယင်းသူသည်အလ္လာဟ်အရှင်မြတ်နှင့် ရှိရိက်တုဖက် ယှဉ်တွဲကိုးကွယ်မှုနှင့် စပ်လျဉ်းပတ်သက်သော ရှိရိက်လမ်းများသူသာလျှင်ဖြစ်မည်။

ကျမ်းမြတ်ကုရ်အာန်က လူတို့၏ရိုကျိုးခြင်း ထိုင်ခြင်းထခြင်း တောင်းခံခြင်း ယုံကြည်ချက်ထားရှိခြင်းစသည်ဖြင့်အရားအားလုံးသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင်ဖြစ်ရပါမည်၊ဤသို့မဟုတ်ဘဲ အခြားသူတစ်ဦးတစ်ယောက်ထံတောင်း ခံခြင်း ယုံကြည်ချက်ထားရှိခြင်းကို ပြုလုပ်ပါက အလ္လာဟ်အရှင်မြတ်နှင့်လူသားတို့စပ်ကြား ဆက်သွယ်မှုကို ခက်ခဲအောင်ကြားအနှောက်အယှက်အဖြစ်ဖန်တည်းယူခြင်းသာဖြစ်မည်၊

اللَّهُ الَّذِي لَا إِلَهَ إِلَّا هُوَ الْمَلِكُ الْقُدُّوسُ السَّلَامُ الْمُؤْمِنُ الْمُهَيْمِنُ الْعَزِيزُ الْجَبَّارُ
الْمُتَكَبِّرُ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ
اللَّهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْأَسْمَاءُ الْحُسْنَى يُسَبِّحُ لَهُ مَا فِي السَّمَاوَاتِ
وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ

“ကိုးကွယ်ထိုက်သောအရှင်သည် အကြင်အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ခယရိုကျိုးဆည်းကပ်ကိုးကွယ်ရာဟူ၍အလျှင်းမရှိပြီ။ အရာရာတိုင်းအပေါ် စိုးမိုးအုပ်ချုပ်သော အချုပ်အခြာအာဏာပိုင်ဆိုင်သောအရှင်၊ စင်ကြယ်သန့်ရှင်းအပြစ်ကင်းတော်မူသောအရှင်၊ ချွတ်ယွင်းချက်အပေါင်းတို့မှကင်းစင်သောအရှင်၊ ငြိမ်းချမ်း

စွာရပ်ပေး စေသောအရှင်၊ ငြိမ်းချမ်းမှုပေးတော်မူသော အရှင်၊ ထိန်းသိမ်း စောင့်ရှောက်တော်မူသောအရှင်၊ ခန့်ညားတော်မူသောအရှင်၊အနန္တစွမ်းအားရှင်၊ ဩဇာအာဏာ လွှမ်းမိုးတော်မူသောအရှင်၊ ဂုဏ်သိက္ခာကြီးကဲမြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်ကိုမည်သည့်တွဲဖက်နိုင်းယှဉ်ကိုးကွယ်ကြမှု တို့မှပြုမရအောင် စင်ကြယ်သန့်ရှင်းတော်မူဘိ၏။

ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသော အကောင်အထည်ဖော်တော်မူသောအရှင် မရှိရာမှရှိအောင်ပြု လုပ်ဖန်ဆင်းတော်မူသော၊ အရာရာကိုပုံသဏ္ဌာန်ပြုလုပ်ပေးသော အရှင်သည်အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူ၏။ထိုအရှင်မြတ်၌ အတိုင်း ထက်အလွန် ကောင်းမြတ်လှစွာသော နာမံဂုဏ်တော်များ ရှိကုန်၏။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ပထဝီမြေ၌ရှိသမျှတို့သည်လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျှက်ရှိကြကုန်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် လွန်စွာခန့်ညားတော်မူသောအရှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ဖြစ်တော်မူပေသတည်း'' (၅၉း၂၃-၂၄)

သို့ဖြစ်၍လည်း စူရာဖွာတေဟာတွင် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ပါ၏၊ထိုမှတစ်ဖန် အလ္လာဟ်အရှင်မြတ်အထံတော်မှသာလျှင် အကူအညီအထောက်အပံကို တောင်းခံပါ၏၊ ဟူ၍လေးနက်သော အသုံးအနှုံးအားဖြင့် သောင်ဟီဒ်အပေါ် အားကိုးမှုကို ဖေါ်ပြထားသည်ကို တွေ့ရသည်၊ ကျမ်းမြတ်ကုရ်အာန်၏ စာမျက်နှာတိုင်းတွင် သောင်ဟီဒ်အပေါ် အခြေခံသောသွန်သင်မှုအပေါ် ရှိရိက်ယှဉ်တွဲယုံကြည်လက်ခံမှုကိုအပြစ်တင် တားမြစ်ထားချက်များကို ထပ်တလဲလဲ သတိပေးသွန်သင်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

## နုဗူဝသ်အဆင့်ကို ဘောင်ခတ်မှု

''အကြီးမားဆုံးအချက်ကားနုဗူဝသ်တာဝန်၏ ဘောင်ခတ်ထားမှုကို သဘောပေါက်ရန်ဖြစ်သည်၊ တစ်နည်းအားဖြင့်အတိတ် ကာလပြုလုပ် ကျင့်ကြံအသုံးခဲ့သော ရှေးဆောင်လမ်းပြပုဂ္ဂိုလ်ကိုးကွယ်မှုကို ဟန့်တားနိုင်ရန်လည်း ဖြစ်သည်။ကျမ်းမြတ်ကုရ်အာန်က တမန်တော်မြတ်၏ ထူးကဲလှသောတာဝန် ကျေပြွန်မှု၊ တမန်တော်မြတ်၏မြင့်မြတ်သော အဆင့်နှင့်ပတ်သက်၍ ကျယ်ပြန့်စွာ ဖေါ်ညွှန်းပြသထားသည်ကို တွေ့ရသည်။ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် ဤနေရာ တွင်ဆွေးနွေးဖော်ပြလိုသည့်အချက်ကား အစ္စလာမ်၏အခြေခံဖြစ်သော သွန်သင်ချက် **ကာလီမဟ်** စာပိုဒ်ပင်ဖြစ်သည်။

اشهدان لآاله الاّ الله و اشهدانّ محمّدا عبدهٗ ورسوله

ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားဆည်းကပ် ခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းနှင့်မိုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏နားခံတော်နှင့် စေလွှတ်ခံရသော တမန်တော်ဖြစ်ကြောင်းကို လက်ခံသက်သေ ထွက်ဆိုပါသည် ဟုသော အပိုင်းဖြစ်ပါသည်။

အထက်ပါ ဂတိဝန်ခံချုပ်တွင် အလ္လာဟ်အရှင်မြတ်၏ သောင်ဟိဒ်ကို လက်ခံရုံမကတမန်တော်မြတ်၏လုပ်ဆောင်ချက်နှင့်အဆင့်ကိုလည်း ဖေါ်ပြထားသည်ကိုလည်းဂရုပြုထိုက်သည်၊အထက်ပါစာပိုဒ်တွင် ဤသို့ဆိုရခြင်း အကြောင်းကား တမန်တော်မြတ်မိုဟမ္မဒ် အားအလ္လာဟ်အရှင်မြတ်၏ရစုလ်အဖြင့် လက်ခံခြင်းမပြုသမျှကာလပတ်လုံး အစ္စလာမ်ဘောင်အတွင်း ဝင်ရောက်နိုင် မည်မဟုတ်ဟု ဖေါ်ပြထားသကဲ့သို့ အခြားတစ်ဖက်တွင် တမန်တော်မြတ်အား အလ္လာဟ် အရှင်မြတ်၏စေခိုင်းသူအဖြစ်သိမြင်ပြီး ယင်းထက်ကျော်လွန်ပြီး အတိတ် ကာလက ယတမန်တော်မြတ်တို့၏နောက်လိုက်တို့ပုံစံအတိုင်း မဖြစ်စေရန် ကြိုတင်စီမံထားမှုတစ်ရပ် ဟု၍လည်းဆိုရပါမည်။

တမန်တော်မြတ်ဝဖါသ်ကွယ်လွန်ပြီးနောက် မွတ်စလင်မ်တို့တွင် အချို့သော ကိစ္စရပ်တွင် သဘောတူညီမှုမရရှိဘဲ ဂိုဏ်းဂဏပုံစံ ကွဲပြားခဲ့ကြသော်လည်း တမန်တော်မြတ်၏အဆင့်အနေအထား သတ်မှတ်ချက်နှင့်ပတ်သက်၍ ခံယူရာတွင်မူလုံးဝဥဿုံကွဲပြားခြင်းဟု၍အလျဉ်းမရှိခဲ့ဘူးပါ၊တမန်တော်မြတ်၏ အဆင့်နှင့် ပတ်သက်၍ မွတ်စလင်မ်လူ့အဖွဲ့အစည်းဝင်အားလုံးသည် တစ်ညီတစ်ညွတ်တည်း ခံယူ ကျင့်သုံးခဲ့ကြသည်မှာယနေ့အထိပင်။

တမန်တော်မြတ်ဝဖါသ်ကွယ်လွန်ပြီးနောက် နာရီပိုင်းအကြာ မွတ်စလင်မ်ထုတို့တွင် အဗူဗကရ်သခင်က အောက်ပါမိန့်ခွန်း မြွက်ကြားခဲ့သည်ကို သတိပြုစေလိုပါသည်။

من كان منكم يعبد محمدا فان محمد قدمات ومن كان منكم يعبد الله فان الله حى لا يموت

အသင်တို့အနက် မုဟမ္မဒ်အား ဆည်းကပ်သူများရှိလျှင် ထိုသူအဖို့ မုဟမ္မဒ် ကွယ်လွန်ကြောင်းသိစေအပ်ပါသည်၊အသင်တို့အနက် အလ္လာဟ် အရှင်မြတ်အားဆည်းကပ်သူများရှိလျှင် ထိုသူသိထိုက်သည်စကားကား အလ္လာဟ် အရှင်မြတ် သည်သာထာဝရတည်ရှိတော်မူပြီး မည်သည့်အခါတွင်းမှ သေခြင်းကို ရောက်မည်မဟုတ်ပါ။(ဗုခါရီကျမ်း)

(က) ကျမ်းမြတ်ကုရ်အာန် အလျင်အတိတ်ကာလက စာပေအနုပညာဘာသာရပ်တွင် အဆင့်မြင့်သော လူတန်းစားက အဆင့်မြင့်စွာ ဖတ်ရှုလေ့လာသုံးသပ်သ

ကဲ့သို့ အဆင့်နိမ့်လူပြိန်းတို့က နိမ်ကျသော စာပေအနုပညာကို လိုက်စားကြသည်ကိုတွေ့ရသည်၊ ဤနည်းနှင်နှင် ဘာသာတရားယုံကြည်ရာတွင်လည်း ခွဲခြားစွာ ဘောင်ခတ်နေသကဲ့သို့တွေ့မြင်ရသည်၊ လက်ရွေး စဥ်ပုဂ္ဂိုလ်တို့က ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်ကိုလက်ခံရာတွင် တွေးခေါ်မှုကိုအခြေခံသကဲ့သို့ အလယ်အလပ်တို့ကယင်းထက်နိမ့်ကျစွာခံယူပြီးလူပြိန်းတို့ကမူအနိမ့်ကျဆုံးခံယူမှုဖြင့် ဆည်းကပ်ကိုးကွယ်ကြသည်။

အိန္ဒိယတိုက်နယ်ဒေသတွင် အတိတ်ကာလက ယင်းကဲ့သို့ပင် ကိုးကွယ်မှုပုံစံသုံးမျိုးသုံးရပ်ကိုတွေ့မြင်နိုင်သည်၊ ပြည်သူတို့ကနတ်ဒေဝါများကို ကိုးကွယ်ကြပြီး အလယ်အလပ်ပုဂ္ဂိုလ်တို့က ဘုရားသခင်ကို ကိုးကွယ်ကြသကဲ့သို့ လက်ရွေးစင်ပုဂ္ဂိုလ်တို့က ဘုရားသခင်သည် လူတို့အတွင်းရှိသည်ဟု ယုံကြည်ကိုးကွယ်ကြသည်။ဂရိယဥ်ကျေးမှုနယ်ပယ်တွင်လည်း ဤကဲ့သို့ပင်ဖြစ်သည်၊ ဂရိတို့က အဆင့်မြင့်သောဘုရားနှင့် စပ်လျဉ်း၍ တွေးခေါ်မှုပြုရေးသည် လူသာမန်တို့၏ အလုပ်မဟုတ်၊ အထက်တန်းကျသောပညာတတ်အလွှာ၏အလုပ်သာ ဖြစ်သည်၊ သာမန်ပြည်သူအများသည် နတ်ဒေဝါလောက်တွင် စခန်းသွားနိုင်လျှင် လုံလောက်သည်ဟုဆိုကြသည်။

ကျမ်းမြတ်ကုရ်အာန်ကမူ ဤသို့ခွဲခွဲခြားခြား ဘောင်ခတ်မှုကိုမပြုပါ၊ အလ္လာဟ်အရှင်မြတ်၏ဆွီဖသ်ဂုဏ်တော်နှင့်စပ်လျဉ်း၍ အားလုံးအတွက် တစ်မျိုးတစ်စားတည်း တင်ပြခဲ့သည်၊ အဆင့်မြင့်လက်ရွေးစင် ပုဂ္ဂိုလ်တို့မှသည် အောက်ခြေအဆင့်ပညာမတတ်သောလူပြိန်းအထိ အားလုံးအတွက် တစ်မျိုးတစ်စားတည်းသော ပုံစံဖြင့်သာဖော်ပြသည်၊ ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက် ကို လေ့လာမှုပြုရာတွင် လက်ရွေးစင်ပုဂ္ဂိုလ်တို့မှသည် အောက်ခြေအဆင့် ပညာမတတ်သောလူပြိန်းအထိ အားလုံးအတွက် ဝင်ပေါက်ကို တစ်မျိုးတည်းသောနည်းလမ်းဖြင့် ခွဲခြားခြင်းမဲ့စွာထားရှိခဲ့သည်။

ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်ကို သိရှိသိမြင်နိုင်စေရန် နည်းလမ်းအဖြစ် လူသားတို့၏ ထူးကဲလှသော ဆင်ခြင်တုံတရားကို အခြေခံလျက် သုံးသပ်သိမြင်အသုံးချစေသည်၊ ကျမ်းမြတ်ကုရ်အာန်က လူတို့တွင် ထူးကဲထူးချွန်သော မဟာပညာကျော် ဖြစ်မှသာလျှင် ကြံဆသိမြင်နိုင်မည်ဟု ဘောင်ခတ်မဖော်ပြပါ။ပဟေဠိဆန်စွာလည်းလူတို့စဉ်းစားရာတွင်ခက်ခဲသော ဝေါဟာရများကိုမသုံးပါ။ ဆင်ခြင်တုံတရားအပေါ် အခြေခံထားရှိခြင်းဟူသည်ကား လူသားတို့သည် ဤကမ္ဘာကြီးသည် အလိုအလျောက်ဖြစ်ပေါ်မလာ၊ ဖန်ဆင်းခံခဲ့ရသည်။

ယင်းသို့ဖန်ဆင်းရအောင်ကြီးမြတ်သောပုဂ္ဂိုလ်တစ်ဦးရှိရမည် ဟူသော အချက်များကို ကုရ်အာန်က လွယ်လင့်တကူသိမြင်နိုင်ရန်ဖော်ပြသည်။ ယင်းထက် ပို၍နက်နဲသော သဘောတရား အတွေးအမြင်တို့ကိုမူ လူတို့၏ကြိုးစား အားထုတ် မှုခက်ခဲသော ရှာကြံ တွေ့ရှိမှုမှရရှိသောအရသာနှင့် ခံစားသိရှိမှုမှရရှိ သွားစေသည်။ ယင်းသည် ဘာသာတရား၏တင်ပြချက်မဟုတ်ဘဲ ဘာသာတရား ကိုအခြေခံ၍ လူတို့၏ထူးကဲလှသော ဆင်ခြင်တုံတရားကို အသုံးချခြင်း၏ရလဒ်က ခေါ်ဆိုနိုင် သည်။ ဤအချက်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်က ဖော်ပြထားပုံမှာ .

وَالَّذِينَ جَاهَدُوا فِينَا لَنَهْدِيَنَّهُمْ سُبُلَنَا وَإِنَّ اللَّهَ لَمَعَ الْمُحْسِنِينَ

وَفِي الْأَرْضِ آيَاتٌ لِّلْمُوقِنِينَ وَفِي أَنفُسِكُمْ أَفَلَا تُبْصِرُونَ ،

'အကြင်သူတစ်ဦးတစ်ယောက်သည် ငါ့ထံရောက်ရှိသိမြင်ဖို့ ရှုန်းကန်ကြိုးစားခဲ့ သည်ရှိသော် ယင်းသူတို့ အတွက် ငါသည် လမ်းစကိုဖွင့်ပေးမည်။ အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သောသူများနှင့်ဘယ်သောအခါမျှ ကင်းကွာခြင်းမရှိ သူတို့နှင့် အတူတကွရှိသည်။ ''

(၂၉ း ၆၉)

''ပထဝီမြေကြီးအတွင်း၌ ယုံကြည်သူတို့အဖို့များပြားလှစွာသော သက်သေ သာဓကများရှိသည်။အသင်တို့၏ ခန္ဓာကိုယ်အတွင်း၌လည်းသာဓကသက်သေ လက္ခဏာ ရှိသည်။ သို့ပါသော်လည်း အသင်တို့သည် ရှုမြင် ဆင်ခြင်သုံးသပ်မှုမပြုသလော။''

(၅၁ း ၂၀ - ၂၁)

(၈) ဆက်လက်၍ဖော်ပြမည့်အကြောင်းအရာကားစတင်၍ အစ္စလာမ်ကခံယူ ကျင့်သုံးသည်နည်းနှင့် အခြားအတိတ်ဘာ သာတရားကို ကျင့်သုံးခဲ့သောနည်းလမ်း ၏ခွဲခြားမှုပင်ဖြစ်သည်။ အစ္စလာမ်သည် ထူးချွန်သောပုဂ္ဂိုလ်ထူးများနှင့် သာမန်လူသားတို့အားအသိပေးရာတွင် အားလုံးကိုတစ်မျိုးတည်းသော အသိကိုပေး ခဲ့ခြင်းဖြစ်သည်။ အတိတ်ဘာသာတရားတို့ကမူ ထူးချွန် သော ပုဂ္ဂိုလ်နှင့်သာမန် လူတို့အကြားတွင် တွေးခေါ်မြော်မြင်မှုနှင့်ယုံကြည်မှုဆိုင်ရာတွင် ခွဲခြားစွာဘောင်ခတ် တင်ပြခဲ့သည်။ အစ္စလာမ်ကမူ ဤသို့မပြုပါ။ သို့ရာတွင် လူသားတို့အနေနှင့် ကြိုးစားအားထုတ်မှုအလိုက် ဆင်ခြင်သုံးသပ်မှုမှရသော အဖြေကို ထူးကဲသည် ထက်ထူးကဲစွာ မြင်ရတွေ့ရပေမည်။

လူတို့သည် သူတို့၏ခံစားရမှုငတ်မွတ်မှု အသွင်သဏ္ဌာန်မတူကြ၍ ပုံစံတစ်မျိုး တည်းဖြင့် အဖြေရှာတွေ့ကြံဆခြင်းမရှိပါ။ လူမျိုးတို့ကဘာသာတရား၏

အပေါ်ယံလောက်ကိုသာ ခံစားသိမြင်ရသော်လည်း ပညာထူးကဲသောသူတို့ကမူ သူတို့၏ ဆင်ခြင်သုံးသပ်ခြင်း၏မြင့်မားမှုအလိုက်အဖြေကိုအဆင့်မြင့်စွာ ရရှိပေသည်။ ဤသို့အားဖြင့်ရှာကြံသောနည်းလမ်းပေါင်းမြောက်များစွာကို ဖွင့်လှစ်ပေးထားသည်ရယ်သို့ရှိခဲ့သည်။

တမန်တော်မြတ်ဩဝါဒကျမ်းများဖြစ်သော''ဘူခါရီကျမ်း''နှင့် ''မွတ်စလင်ကျမ်း''တို့တွင် တူညီသော ''ရေဝါတသ်'' တစ်ခုရှိသည်။ ယင်းကို ''ဟဒီစ်ဂျိဗ်ရိလ်''ဟုခေါ်သည်။ ဤသည်ကျော်ကြားလှသော ဟဒီးဆ်တစ်ခုဖြစ်သည်။ ယင်းဟဒီးဆ်တွင် အစ္စလာမ်အခြေခံယူကြည်ချက်၏ အဆင့်သုံးဆင့်ပါသောအချက်ကို တမန်တော်မြတ် က တင်ပြရှင်းလင်းထားသည်ကို တွေ့ရသည်။ ယင်းတို့မှာ(၁) ''အစ္စလာမ်''ဟူသည် ယုံကြည်ချက်သဘောကို လက်ခံအတည်ပြုခြင်း၊ ဤသို့အားဖြင့် ''ဆွလာသ်''၊ ''ဆွိယာမ်''၊ ''ဟဂျ်'' ''ဇကာသ်''ကို လက်တွေ့ကျင့်ကြံခြင်း၊

(၂) ''အီမာန်''ဟူသည် အထက်ပါယုံကြည်ချက်သဘောကို ပိုမိုအဆင့်မြင့်လာသည်အထိလက်ခံကာ ယုံကြည်ချက်အရာကို ''ဟတ်(က)'' သစ္စာတရားအဆင့်အထိတိုင် ပို့ဆောင်ခံယူခြင်း။

(၃)''အဲဟ်ဆာန်''ဟူသည် အလ္လာဟ်အရှင်မြတ်၏လမ်းညွှန်ချက်ကို လိုက်နာကျင့်ကြံရာတွင်အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရှေ့မှောက်တွင် တည်ရှိသကဲ့သို့ခံယူခြင်း၊ဤသို့ခံယူနိုင်စွမ်းမရှိလျှင်လည်းအလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ကျင့်ကြံလုပ်ဆောင်မှုအလုံးစုံကိုစောင့်ကြပ်ကြည့်ရှုနေသည်ဟုခံယူခြင်းပင်ဖြစ်သည်။

ဤသို့ဖော်ပြပါရှာဖွေတွေ့ရှိရသော တမန်တော်မြတ်၏ဩဝါဒတော်ကို သုံးသပ်သည့်ရှိသော် ''ပထမအဆင့်''တွင် ပါဝင်သော သူတို့ကအလ္လာဟ်အရှင်၏ ယုံကြည်ချက်နှင့်ပတ်သက်သော လမ်းညွှန်ချက်ကိုလက်ခံပြီး ယင်းတို့ကို လက်တွေ့ကျင့်ကြံသောသူတို့ဖြစ်သည်။ ယင်းအတွင်ပါဝင်သောသူသည် လူများစုဖြစ်ပြီး လူသာမန်များဖြစ်ကြသည်။

''ဒုတိယအဆင့်''ပါဝင်သောသူကား အစ္စလာမ်တရားတော်ကို ထူးခြားစွာဆန်းစစ်လေ့လာသူများဖြစ်သည်။ယင်းသူတို့သည် ယုံကြည်ချက် ကိုအပေါ်ယံသဘောဖြင့် လက်ခံခြင်းမပြုဘဲသူတို့၏ ဆင်ခြင်တုံတရားကိုအသုံးချကာ ယုံကြည်ချက်ကို ခိုင်မြဲအောင်ပြုသူများဖြစ်ကြသည်။

''တတိယအဆင့်''တွင် ပါဝင်သောသူများကား အထက်တွင် ဖော်ပြသည့်နည်းစဉ်ထက်ပင် ပိုမိုအဆင့်မြင့်မားသော ကျင့်ကြံအားထုတ်မှုဖြင့်

အဲလ်ဆာန်အဆင့်ကို တက်လှမ်းရယူကြသူများဖြစ်သည်။ ယင်းပုဂ္ဂိုလ်တို့သည် လက်တစ်ဆုပ်လက်ရွေးစင်ဖြစ်ပြီး သေချာကျနစွာ လေ့လာကျင့်ကြံအားထုတ်သောသူများဖြစ်၍ ယင်းသူတို့အား သူတို့၏ရှာဖွေတွေ့ရှိရရှိသော အမှန်တရားကို မေးမြန်းလျှင်အဖြေကိုမေးမြန်းသူကို စိတ်တိုင်းကျဖြေဆိုသည်ထက် သူတို့လုပ်သကဲ့သို့လုပ်ကြည့်ပါ အဖြေထွက် လာမည်ဟူ၍သာ ဖြေကြားကြမည်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်ပါစေ သူတို့၏ရှာဖွေတွေ့ရှိချက်သည်ကား အောက်ဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်က ဖော်ညွှန်းသော အလ္လာဟ်အရှင်မြတ်၏ ''ဝါဟီဒုလ်ဝဂျူဒ်'' တစ်ဆူတည်းသော အရှင်၏တည်ရှိခြင်းကို လက်ခံခြင်းဖက်သို့ တဖြည်းဖြည်းခေါ်ဆောင်သွားသည်ကိုတွေ့မြင်ရမည်။ هُوَ الْأَوَّلُ وَالْآخِرُ وَالظَّاهِرُ وَالْبَاطِنُ

''ထိုအရှင်သည် အဦးဆုံး၏အစနှင့်နောက်ဆုံး၏အဆုံးအထိရှိတော်မူသော အရှင်ဖြစ်ပြီးသဘာဝလောကရှိ အရာများကို စဉ်းစားဆင်ခြင်သုံးသပ်လျှင်လည်း ဖန်ဆင်းရှင်ရှိကြောင်း တိတိလင်းလင်းတွေ့ရှိရသကဲ့သို့ ထိုအရှင်အား လူသားတို့သည် အမြင်အာရုံဖြင့် လုံးဝဥဿုံရှုမြင်နိုင်စွမ်းရှိနိုင်ခြင်း မရှိပေ။'' (၅၇ ႏ ၃)

فَأَيْنَمَا تُوَلُّوا فَثَمَّ وَجْهُ اللّٰهِ

''အသင်တို့သည် မည်သည့်အရပ်မျက်နှာကို လှည့်လည်သည်ဖြစ်စေ ထိုအရှင်မြတ်၏ ဥပဒေသအတိုင်း ဘဝကိုတည်ဆောက်ရန်သာရှိသည်။(၂း၁၁၅)

وَنَحْنُ أَقْرَبُ إِلَيْهِ مِنْ حَبْلِ الْوَرِيدِ

''ငါအရှင်မြတ်သည် လူသားများ၏ အသက်သွေးကြောထက်ပင် သူတို့ထက် ပိုမို၍ နီးကပ်စွာရှိသည်။'' (၅၀ ႏ ၁၆)

كُلَّ يَوْمٍ هُوَ فِي شَأْنٍ

'အလ္လာဟ်အရှင်မြတ်သည် မည်သည့်အချိန်ကာလ၌ဖြစ်စေအရှင်၏ ဥပဒေသနှင့်အညီအရာတိုင်းကို တိုးတွက်ဖွံ့ဖြိုးစေသောအရင်းခံများကိုစီမံထားတော်မူထားသည်။''

(၅၅ ႏ ၂၉)

ဤဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်လာအာရသ်များသည် အလ္လာဟ်အရှင်မြတ်အထံသို့ ပြန်လည်၍လှည့်သွားခြင်း သဘောကို ဖော်ညွှန်းပြထားခြင်းဖြစ်သည်။ အစ္စလာမ်တွေးခေါ်ပညာရှင်ကြီးတစ်ဦးဖြစ်သူ ''ရှာဟ်ဝလီယုလ္လာဟ်သခင်'' က ကျွန်ုပ်သည်ဝါဟီဒုလ်ဝဂျူဒ် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်၏ တည်ရှိပုံကို ကုရ်အာန်ကျမ်းမြတ်နှင့်ဟဒီးဆ်တော်အားဖြင့် သက်သေသာဓကကို ဖော်ပြနိုင်သော်လည်း ကျွန်ုပ်တို့သေချာစွာ သိသင့်သိထိုက်မှတ်ယူသင့်သော

အချက်ကား ယင်းတင်ပြ ချက်များ ဆွေးနွေးချက်များသည် အလ္လာဟ်အရှင်မြတ်နှင့် ဝေးကွာသည်ထက် ဝေးကွာသွားခြင်းကို မဖြစ်စေဘဲ အလ္လာဟ်အရှင် မြတ်နှင့် နီးစပ်သည်ထက် နီးစပ်လာခြင်းကိုသာဖြစ်ထိုက်ပါသည်။ အလွန်နက်နဲသော ရှာဖွေကျင့်ကြံအားထုတ်ရခြင်းဖြင့် အလ္လာဟ်အရှင်မြတ်အား ရှာကြံခြင်းကို ကျွန်ုပ်အနေဖြင့် ယုံကြည်ချက်မှသွေဖည်သည်ဟု မမှတ်ယူပါ။ ယင်းသို့ရှုမြင်သုံးသပ်

ခြင်းသည် လူတို့၏ဆင်ခြင်တုံတရား၏ နက်နဲသော ရှာဖွေတွေ့ရှိချက် တစ်ရပ်သာလျှင်ဖြစ်ပေသည်''ဟု ရေးသားထားသည်။

(ဆ)စူရာဖွာတေဟာတွင် ဤဖော်ပြပါ အချက်သုံးချက်ကိုရှင်းလင်းဖော်ပြပုံ က လူသားတို့၏ တွေးခေါ်မှုနှင့်လက်တွေ့ကျင့်ကြံမှုနှင့်ပတ်သက်သော တွေ့ရှိချက်၏အမြင့်မားဆုံးသော အဆင့်ပင်ဖြစ်သည်။ ပထမဦးဆုံးရဗ္ဗူဗိယသ်ကို ဖော်ပြသည်။ ရဗ္ဗူဗိယသ်သည်သာလျှင် သဘာဝလောကကြီးတစ်ခုလုံးကို ခြုံလွှမ်း ထား၍ မြင်နိုင်စွမ်းအရှိဆုံးဖြစ်သည်။ ယင်းနောက်ရဟ်မသ်ကို ဖော်ပြသည်။ ယင်းရဟ်မသ် အပိုင်းကိုမူရဗ္ဗူဗိယသ်ကဲ့သို့အဒါလသ်ကိုဖော်ပြသည်။ အဒါလသ်အဆင့်ကား နောက်ဆုံးအဆင့်ဖြစ်သည်။ ယင်းအဆင့်ကိုမူ ဖော်ပြပါရဗ္ဗူဗိယသ်နှင့် ရဟ်မသ်ကို သိမြင်သူတို့သာလျှင်သိမြင်နိုင်မည်။ အကြောင်းမူ အဒါလသ် သည် ဖြစ်ပျက်မှု၏မှတ်တိုင်အဆုံးဖြစ်ခြင်းကြောင့်ပင်ဖြစ်သည်။ အဒါလသ် ဖြစ်ပေါ် လာရခြင်း မှာလည်း ရဗ္ဗူဗိယသ်နှင့်ရဟ်မသ်၏ဖြစ်ပျက်ပြောင်းလဲမှုကြောင့်သာလျှင် ဖြစ်ပေသည်။

## ''အိဟ်ဒိနဆ်ဆွိရာသွလ် မုစ်တကီမ်'' اهدِنَا الصِّرَاطَ المُسْتَقِيمَ

## ''ဟောဒါယသ်'' هداية

ဟီဒါယာသ်ဟူသည် ဦးဆောင်ဦးရွက်ပြုမှု၊ လမ်းပြမှု၊ လမ်းကြောင်းတွင် ထည့်သွင်းမှုကို ခေါ်ဆိုခြင်းဖြစ်သည်။ ဟီဒါယာသ်၏ အမျိုးအစားအမျိုးမျိုးနှင့် လုပ်ဆောင်သောနည်းနာများနှင့်ပတ်သက်သော ကျမ်းမြတ်ကုရ်အာန်၏ ဖော်ညွှန်း ပြသချက်တို့ကို ဆက်လက်၍ ဖော်ပြရှင်းလင်းသွားပါမည်။ ဤသို့ဖော်ပြရာတွင် အထူးသဖြင့် ဝဟီလမ်းညွှန်ချက်နည်းအားဖြင့် နဗီတမန်တော်အား ဟီဒါယသ် လမ်းညွှန်ပြသချက်အကြောင်းအရာများကို အဓိကထားရှင်းလင်းပါမည်။

အလ္လာဟ်အရှင်မြတ်သည် ရဗ္ဗူဗိယသ်နည်းစနစ်အားဖြင့် သက်ရှိတို့ကို ပုံပန်းသဏ္ဍာန်အခြေအနေနှင့် စွမ်းအင်ပေးခံရသ ကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်

သည် ဟီဒါယသ်နည်းအားဖြင့် သဘာဝလောကကြီးတွင်သက်ရှိတို့၏ ဘဝတည်ဆောက်စေဖို့နည်းလမ်းနှင့် ကောင်းမြတ်သောတည်နေရာကို ပေးခဲ့သည်။ ဤသဘာဝလောကကြီးအတွင်း ဟီဒါယသ်လမ်းညွှန်ပြသခြင်းအားဖြင့် သက်ရှိတို့အား ဘဝ၏အတိမ်အနက်နှင့် ဘဝရပ်တည်မှုဆိုင်ရာလိုအပ်ချက်သာမက ဘဝအတွက်ရုန်းကန်လှုပ်ရှားခြင်းနည်းနာများကိုပါအထောက်အကူဖြစ်စေလေသည်။

အကယ်၍ အလ္လာဟ်အရှင်မြတ်အထံတော်မှ ဤလမ်းညွှန်ချက်သာမရရှိလျှင်သက်ရှိတို့သည် အသက်ရှင်ရပ်တည်ရေးနည်းလမ်းအတွက် မည်သည့် အထောက်အပံ့ကိုမျှရမည်မဟုတ်ပါ။ ကျမ်းမြတ်ကုရ်အာန်၏ယင်းဟီဒါယသ်လမ်းညွှန်ပြသချက်နှင့်ပတ်သက်၍အသေးစိတ်ဖော်ညွှန်းပြသထားသည့် အချက်များသည် စိတ်ဝင်စားဖွယ် ရာ ဖြစ်သည်ကိုတွေ့ရှိရသည်။ ကျမ်းမြတ်ကုရ်အာန်က အရာဝတ္ထုတစ်ခုဖြစ်ပေါ်လာမှုနှင့် ပတ်သက်သော အဆင့်ဆင့်သောဖြစ် စဉ်ကို ကျော်ဖြတ်ဖြစ်ထွန်းတိုးတက်လာမှုတွင် အမြင့်ဆုံးအဆင့်သည် ဟီဒါယသ်၏ အဆင့်ပင်ဖြစ်သည်ဟု ဖော်ပြထားသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဟီဒါယသ်၏ အဆင့် (၄)ဆင့်ကို အောက်ပါအတိုင်း ဖော်ပြလမ်းညွှန်ထားသည်ကို တွေ့ရသည်။

**وَالَّذِي قَدَّرَ فَهَدَى الَّذِي خَلَقَ فَسَوَّى**

''ထိုဖန်ဆင်းပြုစုသော အရှင်သည်သာလျှင် အရာခပ်သိမ်းကို မှန်ကန်လှပစွာနှင့် လိုက်ဖက်ညီမျှအောင်ဖန်ဆင်းပြုစုသည်။ ယင်းနောက် အရာအားလုံးကို ပကတိပုံမှန်အခြေကို ဖြစ်စေသည်။ ယင်းနောက် တိကျသောစနစ်တစ်ခုကိုသတ်မှတ်ပေးသည်။ ယင်းနောက် လမ်းညွှန်ချက်အားဖြင့် ဘဝတည်ဆောက်မှုဖြစ်စေသည်။ (၈၇ း ၂-၃)

ဤဖော်ပြပါကျမ်းတော်မြတ်ကုရ်အာန်၏ လမ်းညွှန်ပြသချက်တို့ကို အသေးစိတ် ထပ်မံရှင်းလင်းပြရလျှင် . . .

(၁) သါခ်လီက် تخليق ဟူသည် အရာအားလုံးကို ဖန်ဆင်းခြင်းအားဖြင့် ဖြစ်ပေါ်လာစေခြင်းကိုခေါ်သည်။

(၂) သဆောင်ဝီယာ تسوية ဟူသည် အရာဝတ္ထုတစ်ခုကို မည်သို့မည်ပုံဖြစ်စေလိုသည်ကို ပကတိပုံစံအတိုင်း ဖြစ်ပေါ်အောင်ပြုခြင်းကို ခေါ်သည်။

(၃) သက္ကဒီရ် تقدير ဟူသည် အရာဝတ္ထုတစ်ခု၏ ရပ်တည်မှုစနစ်ကို ဘောင်ကန့်စည်းသတ်မှတ်ခြင်းကိုခေါ်သည်။

(၄) ဟီဒါယသ် هداية ဟူသည် အရာအားလုံးအတွက် ဘဝရပ်တည်မှုနှင့် အသက်ရှင်ရပ်တည်မှုအတွက် လမ်းကြောင်းဖွင့်ပေးခြင်းကိုခေါ်သည်။

ဤဖော်ပြပါသတ်မှတ်ချက်ကို မျက်စိတွင် ကွက်ကွက်ကွင်းကွင်း မြင်နိုင်စေဖို့ သက်ရှိသတ္တဝါအနက် ငှက်ကိုဥပမာ ထား၍ ထပ်မံရှင်းလင်းပါမည်။

(၁) ငှက်ကို သက်ရှိအဖြစ်ဖြစ်ပေါ် ပေါ်ထွန်းလာရခြင်းသည် **သါခ်လိက်** **تخليق** ဖန်ဆင်းခံရသည်ဟု ခေါ်ဆိုပါသည်။

(၂) ယင်းငှက်အားလှုပ်ရှားသွားလာမှုနှင့်ပျံသန်းမှုလွယ်ကူအောင် ပြုပေးထားခြင်းသည် **သဆောင်ဝီယာ** تسويه ပကတိပုံစံပုံကို ခေါ်ခြင်းဖြစ်သည်။

(၃) ငှက်ကို သတ်မှတ်ထားသောဘောင်အတွင်းသာ လှုပ်ရှားနိုင်အောင် စနစ်ပြုပေးထားသည်။ ငှက်သည် လေထဲတွင်ပျံသန်းနိုင်သော်လည်း ငါးကဲ့သို့ ရေထဲတွင် နေနိုင်ခြင်းမရှိခြင်းသည် သူ၏ **သက္ကဒီရ်** تقدير ရပ်တည်မှုစနစ်ကိုစည်း သတ်မှတ်ပေးထားနိုင်ခြင်းဖြစ်သည်။

(၄) ငှက်အဖို့အလ္လာဟ်အရှင်က ပေးထားသောဇာတိစိတ်ထားဖြင့် မည်သည့် နေရာတွင် နေထိုင်သင့်ပြီး အဘယ်ကဲ့သို့အစားအစာကို ရှာဖွေစားသုံးရမည် ဟူသောအသိကို ဟိဒါယသ် هداية အားဖြင့်ရရှိခြင်း ဖြစ်သည်။

ကုရ်အာန်ကဆိုသည်။ အလ္လာဟ်အရှင်မြတ်၏ ရဗူဗီယသ်စည်းစနစ်၏ ရည်ရွယ်ချက်၏ ဖန်တီးပေးမှုကြောင့် သက်ရှိ တိုင်းကို သူတို့နှင့်လိုက်လျောညီသော ဘဝရပ်တည်မှုကိုပေးထားပြီး သူတို့၏အတွင်းအပြင် အင်အားကို ကောင်းမွန်စွာ တည်ဆောက်စေရုံသာမက သူတို့၏လှုပ်ရှားမှုအတွက် အခြေအနေကို ဖန်တီးပေးထားခဲ့သလိုသူတို့၏အတွက်တက်လှမ်းဖို့နည်းလမ်းကိုလည်း ချမှတ်ပေး သည်ဟုဆို၏။

''ကျွန်ုပ်တို့၏ရဗ်အရှင်သည်ကား သက်ရှိအရာတိုင်းကို ပုံဖော်မှုပြုကာ သူတို့၏လှုပ်ရှားမှုနည်းလမ်းကိုဖွင့်လှစ်ပေးသည်။'' (၂၀ ႏ ၅)

ကျမ်းတော်မြတ်ကုရ်အာန်သည် အီဗရာဟီနဗီအကြောင်းကို ဖော်ပြရင်းက အီဗရာဟီမ်၏ယုံကြည်ချက်ကိုအောက်ပါအတိုင်း ဖော်ပြထားသည်။

وَإِذْ قَالَ إِبْرَاهِيمُ لِأَبِيهِ وَقَوْمِهِ إِنَّنِي بَرَاء مِّمَّا تَعْبُدُونَ إِلَّا الَّذِي فَطَرَنِي فَإِنَّهُ سَيَهْدِينِ

''ထိုအခါ အီဗရာဟီမ်သည်ဖခင်နှင့်သူ၏လူ့အဖွဲ့အစည်းဝင်တို့အား အသင်တို့ဆည်းကပ်ကိုးကွယ်သောအရာများနှင့်ကျွန်ုပ်သည်မည်သို့မျှမသက်ဆိုင်ပါ။ ကျွန်ုပ်၏ ဆက်သွယ်မှုကား ကျွန်ုပ်အားဖန်ဆင်းပြုစုပျိုးထောင်သောအလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်၍ ထိုအရှင်သည် သာလျှင် ကျွန်ုပ်အား လမ်းညွှန်ပြသတော်မူမည်ဟု ဆိုသည်။''(၄၃ ႏ ၂၆-၂၇)

အထက်ပါအာယသ်တော်တွင် ဖော်ပြထားသော الَّذِي فَطَرَنِي فَإِنَّهُ سَيَهْدِينِ သည် ကျွန်ုပ်အားခန္ဓာကိုယ်နှင့်ဘဝရပ်တည်မှုပေးသောအရှင်သည် ကျွန်ုပ်တို့အတွက်လိုအပ်သောဟီဒါယသ်လမ်းကိုလည်းပေးထားပြီးဖြစ်သည်ဟု ကုရ်အာန်က ဆိုလိုကြောင်းသိရသည်။ ဤအချက်ကို ပိုမိုရှင်းလင်းစွာဖြင့် စူရာဟ်ရှအ်ရာဟ်တွင် အောက်ပါအတိုင်း ဖော်ပြထားပြန်သည်။

وَإِذَا مَرِضْتُ فَهُوَ يَشْفِينِ وَالَّذِي هُوَ يُطْعِمُنِي وَيَسْقِينِ الَّذِي خَلَقَنِي فَهُوَ يَهْدِينِ

"ကျွန်ုပ်တို့ကို ဖန်ဆင်းသောအရှင်သည်သာလျှင် ကျွန်ုပ်တို့အား ဟီဒါယသ်လမ်းကြောင်းကို ပြသမည်။ ထိုအရှင် သည်သာလျှင် ကျွန်ုပ်တို့ကို အစားအသောက်ကိုပေးပြီး ကျွန်ုပ်တို့ မကျန်းမမာဖြစ်စဉ်တွင်လည်း ကျန်းမာမှုကိုပေးသနားသည်။" (၂၆ း ၈၀)

ကျွန်ုပ်တို့အားအလ္လာဟ်အရှင်မြတ်သည် ဘဝရပ်တည်မှုအတွက် အလုံးစုံသောအရာကို ပေးခဲ့သည်။ စားဖို့အစားအစာ၊ သောက်ဖို့ရေ၊ ရောဂါဖြစ်ချိန်တွင် ယင်းရောဂါပျောက်ကင်းစေဖို့ဆေးဝါးများကို ပေးထားပါလျက်နှင့် ဘဝလမ်းကြောင်းအတွက်ကိုမူလမ်းညွှန်ချက်မပေးဘဲ နေနိုင်စရာရှိပါမည်လား။ ဖန်ဆင်းအရှင်ညအလ္လာဟ်သာလျှင် ကျွန်ုပ်တို့၏ ဘဝရပ်တည်မှုအတွက် လမ်းညွှန်မှုပြုမည်။ ဤအချက်ကိုကုရ်အာန်ကအောက်ပါအတိုင်း ဖော်ညွှန်းသည်။

إِنِّي ذَاهِبٌ إِلَىٰ رَبِّي سَيَهْدِينِ "ကျွန်ုပ်တို့သည် အလုံးစုံသော အရာအားလုံးတို့ကိုစွန့်ကာ ကျွန်ုပ်အား ဖန်ဆင်းပြုစုပျိုးထောင်သော အလ္လာဟ် အရှင်မြတ်ထံဖက်သို့ ဦးတည်သည်။ အရှင်သည်သာလျှင် ကျွန်ုပ်၏ဘဝရပ်တည်မှုအတွက် လမ်းညွှန်မှုပြုသည်။"(၃၇ း ၉၉)

အထက်ပါအာယသ်တွင် အသုံးပြုထားသော رَبِّي ဟူသောစကားလုံးကို သေချာစွာလေ့လာသည်ရှိသော် **"ကျွန်ုပ်အား ဖန်ဆင်းပြုစုပျိုးထောင် သော အရှင်" ကျွန်ုပ်တို့၏ဘဝရပ်တည်မှုအတွက် လမ်းဖွင့်ပေးသည်ဆိုသည်မှာ** ယုံမှား သံသယဖြစ်စရာ မလိုပါ။

## ဟီဒါယသ် အစဦးအဆင့်သုံးဆင့်

ဟီဒါယသ်နှင့်စပ်လျဉ်း၍ သတ္တဝါတို့တွင် အဆင့်ဆင့်သောသတ်မှတ်ချက်ရှိသည်။ သတ္တဝါဟု ရေးသားရခြင်းမှာ လူအပါအဝင် သက်ရှိသတ္တဝါအားလုံးကို ခြုံငုံစွာ ဖော်ပြလေ့လာလို၍ ဖြစ်ပါသည်။ ပထမဦးဆုံး တွေ့ရှိရသောအဆင့်က **"ဝါဂျ်ဒါန်"**ဟုခေါ်သည့် 'ပင်ကိုယ်သိမှု' နှင့်ပတ်သက်သောအချက် ဖြစ်သည်။ ပင်ကိုယ်သိမှုသည် သတ္တဝါတို့အတွင်း အလ္လာဟ်အရှင်မြတ်က ထည့်သွင်းထားသောကြောင့် သတ္တဝါတိုင်းသည် မွေးဖွားလာလျှင်လာခြင်း အစာရေစာအတွက်

ငိုယိုတောင်းဆိုအသိပေးပြခြင်း ဖြစ်သည်။ မည်သူမျှ သင်ပေးခြင်းမရှိဘဲ မိခင်၏နို့ထွက်ရာနေရာကို မိမိတို့မူလက သိတတ် ကျွမ်းသည့်အသွင် စို့ယူသည်။ ဤသို့အားဖြင့် သူတို့လိုအပ်သော အစာရေစာကို ဖြည့်တင်းရယူခြင်း ဖြစ်သည်။

ဤဝါဂ်ျဒါန်ခေါ်သိမှု၏နောက်တွင် "**အာရုံငါးပါးခံစားမှုအသိ** "ဟဝါစ်" ၏ حواس خمسه ဟိဒါယသ်၏အဆင့်ရှိသည်။ ဤအဆင့်အားဖြင့် သတ္တဝါတို့သည် မြင်နိုင်သည်။ ကြားနိုင်သည်။ လမ်းလျှောက်နိုင်သည်။ ကိုင်နိုင်သည်။ ရနံ့ကို ရှူရှိုက်နိုင်သည်။ ဤသို့အားဖြင့် ခန္ဓာကိုယ်ပြင်ပနှင့် ပတ်သက်သောသိမှုကို ရယူခြင်းဖြစ်သည်။ ဤဖော်ပြပါအဆင့်နှစ်ဆင့်ကို လူနှင့်တိရစ္ဆာန် နှစ်မျိုးစလုံး ရရှိကြသည်။ သို့ရာတွင် ယင်းအဆင့်ကို ကျော်လွှား၍ တတိယဆင့်ဖြစ်သော **ဆင်ခြင်တုံတရားအားဖြင့် ဆန်းစစ် သိမြင်မှုကိုမူလူသားတို့သာရရှိခြင်း** ဖြစ်သည်။ ဤဆင်ခြင်တုံတရားအားဖြင့် လူသားတို့ကို ထူးကဲသောအသိနှင့် ထူးကဲသော တိုးတက်မှု၏လမ်းကို ဖွင့်ပေးခံရခြင်းဖြစ်သည်။ ဤဆင်ခြင်တုံတရား အားဖြင့်လည်း သတ္တဝါအားလုံးသည် လူတို့၏ အစေအပါး ဖြစ်လာရသည်။

ဤဆင်ခြင်တုံတရားအားဖြင့် လူတို့သည် ဝင်ကိုယ်အသိနှင့် အာရုံငါးပါးကို မြင့်မားသောနေရာတွင် အသုံးချအသုံး ပြုခွင့် ရရှိသည်။ ဤသို့သောအဆင့်သည် တိရစ္ဆာန်လောကနယ်ပယ်တွင် မလိုအပ်၍ ဤအခွင့်အရေးကို မရရှိခြင်း ဖြစ်သည်။

**ဆင်ခြင်တုံတရား၏ အရင်းအမြစ်ဟူသည် အဘယ်နည်း။** ယင်း၏အရင်းအမြစ်သည် တိရစ္ဆာန်တွင်ရှိခဲ့သောပင်ကိုယ်အသိစိတ်နှင့်အာရုံငါးပါးအားဖြင့် ခံစားမှုထက်မြင့်မား သောအရာပင်ဖြစ်သည်။လူသားသည်သက်ရှိလောက၏အမြင့်မား ဆုံးအဆင့်ဖြစ် ရခြင်းမှာ လူသားတို့၏ တွေးမြင်သုံးသပ်မှုကို ဖြစ်စေသော ဆင်ခြင်တုံတရား၏ အမြင့်မားဆုံးသော အဆင့် ကြောင့်သာလျှင် ဖြစ်သည်။ ရုက္ခလောကတွင် ဖုံးလွှမ်းနေသယောင်ရှိပြီး တိရစ္ဆာန်လောကတွင် ပေါ်လွင်နေ သောအသိများသည် လူသားတို့ထံရောက်ရှိလာသောအခါ အံ့ဖွယ်ရာအဆင့်သို့ ရောက်ရှိလာတော့သည်။ ယင်းအံ့ဖွယ်ရာအဆင့်ကို ဆင်ခြင်တုံတရား၏ အရင်းအမြစ်ဖူးပွင့်ရာဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။

ဤဖော်ပြပါအဆင့်သုံးဆင့်ပါသော သိမှုဆိုင်ရာသည် တစ်ခုနှင့်တစ်ခု မတူညီဘဲဘောင်ခတ်ထားမှုရှိသည်။ ယင်းဘောင်ခတ်ထားမှုကိုမည်သူမျှ ကျော်လွှား နိုင်ခြင်းမရှိပါ။ အကယ်၍ အဆင့်ဆင့်သောသိမှုကို အလ္လာဟ်အရှင်မြတ်က ပေးမထားခဲ့လျှင်ကျွန်ုပ်တို့၏ဆင်ခြင်တုံတရားသည်ဖြစ်ထွန်းတိုးတက် လာမည် မဟုတ်ပါ။

မွေးရာပါအသိ ဝါဂျ်ဒါန်သည် ရယူလိုမှုစိတ်ဓါတ်၊ လှုပ်ရှားမှုစိတ်ဓါတ်ကို ဖြစ်စေမည်။ ယင်းစိတ်ဓါတ်အားဖြင့် ဘဝဆိုင်ရာလမ်းကြောင်းသို့ လျှောက်လှမ်းဖို့ စိတ်ပါဝင်စားလာရသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ပြင်ပမရှိ အရာများနှင့်ပတ်သက်၍မူဝါဂျ်ဒါန်သိမှုစိတ်သည်ကူညီမှုမပြုနိုင်ပါ။ ယင်းခန္ဓာကိုယ်ပြင်ပကိစ္စရပ်နှင့် ပတ်သက်၍ကျွန်ုပ်တို့သည်အာရုံငါးပါး၏ အကူအညီလိုအပ်လာသည်။ သိမှုဆိုင်ရာက အလုပ်မလုပ်နိုင်သောအခါ အာရုံငါးပါးက နိုးကြားလာရသည်။ မျက်စိအားဖြင့် မြင်ရသည်။ နားအားဖြင့် ကြားသိရသည်။ လျှာအားဖြင့် အရသာခံစားရသည်။ လက်အားဖြင့်ကိုယ်တွင်ရသည်။ နှာခေါင်း အားဖြင့် ရှူရှိုက်ရသည်။ ဤနည်းအားဖြင့် ခန္ဓာကိုယ်ပြင်ပကိစ္စရပ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် အာရုံငါးပါး၏ အကူအညီကို ရယူသည်။

သို့ရာတွင် အာရုံငါးပါးသည်လည်း သူ၏အဆင့် သူ၏ဘောင်ကန့်သတ်မှုကို ကျော်လွှား၍ အလုပ်လုပ်နိုင်စွမ်းမရှိပါ။ မျက်စိသည်မြင်ရသည်။ သို့ရာတွင် အလင်းရောင်မဲ့သောနေရာတွင်လည်းကောင်း၊ အလွန်ဝေးလံသော နေရာကိုလည်းကောင်း၊ မျက်စိကမြင်နိုင်ရန် အကူအညီမပေးနိုင်တော့၊ သို့ဖြစ်၍ ယင်းအာရုံပါးပါးသည်လည်း အလုပ်လုပ်ဖို့ကန့်သတ်ချက်များကို သဘာဝတရားကသတ်မှတ်ထားခြင်းဖြစ်သည်။

သို့ဖြစ်၍ ပင်ကိုယ်သိမှုသည်အရာဝတ္ထုနှင့်စပ်လျဉ်း၍ သိမြင်ဖို့လောက်သာပြုနိုင် စွမ်းရှိသည်။ သို့ရာတွင် ပင်ကိုယ်သိမြင်မှုသည်လည်း လုံလောက်သော အရာမဟုတ်၊ ယင်းသိမြင်မှုမှရရှိသောအရာများကို ဆန်ခါချ၍ အဖြေဖော်ထုတ်ရယူနိုင်ခြင်းသည်လည်း အရေးကြီးသည်။ ထိုအခါ အမိန့်လမ်းညွှန်ချက်သည် လိုအပ်သည်။ ဤသို့ဆောင်ရွက်ရာတွင် အမိန့်ညွှန်ကြားချက်နှင့် ပေါင်းစည်းဆောင်ရွက်နိုင်သော အမြင်ရှိမှုဖြစ်မည်။ ထို့ကြောင့် ပေါင်းစည်းနိုင် သောအမြင်ရှိဖို့ လိုအပ်လာသည်။ ယင်းတာဝန်ကို ဆင်ခြင်တုံတရားအားဖြင့်သာ ပြုလုပ်နိုင်သည်။ ဆင်ခြင်တုံတရားသည် သိမှုကပေးသော အသိကိုအာရုံငါးပါးအားဖြင့်သိရှိကာ ယင်းကို ပုံစံဖော်ကာအမိန့်လမ်းညွှန်ချက်နှင့်အတူ ပေါင်းစည်းဆောင်ရွက်မှုကိုဖြစ်စေသည်။

အထက်ဖော်ပြချက်များကို ပြန်လည်သုံးသပ်လျှင် ဝဂျ်ဒါန် ပင်ကိုအသိကို အာရုံငါးပါးကထိန်းသိမ်းကာ၊အာရုံငါးပါးကိုဆင်ခြင်တုံတရားက ထိန်းချုပ်ထားနိုင်ခြင်း သည် အရေးကြီးကြောင်းသိရသည်။ ပင်ကိုယ်သိမှုသည် အာရုံငါးပါး၏ ထိန်းချုပ်မှု အောက်မှပင် အပြစ်ကင်းသည်ဟုမရှိ၊ တစ်ခါတစ်ရံမှားယွင်းသော အဖြေကိုပေးတတ်သည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် အလွန်ဝေးလံသောနေရာမှ အမည်းစက်တစ်ခုအဖြစ် မြင်နေရသောအရာသည် အနီးကပ်ကြည့်သောအခါ

အဆောက်အဦးတစ်ခု၏ လှုပသောအမိုးဖြစ်နေသည်။ကျွန်ုပ်တို့သည် ရောဂါဖြစ်ချိန်တွင်ပျားရည်ကိုလျှာဖြင့်တို့ကြည့်သောအခါ ခါးသယောင်ခံစားရသည်။ တစ်ခါတစ်ရံ ရေကန်ထဲတွင်ရှိနေသော သစ်ကိုင်းကိုကြည့်လျှင် သစ်ကိုင်းသည် တည့်မတ်စွာ မရှိဘဲယိမ်းယိုင်နေသယောင်မြင်ရသည်။ တစ်ခါတစ်ရံနားအတွင်း အကြောင်း မရှိဘဲရိုက်ခတ်သံကို ကြားနေရသည်။

အကယ်၍ အာရုံငါးပါးထက် အဆင့်မြင့်သောအသိကို အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့အားပေးထားခြင်းမရှိပါက ကျွန်ုပ်တို့သည် ယင်းအာရုံငါးပါးကပေးသောအသိ မှားယွင်းမှုအတွင်းနစ်မွန်းနေပေမည်။ ကျွန်ုပ်တို့သည် အာရုံငါးပါးကပေးသော မှားယွင်းသောသိမြင်မှုကို ဆင်ခြင်တုံတရားအားဖြင့် ဆန်းစစ်သုံးသပ်သောအခါ အလွန်းဝေးလံသောဒေသရှိ ကျွန်ုပ်တို့အား အလင်းပေးနေသောနေသည် ကျွန်ုပ်တို့ထင်ထားသလို ငွေရောင်သုတ်ထားသော စလိုက်မဟုတ်သလို၊ ကျွန်ုပ်တို့ကခါးသရောင် ထင်ရသော ပျားရည်သည် ကျွန်ုပ်တို့၏ ပါးစပ်အခြေအနေ နေထိုင်မကောင်းခြင်းကြောင့်သာ ခါးသရောင်ထင်ရခြင်းဖြစ်သည်။ ပျားရည်သည် အစဉ်ချိုသောအရာဖြစ်သည်ဟူသော အသိကိုဆင်ခြင်တုံတရားကပေးသည်။

ရေကန်ထဲတွင် သစ်ကိုင်းသည် ယိမ်းယိုင်ရခြင်းမှာ သိပ်သည်းခြင်း မတူသော နယ်ပယ်နှစ်ခုကို ထိတွေ့နေမှုကြောင့် အလင်းယိုင်ခြင်းဖြစ် သည်ဟူ သောအသိကိုဆင်ခြင်တုံတရားကပေးသည်။ရေကန်ထဲတွင် သစ်ကိုင်းသည် ယိမ်းယိုင်ရခြင်းမှာ သိပ်သည်းခြင်းမတူသော နယ်ပယ်နှစ်ခုကို ထိတွေ့နေမှုကြောင့် အလင်းယိုင်ခြင်းဖြစ်သည်ဟူသောအသိကို ဆင်ခြင်တုံတရားကပေးသည်။ နားထဲတွင် အကြောင်းမရှိဘဲရိုက်ခတ်သံကြားရခြင်းမှာ နေထိုင်မကောင်းခြင်းကြောင့် လူ၏ခန္ဓာကိုယ်အတွင်းရှိ လှည့်ပတ်နေသောစနစ်မှထွက်လာသောအသံ ဖြစ်သည်ဟု ဆင်ခြင်တုံတရားက ကျွန်ုပ်တို့အား ဆန်းစစ်ကာအဖြေပေးသည်။

အထက်တွင်ဖော်ပြထားသကဲ့သို့ပင် အသိကိုအာရုံကချုပ်ကိုင်သကဲ့သို့ အာရုံကိုဆင်ခြင်တုံတရားကလမ်းပြသည်။ ဖော်ပြပါအရာများသည် ကန့်သတ်ထားသော ဘောင်အတွင်းလုပ်ကိုင်နေရ၍ ယင်းတို့ကို ကျော်လွှားကာအလုပ်လုပ် မပေးနိုင်ပါ။ ဆင်ခြင်တုံတရားသဘောကိုလည်းလေ့လာလျှင် ယင်းသည်လည်း သတ်မှတ်ချက်ထက်ပို၍ အလုပ်လုပ်မပေးနိုင်ကြောင်းကို တွေ့ရပြန်သည်။ သို့ဖြစ်၍ ဆင်ခြင်တုံတရားကို လမ်းညွှန်ပြဖို့အရာတစ်ခုကလိုအပ်ပြန်သည်။ ယင်းလိုအပ်သော ၇အရာကား အာရုံငါးပါးက ဖော်ပြခြင်းမရှိလျှင်မသိရသလို၊ သိမှုကအာရုံငါးပါးကို အကြောင်းဖော်ပြခြင်းမရှိလျှင်အာရုံပါးပါးက ဘာမျှမလုပ်နိုင် သို့ဖြစ်၍ ယင်းအဆင့် နယ်ပယ်၊ဘောင်ခတ်မှုကိုကျော်လွှားပြီးကန့်လန့်ကာ နောက်ကွယ်တွင် အဘယ်အင်

အားစုက ထပ်မံပြီး ထိန်းချုပ်ပါသနည်းဟူသော အမေးကိုစူးစမ်းဖို့လိုအပ်လာသည်။

လက်တွေ့ဘဝတွင် ဆင်ခြင်တုံတရားသည် ကျွန်ုပ်တို့အား တိကျသော လမ်းညွှန်မှုကို မပြုနိုင်သည်ကိုတွေ့ရသည်။ လူ၏ နဖ်စ်သည် အမျိုးမျိုးသော အာသီသ၊ အမျိုးမျိုးသော တက်မက်မှုနောက်ဝယ်လိုက်နေခြင်းကြောင့် နဖ်စ်နှင့် ဆင်ခြင်တုံ တရားစပ်ကြားတွင် ပဋိပက္ခများအစဉ်ဖြစ်ပွားလျက်ရှိနေတတ်သည်။ အများအားဖြင့် လူတို့၏ တပ်မက်မှုအာသီသကသာလျှင် အောင်ပွဲခံပြီးဆင်ခြင်တုံတရားသည်ရှုံးနိမ့်ရသည်။

ဆင်ခြင်တုံတရားက ဤအလုပ်ကြောင့် မည်ရွေ့မည်မျှ ဆုံးရှုံးမှုဖြစ်နိုင်သည်ကို သက်သေခိုင်လုံစွာဖော်ပြနေပါလျှက် လူ၏နာဖ်စ်ကမူ ဤအလုပ်မလုပ်လျှင် မဖြစ်ဟူ၍သာ စကားတစ်ခုတည်းကိုသာပြောနေသည်။ ကျွန်ုပ်တို့သည် ဆင်ခြင်တုံတရား၏ တင်ပြချက်များကို ဥပေက္ခာမျက်မှောက်ပြုကာ နဖ်စ်၏ နောက်သို့တစ်ကောက်ကောက်လိုက်ပါလေ့ရှိသည်။ ဆင်ခြင်တုံတရား၏ အဖိုးမဖြတ်နိုင်သောတင်ပြချက်များကိုပစ်ပယ်ကာ၊ ဒေါသနှင့်ရာဂစိတ်ဖြစ်ချိန်တွင် အမှောက်အမှားမှား ပြုလုပ်လေ့ရှိသည်။ ဝေ်ပြတ်နေချိန်တွင် မိမိ၏ အစာဝေ်ပြတ်မှုတစ်ခုကိုသာ ရှေ့တန်းတင်၍ ဆုံးဖြတ်လေ့ရှိတတ်သည်။

အလ္လာဟ်အရှင်မြတ်၏ရဗ္ဗူဗီယသ်စနစ်သည် ကျွန်ုပ်တို့အားသိမှုကို ထိန်းသိမ်းရာအဖြစ် အာရုံငါးပါးကိုပေးထားသည်နည်းတူအာရုံငါးပါးကို ဆင်ခြင်တုံတရားအားဖြင့် အကဲဖြတ်ခွင့်ပြုထားပါလျှင်၊ ယင်းထက်ကြီးမားသော အခက်အခဲကို ကိုင်တွယ်ရာတွင် ဆင်ခြင်တုံတရား၏ မှားယွင်းမှုကို အလင်းဆောင်ပေးမည့် လမ်းညွှန်ချက်ကားမလိုအပ်မပေးထားပါဟုဆိုနိုင်ပါမည်လော။

ကျမ်းမြတ်ကုရ်အာန်ကဆိုသည် လူသားတို့အဖို့ အထက်တွင် ဖော်ပြသိရှိပြီးဖြစ်သည့် အဆင့်သုံးဆင့်သောသိမြင်မှုအပြင် ယင်းတို့ကို ထိန်းချုပ်ထားသော ဟီဒါလမ်းညွှန်ချက်ကိုလည်း ပေးထားသေးသည်ဟုဆို၏။ ယင်းဟီဒါယသ်လမ်းညွှန်ချက်ကို ကုရ်အာန်က ဝဟီဟုခေါ်ဆိုသတ်မှတ်သည်။ နဗူဝသ်နည်းအားဖြင့် ပေးအပ်သော ဟီဒါယသ်လမ်းညွှန်ချက်ဟု ပြည့်စုံစွာဖော်ပြ နိုင်သည်။ ဤအချက်နှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်တွင် အလွန်ပြည့်စုံစွာဖြင့် နဗူဝသ်ကချီးမြှင့်သော ဟီဒါသ်လမ်းညွှန်ချက် ကိုဖော်ပြထားသည်။

إِنَّا خَلَقْنَا الْإِنسَانَ مِن نُّطْفَةٍ أَمْشَاجٍ نَّبْتَلِيهِ فَجَعَلْنَاهُ سَمِيعًا بَصِيرًا

إِنَّا هَدَيْنَاهُ السَّبِيلَ إِمَّا شَاكِرًا وَإِمَّا كَفُورًا

''ကေန်အမှန် ငါအရှင်သည် လူသားအား ရေနှောပေါင်းစပ်ထားသော ကာလရေကြည်တစ်စက်ဖြင့်ဖန်ဆင်းတော်မူ၏ ယင်းနောက်အဆင့်ဆင့်သော အခြေအနေသို့ရောက်ရှိပြီးကြားရသူ၊ မြင်ရသူအဆင့် ဆင့်သို့ရောက်ခဲ့ရသည်။ ငါအရှင်သည် ထိုသူတို့အား လမ်းညွှန်လမ်းမှန်ကိုပြသတော်မူ၏ အသင်တို့သည်အရှင်မြတ်ဘက်မှ ချမှတ်သောလမ်းစဉ်ဖြင့် ဘဝကိုတည်ဆောက်လျှင် တည်ဆောက်နိုင်သကဲ့သို့ ငြင်းပယ် ကာ မကျင့်သုံးချင်လျှင် လည်းရပါသည်။ ကျေးဇူးသိတတ်သောသူလည်းကောင်း၊ ကျေးဇူးကန်းသူသော်လည်း ကောင်း ဖြစ်စေဖို့ကား၊ သူတို့အဖို့ရာ၌သာတည်သည်။'' (၇၆ း ၂)

ဆိုလိုသည်ကား တရားလမ်းမှန်ကိုလမ်းညွှန်ပြသခံရပြီးနောက် ကောင်းမွန်သောအပြုအဘောဆောင်သောလုပ်ငန်းကိုလုပ်ခြင်းသောလည်းကောင်း၊ ကျေးဇူးကန်းသော အဖျက်သဘောအလုပ်ကို လုပ်ဆောင်ခြင်းသော်လည်းကောင်း၊ လူသားတို့အပေါ်တွင်မူတည်သည်ဟုဆိုခြင်းဖြစ်သည်။လူတို့အား ဤလမ်းနှစ်သွယ်ကို လွတ်လပ်စွာရွေးချယ်ခွင့်ပေးထားခြင်းဖြစ်သည်။

أَلَمْ نَجْعَل لَّهُ عَيْنَيْنِ وَلِسَانًا وَشَفَتَيْنِ وَهَدَيْنَاهُ النَّجْدَيْنِ

''ငါအရှင်သည် ထိုသူတို့အား မျက်စိနှစ်လုံးကိုပေးသည်မဟုတ်ပါလား၊ လျှာနှင့်နှုတ်ခမ်းကိုလည်းပေးသည် မဟုတ်ပါလား၊ထို့မှတစ်ပါးငါအရှင်သည်အကောင်းနှင့် အဆိုးကိုခွဲခြားနိုင်သော လမ်းနှစ်သွယ်ကိုလည်း ညွှန်ပြတော်မူခဲ့မဟုတ်ပါလော'' (၉၀ း ၆)

وَجَعَلَ لَكُمُ السَّمْعَ وَالأَبْصَارَ وَالأَفْئِدَةَ لَعَلَّكُمْ تَشْكُرُونَ

''အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကို သိရှိစေဖို့အလို့ငှာ၊ အသင်တို့အား ကြားနိုင်၊ မြင်နိုင်သောအသိကို ပေးထားခဲ့သည်။ ဆင်ခြင်သုံးသတ်မှုရန် နှလုံးသားကိုလည်း ပေးသနားခဲ့သည်။'' (၁၆ း ၈၀)

အထက်ဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်လာ အာယတ်များတွင် အသိ၊ အာရုံနှင့်ဆင်ခြင်တုံတရားနှင့်စပ်လျဉ်း၍ လမ်းညွှန်ဖော်ပြထားသကဲ့သို့ လူသားတို့၏ အရေးပါလှသော အပိုင်းအခြားကို ဖော်ပြရာတွင်လည်း အလ္လာဟ်အရှင်မြတ်၏ ဝဟီလမ်းညွှန်ချက်အဖြစ် ရည်ညွှန်းဖော်ပြထားသည်ကိုတွေ့ရသည်။

إِنَّ عَلَيْنَا لَلْهُدَى وَإِنَّ لَنَا لَلْآخِرَةَ وَالْأُولَى ''ကေန်အမှန်ငါ၏တာဝန်သည် လမ်းညွှန်ပြသရခြင်းပင်ဖြစ်သည်။ အမှန်စင်စစ် အားခေရတ်နှင့်ဤမျက်မှောက် အခြေအနေတို့ကို ငါသည်သာလျှင် ပိုင်ဆိုင်သည်။'' (၉၂ း ၁၃)

وَأَمَّا ثَمُودُ فَهَدَيْنَاهُمْ فَاسْتَحَبُّوا الْعَمَى عَلَى الْهُدَى

"ဆမုဒ်လူမျိုးစုအားငါသည် လမ်းမှန်ကိုပြသခဲ့သော်ငြားလည်း၊ သူတို့သည် လမ်းညွှန်ချက်ကို ပစ်ပယ်ကာ အမှောက်မိုက်တွင် လျှောက်လှမ်းခြင်းကို ရွေးချယ်ခဲ့သည်။ " (၄၁ : ၁၆)

وَالَّذِينَ جَاهَدُوا فِينَا لَنَهْدِيَنَّهُمْ سُبُلَنَا وَإِنَّ اللَّهَ لَمَعَ الْمُحْسِنِينَ

"အကြင်သူတို့ ငါ၏လမ်းညွှန်ချက်ပေါ်တွင် ရုန်းကန်လှုပ်ရှားအားထုတ်ခဲ့သည့်ရှိသော် ငါသည်သူတို့အတွက်လမ်းမှန်ကို ဖွင့်လှစ်ပေးမည်၊ ကေန်အမှန် ငါသည် ကောင်းမြတ်သောသူတို့၏ အဆွေခင်ပွန်းဖြစ်သည်။" (၂၉ : ၆၉)

ကျမ်းမြတ်ကုရ်အာန်တွင်သုံးသော အရဗီစာပေဝေါဟာရတွင် ကလမ်နှင့် ဖဝါဒ်တို့၏အဓိပ္ပါယ်မှာ ခန္ဓာကိုယ် အစိတ်အပိုင်းသက်သက်ကိုသာ ဆိုခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် နှလုံးသားဟုဖော်ညွှန်းရာတွင် ဆင်ခြင်တတ်မှုကိုပါ ဒွန်တွဲဖော်ပြသကဲ့သို့ဖြစ်သည်။ ဤကဲ့သို့ပင် ကုရ်အာန်က ကလမ်နှင့် ဖဝါဒ်ကို ဖော်ပြလေတိုင်း ဆင်ခြင်တုံတရားကို ဆန်းစစ်မှုဇစ်မြစ်ဟု မှတ်ယူရပါမည်။

## "အလ်ဟုဒါ" الْهُدَى

အထက်ဖော်ပြပါလမ်းညွှန်ချက်ကို ဖော်ပြရာတွင် အဆင့်မြင့်ဆုံးသော လမ်းညွှန်ချက်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကို အလ်ဟူဒါပင်ဖြစ်ကြောင်းသိခဲ့ရသည်။ယင်းအကြောင်းကိုကုရ်အာန်ကအောက်ပါအတိုင်း ဖော်ပြသည်။

قُلْ إِنَّ هُدَى اللَّهِ هُوَ الْهُدَى وَأُمِرْنَا لِنُسْلِمَ لِرَبِّ الْعَالَمِينَ

"အို တမန်တော်၊ ထိုသူတို့အား ပြောပြလော့၊ စင်စစ် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်သည်"အလ်ဟူဒါ"သည်သာလျှင်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးအား ယင်းလမ်းညွှန်ချက်အလ်ဟူဒါအားဖြင့် ဦးညွှတ် လိုက်နာရန် အမိန့်ပေးထားခြင်းဖြစ်သည်။ ယင်းအမိန့်ကို လောကအားလုံးကို ဖန်ဆင်းပြုစုပျိုးထောင်သော အလ္လာဟ်အရှင်က ပေးခြင်းဖြစ်သည်။" (၆ : ၇၁)

ن تَرْضَى عَنكَ الْيَهُودُ وَلَا النَّصَارَى حَتَّى تَتَّبِعَ مِلَّتَهُمْ قُلْ إِنَّ هُدَى اللَّهِ هُوَ الْهُدَى

"သတိပြုလော၊ ရဟူဒီတို့သည် သူတို့၏ လမ်းစဉ်ကို မလိုက်နာသမျှကာလပတ်လုံး အသင်တို့အား ကြည်ဖြူမည်မဟုတ်၊ ဤကဲ့သို့ပင် နဆရဟ်တို့ကလည်းဖြစ်သည်။

အိုတမန်တော် ထိုသူတို့အား ပြောလော့၊ အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်သည်ကား အလ်ဟုဒါသည်သာလျှင်ဖြစ်သည်။'' (၂ ။ ၁၂၀)

ဤအလ်ဟုဒါဟူသည်ကားအဘယ်နည်း ကုရ်အာန်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ မြင့်မြတ်လှသော လမ်းညွှန်ချက်ကျမ်းဂန်သည် ယင်းဟီဒါယသ်လမ်းညွှန်ချက်ပင်ဖြစ်သည်။ ယင်းသည်ကမ္ဘာဦးမှစ၍ လူတို့အလည်တွင်ပို့ချခဲ့ရသည်။ နယ်မြေအကန့်အသတ်မဲ့၊ လူမျိုးဘာသာစကား ကန့်သတ်ချက်ကင်းမဲ့ကာ လူသားဝါဒ လူသားအမြင်ဖြင့် လက်ခံနိုင်သော လူသားအားလုံးအတွက်ဖြစ်သည်။ လူသားအားလုံးကို ပေးအပ်ခြင်းခံခဲ့ရသည်။ လူသားတို့ဖန်ဆင်းထားသော လူသားတို့၏ အတုအယောင်အမြင်မဟုတ်ပေ။ အုပ်စုဂိုဏ်ဂဏမဲ့၊ သွေးခွဲခြင်းကင်းမဲ့ကာ၊ လူသားတို့အတွက် သက်သက်ဖြစ်သည်။ ယင်းကို အလ်ဒိန်ဟူ၍ခေါ်သည်။ယင်းအလ်ဒိန်အားဖြင့်ပေါ်ထွန်းလာသော လမ်းညွှန်ချက်၏မြစ်ဖျားခံရာနေရာသည် အစ္စလာမ်ပင်ဖြစ်သည်။

## ဒိန်၏အရင်းအမြစ်နှင့် ကုရ်အာန် وحدت وین کی اصل عظیم اور قرآن حکیم

ကျမ်းမြတ်ကုရ်အာန်၏အခြေခံအကျဆုံး ဒါဝသ်ကား အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကို လူဘဝအတွက် ခံယူကျင့်သုံးခြင်းပင်ဖြစ်သည်။

အကယ်၍ သဘာဝလောကအတွက် သတ်မှတ်ထားသော အခြေခံကျသော သွန်သင်ချက်ဥပဒေဘောင် မလိုက်နာဘဲ ပစ်ပယ်ခဲ့လျှင်၊ ဤသဘာဝလောကကြီး၏လှည့်ပတ်သော စည်းစနစ်သည်ပျက်ပြယ်ပျက်ဆီးကာ သဘာဝလောကတစ်ခုလုံးပျက်စီးသွားမည်။ ကျမ်းမြတ်ကုရ်အာန်က ဟီဒါယသ်လမ်းညွှန်ချက်နှင့် ပတ်သက်၍ လူသားတို့အားအလေးအနက်တင်ပြသကဲ့သို့ လွတ်လပ်စွာရွေးချယ်ခွင့်ကို ပေးထားသည်။ လူသားလောကလည်း ယင်းပေးထားသော အခွင့်အရေးကိုအကြောင်းပြု၍ ဟီဒါယသ်လမ်းညွှန်ချက်ကို လစ်လျူရှုခဲ့ကြသည်။

ယနေ့ ကျမ်းမြတ်ကုရ်အာန်က တင်ပြသော လမ်းညွှန်ချက်များသည် လျှို့ဝှက်သည့်သဘောမဟုတ်ပဲ သိနားလည်လွယ်သော တိကျပေါ်လွင် ထင်ရှားစွာရှိကြသည်။ အကယ်၍ လူတစ်ဦးသည် သူ၏ ဦးနှောက်အတွင်းစိမ့်ဝင်နေသော ပယောဂအပေါင်းကိုဖယ်ရှားကာသူ၏ ဆင်ခြင်တုံတရားတစ်ခုတည်းကိုသာ လက်ကိုင်ပြု၍ကျမ်းမြတ်ကုရ်အာန်ကိုလေ့လာခဲ့ပါလျှင်ယင်းသူတို့အဖို့ လူ့ဘဝကိုရှင်းလင်းဖြောင့်မတ်စွာသွားရသော လမ်းညွှန်ချက်ကို တွေ့ရှိရပေမည်။ ထိုသူတို့အဖို့ ယင်းရှာဖွေတွေ့ရှိချက်ကို ရိုးရိုးရှင်းရှင်းကျင့်ကြံကြရသည်ကို အံ့အားသင့်သကဲ့သို့

ကမ္ဘာလူသားတို့ ဆင်ခြင်တုံတရားကိုမသုံးပဲ မျက်စိပိတ်နားပိတ်ကာ ယင်းတို့ကို ငြင်းပယ်ကြရခြင်းကိုလည်းတွေ့မြင်ရပေမည်။

ဤနေရာတွင်ကျမ်းမြတ်ကုရ်အာန်က လူသားတို့အားတင်ပြသော ဒါဝသ်ဖိတ်ခေါ်မှုကို ပြန်လည်ဆန်းစစ်ဖို့လိုအပ်လာ သည်။ ဤဒါဝသ်ဖိတ်ခေါ်မှုအားဖြင့်ကုရ်အာန်က လူသားတို့အားမည်သို့မည်ပုံ မည်သို့နည်းဖြင့် ဖိတ်ခေါ်ပို့ဆောင်ခဲ့သည်ကိုလည်းသိထိုက်သည်။ဤအချက်နှင့်ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်၏တင်ပြချက်ကိုလေ့လာပါမည်။

ကုရ်အာန်ဆိုသည်မှာအတိတ်ကာလမှလူသားမျိုးနွယ်ဝင်တို့သည် အေးချမ်းသာယာလှသော သဘာဝလူနေမှုစနစ်ကို ကျင့်သုံးခဲ့သည်။ သူတို့အတွင်းပဋိပက္ခလည်းမရှိခဲ့ အငြင်းပွားမှုလည်းမရှိခဲ့ပါ။ တစ်ဦးကိုတစ်ဦး ဆန့်ကျင်ခြင်းမဲ့ကာတူညီသော ဘဝဦးတည်ချက်ဖြင့်အတူတကွ တက်လှမ်းနေခဲ့ကြသည်။ သို့ရာတွင် လူသားမျိုးနွယ်ဝင်တို့ လူနေမှုပြဿနာဖြစ်သော စားဝတ်နေမှုပြဿနာအခက်အခဲကိုဖြေရှင်းရင်းက တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲခဲ့ရသည်။ ယင်းစိတ်ဝမ်းကွဲမှုသည် တဖြည်းဖြည်းညှင်းပမ်း နှိပ်စက်မှုအသွင်သို့ ဆောင်ယူလာခဲ့သည်။ အားအင်ရှိသူသည် အားအင်မရှိသူတို့အား အမျိုးမျိုးအဖုံဖုံဒုက္ခပေးလာခဲ့သည်။

ဤသို့ဖြင့် အုပ်စုတစ်စုသည် အခြားအုပ်စုဝင်တို့အား မုန်းတီးခဲ့ကြသည်။ တစ်စု၏မြေယာပိုင်နက် ဥစ္စာပစ္စည်းများကို တစ်စုကအင်အားအသုံးပြုကာလုယူဖျက်စီးခဲ့ကြသည်။ ဤသို့သောဗရမ်းဗတာဖြစ်နေသော အခြေအနေတိုင်းတွင် လူသားတို့အား လမ်းညွှန်ပြသမည့် တရားမျှတခြင်းနှင့်အမှန်တရား ပေါ်ရပ်တည်ခြင်းကိုဖြစ်စေသော အလ္လာဟ်အရှင်မြတ်၏လမ်းညွှန်ချက်နှင့် အလင်းရောင်သည် ပေါ်ထွန်းလာခဲ့ရမြဲဖြစ်သည်။ ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်၏တမန်တော်များသည် လူ့လောကကြီးကိုငြိမ်းချမ်းသော ဘဝတည် ဆောက်နိုင်ရေးအတွက် အဆက်မပြတ်ရောက်ရှိလာတော့သည်။ ယင်းပုဂ္ဂိုလ်တို့ကို ရစူလ်ဟူ၍ခေါ်ဆိုပါသည်။ရစူလ်၏အဓိပ္ပါယ်ကား အလ္လာဟ်အရှင်မြတ်၏ သဝဏ်ကိုလူသားတို့အလယ်တွင်တင်ပြပို့ချသောပုဂ္ဂိုလ်ဖြစ်သည်။ဤဖော်ပြချက်များကို ကျမ်းမြတ်ကုရ်အာန် က အောက်ပါအတိုင်းဖော်ပြသည်။

كَانَ النَّاسُ أُمَّةً وَاحِدَةً فَبَعَثَ اللهُ النَّبِيِّينَ مُبَشِّرِينَ وَمُنذِرِينَ وَأَنزَلَ
مَعَهُمُ الْكِتَابَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيمَا اخْتَلَفُوا فِيهِ

'အစဦးကာလလူသားတို့သည် တစ်ပေါင်းစည်းသာရှိခဲ့သည်။ ယင်းနောက်၎င်းတို့သည် စိတ်ဓာတ်များကွဲကာသဘောကွဲလွဲခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည်

နဗီများကို တစ်ပါးပြီးတစ်ပါး လူသားလောကသို့စေ လွှတ်ခဲ့သည်။ နဗီများသည် ကောင်းမြတ်သော အပြုအမူ၏ရလဒ်ကို ညွှန်ပြပြီးမကောင်းမှုရလဒ်ကိုညွှန်ပြသတိပေးနှိုးဆော်သည်။ သူတို့နှင့် ညအတူအလ်ကိသာဗ်တည်းဟူသော ဝဟီလမ်းညွှန်ချက်ကိုလည်းပို့ချခဲ့သည်။ ဤကျမ်း အားဖြင့် သူတို့အတွင်း သဘောထားကွဲလွဲသောအချက်များကို ဖြေရှင်းနိုင်ရန် အတွက် ဖြစ်သည်။'' (၂ း ၂၁၃)

وَمَا كَانَ النَّاسُ إِلاَّ أُمَّةً وَاحِدَةً فَاخْتَلَفُواْ وَلَوْلاَ كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ فِيمَا فِيهِ يَخْتَلِفُونَ

''အစဦးကာလ လူသားအားလုံးတို့သည် တစ်စုတည်းသာမှုဖြစ်သည်။ ထို့နောက် အငြင်းပွားခြင်းအားဖြင့် သဘောထားကွဲလွဲခဲ့ကြသည်။ ဤသို့အားဖြင့် အကွဲကွဲအပြားပြားဖြစ်ခဲ့ကြသည်။ အကယ်၍ အလ္လာဟ်အရှင် မြတ်က မူလကတည်းက ဆုံးဖြတ်ချက်ချမှတ်ခြင်းမရှိခဲ့လျှင် ယင်းအရေးနှင့်ပတ်သက်၍ ဤကွဲလွဲခြင်း၏ အဖြေရလဒ်ကို ဤကမ္ဘာတွင်သာဖြေရှင်းပြီးသားဖြစ်လိမ့်မည်။ (၁၀ း ၁၉)

ဤဖော်ပြပါ ဟိဒါယသ်လမ်းညွှန်ချက်သည် လူသားတစ်ရပ်လုံး အတွက် ချပေးရခြင်းဖြစ်သည်။ သို့ဖြစ်၍ ခေတ်တိုင်း ဒေသတိုင်းတွင် ဤပုဂ္ဂိုလ်ထူးတို့ ပေါ်ထွက်လာခဲ့ရသည်။ဤကျမ်းမြတ်ကုရ်အာန်က လူသားတို့နေထိုင်ရာ ဒေသတိုင်းတွင် အလ္လာဟ်အရှင်မြတ်၏ ဟိဒါယသ်လမ်းညွှန်ချက်ကိုပို့ချပေးသော တမန်တော်တို့စေလွှတ်ခံရပုံကို အောက်ပါအတိုင်းဖော်ပြထား သည်။

وَإِن مِّنْ أُمَّةٍ إِلَّا خلَا فِيهَا نَذِيرٌ

''မကောင်းမှု၏ ရလဒ်နှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က ရစူလ်ပို့ချသတိပေးနှိုးဆော်ခြင်းမခံရသောလူ့အဖွဲ့အစည်းဟူ၍ ကမ္ဘာပေါ်တွင်မရှိပါ။ ''

إِنَّمَا أَنتَ مُنذِرٌ وَلِكُلِّ قَوْمٍ هَادٍ

''အိုနဗီတမန်တော် အမှန်စင်စစ်အသင်သည် မကောင်းမှု၏ ရလဒ်နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်သော သူသာလျှင်ဖြစ်သည်။'' (၁၃ း ၉)

وَلِكُلِّ أُمَّةٍ رَّسُولٌ فَإِذَا جَاء رَسُولُهُمْ قُضِيَ بَيْنَهُم بِالْقِسْطِ وَهُمْ لاَ يُظْلَمُونَ

''ကမ္ဘာပေါ်တွင် လူမျိုးတိုင်းအတွက်နှိုးဆော်သောသူရှိခဲ့သည်။ လူမျိုးအသီးသီး အတွက် ရစူလ်များကိုစေလွှတ် ခဲ့သည်။ ရစူလ်များပေါ်ထွန်းလာသောအခါ ပြဿနာရပ်အသီးသီးကို တရားမျှတစွာဆုံးဖြတ်သည်။'' (၁၀ း ၄၈)

ကမ္ဘာဦးမှစ၍လူသားမျိုးနွယ်တို့အလယ်တွင် မြောက်များစွာသော အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်များပေါ် ထွန်းခဲ့ကြောင်းကို အောက်ပါ အတိုင်းဖော်ပြသည်။

وَكَمْ أَرْسَلْنَا مِن نَّبِيٍّ فِي الْأَوَّلِينَ

"များမြောင်လှစွာသော နဗီတို့ကို အစဦးကာလကစေလွှတ်ခဲ့သည်။" (၄၃ : ၆)

ကုရ်အာန်က လူ့အဖွဲ့အစည်းတစ်ရပ်သည် နဗီနှင့်အတူ လမ်းညွှန်ချက် ကိုပို့ချခံရပြီး လူ့ဘ၀တည်ဆောက်ရေးနှင့် ပတ်သက်ပြီးပြင်ဆင်ခွင့်ရကြသလို အခြားအုပ်စုတစ်ရပ်သည်ယင်းကဲ့သို့ဟိဒါယသ်မရရှိသည်ဟုမရှိခဲ့ရစေပါ ဟုဆို သည်။ وَمَا كُنَّا مُعَذِّبِينَ حَتَّى نَبْعَثَ رَسُولاً

"အလ္လာဟ်အရှင်မြတ်၏ဥပဒေက နဗီတစ်ဦးတစ်ယောက်ကို မစေလွှတ်မခြင်း၊ ထိုသူတို့အား သူတို့၏လုပ်ရပ် နှင့်စပ်လျဉ်း၍အပြစ်ပေးခြင်းမရှိပါ။" (၁၇ : ၁၆)

وَمَا كَانَ رَبُّكَ مُهْلِكَ الْقُرَى حَتَّى يَبْعَثَ فِي أُمِّهَا رَسُولاً يَتْلُو عَلَيْهِمْ آيَاتِنَا وَ

وَمَا كُنَّا مُهْلِكِي الْقُرَى إِلَّا وَأَهْلُهَا ظَا

"သတိပြုပါလေ၊အသင်၏အလ္လာဟ်အရှင်မြတ်၏ ဥပဒေက လူ့အဖွဲ့အစည်း တစ်ရပ်အတွင်း နဗီတမန်တော် စေလွှတ်ခြင်းမပြုမီအလျှင် ထိုလူ့အဖွဲ့အစည်းဝင်တို့၏ နေရပ်ဒေသများကို သူတို့၏ မကောင်းမှု၏ရလဒ် ကြောင့် အပြစ်ပေးဖျက်ဆီးခြင်းမပြုပါ။ နဗီတမန်တော်သည် ထိုသူတို့အား အလ္လာဟ်အရှင်မြတ်၏လမ်းညွှန် ချက်ကို မဖော်ပြအသိမပေးခင်အလျှင် အလ္လာဟ်အရှင်သည် ဘယ်သောအခါမျှ ထိုရပ်ရွာများ ကိုဖျက်ဆီး သည်မရှိ စင်စစ်ထိုသူတို့၏မကောင်းသော လုပ်ရပ်ကြောင့်သာ ဖျက်ဆီးခံရသည်။ " (၂၈ : ၅၉)

ကျမ်းတော်မြတ်ကုရ်အာန်က ယင်းရေစာလသ် လမ်းညွှန်ချက်ကိုပို့ချခဲ့ရ သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်နှင့် ပတ်သက်ပြီး အချို့အားဖော်ပြခဲ့သော်လည်း ဖော်ပြချင်းမရှိသောရစူလ်များလည်းရှိသည်။

وَلَقَدْ أَرْسَلْنَا رُسُلاً مِّن قَبْلِكَ مِنْهُم مَّن قَصَصْنَا عَلَيْكَ وَمِنْهُم مَّن لَّمْ نَقْصُصْ عَلَيْكَ

"အိုတမန်တော် ငါအရှင်သည် များမြောင်လှသော နဗီများကို စေလွှတ်ရာတွင် အချို့အကြောင်းကိုအသင်တို့အားအသိပေးသည်။ အချို့နှင့်စပ်လျဉ်း၍ အသင်တို့မသိမြင်ကြရ။ " (၄၀ : ၇၈)

နူဟ်ဆမုဒ်နှင့်အာဒ် လူ့အဖွဲ့အစည်းနောက်ပိုင်း များပြောင်းလာခဲ့သော လူ့အဖွဲ့တို့အတွင်း ကျရောက်ခဲ့သော ရစူလ်တ မန်တော်များနှင့် ပတ်သက်သောအချက်အလက်အပြည့်အစုံကို အလ္လာဟ်အရှင်မြတ်သာ သိရှိကြောင်းကိုလည်း ကုရ်အာန်က အောက်ပါအတိုင်းဖော်ပြသည်။

أَلَمْ يَأْتِكُمْ نَبَأُ الَّذِينَ مِن قَبْلِكُمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَالَّذِينَ مِن بَعْدِهِمْ لاَ يَعْلَمُهُمْ إِلاَّ اللهُ جَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرَدُّوا أَيْدِيَهُمْ فِي أَفْوَاهِهِمْ

''အသင်တို့အလျင်ကရှိခဲ့ကြသော လူမျိုးစုများအကြောင်းကို အသင်တို့မသိရှိကြဘူးလား။ အသင်တို့အလျင် ကရှိခဲ့ဘူးသော လူမျိုးများနှင့်ပတ်သက်၍ အသင်တို့မသိကြပေ။ နူဟ်လူမျိုး၊ အာဒ်လူမျိုး၊ ဆမုဒ်လူမျိုးတို့ နောက်ပိုင်းတွင်ရှိခဲ့သော လူ့အဖွဲ့အစည်းဝင်တို့အကြောင်းကို အလ္လာဟ်အရှင်မြတ်သာ အတိအကျသိသည်။ သူတို့အတွက် နဗီများသည် အမှန်တရား၏ အလင်းရောင်တို့နှင့်အတူရောက်ရှိခဲ့သည်။ သို့ရာတွင် ထိုသူတို့သည် ရိုင်းစိုင်းအသိတရားမဲ့သူနှင့် ခေါင်းပါးသောသူအသွင်ဖြင့် နဗီတို့၏လမ်းညွှန်ချက်ကို နဗီတို့ထံသို့ပြန်ပို့ ကာ သူတို့၏နားကိုပိတ်ထားခဲ့သည်။'' (၁၄ း ၉)

အလ္လာဟ်အရှင်မြတ်က ဖော်ညွှန်းပြသော လမ်းညွှန်ချက်သည် သဘာဝလောကကြီးအတွင်း တစ်မျိုးတစ်စားတည်းသာရှိသည်။ ယင်းလမ်းညွှန်ချက်သည် တစ်ခုတည်းမှအပ အခြားမရှိပါ။ ယင်းလမ်းညွှန်ချက်သည် အစဦးကတည်းက တစ်မျိုး တည်းဖြစ်သည်။ ကုရ်အာန်က ကမ္ဘာ၏မည်သည့်အစိတ်အပိုင်းတွင်ဖြစ်စေ၊ မည်သည့်လူမျိုးအတွက်ပင်ဖြစ်စေ၊ အားလုံးအတွက် လမ်းညွှန်ချက်နည်းလမ်းသည် တစ်မျိုးတည်းသာဖြစ်သည်။ နဗီအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ လူသားတို့အတွက် သွေးစည်းညီးညွတ်ပေါင်းစည်းမှု၊ လမ်းညွှန်းချက်ကိုသာဖော်ပြခဲ့သည်။ ယင်းလမ်းညွှန်ချက်ကား ယုံကြည်မှုပြည့်ဝခြင်းနှင့် ကောင်းမြတ်သောအပြုအမူကိုဆောင်ရွက်ခြင်းဥပဒေပင်ဖြစ်သည်။

တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်၏လမ်းညွှန်ချက် ကိုသက်ဝင်ယုံကြည် လိုက်နာကာ ကောင်းမြတ်သော ဘဝလမ်းစဉ်ကိုချမှတ် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဤအချက်မှအပအခြားအခြားသောအရာများသည်ဒိန်၏ သွန်သင်မှုမဟုတ်ပါ။

وَلَقَدْ بَعَثْنَا فِي كُلِّ أُمَّةٍ رَّسُولاً أَنِ اعْبُدُوا اللهَ وَاجْتَنِبُوا الطَّاغُوتَ

''ကေန်စင်စစ် ငါအရှင်မြတ်သည် ကမ္ဘာပေါ်တွင် လူမျိုးတိုင်းအတွင်း နဗီများကို စေလွှတ်ခဲ့သည်။ ယင်းနဗီများ၏သွန်သင်ပို့ချသော လမ်းညွှန်ချက်က

အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်အိဘာဒတ်ပြုခြင်းနှင့် အရှင်၏အမိန့်ကို မောက်မာသွေဖီခြင်းမရှိပဲ မကောင်းမှုများကိုရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။'' (၁၆ း ၃၈)

وَمَا أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ إِلَّا نُوحِي إِلَيْهِ أَنَّهُ لَا إِلَٰهَ إِلَّا أَنَا فَاعْبُدُونِ

''အိုတမန်တော် ငါသည် အသင်၏အလျင်က ရစူလ်မပို့ချသောနေရာဒေသဟူ၍ မရှိပါ။ ထိုသူတို့နှင့်အတူ ဝဟီလမ်းညွှန်ချက်လည်းရှိခဲ့သည်။ ဤလမ်းညွှန်ချက်အရ အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သူကိုမျှ အေဘာဒတ်ပြုခံခွင့်မရှိ၊ အရှင်အေဘာဒတ်သာလျှင်ပြုရပေမည်။'' (၂၁း၂၅)

ကုရ်အာန်ကဆိုသည် ကမ္ဘာပေါ်တွင် ဒိန်ကိုဖြန့်ချိခဲ့သော နဗီအပေါင်းသည် လူသားတို့အား တစ်ပေါင်းတစ်စည်းတည်း စုပေါင်းနေထိုင်ခြင်းကိုသာပြုခဲ့သည်။ အုပ်စုဂိုဏ်းဂဏအပေါင်းကို ရှောင်စေဖို့သွန်သင်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ဒိန်သည် လူသားတို့ကိုပေါင်းစည်းမှုကိုလိုလားသည်။ လူသားတစ်ရပ်လုံး စည်းရုံးကာတစ်ဆူတည်းသောအလ္လာဟ်အရှင်မြတ်၏ နည်းနာကိုခံယူဖို့သာ လျှင်ဖြစ်သည်။

وَإِنَّ هَٰذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاتَّقُونِ

''အသင်တို့၏ လူသားအွမ္မသ်အဖွဲ့အစည်းသည် တစ်စုတည်းသော အဖွဲ့အစည်းဖြစ်သည်။ ငါသည်အသင်တို့အားလုံး၏ ဖန်ဆင်းပြုစုပျိုးထောင်ပေးသော အရှင်ဖြစ်သည်။ သို့ဖြစ်၍ငါ၏လမ်းညွှန်ချက်နှင့် ဆည်းကပ်မှုလမ်းကြောင်းတွင် အသင်တို့စုစည်ကြလော့၊ လမ်းညွှန်ချက်ကိုသွေဖီခြင်းမှရှောင်ကြဉ်ကြလော့။''(၂၃ း ၅၂)

ကုရ်အာန်ကဆိုသည် အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးကို တစ်ပေါင်းတစ်စည်းတည်း လူသားဝါဒကိုသွန်သင် ပေးခဲ့သည်။ သို့ရာတွင် လူတို့ကအမည်အမျိုးမျိုး အသွင်အမျိုးမျိုးကိုတည်ဆောက်ခဲ့ကြသည်။ လူသားတို့သည် မျိုးနွယ်ကို အကြောင်းပြု၍ သွေးကွဲခဲ့ကြသည်။ ဒေသစွဲကိုအကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားကြသည်။ လူမျိုးကို အမျိုးမျိုး အဖုံဖုံခွဲခြားသော တစ်ဦးထက်တစ်ဦးသာစေဖို့ကြိုးစားကြသည်။ အရောင်အဆင်းမတူညီမှုကိုအကြောင်းပြု၍တစ်ဦးကိုတစ်ဦး မုန်းတီးအပြစ်ရှာကြသည်။ ဘာသာစကားမတူညီမှုကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ကင်းကွာနေထိုင်ဖို့ ကြိုးစားကြသည်။

ဤအကြောင်းအရာအပြင် ကြွယ်ဝချမ်းသာခြင်း ဆင်းရဲခြင်း အရှင်သခင်၊ ကျေးကျွန်၊ ဂုဏ်သရေရှိမှုမရှိမှု အားအင်ရှိ မှုမရှိမှုစသည်ဖြင့် အသွင်အမျိုးမျိုးကို အကြောင်းပြု၍ ပဋိပက္ခကိုမွေးဖွားခဲ့ကြသည် အားလုံး၏စိတ်နေသဘောထားက တစ်ဦးနှင့် တစ်ဦး ကင်းကင်းရှင်းရှင်းနေထိုင်ကာ တစ်ဦးကိုတစ်ဦး မုန်းတီးကြဖို့ပင်။

ဤသို့သော အခြေအနေကို ဖြေရှင်းဖို့အဘယ်အရာက တတ်စွမ်းနိုင်ပါသနည်း။ ကုရ်အာန်ကဆိုသည်။ ဤအခြေအနေကို အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကို တစ်သဝေမတိမ်းလိုက်နာခြင်းဖြင့်အရှင်၏အေဘာဒတ်ပြုခြင်းဖြင့် အဖြေရှာနိုင်သည်။

အသင်တို့သည် မည်မျှပင်သွေးကွဲပါစေ အသင်တို့၏ အရှင်သခင်သည် တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ်ဖြစ်သည်။ လူသားအားလုံးသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း၏ ကျေးကျွန်များဖြစ်သည်။ လူသားအားလုံးသည် တောင်းခံမှုပြုဖို့ တစ်ပါးတည်းသောအရှင်၏ရှေ့တော်မှောက်တွင် သာပြုရ၏။ အသင်တို့သည် မည်ရွေ့မည်မျှ ခိုက်ရန်ဖြစ်ပွားပါစေ ကြိုးစတစ်ခုတည်းတွင် သိထားခံရသူဖြစ်သည်။ အသင်သည် မည်သည့်အဆက်အနွယ် မည်သည့် နိုင်ငံသား မည်သည့်ဘာသာစကား မည်သည့်အဆင့်အတန်းရှိ လူသားဖြစ်ပါစေ။ အသင်တို့အားလုံးသည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဆည်းကပ်နည်းနာခံယူနေရသည် မဟုတ်ပါလား။ ဤသို့အားဖြင့် သဘာဝ၏ဤ သွေးစည်းမှုသည် အသင်တို့၏ စိတ်ဝမ်းကွဲမှုကို ချေဖျက်မည်။ အသင်တို့၏ကွဲကွာနေသော နှလုံးသားသည် ပေါင်းစည်းသွားမည်။

အသင်တို့အဖို့ဤကမ္ဘာကြီးသည်အသင်၏မြေ၊ အသင်တို့၏ အမျိုးအနွယ်သည် လူသားဖြစ်သည်ဟုသတ်မှတ်ကာ စကြာဝဠာအပေါင်းကို ဖန်ဆင်းပြုစုပျိုးထောင်သောအရှင်၏လက်အောက်ငယ်သားများဟုခံယူကြရပေမည်။ ကမ္ဘာပေါ်တွင် ထွန်းလာခဲ့သော ရစူလ်များ၏လမ်းစဉ်ဖြစ်သော အလ် – ဒီန်သည် ယင်းဖော်ပြပါလူသားဝါဒကို တစ်ပေါင်းတစ်စည်းတည်း ပေါင်းစည်းဖော်ပြခြင်းပင်ဖြစ်သည်။ အကွဲကွဲအပြားပြား မဖြစ်ဖို့ရန်အစဉ် သွန်သင်ခဲ့ကြသည်။

شَرَعَ لَكُم مِّنَ الدِّينِ مَا وَصَّىٰ بِهِ نُوحًا وَالَّذِي أَوْحَيْنَا إِلَيْكَ وَمَا وَصَّيْنَا
بِهِ إِبْرَاهِيمَ وَمُوسَىٰ وَعِيسَىٰ أَنْ أَقِيمُوا الدِّينَ وَلَا تَتَفَرَّقُوا فِيهِ

''ထိုအရှင်မြတ်သည် အသင်တို့အဖို့ ဒီန်နှင့်ပတ်သက်၍ ထိုလမ်းစဉ်ကိုပင် သတ်မှတ်ခဲ့သည်။ ယင်းနှင့် ပတ်သက်၍ နုဟ်အား ဝဆီယသ်ပြဋ္ဌာန်းခဲ့သည်။ ဤဒီန်၌ပင် လျှောက်လှမ်းရန် အစ်ဗ်ရာဟင်န်၊ မူဆာနှင့် အီဆာတို့အားလည်း သတ်မှတ်ပေးခဲ့သည်။ ယင်းလမ်းစဉ်၏ကျင့်ရပ်ကျင့်စဉ်ကား အလ္လာဟ်အရှင်မြတ်၏တစ်စုတည်းသော ဒိန်အတွက် တည်ဆောက်စေဖို့နှင့် ယင်းလမ်းစဉ်တွင်အကွဲကွဲ အပြားပြား မဖြစ်စေရန်ဖြစ် သည်။''

(၄၂ း ၁၃)

ဤသို့ ဖော်ပြပြီးနောက်ကုရ်အာန်က အကယ်၍ဤဖော်ပြပါ တစ်စည်းတစ်လုံးသည် စုစည်းမှုကိုဆန့်ကျင်ကာ သွေးကွဲမှုကိုတင်ပြခဲ့သော ဘာသာတရား

ယုံကြည်ချက်များ အတိတ်ကာလကရှိခဲ့လျှင် ယင်းသူတို့၏ ကျမ်းဂန်များမှ သက်သေသာဓကများကိုထုတ်ပြပါ။ အမှန်စင်စစ်ဤသို့ပြုနိုင်မည်မဟုတ် အတိတ်ကာလယုံကြည်ချက်အားလုံးသည်လည်း ဤဖော်ပြပါအချက်အတိုင်းပင် လူသားတို့ကို စုစည်းမှုပြုခဲ့ခြင်းဖြစ်သည်ဟုဆိုထားသည်။

قُلْ هَاتُوا بُرْهَانَكُمْ هَذَا ذِكْرُ مَن مَّعِيَ وَذِكْرُ مَن قَبْلِي بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ

حَقَّ فَهُم مُّعْرِضُونَوَمَا أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ إِلَّا نُوحِي إِلَيْهِ أَنَّهُ لَا إِلَهَ إِلَّا

أَنَا فَاعْبُدُونِ

"အိုတမန်တော်" ထိုသူတို့အားပြောလော့၊ အသင်တို့သည် ငါ၏ သွန်သင်ချက်ကို ငြင်းပယ်ခဲ့လျှင်အသင်တို့၏သက်သေအထောက်အထားကို ထုတ်ပြလော၊ ဤသွန်သင်ချက်များသည် ငါနှင့်အတူရှိသည်။ ဤသွန်သင်ချက်ကို ငါ၏ ရဲဘော်တို့သည်လည်း လက်ခံယုံကြည်သည်။ ဤသို့ပင် အတိတ်ကာလက သွန်သင်ချက်အားလုံးသည်လည်းရှိသည်။ ယင်းသွန်သင်ချက်ကို အတိတ်ကာလလူသားတို့အား ပေးအပ်ခဲ့ ခြင်းဖြစ်သည်။ အသင်သည် သက်သေသာဓကဖြင့်ငါ၏သွန်သင်ချက်နှင့်အတိတ်ကာလသွန်သင်ချက်တို့ ဆန့်ကျင်နေသည်ကိုဖော်ပြပါလေ၊ စင်စစ်သော်ကား ဤငြင်းပယ်သူတို့အနက် အများစုသည် သစ္စာတရား၏ အရင်းအမြစ်ကိုမသိကြ၊ အိုတမန်တော် ငါအရှင်သည် အသင်အလျှင်က မည်သည့်တမန်တော်ကိုမျှ ဤသွန်သင်ချက်မှအပ အခြားစကားကိုသွန်သင်ပြခြင်းမရှိပါ။ ယင်းကား ငါအလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားသူတို့အား မဆည်းကပ်မနာယူနှင့်၊ ငါအလ္လာဟ်အရှင်မြတ်ကိုသာ အေဘာဒဟ်ပြုလော့။" (၂၁ း ၂၄ - ၂၅)

ထိုမျှမကပညာစွမ်းအားဖြင့်လည်းကောင်း၊ အတိတ်သမိုင်း အားဖြင့်လည်းကောင်း၊ ဤလမ်းညွှန်ချက်ကို ဆန့်ကျင်သောအကြောင်းအရာများရှိလျှင် ဖော်ပြနိုင်သည်။ نِي بِكِتَابٍ مِّن قَبْلِ هَذَا أَوْ أَثَارَةٍ مِّنْ عِلْمٍ إِن كُنتُمْ صَادِقِينَ

"အသင်တို့၏ငြင်းပယ်ဆန့်ကျင်မှုကို သက်သေပြနိုင်ရန် ကျမ်းဂန်များကို ဖော်ပြလေ၊ယင်းကျမ်းဂန်သည် ကုရ်အာန်အလျှင်က ကျရောက်သော ကျမ်းဂန်သော် လည်းကောင်း၊ အသိပညာမှအရိပ်အမြွက်ပြသော အကြောင်းအချက်ကိုလည်းကောင်း၊ ငါထံယူဆောင်ခဲ့လော့၊ " (၄၆ း ၄)

ကုရ်အာန်ကဆိုသည် အတိတ်ကာလ ကျမ်းဂန်များသည် တစ်ခုကိုတစ်ခု ပုတ်ခတ်ငြင်းပယ်ခြင်းမပြုဘဲ၊ တစ်ခုကိုတစ်ခု က ထောက်ခံအတည်ပြုခဲ့ကြသည်။ သို့ဖြစ်၍လည်း ကျမ်းဂန်တိုင်းသည် တစ်ခုတည်းသော အာဘော်ဖြစ်ကြောင်း သိနိုင်သည်။

نَزَّلَ عَلَيْكَ الْكِتَابَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ وَأَنزَلَ التَّوْرَاةَ وَالْإِنجِيلَ ، مِن قَبْلُ هُدًى لِّلنَّاسِ ،

''အို-တမန်တော် ဤကျမ်းကို အလ္လာဟ်အရှင်မြတ်သည် သစ္စာတရားအားဖြင့် အသင်တို့အပေါ်ချပေးခဲ့သည်။ ယင်းကျမ်းမြတ်ကုရ်အာန်သည် အတိတ်ကာလကျမ်းဂန်များကို မှန်ကန်ကြောင်း လက်ခံအတည်ပြုသည်။ဤကဲ့သို့ပင်အတိတ်ကာလက လူတို့အား သိမြင်နားလည်းစေဖို့ရာ သောင်ရပ်နှင့် အိလ်ဂျီလ်ကျမ်း များကိုချပေးခဲ့သည်။'' (၃ း ၂)

وَآتَيْنَاهُ الْإِنجِيلَ فِيهِ هُدًى وَنُورٌ وَمُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرَاةِ وَهُدًى

''ငါသည် အီဆာအား အင်ဂျီလ်ကျမ်းချပေးခဲ့သည်။ ထိုကျမ်းဂန်တွင် လူသားတို့အတွက် ဟိဒါယသ် လမ်းညွှန်ချက်နှင့် အလင်းရောင်ရှိသည်။ ဤကျမ်းဂန်သည် အတိတ်ကာလသောင်ရပ်ကျမ်း၏ မှန်ကန်ချက် ကို ဖော်ညွှန်းရန်ကျရောက်လာခြင်းဖြစ်သည်။ '' (၅ း ၄၇)

သို့ဖြစ်၍လည်း ဟောပြောချက် ဆုံးမချက်နှင့်ပတ်သက်သော ကြီးမားလှသောအထောက်အထားသည် ရှေးကာလသမိုင်းအဖြစ်အပျက်ကို ရုပ်လုံးပေါ်ညစေကာတူညီသော သွန်သင်ချက်ဆင်တူသော ဆုံးဖြတ်ချက်ကို ဖော်ညွှန်းပြသချက်ဖြစ်ကြောင်း သိမြင်နိုင်ပေသည်။

## ''အဒ်ဒီန်နှင့် အရှ်ရှရာဟ်'' الدّین اور الشّرع

အကယ်၍သာ လူသားအားလုံးအတွက် တစ်ခုတည်းသော ဒီန်လမ်းညွှန်ချက် မဇ်ဟဗ်အားလုံးအတွက် တစ်မျိုးတည်း သော သွန်သင်ချက်ရှိခဲ့လျှင် မဇ်ဟဗ်များတွင် ကွဲလွဲချက်များအငြင်းပွားမှုများရှိပြီး တစ်ခုတည်းသော လုပ်ဆောင်ချက် တစ်မျိုးတည်းသော ကျင့်ကြံအားထုတ်မှုများအဘယ်ကြောင့် မရှိရသနည်း။ မဇ်ဟဗ်တစ်ခုသည် တစ်မျိုးလုပ်ဆောင်ပြီး အခြားမဇ်ဟဗ်တစ်ခုသည် အိဗာဒဟ်၏ပုံဖော်မှုကို တစ်မျိုးလုပ်ပြန်သည်။ မဇ်ဟဗ်တစ်ခု၏ နောက်လိုက်များသည်နေရာတစ်ခုကို ဦးတည်ကြပြီး အခြားမဇ်ဟဗ်တစ်ခုသည် ဆန့်ကျင်ဘက်သို့လှည့်ကြသည်။ တစ်ချို့၏ ဥပဒေစည်းမျဉ်းများသည် ပုံစံတစ်မျိုးဖြစ် ပြီး နောက်တစ်ချို့၏ နည်းလမ်းကတစ်မျိုး တစ်ပါဒဖြစ်နေသည်။ ဤသို့ကွဲပြားမှုသည် အဘယ်ကြောင့်ဖြစ်ရသနည်း။

ဤအရေးနှင့်ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်၏ ရှုဒေါင့်မှလေ့လာပြီး

အဖြေရှာသောအခါ ယင်းကွဲလွဲချက်၏ အကြောင်းအရင်းသည် ကွဲလွဲချက်ပုံစံနှစ်မျိုးကြောင့်ဖြစ်ကြောင်းသိရသည်။ ကွဲလွဲချက်တစ်မျိုးကား မဇ်ဟဗ်ပညာရှင်များ ခေါင်းဆောင်များက မူလဖစ်မြစ် အခြေခံသွန်သင်ချက်များကို သွေဖီရာမှပေါ်ထွက်လာခြင်းကြောင့်ဖြစ်သည်။ ယင်းသည် မဇ်ဟဗ်၏လွှဲမှားမှုမဟုတ်ဘဲ ခေါင်းဆောင်သောသူတို့၏လွဲမှားသော အဓိပ္ပါယ်ကောက်ယူမှုကြောင့် သာလျှင်ဖြစ်သည်။

ကျန်ကွဲလွဲချက်တစ်မျိုးကား မူလအခြေခံအမိန့်နှင့် လက်တွေ့ကျင့်ကြံမှု ပုံစံကားချပ်ကွဲလွဲချက်ကြောင့်ဖြစ်သည်။ ယင်းကွဲလွဲချက် တစ်မျိုးကား မူလအခြေခံအမိန့်နှင့် လက်တွေ့ကျင့်ကြံမှု ပုံစံကားချပ်ကွဲလွဲချက်ကြောင့်ဖြစ်သည်။ ယင်းကွဲလွဲချက်များသည် ကျင့်ကြံအားထုတ်လုပ်ကိုင်မှုဆိုင်ရာတွင် ကွဲလွဲချက်သာလျှင်ဖြစ်သည်။သို့ဖြစ်၍လည်း ယင်းပုံစံဖော်ဆောင်မှုသြည် ထင်ရှားစွာ ပေါ်ထွက်လာခြင်းဖြစ်သည်။

တဖန် မဇ်ဟဗ်များကိုသေချာစွာ လေ့လာကြည့်သောအခါ မဇ်ဟဗ်၏ သွန်သင်ချက်များသည်နှစ်မျိုးနှစ်စားရှိသည်ကိုတွေ့ရသည်။ တစ်မျိုးကား ယင်းမဇ်ဟဗ်၏ ပင်မဇစ်မြစ်အခြေခံယုံကြည်ချက်ဖြစ်သည်။ ကျန်တစ်ခုကို ဇစ်မြစ်အခြေခံနှင့် မသက်ဆိုင်သော အပေါ်ယံလုပ်ဆောင်ချက်ဖြစ်သည်။ ပထမအမျိုးအစားဖြစ်သော ပင်မဇစ်မြစ်အခြေခံ ယုံကြည်ချက်သာလျှင် အဓိကဖြစ်သည်။ ဒုတိယအမျိုးအစားကမူ အပေါ်ယံသဘောသက်သက် ဆင့်ပွားဖြစ်ပေါ်လာမှု သာလျှင်ဖြစ်သည်။

ဤဖော်ပြပါ ပထမအမျိုးအစား ပင်မဇစ်မြစ်ယုံကြည်ချက်ကို ဒီန်းဟုခေါ် ဆိုပါသည်။ဒုတိယကိုမူ ''ရှရာဟ်''ဖွင့်ဆိုချက်များ နည်းစနစ်ဓလေ့ထုံးစံများ မန်ဟာဂျ် လမ်းစဉ်များ ဟူ၍ ခေါ်ဆိုပါသည်။ သို့ဖြစ်၍ မဇ်ဟဗ်တို့၏ ကွဲလွဲချက်များသည် ပင်မဇစ်မြစ် အခြေခံကွဲလွဲချက်များမဟုတ်။ ဒီန်၏ပင်မခံယူချက်ဆိုင်ရာ ကွဲလွဲချက်လည်းမဟုတ်။ ဖွင့်ဆိုချက်များလမ်းစဉ်ဆိုင်ရာနှင့်ကျင့်ကြံအား ထုတ်မှုဆိုင်ရာ ကွဲလွဲချက်များသာလျှင်ဖြစ်ပေသည်။ သို့ဖြစ်၍ မဇ်ဟဗ်တို့၏ ကွဲလွဲချက်များကို အရင်းခံကွဲလွဲချက်ဟု မခေါ်ဆိုဘဲအပေါ်ယံ ကွဲလွဲချက်ဟူ၍ သာခေါ်ရပေမည်။

မဇ်ဟဗ်တို့၏ ပေါ်ထွန်းလာရခြင်း၏ ရည်ရွယ်ချက်ကား လူသားတို့၏ ကိုယ်ကျင့်တရားကောင်းမွန်ပြည့်စုံမှုကို ဖြစ်ပေါ်စေခြင်းသာလျှင်ဖြစ်သည်။ သို့ရာတွင် လူသားတို့၏ခေတ်နှင့်ပထဝီအနေအထား တူညီမှုကင်းမဲ့ခြင်း လူမှုဆက်ဆံရေး နယ်ပယ် တွင် အခြေအနေတင်းမာမှုရှိခြင်း တွေးခေါ်မှုဆိုင်ရာ ညံ့ဖျင်းမှုရှိခြင်းတို့

ကပင် အမျိုးမျိုးအဖုံဖုံးသော အခြေအနေကို ဖန်တီးခဲ့သည်။ ဤသို့သော အခြေအနေတွင် ပေါ်ထွန်းလာခဲ့သော မဇ်ဟဗ်များသည် လူတို့၏ ပင်ကိုယ်စရိုက် လွှမ်းမိုးမှုကိုခံခဲ့ရသည်။

ဤသို့အားဖြင့် ဖွင့်ဆိုချက်နှင့် နည်းလမ်းသစ်ကိုဖန်တီးခဲ့ကြသည်။ သို့ဖြစ်၍ မဇ်ဟဗ်တို့၏ကွဲလွဲချက်သည် ဤဖော်ပြပါအချက်ထက် ပို၍ဘာမျှမဟုတ် ကြောင်းသိနိုင်ပါသည်။ ဤကွဲလွဲချက်နှင့် စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်က အောက်ပါအတိုင်းလမ်းညွှန်ပြသသည်။

لِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا هُمْ نَاسِكُوهُ فَلَا يُنَازِعُنَّكَ فِي الْأَمْرِ وَادْعُ إِلَى رَبِّكَ إِنَّكَ لَعَلَى هُدًى مُّسْتَقِيمٍ

''အိုတမန်တော် ငါအရှင်သည် အောဘာဒတ်ပြုရန်နည်းလမ်းကို လူသား အုပ်စုတိုင်းအတွက် သတ်မှတ်ခဲ့ သည်။ သူတို့သည် သူတို့လမ်းတွင် လျှောက်လှမ်းကြသည်။ သို့ဖြစ်၍ ထိုသူတို့အနေဖြင့် ယင်းအရာတွင် အသင်နှင့်အငြင်းပွားခြင်းမပြုစေရ။ အသင်သည် အသင်၏အရှင်အလ္လာဟ်ဖက်သို့ ဒါဝသ်ဖိတ်ခေါ်မှုပြုလော၊ စင်စစ်အားဖြင့်လည်း အသင်သည် ဟိဒါယသ်လမ်းစဉ်မှန်ပေါ်တွင်တည်ရှိသည်။'' (၂၂ း ၆၇)

တမန်တော်မြတ်ခေတ်ကာလက ကိဗ်လာမျက်နှာမူသည့်နေရာ ပြောင်းလဲခြင်းပြဿနာ ဖြစ်ခဲ့သည်။ တမန်တော်မြတ် သည် မဒီနာသို့ရောက်စဉ် အစပထမက ဗိုင်သွလ်မူကဒါစ်ဖက်သို့မျက်နှာမူ၍ ဆွလာသ်ဝတ်ပြုခဲ့သည်။ ယင်းနောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်အရ ကအ်ဗာဝတ်ကျောင်းတော်ဖက်သို့ မျက်နှာမူ၍ဝတ်ပြုခဲ့ရာ၊ ရဟူဒီများနှင့်နဆာရာတို့က ဤသို့ပြုခြင်းကို မကြိုက်နှစ် သက်ခဲ့ကြ၊ သို့ဖြစ်၍ သူတို့သည် ဤအပြောင်းအလဲကိုဒေါသထွက် မကျေမနပ်ဖြစ် ခဲ့ကြသည်။ သူတို့အမြင်က မဇ်ဟဗ်တို့၏ အရင်းအမြစ်ဟူသည် ယင်းမျက်နှာ မူခြင်းကဲ့သို့သော အဓိကမကျသော အပေါ်ယံအပြုအမူသာလျှင် ဖြစ်သည်ဟုမှတ် ယူကြသည် ယင်းကဲ့သို့သော အချက်ကိုပင်လျှင် အမှန်နှင့်အမှားကို ခွဲခြားရာတွင် အဓိကကျသောအချက်အဖြစ်အသုံးပြုကာမှတ်ကျောက်အဖြစ်သူတို့က ခံယူခဲ့ကြ သည်။

ကျမ်းမြတ်ကုရ်အာန်ကမူ ဤအဖြစ်အပျက်ကို တစ်မျိုးတစ်ပုံစံမြင် တွေ့ခဲ့ကြသည်။ ဤကဲ့သို့သော အကြောင်းအဖြစ်အပျက်ကို မှတ်ကျောက် တင်စစ်ကြောခြင်းကို ကုရ်အာန်က မနှစ်သက်ခဲ့ပါ။ ယင်းသည် မဇ်ဟဗ်၏အဓိက ကျသော အမှန်တရားလည်း အတိတ်ကာလကလည်း မဇ်ဟဗ်တို့သည် ယင်းကဲ့သို့

သောအကြောင်းအရာများတွင် သူတို့နားလည်သကဲ့သို့ပြုမူခဲ့ကြသည်။ အဓိက အကျဆုံးသောအချက်မှာ အလ္လာဟ်အရှင်မြတ်တို့ယုံကြည်စွာနာခံခြင်းနှင့် ကောင်းမြတ်သော အပြုသဘောဆောင် သော အလုပ်ကိုဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ယင်းအခြေခံကျသော အချက်ကိုသာလျှင် မှတ်ကျောက်တင်ရမည်ဟု ကုရ်အာန်ကဆိုသည်။

أَيْنَ مَا تَكُونُوا يَأْتِ بِكُمُ اللَّهُ جَمِيعًا إِنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ

''အကြောင်းအရာကို မလေးနက်စေဘဲ ကောင်းမြတ်သောအပြုအကျင့်ကိုဆောင်ရာတွင် တစ်ဦးကိုတစ်ဦးကျော်လွှားဖို့ကြိုးစားကြပါ။ဤသည်ပင်လျှင် အဓိက အလုပ်ဖြစ်သည်။ အသင်သည် မည်သည့်နေရာတွင်ရှိပါ စေ၊ အလ္လာအရှင်မြတ်၏ ကဒ်ရယ်၏ စက်ကွင်းအပြင်တွင် မည်သည့်အရာမျှမရှိပါ။'' (၂ း ၁၄၈)

အထက်ပါအာယဲသ်တော်တွင်ဒီန်၏အဓိကအကျဆုံးအချက်ကို ရှင်းလင်းစွာဖော်ပြရုံမက လူသားတို့၏ကောင်းကျိုးသည် မည်သည့်အရာတွင်ရှိပြီး မည်သည့်နည်းအားဖြင့်ရယူရမည်ဟု ဖော်ညွှန်းထားသည်။ ဒီန်ဟူသည် အရှေ့အရပ်၊ အနောက်အရပ်ကိုမျက်နှာမူခြင်းသက်သက်မဟုတ်ပါ။ ဒီန်ဟူသည် အလ္လာဟ် အရှင်မြတ်အား ယုံကြည်စိတ်ချစွာဖြင့်အရှင်၏လမ်းညွှန်ချက် မည်သည့် အရာကိုပြုရမည်ကိုလည်း ကုရ်အာန်က အောက်ပါအတိုင်းလမ်းညွှန်သည်။

لَيْسَ الْبِرَّ أَنْ تُوَلُّوا وُجُوهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلَكِنَّ الْبِرَّ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الآخِرِ وَالْمَلاَئِكَةِ وَالْكِتَابِ وَالنَّبِيِّينَ وَآتَى

الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينَ وَابْنَ السَّبِيلِ وَالسَّائِلِينَ وَفِي الرِّقَابِ وَأَقَامَ الصَّلاَةَ وَآتَى الزَّكَاةَ وَالْمُوفُونَ

هَدُوا وَالصَّابِرِينَ فِي الْبَأْسَاءِ وَالضَّرَّاءِ وَحِينَ الْبَأْسِ أُولَئِكَ الَّذِينَ صَدَقُوا وَأُولَئِكَ هُمُ الْمُتَّقُونَ

''ကောင်းကျိုးချမ်းသာဟူသည် အသင်တို့သည် အရှေ့ဖက်သို့လည်းကောင်း၊ အနောက်ဖက်သို့လည်းကောင်း၊ မျက်နှာမူလျက် ဝတ်ပြုခြင်းသက်သက်မဟုတ်၊ ကောင်းကျိုးချမ်းသာကိုဖြစ်စေဟူသောနည်းလမ်းကား အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်း၊ အာခိရယ်ကို ယုံကြည်ခြင်း၊ မလာအေကာတို့ကိုယုံကြည်ခြင်း၊ အတိတ်ကာလကျမ်းဂန်တို့ကို ယုံကြည်လေးစားခြင်း၊ အတိတ်ကာလကနဗီလမ်းညွှန်ပြသခဲ့သော ပုဂ္ဂိုလ်ထူးတို့ကို ယုံကြည်လေးစားခြင်းတို့ဖြစ်သည်။ မိမိတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ပြသသောလမ်းတွင်သုံးစွဲခြင်း၊ မိမိတို့၏ ဆွေမျိုးသားခြင်း၊ မိဘမဲ့ရသောသူများ၊ ဆင်းရဲသောသူများခရီးလမ်းပမ်းတွင်ဒုက္ခရောက်နေသောသူတို့အကူအညီတောင်း ခံသောအခါ သူတို့အား ကူညီပံ့ပိုးခြင်း၊ အခြားသူတို့၏ လက်အောက်တွင် ကျွန်သဖွယ် ရောက်ရှိနေသူကို လွတ်လပ်အောင်ပြုခြင်းအတွက် အကူအညီပေးခြင်း၊ ဆွလာသ်ဝတ်ပြုမှုနှင့် ဆက်နွယ်သော တာဝန်ကိုကျေပွန်ခြင်း ဇကာသ်ဆင်းရဲသားကြေးကိုပေးဆောင်ခြင်း၊ မိမိတို့၏ ကတိနှင့်ဝန်ခံ

ချက်ကိုပြည့်ဝအောင်ပြုခြင်းကျဉ်းကြပ်နေချိန်၊ ဒုက္ခရောက်ချိန်၊ ချိန်းချောက်ခံ နေရချိန်တို့တွင် ကြံ့ကြံ့ခံရပ်တည်ခြင်းပင်ဖြစ်သည်။မှတ်သားပါလေ၊ ဤဖော်ပြခဲ့သောသူတို့သာလျှင် ဒီန်ကိုစစ်မှန်စွာယုံကြည်ကျင့်ကြံသူဖြစ်သည်။ဤသူတို့သာလျှင်မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်သူများဖြစ်ပေသည်။'' (၂ း ၁၇၇)

ကျမ်းမြတ်ကုရ်အာန်သည်နှစ်ပေါင်း၁၄၀၀အရင်ကတည်းက ကမ္ဘာလူသားတို့အား မိမိ၏ဖိတ်ခေါ်မှု၏ အဓိက အကျဆုံးအချက်ကို ဖော်ညွှန်းပြသခဲ့ခြင်းဖြစ်သော်လည်း လူသားတို့အဖို့ ဤအဓိကကျသောအချက်ကို မသိနားမလည်ကြဘဲ၊ အခြားအဓိကမကျသော စကားရပ်တို့ကို အဓိကထားနားလည်အောင်ပြုပြီး ကျင့်ကြံခြင်းနေကြခြင်းမှာရင်မောစရာပင်တည်း။

ကျမ်းမြတ်ကုရ်အာန်၏ စူရာဟ်မာအေဒဟ်တွင် ကမ္ဘာပေါ်တွင် ပေါ်ထွန်းခဲ့သော နဗီတမန်တော်တို့၏ ဒါ၀သ်ဖိတ်ခေါ်မှု အဆင့်ဆင့်ကို မူဆာနဗီ၏ တောင်ရဟ်ကျမ်းမှစတင်ဖော်ပြသည်။

إِنَّا أَنزَلْنَا التَّوْرَاةَ فِيهَا هُدًى وَنُورٌ

''ကေန်အမှန် ငါအရှင်မြတ်သည် တောင်ရဟ်ကျမ်းကို ချပေးခဲ့သည်။ ယင်းသည်လမ်းညွှန်ချက်နှင့် အလင်းရောင်ရှိသော အမိန့်တော်ဖြစ်သည်။''(၅ း ၄၄) ယင်းနောက် အီဆာနဗီ၏ ပေါ်ထွန်းခြင်းကိုဖော်ပြသည်။

وَقَفَّيْنَا عَلَىٰ آثَارِهِم بِعِيسَى ابْنِ مَرْيَمَ 'ထိုအပြင် ငါအရှင်မြတ်သည် ရှေးနဗီတို့၏ ခြေဖဝါးကို ထပ်ချပ်မကွာလိုက်နာရန် မရိယမ်၏သား အီဆာ အား ထောက်ခံသူအဖြစ် အမြန်စေလွှတ်ခဲ့သည်။''' (၅ း ၄၆)

ယင်းနောက် တစ်ဖန် အစ္စလာမ်၏ပေါ်ထွန်းလာခြင်းကို ဖော်ပြပြန်သည်။

وَأَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ

''ထိုအပြင် ငါအရှင်မြတ်သည် အသင်တို့ထံသို့ ဖြောင့်မတ်မှန်ကန်သော ကျမ်းမြတ်ကုရ်အာန်ကို ထုတ်ပြန်ပေး သနားခဲ့သည်။''' (၅ း ၄၇)

ဤဖော်ပြပါ ဒါ၀သ်ဖိတ်ခေါ်မှုအသီးသီးကို ဖော်ညွှန်းပြသပြီးနောက် လူသားအားလုံးတို့ကို တိုက်ရိုက်အားဖြင့် အောက်ပါအတိုင်းလမ်းညွှန်ဖော်ပြသည်။

لِكُلٍّ جَعَلْنَا مِنكُمْ شِرْعَةً وَمِنْهَاجًا وَلَوْ شَاءَ اللَّهُ لَجَعَلَكُمْ أُمَّةً وَاحِدَةً وَلَٰكِن

لِّيَبْلُوَكُمْ فِي مَا آتَاكُمْ فَاسْتَبِقُوا الْخَيْرَاتِ

''ငါအရှင်သည် အသင်တို့အနက်အုပ်စုအားလုံးကိုရှိရ်အာနှင့် လမ်းကြောင်း အသီးသီးကို သတ်မှတ်ပေးခဲ့သည်။ အကယ်၍သာအလ္လာဟ်အရှင်မြတ်သည် အလိုရှိ တော်မူခဲ့လျှင်

အသင်တို့အားရှိရ်အာတွင်ကွဲပြားမှုမရှိဘဲ အားလုံးကိုတစ်မျိုး တည်းဖြစ်စေ တော်မူခဲ့မည်မှာ အမှန်ပင်။ သို့ရာတွင် အရှင်မြတ်သည် မိမိပြဋ္ဌာန်းထားသောလမ်းစဉ်နှင့် စပ်လျဉ်း၍အသင်တို့အား အချိန်အခါအမျိုးမျိုးနှင့်အခြေအနေအမျိုးမျိုးတွင် စမ်းသပ်လိုသဖြင့် ဤသို့မဖြစ်စေခဲ့၊ သို့ဖြစ်၍ အသင်တို့သည် အငြင်းပွားမှုနောက်သို့မလိုက်ဘဲ ကောင်းမြတ်သော အပြုအကျင့်သို့ သူထက်သာအောင်ပြုကြလော။'' (၅ း ၄၈)

အထက်ပါ ကျမ်းမြတ်ကုရ်အာန်လာ လမ်းညွှန်ချက်ကို အပေါ်ယံဖတ်ရှုခြင်းအသွင်မဟုတ်ဘဲ လေးနက်စွာဖတ်ရှု လေ့လာလျှင် ကျမ်းမြတ်ကုရ်အာန်ကျရောက်ချိန်ကာလတွင် အတိတ်မဇ်ဟဗ်များကို ချုပ်ကိုင်သောဘာသာရေးပညာရှင်တို့၏ စနက်ကြောင့် မဇ်ဟဗ်ကိုယုံကြည်ခြင်းဟူသည် သူတို့သည်သာလျှင် မှန်ကန်သောလမ်းကြောင်းတွင်ရှိပြီး အခြားသူတို့သည် လမ်းလွဲလမ်းမှားသို့ ရောက်ရှိပြီး ဘယ်သောအခါမျှအောင်မြင်မှုကိုမရနိုင်ဟု သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ အကြောင်းမူ တစ်ဦး၏ ကျင့်ကြံအားထုတ်မှုနှင့် တစ်ဦး၏ဆောင်ရွက်မှုသည် တူညီမှုမရှိ၍ဖြစ်သည်။

ကုရ်အာန်ကဆိုသည် ယင်းအပေါ်ယံကျင့်ကြံအား ထုတ်မှုနှင့် တစ်ဦး၏ ဆောင်ရွက်မှုတို့သည် ဒီန်နှင့်မည်သို့မျှမဆိုင်၊ ဤသည်မှန်ကန်မှုနှင့် အမှားအယွင်းဆန်းစစ်ဖို့မှတ်ကျောက်လည်းမဟုတ်ပေ။ ယင်းသည်မဇ်ဟဗ်တို့၏ အပေါ်ယံပြယုဟ်သက်သက်သာဖြစ်သည်။ အဆီအနှစ်သည်ကား ယင်းတို့နှင့်လွန်စွာ မှပင်ကွာခြားလှသည်။ ဒီန်၏အနှစ်သာရကား အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကာ လမ်းညွှန်ချက်ကို တစ်သဝေမတိမ်းလိုက်နာခြင်း၊ ကောင်းမြတ်သော အပြုသဘောဆောင်သည့်လုပ်ဆောင်ချက်များကိုပြုလုပ်ခြင်းပင်ဖြစ်သည်။ ယင်းသည်လူတစ်စုအတွက် ကျင့်သုံးဆောင်ရွက်ရာမဟုတ်ဘဲ၊ လူသားတစ်ရပ်လုံးအတွက် ချပေးသနားသော အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ဖြစ်သည် ကို သတိပြုသင့်သည်။

မဇ်ဟဗ်တို့၏ အပေါ်ယံလုပ်ထုံးလုပ်နည်း၊ ဓလေ့ထုံးစံတို့ကမူ လူတို့ကသူတို့၏ ပတ်ဝန်းကျင်နှင့်လိုက်လျောညီအောင်ပြုမူဆောင်ရွက်ခြင်း သက်သက်သာလျှင်ဖြစ်သည်။ သို့ဖြစ်၍လည်း ယင်းအပိုင်းတွင်သာလျှင် လူတို့အတွင်းအငြင်းပွားမှုများ ခိုက်ရန်ဖြစ်မှုများဖြစ်ပေါ်လာရသည်။

ကုရ်အာန်က ဤဓလေ့ထုံးစံဆိုင်ရာကျင့်ကြံမှုကို အဘယ်ကြောင့် အလေးအနက်အမိထားစဉ်းစားရသနည်းဟုမေး၏။ အလ္လာဟ်အရှင်မြတ်သည် ခေတ်တိုင်းဒေသတိုင်းတွင် ထိုအခြေအနေနှင့်လိုက်လျောညီသော လူနေမှုကိုဖန်တီးခဲ့သည်။ အလ္လာဟ်အရှင်မြတ်အလိုရှိလျှင်မူ ကမ္ဘာလူသားတို့ကို တစ်ပုံစံတည်းဖန်တီး

ပစ်နိုင်သည်။သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား သူတို့အားပေး ထားသော ကိုယ်ပိုင်ရွေးချယ်ခွင့်အရေးကိုသုံးစေလိုသည်။

ဤရွေးချယ်ပိုင်ခွင့်ကို ခိုက်ရန်ဖြစ်ပွားမှုနှင့် အငြင်းပွားမှုနယ်ပယ်တွင်မသုံး မချဘဲ၊ လူသားတို့အကျိုးဖြစ်ထွန်းစေသောနေရာတွင် အသုံးပြုစေလိုသည်။ လူသားတို့အနေဖြင့် စုပေါင်းပြုလုပ်နိုင်သော အလုပ်ကား လူအကျိုးပြုလုပ်ငန်း ပင်ဖြစ်သည်။လူသားတို့၏ ကျင့်ကြံအားထုတ်မှုနှင့်ဝလေ့ကိုယင်း ကောင်းကျိုးချမ်း သာလုပ်ငန်းတွင်အသုံးပြုရမည်ဖြစ်သည်။အထက်ဖော်ပြပါအာယတ် တွင် لِكُلٍّ جَعَلْنَا مِنكُمْ شِرْعَةً وَمِنْهَاجًا "အသင်တို့အနက် အုပ်စုတိုင်းအတွင်း ရှိရ်အား အသီးသီးကို သတ်မှတ်ခဲ့သည်"။ ဟုဆိုခဲ့သော်လည်း အသင်တို့အတွက် ဒိန်လမ်းစဉ်အသီးသီးကို သတ်မှတ်ခဲ့သည်ဟုမဆိုခဲ့ပါ။

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော ရှိရ်အား ဝလေ့ထုံးစံများသည် ဒေသတစ်ခုနှင့်တစ်ခုတို့အကြားတွင် တူညီနိုင်မည်မဟုတ်သကဲ့သို့၊ ယင်းကွာခြားချက်ကို ကြီးမားသောအငြင်းအခုံအဖြစ် သတ်မှတ်ခြင်းသည်လည်း လွဲမှားသောအယူအဆပင်ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်ကသာအလိုရှိလျှင် လူသားတစ်ရပ်လုံးသည် လမ်းစဉ်တစ်ခုတည်းကို ဖြတ်သန်းစေနိုင်သည်။ လူသားတစ်ရပ်လုံးသည် တစ်လုံးတစ်စည်းတည်းရှိမည်ဟု ဖော်ပြခြင်းကိုနား လည်သဘောပေါက်ရမည်ကား အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ကိုယ်ပိုင်ရွေးချယ်ဆုံးဖြတ်ခွင့်ကိုပေးထားသည်။ ယင်းသည် လူသားတို့အတွက် အလ္လာဟ်အရှင်ထံမှရရှိသော ကြီးမားလှသော ဆုလာဒ်ဖြစ်သည်။ လူသားတို့၏ ကိုယ်ပိုင်တွေးခေါ်မှု၌ ကိုယ်ပိုင်ကျင့်ကြံမှု ကိုယ်ပိုင်နားလည်မှု ကိုယ်ပိုင်အခွင့်အရေး အဖြစ် ပေးထားခြင်းဖြစ်သည်။ လူသားတို့သည် ခေတ်ကာလတိုင်း လူမျိုးတိုင်း ဒေသတိုင်းတွင် ကိုယ့်နည်းကိုယ်ဟန်ဖြင့် နေထိုင်လိုကြခြင်းကို အလ္လာဟ်အရှင်မြတ် က အခွင့်အရေးအဖြစ်ပေးထားခြင်းဖြစ်သည်။ အကယ်၍လူသားအားလုံးသည် တစ်သဘောတည်းတစ်မျိုးတည်သာဖြစ်ခဲ့လျှင်မူ ယင်းကွဲလွဲချက်ဖြစ်မည်မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ပေးထားသော အခွင့်အရေးကို အသုံးချနိုင်မည်လည်း မဟုတ်ကြောင်းကို ရည်ညွှန်းဖော်ပြခြင်းဖြစ်သည်။

သို့ဖြစ်၍ လူ့ကျင့်ဝတ်ဆိုင်ရာကွဲလွဲချက်သာမက တွေးခေါ်မှုဆိုင်ရာ တွင်လည်း ကွဲလွဲနိုင်သည်။ ယင်းကွဲလွဲချက်များကို ဖြေရှင်းရာတွင် အကြမ်းဖက် သော အနိုင်ကျင့်သောနည်းဖြင့်ရယူလိုခြင်းကို တင်းကြပ်စွာတားမြစ်သည်။ မိမိ၏ နည်းလမ်းကို အခြားသူတို့အား လိုက်နာစေဖို့ဖိအားပေးမှုကို တားမြစ်သည်။

ကျမ်းမြတ်ကုရ်အာန်၏တနေရာတွင် တမန်တော်မြတ်အား ဒါဝသ်ဖိတ်ခေါ်မှုဇာဖြင့် လူသားတို့အား တင်ပြဖိတ်ခေါ်မှုပြုရာတွင် သတိပြုရမည့်အချက်ကိုဖော်ပြသည်။ ယင်းသတိပေးချက်ကား အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းပေးထားသော လူသားတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို ချိုးဖောက်ကာ လူသားတစ်ဦး တစ်ယောက်အား အတင်းအဓမ္မနည်းအားဖြင့် သွေးဆောင်ခွင့်မရှိကြောင်းဖော်ညွှန်းပြသထားချက်ပင် ဖြစ်သည်။

حَتَّى يَكُونُوا مُؤْمِنِينَ

وَلَوْ شَاء رَبُّكَ لآمَنَ مَن فِي الأَرْضِ كُلُّهُمْ جَمِيعًا أَفَأَنتَ تُكْرِهُ النَّاسَ

''အကယ်၍အသင်၏အရှင်သခင်ကအလိုရှိခဲ့လျှင် ပထဝီမြေကြီး ပေါ်ရှိလူသား အားလုံးကိုအီမာန်သက်ဝင် ယုံကြည်သူဖြစ်စေနိုင်သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ချက်နည်းစဉ်ကလူသားတို့အားသူတို့၏ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိနေပါလျက် လူသားတို့ အားအတင်းအဓမ္မနည်းအားဖြင့် မိုအ်မင်န်ဖြစ်နေ သည်ကို အသင်လိုလားပါသလား။''

(၁၀ ： ၉၉)

ကုရ်အာန်ကဆိုသည်မှာ လူသားတို့သည် သူတို့အထင်အားဖြင့် သူတို့၏အသိုင်းအဝိုင်းအဖွဲ့အစည်းကို အကောင်းဆုံးဟု ထင်မှတ်ကြသည်။ သူတို့အမြင်ကိုဘေးဖယ်ထားပြီး အခြားသူတို့၏အမြင်အားဖြင့် မိမိတို့၏ကျင့်စဉ်ကို ရှုမြင်သုံးသပ်ခြင်းမရှိပါ။ မိမိသည်အားလုံးတို့တွင် အကောင်းဆုံးသောသူဖြစ်သည်ဟု မြင်သကဲ့သို့ အခြားသူတို့သည်လည်း သူတို့၏ကျင့်စဉ်ကို အကောင်း ဆုံးဟုရှုမြင်ကြသည်။ သို့ဖြစ်၍ အကောင်းဆုံးသောနည်းကား တစ်ဦးနှင့်တစ်ဦး တစ်စုနှင့်တစ်စု၊တစ်ဖွဲ့နှင့်တစ်ဖွဲ့တို့ ဆက်ဆံဆက်သွယ်မှုပြုရာတွင် သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကို မွေးမြူခြင်းပင်ဖြစ်သည်။

وَلاَ تَسُبُّواْ الَّذِينَ يَدْعُونَ مِن دُونِ اللّهِ فَيَسُبُّواْ اللّهَ عَدْوًا بِغَيْرِ عِلْمٍ كَذَلِكَ زَيَّنَّا

لِكُلِّ أُمَّةٍ عَمَلَهُمْ ثُمَّ إِلَى رَبِّهِم مَّرْجِعُهُمْ فَيُنَبِّئُهُم بِمَا كَانُواْ يَعْمَلُونَ

''အလ္လာဟ်အရှင်မြတ်ကို ဖယ်ရှားကာ အခြားသောသူတို့ကို ယုံကြည်ကိုးကွယ်သူ တို့ကို အသင်အပြစ်တင်ရှုပ် ချခြင်းမပြုပါနှင့်။ ဤသို့ပြုခြင်းအားဖြင့် အခြားသူတို့ကလည်း အပြန်အလှန်အားဖြင့် အလ္လာဟ်အရှင်မြတ်ကို အပြစ်တင်ခြင်းပြုလာလိမ့်မည်။ သတိပြုပါလေ ငါအရှင်သည် လူသားတို့စိတ်အတွင်း မိမိတို့၏လုပ်ရပ်ကို သာ အကောင်းဟုထင်မြင် အောင်ပြုထားသည်။ အားလုံးသော သူတို့သည် ဖန်ဆင်းပြုစုပျိုးထောင်သော အရှင်ဖက်သို့

လှည့်ပြန်ရမည်။ ထိုနေရာတွင်ပင်လျှင် မိမိတို့၏ လုပ်ရပ်၏ရလာဒ်ကိုမြင်ပေမည်။'' (၆ း ၁၀၈)

## အုပ်စုကွဲခြင်း၊ ဂိုဏ်းဂဏဖွဲ့ခြင်းအစွဲ၏ လမ်းလွဲလမ်းမှားနှင့် ဆန့်သစ်သော ဒါဝသ် ဖိတ်ခေါ်မှု၏လိုအပ်ချက်

မဇ်ဟဗ်အားလုံးသည် အမှန်တရားပေါ်တွင် အခြေခံခဲ့သည်မှန်လျှင် ကျမ်းမြတ်ကုရ်အာန်ပေါ်တွန်းလာရခြင်း၏ အကျိုးအကြောင်းကား အဘယ်နည်း ဟူသောအချက်ကိုစဉ်းစားသုံးသပ်ဖို့လိုသည်။ ကုရ်အာန်ကဆိုသည် မဇ်ဟဗ်အားလုံး သည် မှန်ကန်သော်လည်း မဇ်ဟဗ်တို့အားထိန်းသိမ်းကွပ်ကဲသော ပုဂ္ဂိုလ်တို့သည် မဇ်ဟဗ်၏အမှန်တရားမှ တိမ်းစောင်းလမ်းမှားခဲ့သည်။ သို့ဖြစ်၍ ယင်းတို့၏ တိမ်းစောင်းလမ်းမှားခဲ့မှုကို မူလလမ်းမှန်းသို့ရောက်ရှိစေရန် ကုရ်အာန်က အတိတ်ကာလက လမ်းလွဲလမ်းမှား ခဲ့ပုံအကြောင်းကို တစ်ခုစီကိုရေတွက်ပြခဲ့သည်။

ယင်းသည် ယုံကြည်ချက်သဘောနှင့် လက်တွေ့ဘဝနှစ်ခုစလုံးတွင် ပင်ဖြစ်သည်။ ယင်းသို့ အုပ်စုကွဲဂိုဏ်ဂဏဖွဲ့ခြင်းကို အရဗီစာအရ ''သရှိယူအ်'' ဟုခေါ်သည်။ အဓိပ္ပါယ်က အကွဲကွဲအပြားပြား ဂိုဏ်းဂဏအုပ်စု ဖွဲ့ခြင်းဖြစ်သည်။ ယင်းသည် ကွဲပြားသောစိတ်ဓာတ်ကို မွေးမြူပေးသည်။

إِنَّ الَّذِينَ فَرَّقُوا۟ دِينَهُمْ وَكَانُوا۟ شِيَعًا لَّسْتَ مِنْهُمْ فِى شَىْءٍ إِنَّمَآ أَمْرُهُمْ إِلَى ٱللَّهِ ثُمَّ يُنَبِّئُهُم بِمَا كَانُوا۟ يَفْعَلُونَ

''ကေန်အမှန်ပင် ထိုသူတို့သည် မိမိတို့၏တစ်ခုတည်းသော ဒီန်ကို အစိတ်စိတ်အမွှာမွှာခွဲခြား၍ မိမိတို့ကိုယ်တိုင် ဂိုဏ်းဂဏအစွဲဖြင့် အဖွဲ့လိုက် အစုလိုက်ဖြစ်သွားခဲ့ကြသည်။ အသင်သည် ထိုသို့သောသူများနှင့် သက်ဆိုင်ခြင်းလုံးဝမရှိပေ။ ထိုသူတို့ပြုကျင့်ခဲ့သော လုပ်ရပ်များနှင့်ပတ်သက်၍ ပေါ်ပေါက်လာသောအကျိုး ရလဒ်ကို အရှင်မြတ်သည်သာပြသမည်ဖြစ်သည်။'' (၆ း ၁၅၉)

فَتَقَطَّعُوٓا۟ أَمْرَهُم بَيْنَهُمْ زُبُرًا كُلُّ حِزْبٍۭ بِمَا لَدَيْهِمْ فَرِحُونَ

''ထို့နောက် လူသားတို့သည် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် မိမိတို့၏ဒီန်ကို အပိုင်းပိုင်းအစစဂိုဏ်းဂဏဖွဲ့ကာပိုင်းဖြတ်ခဲ့ကြသည်။ အုပ်စုတိုင်းသည် မိမိတို့လက်ထဲ၌ ရှိနေသော အယူအဆတို့ဖြင့် ဝမ်းမြောက်ကျေနပ်နေကြသည်။'' (၂၃ း ၅၃)

ယင်းဖော်ပြပါ သရှိယူအ်အုပ်စုဖွဲ့ခြင်း၏ လမ်းလွဲလမ်းမှား လုပ်ဆောင်မှု ကြောင့် သက်ရောက်လာမှုကို ကျမ်းမြတ် ကုရ်အာန်က ရှင်းလင်းဖော်ပြပုံကား အလ္လာဟ်အရှင်မြတ်၏ ဒီန်လမ်းစဉ်အရ လူသားဟူသည် အလ္လာဟ်အရှင်မြတ်အား

ယုံကြည်ကာ အရှင်၏လမ်းညွှန်ချက်ကိုခံယူပြီး ကောင်းမြတ်သော အပြုသဘော ဆောင်သောလုပ်ငန်းများကိုဆောင်ရွက်ကြသည်။

ကောင်းမြတ်သော လုပ်ဆောင်ချက်သည် ကောင်းမြတ်သော ရလာဒ်ကိုဖြစ်ထွန်းစေသကဲ့သို့ မကောင်းသောအဖျက်သဘောလုပ်ဆောင်မှုကြောင့် မကောင်းသောရလာဒ်ကိုဖြစ်စေသည်။ ဤသဘောနိယာမကို လူသားတို့က မျက်မှောက်ပြုကာ အုပ်စုကွဲပြသကာ လူမျိုးစွဲ၊ ဘာသာစကားစွဲ၊ ဒေသစွဲ၊ အုပ်စုစွဲကိုအခြေခံကာ ဓလေ့ထုံးစံကိုတည်ဆောက်ကြသည်။ လူသားတို့သည် သူတို့၏လွတ်မြောက်ရေးအောင်မြင်ရေးသည် ဘာကြောင့်ဖြစ်ရသည်ဟူသော ဇစ်မြစ် သဘောကို သုံးသပ်ခြင်းမရှိဘဲ မည်သည့်အုပ်စုကဖြစ်ခြင်းကြောင်းကိုသာ ပုဂ္ဂိုလ်စွဲဖြင့် အလေးထားစဉ်းစားကြသည်။

ဤသို့သောဂိုဏ်းဂဏအစွဲ လွဲမှားမှုလမ်း ကြောင်းကြောင့် ဆုတ်ယုတ်မှု ကိုတွေ့မြင်လာသောအခါ ဒီန်၏အခြေမခိုင်မှုဟူ၍ မဆင်မခြင်သုံးသပ်ကြသည်။ ဤသို့သုံးသပ်ရခြင်း အကြောင်းကား အုပ်စုဖွဲ့ခြင်းကြောင့်ဖြစ်သည်ကိုမှု ဂရုမပြုကြပေ။ အုပ်စုဂိုဏ်းဂဏတိုင်းသည် မိမိတို့သည်သာလျှင် မှန်ကန်ပြီး ကျန်လူတို့သည် မှားယွင်းသောသူဖြစ်သည်ဟု အပြစ်တင်ကာမုန်းတီးရေးနှင့် မနာလိုစိတ်ကိုမွေးပေးခဲ့ကြသည်။ စင်စစ်သူတို့၏တာဝန်မှာ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်စွာဖြင့် အရှင်၏လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ကာ ကောင်းမြတ်သော အပြုအမူကိုဆောင်ရွက်ရမည်ဖြစ်သော်လည်း သူတို့သည် မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် သတ်ဖြတ်မှုကိုသာ ဆောင်ရွက်ခဲ့ကြသည်။

ဤဖော်ပြပါအချက်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန် ကဖော်ညွှန်းပြ သသောအချက်သုံးချက်မှာ –

၁။ လူသားတို့အတွက် လွတ်မြောက်ရေးလမ်းကြောင်းသည် သီးခြား အုပ်စွဲခြင်းဖြင့်ရရှိမည်မဟုတ်ဘဲ တစ်ဦးကိုတစ်ဦး ယုံကြည်မှုထားပြီး ပူးပေါင်း ဆောင်ရွက်မှုဖြင့် လုပ်ဆောင်ချက်သာဖြစ်သည်။

၂။ လူသားတို့အဖို့ ဒီန်လမ်းစဉ်သည် တစ်ခုတည်းသာဖြစ်သည်။ လူသားအားလုံးအတွက် ညီမျှသော သွန်သင်လမ်းပြမှုကို ဒီန်ကပြုသည်။ ယင်း ကိုသွေဖယ်သူတို့သည် လမ်းမှားရောက်သူတို့သာလျှင်ဖြစ်သည်။

၃။ ဒီန်၏အဓိကသွန်သင်ချက်မှာ သောင်ဟီဒ်တည်းဟူသော တစ်ဆူသော အရှင်ကိုယုံကြည်ကာ ကျမ်းမြတ်ကုရ်အာန်၏လမ်းညွှန်ချက်ကို တစ်သဝေ မတိမ်းလိုက်နာကျင့်ကြံဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အတိတ်ကာလ မဖ်ဟဗ်

အားလုံးသည် ယင်းသွန်သင်ချက်ကိုသာဖြန့်ချိခဲ့သည်။

ဤဖော်ပြပါအချက်ကိုကျမ်းမြတ်ကုရ်အာန်က အောက်ပါအတိုင်းဖော်ပြသည်။

قَالُواْ لَن يَدْخُلَ الْجَنَّةَ إِلاَّ مَن كَانَ هُوداً أَوْ نَصَارَى تِلْكَ أَمَانِيُّهُمْ قُلْ هَاتُواْ بُرْهَانَكُمْ إِن كُنتُمْ صَادِقِينَ بَلَى مَنْ أَسْلَمَ وَجْهَهُ لِلّهِ وَهُوَ مُحْسِنٌ فَلَهُ أَجْرُهُ عِندَ رَبِّهِ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ

"ရဟူဒီနှင့်နဆွရာဟ်တို့ကသူတို့မှအပ မည်သူတစ်ဦးတစ်ယောက်မျှ ဂျန္နသ်သုခဘုံသို့ဝင်ရောက်နိုင်မည် မဟုတ်ဟု ယုံကြည်လက်ခံကြသည်။ ထိုပြောဆိုချက်များ သည် သူတို့၏ ရိုင်းပြသော စိတ်ကူးမှုသက်သက် သာလျှင်ဖြစ်သည်။ အိုနဗီတမန်တော် သူတို့အား ပြောဆိုပါလေ၊အသင်တို့၏ ပြောဆိုချက်သည် မှန်ကန်လျှင်အသင်တို့တွင် သက်သေသာဓကရှိသလား။ ရှိလျှင်ယူဆောင်ပြသလော့၊ စင်စစ်သော်ကားမည်သူမဆို အလ္လာဟ်အရှင်မြတ်အား ယုံကြည်စိတ်ချစွာ လမ်းညွှန်ချက်ကိုခံယူပြီး ကောင်းမြတ်သောအလုပ်ကို ပြုကျင့်ခဲ့သော် ထိုကဲ့သို့ သောသူတို့သာလျှင် မိမိတို့၏အရှင်ထံမှ အကျိုးကျေးဇူးရလာဒ်ကို မုချရရှိကာ စိုးရိမ်ကြောင့် ကျမှုဆွေးမှုကင်းရှင်းမည်။ (၂ ፡ ၁၁၁ - ၁၁၂)

إِنَّ الَّذِينَ آمَنُواْ وَالَّذِينَ هَادُواْ وَالنَّصَارَى وَالصَّابِئِينَ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الآخِرِ وَعَمِلَ صَالِحاً فَلَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ

"အစ္စလာမ်ကိုသက်ဝင်သော မိုအ်မင်န်များသည်လည်းကောင်း၊ ရဟူဒီများသည် လည်းကောင်း၊ ခရစ်ယာန် များသည်လည်းကောင်း၊ ဆွဗိအီများသည်လည်းကောင်း၊ မည်သူပင်ဖြစ်ပါစေ၊ အလ္လာဟ်အရှင်မြတ်အား ယုံကြည်စိတ်ချစွာ လမ်းညွှန်ချက်ကိုခံယူလျက်လည်းကောင်း၊ အာခိရသ်ရလာဒ်ကို ယုံကြည်လျက်လည်း ကောင်း၊ ကောင်းမြတ်သောအလုပ်ကို ပြုကျင့်ဆောင်ရွက်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်ထံမှ ရလာဒ်မုချရရှိမည်။ ထိုသူအဖို့ရာတွင် ယင်းရလာဒ်နှင့်ပတ်သက်၍ မည်သို့စိုးရိမ်ကြောင့် ကျခြင်းမျှသော်လည်းကောင်း၊ ပူဆွေးရခြင်းသော်လည်းကောင်းရှိမည် မဟုတ်ချေ။" (၂ ፡ ၆၂)

အလ္လာဟ်အရှင်မြတ်၏ ချမှတ်သောဒိန်ဟုဆိုခြင်းသည် အလ္လာဟ်အရှင်မြတ် အား ယုံကြည်စိတ်ချစွာဖြင့်အရှင်၏ လမ်းညွှန်ချက်ကိုလက်ခံကာ ကောင်းမြတ်သောအပြုသဘောဆောင်သော အပြုအကျင့်ကိုခေါ်ဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ယင်းကိုအုပ်စုတစ်စု၊ အဖွဲ့တစ်ခုက သူတို့အတွက်ဟုမှတ်ယူမရနိုင်ပေ။ မည်သည့်လူမျိုးဖြစ်စေ မည်သည့်ဘာသာစကားကိုပြောဆိုသည်ဖြစ်စေ၊ မည်သည့်

ဒေသတွင်နေထိုင်သူဖြစ်စေ လူဟူ၍သတ်မှတ်ခံရသူဖြစ်၍ ဤဖော်ပြပါကျင့်ကြံမှုကိုပြုလုပ်လျှင်အလ္လာဟ်အရှင်မြတ်၏ လမ်းစဉ်ကိုလိုက် သည်ဟုခေါ်သည်။

အတိတ်ကာလက ရဟူဒီတို့ကဘောင်ကန့်သတ်ပြီး ယင်းသူတို့နှစ်ဖွဲ့စည်းထားသောသူတို့သာလျှင်မှန်ကန်သူဖြစ်သည်။ ဤမှန်ကန်သူဖြစ်သည်။ ဤမှန်ကန်သူသာလျှင် အနှောင်အဖွဲ့အပေါင်းမှ လွတ်ကင်းအောင်မြင်မည်ဟု သူတို့ခံယူထားခဲ့သည်။ ဤဘောင်ခတ်မှုအပြင်ပရှိ လူတို့ကမူ မည်မျှပင် ကောင်းမြတ်သော အပြုအကျင့်ရှိပါစေအောင်မြင်သူမဖြစ်နိုင်ဟူ၍ သူတို့ကခံယူသည်။ ဤနည်းနှင်နှင်ပင် အီဆာအီတို့ကလည်းခံယူခဲ့ကြသည်။ လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ကိုလက်ခံပြီး မည်၍မည်မျှ ပင် ကောင်းသောအပြုအကျင့်ကို ဆောင်ရွက်နိုင်ပါစေ ယင်းသူသည် ဘောင်ခတ်မှုပြင်ပကသူဟု သတ်မှတ်ခံရလျှင် သူ၏ဘဝ သည် အချည်းနှီးပင်ဖြစ်သည်ဟု အတိတ်ကာလက ယုံကြည်ခဲ့ကြသည်။

ကျမ်းမြတ်ကုရ်အာန်ကဖော်ပြပါအချက်ကို အောက်ပါအတိုင်း ဖော်ပြသည်။ كُونُوا هُودًا أَوْ نَصَارَى تَهْتَدُوا

لَى مَنْ أَسْلَمَ وَجْهَهُ لِلّٰهِ وَهُوَ مُحْسِنٌ

ဟီဒါယသ်၏လမ်းကြောင်းသည် ယုံကြည်ချက်နှင့်လက်တွေ့ဘဝအတွက် မဟုတ်ဘဲ ယဟုဒ်နှင့်နဆာရက်တို့၏ အုပ်စုဖွဲ့ခြင်းဖြစ်နေရသည်။ ဤသို့ဖြင့် အလ္လာဟ်အရှင်မြတ်က ကမ္ဘာလူသားတို့အတွက် ဟီဒါယသလမ်းညွှန်ထားချက်ကို သေးသိမ် သောအဖြစ်သို့ ဤသူတို့ကပို့ဆောင်နေခြင်းဖြစ်သည်။ ဤသို့ဖြစ်နိုင်ပါသလား။

လူတစ်ဦးတစ်ယောက်သည် မည်သည့်လူမျိုး မည်သည့်အဖွဲ့အစည်းပင်ဖြစ်ပါစေ၊ အကယ်၍သာ အလ္လာဟ်၏လမ်းညွှန် ချက်ကိုလက်တွေ့ဘဝတွင် အကောင်အထည်ဖော်ကာ ကောင်းမြတ်သော အပြုသဘောဆောင်သော အလုပ်ကို ဆောင်ရွက်ခဲ့ လျှင် အောင်မြင်သူတို့တွင်ပါဝင်သည်ဟု ကုရ်အာန်က လမ်းညွှန်သည်၊ ဤကြီးမားလှသော ပြတ်သားလှသော အတိတ်ကာလ အယူအဆဟောင်းကို တော်လှန်ဝံ့သောစကားရပ်ထက် ကြီးကျယ်မြင့်မြတ်သော စကားရပ်ရှိနိုင်ပါမည်လော။

قَالَتِ الْيَهُودُ لَيْسَتِ النَّصَارَى عَلَى شَيْءٍ وَقَالَتِ النَّصَارَى لَيْسَتِ الْيَهُودُ عَلَى شَيْءٍ

وَهُمْ يَتْلُونَ الْكِتَابَ كَذَلِكَ قَالَ الَّذِينَ لاَ يَعْلَمُونَ مِثْلَ قَوْلِهِمْ فَاللهُ يَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ

ـا كَانُوا فِيهِ يَخْتَلِفُونَ

''ရဟူဒီတို့က အီဆာအီတို့၏ ဒိန်လမ်းစဉ်သည် ဘာဆိုဘာမျှမရှိဟု ဆိုသကဲ့သို့ အီဆာအီတို့ကလည်း ရဟူဒီတို့၏ဒိန်သည် ဘာဆိုဘာမှမဟုတ်ဟုဆို၏။ စင်စစ်အားဖြင့် နှစ်ခုစလုံးသည် အလ္လာဟ်အရှင်မြတ်ပို့ချ သော ကျမ်းဂန်ကို ဖတ်ရွတ်သူများဖြစ်သည်။ သူတို့နှစ်ခုပြောဆိုသကဲ့သို့ပင် အမြော်အမြင်မဲ့သောသူတို့ကလည်း လိုက်၍ ဤသို့ပင် ဆိုကြသည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့၏ငြင်းခုန်မှုများကို ကေယာမသ် နေ့တွင် မျက်ဝါးထင်ထင်ပေါ်လွင်ထင်ရှားစွာ စီရင်ဆုံးဖြတ်တော်မူမည်။''

(၂ ။ ၁၁၃)

အကယ်၍ ယုံကြည်မှုလမ်းကြောင်းသည် တူညီနေလျှင်အဘယ့်ကြောင့် အချင်းချင်း ငြင်းခုန်မှုများပဋိပက္ခများပြုနေရ သနည်း။ ကုရ်အာန်ကဆိုသည်မှာ အားလုံးသည် သစ္စာတရားကိုရရှိခဲ့သော်ငြားလည်း ယင်းသစ္စာတရားလမ်းကြောင်းကို သွေဖည်မှု ပြုခဲ့ကြသည်။ အားလုံးအတွက် တစ်ခုတည်းသောဝါဒလမ်းစဉ်ကို ချမှတ်နိုင်သော်ငြားလည်း မိမိတို့၏စိတ်ကြိုက်မှုကို ရှေ့တန်းတင် ခဲ့ကြသည်။ ဤသို့အားဖြင့် အုပ်စုတစ်စုသည် အခြားအုပ်စုတစ်စုနှင့် အငြင်းပွားမှုပြုကာ ခိုက်ရန်ဖြစ်ပွားရတော့သည်။ ဤသို့ခိုက်ရန်ဖြစ်ခြင်းဖြင့် သူတို့၏ အတိတ်အစွဲအလမ်း အမွေအနှစ်ကိုစောင့်ထိန်းမှုကို ပြုနိုင်မည်ဟုခံယူခဲ့ကြသည်။

ဝတ်ပြုမှုဆိုင်ရာတွင်လည်း တစ်ခုနှင့်တစ်ခု ခိုက်ရန်ဖြစ်မှုနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်က ဖော်ညွှန်းထားပုံက

أَظْلَمُ مِمَّن مَّنَعَ مَسَاجِدَ اللهِ أَن يُذْكَرَ فِيهَا اسْمُهُ وَسَعَى فِي خَرَابِهَا أُوْلَئِكَ

لَهُمْ أَن يَدْخُلُوهَا إِلاَّ خَائِفِينَ لهُمْ فِي الدُّنْيَا خِزْيٌ وَلَهُمْ فِي الآخِرَةِ عَذَابٌ عَظِيمٌ ،

''အလ္လာဟ်အရှင်မြတ်၏ ဗလီဝတ်ကျောင်းတော်များ၌ ထိုအရှင်မြတ်၏ နာမတော်များကို တသသတိရနေသောသူတို့ကို တားဆီးပိတ်ပင်ခဲ့ကြယုံသာမက ထိုဗလီကျောင်းများပျက်စီးရာပျက်စီးကြောင်းကို ကြိုးပမ်းအားထုတ်နေသော သူတို့ ထက်ဆိုးယုတ်သောသူများရှိနိုင်သေးသလား၊ ထိုသူတို့သည် အရှင်မြတ်၏ ဗလီကျောင်း တော်သို့ဝင်ရောက်ရန် မထိုက်တန်ချေ။ ထိုသူတို့သည် အခြားသူတို့အား မိမိတို့၏အစွမ်းကို ပြသမည့်အစား အခြားသောသူများကို ကြောက်ရွံ့နေကြရသည့် ဘဝနှင့်နေကြရသည်။ မှတ်သားကြလော့။ ထိုသူတို့အဖို့ ဤလောကီဘဝသည်လည်းသိက္ခာမရှိ ဆိုးဝါးလှကား နောင်အာခိရသ်၌လည်း ပြင်းထန်သောအပြစ်ဒဏ်များရှိသည်။'' (၂ ။ ၁၁၄)

မဇ်ဟာဗ်တို့၏အုပ်စုဖွဲ့ကြောင့် ဝတ်ကျောင်းအသီးသီးကွဲပြားရုံမက အခြား သူတို့၏ချကာ ဖြိုဖျက်မှုပြုကြသည်။ အခြားသူတို့၏ဝတ်ကျောင်းများကို ရှိသေ

လေးစားရမည်ကို မခံယူမကျင့်သုံးကြပေ။ ကုရ်အာန်ကဆို သည် အဆိုးယုတ်ဆုံး သော အပြုအမူများတွင် ဝတ်ကျောင်းတော်များသို့လာရောက်ကာ အလ္လာဟ်အရှင်၏နာမတော်များကို တမ်းတသတိရသူများကို တားဆီးခြင်းပင်ဖြစ်သည်ဟုဆိုသည်။ ဤသို့တားဆီးရခြင်းမှာလည်း ယုံကြည်ချက်မတူညီမှုကြောင့်ဟုအကြောင်းပြုကြသည်။ ဤသို့သော အပြုအမူအားဖြင့် အလ္လာဟ်အရှင်မြတ်၏ချစ်ခင်မှုကို အဘယ်သို့ရရှိနိုင်ပါမည်နည်း။

لاَ تُؤْمِنُوا إِلاَّ لِمَن تَبِعَ دِينَكُمْ قُلْ إِنَّ الْهُدَى هُدَى اللهِ أَن يُؤْتَى أَحَدٌ مِّثْلَ مَا أُوتِيتُمْ

أَوْ يُحَآجُّوكُمْ عِندَ رَبِّكُمْ قُلْ إِنَّ الْفَضْلَ بِيَدِ اللهِ يُؤْتِيهِ مَن يَشَاء وَاللهُ وَاسِعٌ عَلِيمٌ

''ထိုနောက်သူတို့သည် အချင်းချင်းတစ်ဦးနှင့်တစ်ဦး ပြောဆိုကြသည်မှာ သူတို့လက်ခံရရှိပြီးဖြစ်သော ဒီန်လမ်းစဉ်လောက်ကောင်းမြတ်သော ဒီန်လမ်းညွှန်ချက်မျိုး ဘယ်သူမှမရရှိနိုင်ပေ။ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ထိုသူတို့နှင့် ဆန့်ကျင်ပြီး အဘယ်သူကမျှအချေအတင် ပြောဆိုခွင့်ရှိမည်မဟုတ်ဟုဆို ကြသည်။ (အို တမန်တော် ပြောလော့) အောင်မြင်မှုလမ်းညွှန်ချက်ဟူသည်ကား အရှင်မြတ်ဖက်မှ အသိပေးမှုသည်သာဖြစ်သည်။ ထိုသို့ဒီန်လမ်းညွှန်ချက်မျိုးသည် အရှင်မြတ်အထံတော်မှ အားလုံးသောသူတို့ကို လမ်းဖွင့်ပေးကမ်းခြင်းဖြင့်သာရသည်။ ကောင်းချီးမင်္ဂလာနှင့် လွတ်ငြိမ်းချမ်းသာပေးခြင်းသည် အသင်တို့ လက်ဝယ်ပိုင်ဆိုင်ခြင်းမရှိပေ။ အရှင်မြတ်သည် မိမိ၏ သတ်မှတ်ထားသော စနစ်အတိုင်း နှစ်မြို့တော်မူသော သူများအပေါ်၌ ဝဟီဖြင့်ပို့ချပေးသည်။ ကေန်အမှန် ထိုအရှင်မြတ်သည် မိမိအလိုရှိသောသူတို့ကို ကျေးဇူး တော်အရာ၌ အကျယ်ပြန့်ဆုံးချပေးနိုင်တော်မူပြီး အတိုင်းအတာမဲ့အရာအားလုံးကို သိရှိတော်မူလေသည်။

(၃ း ၇၃)

အတိတ်ကာလရဟူဒီတို့၏ယုံကြည်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ ဝဟီလမ်းညွှန်ချက်သည် သူတို့အတွက် သီးသန့်ပြဋ္ဌာန်းချက်ဖြစ်သည်။ အခြားသူတို့သည် ယင်းဝဟီလမ်းညွှန်ချက်ကို လက်တွေ့ကျင့်သုံးမှုကြောင့် ရရှိသော ရလဒ်အကျိုးကို ခံစားခွင့်မရှိဟုဆို၏။ ကျမ်းမြတ်ကုရ်အာန်ကမူ ယင်းယူဆချက်ကို လက်မခံဘဲပယ်ချသည်။ ကုရ်အာန်ကဆိုသည်။

انّ الهدى هدى الله ''ဟီဒါယသ်လမ်းကြောင်းဟူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်သာလျှင်ဖြစ်သည်။''

အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာသည်ပုဂ္ဂိုလ်တစ်ဦး လူတစ်စု အတွက်မဟုတ်ပါ။ လူသားအားလုံးအတွက်ဖြစ် သည်။ မည်သည့်လူသားမဆို

အလ္လာဟ်အရှင်မြတ်၏လမ်းညွှန်ချက်ကိုကျင့်သုံးလိုက်နာခဲ့လျှင် အောင်မြင်သူတို့တွင်ပါဝင်မည်။

အတိတ်ကာလကရဟူဒီတို့၏ မာန်မာနက အမြင့်မားဆုံးထိရောက်ရှိကာ သူတို့အား ဂျဟန္နမ်မီးသည်ပင် လျှံထိမည် မဟုတ်။ သူတို့အတွက် ယင်းမီးသည် ဟရာမ်တားမြစ်ခြင်းခံရသည်ဟုဆိုခဲ့သည်။ အကယ်၍ သူတို့အတွင်းမှကြီးမားသောပြစ်ဒဏ်ကြောင့် ဂျဟန္နမ်သို့ဝင်ရောက်ရလျှင်လည်း သူတို့၏ ပြစ်ချက်ကိုဆေးကြောရန်သက်သက်သာလျှင်ဖြစ်မည်။ ယင်းသည် ယာယီနေထိုင်ခွင့်သာလျှင်ဖြစ်မည်ဟုဆို၏။ ဤအချက်နှင့်ပတ်သက်၍ ကုရ်အာန်က ထိုသူတိုအား ယင်းအသိသတင်းကို ဘယ်နေရာကရရှိသနည်းဟု မေးခွန်းထုတ်သည်။

ပြစ်မှုမှလွတ်ငြိမ်းခွင့်နှင့်ပတ်သက်၍ သူတို့၏ ကိုယ်ပိုင်ထင်မြင်ယူဆချက်ကို သူတို့၏ ရှေ့ဆောင်လမ်းပြတို့က ဖော်ပြသည့်အသွင် စိတ်ချစွာပြောဆိုနေကြသည်။ ကျမ်းမြတ်ကုရ်အနာ်က လူတို့၏ ကျင့်ကြံ အားထုတ်မှုကြောင့်ဖြစ်ပေါ်လာရသော အကျိုးရလာဒ်နှင့်ပတ်သက်သော ဥပဒေကိုပြဌာန်းသည်။ ယင်းဥပဒေအရ အကြင်သူ သည် ကောင်းမြတ်သောအလုပ်ကိုပြုလုပ်ခဲ့သော် ကောင်းမြတ်သော အကျိုးဆက်ကို ခံစားရသကဲ့သို့ မကောင်းမှုဒုစရိုက်ကို ပြုကျင့်သော သူတို့သည်လည်း ဆိုးယုတ်သောရလာဒ်ကို ရမည်ဟုကုရ်အာန်ကဆိုသည်။ ဤဥပဒေသည် မည်သည့်ပုဂ္ဂိုလ်အတွက်ကိုသီးခြားသတ်မှတ်ချက်မဟုတ်သည်ကို သတိပြုစေလိုသည်။

وَقَالُوا لَن تَمَسَّنَا النَّارُ إِلاَّ أَيَّاماً مَّعْدُودَةً قُلْ أَتَّخَذْتُمْ عِندَ اللهِ عَهْدًا فَلَن يُخْلِفَ اللهُ عَهْدَهُ أَمْ تَقُولُونَ عَلَى اللهِ مَا لاَ تَعْلَمُونَبَلَى مَن كَسَبَ سَيِّئَةً وَأَحَاطَتْ بِهِ خَطِيئَتُهُ فَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ .....

''ထိုသူတို့ပြောကြသည်မှာ ''ဂျဟန္နမ်၏မီးသည် သူတို့အားထိမည်မဟုတ်။ သတ်မှတ်ထားသောရက်လောက် မှအပ ရေရှည်လောင်ကျွမ်းခံရမည်မဟုတ်။ (အို တမန်တော် ပြော လော့) အသင်တို့သည် ဤအကြောင်း နှင့်ပတ်သက်၍ အရှင်မြတ်အထံတော်မှ ကတိတစ်စုံတစ်ရာရယူထားကြသလော။ ထိုအရှင်မြတ်သည် ကတိတော်တို့ကို ဘယ်သောအခါမျှ ဖျက်တော်မူသော အရှင်မဟုတ်။ အသင်တို့သည် အရှင်မြတ်ကို တိုင်တည်ပြီးအသင်တို့ မသိနားမလည်သောအရာများကို လိမ်လည်ပြောဆိုနေကြသလော။ အမှန်သော်ကား အကြင်သူတစ်ဦးသည် မကောင်းသောအပြုအမူများ လုပ်ဆောင်ခဲ့ပါက ထိုပြစ်မှုများပင် ထိုသူအားဝန်းရံ ထားလျက်ရှိမည်။ ထိုသူတို့သည် ဂျဟန္နမ်၏ မိတ်ဆွေများဖြစ်ကြမည်။ ထို့ပြင် ထိုဌာနဌ်ပင်ထာဝရနေထိုင်ကြ ရမည်။ ယုံကြည်သက်ဝင်သောသူများသည် စိတ်ထဲမှနှစ်ချိုက်စွာယုံကြည်သလို လက်တွေ့လည်း

ကောင်း ကျိုးပြုလုပ်ရပ်များကို လုပ်ဆောင်ခဲ့လျှင် ထိုသူတို့သည် ဂျန္နသ်၏မိတ်ဆွေများဖြစ်ကြပြီး ထိုဌာနၷပင်ထားဝရ နေထိုင်ကြရမည်။'' (၂ း ၈၀ – ၈၂)

လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်က အတိတ်ကာလရဟူဒီနှင့် နဆွရာကဲ့သို့မဟုတ်ဘဲ လူသားအားလုံးကို အောက်ပါအတိုင်း လမ်းညွှန်သည်။

كُمْ وَلا أَمَانِيِّ أَهْلِ الْكِتَابِ مَن يَعْمَلْ سُوءًا يُجْزَ بِهِ وَلاَ يَجِدْ لَهُ مِن
دُونِ اللّهِ وَلِيًّا وَلاَ نَصِيرًا

''မွတ်စလင်တို့မှတ်သားရမည်ကား လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကူအညီရရှိခွင့်သည် အသင်တို့နှင့်ရှေးကျမ်းရပုဂ္ဂိုလ်များ၏အလိုဆန္ဒအတိုင်းဖြစ်လာမည်မဟုတ်၊ အရှင်မြတ်၏ ဥပဒေသည်ကား အကြင်သူ တစ်ဦးတစ်ယောက်သည် မကောင်းသော အမှုပြုလုပ်ခဲ့လျှင် ထိုမကောင်းမှု၏ဆိုးကျိုးရလာဒ်သည် ထိုသူ၏ ရှေ့မှောက်၌ ပေါ်လာမည်ဖြစ်သည်။ ၎င်းနောက်မည်သည့် မိတ်ဆွေကမျှ ထိုသူကို ကယ်တင်နိုင် မည်မဟုတ် သလို ဩဇာအင်အားရှိသူတစ်ဦးတစ်ယောက်မျှလည်း ကူညီနိုင်မည်မဟုတ်။'' (၄ း ၁၂၃)

အတိတ်လူသားတို့ကယုံကြည်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း မတရားမှုကို သူတို့လိုယုံကြည် ချက်ခြင်းတူသူများစပ်ကြားတွင် မပြုလုပ်ရ။ အခြားသူတို့အား မတရားညှင်းပမ်းမှုပြုလျှင် အပြစ်မရှိဟု သူတို့ခံယူခဲ့ကြသည်။ အတိတ်ကာလရဟူဒီတို့သည် သူတို့အချင်းချင်း အတိုးပေးခြင်းမပြုသော်လည်း အခြားသူတို့ထံမှ ကြီးမားသောအတိုးငွေ့ကို ခေါင်းပုံဖြတ်ယူခဲ့ကြသည်။ ဤအချက်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်၏ သတိပေးပုံက အောက်ပါအတိုင်းဖြစ်သည်။

وَأَخْذِهِمُ الرِّبَا وَقَدْ نُهُواْ عَنْهُ وَأَكْلِهِمْ أَمْوَالَ النَّاسِ بِالْبَاطِلِ

''ထို့အပြင်ထိုသူတို့သည် အတိုးစားသုံးခဲ့ကြသည်။ ထိုအတိုးစားခြင်းမှာ မပြုလုပ်ရဟုတားမြစ်ပိတ်ပင်ထားပြီးဖြစ်လေသည်။ ဤသူတို့သည်ကား လူသားတို့၏ပိုင်ဆိုင်သောအရာများကို မတရားသောနည်းလမ်းဖြင့် စားသုံးခြင်းဖြစ်သည်။'' (၄ း ၁၆၁)

ထို့မျှမက ပညာမဲ့သော ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသော နောက်တန်းတွင် ကျကျန်ရစ်နေသော လူ့အဖွဲ့အစည်းတို့နှင့် ဆက်ဆံမှုပြုရာတွင်လည်း မသိနားမလည်မှုကို အခွင့်ကောင်းယူကာ မတရားညှင်းပမ်းခေါင်းပုံဖြတ်ကြသည်။ ဤအပြုအမူလုပ်ဆောင်ချက်ကိုလည်းအပြစ်မရှိဟုသူတို့ခံယူသည်။

ذَٰلِكَ بِأَنَّهُمْ قَالُوا۟ لَيْسَ عَلَيْنَا فِي الْأُمِّيِّينَ سَبِيلٌ وَيَقُولُونَ عَلَى اللَّهِ الْكَذِبَ وَهُمْ يَعْلَمُونَ
بَلَىٰ مَنْ أَوْفَىٰ بِعَهْدِهِ وَاتَّقَىٰ فَإِنَّ اللَّهَ يُحِبُّ الْمُتَّقِينَ

''ဤသို့မတရားစားသုံးကြသူတို့ ပြောကြသည်မှာ ''ထိုစာမတတ်သူများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို မည်သူကမျှ တစ်စုံတစ်ရာမေးမြန်းမည်မဟုတ်ပေ။ အပြစ်လည်း မရှိပေ။ ထိုသူတို့ပိုင်ဆိုင်သောအရာများကို ကြိုက်နှစ်သက်သလိုပြုလျှင် ဤသို့ပြုလုပ်ခြင်းကို အရှင်မြတ်က ခွင့်ပြုထားလိုက်သည်''ဟု လိမ်လည်ပြောဆို ကြသည်။ အမှန်စင်စစ်သော်ကား အရှင်မြတ်၏ ဥပဒေသသည် အကြင်သူတစ်ဦးတစ်ယောက်အနေနှင့် မိမိထားရှိသောကတိကို အပြည့်အဝပြန်လည်ဖြည့်ဆည်းပြီး အရှင်မြတ်၏ ဥပဒေသများကိုလည်း စောင့်စည်း လိုက်နာကျင့်သုံးလျက်ရှိပြီး မကောင်းမှုဒုစရိုက်ကိုရှောင်နိုင်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ လမ်းစဉ်ကိုကျင့်သုံးသောသူများကိုသာလျှင် နှစ်ခြိုက်တော်မူသည်''ဟူ၍ဖြစ်သည်။ ''

(၃ း ၇၅ - ၇၆)

အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကိုယုံကြည်ခြင်း ကျင့်ကြံခြင်း ဟူသည်ကား လူသားအားလုံးကို တစ်မျိုးတစ်စားတည်း သိမြင်ခြင်း၊ လူသား အားလုံးနှင့် တန်းတူညီမျှဆက်ဆံခြင်းပင်ဖြစ်သည်။ အဖြူသည် အမည်းထက် မသာခြင်းကြောင့် အမည်း၏ထွတ်မြတ်သော အပြုအကျင့်များကို လျစ်လျူရှုခြင်း မပြုနိုင်ပါ။

ကျမ်းမြတ်ကုရ်အာန်ကျရောက်စဉ်ကာလက အာရေဗျတွင် ဘာသာရေး ကိုအခြေခံကာ လူ့အဖွဲ့အစည်းသုံးရပ်ရှိခဲ့သည်။ ''ရဟူဒီ၊ ခရစ်ယာယန်နှင့် အာရေဗျမုရှ်ရိက်များဖြစ်ကြသည်။ ယင်းအဖွဲ့အစည်းသုံးရပ်စလုံးသည် အီဗ်ဗရာ ဟင်မ်နဗီကို တူညီစွာလေးစားကာ သူတို့၏ခေါင်းဆောင်များ အဖြစ်ခံယူနေ ခဲ့ကြသည်။

ကျမ်မြတ်ကုရ်အာန်သည် ယင်းအဖွဲ့အစည်းသုံးရပ် ရှေ့မှောက်တွင် အကယ်၍ အသင်တို့အနက် တစ်ဦးဦးက မှန်ကန်သောသူဖြစ်ခဲ့လျှင် အီဗ်ဗရာ ဟင်မ်နဗီသည် မည်သည့်အဖွဲ့ အစည်းမှာ ပါဝင်သူဖြစ်သနည်း။ စင်စစ်အားဖြင့် အီဗ်ဗရာဟင်မ်နဗီပေါ်ထွန်းချိန်က ယင်းယုံကြည်မှုသုံးရပ်မှာ ပေါ်ထွန်းခြင်း မရှိသေးပါ။ အကယ်၍ အီဗ်ဗရာဟင်မ်နဗီသည် မှန်ကန်သူ ဖြောင့်မတ်သူ ဟုသတ်မှတ်ခံခဲ့ရလျှင် သူသည် မည်သူ့အား ကိုယ်စားပြုပါသနည်း။ ကုရ်အာန်က အီဗ်ဗရာဟင်မ်နဗီသည် မည်သည့်ဂိုဏ်းဂဏတွင်မျှ ပါဝင်သူမဟုတ်ဘဲ ဖြောင့်မတ်သောဒိန် လမ်းစဉ်ကို ချမှတ်ကျင့်သုံးသူဖြစ်ခြင်းကြောင့် လူသားဝါဒ အသိရှိသူ အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကာ အလ္လာဟ်အရှင် မြတ်၏လမ်း

ညွှန်ချက်ကို လက်ခံကျင့်ကြံပြီး ကောင်းမြတ်သောအပြုအမူကို ကျင့်ကြံခြင်း ပင်ဖြစ်သည်။

لُواْ كُونُواْ هُودًا أَوْ نَصَارَى تَهْتَدُواْ قُلْ بَلْ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ

''ထိုသူတို့အသီးသီးပြောဆိုကြသည်မှာ အသင်တို့သည် ''ရဟူဒီဘာသာဝင်ဖြစ်ကြကုန်လော့၊ ''နဆွာရာ'' ဘာသာဝင်များဖြစ်ကြကုန်လော့၊ သို့မှသာအသင်တို့လမ်းမှန်ကိုရောက်ရှိကြလိမ့်မည်။ (အို တမန်တော် ပြောလော့) အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်သည် အုပ်စုဖွဲ့ခြင်းမှရရှိမည်မဟုတ်၊ ငါတို့သည် တမန်တော် အီဗ်ဗရာဟင်မ်၏ ဖြောင့်မတ်သောလမ်းစဉ်ဖြင့်သာသစ္စာတရားကိုရရှိနိုင်သည်။ ထိုနဗီသည် အလ္လာဟ အရှင်မြတ်နှင့် မည်သူကိုမျှတွဲဖက်နိုင်းယှဉ်ကိုးကွယ်သူများထဲမှမဟုတ်။'' (၂ း ၁၃၅)

ဤအခြေအနေကို မီးမောင်းထိုးပြရာတွင် ဆူရာအာလေအင်မရာန်က ပိုမိုပြည့်စုံစွာဖော်ပြသည်ကို အောက်ပါအတိုင်း တွေ့ရသည်။

ا أَهْلَ الْكِتَابِ لِمَ تُحَاجُّونَ فِي إِبْرَاهِيمَ وَمَا أُنزِلَتِ التَّوْرَاةُ وَالإِنجِيلُ

''အိုကျမ်းရပုဂ္ဂိုလ်တို့ အသင်တို့သည် အီဗ်ဗရာဟင်မ်နဗီနှင့်ပတ်သက်၍ ဘာကြောင့်ငြင်းခုံနေခဲ့ကြသနည်း။ တောင်ရသ်နှင့်အင်ဂျီလ်ကျမ်းများသည် အီဗ်ဗရာဟင်မ်နဗီနောက်မှချပေးသောကျမ်းများသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလွန်းလှသည်။ ဤမျှဤမျှ ရှင်းလင်းသိသာလွယ်သော အချက်ကိုပင် အသင်တို့မစဉ်းစားကြ သလော။ '' (၃ း ၆၅)

ကုရ်အာန်ကဖော်ပြပုံက သူတို့၏သမိုင်းကြောင်းသည် တောင်ရသ်နှင့် အင်ဂျီလ် ကျမ်းပေါ်ထွန်းခြင်းမှစခဲ့သည်ဖြစ်၍ ယင်းကျမ်းတို့ပေါ်ထွက်မလာခင် အလျင်က ကောင်းမြတ်သောပုဂ္ဂိုလ်များ လမ်းညွှန်ချက်ရရှိသော လူ့အဖွဲ့ အစည်းများ ဟူ၍မရှိဟု ဆိုနိုင်ပါမလား။ ထိုခေတ်အလျင်ပ ပုဂ္ဂိုလ်တို့သည် အီစ္စရာအီလ်မျိုးနွယ်မှ ဆင်းသက်သည်ဟုဆိုရမည်လား။ ကမ္ဘာပေါ်ရှိ အခြား ဒေသရှိပုဂ္ဂိုလ်များသည် လမ်းညွှန်ချက်မရသောသူများလား။ ကုရ်အာန် ကဖော်ညွှန်းပြရင်းက အောက်ပါအတိုင်းလမ်းညွှန်း ပြသည်။

أَمْ كُنتُمْ شُهَدَاءَ إِذْ حَضَرَ يَعْقُوبَ الْمَوْتُ إِذْ قَالَ لِبَنِيهِ مَا تَعْبُدُونَ مِن بَعْدِي

قَالُواْ نَعْبُدُ إِلَهَكَ وَإِلَهَ آبَائِكَ إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ إِلَهًا وَاحِدًا وَنَحْنُ لَهُ

هُ مُسْلِمُونَ

''ထိုအပြင် အသင်တို့ ထိုအချိန်၌ရှိနေကြသလား။ ထိုအချိန်၌ ''ယဒ်ကူဗ်''နဗီသည် ကွယ်လွန်အံ့ဆဲဆဲ၊ မိမိ၏သားများကိုမေးမြန်းခဲ့သည်မှာ ငါမရှိသည့်နောက် အသင်တို့ ဘယ်အရာကိုလက်ခံယုံကြည် ကိုးကွယ် မည်နည်း။ ထိုအခါသားများက အသင်နှင့်ကျွန်ုပ်တို့၏ ဘိုးဘေးများဖြစ်သော အိဗ်ဗရာဟင်မ်နဗီ၊ အစ္စမာအီလ် နဗီနှင့် အစ္စဟာက်နဗီတို့ယုံကြည် ကိုးကွယ်ခဲ့ကြသော တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ်ကိုသာ လက်ခံယုံကြည်လိုက်နာ ကိုးကွယ်ပါမည်။ ထိုအရှင်မြတ်၏ ဥပဒေသများကို လိုက်နာရိုကျိုးသော မွတ်စလင် များဖြစ်ကြပါမည်ဟုပြောဆိုခဲ့လေသည်။'' (၂ း ၁၃၃)

ကုရ်အာန်ကဆိုသည် အလ္လာဟ်အရှင်မြတ်၏ ဒိန်လမ်းစဉ်ဆိုသည်ကား လူသားတို့ပေါင်းစည်း သွေးစည်းညီညွတ်ကာ အုပ်စုခွဲစိတ်ဓာတ်ကို ဆန့်ကျင်ရန် သာလျှင်ဖြစ်မည်။ ကမ္ဘာပေါ်တွင်ကျရောက်ရှိခဲ့သော ရစူလ်နဗီအပေါင်းသည် အွမ္မသ်တစ်ခုတည်း အလ္လာဟ်တစ်ပါးတည်းကိုလက်ခံခြင်းပင်ဖြစ်သည်။ မဇ်ဟဗ် အား လုံး၏ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တို့သည် ဤတရားစစ် တရားမှန်ကိုသာ ဟောပြောစည်းရုံးခဲ့သည်။ယင်းတို့ကိုဆက်ခံသောပုဂ္ဂိုလ်တို့က သာဖော်ပြပါတရားကို သွေဖယ်ကာသူတို့၏ စိတ်ကြိုက်တည်ထွင်မှုကိုပြုခဲ့သည်။

ကျမ်းမြတ်ကုရ်အာန်တွင်ဖော်ပြထားသော ရှေးတမန်တော်တို့၏ အကြောင်းတရာများသည်လည်း ကောင်းသူ၏ဟော ပြောချက်များသည်လည်း ကောင်း၊ တစ်မျိုးတစ်စားတည်းဖြစ်နေသည်။ သူတို့၏ဖိတ်ခေါ်မှုသည်လည်း ကောင်း၊ သူတို့၏စုရပ်သည် လည်းကောင်း၊ ခွဲခြားမရသော သောင်ဟိဒ်တရားများ ပင်ဖြစ်သည်။ သူတို့သည်လူသားဝါဒကို ဖော်ညွှန်ပြီးသူတို့အား တစ်ပေါင်း တစ်စည်းဖြစ်မှုကိုကြိုးပမ်းခဲ့သည်။

စူရာဟ်မုအိမိနန်တွင် နူဟ်နဗီ၏ ဒါဝသ်ဖိတ်ခေါ်မှုကိုဖော်ပြရာတွင်

لَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ أَفَلَا تَتَّقُونَ

''ငါအရှင်မြတ်သည် နူဟ်နဗီအား သူ၏မျိုးနွယ်စုအတွင်း စေလွှတ်တော်မူခဲ့သည်။ နူဟ်နဗီက သူ၏အနွယ်ဝင် တို့အားပြောခဲ့သည်မှာ 'အို ကျွန်ုပ်၏အမျိုးသားတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ လိုက်နာယုံ ကြည်ကိုးကွယ်လော၊ ထိုအရှင်မြတ်သည်သာလျှင် အသင်တို့ကိုစိုးပိုင်ပြီး ထိုအရှင်မြတ်မှအပ ကိုးကွယ် ယုံကြည်ရာအရှင်လုံးဝမရှိ။ အသင်တို့ အလ္လာဟ်အရှင်မြတ်ကို လိုက်နာကျင့်သုံးကိုးကွယ်ခြင်း မပြုကြဘူးလား။'' (၂၃ း ၂၃)

ယင်းနောက် နူဟ်နဗီနောက်ပိုင်းပေါ်ထွန်းခဲ့သော ဒါဝသ် ကိုဖော်ပြရာတွင်

ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ

فَأَرْسَلْنَا فِيهِمْ رَسُولًا مِّنْهُمْ أَنِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ أَفَلَا تَتَّقُونَ

''ထို့နောက် ငါအရှင်မြတ်သည် ၎င်း၏နောက်အခြားသော မျိုးနွယ်စုတစ်ခုကို ပြုစုပျိုးထောင်ခဲ့သည်။ ထိုမျိုးနွယ်စုထဲသို့ပင် တမန်တော်တစ်ပါးကိုစေလွှတ်၍ ပြောဆိုနိုင်းသည်မှာ ''အသင်တို့သည် အလ္လာဟ်အရှင် မြတ်တစ်ပါးတည်းကိုသာ လိုက်နာယုံကြည်ကိုးကွယ်ကြ၊ ထိုအရှင်မှအပ ကိုးကွယ်ရာမရှိ။'' (၂၃ း ၃၂)

ယင်းနောက် မူဆာနဗီနှင့်ပတ်သက်၍ ဖော်ပြသည်။

ثُمَّ أَرْسَلْنَا مُوسَىٰ وَأَخَاهُ هَارُونَ

''ထို့နောက် ငါအရှင်မြတ်သည် တမန်တော်မူဆာနှင့် သူ၏နောင်တော် ဟာရွန်ကိုစေလွှတ်ခဲ့သည်။'' (၂၃ း ၄၅)

وَجَعَلْنَا ابْنَ مَرْيَمَ وَأُمَّهُ آيَةً

''ထို့နောက် ငါအရှင်မြတ်သည် မရ်ယာမ်၏ သားတော်နှင့် မာရ်ယမ်ကို သက်သေလက္ခဏာ ရပ်ကြီး တစ်ရပ်ဖြစ်စေခဲ့သည်။''(၂၃ း ၅၀)

ဤသို့ဖော်ပြပြီးနောက် ဖော်ပြပါဒါဝသ်ဖိတ်ခေါ်မှုအားလုံး၏ အနှစ်သာရသဘောကို အောက်ပါအတိုင်းဖော်ပြသည်။

يَا أَيُّهَا الرُّسُلُ كُلُوا مِنَ الطَّيِّبَاتِ وَاعْمَلُوا صَالِحًا إِنِّي بِمَا تَعْمَلُونَ عَلِيمٌ

وَإِنَّ هَٰذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاتَّقُونِ

''ထို့အပြင် ငါအရှင်မြတ်သည် ရစူလ်အပေါင်းတို့အား မိန့်တော်မူထားသည်မှာ သန့်ရှင်းစင်ကြယ်လတ်ဆတ် သောအရာများကိုစားသုံးကြ၍ ကောင်းမြတ်မှန်ကန်သောလုပ်ရပ်များကို လုပ်ဆောင်ကြ၊ အသင်တို့ပြုသော လုပ်ရပ်များကို ငါအရှင်မြတ်သည် အကြွင်းမဲ့ သိရှိတော်မူသည်။ ထို့ပြင် အသင်တို့၏မျိုးနွယ်များသည် တစ်ခုတည်းသော လူသားမျိုးနွယ်သာဖြစ်သည်။ ငါအရှင်သည်သာ အသင်တို့ကို အဆင့်ဆင့်ပျိုးထောင် တော်မူသော အရှင်ဖြစ်၍ ငါ၏ ဥပဒေသများကို အမြဲတစေနှလုံးသွင်း၍ ကျင့်ကြံကြလော့။ ငါ၏အမိန့်ကို ချိုးဖောက်ခြင်း မပြုပါနှင့်။ သို့ရာတွင်လူတို့သည် မိမိတို့အချင်းချင်းယုံကြည်ချက်ကို အပိုင်းပိုင်းခွဲကာ ဂိုဏ်းဂဏ အုပ်စုအသီးသီးဖွဲ့စည်းကြသည်။ ထိုသူတို့သည် မိမိတို့၏ ကျင့်စဉ်ကျင့်ရပ်လမ်းစဉ်ဝါဒများနှင့်

ကျေနပ်နှစ်သိမ့်နေကြသည်။'' (၂၃ း ၅၁ - ၅၂)

မဖ်ဟာဗ်ခေါင်းဆောင်များသည် သူတို့ဖာသာအဆန်းအသစ် တည်ထွင်ခဲ့မှုနှင့်ပတ်သက်၍ သူတို့၏ပြုလုပ်ခဲ့သော အမှားအယွင်းကို ပယ်ဖျက်ခြင်းမရှိဘဲ ယင်းအခွင့်အရေးကိုလက်ကိုင်ပြုကာ လူတို့အား လိမ်ညာခဲ့ကြသည်။ ယင်းကို ယနေ့ထက်တိုင် အကောင်အထည်ဖော်ကာလူတို့အား လိမ်ညာနေဆဲ ပင်ဖြစ်သည်။

ကုရ်အာန်က မိမိတို့က ပြစ်မှုကိုသိမြင်ရှောင်ကြဉ်ခြင်းကို ကောင်းမြတ်သော အပြုသဘောဆောင်သောလုပ်ငန်းများကို ပြုလုပ်ခြင်းဖြင့် အလ္လာဟ် အရှင်မြတ်၏နီးစပ်မှုကို ရယူခြင်းနည်းကို လူသားတို့အား လမ်းညွှန်ပြသသည်။ ဤသို့ပြုကျင့်ဆောင်ရွက်မှုကိုအရောင်ဆိုးခြင်းဟုကုရ်အာန်ကဆိုသည်။ လူသည် ကောင်းမြတ်သောအပြုအကျင့်ကို ဆောင်ရွက်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်၏ အရောင်ဆိုးခြင်းကိုခံရတော့သည်။

صِبْغَةَ اللّٰهِ وَمَنْ أَحْسَنُ مِنَ اللّٰهِ صِبْغَةً وَنَحْنُ لَهُ عَابِدُونَ

''ဤသည်ကား အရှင်မြတ်၏ ဂုဏ်တော်များနှင့် အရောင်ချယ်ထားသော ဒိန်ပင်ဖြစ်သည်။ ထိုအရှင်မြတ် ထက်ပိုမို၍ မည်သူက ဆေးရောင်ခြယ်နိုင်သနည်း။ ကျွန်ုပ်တို့သည်ကား ထိုအရှင်၏ လမ်းညွှန်ချက်ဖြင့် အေဘာဒတ်ကိုပြုကျင့်ဆောင်ရွက်ကြသည့် အေဘာဒီများဖြစ်သည်။'' (၂ း ၁၃၈)

စူရာဟ်ဘကရာတွင် ဒိန်သည် အလ္လာဟ်အရှင်မြတ်၏လမ်းညွှန်ချက် ဥပဒေသသာလျှင်ဖြစ်ပြီး ယင်းလမ်းညွှန်ချက်၏ အချုပ်ရလာဒ်ကား လူတို့အဖို့ သူတို့ရှာကြံလုပ်ဆောင်ခဲ့မှု ရလာဒ်ကိုသာကျပ်ပြည့်ဒင်းပြည့် ခံစားရမည် ဟူသောအချက်ပင်ဖြစ်သည် ကိုဖော်ပြထားသည်။

تِلْكَ أُمَّةٌ قَدْ خَلَتْ لَهَا مَا كَسَبَتْ وَلَكُم مَّا كَسَبْتُمْ وَلاَ تُسْأَلُونَ عَمَّا كَانُواْ يَعْمَلُونَ

''ထိုသူတို့သည် လွန်လေပြီးခဲ့သော ကာလတစ်ခုတည်ရှိခဲ့သော လူ့အဖွဲ့အစည်းအွမ္မသ်ဖြစ်သည်။ သူတို့အဖို့ ရာတွင် သူတို့ပြုကျင့်ခဲ့သော လုပ်ဆောင်ချက်များသည် သူတို့အတွက် ရလာဒ်ဖြစ်၍ အသင်တို့အတွက်လည်း အသင်တို့ရှာကြံသောအရာများသာလျှင် အသင်တို့ရလာဒ်ဖြစ်သည်။ သူတို့ပြုကျင့်ခဲ့သော အတိတ်လုပ်ရပ် များနှင့်ပတ်သက်၍ အသင်တို့အား စစ်ကြောမေးမြန်းခြင်းခံရမည်မဟုတ်။'' (၂ း ၁၄၁)

## ကုရ်အာန်၏ ဒါဝသ်ဖိတ်ခေါ်မှု قرآن کی دعوت

ကျမ်းတော်မြတ်ကုရ်အာန်က ဒါဝသ်ဖိတ်ခေါ်မှုပြုရာတွင် အပေါ်လွင်ဆုံး

သောအချက်နှင့် အဓိကကျဆုံးသော တင်ပြ ချက်ကား ဤကျမ်းမြတ်ကုရ်အာန် သည် အသစ်အဆန်းတင်ပြချက်မဟုတ်ပဲ ယခင်အတိတ်ကာလကရှိခဲ့သော ယုံကြည်ချက်ကို ဆန်းသစ်စွာဖော်ညွှန်းပြသချက်ဟူသောအချက်ဖြစ်ကြောင်း ရှင်းလင်းချက်ပင်တည်း။

شَرَعَ لَكُم مِّنَ الدِّينِ مَا وَصَّى بِهِ نُوحًا وَالَّذِي أَوْحَيْنَا إِلَيْكَ وَمَا وَصَّيْنَا بِهِ

إِبْرَاهِيمَ وَمُوسَى وَعِيسَى أَنْ أَقِيمُوا الدِّينَ وَلَا تَتَفَرَّقُوا فِيهِ

''ကြည့်ပါလေ၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် နူဟ်နဗီအား လည်းကောင်း၊ အီဗ်ရာဟီမ်နဗီ အားလည်းကောင်း၊ မူဆာနှင့် အီဆာတို့အားလည်းကောင်း၊ လမ်းညွှန်ခဲ့သော ဒိန်လမ်းစဉ်ကိုပင်ချမှတ်ခဲ့သည်။ သူတို့အားလုံး၏ လမ်းစဉ်သည် ယင်းအလ်ဒိန်တည်းဟူသော လမ်းစဉ်ပင်ဖြစ်သည်။ ဤဒိန်ကို စွဲမြဲစွာတည်ဆောက်ကြ တကွဲတပြားမဖြစ်ကြနှင့်။'' ( ၄၂း၁၃)

စူရာဟ်နီဆာဟ်တွင် ဖော်ပြပုံက -

إِنَّا أَوْحَيْنَا إِلَيْكَ كَمَا أَوْحَيْنَا إِلَى نُوحٍ وَالنَّبِيِّينَ مِن بَعْدِهِ وَأَوْحَيْنَا إِلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ

وَيَعْقُوبَ وَالأَسْبَاطِ وَعِيسَى وَأَيُّوبَ وَيُونُسَ وَهَارُونَ وَسُلَيْمَانَ وَآتَيْنَا دَاوُودَ زَبُورًا

رُسُلاً قَدْ قَصَصْنَاهُمْ عَلَيْكَ مِن قَبْلُ وَرُسُلاً لَّمْ نَقْصُصْهُمْ عَلَيْكَ

''အို တမန်တော် ငါသည် အသင့်အား နူဟ်နဗီအားလည်းကောင်း၊ နူဟ်နဗီနောက်တွင် ပေါ်ထွန်းခဲ့သော နဗီများဖြစ်ကြသည့် အစ်ဗရာဟီမ်၊ အိစ်မာအီလ်၊ အစ္စဟာက်၊ ယာကုဗ်နှင့် သူ၏သားမြေးတို့ အီဆာ၊ အိုင်ယုဗ်၊ယူနုစ်၊ ဟာရုန်၊ ဆိုလိုင်မာန်တို့အားချပေးခဲ့သော ဒိန်လမ်းစဉ်ကိုပင်ပြဋ္ဌာန်းသည်။ ဒါဝုဒ်ကို ဇဗုရ်ကျမ်းပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် အသင်တို့သိမြင်သော ရစူလ်များသည်လည်းရှိသကဲ့သို့ အသင်တို့မသိမြင်သော ရစူလ်များသည်လည်းရှိသည်။'' (၄ း ၁၆၃)

စူရာဟ်အန်အာမ်တွင် ရှေးယခင်က ရစူလ်တမန်တော်များ၏အကြောင်းကို ဖော်ပြပြီးနောက် တမန်တော်မြတ်မုဟမ္မဒ်(ဆွ)အား အောက်ပါအတိုင်း ဆိုသည်။

أُولَئِكَ الَّذِينَ هَدَى اللهُ فَبِهُدَاهُمُ اقْتَدِهْ

''ဤသူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ပြသခြင်းကိုခံရသူဖြစ်သည်။

အိုတမန်တော်အသင်သည်လည်း ယင်းသူတို့၏ ဟီဒါယသ်လမ်းစဉ်ကိုပင် ထပ်ချမကွာ လိုက်နာခြင်းပြုလော့။'' (၆ : ၉၁)

آمَنَّا بِاللّهِ وَمَا أُنزِلَ عَلَيْنَا وَمَا أُنزِلَ عَلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ
وَالأَسْبَاطِ وَمَا أُوتِيَ مُوسَى وَعِيسَى وَالنَّبِيُّونَ مِن رَّبِّهِمْ لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ
وَنَحْنُ لَهُ مُسْلِمُونَ

''အိုတမန်တော်ပြောလော့၊ ငါ၏ လမ်းစဉ်ကား အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်ကပို့ချသော လမ်းညွှန်ချက်ကို သက်ဝင်ယုံကြည်ခြင်း၊ အီဗရာဟင်မ်၊ အစ္စမာအီလ်၊ အိစ္စဟာက်၊ ယာကုဗ်နှင့်သူ၏ အဆက်အနွယ်တို့အားပို့ချသော လမ်းညွှန်ချက်ကိုယုံကြည်ခြင်း၊ ထိုနည်းတူစွာ ''မူဆာ'' ''အီဆာ''နှင့် တကွ ကမ္ဘာပေါ်တွင်ပေါ်ထွန်းခဲ့သော တမန်တော်အားလုံး၏ပို့ချချက်ကို ယုံကြည်ခြင်း ပင်ဖြစ်သည်။ ယင်းတို့ကို တစ်ခုနှင့်တစ်ခုခွဲခြား၍မရနိုင်ပါ။ ငါတို့သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်သူတို့ ဖြစ်သည်။ ဤသည် ငါတို့၏ယုံကြည်ချက်ဖြစ်သည်။'' (၃ : ၈၄)

آمَنَ الرَّسُولُ بِمَا أُنزِلَ إِلَيْهِ مِن رَّبِّهِ وَالْمُؤْمِنُونَ كُلٌّ آمَنَ بِاللّهِ وَمَلآئِكَتِهِ وَكُتُبِهِ وَرُسُلِهِ
لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّن رُّسُلِهِ وَقَالُواْ سَمِعْنَا وَأَطَعْنَا غُفْرَانَكَ رَبَّنَا وَإِلَيْكَ الْمَصِيرُ

''အလ္လာဟ်အရှင်မြတ်၏ တမန်တော်သည် သူထံသို့အလ္လာဟ်အရှင်က ပို့ချသောကျမ်းမြတ်ကိုယုံကြည်ခဲ့ သည်။ အီမာန်ယုံကြည်သူများကလည်း ဤသို့ပင် သက်ဝင်ယုံကြည်ကြသည်။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ် မလာအေကာနှင့် အရှင်မြတ်၏ကျမ်းဂန်များ ထိုအရှင်မြတ်၏ တမန်တော်များကိုယုံကြည်ခဲ့ ကြသည်။ ထိုသူတို့သည် အရှင်မြတ်၏ တမန်တော်များအနက်မည်သူကိုမျှ ခွဲခြားခြင်းမပြုကြပေ။ ထိုသူတို့ ပြောဆိုကြသည်မှာ ကျွန်ုပ်တို့သည် အရှင်မြတ်၏အမိန့်များကို ကြားနာကြပါပြီ။ အရှင်မြတ်၏ညွှန်ပြသော ကျင့်စဉ်များနှင့်အညီ ကျင့်သုံးနေထိုင်ပါမည်။ အရှင်မြတ်၏ ခွင့်လွှတ်ခြင်းများကိုသာ လိုးလားတောင့်တကြပါ သည်။ ကျွန်ုပ်တို့သည် နောက်ဆုံး၌ အရှင်မြတ်ထံတော်သို့သာ ပြန်ကြရမည်ဖြစ်ပါသည်။'' (၂ : ၂၈၅)

وَرُسُلِهِ وَيُرِيدُونَ أَن يُفَرِّقُواْ بَيْنَ اللّهِ وَرُسُلِهِ وَيقُولُونَ نُؤْمِنُ بِبَعْضٍ وَنَكْفُرُ بِبَعْضٍ
وَ بَيْنَ ذَلِكَ سَبِيلاً أُوْلَئِكَ هُمُ الْكَافِرُونَ حَقًّا وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُّهِينًا وَالَّذِينَ آمَنُواْ
بِاللّهِ وَرُسُلِهِ وَلَمْ يُفَرِّقُواْ بَيْنَ أَحَدٍ مِّنْهُمْ أُوْلَئِكَ سَوْفَ يُؤْتِيهِمْ أُجُورَهُمْ وَكَانَ اللّهُ غَفُورًا رَّحِيمًا

''ကေန်အမှန်ပင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်များကို ငြင်းပယ်ကြ သည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်ကြား၌ ခွဲခြားမှုကိုလိုလားသည်။ ထို့ပြင် ထိုသူတို့သည် အချို့တမန်တော်တို့ကိုလက်ခံ၍ တစ်ချို့ကိုငြင်းပယ်ကြသည်ဟု ပြောဆိုကြသည်။ ထို့နောက် ယုံကြည်ချက်နှင့် မယုံကြည်ခြင်းတို့ကြားထဲ၌ တတိယမြောက်နည်း သစ်တစ်ခုကိုလည်း ပြုလုပ်လိုကြသည်။ ထိုသူတို့သည်သာ မုချအမှန်ပင်သွေဖယ်ငြင်းပယ်သူများပင်ဖြစ်သည်။ ထိုသို့ငြင်း ပယ်ခြင်းလမ်းကို လျှောက်လှမ်းသူများအတွက် အပြစ်ဒဏ်လည်း အသင့်ပင်ရှိသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်တို့ကို ယုံကြည်လက်ခံခြင်း တမန်တော်တစ်ပါးပါးကိုမျှ ခွဲခြားခြင်းမပြုသောသူများသည်သာအရှင်မြတ်ဖက်မှ မကြာမီသောကာလ တွင် ကောင်းချီးမင်္ဂလာ ချီးမြှင့်ခြင်းကို ခံစားကြပေလိမ့်မည်။ အလ္လာဟ်အရှင်သည်သာလျှင် အလွန်ပင်ခွင့်လွှတ်တော်မူသောအရှင်၊ ညှာတာတော်မူသောအရှင်ဖြစ်သည်။'' (၄ း ၁၅၀ – ၁၅၂)

စူရာဟ်ကာဘရာသည် စူရာဖွာတအီဟာနောက် ပထမဦးဆုံးစူရာ ပင်ဖြစ်သည်။ ယင်းတွင် စစ်မှန်သောယုံကြည်သူ၏ လမ်းစဉ်ကိုဖော်ပြရာတွင်–

ذِينَ يُؤْمِنُونَ بِمَا أُنزِلَ إِلَيْكَ وَمَا أُنزِلَ مِن قَبْلِكَ وَبِالْآخِرَةِ هُمْ يُوقِنُونَ

وْلَئِكَ عَلَى هُدًى مِّن رَّبِّهِمْ وَأُوْلَئِكَ هُمُ الْمُفْلِحُونَ ۔

'' ထိုသူတို့သည် တမန်တော်မြတ်အထံတော်မှကျရောက်သော သစ္စာတရားကျမ်းအပေါ်၌ လုံးဝဥဿုံ ယုံကြည်ပြီး တမန်တော်မြတ် အလျှင်ချပေးခြင်းခံရသော အမှန်တရားကျမ်းများကို ယုံကြည်ကြသည်။ ထို့ပြင် အာခေရသ်ကိုလည်းယုံကြည်ကြသည်။ ထိုသူတို့သည် သာအရှင်မြတ်ထံမှ သတ်မှတ်ချပေးထားသော လမ်းညွှန်ချက်ပေါ် တွင်ရပ်တည်ပြီး ယင်းသူတို့သာလျှင် အောင်မြင်မှုရရှိမည်ဖြစ်သည်။ '' (၂ း ၄ – ၅)

အလ္လာဟ်တစ်ပါးတည်းကိုလက်ခံပြီးနောက် ရလဒ်ကိုတိ ကျစွာရမည် မှန်လျှင် ဘာကြောင့်ကွဲပြားစွာတစ်ဦးနှင့်တစ်ဦးအငြင်းပွားရပါမည်နည်း။

تَنقِمُونَ مِنَّا إِلاَّ أَنْ آمَنَّا بِاللهِ وَمَا أُنزِلَ إِلَيْنَا وَمَا أُنزِلَ مِن قَبْلُ وَأَنَّ أَكْثَرَكُمْ فَاسِقُونَ

'အို တမန်တော်၊ ကျမ်းဂန်ရပုဂ္ဂိုလ်တို့အား ပြောလော့၊ အသင်တို့သည် ကျွန်ုပ်တို့ကို ဆန့်ကျင်ရန်အသင့် စောင့်နေကြသည်မဟုတ်လော၊ ကျွန်ုပ်တို့တွင် ဘာအပြစ်ရှိပါသနည်း။ အသင်တို့ပြောပြရှင်းပြလော့၊ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်ကိုယုံကြည်သည်။ ကျွန်ုပ်အပေါ်ကျခဲ့သောလမ်းညွှန်ချက်နှင့် ကျွန်ုပ်အလျင် ကျရောက်ခဲ့ပြီးသော တမန်တော်တို့ကို ယုံကြည်ခြင်းအတွက်ကြောင့်လော့။ ထို့ပြင်အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ခြင်းနှင့် နဗီအပေါင်းတို့အား ထောက်ခံမှန်ကန်သည်ဟုပြောခြင်းသည် သင်တို့အမြင်၌ အပြစ်ဖြစ်သွားသလော၊ ဝမ်းနည်းစရာကောင်းသည်မှာ သင်တို့အနက်အများစုမှာ အမှန်တရားမှလုံးဝ သွေဖီနေကြသူများဖြစ်သည်။'' (၅ း ၅၉)

إِنَّ اللَّهَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَٰذَا صِرَاطٌ مُسْتَقِيمٌ

''အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်နှင့် အသင်တို့အားလုံးတို့ကို အဆင့်ဆင့်ပြုစုပျိုးထောင်တော်မူသော အရှင်ပင်ဖြစ်သည်။ ထိုအရှင်မြတ်၏ အမိန့်ကိုသာလျှင်နာခံကြရမည်။ ဤသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော ဒိန်လမ်းညွှန်ချက်ဖြစ်သည်။'' (၁၉ း ၃၆)

ونَنَا فِي اللَّهِ وَهُوَ رَبُّنَا وَرَبُّكُمْ وَلَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ وَنَحْنُ لَهُ مُخْلِصُونَ

'' အို တမန်တော် (ထိုသူတို့အား ပြောလော့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ကျွန်ုပ်နှင့်ငြင်းခုန်ဆန့်ကျင်နေကြသလော၊ အကယ်စင်စစ် ကျွန်ုပ်နှင့်အသင်တို့၏ အရှင် သည်ကား ထိုအလ္လာဟ်အရှင်ပင်ဖြစ်သည်။ ကျွန်ုပ်အတွက် ကျွန်ုပ်၏ လုပ်ဆောင်ချက်၊ အသင်တို့အတွက် အသင်တို့၏ လုပ်ဆောင်ချက်၊ (လူတိုင်းလူတိုင်း မိမိတို့ပြုလုပ်ချက်နှင့်ညီမျှသော အကျိုးရလဒ်များ ရရှိမည်ဖြစ်သည်။ ထို့နောက်တွင် အဘယ်ကြောင့် ဤအကြောင်းနှင့် ပတ်သက်၍ငြင်းခုန်ချင်ကြသနည်း။'' (၂ း ၁၃၉)

အထက်ပါအာယတ်များတွင်သတိပြုသင့်သည့်အချက်များကို ပြန်လည်ဆန်းစစ် သည့်ရှိသော၊ اللَّهَ رَبِّي وَرَبُّكُمْ إِنَّအလ္လာဟ်အရှင်မြတ်သည် ငါတို့နှင့်အသင်တို့အားလုံး၏ အရှင်သခင်ဖြစ်သည်။'' ဆက်လက်၍ . . .

أَتُحَاجُّونَنَا فِي اللَّهِ وَهُوَ رَبُّنَا وَرَبُّكُمْ وَအသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ငါတို့နှင့်အငြင်းပွားမှုပြုကြမလော။ စင်စစ်အားဖြင့် အလ္လာဟ်အရှင်မြတ် သည် ငါတို့နှင့်အသင် တို့အားလုံး၏ အရှင်ဖြစ်သည်။ လက်တွေ့ကျင့်ကြံမှု ၏ရလဒ်သည် ငါတို့အတွက် အသင်တို့၏ကျင့်ကြံမှု၏ရလဒ်သည် အသင်တို့ အတွက်ဖြစ်သည်။

ဤဖော်ပြထားသော လမ်းညွှန်မှု၏ဆိုလိုရင်း အချက်သည် ကား အားလုံး၏အရှင်သည် အလ္လာဟ်သာလျှင် ဖြစ်ပြီး မိမိတို့၏ လက်တွေ့လုပ်ရပ်၏ ရလဒ်ကို မိမိတို့သာလျှင်ခံစားရပေမည်ဟူ၍ ဖြစ်သည်။'' ဤယုံကြည်ချက်နှင့်ပတ်သက်၍ ဘာကြောင့်အငြင်းပွားခိုက်ရန် ဖြစ်ရမည်နည်းဟူသော အသိကို ရရှိသည်။

အလ္လာဟ်အရှင်မြတ်၏ ဖိတ်ခေါ်မှုကိုလက်ခံကျင့်ကြံကာ လက်တွေ့ဘဝတွင် ကောင်းမြတ်သောလုပ်ဆောင်ချက်ကို ပြုကျင့်ဆောင်ရွက်ကြဖို့သာရှိပါသည်။ မည်သည့်ယုံကြည်ချက်ကိုမျှ စော်ကားကဲ့ရဲ့ခြင်းမပြုဘဲ သူတို့၏ ရပ်တည်ချက်ကို အသိအမှတ်ပြုကြပါ။ ဤသို့သော အခြေအနေတွင် ခိုက်ရန်ဖြစ်ပွားခြင်းဟူသည် ပေါ်ပေါက်ဖွယ်ရာရှိပါမည်လော။

သို့ဖြစ်၍ ကျမ်းမြတ်ကုရ်အာန်က မည်သည့်အယူကိုလက်ခံသူကိုမျှ သူတို့၏ ယုံကြည်ချက်ကို စွန့်လွှတ်ရန်တိုက်တွန်းခြင်းမပြုချေ။ မည်သည့် အယူကိုလက်ခံသူဖြစ်ပါစေ အမှန်တရားကို မားမားမတ်မတ် ကာကွယ်ခြင်းပြုရမည်။ ဤသို့အားဖြင့် လူသားတို့သည် ပေါင်းစည်းမှုကိုရမည်။

قُلْ يَا أَهْلَ الْكِتَابِ لَسْتُمْ عَلَىٰ شَيْءٍ حَتَّىٰ تُقِيمُوا التَّوْرَاةَ وَالْإِنجِيلَ
وَمَا أُنزِلَ إِلَيْكُم مِّن رَّبِّكُمْ ۗ وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّا أُنزِلَ
إِلَيْكَ مِن رَّبِّكَ طُغْيَانًا وَكُفْرًا ۖ فَلَا تَأْسَ عَلَى الْقَوْمِ الْكَافِرِينَ
إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالصَّابِئُونَ وَالنَّصَارَىٰ مَنْ آمَنَ بِاللَّهِ
وَالْيَوْمِ الْآخِرِ وَعَمِلَ صَالِحًا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ

' အိုကျမ်းဂန်ရပုဂ္ဂိုလ်တို့ အသင်တို့သည် သင်တို့အပေါ်ကျရောက်ခဲ့သော သောင်ရသ်ကျမ်း၊ အင်ဂျီလ်ကျမ်း နှင့် အခြားကျခဲ့သောကျမ်းများကို အခြေစိုက်လိုက်နာခြင်း မရှိသမျှ ကာလပတ်လုံးမှန်ကန်သော လမ်းစဉ်ပေါ်ရှိ မည်မဟုတ်၊ အသင်တို့အနက်များစွာ သော သူတို့သည် ယင်းကျမ်းဂန်ကို လိုက်နာခြင်းမရှိပဲ ကျူးလွန်မှုနှင့် သွေဖီငြင်းပယ်မှုတို့ဖြင့် ပိုမိုယိုယွင်းနေသည် ထိုသူတို့သည် လမ်းမှန်ကိုလည်း ငြင်းပယ်ထားသောကြောင့် အသင်တမန်တော်သည် ထိုသူတို့နှင့်ပတ်သက်ပြီး ဝမ်းနည်းပူဆွေးမှုမဖြစ်ပါနှင့်၊ အသင်ထံအီမာန်သက်ဝင် ယုံကြည်လာသူများ၊ ထိုသူတို့သည် ရဟူဒီဖြစ်စေ၊ ဆွာဗိဖြစ်စေ၊ နဆွာရာဖြစ်စေ (ဘယ်သူပင်ဖြစ်ဖြစ်) အရှင်မြတ်နှင့် နောက်ဆုံးနေ့ကိုယုံကြည်ပြီး ကောင်းမြတ်သော ကိုယ်ကျင့်တရားများကို ပြုကျင့်ခဲ့ပါလျှင် ထိုသူတို့အဖို့ မည်သည့်စိုးရိမ်မှုမျှရှိမည်မဟုတ်သလို ပူဆွေးကြရမည်လည်းမဟုတ်ပေ။'' (၅ း ၆၈ – ၆၉)

ကျမ်းတော်မြတ်ကုရ်အာန်သည် အတိတ်ကာလကျမ်းဂန်ရပုဂ္ဂိုလ်တို့အား

မိမိတို့၏ယုံကြည်ချက်ကို ခိုင်မြဲစွာကျင့်ကြံရန် တောင်းဆိုထားသည်။ ကျမ်းမြတ်ကုရ်အာန်ကျရောက်ချိန်တွင် အတိတ်ဘာသာဝင်များအနက် သူတို့၏ကျမ်းကိုတိကျစွာလိုက်နာ သူတို့၏ အရည်အတွက်လည်း လွန်စွာမှပင်နည်းပါးလှသည်။ လူများစုမှာ ကျမ်းဂန်ကို ဖတ်ရွတ်လိုက်နာခြင်းမဲ့ကာ ပျက်စီးခြင်း မလှပျက်စီးနေခြင်းဖြစ်သည်။

لَيۡسُواْ سَوَاءٗ مِّنۡ أَهۡلِ ٱلۡكِتَٰبِ أُمَّةٞ قَآئِمَةٞ يَتۡلُونَ ءَايَٰتِ ٱللَّهِ ءَانَآءَ ٱلَّيۡلِ وَهُمۡ يَسۡجُدُونَ يُؤۡمِنُونَ بِٱللَّهِ وَٱلۡيَوۡمِ ٱلۡأٓخِرِ وَيَأۡمُرُونَ بِٱلۡمَعۡرُوفِ وَيَنۡهَوۡنَ عَنِ ٱلۡمُنكَرِ وَيُسَٰرِعُونَ فِي ٱلۡخَيۡرَٰتِ وَأُوْلَٰٓئِكَ مِنَ ٱلصَّٰلِحِينَ وَمَا يَفۡعَلُواْ مِنۡ خَيۡرٖ فَلَن يُكۡفَرُوهُۗ وَٱللَّهُ عَلِيمُۢ بِٱلۡمُتَّقِينَ

''ထို့ပြင် ထိုသူအားလုံးတို့သည် တူညီကြသည်ပင်မဟုတ်၊ ထိုကျမ်းဂန်ရပုဂ္ဂိုလ်တို့အနက်မှ စစ်မှန်သော ဒိန်အပေါ်၌ရှိနေကြသော သူများလည်း ရှိကြသည်။ ထိုသူတို့သည် ညချမ်းအချိန်အခါများတွင် အိပ်ရာမှထခါ အရှင်မြတ်၏ ကျမ်းဂန်လာစကားရပ်တော်များကိုရွတ်ဖတ်ကြသည်။ ထို့ပြင် ထိုသူတို့၏ မျက်နှာသည် အလ္လာဟ်အရှင်တော်ရှေ့မှောက်တွင် ဦးညွှတ်လျှက်ရှိကြသည်။ ထိုသူတို့သည်အရှင်မြတ်နှင့်နောက်ဆုံးနေ့ကို လည်း ယုံကြည်ကြသည်။ ကောင်းမှုဖက်ကိုညွှန်ပြ၍ မကောင်းမှုများကိုတားဆီးကြသည်။ကောင်းမှုများကိုကျင့်သုံးရာ၌ အဆောတလျင်ပြုလုပ်ကြသည်။ ထိုသူတို့သည်သာ မွန်မြတ်သောသူတို့ဖြစ်ကြသည်။ ထို့ပြင် ထိုသူတို့ပြုခဲ့သော ကောင်းမှုများသည် အချည်းနှီးဖြစ်မည်မဟုတ်၊ အလ္လာဟ်အရှင်မြတ်သည် မည်သည့်အုပ်စု မှ ပုဂ္ဂိုလ်တို့သည် မကောင်းမှုမှရှောင်ကြဥ်သူဖြစ်သည်ကို သိရှိတော်မူသည်။'' (၃ း ၁၁၈ – ၁၁၅)

مِّنۡهُمۡ أُمَّةٞ مُّقۡتَصِدَةٞۖ وَكَثِيرٞ مِّنۡهُمۡ سَآءَ مَا يَعۡمَلُونَ

''ထိုသူတို့အနက် အုပ်စုတစ်စုသည် ဖြောင့်မတ်မှန်ကန်သော လမ်း၌ရှိကြသည်။ သို့ရာတွင် ထိုသူတို့အတွင်း အများစုသည် မကောင်းမှုကိုသာပြုလုပ်ကြသော သူများဖြစ်ကြသည်။'' (၅ း ၆၆)

ကျမ်းမြတ်ကုရ်အာန်က အတိတ်ကကျမ်းဂန်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်များသာလျှင် ဖြစ်ကြောင်းဆိုပြီး ယင်းကျမ်းဂန်များသည် မှန်ကန်မှုမရှိကြောင်းကိုမဆိုပါ။ ကုရ်အာန်ကအတိတ်ကျမ်းဂန်လက်ဝယ် ရှိသူတို့အား အသင်တို့လက်ဝယ်ရှိကျမ်းကို စွဲမြဲစွာလက်ခံကျင့်ကြံရန်သာဆိုသည်။ အကယ်၍ မိမိတို့လက်ဝယ်ရှိ ကျမ်းဂန်ကိုသေချာစွာ စွဲမြဲကျင့်ကြံလျှင် ဘာကြောင့်ခိုက်ရန် ဖြစ်ရမည်နည်း။ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်စရာ

အကြောင်းလည်းရှိမည် မဟုတ် ဘာသာရေးကိုအခြေခံပြီး တိုက်ခိုက်စရာလည်း လိုမည်မဟုတ်ပါချေ။

ကျမ်းမြတ်ကုရ်အာန်က ကောင်းမြတ်သော အပြုသဘောဆောင်သော အလုပ်များကို မအ်ရုဖ်ဟုခေါ်ဆိုပြီး မကောင်းသော အဖျက်သဘောဆောင်သော အလုပ်များကို မွန်ကရ်ဟုခေါ်ဆိုသည်။

မအ်ရုဖ်သည် အရဖ်မှဆင်းသက်သည်။ အဓိပ္ပါယ်က သိမြင်ခြင်းဖြစ်သည်။ မွန်ကရ်ဟူသည် ငြင်းဆိုခြင်းကိုခေါ်သည်။ သို့ဖြစ်၍ မအ်ရုဖ်ဟူသည် လူတို့သိမြင်လက်ခံသော အလုပ်ကိုဆိုပြီးမွန်ကရ်ဟူသည် လူတို့မကြိုက် မနှစ်သက်သော ငြင်းပယ်သော အလုပ်ပင်ဖြစ်သည်။

ယုံကြည်မှုနှင့် တွေးခေါ်မှုဆိုင်ရာတွင် မည်၍မည်မျှပင် ကြီးကျယ်သော အငြင်းပွားမှုရှိနေသော်လည်း မကောင်းမှု တို့နှင့်ပတ်သက်၍ တစ်ညီတစ်ညွတ်တည်း လက်ခံအတည်ပြုသောအရာများရှိသည်ဟု ကုရ်အာန်ကဆိုသည်။ ဥပမာအားဖြင့် လူသားအားလုံးက မှန်ကန်သောသစ္စာတရားကို လက်ကိုင်ပြု၍ ထုတ်ဖော်သည်။ တာဝန်ကျေပွန်မှုကို အားလုံးက ကောင်းသော လက္ခဏာအဖြစ်ခံယူပြီး တာဝန်မကျေမှုကိုအားလုံးက ရှုံ့ချကြသည်။ မိဘကို ပြုစုထောက်ပံ့ခြင်း၊ အိမ်နီးနားချင်းနှင့်ကောင်းမွန်စွာ ဆက်ဆံခြင်း၊ ဆင်းရဲသောသူတို့ကို ထောက်ပံ့ခြင်း၊ ညှင်းပမ်းခံရသူတို့ဖက်မှ ရပ်တည်ခြင်းတို့သည် ကောင်းသော အပြုအမူလက္ခဏာ အဖြစ် သတ်မှတ်ကြသကဲ့သို့ ယင်းတို့ကို ဆန့်ကျင်ဖက်အဖြစ် ပြုလုပ်သောအပြုအမူကိုမူ မကောင်းသော လက္ခဏာအဖြစ် သတ်မှတ်ကြသည်။

အထက်ဖော်ပြပါအချက်များကို ဆန်းစစ်ကြည့်လျှင် ယင်းတို့သည် လက်တွေ့ဘဝတွင် ကျင့်ကြံအားထုတ်မှုတရား သာလျှင်ဖြစ်ကြောင်းနှင့် ကမ္ဘာပေါ်ရှိ လူသားအားလုံး လူ့အဖွဲ့အစည်းအားလုံးသည် အခြားယုံကြည်ချက်ဆိုင်ရာ အချက်အလက်နေရာ တစ်နေရာရာတွင် တစ်ဦးကိုတစ်ဦး ဆန့်ကျင်ကြမည်ဖြစ်သော်လည်း ဤဖော်ပြပါအချက်ကိုမူ တညီတညွတ်တည်း လက်ခံအတည်ပြုကြသည်မှာ လက်တွေ့ဘဝ၏ ကျင့်ကြံမှု၏ ရလာဒ်ကြောင့်ပင်ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်က လူသားအားလုံးက ကောင်းမြတ်သော အလုပ်ဟု သတ်မှတ်ချက်သည် အလ္လာဟ်အရှင်၏ နိယာမသတ်မှတ်ချက်ဖြစ်သလို လူသားအားလုံးက မကောင်းဟု သတ်မှတ်ချက်ကိုလည်း အလ္လာဟ် အရှင်မြတ်၏နိယာမပင်ဖြစ်သည်ဟုဆို၏။

ယင်းဥပဒေသသာလျှင် လူသားအားလုံးအတွက် အလ္လာဟ်အရှင်မြတ်က

သတ်မှတ်ပေးထားသော သဘာဝမွေပင် ဖြစ်သည်။ ယင်းသဘာဝမွေသည် ဘယ်သောအခါမျှ ပြောင်းလဲမည်မဟုတ်။ ယင်းသည်သာလျှင် ဖြောင့်မတ်သော လမ်း ကြောင်းဖြစ်ပြီး အီဗရာဟီမ်နဗီ၏ ဖိတ်ခေါ်မှုသည် ယင်းအစ္စလာမ်မည်သော အလ္လာဟ်က ချပေးသနားသော လမ်းညွှန်ချက် တရားပင်ဖြစ်သည်။

فَأَقِمْ وَجْهَكَ لِلدِّينِ حَنِيفًا فِطْرَةَ اللَّهِ الَّتِي فَطَرَ النَّاسَ عَلَيْهَا لَا تَبْدِيلَ لِخَلْقِ اللَّهِ ذَلِكَ الدِّينُ الْقَيِّمُ

وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ مُنِيبِينَ إِلَيْهِ وَاتَّقُوهُ وَأَقِيمُوا الصَّلَاةَ وَلَا تَكُونُوا مِنَ الْمُشْرِكِينَ

مِنَ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ

ထို့နောက် အသင်သည် အရာအားလုံးကိုပစ်ပယ်ကာ အရှင်မြတ်၏ ဖြောင့် မတ်မှန်ကန်သော ဒီန်ဘက်သို့ ခိုင်ခံ့ တည်တံ့စွာ အာရုံစိုက်ဦးလှည့်ကြလော့။ ဤသည်ပင်လျှင် လူသားအတွက် ပေါ်ပေါက်ခဲ့သော အရှင်မြတ်၏ သဘာဝတရား ပင် ဖြစ်သည်။ အရှင်မြတ်၏ စည်းစနစ်ဖယားဆောင်ရွက်ပြုလုပ်မှု၊ ဖန်ဆင်းမှုတွင် ပြောင်းလဲမှု လုံးဝမရှိပေ။ ဤသည် ဖြောင့်မတ်သောဒီန်သာသနာဖြစ်သည်။ သို့သော် များစွာသောလူသားတို့သည် ဤအချက်ကို မသိနားမလည်ကြပေ။ အို လူသားတို့၊ အလ္လာဟ်အရှင်မြတ်ထံသို့သာ အာရုံပြုရှုစိုက်ထားကြလော့။ ထိုအရှင်မြတ်၏ ဥပဒေဘောင်ထဲ၌သာလျှင် တစ်သ ဝေမတိမ်း ကျင့်သုံးနေထိုင်လော့။ ဆွလာသ်ဝတ်ပြုမှုဆောက်တည်လော့။ အသင်သည် အလ္လာဟ် အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာတို့ကို ကိုးကွယ်သူမှ မဖြစ်ကြကုန်နှင့်။ ထိုသူတို့သည် မိမိတို့၏ ဒီန်ကို အစိတ်စိတ်အမွှာမွှာခွဲပစ်ကြပြီး အုပ်စု အုပ်စုလိုက် ဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် သူတို့လက်ဝယ်ရှိနေသော အယူအဆများနှင့် ကျေနပ်ဝမ်းမြောက်နေကြသည်။

(၃၀ း ၃၀-၃၂)

ဤဖော်ပြပါ အာယသ်တော်အရ အလ္လာဟ်အရှင်လမ်းညွှန်ချက်မှလွဲ၍ အခြားသတ်မှတ်ချက်တို့သည် အုပ်စုဂိုဏ်းဂဏတိုက်ပွဲပင်ဖြစ်သည်။ လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်လျက် အရှင်မြတ်၏ လမ်းညွှန်ချက်အတိုင်း ဘဝတည်ဆောက်ကာ ကောင်းမြတ်သော အပြုသဘောဆောင်သော အလုပ်ကို ဆောင်ရွက်ရပေမည်။ ယင်းသည်သာလျှင် ဒီန်လမ်းစဉ်၏ အရင်းအမြစ်ဖြစ်၍ ယင်းကိုသာလျှင် စည်းရုံးစွဲကိုင်ခြင်းဖြင့် လမ်းလွဲလမ်းမှားသို့ ရှောင်နိုင်လိမ့်မည်။

إِنَّ الدِّينَ عِندَ اللَّهِ الإِسْلاَمُ وَمَا اخْتَلَفَ الَّذِينَ أُوْتُواْ الْكِتَابَ إِلاَّ مِن بَعْدِ مَا جَاءهُمُ الْعِلْمُ بَغْيًا بَيْنَهُمْ وَمَن يَكْفُرْ

بِآيَاتِ اللَّهِ فَإِنَّ اللَّهِ سَرِيعُ الْحِسَابِ فَإِنْ حَآجُّوكَ فَقُلْ أَسْلَمْتُ وَجْهِيَ لِلَّهِ وَمَنِ اتَّبَعَنِ وَقُل لِّلَّذِينَ أُوْتُواْ

الْكِتَابَ وَالأُمِّيِّينَ أَأَسْلَمْتُمْ فَإِنْ أَسْلَمُواْ فَقَدِ اهْتَدَواْ وَّإِن تَوَلَّوْاْ فَإِنَّمَا عَلَيْكَ الْبَلاَغُ وَاللَّهُ بَصِيرٌ بِالْعِبَادِ

အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ တစ်ခုတည်းသောဒီန်မှာ အစ္စလာမ် ပင်ဖြစ်သည်။ ကျမ်းဂန်ရပုဂ္ဂိုလ်တို့သည် ကား ဒီန်တစ်ခုတည်း၌ ရပ်တည်စုစည်းရမည့်အစား

ယဟူဒီတို့နှင့် နဆွရာများအဖြစ် ခွဲခြမ်းခဲ့ကြသည်။ သူတို့အဖို့ရာတွင် လမ်းစဉ်အစစ်အမှန်သည် ပညာဗဟုသုတအမြင်အရ ထင်ရှားနေသော်လည်း အချင်းချင်း မနာလိုဝန်တိုမှုကြောင့် ကွဲခဲ့ကြခြင်းပင်ဖြစ်သည်။ (သတိပြုရန်မှာ) အရှင်မြတ်၏ကဗ္ဗာများနှင့်ပတ်သက်၍ ငြင်းဆိုခြင်းအားဖြင့် အရှင်မြတ်၏ဥပဒေသသည် နှေးကွေး တုန့်ဆိုင်းခြင်းမရှိနိုင်ချေ။ ထို့ပြင် ယင်းကိစ္စနှင့်ပတ်သက်၍ ထိုသူတို့အငြင်းခုန်နေကြပါက အသင်တမန်တော်အနေဖြင့် ပြောလော့၊ ကျွန်ုပ်နှင့် ကျွန်ုပ်၏နောက်လိုက်တို့သည်လည်း အရှင်မြတ်၏ လမ်းညွှန်ချက်၏ ရှေ့မှောက်တွင် ဦးညွှတ်ကြရမည်ဖြစ်၍ ဤသို့ပင် ဦးညွှတ်လျက်ရှိကြသည်။ ထို့နောက် ကျမ်းရပုဂ္ဂိုလ်များနှင့် စာပေမတတ် အသိဉာဏ်ကင်းမဲ့သော (မုရှရိက်အရပ်) များအား မေးမြန်းလော့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်သို့ ဦးညွှတ်မည်လော့၊ အကယ်၍ ထိုသူတို့နာခံခဲ့လျှင် အငြင်း ပွားစရာအကြောင်း မရှိတော့ပါ။ ဤသို့အားဖြင့် သူတို့သည် ဦးတည်ချက်ကိုရရှိပြီး ဖြစ်ပါလိမ့်မည်။ အကယ်၍ တစစိုတရာ စောဒကတက်ပါမူ အသင်၏အလုပ်သည် အစ္စလာမ်နှင့်ပတ်သက်၍ သတင်းပို့တင်ပြရမည့်တာဝန်သာ ဖြစ်သည်။ ယင်းကို ပြောလော့၊ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဘန်ဒါတို့အခြေအနေသည် လျှို့ဝှက်တိမ်းရှောင်မနေနိုင်ပါ။ (၃ ႏ ၁၉-၂၀)

ကျမ်းတော်မြတ်ကုရ်အာန်က ဒီန်းလမ်းစဉ်ကို အလ်အစ္စလာမ်ဟု သတ်မှတ်ခေါ်ဆိုရခြင်းမှာ အစ္စလာမ်၏ အဓိပ္ပါယ် ကား ယုံကြည်ချက်တစ်ခုကို ယုံကြည်ကာ လက်တွေ့ကျင့်ကြံအားထုတ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်၍ အလ္လာဟ်အရှင် မြတ်၏ လမ်းညွှန်ချက်ကို တိကျမှန်ကန်စွာ လိုက်နာခြင်းကို လူသားသည်သာမက စကြဝဠာ၏ စနစ်ဇယားတစ်ခုလုံးကပင် ယင်းလိုက်နာမှုကို ထပ်ချပ်မကွာ လိုက်နာမပျက် ဆောင်ရွက်နေကြသည်။ အကယ်၍ ယင်းစနစ်ဇယားသည် သွေဖီမှုကို အနည်းငယ်ပင်ပြုလျှင် သဘာဝလောကကြီး တစ်ခုလုံး ပရမ်းပတာဖြစ်ကာ ပျက်စီးခြင်းကိုခံရပေမည်။

أَفَغَيْرَ دِينِ اللهِ يَبْغُونَ وَلَهُۥٓ أَسْلَمَ مَن فِي السَّمَاوَاتِ
وَالْأَرْضِ طَوْعًا وَكَرْهًا وَإِلَيْهِ يُرْجَعُونَ

ထို့နောက် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းထားသော ဒီန်လမ်းညွှန်ချက်ကို လက်ခံခြင်းမပြုဘဲ အခြားသောဒီန်များကို ရှာဖွေလိုသလော၊ သို့ရာတွင် အာကာသမိုးကောင်းကင်များနှင့် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော အရာ အားလုံးသည် သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းထားသော ဥပဒေသရှေ့၌ ဦးညွှတ်ကြရသည်သာရှိသည်။ မည်သို့ပင်ဖြစ်စေ အားလုံးသောသူတို့သည် နောက်ဆုံး၌ ထိုအရှင်မြတ်ထံတော်သို့ ပြန်လှည့် ကြရမည်။ (၃ ႏ ၈၃)

သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် အစ္စလာမ်မှလွဲ၍

အခြားလမ်းစဉ်သည် လက်ခံနိုင်ဖွယ်ရာ မရှိပေ။ ယင်း အလ် အစ္စလာမ်သည် ပင်လျှင် ကမ္ဘာပေါ်တွင် ကျရောက်ခဲ့သမျှသော ရစူလ်အပေါင်း၏ တစ်ခုတည်းသော လမ်းစဉ် ဖြစ်သည်။ သို့ဖြစ်၍ ယင်းလမ်းစဉ်မှလွဲ၍ လူသားတို့အဖို့ မိမိ၏စိတ်ကူးယဉ်ဖြင့် ဖန်တီးယူမှုသည် အချည်းနှီးသောကြိုးပမ်း ချက်ပင် ဖြစ်သည်။

ن يَبْتَغِ غَيْرَ الإِسْلاَمِ دِينًا فَلَن يُقْبَلَ مِنْهُ وَهُوَ فِي الآخِرَةِ مِنَ الْخَاسِرِينَ

အစ္စလာမ်မှအပ အခြားဒီန်ကို အလိုရှိလျှင် သတိထားကြလော့။ ယင်းကို ဘယ်သောအခါမျှ သဘောတူညီမှု ရရှိ မည်မဟုတ်။ ထိုသူသည် ကေယာမသ်နေ့တွင် ဆုံးရှုံးသူတို့ထံတွင်ရှိမည်ကို မြင်တွေ့ရပေမည်။ (၃ း ၈၅)

သို့ဖြစ်၍ မဇ်ဟဗ်ခေါင်းဆောင်သူတို့အား အကြိမ်ကြိမ်အခါခါ ဂိုဏ်းဂဏဖွဲ့ခြင်း၊ အုပ်စုခွဲခြင်းနှင့် လမ်းလွှဲလမ်းမှားသို့ ရောက်မသွားစေဖို့ ကုရ်အာန်က တင်းကျပ်စွာ သတိပေးထားခြင်း ဖြစ်သည်။ အတိတ်က လမ်းလွဲလမ်းမှားသို့ လျှောက်လှမ်း ခြင်းကို ကုရ်အာန်က ကုစားပေးခဲ့သည်။ သဘာဝတရားကိုအခြေခံပြီး အချင်းချင်း တိုက်ခိုက်နေမှုကိုလည်း ကင်းလွတ်စေခဲ့သည်။

ဤသို့အားဖြင့် ကမ္ဘာ့မိသားစုဝင် လူသားတို့သည် ညီရင်းအစ်ကိုစိတ်ဓါတ်ကို မွေးမြူနိုင်ခဲ့သည်။ အတိတ်ကာလက ရဟူဒီတစ်ဦးသည် အီဆာသခင်၏ နာမည်ကို ကြားလျှင်ပင်လျှင် ဒေါသထွက်လေ့ရှိသလို နာဆာရာတစ်ဦးကလည်း ယဟူဒီတစ်ဦးအပေါ် ကလဲ့စားချေမှုကိုသာ အစဉ်ဆန္ဒရှိနေကြသည်။ မဂျူဆီတစ်ဦးမှာလည်း သူတို့ထံမှမဟုတ်သော လူသားမှန်သမျှသည် ညစ်ညမ်းသူများဖြစ်သည်ဟု ခံယူထားသလို အာရေဗျတစ်ဦးကလည်း သူတို့မှတပါး လူသားမှန်သမျှကို လူရိုင်းဟု သတ်မှတ်ခဲ့ကြသည်။ သူတို့အားလုံးကို ကျမ်းတော်မြတ်ကုရ်အာန်က တစ်စည်းတစ်ပေါင်းတည်း စုစည်းနိုင်ရုံမက သူတို့အတွင်းရှိ အာဃာတမုန်းတီးစိတ်ကို ဖယ်ရှားကာ ချစ်ခင်တတ်မှုကို သင်ပေးခဲ့သည်။ မေတ္တာဂဟေဆက်ပေးခဲ့သည်။ သူတို့အားလမ်းတစ်ခုတည်းကို လျှောက်လှမ်းသူဟူသောအသိကို ပေးနိုင်ခဲ့သည်။

وَاعْتَصِمُواْ بِحَبْلِ اللّهِ جَمِيعًا وَلاَ تَفَرَّقُواْ وَاذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ إِذْ كُنتُمْ أَعْدَاء
فَأَلَّفَ بَيْنَ قُلُوبِكُمْ فَأَصْبَحْتُم بِنِعْمَتِهِ إِخْوَانًا وَكُنتُمْ عَلَىَ شَفَا حُفْرَةٍ مِّنَ النَّارِ
فَأَنقَذَكُم مِّنْهَا كَذَلِكَ يُبَيِّنُ اللّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَهْتَدُونَ

ထို့ပြင် အသင်တို့အားလုံး တစ်စည်းတစ်လုံးတည်းစုစည်းကာ အလ္လာဟ်အရှင်မြတ်၏ ကြိုးတော်ကိုအခိုင်အမာဆုပ်ကိုင်ထားကြလော့၊ အချင်းချင်းမကွဲပြားကြနှင့်၊ အသင်တို့အပေါ်ပြုခဲ့သော အရှင်မြတ်၏ကျေးဇူးတော်များကို သတိရ ကြလော့။ အသင်တို့သည် တစ်ယောက်နှင့်တစ်ယောက် ရန်သူများဖြစ်နေရာ အရှင်မြတ်သည် အသင်တို့၏ နှလုံးထဲသို့အချင်းချင်း တစ်ဦးကိုတစ်ဦး ချစ်ချင်လိုစိတ်များ ထည့်ပေးခဲ့သည်။ ထိုအရှင်မြတ်၏ ကျေးဇူးတော်ကြောင့် အသင်တို့သည် ညီရင်းအစ်ကိုများ ဖြစ်ခဲ့ကြသည်။ အသင်တို့သည် မီးတောက်များ ဝိုင်းလျက်ရှိသော မီး၏နှုတ်ခမ်းနားသို့ ရောက်နေရာ အလ္လာဟ်အရှင်မြတ်က ကယ်ဆောင်တော်မူသည်။ ဤသို့ဖြင့် အရှင်သည် မိမိဘက်မှ လက္ခဏာတော်များကို ထင်ရှားစေခဲ့ သည်။ သို့မှသာ အသင်တို့တရားမှန်ကို ရရှိကြပေမည်။ (၃ း ၁၀၃)

وَلاَ تَكُونُواْ كَالَّذِينَ تَفَرَّقُواْ وَاخْتَلَفُواْ مِن بَعْدِ مَا جَاءهُمُ الْبَيِّنَاتُ وَأُوْلَـئِكَ لَهُمْ عَذَابٌ عَظِيمٌ

အသင်တို့သည် ထိုသူများကဲ့သို့ ပုံစံမဖြစ်ကြကုန်လင့်။ ထိုသူသည် တစ်ခုတည်းသောဒီန်တွင် ရပ်တည်ရမည့်အစား အကွဲကွဲအပြားပြား ကွဲခဲ့ကြသည်။ ထိုသူတို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာများ ရောက်ရှိခဲ့ပြီးကာမှပင်လျှင် ကွဲလွဲခဲ့ကြပြန်သည်။ (သတိပြုကြကုန်) ဤကဲ့သို့သောသူများအတွက် အောင်မြင်မှုနှင့် ပျော်ရွှင်မှုများအစား အင်မတန်ကြီးမားသော ပြစ်ဒဏ်များရှိနေသည်။ (၃ း ၁၀၅)

وَأَنَّ هَذَا صِرَاطِي مُسْتَقِيمًا فَاتَّبِعُوهُ وَلاَ تَتَّبِعُواْ السُّبُلَ فَتَفَرَّقَ بِكُمْ عَن سَبِيلِهِ
ذَلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَتَّقُونَ

ဤသည် ငါ၏ဖြောင့်မတ်မှန်ကန်သောလမ်းကြောင်းပင် ဖြစ်သည်။ သို့ဖြစ်ရာ ဤတစ်ခုတည်းသော လမ်းကြောင်း ပေါ်၌ လျှောက်လှမ်းကြကုန်၊ အခြားအခြားသော လမ်းများနောက်သို့ မလိုက်ကြကုန်နှင့်။ ဤလမ်းကြောင်းများသည် အသင်တို့ အား အလ္လာဟ်အရှင်မြတ်၏ လမ်းမှ ကွဲကွာအောင်လုပ်မည့်အပြင် အသင်တို့အချင်းချင်းကိုလည်း တကွဲတပြားဖြစ်အောင် ပြုလုပ်မည်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား မကောင်းမှုမှ ရှောင်ကြဉ်နိုင်စေဖို့ ဤကုရ်အာန်ကျမ်းအားဖြင့် အမိန့်ပေးခြင်းဖြစ်သည်။ (၆ း ၁၅၃)

## ကုရ်အာန်နှင့် ကုရ်အာန်ကို ဆန့်ကျင်သူတို့စပ်ကြား အခြေခံကွဲလွဲချက် ပဋိပက္ခ

ကုရ်အာန်နှင့် ကုရ်အာန်ကို ဆန့်ကျင်သူတို့စပ်ကြားတွင် ဖြစ်ပေါ်နေသော ပဋိပက္ခနှင့်ပတ်သက်ပြီး ဆန်းစစ်ရာတွင် ကုရ်အာန်ကအတိတ်ကာလ ဘာသာရေး ခေါင်းဆောင်များကို လိမ်လည်သူဟူ၍ ဆိုထား၍လား။ သူတို့၏ကျမ်းဂန်ကို ငြင်းပယ်၍လား၊ယင်းပဋိပက္ခနှင့်ပတ်သက်သော ဖစ်မြစ်အချက်ကို တင်ပြလို ပါသည်။

ကျမ်းတော်မြတ်ကုရ်အာန်၏ သမိုင်းသည် ကျွန်ုပ်တို့ရှေ့မှောက်တွင်ရှိသည်။ အထက်ဖော်ပြပါအချက်နှင့်ပတ်သက်ပြီး ကုရ်အာန်က အတိတ်ကာလ

ဘာသာရေး ခေါင်းဆောင်များကို အသိအမှတ်ပြုယုံကြည်ရှိသာမက မည်သူတစ်ဦး တစ်ယောက်ကိုမျှ မလေးမစားချိုးဖဲ့သောအသုံးအနှုန်းကို မသုံးစွဲခဲ့ပေ။ အခြားသော ယုံကြည်သူတို့အား သူတို့၏ယုံကြည်ချက်ကို စွန့်လွှတ် တိုက်တွန်းရန်ဝေးစွ၊ သူတို့လက်ခံရာ ယုံကြည်ချက်ကိုပင် စွဲမြဲစွာယုံကြည်စေသည်။

ကုရ်အာန်က ဆိုသည်။ အစ္စလာမ်အလျှင်က ယုံကြည်ချက်အားလုံးသည် တစ်ခုတည်းသော ယုံကြည်ချက်ကိုပင် အခြေခံခဲ့သည်။ ယင်းယုံကြည်ချက်မှာ အီမာန်ယုံကြည်ချက်နှင့် ကောင်းသောအပြုသဘောဆောင်သော ''အာမလေ ဆွာလေဟာ''ပင်ဖြစ်သည်။ ကုရ်အာန်က အခြားသူတို့နှင့် နိုင်းနှိုင်းမှုပြုရာတွင် လည်း အတိတ်ကာလက သူတို့၏စစ်မှန်သော ယုံကြည်ချက်ကို ပြန်လည်ရှင်သန် အောင် ပြုလုပ်ခြင်းကိုသာ အလေးအနက် တိုက်တွန်းဆော်သြခဲ့သည်။

ဤသို့ ကုရ်အာန်၏ ဖိတ်ခေါ်မှုမှန်ကန်နေပါလျှက် ဆန့်ကျင်မှုများ ဘာကြောင့်ဖြစ်နေရသနည်း။ အကြင်သူတစ်ဦး တစ်ယောက်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ အပြစ်တင်ရှုံ့ချခြင်းမပြု၊ အားလုံးကို ညီတူညီမျှ လက်ခံအသိ အမှတ်ပြုကာအားလုံးကိုလေးစားသည်။ဤသို့သောအခြေအနေတွင် ဆန့်ကျင်မှု ဖြစ်လာရခြင်းမှာ စဉ်းစားစရာဖြစ်သည်။ ''ကုရိုက်ရှ်'' လူမျိုးနွယ်သည် အစ္စလာမ်ကို ဆန့်ကျင်ရခြင်းမှာ ကုရိုက်ရှ်တို့၏ ရုပ်တုကိုးကွယ်မှုကို ကုရ်အာန်က ငြင်းပယ်၍ဖြစ်သည်ဟု ဆို၏။ ဤသည်လည်း စဉ်းစားစရာဖြစ်သည်။ ရဟူဒီတို့က ဘာကြောင့်ဆန့်ကျင်ခဲ့ရသနည်း။ သူတို့သည် ရုပ်တုကိုးကွယ်သူ များမဟုတ်ပါ။ အီဆာအီတို့လည်း ဆန့်ကျင်ခဲ့ကြသည်။ သူတို့သည်လည်း ရုပ်တုကိုးကွယ်မှုကို ထောက်ခံသောသူများ မဟုတ်ပါချေ။

အထက်ဖော်ပြချက်များကို ဆန်းစစ်သည်ရှိသော် မဇဟဗ်အားလုံး၏ ခေါင်းဆောင်သူများသည် သူတို့သည်သာလျှင် မှန်ကန်သူဖြစ်သည်။ သူတို့မှအပ အခြားသူတို့သည် အတုအယောင် လိမ်ညာသူတို့ဖြစ်သည်ဟု သတ်မှတ်ခြင်း ကြောင့်ပင် ဖြစ်ကြသည်။ ရဟူဒီတို့က မူဆာနဗီအကြောင်းကို ကုရ်အာန်တွင် ဖော်ပြထားသည်ကို နှစ်ခြိုက်သော်လည်း အီဆာနဗီသည် တမန်တော် အစစ်အမှန်ဖြစ်သည်ကို ဖော်ပြသည်ကိုမူ မနှစ်ခြိုက်ချေ။ ဤအကြောင်းမှစ၍ ဆန့်ကျင်ရေးစိတ်ဓါတ် စတင်တော့ သည်။

အီဆာအီတို့ကမူ ကုရ်အာန်ကျမ်းတော်မြတ်သည် အီဆာနဗီနှင့် မရ်ယမ်သခင်မ၏ သန့်စင်မှု၊ မွန်မြတ်မှုကို ပွင့်လင်းစွာ လက်ခံကြေညာသည်ကို ကြိုက်နှစ်သက်ကြသည်။ ကုရ်အာန်က ဤနေရာတွင် ရုပ်တုံ့ခြင်းမပြုဘဲ လူသားတို့၏ လွတ်မြောက်ရေးနှင့် ကယ်တင်ခြင်းခံရသည့် ယုံကြည်ချက်ကို

လက်တွေ့ကျင့်ကြံ အားထုတ်မှုနှင့်သက်ဆိုင်သည်။ လျော်ကြေးသဘော ဆောင်သည့် အစားထိုးဒဏ် ခတ်မှုနှင့် မိမိတို့၏လုပ်ရပ်ကို ကြားတစ်ဆင့်ခံ ပုဂ္ဂိုလ်မှတစ်ဆင့် အပတ်ဖြေခြင်းဖြင့် မရနိုင်ဟုဆို၏။ ဤအချက်ကို အီဆာအီတို့က သည်းမခံနိုင်ဖြစ်ခဲ့ရသည်။ သူတို့၏ယုံကြည်ချက်သည် ဤဖော်ပြပါအချက်ပေါ်မှာ တည်ဆောက်ထား ၍ဖြစ်သည်။

ကုရိုက်ရှ်တို့ကအီဗရာဟီမ်နဗီနှင့်အီစ္စမာအီလ်နဗီတို့အပေါ် ရိုသေလေး စားခြင်းကိုအထူးပြုခဲ့ကြသည်။ ကုရ်အာန်က ယင်းပုဂ္ဂိုလ်ထူးတို့အား အသိအမှတ်ပြု ရုံမျှမက ရဟူဒီတို့၏ တမန်တော်များနှင့် အီဆာအီတို့၏ တမန်တော်တို့ကို လေးစား ဂုဏ်ပြုခြင်းအသိအမှတ်ပြုခြင်းကိုမူ ကုရိုက်ရှ်တို့၏ ဂုဏ်သိက္ခာငြိုး ရသည်ဟုရှုမြင်ကာ ဆန့်ကျင်ကြခြင်းပင်ဖြစ်သည်။

အထက်ပါအချက်များကို ရှုမြင်သုံးသပ်ရာမှာ ဤအချက် (၃) ချက်ကို ကျမ်းတော်မြတ်ကုရ်အာန်မှ ရရှိသည်။

(၁) ကျမ်းတော်မြတ်ကုရ်အာန်သည် အုပ်စုဂိုဏ်းဂဏခွဲခြင်းကို လုံးဝဆန့် ကျင်သည်။ တစ်ခုတည်းသော ဒီန်လမ်းညွှန်ချက် ဦးတည်မှုကို ဖော်ပြသည်။

(၂) ကုရ်အာန်ကဆိုသည်။ လွတ်မြောက်ရေး၊ ကယ်တင်ရေး၊ အောင်မြင်ရေး သည် ယုံကြည်ချက် ခိုင်မြဲရေးနှင့် ကောင်း မြတ်သော အပြုသဘောဆောင်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ဤသည်တို့ကို မြင့်မြတ်သော အနွယ် ဝင်ဖြစ်ခြင်း၊ သီးခြားအသားအရောင်ကို ပိုင်ဆိုင်ခြင်း၊ အုပ်စုဖွဲ့ခြင်း၊ ဂိုဏ်းဂဏဖွဲ့ခြင်းဖြင့် မရနိုင်ပါ။ အောင်မြင်ရေးလမ်း ကြောင်းသည် လူသားထုအား လုံးအတွက် တစ်ညီတစ်ညွတ်တည်း လမ်းပွင့်နေသည်။ ဤခံယူချက်ကိုလည်း အတိတ်ကာလ မဖာဟပ်အဖွဲ့အစည်းက လက်မခံခဲ့ချေ။

(၃) ကုရ်အာန်ကျမ်းက ဆိုသည်။ ဒီန်အစစ်အမှန်သည် အလ္လာဟ်အရှင်မြတ် အား သက်ဝင်ယုံကြည်ရုံမက အရှင်၏ လမ်းညွှန်ချက်အတွက် ဘဝတစ်ခုလုံးကို မြှုပ်နှံခြင်းဖြင့် လက်တွေ့ကျင့်ကြံခြင်းပင် ဖြစ်သည်။ သို့ရာတွင် အတိတ်ကာလ မဖာဟပ်တို့ကမူ တစ်နည်းမဟုတ် တစ်နည်းအားဖြင့် ယှဉ်တွဲယုံကြည်မှု၊ ဘုရားတု ဘုရားယောင်ဝါဒကို ထည့်သွင်းခဲ့ကြသည်။

အထက်တွင်ဖော်ပြခဲ့သောကဏ္ဍတွင် ဆွေးနွေးခဲ့ရချက်ကို တစ်ဖန် ပြန်လည်စိစစ်ဖော်ပြရလျှင် အောက်ပါအချက်ကိုရရှိသည်။

(၁) ကုရ်အာန်အလျင်က မဖာဟပ်တို့သည် လူမျိုးနွယ်တစ်ခု၊ လူအုပ်စုဝင်တစ်စု လောက်တွင်သာ ဘောင်ခတ်ထားခြင်းကို ခံခဲ့ရသည်။ ယင်းဘောင်ခတ်မှုအတွင်းရှိ လူများသည်သာလျှင် လွတ်မြောက်အောင်မြင်သူဖြစ်မည်ဟု သူတို့က ယုံကြည်ကြ

သည်။ ယင်းဘောင်ခတ်မှု ပြင်ပမှ လူများအတွက်မူ အကျိုးအာနိသင်ခံစားခွင့် မရှိပါချေ။

(၂) ကုရ်အာန်အလျှင်ကမဇဟပ်ကိုယုံကြည်ခြင်းဟူသည်ကား အပေါ်ယံ ချယ်မှုန်းထားသော ခလေ့ထုံးစံအပေါ် တည်ဆောက်ထားသော ကျင့်စဉ်ကျင့်ရပ်များ ဖြစ်သည်။ ယင်းကျင့်စဉ်ကျင့်ရပ်ကို ကျင့်ကြံခြင်း၊ ပူဇော်ပသခြင်းစသည်တို့ကို အသီးသီး၏ ကျင့်စဉ်ကျင့်ရပ်များသည် သီးခြားအသွင်မတူခြင်းကြောင့် မဇဟပ်တစ်ခု၏ သက်ဝင်သူသည် အခြားသူတို့ထက် သာလွန်မြင့်မြတ်သည်ဟု မြင်ကြသည်။ အခြားသူတို့သည် လွဲမှားသောအယူတွင် ရှိမည်ဟုခံယူသည်။

(၃) မဇဟပ်အသီးသီး၏ ကျင့်စဉ်ကျင့်ရပ်များသည် သီးခြားအသွင် မတူခြင်းကြောင့် မဇဟပ်တစ်ခု၏ သက်ဝင်သူသည် အခြားသူတို့ထက် သာလွန်မြင့်မြတ်သည်ဟု မြင်ကြသည်။ အခြားသူတို့သည် လွဲမှားသောအယူတွင် ရှိသည်ဟု ခံယူသည်။

(၄) မဇဟပ်အသီးသီး၏ အယူအဆက သူတို့သည် မှန်ကန်သောသစ္စာတရား ကို လက်ကိုင်ထားရှိပြီး အခြားသူတို့မှာမူ လွဲမှားသော အမှားအယွင်းတွင် နစ်မျောနေသည်။ သူတို့သည်မိမိတို့၏မှန်ကန်မှုကိုဖော်ပြပြောဆိုခြင်းဖြင့် အခြားသူတို့အားအသရေပျက်အောင် စွပ်စွဲခြင်းနှင့် မုန်းတီးမှုကို ဖန်တီးခြင်းအားဖြင့် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခကို ဖြစ်စေသည်။ ယင်းသည် တစ်ခါတရံ စစ်ပွဲကိုပင် ဖန်တီးယူသည်လည်း ရှိသည်။

(၅) ကျမ်းတော်မြတ်ကုရ်အာန်သည် ကမ္ဘာ့လူသားတို့အလည်တွင် စစ်မှန် သောယုံကြည်ချက်ကို ပြသခဲ့သည်။

(က) ကုရ်အာန်က မဇဟပ်တစ်ခုခုကိုအခြေခံပြီး တစ်ဦးကိုတစ်ဦး တိုက်ခိုက် ရန်မလို၊ မိမိတို့၏ယုံကြည်ချက်တွင်ခိုင်ခံ့အောင်ပြုခြင်းသည်သာ အရေးကြီးသည်ဟု လမ်းညွှန်ပြသသည်။

(ခ) ကုရ်အာန်က သဘာဝလောကကြီး၏ တည်တံ့တည်ငြိမ်ရေးသည်လည်း အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ချက်အတိုင်း ကျင့်ကြံအားထုတ်မှုဖြင့်သာ ပြုလုပ်နိုင်သည်ဟု ဆိုသည်။

(ဂ) ကုရ်အာန်ကဆိုသည်။ အလ္လာဟ်အရှင်မြတ်၏ ဒီန်အားဖြင့် ကမ္ဘာ့လူသား တို့သည် တည်ငြိမ်အေးချမ်းသောကမ္ဘာကို တည်ဆောက်နိုင်မည်။ ဤသို့အားဖြင့် လူသားတို့စပ်ကြား ခိုက်ရန်ဖြစ်ပွားမှုနှင့် သွေးချောင်းစီးမှုကို တားဆီးနိုင်မည်။

(ဃ) ကမ္ဘာဦးကာလမှစ၍ အလ္လာဟ်အရှင်မြတ်၏ တမန်တော်တို့နှင့်အတူ အစွလာမ်ပေါ်ထွန်းလာခဲ့သည်ဖြစ်ရာ ကျမ်းတော်မြတ်ကုရ်အာန် ရောက်ရှိလာ

သောအခါ အတိတ်ကာလက ဒီန်ကိုပင် ပြီးပြည့်စုံစွာ စနစ်သစ်ဖြင့် ကျင့်သုံးလာနိုင်ခဲ့သည်။ ဒီန်လမ်းညွှန်ချက်ကို အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အခြားဓလေ့ထုံးစံဖြင့် ရောနှောခြင်းအားဖြင့် ပေါ်ထွန်းလာခဲ့သော မဇဟဗ်များသည် အငြင်းပွားမှုကို ဖြစ်စေခဲ့သည်။ ယင်းသည် ဒီန်လမ်းညွှန်ချက်ကြောင့်မဟုတ်ဘဲ ဒီန်ကို အဓိပ္ပါယ်ဖွင့်ရာတွင် မိမိတို့လိုအပ်သောပုံစံကို လိုရာကိုဆွဲသောသူတို့ကြောင့်ပင်ဖြစ်သည်။ ယင်းသူတို့သည် ယခုအခါ ဒီန်လမ်းညွှန်ချက်ကိုပစ်ပယ်ပြီး ဓလေ့ထုံးစံနှင့် မဇဟဗ်နောက်ဝယ် တရားသေစွဲကိုင်ကာ ထပ်ချပ်မကွာ လိုက်နေကြသည်။

(င) ဤသို့ ဂိုဏ်းဂဏဖွဲ့ခြင်းအားဖြင့် ထူးခြားသောအကျိုးတရားကို မရရှိနိုင်ဘဲ ယင်းအားဖြင့် ကွဲလွဲချက်များ ဆင့်ပွား ဖြစ်စေခြင်းကိုသာ ဖြစ်စေခဲ့သည်။ ယင်းကွဲလွဲချက်ကို ဒီန်လမ်းညွှန်ချက်ကို စွဲကိုင်ခြင်းအားဖြင့်သာ တားဆီးနိုင်သည်။ ဒီန်၏ အရင်းအမြစ်ကား အီမာန်ယုံကြည်ချက်နှင့် ကောင်းမြတ်သော အပြုသဘောဆောင်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

(စ) လူတို့သည် မိမိတို့စွဲကိုင်သော မဇဟဗ်၏ မူလအရင်းအမြစ်ကျမ်းဂန်ကို လိုက်နာကျင့်ကြံခြင်းအားဖြင့် တူညီသောအနေအထားသို့ရောက်အောင် ကြိုးစားရမည်။

(ဆ) အလ္လာဟ်အရှင်မြတ်၏ ဒီန်လမ်းညွှန်ချက်သည် တစ်ဦးကိုတစ်ဦး မုန်းတီးစေဖို့တစ်ဦးကိုတစ်ဦး ညှဉ်းပမ်းနှိပ်စက်စေဖို့မဟုတ်ပါ။ ဒီန်၏ဖိတ်ခေါ်ချက်ကား တစ်ဦးကိုတစ်ဦး ချစ်ခင်ကာ တစ်ဦးကိုတစ်ဦး ရိုင်းပင်းခြင်းပင် ဖြစ်သည်။

(ဇ) ယနေ့မျက်မှောက်ခေတ်ကမ္ဘာတွင် မဇဟဗ်တို့၏ကွဲလွဲချက်သည် မုန်းတီးမှုကို ဖော်ဆောင်နေသည်။ ဤရောဂါဆိုးကို ကင်းကွာအောင်ပြုရေးမှာ ကုရ်အာန်၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်းအားဖြင့်သာလျှင် ကုစား၍ ရနိုင်ပါမည်။

(ဈ) ကုရ်အာန်က' အလ္လာဟ်အရှင်မြတ်အား ယုံကြည်၍ အလ္လာဟ်အရှင်မြတ်နှင့် ဆက်သွယ်မှုပြုခြင်းအားဖြင့် လူသားအားလုံးသည် တူညီသောအသွင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်ဟုဆိုသည်။

## ဖြောင့်မတ်သော လမ်းစဉ် الصِّرَاطَ الْمُسْتَقِيْمَ

အထက်ပါ စူရာဟ် ဖာတေဟာတွင် ဖော်ပြထားသောအကြောင်းချင်းရာများကို ဆန်းစစ်ပြီးသကာလ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား

ကျမ်းတော်မြတ်ကုရ်အာန်မှ လမ်းညွှန်ချက်အဖြစ် الصِّرَاطَ الْمُسْتَقِيمَ စွေရာတလ် မုစ်တကီးမ်သို့ လျှောက်လှမ်းဖို့ ပေးထားသည်။ အရဗီစာပေတွင် صراط စွေရတ်ဟူသည် လမ်းဖြစ်ပြီး مستقيم မုစ်တကီမ်းဟူသည် ဖြောင့်မတ်သောဟု အနက်ရပါသည်။ သို့ဖြစ်၍ ဆွေရသ် မုစ်တကီမ်းဟူသည် ဖြောင့်မတ်သော အတားအဆီးကင်းမဲ့သော ဆူးညှောင့် ခလုတ်ကင်း ရှင်းသောလမ်း ပင်ဖြစ်သည်။ ယင်းလမ်းကြောင်းကို ဖော်ညွှန်းရာတွင် ဆက်လက်၍ ရှင်းလင်းပြတ်သားစေရန် အောက်ပါအတိုင်းလမ်းညွှန်ဖော်ပြပြန်သည်။

صِرَاطَ الَّذِينَ أَنعَمْتَ عَلَيهِمْ غَيرِ المَغضُوبِ عَلَيهِمْ وَلاَ الضَّالِّينَ

အလ္လာဟ်အရှင်မြတ်၏ ဆုလာဒ်ချီးမြှင့်ခံရသောသူတို့၏ လမ်းကိုသာလျှင် ပြသတော်မူပါ။ ပြစ်ဒဏ်ခံပျက်စီးခြင်း ဆိုက်ပြီး လမ်းလွဲလမ်းမှားကို ရောက်ခဲ့ရသူတို့၏ လမ်းကိုမပြပါနှင့်။

ဤဆုလာဒ်ချီးမြှင့်ခြင်းခံရသောသူနှင့် ယင်းပုဂ္ဂိုလ်တို့နှင့် သူတို့၏လျှောက်လှမ်းခဲ့သောလမ်းကား အဘယ်နည်းဟု သိလိုကြပေလိမ့်မည်။ ယင်းသူတို့ကား အလ္လာဟ်အရှင်မြတ်က တာဝန်ပေးအပ်ခံသော နဗီတမန်တော်များနှင့် ကမ္ဘာအနှံ့ အပြားတွင် ပေါ်ထွန်းလာခဲ့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များပင် ဖြစ်သည်။ ယင်းသူတို့သာလျှင် အလ္လာဟ်အရှင်မြတ်၏ ဆုလာဒ်ချီးမြှင့်ခံရသောပုဂ္ဂိုလ်ဖြစ်ပြီး သူတို့လျှောက်လှမ်းခဲ့သောလမ်းက စွေရာတလ်မွစ်တကီးမ်တည်းဟူသော ဖြောင့်မတ်သောလမ်းပင်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ယင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လမ်းညွှန်ဖော်ပြထားသည်။

وَمَن يُطِعِ اللهَ وَالرَّسُولَ فَأُوْلَئِكَ مَعَ الَّذِينَ أَنعَمَ اللهُ عَلَيهِم مِّنَ النَّبِيِّينَ
وَالصِّدِّيقِينَ وَالشُّهَدَاء وَالصَّالِحِينَ وَحَسُنَ أُولَئِكَ رَفِيقًا

တဖန် အကြင်သူတစ်ဦးတစ်ယောက်သည် အလ္လာဟ်အရှင်မြတ်နှင့် အမိန့် ကိုလိုက်နာကျင့်သုံးအံ့။ ကေန်မုချ ယင်းသူတို့ သည်သာလျှင် အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ထားတော်သူများနှင့် အပေါင်းအဖော်များ ဖြစ်ကြလိမ့်မည်။ ထိုကျေးဇူးပြု ချီးမြှင့်ခြင်းခံရသောသူများမှာနဗီများ၊ တိကျမှန်ကန်စွာပြောသူဆွာဒီကိများ၊ သက်သေခံသာသူ ရှာဟီဒ်များနှင့် ကောင်းကျိုး လုပ်ကိုင်ဆောင်ရွက်သူ ဆွာလေဟီန်များပင်ဖြစ်သည်။ ယင်းသူတို့နှင့် အဆွေခင်ပွန်းကောင်းဖြစ်လာရသော သူ့ထက်ကောင်းမွန်သော မိတ်ဆွေများ ရှိနိုင်ပါမည်လော။'' (၄ း ၆၉)

အထက်ပါ ကျမ်းတော်မြတ်ကုရ်အာန်၏ လမ်းညွှန်ချက်တွင် လေးရှ သောအဖွဲ့အစည်းအကြောင်းကို ဖော်ပြထားသည်။ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်၏ ဆုလာဒ်ချီးမြှင့်ခံရသောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များပင် ဖြစ်သည်။ ယင်းပုဂ္ဂိုလ်လေးမျိုး အကြောင်းကို သိထားထိုက်ပေသည်။

(၁) အန်ဗိယာ ဟူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ကို ကမ္ဘာ့လူသားတို့အလည်တွင် သမိုင်းခေတ်အဆက်ဆက်မှ စ၍ တမန်တော်မြတ် မိုဟမ္မဒ် အထိ လူ့ဘဝလမ်းခရီးဖြောင့်မတ်မှုကို လျှောက်လှမ်းရန် တင်ပြခဲ့သောပုဂ္ဂိုလ်များဖြစ်ကြသည်။

(၂) ဆွာဒီက် ဟူသည် သစ္စာတရားကို လက်ကိုင်ပြု၍ ကမ္ဘာ့လူသားစုအတွင်း လူ့အဖွဲ့အစည်းဝင်များ၏ ခက်ထန်သော အခြေအနေများတွင် အမှန်တရားဖက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သောပုဂ္ဂိုလ်များ ဖြစ်သည်။

(၃) ရှဟ်ဒါဟ်ဟူသည် လူသားတို့၏ ခက်ခဲသော အခြေအနေများတွင် ရှေ့ဆောင်လမ်းပြတို့၏နောက်တွင် မားမားမတ်မတ် ရပ်တည်သက်သေခံ ထောက်ခံခဲ့သောပုဂ္ဂိုလ်များ ဖြစ်သည်။

(၄) ဆွာလေဟီန်ဟူသည် ကောင်းမြတ်သောလူ့အကျိုးပြုပုဂ္ဂိုလ်ဖြစ်ပြီး မကောင်းမှုကို ရှောင်ရှားတားဆီးသောပုဂ္ဂိုလ်များ ဖြစ်သည်။

သို့ဖြစ်၍ ကျမ်းတော်မြတ်ကုရ်အာန်အရ ဆုလာဒ်ချီးမြှင့်ခံရသောပုဂ္ဂိုလ်တို့ သည် ထူးခြားသောအမျိုးအနွယ်၊ ထူးခြားသောအရောင်၊ ထူးခြားသောဇာတ်၊ ထူးခြားသောမဟာမျိုးမဟာနွယ်ဖြစ်ခြင်းအပေါ် မူမတည်ခြင်းကြောင့် ဤဖော်ပြပါ အန်ဗိယာ ဆွာဒီက်၊ ရှဟ်ဒါဟ် ဆွာလေဟီန်တို့သည် ကမ္ဘာ၏ မည်သည့် အစိတ်အပိုင်း၊ မည်သည့်ဒေသ၊ မည်သည့်အမျိုးအနွယ်ဟူသော သတ်မှတ်ချက် ပေါ်မူမတည်ဘဲ လူသားပီပြင်ပြီး ဤဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသောသူများ ဖြစ်ကြသည်။

ယင်းသူတို့၏ လျှောက်လှမ်းရာလမ်းသည် ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ပြသော ဆွေရာတလ် မွတ်စ်တကီးမ် ဖြစ်တော့သည်။ သူတို့၏ ဘဝကား ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ပြထားသော လမ်းညွှန်ချက်ပင် ဖြစ်တော့သည်။

أَنْ أَقِيمُوا الدِّينَ وَلَا تَتَفَرَّقُوا فِيهِ အလ္လာဟ်အရှင်မြတ်၏ တစ်ခုတည်းသောဒီန်ကို တည်ဆောက်ကြ၊ ယင်းလမ်းပေါ်ဝယ် တစ်ကွဲတပြား မဖြစ်ကြလင့်။ ဤသည်သာလျှင် မှန်ကန်သော ဖြောင့်မတ်သောလမ်းဖြစ်သည်(၄၂း၁၃)

သို့ဖြစ်၍ ကျမ်းတော်မြတ်ကုရ်အာန်သည် ဒီန်လမ်းစဉ်ကိုဖော်ပြရာတွင်

ဓွေရာသလ်မွတ်စ်တကီးမ်ဟူ၍ သတ်မှတ် ဖော်ပြခြင်းဖြစ်သည်။ ကျမ်းတော်မြတ် ကုရ်အာန်၏ စူရာဟ် ရှောင်ရဟ်တွင် တမန်တော်မြတ်အား အထူးပြုဖော်ပြရင်းက အသင်သည် ဆွိရာသလ် မွတ်စ်တကီးမ်ဖက်သို့ ဖိတ်ခေါ်သူဖြစ်သည်။ ဆွိရာသလ် မွတ်စ်သကီးမ်ဟူသည်အလ္လာဟ်အရှင်မြတ်၏လမ်းဖြစ်၏။ ယင်းလမ်းသည် သာလျှင် အောင်မြင်သောလမ်းစဉ်ဖြစ်ကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်။

وَإِنَّكَ لَتَهْدِي إِلَى صِرَاطٍ مُسْتَقِيمٍ صِرَاطِ اللَّهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ أَلَا إِلَى اللَّهِ تَصِيرُ الْأُمُورُ

ထို့ပြင် အို တမန်တော်၊ အသင်သည် ကေန်မုချ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ပေါ်သို့ ညွှန်ပြလျက်ရှိသောသူပင် ဖြစ်သည်။ ယင်းသည် အာကာသကောင်းကင်နှင့် ပထဝီမြေကြီးရှိ ရှိသမျှအရာအားလုံးကို စိုးပိုင်တော်မူသောအရှင်မြတ်၏ လမ်းစဉ်ပင်ဖြစ်သည်။ သတိပြုကြလေကုန်။အရှင်၏ဖန်ဆင်းထားသောသူတို့၏ အမှုအရာများနှင့် အရေးကိစ္စ အရာများသည်ထိုအရှင်မြတ်ထံတော်သို့သာ ပြန်လှည့်ကြရမည်။ (၄၂ း ၅၂ - ၅၃)

ဤကဲ့သို့ပင် လွန်ခဲ့သောခတ်ကာလအသီးသီးက ပေါ်ထွန်းခဲ့သော နဗီတမန်တော်တို့၏ လမ်းစဉ်သည်လည်း ဆွိရာသွလ် မွတ်စ်တကီမ်း ပင်ဖြစ် ကြောင်းကို အောက်ပါအတိုင်းဖော်ပြသည်။

စူရာဟ် နဟလ်တွင် အီဗရာဟီမ်နဗီနှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် ..

وَهَدَاهُ إِلَى صِرَاطٍ مُسْتَقِيمٍ

အလ္လာဟ်အရှင်မြတ်သည် သူ့အား ဆွိရာတလ် မွတ်စ်သကီးမ်လမ်းစဉ်ကို ပြသခဲ့သည်။ (၁၆ း ၁၂၁) ဟု ဆိုထား သကဲ့သို့ အီဆာနဗီနှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် .. إِنَّ اللَّهَ هُوَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَذَا صِرَاطٌ مُسْتَقِيمٌ

''ငါနှင့်တကွ အားလုံးသောသူတို့၏ ဖန်ဆင်းပြုစုပျိုးထောင်သောအရှင်သည် အလ္လာဟ်အရှင်မြတ်ဖြစ်ပြီး အရှင့် အားသာလျှင် ခဝပ်ကိုးကွယ်ထိုက်သည်။ ဤသည်သာလျှင် ဆွိရာတလ် မွတ်စ်တကီးမ် ဖြစ်သည်။'' (၄၃ း ၆၄)

စူရာဟ်နူးရ်တွင်လည်းနူးဟ်နဗီ၊အီဗရာဟီမ်နဗီနှင့် ယင်းနောက် ပေါ်ထွန်းခဲ့သော နဗီတို့၏အကြောင်းကို ဖော်ပြ ရင်းက

وَاجْتَبَيْنَاهُمْ وَهَدَيْنَاهُمْ إِلَى صِرَاطٍ مُسْتَقِيمٍ ယင်းသူတို့အားလုံးကို ငါအရှင်သည် ဆွိရာတလ်မွတ်စ်တကီးမ်ကို လမ်းညွှန်ပြသခဲ့သည်ဟု ဆိုထားသည်။''(၆ း ၈၇)

သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ လမ်းစဉ်လမ်းညွှန်ချက်ကို ဖော်ပြရာတွင် ဆိရာတလ် မွတ်စ်သကီးမ်ထက် ကောင်းမွန်ပေါ်လွင်သော စကားအသုံးအနှုန်းက မရှိနိုင်ပါ။ ကျွန်ုပ်တို့အဖို့ မည်မျှမည်မျှပင်ကြိုးစားကာ ပန်းတိုင်ကိုပေါက်ရောက်နိုင်သောနည်းလမ်းကို ရှာဖွေကြည့်ပါစေ။ ယင်းနည်းလမ်းပေါင်းစုံအနက် အကောင်းဆုံးနည်းလမ်းကား ဖြောင့်ဖြူးတိကျခိုင်ခံ့သော နည်းလမ်းပင်ဖြစ်သည်ကို တွေ့ရမည်။ ဤနည်းလမ်းအားဖြင့် ခရီးသည်တစ်ဦးသည် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနှင့် မပင်ပမ်းမနွမ်းရိဘဲ ခရီးပန်းတိုင်ကို အရောက်သွားနိုင်ပေမည်။

သို့ဖြစ်၍ ကျမ်းတော်မြတ်ကုရ်အာန်ကလည်း လူ့ဘဝရပ်တည်ဆောက်မှုအတွက် အကောင်းဆုံးနည်းလမ်းက ကမ္ဘာဦး လူသားတို့၏ ခေတ်ကာလမှစ၍ တစ်ခုတည်းဖြစ်သောအမှန်ကန်ဆုံး၊ အတိကျဆုံး၊ အဖြောင့်မတ်ဆုံးအဖြစ် ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုး၊ မည်သည့်လူ့အဖွဲ့အစည်း မည်သည့်ဒေသ၊ မည်သည့်နိုင်ငံသားရှိ လူသားကိုမဆိုအတိတ်သံမိုင်းမှစ၍ ဤဆိရာတလ်မွတ်စ်သကီမ်ကို အသုံးပြုခဲ့သည့်အကြောင်းကို ဖော်ပြထားသည်။ وَأَنَّ هَٰذَا صِرَاطِي مُسْتَقِيمًا فَاتَّبِعُوهُ وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَن سَبِيلِهِ ذَٰلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَتَّقُونَ

''ဤ ငါ၏လမ်းကြောင်းသည် ဖြောင့်မတ်မှန်ကန်သောလမ်းကြောင်းပင် ဖြစ်သည်။ သို့ဖြစ်ရာ ဤတစ်ခုတည်းသော လမ်းကြောင်းပေါ်၌ လျှောက်လှမ်းကြကုန်။ အခြားအခြားသော လမ်းများနောက်သို့ မလိုက်ကြကုန်နှင့်။ အခြားသောလမ်း စဉ်များသည် အသင်တို့အား အရှင်မြတ်၏လမ်းကြောင်းမှ လွဲဖယ်ကွဲကွာအောင် လုပ်မည့်အပြင် သင်တို့အချင်းချင်းကိုလည်း အုပ်စုဂိုဏ်းဂဏ ကွဲပြားအောင်ဖြစ်စေမည်။ ထို့ကြောင့် အသင်တို့သည် ကြိုတင်ရှောင်ကြဉ်နိုင်စေရန် ဤအချက်များကို အရှင်မြတ်က အမိန့်ပေးတော်မူခြင်း ဖြစ်သည်။'' (၆ း ၁၅၃)

တမန်တော်မြတ်ကလည်း ဆိရာတလ် မွတ်စ်သကီမ်နှင့်စပ်လျဉ်း၍ အဓိပ္ပါယ်ဖွင့်ဆို ရှင်းလင်းထားသည်ကို ဩဝါဒကျမ်းတို့တွင် အောက်ပါအတိုင်း တွေ့ရပေသည်။

အဗ်ဒွလ္လာဟ် ဗင်န် မတ်စ်အူးဒ်ထံမှ သိရှိရသည်မှာ တမန်တော်မြတ်က မိမိလက်ညှိုးတော်ဖြင့် မျဉ်းဖြောင့်တစ်ခု ဆွဲလိုက်သည်။ ယင်းနောက် ဤသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏လမ်း ဖြစ်သည်။ ဤသည် ဖြောင့်မတ်သည်ဟုဆို၏။ ဆက်လက်၍ ထိုမျဉ်းဖြောင့်ပေါ်မှာ အခြားမျဉ်းများကို ဆက်ဆွဲသည်။ ယင်းနောက် ယခုဤမျဉ်းဖြောင့်ပေါ်တွင် လမ်းကြောင်း အမျိုးမျိုးပေါ်နေပြီ ယင်းသည် ရှိုင်တွာန်၏ ခေါ်ဆောင်ရာလမ်းများဖြစ်သွားသည်ဟူ၍ အထက်ဖော်ပြပါ စူရာဟ် ၆ အာယသ် ၁၅၃ ကို ပြန်လည်ရှင်းပြသည်။ (နီဆာအီကျမ်းအပါအဝင်ကျမ်းၥခု

တွင် ဖော်ပြ ထားသော တမန်တော်၏ ဩဝါဒတော်တစ်ခု)

အထက်ဖော်ပြပါ တမန်တော်မြတ်၏ ဩဝါဒတော်မှတစ်ဆင့် သိရှိရသည့်အချက်ကား လမ်းကြောင်းကို ကွဲပြားစေသော အရာများသည် အုပ်စုဖွဲ့ကာ အစိတ်စိတ်အမွှာမွှာကိုဖြစ်စေသော အရာသာလျှင် ဖြစ်သည်။ ယင်းကွဲပြားနေသောလမ်းကြောင်း၏မူလဖြောင့်မတ်သော အခြေခံလမ်း ကြောင်းသည် သာလျှင် ဖြောင့်မတ်တည်ကြည်သော ဆိရာတလ် မုတ်စ် သကီးမ်ဖြစ်ပြီး ယင်းသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို တစ်လုံးတစ်စည်းတည်း စုစည်းကာ လိုရာပန်းတိုင်သို့ တက်လှမ်းစေရာ ကျမ်းတော်မြတ်ကုရ်အာန်၏လမ်းကြောင်းပင် ဖြစ်တော့သည်။

စစ်မှန်သောလမ်းကြောင်း၊ ဖြောင့်မတ်သောလမ်းကြောင်းဟူသည်ကား လူတို့တတ်သိနားလည်လွယ်ပြီး အခက်အခဲမရှိ၊ အဟန့်အတားမရှိ၊ သိသာထင်ရှား သော ဟိဒါယသ်သာလျှင် ဖြစ်ရပေသည်။ ယင်းဟိဒါယသ်သည် လူသားတို့ အတွက် ကျင့်ကြံရာတွင် လွယ်ကူပြီး ပေါ့ပါးကာ ခက်ခဲမှုကို မဖြစ်စေရပါ။ ဉာဏ်ရည်အားဖြင့် အသုံးပြုကာ ဆင်ခြင်ကြည့်လျှင်လည်း ယုတ္တိရှိသောအကြောင်း ဖြစ်ရပေမည်။

ကွဲပြားနေသောအုပ်စုခွဲများနှင့် ဂိုဏ်းဂဏအသီးသီးတို့၏ လမ်းကြောင်း သည် လူသားတို့အဖို့ရာတွင် ခက်ခဲမှု၊ ပင်ပန်းမှုကိုဖြစ်စေရုံမက စဉ်းစားတွေး ခေါ်ကြည့်လျှင်လည်း နားလည်မလွယ်သော ဝန်ထုပ်ဝန်ပိုးသာလျှင် ဖြစ်နေကြောင်း ကို သိရှိနိုင်ပါသည်။

ကျမ်းတော်မြတ်ကုရ်အာန်သည် လူသားတို့အား ယုံကြည်ချက်နှင့် လက်တွေ့ကိုဖော်ညွှန်းရာတွင် တိုတိုတုတ်တုတ်ပင် ဖော်ပြသည်။ ယင်းကား အလ္လာဟ်အရှင်မြတ်အား စိတ်ချစွာယုံကြည်ကာ အရှင်မြတ်၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်းနှင့် လူသား၏ကောင်းမြတ်သောအကျိုးကို သယ်ပိုး ဆောင်ရွက်သော အာမာလေစွာလေဟဟ်ကို ကျင့်ကြံအားထုတ် ခြင်းပင် ဖြစ်သည်။ ယင်းဖော်ပြပါအချက်က လူသားတို့အဖို့ရာတွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါ။ ယင်းအချက်ကို ကုရ်အာန်က အောက်ပါအတိုင်း ဖော်ပြထားသည်။

اَلْحَمْدُ لِلّٰهِ الَّذِي أَنزَلَ عَلَىٰ عَبْدِهِ الْكِتَابَ وَلَمْ يَجْعَل لَّهُ عِوَجًا

''ချီးမွမ်းထောပနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ် သည်။ထိုအရှင်မြတ်သည် မိမိ၏ ဘန္ဒာအပေါ်၌ ကျမ်းတော်မြတ်ကို ပို့ချပေးသည်။ ထိုကျမ်း တော်မြတ်၌ မည်သည့်ဝေ့ဝိုက်ကွေ့ကောက်မှုကိုမျှ ထားရှိတော် မမူချေ။ (၁၈ း ၁)

ကုရ်အာန်ကို လက်ကိုင်ပြုသူကား မည်သည့်ဂိုဏ်း၊ မည်သည့်အဖွဲ့အစည်း မည်သည့်လူမျိုး၊ မည်သည့်အနွယ်၊ မည်သည့်နယ်မြေဟူ၍ သီးခြားဘောင်ခတ်မှုကို ကျော်လွှားကာ ကမ္ဘာ့လူသားထုအကျိုးနှင့် ပေါင်းစည်းခြင်းဖြင့် ဖြောင့်မတ်သောလမ်းကြောင်းကို တက်လှမ်းသူများ ဖြစ်သည်။

إِنَّ اللَّهَ هُوَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَذَا صِرَاطٌ مُسْتَقِيمٌ

"ကေန်မုချ အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကျွန်ုပ်နှင့်အသင်တို့ကို ပြုစုပျိုးထောင်တော်မူသော အရှင်ဖြစ်သည်။ ထို့ကြောင့် ထိုအရှင်မြတ်၏ လမ်းညွှန်မှုများ အတိုင်း ကျင့်သုံး၍အေဗာဒသ်ပြုကြလော့။ ဤသည်ပင်လျှင်ဖြောင့်မတ်မှန်ကန်သော လမ်းကြောင်းဖြစ်သည်။" (၄၃ း ၆၄)

အထက်ဖော်ပြပါအချက်များအပြင် အောက်တွင်ဖော်ပြမည့် ထင်ရှားလှသော အကြောင်းအရာများကိုလည်း လစ်လျူရှု၍ မရနိုင်ပါ။ ကောင်းမြတ်သောလမ်းသည် ဖြောင့်မြတ်သောလမ်းဖြစ်၍ ယင်းလမ်းကို လျှောက်လှမ်းသောသူတို့သည် အထူးပြုခံရသောသူတို့သာလျှင် ဖြစ်သည်။ ယင်းအထူးပြုခံရသောသူတို့သည်မည်သည့်ခေတ်၊မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးဟု အခေါ်ခံရသူများမဟုတ်ဘဲဖြောင့်မတ်သောသူဟူ၍ ခေါ်ဆိုသူတို့ဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် လူကိုနှစ်မျိုးနှစ်စားသာ ခွဲခြား၍ရမည်။ တစ်ဦးကဖြောင့်မတ်မှုကို လက်ခံသောသူနှင့် ကျန်တစ်ဦးက ဖြောင့်မတ်မှုကို ဆန့်ကျင်မှုပြုသောသူသာလျှင် ဖြစ်သည်။

လူသားတို့၏အောင်မြင်မှု တိုးတက်မှုကိုဆန်းစစ်မှုပြုရာတွင် ဖြောင့်မတ်မှုကို လျှောက်လှမ်းသူကိုသာလျှင် အောင်မြင် သူဟူ၍ လူသားတို့က တစ်ညီတစ်ညွတ်တည်း သတ်မှတ်ထောက်ခံကြသည်။ ခရစ်တော်မတိုင်ခင်အနှစ် ၄၀၀ အလျှင်က ဒါရာယိုရှ် ပထမမြောက်ဘုရင်က ကျောက်စာတစ်ခုကို စိုက်ထူခဲ့သည်။ ယင်းကျောက်စာတွင် ရေးသားထားချက်ကား "အို လူသားတို့၊ ဘုရားသခင်၏ အသင်တို့အပေါ် အမိန့်စကားကား မကောင်းမှုကို အာရုံမပြုပါနှင့်။ ဖြောင့်မတ်သောလမ်းကြောင်းကို အတိမ်းအစောင်းမခံပါနှင့်။ ဒုစရိုက်များကို ရှောင်ကြဉ်လော့" ဟု ပါရှိ၏။ ယင်းသည်သာလျှင် ဆွိရာတလ် မွတ်စ်သကီမ် ကို ဖော်ညွှန်းရာတွင် အကောင်းဆုံးသော ဖွင့်ဆိုချက်ဖြစ်ကြောင်း သိမြင်နိုင်သည်။

သို့ဖြစ်၍ အောင်မြင်မှုဆုလာဒ်ကိုရရှိသောသူတို့ကား ဆွိရာတလ် မွတ်စ်သကီမ်ကို လျှောက်သူဖြစ်ပြီး ယင်းကို ဆန့်ကျင်သောသူတို့ ၏လမ်းကြောင်း

ဂိုင်ရိလ်မဂ်ဒူဗေ့ အလိုင်ဟိမ် ဝလဒ်ဒွါလီန်ဝ غَيْرِ الْمَغْضُوبِ عَلَيْهِمْ وَلَا الضَّالِّينَ

ပင် ဖြစ်သည်။ ဆန့်ကျင်မှုပြု သောသူ၏လမ်းကြောင်းကမူ လမ်းလွဲလမ်းများကို ရောက်ရှိကာ ပျောက်ပျက် ပျက်စီးဆုံးရှုံးခဲ့ရစမြဲ ဖြစ်သည်။ မဂ်ဒုဗ်အလိုက်ဟူသည် အနန်အမ်အလိုက်၏ လုံးဝဥသုံ ဆန့်ကျင်သောစကားဖြစ်သည်။

အကြောင်းမူအောင်မြင်သောဆုလာဒ်၏ ဆန့်ကျင်ဘက် ဆုံးရှုံးပျက်စီးခြင်း ပင်ဖြစ်သည်။ သဘာဝလောကကြီး၏ နိယာမတရားတွင်ဖြောင့်မတ်သော လမ်းကြောင်းတွင် အတိမ်းမစောင်းမခံလျှောက်လှမ်းသော သူတို့အဖို့ အောင်မြင်မှု ရှိပြီး ဖြောင့်မတ်မှုကို ဆန့်ကျင်မှုပြုသောသူတို့အတွက် ဆုံးရှုံးမှုတည်းဟူသော အပြစ်ဒဏ်ရှိပေမည်။

ယင်းသူတို့ထက်ပိုမို၍ ဆိုးဝါးသောသူသည်ကား လမ်းမှန်ကိုရရှိပြီး နောက်မှ ယင်းလမ်းကြောင်းကို သွေဖည်သော သူတို့ဖြစ်သည်။ ယင်းသူတို့သည် အစဥ်သဖြင့် ဟိုလျှောက်ဒီလှမ်းအဖြစ်နှင့် ဝဲဘာဝယ် လမ်းပျောက်ခံနေရမည်သာ ဖြစ်သည်။

နှစ်မွန်းခံရသူသည် မအ်ရေဖသ်လမ်းကြောင်းကို ရှာဖွေတွေ့ရှိရပြီးနောက် ငြင်းပယ်မှုကြောင့် သစ္စာတရားကို စွဲမြဲစွာ လက်ကိုင်ပြုခြင်းမရှိဘဲ လမ်းလွဲလမ်းများ သို့ရောက်ရှိသူများပင်ဖြစ်သည်။ နောက်တစ်ဦးကလက်လွှတ်ရခြင်းမှာ ဂျာဟီလ်ယသ်ပညာမဲ့မှုကြောင့်ဖြစ်သည်။ ပထမတစ်ဦးသည် ရရှိပြီးမှ လက်လွှတ်ခံ ရသူသည် အပြစ်ထိုက်သော တရားခံဖြစ်သည်။ အကြောင်း မူ လက်ဝယ်သိမ်း ပိုက်ရရှိပြီးမှ လက်လွှတ်ခံခဲ့ရခြင်းကြောင့်ပင် ယင်းသူသာလျှင် မဂ်ဒုဗ်အစစ်အမှန် ဖြစ်သည်။ ဒုတိယသည် ပညာမဲ့အသိမဲ့မှုကြောင့် လမ်းလွဲလမ်းများသို့ရောက်ရှိခြင်း သက်သက်သာလျှင် ဖြစ်ပေသည်။

အထက်ပါအချက်များကို တစ်ဖန်ပြန်လည်သုံးသပ်သည်ရှိသော် ကမ္ဘာပေါ် တွင်ကောင်းမြတ်မှုကို လက်လွှတ်ဆုံးရှုံးသူ နှစ်မျိုးနှစ်စားသည် တူသောအချက်ကို မှတ်ချက်ချနိုင်သည်။ တစ်မျိုးက ကောင်းမှုကို လက်ဝယ်ရရှိပြီးမှ လက်လွှတ်ခဲ့ သူနှင့် ကျန်တစ်ဦးက ပညာမဲ့မှုကြောင့် ကောင်းမြတ်မှုကို မသိမမြင်သူ ဖြစ်သည်။ ဤဖော်ပြပါ နှစ်မျိုးနှစ်စားသော လူပုဂ္ဂိုလ်တို့ကို လူသားတို့၏သမိုင်း တွင် ရှာဖွေတွေ့ရှိနိုင်သည်။

ကမ္ဘာပေါ်တွင် များမြောင်လှသောလူတို့သည် အမှန်တရားကို လက်ခံ ရရှိပြီး ဖြောင့်မတ်သောဆီရာတလ်မွတ်စ်သကီမ် သို့ လျှောက်လှမ်းပြီးမှ ယင်းကို လက်လွှတ်ဆုံးရှုံးသူတို့တွင် ရောက်ခဲ့ရသည်။ ယင်းလူတို့သည် အတိက လူ့အဖွဲ့အစည်းတွင် မြင့်မားသော အစိတ်အပိုင်း၌ရှိနေရာမှ ယခုအခါ နိမ့်ကျသော

အခြေအနေသို့ ရောက်ရှိနေရသည်။ ဤသို့ပင် လူ့အဖွဲ့အစည်း တစ်ရပ်သည် ပညာမဲ့မှုကြောင့် လမ်းမှန်ကိုရှာဖွေတွေ့ရှိခြင်းမရှိဘဲ ဆုံးရှုံးသူတို့၏လမ်းကြောင်းတွင်းမှ မထွက်နိုင်အောင် ရှိခဲ့သည်။

တီရ်မိဇီနှင့်အဟ်မဒ်ဗင်တန်ဗလ်ကဲ့သို့ တမန်တော်မြတ်၏ ဩဝါဒကျမ်းများတွင် ဤဖော်ပြပါ အလ်မဂ်ဒုဗ်နှင့် အဒ်ဒွါလီန်ကို ရှင်းလင်းပြရာတွင် အလ်မဂ်ဒူဗ်ဟူသည် အတိတ်ကာလက ပျက်စီးလမ်းပျောက်ခဲ့ရသော ယဟူဒီများကို ညွှန်ပြပြီးဖြစ်ပြီး အဇ်ဒွါလီန်ဟူသည် အတိတ်ကာလက လမ်းပျောက်ခဲ့ရသော နစ္စရာတ်များကို ရည်ညွှန်းပြသခြင်းဖြစ်ကြောင်း ဆိုထားသည်။ ယင်းဖော်ပြပါ လူမျိုးနွယ်တို့အတိတ်ကာလကြုံတွေ့ခဲ့ရသော ဒုက္ခအပေါင်းသည် သူတို့ရရှိခဲ့သောလမ်းညွှန်ချက် ကျမ်းဂန်ကိုပစ်ပယ်ခြင်းကြောင့်ဖြစ်သည်ကို သမိုင်းက ထောက်ပြသက်သေခံနေသည်။

### ကျမ်းမြတ်ကုရ်အာန်က ဖော်ပြသော အတိတ်ကာလဖြစ်ရပ်များနှင့် သမိုင်းဆိုင်ရာ ပြဆိုချက်များ

### قرآنی قصص اور استقرار تاریخی

ကျမ်းတော်မြတ်ကုရ်အာန်က ဟီဒါယသ်လမ်းညွှန်မှုနှင့်ပတ်သက်၍ ဖော်ပြရာတွင် အတိတ်ကာလက သမိုင်းဖြစ်ရပ်နှင့်လူတို့ရပ်တည်ခဲ့သော အခြေအနေကို မီးမောင်းထိုးပြလေ့ရှိသည်။ ယင်းဖြစ်ရပ်နှင့် ရပ်တည်ချက်တို့မှ ပေါ်ထွန်းလာသော ရလာဒ်ကိုလည်း ဖော်ပြသည်။

ကုရ်အာန်အရ သဘာဝလောကကြီးအတွက် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပေးသော စည်းမျဉ်းစည်းကမ်းများ ရှိသကဲ့သို့ လူ့အဖွဲ့အစည်းဝင်တို့၏ တိုးတက်မှုနိမ့်ကျမှုကို ဖြစ်ပေါ်စေသော စည်းကမ်းဘောင် သတ်မှတ်ချက်များလည်းရှိသည်။ ယင်းစည်းကမ်းသတ်မှတ်ချက်သည် ခေတ်တိုင်း၊ နေရာဒေသတိုင်း၊ လူမျိုးတိုင်းအတွက် ပုံသေသတ်မှတ်ချက်ဖြစ် သည်။ စိန်သည် သူ၏ ဂုဏ်သတ္တိကို အသုံးချအသုံးပြုရာတွင် တသမတ်တည်းသော အာနိသင်အကျိုးကိုသာ ပေးသကဲ့သို့ ပင် ဖြစ်သည်။ စိန်ကို ဘယ်ခုနှစ် သက္ကရာဇ်တွင်မဆို မြို့ချလျှင်သေနိုင်သကဲ့သို့ပင် အတိတ်ကာလကလည်း ပျားရည်ချို သကဲ့သို့ မျက်မှောက် ကာလတွင်လည်း ပျားရည်သည် ချိုမြဲချိုနေသည့်သဘောပင်။ ဤတသမတ်တည်း ရပ်တည်နေသော အလ္လာဟ်အရှင်မြတ်၏ ဥပဒေနှင့်ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်က အောက်ပါအတိုင်း လမ်းညွှန်ဖော်ပြထားသည်။

ـةَ اللهِ فِي الَّذِينَ خَلَوْا مِن قَبْلُ وَلَن تَجِدَ لِسُنَّةِ اللهِ تَبْدِيلًا

အသင်တို့အရင်က ရှိခဲ့သောသူများနှင့် ပတ်သက်ပြီး အရှင်မြတ်၏ ဥပဒေသသည် ယခုအတိုင်း တသမတ်တည်းဖြစ်သည်။ အရှင်မြတ်၏ဥပဒေသသည် မည်သည့် အချိန်ကာလတွင်မဆို ပြောင်းလဲခြင်းသဘောသို့ ရောက်ခဲ့သည်ကို သင်တွေ့မြင်ရမည်မဟုတ်။ (၃၃ း ၆၂)

فَهَلْ يَنظُرُونَ إِلَّا سُنَّتَ الْأَوَّلِينَ فَلَن تَجِدَ لِسُنَّتِ اللهِ
ۦ تَبْدِيلًا وَلَن تَجِدَ لِسُنَّتِ اللهِ تَحْوِيلًا

ထိုသူတို့သည် ရှေးဟောင်းကရှိခဲ့သော သတ်မှတ်ချက် စွန္နသ်စည်းစနစ်များကို ပြန်လည်၍ စောင့်မျှော်နေကြသလော။ မှတ်သားကြလော့။ အရှင်မြတ်၏ စွန္နသ်စည်း စနစ်များတွင်မည်သည့်ပြောင်းလဲမှုမျှ မြင်တွေ့ရှိမည်မဟုတ်။ ထို့ပြင်အရှင်မြတ်၏ စွန္နသ်နည်း စနစ် ပြောင်းလဲလှယ်မှုသည်လည်း ဘယ်သောအခါမျှ ဖြစ်လာမည်မဟုတ်။ (၃၅ း ၄၃)

ـنَّةَ مَن قَدْ أَرْسَلْنَا قَبْلَكَ مِن رُّسُلِنَا وَلَا تَجِدُ لِسُنَّتِنَا تَحْوِيلًا

အို...တမန်တော်၊ အသင်အလျင်က စေလွှတ်တော်မူခဲ့သော တမန်တော်များ အတွက်လည်းငါအရှင်၏ စွန္နသ် စည်းမျဉ်းများမှာ ဤသည်မျိုးပင် ဖြစ်သည်။ ငါအရှင်မြတ်၏ စွန္နသ်စည်းစနစ်သည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ် ချေ။ (၁၇ း ၇၇)

ကျမ်းတော်မြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်တစ်ဖက်တွင် ဆုလာဒ် ရရှိမည့် လူ့အဖွဲ့အစည်းဝင်များအကြောင်းကို အကြိမ်ကြိမ်အဖန်ဖန် ဖော်ပြသကဲ့သို့ တစ်ဖက်တွင် ပျက်စီးယိုယွင်းခဲ့သော လူ့အဖွဲ့အစည်းဝင်များ၏ အတိတ် ဇာတ်ကြောင်း ကို ပြန်လည်ဖော်ပြခဲ့သည်။ ယင်းဖြစ်ရပ်မှရရှိသော ရလာဒ် ကိုလည်း လူသားတို့အား သိမြင်စေသည်။ ယင်းရလာဒ်ကြောင့် လူ့အဖွဲ့ အစည်းဝင်တို့၏ တိုးတက်မှုနိမ့်ကျမှုကို ဖြစ်စေကြောင်းကိုလည်း ဖော်ပြသည်။ ကောင်းမြတ်သော လူ့အဖွဲ့အစည်းဝင်များသည် သူတို့၏အဖျက် လုပ်ငန်းဆောင် တာကြောင့် သူတို့သာလျှင် ပျက်စီးရကြောင်းကိုလည်း ဖော်ပြသည်။ ယင်းသည် သာလျှင် သူတို့၏မိုက်ပြစ်ဖြစ်ကြောင်း ဖော်ပြသည်။ ဤအချက်များနှင့်ပတ်သက်၍ ကုရ်အာန်က အောက်ပါအတိုင်း လမ်းညွှန် ပြသည်။

قَدْ خَلَتْ مِن قَبْلِكُمْ سُنَنٌ فَسِيرُوا فِي الْأَرْضِ فَانظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ

အသင်တို့အရင်ကလည်း ကမ္ဘာပေါ်တွင် အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းထားသော

လမ်းညွှန်ချက်ဥပဒေအရ အကျိုး ဆက်များ ပေါ်ထွန်းခဲ့ပြီးဖြစ်သည်၊အသင်တို့ ဤပထဝီမြေကြီးပေါ်သို့လှည့်လည်ကြည့်ရှုလေ့လာခြင်းပြုကြလော၊ ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်၏ ပြဋ္ဌာန်းထားသောဥပဒေကို လိမ်လည်ချိုးဖေါက်ခဲ့ကြသော သူတို့၏ဖြစ်ရပ်မှန်ကို သိမြင်ရမည် ဖြစ်သည်။(၃ ： ၁၃၇ )

ကျမ်းတော်မြတ်ကုရ်အာန်၏ ကဏ္ဍအတော်များများမှာ ယင်းလူသားမျိုးနွယ်တို့၏လူနေမှုစနစ်၊ယဥ်ကျေးမှုအနိမ့်အမြင့် ဖြစ်ပေါ်ခဲ့ရသော အကြောင်းအရာများပင်ဖြစ်ကြောင်းကို တွေ့မြင်နိုင်သည်။ ဤသည်ပင်လျှင် စူရာဟ်ဖွာတေဟာ၏သဖ်စီရ်ဒြီကာဖွင့်ဆိုချက်ပင် ဖြစ်သည်။

## စူရာဖွာတေဟာ၏ အနှစ်သဘော سورة الفاتحة کی تعلیمی روح

○بِسمِ اللّٰهِ الرَّحمٰنِ الرَّحِيمِ ၁ ： ၁။ မပြတ်မစဲသနားကြင်နာ ညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

○اَلحَمدُ لِلّٰهِ رَبِّ العٰلَمِينَ ၁ ： ၂။ချီးမွမ်းထောမနာခြင်းဟူဟူသမျှသည်စကြာဝဠာအပေါင်းတို့ကိုမဖြစ်ပေါ်မီကစ၍ ပြည့်စုံပြီးစီးသည့်တိုင်အောင် အဆင့်ဆင့်ပြုစုပျိုးထောင်တော်မူသော အလ္လာဟ်အရှင်မြတ် အဖို့သာ တည်း။

○الرَّحمٰنِ الرَّحِيمِ ၁ ： ၃။ အလ္လာဟ်အရှင်မြတ်သည်မပြတ်မစဲသနားကြင်နာညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင်ဖြစ်တော်မူ၏။

مٰلِكِ يَومِ الدِّينِ ၁ ： ၄။ အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်းကုန်သောသတ္တဝါတို့ကို ရှင်ပြန်ထစေတော်မူ ၍ သူတော်စင်တို့အား)ကောင်းကျိုး၊ မသူတော်တို့အား မကောင်းကျိုး ပေးတော်မူမည်ဖြစ်သောနေ့ကိုအစိုးရတော်မူသောအရှင်ဖြစ်သည်။

○اِيَّاكَ نَعبُدُ وَاِيَّاكَ نَستَعِينُ ၅။ကျွန်တော်မျိုးတို့သည်အရှင်မြတ်ကိုသာလျှင်ခယရိုကျိုးရှိခိုးဆည်းကပ်ကြပါ၏။ ထို့ပြင်တဝကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူပါရန်အရှင်မြတ် အထံတော်၌သာလျှင်တောင်း ခံခြင်း ပြုပါ၏။

اهدِنَا الصِّرَاطَ المُستَقِيمَ ၁ ： ၆။ အို–အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အားအစစအရာရာတွင်ဖြောင့်မတ်မှန်ကန်သောလမ်းစဉ်များကိုညွှန်ကြားပြသတော်မူပါ။

صِرَاطَ الَّذِينَ أَنعَمتَ عَلَيهِم غَيرِ المَغضُوبِ عَلَيهِم وَلَا الضَّآلِّينَ ၁ ： ၇။

အကြင်သူတို့အပေါ်ဝယ် အလ္လာဟ်ရှင်မြတ် သည်မေတ္တာကရုဏာသက်ဝင်တော်မူ၍ သုခချမ်းသာဂုဏ်ကျေးဇူးကို ပြုခဲ့လေပြီဖြစ်၏။ ထိုသူမွန် သူမြတ်တို့၏ တရားလမ်းကို ကျွန်တော်မျိုးတို့အားလည်း ညွှန်ကြားပြသတော်မူပါ။ ထိုသူမွန်သူမြတ်

တို့သည် အမျက်တော်စူးရှခြင်းခံရသူများလည်းမဟုတ်၊ လမ်းမှားသူများလည်း မဟုတ်။

ဤစူရာဖွာတေဟာတွင် ပါရှိသောအပိုဒ် ၇ ပိုဒ်သည် အလွန်စွာမှာပင် သိပ်သည်းကျစ်လစ်လျက် ယုံကြည်ချက်၏ အနှစ်သဘောကို ဖော်ဆောင်ထား သည်ကို လေ့လာခဲ့ပြီးဖြစ်သည်။ စင်စစ်ဆူရာဖွာတေဟာသည် အလ္လာဟ်အရှင် မြတ်အထံတော်သို့ လူသားက တောင်းခံသော ဆုမွန်တောင်းခံလွှာတစ်ပုဒ် ပင်ဖြစ်သည်။

အကြင်သူတစ်ဦးတစ်ယောက် သည် ယင်းဆုမွန် တောင်းခံမှုကို အစဉ် တစိုက် တတ်သိနားလည်စွာဖြင့်ပြုမူဆောင်ရွက်လျှင် ယင်းစာပိုဒ်ပါ သဘော တရားသည် သူ၏တွေးမြင်နေရသော ကိုယ်ပိုင်ခံယူချက်အဖြစ် ရောက်ရှိ သွားသည်။ ယင်းသို့ သူခံယူသောခံယူချက်က လူ့အဖွဲ့အစည်းတစ်ရပ် နိုင်ငံတစ်ခု၊ နယ်မြေတစ်ခု အခြေခံသော ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ရှုမြင်သော အလ္လာဟ် အရှင်မြတ်မဟုတ်ဘဲ စကြဝဠာ အလုံးစုံနှင့်တကွ သက်ရှိသက်မဲ့အရာအားလုံးကို ဖန်ဆင်းပြုစုပျိုးထောင်သောအရှင်၏ နည်းနာကိုခံယူခြင်းတည်းဟူသော အတွေး အခေါ်ဖြစ်ပေါ်လာရသည်။ ယင်းသူသည် အစဉ်အမြဲ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်နှင့်အရှင်မြတ်၏ အဒါလသ်ကို နှလုံးသွင်းထားသည်။ ထိုမှုမက ယင်းတို့ကို စွဲမြဲစွာခံယူပြီး သကာလ အလ္လာဟ် အရှင်မြတ်၏ ရှေ့တော်မှောက်တွင်ခဝပ်ကာ အရှင်မြတ်၏လမ်းညွှန်ချက်ဖြစ်သော ကျမ်းတော်မြတ်ကုရ်အာန်ကို ခံယူခြင်း သည်သာလျှင် စူရာဖွာတေဟာ၏ အနှစ်ဖြစ်သည်။

ယင်းစူရာဖွါတေဟာကို ကြေညက်ထားသောပုဂ္ဂိုလ်သည် အလ္လာဟ် အရှင်မြတ်မှတစ်ပါး အခြားမည်သည့် အင်အားကိုမျှ ခဝပ်ခြင်းမပြုရုံသာမက မည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းလည်း ရှိမည်မဟုတ်ပါ။ ထိုသူ၏ နှုတ်ဖျားမှာရော နှလုံးသားမှာပါ ရိုက်ခတ်လျက် ပဲ့တင်ထပ်နေသောစကားကား ကျွန်တော်မျိုး သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာလျှင်ခဝပ်ကိုးကွယ်ပါ၏ အရှင်မြတ် ထံတော်မှသာလျှင် တောင်းခံမှုပြုပါ၏ ဟုဆို၏။

ထိုမှတစ်ဆင့် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဖြောင့်မတ်သောလမ်းကို တောင်းခံသည်။ ယင်းဖြောင့်မတ်သောလမ်းဟူသည် အဘယ်နည်း။ လူတန်းစား တစ်ရပ်၊ လူ့အဖွဲ့အစည်းတစ်ရပ်၊ နယ်မြေတစ်ခုအပေါ်တွင်သာ အခြေခံနေထိုင် ကျင့်ကြံခဲ့သောလမ်းပင်လော။ဤသို့မဟုတ်ပါ။ အလ္လာဟ်အရှင်မြတ်အထံတော်တွင် တောင်းခံသော ဖြောင့်မတ်သောလမ်းဟူသည် အတိတ်ကာလကမ္ဘာပေါ်တွင် အောင်မြင်မှုကိုခံခဲ့ရသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ နည်းလမ်းပင်ဖြစ်သည်။

ယင်းသို့ဖြောင့်မတ်မှုကို ရှာကြံရင်းဖြင့် လမ်းလွဲလမ်းမှားသို့ မရောက်ရှိစေဖို့ အလ္လာဟ်ထံသို့ ဆုမွန်တောင်းခံပြန်သည်။ ဤနေရာတွင်လည်း လမ်းမှားသို့

ရောက်ခဲ့သော ဘယ်ပုဂ္ဂိုလ် ဘယ်လူမျိုးဟု သတ်မှတ်ရည်ညွှန်းခြင်းမရှိဘဲ ယင်းလမ်းလွဲလမ်းများ၏အရင်းအမြစ်ကို ရှောင်ရှားနည်းကို ရှာဖွေခြင်းပင်ဖြစ်သည်။

လူတစ်ဦး၏ စိတ်ကူးစိတ်သန်းတွင် ယင်းဖော်ပြပါအချက်များ သံမှိုနက်သလိုစွဲနေမည်ဆိုလျှင် ယင်းသူသည် ဘယ်ကဲ့သို့သောလူဟု သတ်မှတ်ရမည်နည်း။ ယင်းပုဂ္ဂိုလ်သည် အလ္လာဟ်အရှင်မြတ်ကို လက်ခံယုံကြည်၍သာလျှင် အရှင်၏ရဟ်မသ်ကရုဏာနှင့်အဒလ်တရားမျှတခြင်းကို ယုံကြည်စိတ်ချခြင်းကို အစဦးနှလုံးသွင်းကာ ယင်းပုဂ္ဂိုလ်သည် ဘောင်သတ်မှတ်ထားသော နယ်မြေစွဲ၊ ဒေသစွဲနှင့်လူမျိုးနွယ်စွဲတို့ကိုကျော်ဖြတ်ကာ လူသားဝါဒကိုအခြေခံသောအမြင်ဖြင့် ကျယ်ဝန်းစွာရှုမြင်သုံးသပ်သောသူများသာလျှင်ဖြစ်ချေမည်။ ယင်းသည်သာလျှင် ကျမ်းတော်မြတ်ကုရ်အာန်၏နိဒါန်းအဖွင့်သွန်သင်ချက်ဖြစ်ပေသတည်း။

ဤတွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့် အုမ်မုလ်ကုရ်အာန်ကျမ်းကို ဘာသာပြန်ဆိုပြီးဖြစ်သည်။

ဂျာဝိဒ်သန်း

## PERSONAL PROFILE

| | |
|---|---|
| Name | Muhammad Javed Ansari @ Maung Maung Than |
| Place of Birth | Yangon, Myanmar |
| Address | No. 112,TopFloor, 31st Street, Yangon, Myanmar. |
| email | javeed.ansari @ gmail.com |
| Education | B.Sc (chemistry)<br>(Rangoon Art & Science University)<br>Degree of Islamic Theological Science, (Azhar) |
| Publication On | --**Shikwa wa Jawabe Shikwa** ( Dr. Iqbal)<br>-**Al Farouk** (Allama Shible Noumani )<br>-**Ummul Quran** (Moulana Abul Kalam Azad )<br>**-An Introduction to The Science of Holy Quran**<br>**-Shorten History of Islam**<br>-**Nuskha e Keemeya** (Part One)<br>-**Asrari Khudi** (Dr. Iqbal)<br>-**Khutbat e Madras** (Allama Sayyid Sulaiman Nadvi)<br>-**Aheya e Islam** (Moulana Waheedudin Khan.)<br>**-The Journal of Islamic Social Sciences**<br>**Pygumbare Inqalab** (Moulana Waheedudin Khan.)<br>**`Mucaddamat Tufhemul Quran.(Syed Abulala -Moududi)**<br>**-Biographies of the Great Muslims** |
| - | **-History of The Islamic Peoples**<br>**Human Right in Islam & Islamic Way of Life**<br>**Basic Concepts of Quran.**(Moulana Abul Kalam Azad ) |

MOREOVER,WRITTEN AND PUBLISHED MORE THAN 80 ARTICLES ON DIFFERENT ISLAMIC SUBJECTS. THESE ARTICLES WERE PUBLISHED IN MYANMAR.

ذَٰلِكَ ٱلْكِتَٰبُ لَا رَيْبَ فِيهِ هُدًى لِّلْمُتَّقِينَ ﴿٢﴾



*This is the Book (the Quran), whereof there is no doubt, a guidance to those who are Al-Muttaqun.*

اِنَّ اللّٰہ یَرْفَعُ بِھٰذا الکِتٰبِ اَقْوَاماً وَیَضَعُ بِہٖ آخَرِیْن ( صحی مسلم )

ကောန်မုချ အလ္လာဟ်အရှင်မြတ်သည် ဤကျမ်းတော်မြတ်ကုရ်အာန်အားဖြင့်
လူအဖွဲ့အစည်းတို့၏ အဆင့်ကို မြှင့်တင်မည်။ ထို့နောက် ဤကျမ်းမြတ်ကုရ်
အာန်ဖြင့်ပင်လျှင် လူအဖွဲ့အစည်းတို့၏ အဆင့်ကို နိမ့်ကျစေမည်.

**ABUL-KALAM AZAD'S**
**TAFSIR-SURAT-E-FATIHA**

# UMMUL-QURAN

**Translated by- MOHAMMED JAVED ANSARI**
**( JAVED THAN )**

مَولاَنا ابوالکلاَم آذاد
کی
شہرہ آفاق تصنیف
ترجمان القرآن باب اوّل
اُمّ القران کا برمی ترجمہ

مترجم ــ محمد جاوید انصاری ( جاوید تان )
(B.Sc. Chemistry)